နှစ်(၅၀)ပြည့်ရွှေရတု အထူးထုတ်(၁၉၆၁-၂၀၁၂)

NEW METHOD ENGLISH GRAMMAR

SECOND EDITION 19th REPRINT

နည်းသစ်
အင်္ဂလိပ်သဒ္ဒါ

ဖိုနက်တစ်အသံထွက်နှင့်
အင်္ဂလိပ်စကားပြောသဒ္ဒါ
ပုံသေနည်းသစ်များဖြည့်ထားသည်။

အသျှင်သုမန - B.A

အဋ္ဌကထာပြန်အကျော် ဝင့်သကာ ရွှေတံဆိပ်ရ
သက္ကသီဟာဓမ္မာစရိယနှင့် အစိုးရသိရီပဝရဓမ္မာစရိယ
နည်းသစ်ကောလိပ်ကျောင်းအုပ် စီစဉ်ရေးသားသည်

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် - (၁၉)ကြိမ်မြောက်

ထုတ်ဝေသည့်ခုနှစ် - ၁၇-၁-၂၀၁၄

ရိုက်နှိပ်သည့်အုပ်ရေ - ၁၀၀၀

စာအုပ်တန်ဘိုး ၃၀၀၀ ကျပ်

ကွန်ပျူတာစာစီ - **ဖီးနစ်**

အမှတ်(၁၅၆)၊၃၈-လမ်း(အလယ်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

အဖုံးပန်းချီ - ဖီးနစ်ကွန်ပျူတာ

ထုတ်ဝေသူ - ဦးသောင်းလွင် (၀၈၀၄)

နည်းသစ်စာအုပ်တိုက်

၂၂၈၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊

တာမွေမြို့နယ်၊ ရန်ကုန်။

အဖုံးနှင့်အတွင်းသားပုံနှိပ် - ဦးသိန်းထွန်း

သိန်းထွန်းအော့ဖ်ဆက်

၅၀-၅၂၊ ဒဂုံသီရိလမ်း၊

ကျောက်မြောင်းကြီးရပ်ကွက်၊

တာမွေ၊ ရန်ကုန်။

နည်းသစ်အင်္ဂလိပ်သဒ္ဒါ
ရွှေရတုအထူးထုတ်နိဒါန်း

စာရေးသူသည် New Method English Grammar နည်းသစ်အင်္ဂလိပ် သဒ္ဒါစာအုပ်ကို ၁၉၆၁ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည်။ ပါဠိသက္ကတ-မြန်မာနှင့် အင်္ဂလိပ်သဒ္ဒါ ကျမ်းပေါင်းများစွာကို မိမိကိုယ်တိုင် သင်ယူလေ့လာတတ်မြောက် အသုံးချအောင်မြင်ပြီးမှ ဤနည်းသစ် အင်္ဂလိပ်သဒ္ဒါကို ရေးသားထုတ်ဝေခဲ့ ပါသည်။ အင်္ဂလိပ်ဘာသာစကား အရေးအသား၌ ပြောထုံးရေးထုံးရှိနေသော်လည်း အင်္ဂလိပ်သဒ္ဒါကျမ်း များ၌ မရေးသားဖူးသေးသော ပြောထုံးရေးထုံး သဒ္ဒါနည်းသစ်များကို ပါဠိ - သက္ကတ - မြန်မာသဒ္ဒါကျမ်းများမှယူ၍ အင်္ဂလိပ်သဒ္ဒါဝါကျဖွဲ့ထုံးများ အဖြစ် တီထွင်ပေးထားသောကြောင့် အခြေခံပညာမူလတန်း၊ အလယ်တန်း အထက်တန်း အင်္ဂလိပ်ဘာသာ ဆရာဆရာမ၊ ကျောင်းသူ ကျောင်းသားများ၊ အဆင့်မြင့်ပညာတက္ကသိုလ် ကျောင်းသူ ကျောင်းသားများ၊ အထူးသဖြင့် နိုင်ငံခြားသို့ သွားရောက်၍ ပညာသင်လိုသူ ရွှေ့ပြောင်းလုပ်သားများ အဖြစ် သွားရောက်၍ အလုပ်လုပ်ကိုင်လိုသူများ၊ ပြည်တွင်း ပြည်ပ၌ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လိုသော ဆောင်ရွက်နေသော ရဟန်းသံဃာတော်တို့ လိုလားနှစ်ချိုက်စွာ လေ့လာဖတ်ရှု အသုံးပြုနေကြ ပါသည်။

သက်ဆိုင်ရာအတန်းများ၌ ပြဋ္ဌာန်းထားသည့် အင်္ဂလိပ် ဖတ်စာများကို အလွယ်တကူ ဖတ်နိုင် ဘာသာပြန်နိုင်၍ အင်္ဂလိပ်ဘာသာ မေးခွန်းလွှာများကို မှန်ကန်စွာဖြေဆိုအောင်မြင်နေကြပါသည်။

ဒုတိယအကြိမ်ပြင်ဆင်တည်းဖြတ်ခြင်း

နည်းသစ်အင်္ဂလိပ်သဒ္ဒါကို ၁၉၉၅ ခုနှစ် (၁၄)ကြိမ် ပုံနှိပ်ခြင်းအထိ တစ်စုံတစ်ရာ ပြင်ဆင်တည်း ဖြတ်ဖြည့်စွက်ရေးသားရန် မလိုအပ်၍ ပြင်ဆင်ဖြည့်စွက် ခြင်းမပြုခဲ့ပါ။ ၁၉၉၆ ခု (၁၅)ကြိမ်မြောက်

ပုံနှိပ်ခြင်းတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ သဒ္ဒါဆိုင်ရာ အဘိဓာန် စာအုပ်များတွင် အင်္ဂလိပ်မေးခွန်းပုံစံများပြောင်းသဖြင့် စာမေးပွဲကဏ္ဍ တစ်ခုလုံးကို ပြင်ဆင်ခဲ့ပါသည်။ ၎င်းပြင် တစ်ကမ္ဘာလုံးမှ ထုတ်ဝေသည့် အင်္ဂလိပ် အဘိဓာန်စာအုပ်များတွင် အင်္ဂလိပ်စကားလုံးများ၏ အသံထွက် ကို ကမ္ဘာ့သဒ္ဒဗေဒအက္ခရာသင်္ကေတများဖြင့် ပုံနှိပ်ထုတ်ဝေနေပြီဖြစ်၍ နည်းသစ်အင်္ဂလိပ် သဒ္ဒါစာအုပ်ပါ အင်္ဂလိပ်စကားလုံးများ၏ အသံထွက် ကို မြန်မာသဒ္ဒဗေဒအက္ခရာ သင်္ကေတများဖြင့်ရေးသား၍ သဒ္ဒဗေဒ အသံထွက်ပုံသေနည်းများကိုလည်း ရေးသားဖော်ပြထားပါသည်။ နှစ်သံသုံးသံထွက်ရသည့် အင်္ဂလိပ်စကားလုံးများ၏ အသံထွက်တွင် ဖိသံ သံလေးများ၏ အသံထက်တွင် ဖိသံ -သံလေး သင်္ကေတ Primary Stress Mark (' -)များဖြင့် ပုံနှိပ်ဖော်ပြထားပါသည်။ အင်္ဂလိပ်စာ၊ အင်္ဂလိပ် စကားကို တက်သံ ကျသံလေယူလေသိမ်းမှန်မှန်ဖြင့် ဖတ်နိုင် ပြောနိုင်ရန် Intornation ခေါ် တက်ကျသံပုံသေနည်းများ တက်သံ သင်္ကေတ စာကျသံသင်္ကေတမျဉ်းကောက်များဖြင့် ဒုတိယအကြိမ် ပြင်ဆင် တည်းဖြတ်ခြင်းတွင် ဖော်ပြထားပါသည်။ နည်းသစ်အင်္ဂလိပ်သဒ္ဒါ (၁၉)ကြိမ် ပုံနှိပ်ခြင်းတွင် တစ်စုံတစ်ရာ ဖြည့်စွက်ပြင်ဆင်ခြင်းမပြုပဲ နှစ်(၅၀)ပြည့် ရွှေရတုအောင်မြင်မှုကို မင်္ဂလာယူသောအားဖြင့် နိုင်ငံခြား ဝုဒ်ဖရီးစက္ကူဖြင့်ရိုက်၍ ကိုင်တွယ်ဖတ်ရှုရလွယ်ကူစေရန် အထူးကော်ကပ် ချုပ်ဖြင့် ထုတ်ဝေလိုက်ပါသည်။

၁၇-၁-၂၀၁၄ သောင်းလွင်

ဒုတိယအကြိမ်ပြင်ဆင်တည်းဖြတ်ခြင်း
နိဒါန်း

စာရေးသူသည် New Method English Grammar = နည်းသစ်အင်္ဂလိပ်သဒ္ဒါစာအုပ်ကို ၁၉၆၁ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ရာ ၁၉၉၆ ခုနှစ်အထိ အကောင်းဆုံး၊ အပြည့်စုံဆုံး အင်္ဂလိပ်သဒ္ဒါအဖြစ် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ၊ ကောလိပ်သိပ္ပံတက္ကသိုလ်များမှ ကျောင်းသူကျောင်းသားများ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုနေကြဆဲဖြစ်ပါသည်။

နည်းသစ်အင်္ဂလိပ်သဒ္ဒါကို ၁၉၉၄ ခု ၃၅နှစ်ကြာသည်အထိ တစုံတရာ ပြင်ဆင်တည်းဖြတ်ဖြည့်စွက်ရန် မလိုအပ်၍ ပြင်ဆင်ဖြည့်စွက်ခြင်းမပြုခဲ့ပါ။

နည်းသစ်အင်္ဂလိပ်သဒ္ဒါ စာမေးပွဲကဏ္ဍတွင် ၁၉၆၁ခုနှစ်မတိုင်မီက အခြေခံပညာအထက်တန်းနှင့် ကောလိပ်တက္ကသိုလ်စာမေးပွဲများတွင် မေးလေ့ရှိသော သဒ္ဒါဆိုင်ရာ မေးခွန်းဟောင်းများကို လေ့ကျင့်နိုင်ရန်ဖော်ပြခဲ့ပါသည်။ ၁၉၉၃ ခုနှစ် အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်စာမေးပွဲ သဒ္ဒါဆိုင်ရာ မေးခွန်းပုံစံများပြောင်းလိုက်သောအခါ ၁၉၆၁ခုနှစ်မတိုင်မီက မေးခဲ့သောမေးခွန်းပုံစံများနှင့် ခြားနားသွားသဖြင့် ၁၉၉၄ခုနှစ်တွင် ထုတ်ဝေသော ၁၄ကြိမ်မြောက် ပြန်လည်ပုံနှိပ်ခြင်းတွင် ၁၉၉၃–၁၉၉၄ ခု အခြေခံပညာအထက်တန်းစာမေးပွဲမေးခွန်းများကို အခြေခံထား၍ စာမေးပွဲကဏ္ဍတစ်ခုလုံးကို ပြင်ဆင်ခဲ့ပါသည်။ ယခု၁၅ကြိမ်မြောက် ပြင်ဆင်တည်းဖြတ်ပုံနှိပ်ခြင်းတွင် ၁၉၉၅–၁၉၉၆ အခြေခံပညာအထက်တန်း မေးခွန်းဟောင်း အဖြေများနှင့် ပုံသေနည်းများ လေ့ကျင့်ခန်းများကို ဖြည့်စွက်ထားပါသည်။

ဖိုနက်တစ်အသံမှန်ထွက်နိုင်ပြီ

စာရေးသူ၏ နည်းသစ်အင်္ဂလိပ်သဒ္ဒါတွင် စကားလုံးများ၏ အသံထွက်ကို ရိုးရိုးမြန်မာစာဖြင့်ရေးပြခဲ့သည်။ အင်္ဂလိပ်စကားလုံးများ၏ အသံထွက်ကို ရိုးရိုးမြန်မာစာဖြင့် ရေးပြ၍ အသံထွက်အတိအကျမရနိုင်မှန်းသိသော်လည်း ထိုစဉ်က ဖိုနက်တစ်အသံထွက်နည်းကို လုံးဝမတတ်သေးသဖြင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့မှ သင်ယူမှတ်သားခဲ့ရသည်အတိုင်း ရိုးရိုးမြန်မာအသံထွက်များဖြင့် ရေးခဲ့ပေသည်။

စာရေးသူသည် ၁၉၈၀ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ၁၂နှစ်တိုင်တိုင် ဖိုနက်တစ်ကျမ်းများ၊ ဖိုနက်တစ်အသံထွက်အဘိဓာန်ကျမ်းများကို ပါဠိ၊ သက္ကဋ၊ မြန်မာသဒ္ဒဗေဒများနှင့် နှိုင်းယှဉ်လေ့လာ၍ ဖိုနက်တစ်အသံထွက် နည်းသစ်အင်္ဂလိပ်မြန်မာ အဘိဓာန် Phonetic Pronouncing New Method English-Myanmar Dictionary စာအုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၉၆ခု ဩဂုတ်လတွင် ဖိုနက်တစ်အသံထွက် မူလတန်းဖတ်စာအဘိဓာန် Phonetic Pronouncing Primary Readers Dictionary စာအုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ထိုအဘိဓာန်နှစ်အုပ်တွင် အင်္ဂလိပ်စကားလုံးများ၏အသံထွက်ကို အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒ အသင်းကြီး International Phonetic Association ကတီထွင်ထားသည့် အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒအက္ခရာသင်္ကေတများဖြင့် ဗြိတိသျှစံထားအသံထွက် Recieved Pronunciation (RP) နှင့် အမေရိကန်စံထား အသံထွက် General American (GA) အသံထွက်နှစ်မျိုးလုံးဖြင့် ပြထားသည်။

ထို့ကြောင့် ဤနည်းသစ်အင်္ဂလိပ်သဒ္ဒါကို ယခု ၁၉၉၆ခုနှစ် (၁၅)ကြိမ်မြောက် ပြန်လည်ပုံနှိပ်သောအခါ အင်္ဂလိပ်စကားလုံးများ

၏ အသံထွက်ကို မြန်မာဖိုနက်တစ်သင်္ကေတများဖြင့် ပြင်ဆင် ဖော်ပြထားသည်။ Primary Stress= ဥဒတ္တအားစိုက်သံသင်္ကေတ ('—) ,Secondry Stress=ဆွရိတ သံမှန်သင်္ကေတ (‚—)နှင့် Weak Stress=အနုဒတ္တအားဖော့သံတို့ကို တိတိကျကျ ပီပီသသ ထွက်နိုင်ရန် Stress marks အားစိုက်အားဖော့သံသင်္ကေတများ တီထွင်အသုံးပြုထားသည်။

အင်္ဂလိပ်ဖိုနက်တစ်ဘာသာမှ အင်္ဂလိပ်ဖိုနက်တစ်သရသံရင်း (၂၀)၊ အင်္ဂလိပ်သရ (၂၅)လုံးကို အသတ်ဗျည်း ၂၀ = (20 Final Consonants)များနှင့်တွဲ၍ ဖွဲ့စည်းထားသော သရကာရန်အသတ်ကာရန် ၁၅၂ ကာရန်ကို ထပ်တူထပ်မျှ ပီပီသသထွက်နိုင်ရန် မြန်မာဖိုနက်တစ် သင်္ကေတများကို တီထွင်ဖော်ပြထားခြင်းဖြစ်၍ ဤနည်းသစ်အင်္ဂလိပ်သဒ္ဒါ ၁၅ကြိမ်မြောက်နှိပ်ခြင်းတွင် ဖော်ပြထားသော အင်္ဂလိပ်အသံထွက်များသည် လန်ဒန်တက္ကသိုလ်မှ အင်္ဂလိပ်ဘာသာပါမောက္ခဆရာကြီးနှစ်ဦး **Daniel Jones**နှင့် **AC-Gimson** တို့တည်းဖြတ်ထားသည့်–

1. **English Pronouncing Dictionary**
2. **Oxford Advanced Learners Dictionary of Current English**
3. **Phonetic Pronouncing New Method English Myanmar Dictionary.**

အဘိဓာန်ကြီးသုံးအုပ်မှ အသံထွက်များဖြစ်ကြောင်း ဆရာလုံးဝအာမခံပါသည်။ ဤနည်းသစ်အင်္ဂလိပ်သဒ္ဒါတွင် မပါသည့် စကားလုံးများ၏ အသံထွက်ကို အထက်အဘိဓာန်ကြီးသုံးအုပ်တွင် ကြည့်ရှုကြရန်ဖြစ်ပါသည်။

(၉)နိုင်ငံ အင်္ဂလိပ်ဘာသာ သုတေသနခရီး

စာရေးသူသည် ၁၉၈၈ခုနှစ်တွင် ထိုင်း၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် နီပေါ (၄)နိုင်ငံသို့လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် ထိုင်း၊ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနေရှား (၆)နိုင်ငံသို့လည်းကောင်း၊ (က) ဒေသန္တရဗဟုသုတ (ခ) သာသနာပြုမမွဒူတ၊ (ဂ) အင်္ဂလိပ်ဘာသာသင်ကြားနည်းသုတေသနလုပ်ငန်း သုံးရပ်အတွက် ခရီးထွက်ခဲ့၏။ ခရီးတစ်ခေါက်လျှင် နှစ်လခွဲဖြင့် နိုင်ငံခြား (၉)နိုင်ငံတွင် (၅)လကြာခဲ့၏။ ထို(၉)နိုင်ငံ ကျောင်းများ တက္ကသိုလ်၊ ကောလိပ်သိပ္ပံများ၏ အင်္ဂလိပ်ဘာသင်ကြားရေးကို တတ်နိုင်သမျှ အချိန်ပေးလေ့လာခဲ့၏။ ထို(၉)နိုင်ငံ စာအုပ်ဆိုင်ကြီးများမှ အင်္ဂလိပ်ဘာသာဆိုင်ရာ နောက်ဆုံးပေါ်ခေတ်မီ Phonetics, Grammar နှင့် Dictionnary စာအုပ်များကို ဝယ်ယူခဲ့၏။ စာရေးသူဝယ်ယူခဲ့သည့် ဖိုနက်တစ်နှင့် သဒ္ဒါစာအုပ်များတွင် .H.E Palmer Dilitt (Tokyo) ရေးသည့် A Grammar of Spoken English on a strictly Phonetic Basis ဖိုနက်တစ်လုံးဝအခြေခံ **စကားပြောအင်္ဂလိပ်သဒ္ဒါ** စာအုပ်သည် အကောင်းဆုံး အပြည့်စုံ အခိုင်မာဆုံး ဖြစ်၏။ On a stritly Phonetic Basis ဆိုသည့်အတိုင်း ရှင်းလင်းချက်၊ သင်ပြချက်များကို ရိုးရိုးအင်္ဂလိပ်စာလုံးပေါင်းဖြင့်ဖော်ပြသော်လည်း စကားလုံး၊ စကားတွဲ ပုံစံဝါကျများကို ရိုးရိုး၊ အင်္ဂလိပ်ဘာသာဖြင့် လုံးဝမဖော်ပြပဲ Phonetic Transeription ခေါ် ဖိုနက်တစ်သင်္ကေတစာလုံးပေါင်းများဖြင့် ဖော်ပြထားသဖြင့် ဖိုနက်တစ်ပညာမလေ့လာဘူးသူများ လုံးဝဖတ်နိုင်ကြမည်မဟုတ်ချေ။

စကားပြော နည်းသစ်အင်္ဂလိပ်သဒ္ဒါစာအုပ်ကို ရေးသားရာ၌ အမေရိကန်ပြည် ဝါရှင်တန်ဒီစီတွင် ဖွဲ့စည်းထားသည်။ American Council of Learned Society အမေရိကန် ပညာတတ်ပုဂ္ဂိုလ်များအသင်းက ၁၉၅၆ ခုနှစ်တွင် အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် ဂေါ်ဒွန်အက်ဖ်ရှမေဒါ (Gordon F Schmader နှင့်အဖွဲ့က တည်းဖြတ်ရေးသား၍ အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသော **Spoken English for Burmans အင်္ဂလိပ်စကား မြန်မာများအတွက်** စာအုပ်ကိုလည်း မှီငြမ်းပြုပါသည်။ ထိုစာအုပ်နိဒါန်းတွင် ဤစာအုပ်ပြုစုထုတ်ဝေရာ၌ အကူအညီပေးခဲ့သော ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးမှူး ဒေါက်တာထင်အောင်၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခများဖြစ်ကြသော ဦးဖေမောင်တင်၊ ဦးမျိုးမင်းနှင့် ဦးဝန်တို့၏ ကူညီရိုင်းပင်းမှုကိုလည်းမမေ့နိုင်ပါ"ဟု ဖော်ပြထားသည်။ ထိုစာအုပ်ကို ကောနဲလ်တက္ကသိုလ်မှ ဘာသာစကား မျိုးစုံတတ်ကျွမ်းသော Charels H Hockett နှင့် William E Welmer တို့ စီစဉ်ညွှန်ကြား၍ George L.Trager နှင့် Henery L Smith Jr တို့ရေးသားထုတ်ဝေသည့် **Outline of English Structure** စာအုပ်ကို မှီငြမ်းပြုရေးသားတည်းဖြတ်ထားသည်ဟုလည်း အမှာစာ၌ ဖော်ပြထား၏။

လက်တင်အမေရိကန်ကျောင်းသူကျောင်းသား ၅၀၀၀ကျော်ကို ၁၂နှစ်တိုင်တိုင် အင်္ဂလိပ်ဘာသာလက်တွေ့သင်ပြပြီးနောက် မိချိဂန်တက္ကသိုလ် အင်္ဂလိပ်ဘာသာသိပ္ပံမှ ထုတ်ဝေသော In Intensive Course in English for Latin - American Students စာအုပ်ကို မှီငြမ်းပြု၍ ဒေါက်တာ Robert Rado နှင့် Charles C. Fries တို့ရေးသားသော **English Pronunciation Exercises in Sound Segments, Intonation**

and Rhythm စာအုပ်ကိုလည်း မှီငြမ်းပြု၏။

ဂျပန်နိုင်ငံတွင် အခြေခံ အထက်တန်းနှင့် အဆင့်မြင့်တန်း ကျောင်းသားတို့အား ၈နှစ်ကျော် လက်တွေ့သင်ပြပြီးမှု အမေရိကန် ကျောင်းဆရာ HARRIETTE GORDON GRATE ရေးသား၍ Longman Group UK Ltd မှ ၁၉၇၅ တွင် ထုတ်ဝေသည့် ENGLISH PRONUNCIATION EXERCISES FOR JAPANESE STUDENTS စာအုပ်နှင့် GEOFFREY LEECH and JAN SVARTVIT တို့ရေးသားသော

A Communicative Grammar of English စကားပြောအင်္ဂလိပ်သဒ္ဒါစာအုပ်ကြီးများ မှီငြမ်းပြုကာ ၁၅ကြိမ်မြောက် နည်းသစ်အင်္ဂလိပ်သဒ္ဒါတွင် Gammar of Spoken English စကားပြောအင်္ဂလိပ်သဒ္ဒါနည်းသစ်များ ဖြည့်စွက်ဖော်ပြလိုက်ပါသည်။

၁၈–၁၀–၉၆	အသျှင်သုမန
ရန်ကုန်	ဘီအေ မွှာစရိယ ဝင့်သကာ

နိဒါန်းအစချီ

ကျွန်ုပ်သည် ပါဠိဘာသာကို အတော်အသင့် သင်ကြားတတ်မြောက်ပြီးသောအခါ ပါဠိဘာသာတွင် တစ်ကယ်လိုအပ်သည်ထက်ပို၍ သင်ကြားမှုများ၊ ဖြည့်စွက်သင်ကြားရန် လိုနေသော အချက်များပါရှိနေသည်ကို တွေ့ရှိရသဖြင့် အများနည်းတူ ရှေးစနစ်ဟောင်းအတိုင်း လိုက်၍မသင်ဘဲ ပိုနေသည်ကို ထုတ်ပယ်၊ လိုနေသည်ကိုဖြည့်စွက်၍ ကိုယ်ပိုင်နည်းသစ်ကို တီထွင်လေ့လာခဲ့ရာ တိုတောင်းလှသည့် လေးနှစ်ကာလအတွင်း အစိုးရ ပထမငယ်၊ ပထမလတ်၊ မထမကြီး၊ သိရိပဝရ ဓမ္မာစရိယ၊ မန္တလေး သကျသီဟစာသင်တန်း၊ ၄င်းစာချတန်း၊ စာမေးပွဲကြီး ၆–ပွဲကို အကျအရှုံးမရှိ နှစ်ကာလမခြားပဲ ထူးကဲစွာ အောင်မြင်ခဲ့ပါသည်။ မန္တလေး သကျသီဟအသင်းကြီး၏ စာမေးပွဲသက်တမ်း ၅၄–နှစ်အတွင်း ယခင်က ၃–ပါးသာရဘူးသော စတုတ္ထမြောက် အဋ္ဌကထာပြန်အကျော် "ဝင့်သကာ" ဂုဏ်ထူးဆောင် ရွှေတံဆိပ်နှင့် ငွေနာရီဆု ချီးမြှင့်ခြင်းကို ခံခဲ့ရသည်မှာ နည်းသစ်တီထွင်လေ့လာခြင်း၏ အကျိုးတရားများပင် ဖြစ်ပါသည်။

အသက် ၂၅နှစ်အရွယ်တွင် အင်္ဂလိပ်စာကို အေ–ဘီ–စီမှစ၍ လေ့လာခဲ့ရာ ငွေကုန်လူပန်း အချိန်ကုန်ခန်းစေသော တစ်နှစ်ဘစ်တန်း ရှေးဟောင်းအင်္ဂလိပ်စာ သင်နည်းစနစ်ကို မလိုက်ဘဲပါဠိသဒ္ဒါ၊ မြန်မာသဒ္ဒါ၊ အင်္ဂလိပ်သဒ္ဒါ သုံးမျိုးကို ကောင်းစွာတတ်ကျွမ်းသော ကျောက်ဆည်ခရိုင် မြစ်သားမြို့အပိုင် ကသဲကုန်းရွာမင်းကုန်းကျောင်းဆရာတော် ဦးကုမာရထံတွင် နည်းခံလျက် ပါဠိသင်စဉ်ကကဲ့သို့ပင် ပိုနေသည်၍ကို ထုတ်ပယ်၊ လိုနေသည်ကို ဖြည့်စွက်လျက် "မြန်မာစာ အခြေခံ၍ အင်္ဂလိပ်စာ အလွယ်သင်နည်း"ကိုတီထွင် စမ်းသပ်လေ့လာခဲ့ရာ ၆–လအတွင်း အင်္ဂလိပ်စာကို သဒ္ဒါနည်းမှန်မှန်ဖြင့် ပြောနိုင်၊ ရေးနိုင်၊ ဖတ်နိုင်၊ ဘာသာပြန်နိုင်သည်အထိ အောင်မြင် တတ်မြောက်လာခဲ့ပါသည်။

မှန်ပါသည်။ အကယ်၍ သင်ရိုးသင်စဉ် နည်းဟောင်းအတိုင်းလိုက်၍သင်မည်ဆိုပါက ထိုစဉ်က ကျွန်ုပ်ဖတ်နိုင်၊ ရေးနိုင်သလောက်

ဖတ်တတ် ရေးတတ်ရန် ၆–နှစ်မှ သင်ရမည်ဖြစ်ပါသည်။ ၆–နှစ်မှ ၁၀–နှစ်အထိ အင်္ဂလိပ်စာ သင်ကြားပြီးသော အထက်တန်းကျောင်းသားကြီးများပင် ကျွန်ုပ်ထံတွင် လာရောက်နည်းခံ သင်ယူနေကြရခြင်းဖြင့် နည်းဟောင်းနည်းသစ် ကွာခြားပုံမှာ ပို၍ထင်ရှားလာပါသည်။ ကြွားဝါခြင်းမရှိဘဲ အမှန်ကိုရှိသားစွာ ဝန်ခံရမည်ဆိုလျှင် ထိုစဉ်က ၆–လအတွင်း ကျွန်ုပ်သင်ကြားတတ်မြောက်ထားသော အင်္ဂလိပ်စာ အဆင့်အတန်းသည် ယခုခေတ်အင်္ဂလိပ်စာကို ၆–နှစ်မှ ၁၀–နှစ်အထိ သင်ကြားပြီး၍ ၁၀–တန်းတွင် အကြိမ်ကြိမ်ကျရှုံးနေသော ကျောင်းသားများ၏ အင်္ဂလိပ်စာအဆင့်အတန်းထက် ပိုမိုမြင့်မားနေသည်ကို ယနေ့တက္ကသိုလ်ဝင် ကျောင်းသားများအား အင်္ဂလိပ်စာပြပေးရသောအခါမှ ပို၍သိလာရပါသည်။

မြန်မာပြည်တွင် ပညာရေးအဆင့်အတန်း နိမ့်ကျ၍ အခြေခံသတ္တမတန်းမှ နောက်ဆုံး(ဘီအေ) အထိ စာမေးပွဲ အကျအရှုံးများနေချိန်တွင် အသက်(၂၅)နှစ်မှ အင်္ဂလိပ်စာကို စသင်ရသော ကျွန်ုပ်အဖို့ အခြေခံ သတ္တမတန်းမှ နောက်ဆုံးဘီအေအထိ အကျအရှုံးမရှိ နှစ်ကာလ မခြားဘဲ ဆက်တိုက်အောင်မြင်လာခဲ့ပါသည်။ ထိုသို့အောင်မြင်လာခဲ့သည်မှာ ကျွန်ုပ်ဉာဏ်ကောင်း၍ ပါရမီထူးရှိ၍ မဟုတ်ပါ။ လောကုတ္တရာ စာမေးပွဲများ၊ လောကီအတန်း စာမေးပွဲများတွင် ကျွန်ုပ်သင်ပေးသမျှ တပည့်များလည်း ထူးကဲစွာ အောင်မြင်နေကြောင်း ပို၍ထင်ရှားစေပါသည်။ ရန်ကုန်မြို့ပေါ်တွင် နည်းသစ်ကောလိပ် အင်္ဂလိပ်စာ အထူးနာမည်ကျော်နေသည်မှာလည်း နည်းကောင်းခြင်း၏ သက်သေပင်ဖြစ်ပါသည်။

ထိုသို့စာမေးပွဲတိုင်းကို အလွယ်တကူအောင်ခြင်း၊ အင်္ဂလိပ်စာတော်သည်ဟု ဆရာလုပ်သူများ၏ ချီးမွမ်းခံရခြင်းတို့ကို ကြားသိရသော သူငယ်ချင်း မိတ်ဆွေတော်တော်များများသည် အင်္ဂလိပ်စာကို မည်ကဲ့သို့ လေ့လာသနည်းဟု မကြာခဏ မေးမြန်းကြ၏။ ထိုသို့မေးမြန်းတိုင်း နည်းသစ်အင်္ဂလိပ်စာ သင်ကြားနည်းကို တီထွင်လေ့လာကြောင်း ပြောပြရာ ကြားရသူတိုင်း သဘောကျ လက်ခံ၍ ထိုနည်းများကို စာအုပ်အဖြစ် ရေးသားထုတ်ဝေပါရန် အတန်တန်

တောင်းပန်သည်ကတကြောင်း၊ နည်းသစ် ကောလိပ်ကျောင်းသူ ကျောင်းသားများက ဤမျှလွယ်ကူ ရှင်းလင်း ပြည့်စုံသော နည်းသစ် သဒ္ဒါကို တစ်ပြည်လုံးရှိ ကျောင်းသားများ သင်ကြားနိုင်စေရန် စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေပါရန် တောင်းပန်ကြသည်ကတကြောင်း၊ အခြေခံမှ အထက်တန်းအထိ ကျောင်းသားများ လက်ခံအသုံးပြုနိုင်မည့် ခေတ်မီသဒ္ဒါကျမ်းတစ်စောင်ကို ပြုစုရန် အတန်တန်မိန့်ကြားသော မန္တလေးမြို့ တောင်ထီးလင်းတိုက် တက္ကသိုလ်ကျောင်းဆရာတော် ဦးခေမိန္ဒ၏ အမိန့်ကို နာခံသောအားဖြင့်တကြောင်း၊ အထက်ပါ အကြောင်းကြောင်းတို့ကြောင့် သံဃာအား ဘုရားမဆန်သာဆိုသကဲ့သို့ ဤမည်သော နည်းသစ်အင်္ဂလိပ်သဒ္ဒါစာအုပ်ကို အကြိမ်ကြိမ် အထပ်ထပ် တည်းဖြတ်သုတ်သင် စက်တင်ပုံနှိပ်အပ်ပါကြောင်း။

အသျှင်သုမန **B.A,**

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝင့်သကာ

(တာဝန်ခံ ကျောင်းအုပ်)

နည်းသစ်ကောလိပ်

ဗဟန်း၊ ရန်ကုန်။

၁၉၆၁-ခု၊ ဇူလိုင် ၁၂ ရက်၊

ကျေးဇူးတင်လွှာ

ဤနည်းသစ် အင်္ဂလိပ်သဒ္ဒါကျမ်းကို ကြိုးပမ်းတီထွင် စီရင်ရေးသားရန် အတန်တန် တိုက်တွန်း၍ အကြံဉာဏ် အကူအညီအများဆုံး ပေးခဲ့သော မန္တလေးမြို့ တောင်ထီးလင်းတိုက် တက္ကသိုလ်ကျောင်းဆရာတော် ဦးခေမိန္ဒ ပါဠိသဒ္ဒါနှင့် ပိဋကတ်စာပေများကို သင်ကြားပို့ချပေးကြသော တောင်ထီးလင်း ပါဠိတက္ကသိုလ်မှ နာယကဆရာတော် ဦးဓောတိက (အဂ္ဂမဟာပဏ္ဍိတ) ကျောင်းအုပ်ဆရာတော် ဦးကုသလ၊ ကထိကဆရာတော် ဦးသူရိယ၊ ဦးပုညာနန္ဒ၊ ရွှေကျင်မြို့ လေးထပ်ဆရာတော် ဦးကေသရတို့အားလည်းကောင်း၊

အင်္ဂလိပ်စာ သင်ကြားပြသပေးကြသော ကျောက်ဆည်ခရိုင် မြစ်သားမြို့အပိုင် ကသဲကုန်းရွာ မင်းကုန်းကျောင်း ဆရာတော် ဦးကုမာရ၊ မန္တလေး ပေါက်မြိုင် အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးဘရင်၊ ဆရာမဒေါ်လှလှ မန္တလေးမြို့မကျောင်းအုပ်ဆရာကြီး ဦးလှကျော်၊ ရန်ကုန်မြို့ သံဃာ့တက္ကသိုလ်မှ ဦးအေးမောင်၊ ဦးမေအောင်၊ ရန်ကုန်မြို့ သက်ကြီးတက္ကသိုလ်ကထိက Miss Mukerjee

အထွေထွေ အကူအညီပေးကြသော နည်းသစ်ကောလိပ် အကျိုးဆောင် အရှင်ပညာသိရီ၊ အရှင်သုဇန စာမူများကို ရေးကူးပေးကြသော ကျွန်ုပ်၏တပည့် (၉)တန်းကျောင်းသူများ ဖြစ်ကြသည့် မခင်နု၊ မခင်ရီ၊ မတင်ရီတို့အား အထူးလှိုက်လှဲစွာဖြင့် ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း။

(အသျှင်သုမန)
၁၂-၇-၆၁

မာတိကာ

ဒုတိယပိုင်း ဝါကျဖွဲ့ထုံး
(Simple Sentence ခေါ် ဝါကျတိုရေးနည်း)

တတိယပိုင်း

(Compound, Complex ခေါ် ဝါကျရှည်ရေးနည်း)

တက္ကသိုလ်ကဏ္ဍ

(ခဲရာခဲဆစ် အထူးအဆန်း ကြိယာဝါကျများအကြောင်း)

စာမေးပွဲကဏ္ဍ

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ပုံနှိပ်စာလုံးအကြီး

A	B	C	D	E	F	G
H	I	J	K	L	M	N
O	P	Q	R	S	T	U
	V	W	X	Y	Z	

ပုံနှိပ်စာလုံးအသေး

a	b	c	d	e	f	g
h	i	j	k	l	m	n
o	p	q	r	s	t	u
	v	w	x	y	z	

လက်ရေးစာလုံးအကြီး

A	*B*	*C*	*D*	*E*	*F*	*G*
H	*I*	*J*	*K*	*L*	*M*	*N*
O	*P*	*Q*	*R*	*S*	*T*	*U*
	V	*W*	*X*	*Y*	*Z*	

လက်ရေးစာလုံးအသေး

a	*b*	*c*	*d*	*e*	*f*	*g*
h	*i*	*j*	*k*	*l*	*m*	*n*
o	*p*	*q*	*r*	*s*	*t*	*u*
	v	*w*	*x*	*y*	*z*	

ခွဲခြားသတ်မှတ်ရန်

အထက်ပါအင်္ဂလိပ်အက္ခရာ နှစ်ဆယ့်ခြောက်လုံးတွင် A.E.I.O.U အက္ခရာငါးလုံးကို Vowel'ဗား-ဝယ်လ် "သရ"ဟု ခေါ်၍ ကျန်နှစ်ဆယ့်တစ်လုံးသော အက္ခရာတို့ကို Consonant ခွန်း-န်ဆနင်ထ် "ဗျည်း" ခေါ်ကြောင်းမှတ်သားထားပါ။ သို့မှသာလျှင် နောင်သဒ္ဒါ စည်းမျဉ်းများကို ပေးရာ၌ "သရ" "ဗျည်း" ဟူသော စကားလုံးများကိုသုံးတိုင်း အလွယ်တကူနားလည်နိုင်ပေမည်။

မြန်မာသင်ပုန်းကြီး

အင်္ဂလိပ်စာသင်စ ကျောင်းသားများသည် လက်ရေးကျင့်သည့်သဘောဖြင့် မြန်မာလူနာမည်၊ မြို့၊ ရွာ၊ လမ်းနာမည်များကို ရေးသားလေ့ကျင့်သင့်ပေသည်။ ရှေးအခါမှစ၍ ယခုအချိန်အထိ အင်္ဂလိပ်စာသင်ရိုး၊ သင်တန်းစာများတွင် မြန်မာလူနာမည်၊ မြို့ရွာလမ်းနာမည်၊ ဘုရားအဆောက်အဦ နာမည်များ စာလုံးပေါင်းရေးသားနည်း (သင်ပုန်းကြီး)ကို ထည့်သွင်းသင်ပြခြင်းမရှိသဖြင့် တက္ကသိုလ်ဝင်တန်းရောက်နေသည့် ကျောင်းသားအချို့ပင် ထိုနာမည်များကို စာလုံးပေါင်းမှန်ကန်စွာဖြင့် မရေးတတ်ကြပေ။ မြန်မာကျောင်းဆရာများ ရေးသော သဒ္ဒါစာအုပ်များကို အပိုကြည့်ရှုမှတ်သားကြသည့် ကျောင်းသားများသာ ထိုနာမည်များကို မှန်ကန်စွာရေးနိုင်ကြပေသည်။ ထို့ကြောင့် သဒ္ဒါနည်းများကို မသင်မီ အောက်ပါစာလုံးပေါင်းနည်း (သင်ပုန်းကြီး) ကိုစတင်လေ့လာသင်ကြားသင့်ပေသည်။

မြန်မာဗျည်းသက်သက် (၃၂)လုံး

က = K	ခ = Kh	ခ = K	ဂ,ဃ = G
င = Ng	စ,ဆ = S	ဇ,ဈ = Z	ည = Ny
ဋ,တ = T	ထ,ဌ = Ht	ထဋ္ဌ = T	ဒ,ဓ,ဍ,ဎ = D
န,ဏ = N	ပ = P	ဖ = Ph	ဖ = P
ဗ,ဘ = B	မ = M	ယ = Y	ရ = R
လ,ဠ = L	ဝ = W	သ = Th	ဟ = H

ဗျည်းတွဲ (၆)မျိုး

၁။ ဗျည်းတစ်လုံးနောက်မှ **y** ဆက်ပေးလျှင် "ယပင့်"**"ယရစ်"** ဖြစ်၏။
ပုံစံ။ Ky = ကျ,ကြ Py = ပျ,ပြ By =ဗျ,ဗြ
Gy = ဂျ Phy = ဖျ,ဖြ My=မျ,မြ

၂။ ဗျည်းတစ်လုံးနောက်မှ w ဆက်ပေးလျှင် "ဝဆွဲ" ဖြစ်၏။
ပုံစံ။ Kw = ကွ Khw = ခွ Gw = ဂွ Sw = စွ,ဆွ
Zw = ဇွ,ဈွ Lw = လွ Ng = ငွ Dw = ဒွ

၃။ ဗျည်းတစ်လုံးရှေ့မှ H ထား၍ရေးလျှင် "ဟထိုး" ဖြစ်၏။
ပုံစံ။ Hng = ငှ Hny = ညှ Hn =နှ,ဏှ Hm = မှ

၄။ ဗျည်းတစ်လုံးနောက်မှ yw ဆက်ပေးလျှင် "ယပင့်ဝဆွဲ" "ရရစ်ဝဆွဲ"ဖြစ်၏။
ပုံစံ။ Kyw = ကျွ,ကြွ Pyw = ပျွ,ပြွ Myw = မျွ,မြွ

၅။ ဗျည်းရှေ့က H နှင့် ဗျည်းနောက်က y ဆက်ပေးလျှင် "ယပင့်ဟထိုး" "ရရစ်ဟထိုး"ဖြစ်၏။
ပုံစံ။ Hmy = မျှ,မြ Hly = လျှ

၆။ ဗျည်းရှေ့ကHနှင့် ဗျည်းနောက်က wဆက်ပေးလျှင် "ဟထိုး ဝဆွဲ"ဖြစ်၏။
ပုံစံ။ Hnw = နွှ Hlw = လွ Hmw = မွှ

မှတ်ချက် ။ ။ အထက်ပါနမူနာအတွင်းပင် ယပင့်, ရရစ်, ဟထိုး, ဝဆွဲဖြစ်နိုင်သောဗျည်းများနှင့် ပူးတွဲလေ့ကျင့်ပါ။

ကာရန်သရများ

a = အ,အာ,အား   i = အိ, အီ,အီး   u = ဥ, ဦ, ဦး
(ar = အာ,အား)   (ee = အီ,အီး)   (oo = ဦ,ဦး)
e = အေ,အေ့,အေး   e = အဲ, အဲ့, အယ်
(ay-aye = အေ,အေ့,အေး) (ai = အဲ,အဲ့,အယ်)
aw =အော့, အော်, အော an = အံ,အံ့

အက္ခရာအသတ်များ

et	=	က်	in	=	င့်	it	=	စ်
i, (ee)	=	ည်	int	=	င့်	an	=	န်, မ်
ai(e)	=	ယ်	at	=	တ်,ပ်	ant	=	န့်,မ့်

သရနှင့်အသတ်များ

eik = -ိတ်,-ိပ် (လုံးတင်တသတ်, လုံးတင်ပသတ်)
ein = -ိန်,-ိမ် (လုံးတင်နသတ်, လုံးတင်မသတ်)
ok(oke) = -ုတ်-ုပ် (ချောင်းငင်တသတ်, ချောင်းငင်ပသတ်)
on;(one,ohn)= -ုန်,-ုမ် (ချောင်းငင်နသတ်, ချောင်းငင်မသတ်)
auk = ေ-ါက် (သဝေထိုးရေးချကသတ်)
aung = ေ-ါင် (သဝေထိုးရေးချငသတ်)
aik = -ိုက် (လုံးတင်ချောင်းငင်ကသတ်)
aine,(ine) = -ိုင် (လုံးတင်ချောင်းငင်ငသတ်)
o,(oe,oh) = -ို (လုံးတင်ချောင်းငင်)-

စာလုံးပေါင်းရေးခြင်း

အထက်ပါဗျည်းသက်သက်များ၊ ဗျည်းတွဲများနှင့် ကာရန်သရ,အက္ခရာအသတ်, သရနှင့်အသတ်များကို မှတ်မိအောင် လေ့ကျက်ထားပါ။ လေ့ကျက်ပြီးနောက် ဗျည်းသက်သက် ဗျည်းတွဲ

များနောက်တွင်ကာရန်သရများကိုသော်၎င်း၊ အက္ခရာအသတ်များကိုသော်၎င်း၊ သရနှင့်အသတ်များကိုသော်၎င်းထား၍ရေးလျှင် မြန်မာသင်ပုန်းကြီးတစ်အုပ်လုံးပြီးတော့သည်။ အထူးသတိပြုရမည်မှာ က၊ကာ၊ကား၊သုံးလုံးသည် မြန်မာအသံတွင် မတူသော်လည်း အင်္ဂလိပ်ဘာသာ၌ Ka တစ်လုံးတည်း၊ တစ်မျိုးတည်းဖြစ်ကြောင်း တွေ့ရမည်။ ဤနည်းတူမြန်မာမှာကွဲသော်လည်း အင်္ဂလိပ်၌ တူနေသောအခြား စာလုံးပေါင်းများကိုလည်း သတိပြုမိပါစေ။ အောက်မြစ်ရှေ့က ဝတ်ဆံပေါက်များအတွက် အထူးမရှိပေ။ အောက်မြစ်အတွက် ဤစာအုပ်တွင် T=တီကိုအသတ်နောက်၌ ထား၍ရေးပြထားသည်။

ဗျည်း–ဗျည်းတွဲနှင့် သရပေါင်းပုံနမူနာ

Ka = က ကာ ကား Ki = ကိ ကီ ကီး Ku = ကု ကူ ကူး
Ke = ကေ ကေ့ ကေး Ke, = Kai ကဲကဲ့
Kaw = ကော့ ကော် ကော Kan= ကံကံ့ (Kant = ကံ့)
Kya= ကျ ကျာ ကျား Kyi= ကျိ ကျီ ကျီး
Kyu = ကျု ကျူ ကျူး Kye = ကျေ့ ကျေ ကျေး
Kye,(kyai) = ကျဲကျဲ့ Kyaw = ကျော ကျော့ ကျော်
Kyan = ကျံကျံ့ (Kyant = ကျံ့)
Kwa = ကွကွာကွား
Kwai = ကွိကွီကွီး Kwe = ကွေ့ကွေကွေး
Kwe, (Kwai) = ကွဲကွဲ့ Kun = ကွံကွံ့ (Kwan ဟုမရေးရ)

ဗျည်းနှင့်အသတ်ပေါင်းပုံနမူနာ

Ket = ကတ် Kin = ကင့်ကင်ကင်း (Kint = ကင့်)
Kit = ကစ် Ki,(Kee)= ကည်ကည့်ကည်း Kat= ကတ်ကပ်
Kan = ကန့်ကန်ကန်း, ကမ့်ကမ်ကမ်း K(Kant = ကန့်ကမ်)
Kai, (Ke) = ကယ်ကယ့်

Kyet = ကြက်
Kyin = ကြင်ကြင့်ကြင်း (Kyint) = ကြင့်
Kyit = ကြစ်
Kyi, (Kyee) = ကြည့်ကြည်ကြည်း Kyat = ကြတ်ကြပ်
Kyan=ကြန်ကြန့်ကြန်း၊ကြမ်ကြမ့်ကြမ်း K(Kyant = ကြန့်ကြမ့်)
Kyai, (Key) = ကြယ်ကြယ့်။

ဗျည်းနှင့်သရအသတ်ပေါင်းပုံနမူနာ

Keik = ကိတ်၊ ကိပ်၊ Kein = ကိန်ကိန့်ကိန်း၊ ကိမ်ကိမ့်ကိမ်း၊ Keint = ကိန့်ကိမ်)၊ Kok, (Koke) = ကုတ်၊ ကုပ်၊ Kon, (Kone,Kohn)=ကုန်ကုန့်ကုန်း၊ ကုမ်ကုမ့်ကုမ်း၊ Kont= ကုန့်၊ ကုမ့်) Kauk = ကောက် Kaung = ကောင်ကောင့်ကောင်း၊ Kaik = ကိုက် Kaing, (Kine)=ကိုင်ကိုင့်ကိုင်း၊ Ko, (Koe) =ကိုကို့ကိုး၊ Kyeik= ကြိတ်ကြိပ်၊ Kyein = ကြိန်ကြိန့်ကြိန်း၊ ကြိမ်ကြိမ့်ကြိမ်း၊ (Kyeint= ကြိန့်၊ ကြိမ့်)၊ Kyok, (Kyoke) = ကြုတ်၊ကြုပ်၊ Kyon, (Kyone, Kyohn) = ကြုန်ကြုန့်ကြုန်း၊ ကြုမ်ကြုမ့်ကြုမ်း၊ (Kyont=ကြုန့်၊ ကြုမ်)၊Kyaik=ကြိုက်၊ Kyaing (Kyine) = ကြိုင်ကြိုင့်ကြိုင်း၊ Kyo (Kyoe) =ကြိုကြို့ကြိုး။

အမှာ ။ ။ အထက်ပါနမူနာများတွင် K = က နေရာတွင် အခြားဗျည်းများ ဗျည်းတွဲများထည့်၍ရေးပါက သင်ပုန်းကြီးတစ်အုပ်လုံးပြီးတော့သည်။

အထူး ။ ။ (က) ချ၊ခြ ကို Khy ဖြင့်မရေးရ၊ Ch ဖြင့်ရေးရမည်။
(ခ) ယှ၊ ရှကို Hy,hr ဖြင့်မရေးရ၊ Sh ဖြင့်ရေးရမည်။
(ဂ) ဝဆွဲနသတ်အတွက် un ကိုသုံးရမည်။
"ထွန်း"ကို Tun ဟုရေးရမည်။
Twan ဟုမရေးရ။

(ဃ) ဝဆွဲတသတ်ကို ut ဖြင့်ရေးရမည်။ "ကွတ်"ကို Kut ဟုရေးရမည်။ Twat ဟုမရေးရ။
(င) ထ = Ht အစား T တစ်လုံးတည်းဖြင့်လည်း ရေးကြသည်။ဖ= Ph အစား Pတစ်လုံးတည်းဖြင့် လည်းရေးကြသည်။ ဥပမာ–မောင်ထင်=Mg Tin ။ဦးဖေ =U Pe စသည်ဖြင့်ရေးသားကြ သည်။ ခ = Kh အစား K တစ်လုံးတည်းရေး သားကြသည်။ ဥပမာ Ma Kin = မခင်။

အထူးမှတ်ရန်

မြန်မာဘာသာတွင် စာရေးအမှန်၊ စာဖတ်အသံဟုဆိုသည့် အတိုင်း ရေးသောအခါ သတ်ပုံမှန်အောင်ရေး၍ ဖတ်သောအခါ အသံကို အများဖတ်နေကျအသံအတိုင်း ဖတ်ကြရလေသည်။

ဥပမာ

ညောင်လေးပင်	ကို ညောင်လေးဘင်ဟုဖတ်၍
ရေကျော်	ကို ရေဂျော်ဟုဖတ်၏။
မန္တလေး	ကို မန်းဒလေးဟုဖတ်၏။
ရွှေတိဂုံ	ကို ရွှေတိဂုံဟုဖတ်၏။
ကြားတောရလမ်း	ကို ဂျားတောရလမ်းဟုဖတ်၏။

သို့ရာတွင် အထက်ပါနာမည်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသောအခါ သတ်ပုံအမှန်ကိုမကြည့်ပဲ အသံထွက်အတိုင်း (ဝါ) ဖတ်သည့်ပြောသည့်အသံအတိုင်းလိုက်၍ ရေးရကြောင်း အထူးသတိပြု ရပေမည်။

ဥပမာ

ညောင်လေးပင်	= Nyaunglebib
ရေကျော်	= Yegyaw
မန္တလေး	= Mandalay

ရွှေတိဂုံ = Shwedagon
ကြားတောရလမ်း = Gyatawya Street
စသည်ဖြင့် သတ်ပုံမလိုက်ပဲ အသံကိုလိုက်၍ ရေးရလေသည်။

မြန်မာနာမည်ရေးနည်း

၁။ မြန်မာလူနာမည်များကိုရေးရာ၌ အသံထွက်သောစာလုံးတိုင်းကို Capital Letter ခေါ်စာလုံးကြီးဖြင့် စ၍ရေးရမည်။ စာလုံးပေါင်း တစ်ခုနှင့်တစ်ခု ဆက်မရေးရ။

ပုံစံ။ Maung Thaung Lwin = မောင်သောင်းလွင်။
Ma Tin Yee = မတင်ရီ။
U Aye Maung = ဦးအေးမောင်။
Daw Mya Kyi = ဒေါ်မြကြည်။
Khin Soe Myint = ခင်စိုးမြင့်။
Ma Than Hlaing = မသန်းလှိုင်။

၂။ ဘုန်းကြီးနှင့်သီလရှင်တို့ ဘွဲ့နာမည်များတွင် ရှေ့ဆုံးအက္ခရာ တစ်လုံးကိုသာ စာလုံးကြီးဖြင့်ရေး၍ တဆက်တည်း စာလုံးပေါင်း ရမည်။ (လူကဲ့သို့ တစ်လုံးချင်းမရေးရ၊ မှားတတ်၏)

ပုံစံ။ Ashin Thumana = အရှင်သုမန။
U Khemeida = ဦးခေမိန္ဒ။
ဆရာတော်ဦးဉာဏ။ (Ven U Nyana ကို Venerable ဗင်း–န်ရ်ဘဲလ်ဟုပြောရ၊ ဖတ်ရသည်။ ရိုသေလေးစားသောအား ဖြင့် ဘုန်းကြီးဘွဲ့ရှေ့တွင် ထားရေးကြသည်။)
U Khemeinda = ဦးခေမိန္ဒ။
Kn Thawbana = ရှင်သောဘဏ
Koyin Zawana = ကိုရင်ဇဝန။
Daw Thilasari = ဒေါ်သီလစာရီ။
Ma Nyanawadi = မဉာဏဝတီ။

Ma Kinsana = မကဉ္စန
Ma Kulawadi = မကုလဝတီ
Daw Nyanasagi = ဒေါ်ဉာဏစာဂီ

၃။ ရာထူးအလုပ်အကိုင်တို့ကို နာမည်ရှေ့ကထည့်၍ ခေါ်ဝေါ်ရေးသားသောအခါ ၎င်းရာထူးအလုပ်အကိုင်၏ အစအဆုံး အက္ခရာတစ်လုံးကိုသာ စာလုံးကြီးဖြင့်ရေးရ၍ တဆက်တည်းစာလုံးပေါင်းရသည်။

ပုံစံ။ Sayama Ma Tin Yee = ဆရာမ မတင်ရီ
Saya U Aye Maung = ဆရာကြီးဦးအေးမောင်
Saya U Kyaw Tint = ဆရာဦးကျော်တင့်
Bogyoke Aung San = ဗိုလ်ချုပ်အောင်ဆန်း
Yebaw Kyaw Win = ရဲဘော်ကျော်ဝင်း
Sayadaw U Zawtika = ဆရာတော်ဦးဇောတိက
Phongyi U Khemeinda = ဘုန်းကြီးဦးခေမိန္ဒ
Ubazin U Nyana = ဦးပဉ္ဇင်း ဦးဉာဏ
Koyin Shin Kethara = ကိုရင်ရှင်ကေသရ
Sayagyi Daw Thilasri = ဆရာကြီး ဒေါ်သီလစာရီ
Syalay Daw Nyanawadi = ဆရာလေး ဒေါ်ဉာဏဝတီ

၄။ မြို့ရွာလမ်းအဆောက်အအုံ၏ အမည်များတွင် အစဆုံး အက္ခရာတစ်လုံးကိုသာ စာလုံးကြီးဖြင့်ရေး၍ တဆက်တည်း စာလုံးပေါင်းရသည်။ အသံထွက်အတိုင်း စာလုံးပေါင်းရသည်။

ပုံစံ။ Pyuntaza = ပြွန်တန်ဆာ
Nyaunglebin = ညောင်လေးပင်
Bago = ပဲခူး
Yedashe = ရေတာရှည်
Kanyutkwin = ကညွတ်ကွင်း
Mandalay = မန္တလေး
[illegible]ikpyangyi Village = ဆိတ်ပြန်ကြီးရွာ

Lay-ein Zu Village = လေးအိမ်စုရွာ
Ngabyema Village = ငါးပြေမရွာ
Payangazu Street = ဘုရားငါးဆူလမ်း
Theinpyu Street = သိမ်ဖြူလမ်း
Gyatawya Street = ကြားတောရလမ်း
Shwedagon Pagoda = ရွှေတိဂုံဘုရား
Sulay Pagoda = ဆူးလေဘုရား
Seindaungpyan = စိန်ဒေါင်းပျံ (သင်္ဘော)
Aungteza = အောင်တေဇ (သင်္ဘော)

၅။ အဓိပ္ပါယ်ရှိသည့် နာမ်ပုဒ်များကို စုပေါင်း၍ မှည့်ခေါ်ထားသော အဆောက်အအုံ၊ အသင်း၊ ရုံး၊ ရာထူးအမည်များတွင် နာမ်ပုဒ်တိုင်းကို စာလုံးကြီးဖြင့် စရေးရမည်။

ပုံစံ။ Bahan State High School = ဗဟန်းအစိုးရ အထက်တန်းကျောင်း။
World Peace Pagoda = ကမ္ဘာအေးဘုရား
Union Bank of Myanmar = ပြည်ထောင်စုဘဏ်တိုက်
National Housing Board = ပြည်သူ့အိုးအိမ်အဖွဲ့
Buddhist Scholar Society = ဗုဒ္ဓဝါဒသုတေသနအဖွဲ့
Head Master = ကျောင်းအုပ်ဆရာကြီး
Member of Parliament = ပါလီမန်အမတ်
Deputy Commissioner = အရေးပိုင်
General Secretary = အကျိုးဆောင်ချုပ်
Prime Minister = ဝန်ကြီးချုပ်

ရုံးကိစ္စ လျှောက်လွှာများတွင် လူနာမည်၊ မြို့ရွာအမည်များ ကိုပုံနှိပ်စာလုံးကြီး သက်သက်ဖြင့်သာရေးသားကြလေသည်။ လျှောက်လွှာများ၌ In Block Letters) စာလုံးကြီးဖြင့်ရေးပါဟု အထူးမှာ ထားတတ်ကြသည်။

ပုံစံ။ AUNG WIN MAUNG = မောင်ဝင်းမောင်
MA MAY THAUNG = မမြသောင်း
MAUNG SEIN WIN = မောင်စိန်ဝင်း
MA TIN YEE = မတင်ရီ
MANDALAY = မန္တလေး
YANGON = ရန်ကုန်
KYAUKSE = ကျောက်ဆည်
THAZI = သာစည်

လေ့ကျင့်ခန်း

၁။ အောက်ပါမြို့များကို အင်္ဂလိပ်လိုရေးပြပါ။

ရန်ကုန်	သာဝတ္ထိ
ပဲခူး	ပျဉ်းမနား
ဘုရားကြီး	တပ်ကုန်း
ကညွတ်ကွင်း	ရမည်းသင်း
ဇေယျဝတီ	ပျော်ဘွယ်
အုတ်တွင်း	သာစည်
တောင်ငူ	ကျောက်ဆည်
ရေတာရှည်	စစ်ကိုင်း

၂။ အောက်ပါလူအမည်များကို အင်္ဂလိပ်လိုရေးပြပါ။

မောင်စိန်သော်	ခင်မေနီ
ခင်ထွေး	မတင်ဝင်း
မောင်တင်ညွန့်	မောင်သန်းစိန်

မောင်လှဝင်း	မလှမြင့်
မခင်ထားရီ	မသန်းနွဲ့
မခင်ဒွေးကြွယ်	မဝင်းစိန်
မောင်သစ်လွင်	မညွန့်ရီ
ခင်မေသန်း	ကိုပြုံးချို
ကိုသောင်းလွင်	မတင်ရီ

၃။ အောက်ပါဘုန်းကြီး၊ ကိုရင်နှင့် သီလရှင်ဘွဲ့များကို အင်္ဂလိပ်လို ရေးပြပါ။

ဦးပညာဒီပ	ဒေါ်ဉာဏဝတီ
အရှင်ကောသလ္လ	မပညာနန္ဒီ
ရှင်ဇာနေယျ	မသန္တာဝတီ
ဦးသုမင်္ဂလ	ဒေါ်ကုမာရီ
အရှင်အာစိဏ္ဏ	ဒေါ်ဝဏ္ဏစာရီ
ရှင်ဝိလာသ	မဥပ္ပလဉာဏီ
အရှင်သောဘဏ	မဝေပုလ္လဉာဏီ
ရှင်ကုန္ဒာစာရ	ဒေါ်ရူပသိဂီ
အရှင်သုမန	မကဥ္စန
ဦးခေမိန္ဒ	မကုလဝတီ
ဦးပညာ	ဒေါ်စာရီ

ပထမပိုင်း

grammar= သဒ္ဒါ

ဤပထမပိုင်းတွင် ဝါကျတစ်ခု တည်ဆောက်ရာ၌ မသိမဖြစ်သော အခြေခံအချက်အလက်များကို ရေးသားဖော်ပြပါမည်။ ဒုတိယပိုင်းဝါကျအခန်းတွင် ရေရေလည်လည် သဘောပေါက်နားလည်နိုင်စေရန် ဤအခန်းတွင် ဖော်ပြချက်များကို အသေအချာလေ့လာ

မှတ်သားသင့်ပေသည်။ ပန်းရံဆရာမည်မျှ တတ်ကျွမ်းစေကာမူ မကောင်းသောအုတ်-၊အင်္ဂတေများဖြင့် တည်ဆောက်ရလျှင် တိုက်အိမ်ကောင်းမဖြစ်နိုင်သကဲ့သို့၎င်း၊ လက်သမားဗိသုကာ မည်မျှ လက်ရာမြောက်စေကာမူ မကောင်းသော သစ်သား၊အကွဲ၊ အနာ၊အမျက်ပါသော သစ်သားများဖြင့် ပြုလုပ်ထားသည့် စားပွဲ၊ကုလားထိုင်တို့မှာ စားပွဲကောင်း၊ ကုလားထိုင်ကောင်းမဖြစ်နိုင်သကဲ့သို့၎င်း၊ဒုတိယပိုင်းတွင်သင်ပြမည့်ကတ္တား၊ ကြိယာ၊ ကံအနေအထားဝါကျတည်ဆောက်နည်းမှန်ကန်သော်လည်း ၎င်းကတ္တားပုဒ်၊ ကြိယာပုဒ် ကံပုဒ်တို့မှာ ဧကဝုစ် ဗဟုဝုစ်မမှန်၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလမမှန်။ အာတိကယ်ခေါ် a, an, The သုံးပုံများမမှန်ပါကမှန်ကန်သော ဝါကျမဖြစ်နိုင်ပေ။ ထို့ကြောင့် ဝါကျမှန်တည်ဆောက်နိုင်ရန် ဤအခြေခံပထမပိုင်းက အထူးဂရုစိုက်၍ လေ့လာသင်ယူ မှတ်သားသင့်ပေသည်။

ဖိုနက်တစ်အသံထွက်

နည်းသစ်အင်္ဂလိပ်သဒ္ဒါကျမ်းတွင် ပထမအကြိမ်မှ(၁၄)ကြိမ်မြောက်နှိပ်ခြင်းအထိ အင်္ဂလိပ်စကားလုံးများ၏ အသံကို ရိုးရိုးမြန်မာစာဖြင့်ရေးပြခဲ့သည်။ စာရေးသူသည် ဖိုနက်တစ်အသံထွက်နည်းသစ်အင်္ဂလိပ်မြန်မာအဘိဓာန်ကို ၁၉၉၅ခုနှစ်မှစ၍ ထုတ်ဝေခဲ့ပြီးဖြစ်၍ ဤ၁၅ ကြိမ်နှိပ်ခြင်းနည်းသစ် အင်္ဂလိပ်သဒ္ဒါတွင် စကားလုံးများ၏ အသံထွက်ကို မြန်မာဖိုနက်တစ်သင်္ကေတအသံထွက်များဖြင့် ပြင်ဆင်ဖော်ပြအပ်ပါသည်။

မြန်မာဖိုနက်တစ်ဗျည်း (၄)လုံး

(၁) အင်္ဂလိပ် F = အက်ဖ့်၏အသံကို ဖဦးထုပ်ပါထိုး (ဖ့) ဖြင့်အသံထွက်ပြထားသည်။

(၂) အင်္ဂလိပ် V = ဗွီ၏အသံ(ˀ မထက်ချိုက်ပါထိုး (ဗ့)ဖြင့် အသံထွက်ပြထားသည်။

အထက်သွားနှင့် အောက်နှုတ်ခမ်းကိုထိ၍ ဖ့,ဗ့ဟု အသံထွက်ရမည်။ (အထက်နှုတ်ခမ်းလုံးဝပါရ)

(၃) အင်္ဂလိပ် This, That, These, Those, စသည်မှ Th ၏ အသံကို အိုးသစ်၊ အိမ်သစ်၊ သပြေသီးစသည်မှ အသံမျိုး(သ)ဖြင့် အသံထွက်ပြထားသည်။
(၄) 'Treasure ထ'ရဲ-ဂျာ(ရ်)=ဘဏ္ဍာ' 'Measure = မဲ-ဂျာ (ရ်) = တိုင်းထွာသည်။ Television 'ထဲ-လီဗီဂျင်န် ရုပ်မြင်သံကြားမှ ဂျာ၊ ဂျင် အသံများကို (ဂျ)ပြထားသည်။ ရှာနှင့်ဂျာအသံနှစ်ခု၊ ဂုင်နှင့်ဂျင်အသမနှစ်ခု၏ကြားသံထွက်ရမည်။

C,K,P,T နှစ်သံစီထွက်

C,K,P,T ကို မြန်မာကျောင်းသားတို့သည်က, ပ,တ သံထွက်ကြ၏။ ဖိုနက်တစ်စည်းမျဉ်းအရ C, K, P, T တို့သည် က, ပ, တ နှင့် ခ, ဖ, ထ အသံနှစ်မျိုးစီထွက်၏။

(က) စကားလုံး၏အစမှာရှိသည်ဖြစ်စေ၊အားစိုက်သံထွက်လျှင်ဖြစ်စေ C,K,P,T တို့ကို ခ,ဖ,ထသံထွက်ရန်

(ခ) စကားလုံး၏ အလယ်အဆုံးမှာလဲရှိ အနဒတ္တအားဖော့သံထွက်လျှင် က, ပ, တ သံများထွက်၏။
'cooking / 'ခွတ်-ကင်(ငင်)/ ချက်နေသည်
'paper /'ဖေး-ပါ(ရ်)/ စက္ကူ
'twenty /'ထွင်း-န်တီ/ နှစ်ဆယ်

မြန်မာဖိုနက်တစ်သရ (၄)လုံး

(၁) အင်္ဂလိပ်A = အေသရ၏နောက်တွင်
က) n,m,ng တို့လိုက်သောအခါ အဲင်း-န်,အဲငင်း-န်၊ အဲင့်-န်ထ်ဟုအသံထွက်သည်။
man / မဲင်း-န်/ လူကြီး
Kankan /ခဲင်း-န်ကဲင်-န်/ ခြေမြှောက်အက
tank = /တဲင့်-င်က်/ ရေစည်

(ခ) L = အယ်လ်နှင့် အခြားဗျည်းတစ်လုံးလိုက်ပါက အဲ-လ်, အဲယ်-လ်, အဲ့-လ်ထိပ်ဟု အသံထွက်မည်။
'Album /'အဲ-လ်ဘန်န်/ အယ်လ်ဘန်
A'lsalisn /အယ်လ်ဖေးရှင်းရှင်န်/ အယ်လ်ဖေးရှင်း
Yalson /ယဲ့-လ်ဆင်/ သမတယဲ့-လ်ဆင်

(ဂ) t,k,d စသောဗျည်းများလိုက်လျှင်
အဲက်-ထ် ဟု ပါးစပ်အနည်းငယ်ဟ၍ အသံထွက်မည်။
Cat /ကဲက်-တ်/ ကြောင်
bag /ဘဲက်-ဂ်/ လွယ်အိတ်
ဖိုနက်တစ်အသံထွက်သင်္ကေတ အယ်သရ æ = သရအတွက် မြန်မာဖိုနက်တစ်သင်္ကေတမှာ နောက်ပစ်သေတ်ဒက်ရှ်(–)ဖြစ်၍၊ လျှာကိုပြားလိုက်ချ။ ပါးစပ်ကိုအနည်းငယ်ဟ၍ မင်း-န်၊ အဲ-လဘန်၊ ကဲက်-ထ်ဟု ဌာန်ကရိုဏ်းကျအောင်ဆိုရမည်။ (ဌာန်ကရိုဏ်းမမှန်လျှင် အသံထွက်မှန်မည်မဟုတ်။)

(၂) အင်္ဂလိပ်စာလုံးပေါင်း er, ir, or, ur ပါသောစကားလုံးတို့ အသံကို အင်္ဂလိပ်ဖိုနက်တစ် ဒ း=အားသရသံထွက်ရ၏။ မြန်မာဖိုနက်တစ်သင်္ကေတမှ (အား>–) ဖြစ်၍ သွားကိုစေ့ကာ အထက်အောက်နှုတ်ခမ်းများကို ရယ်ပြုံးသောအနေအထားဘေးဘက်သို့ဖြန့်၍ အား >–, အာ >–, အ့ာ >– ဟု အသံထွက်ရ၏။ (>–သင်္ကေတဖြင့် သွားစေ့ဆိုရမည်ကိုညွှန်း၏။ a:= အားသရနှင့် ကွဲပြားစေ၏။)
herd / ဟား>–ဒ်/ သားရိုင်းအုပ်
bird /ဘား >–ဒ်/ ငှက်
world / ဝါး >– လ်ဒ်/ ကမ္ဘာ
purse /ပ့ါ >–စ်/ ပိုက်ဆံအိတ်

(၃) အင်္ဂလိပ်စာလုံးပေါင်း or, al တို့ကို ɔ း = အော သရသံထွက်ရ၏။ မြန်မာဖိုနက်တစ်သင်္ကေတမှာ အောနှင့် Dash-ဖြစ်၏။ နှုတ်ခမ်းကိုလုံးချွန်၍ လျှာကိုနောက်သို့ဆုတ်ကာ အာခေါင်လိုက်သံ အသံသြသြဖြင့်ဆိုရ၏။–

Port / ပေါ့-တ်/ ဆိပ်ကမ်း
Short / ရှော့-တ်/ တိုသော
Tall /ခေါ-လ်/ ခေါ်သည်

(၄) နှစ်သံနှင့်အထက် အင်္ဂလိပ်စကားလုံးများတွင် တစ်သံကို **အားစိုက်သံ**= သံလေးထွက်၍ ကျန်အသံများကို အားဖော့သံ =သံဖော့ထွက်ရ၏။ A.E.Oတို့ဖြင့်စာလုံးပေါင်းသော သံဖော့များကို ဗိုနက်တစ်အသံထွက်တွင် ခ= ရွှားသရဖြင့် အသံထွက်ပြ၏။ မြန်မာဗိုနက်တစ်အသံတွင် ဝစ္စပေါက်အောက်မြစ်မပါသော င-သတ်၊န-သတ်၊ မ-သတ် သံဖော့သံလွင်များဖြစ်၏။ မြန်မာကျောင်းသားတို့က သံလေး၊ သံဖော့ခွဲခြားထွက်လေ့မရှိသဖြင့် သံဖော့သံလွင်များ ကို ဝစ္စပေါက်အောက်မြစ်သံထည့်ကာ သံလေး= အားစိုက်သံများထွက်နေကြ၏။ မြန်မာကျောင်းသားတို့ကိုအသံထွက် ဒုက္ခပေးနေသည်မှာ ဤခ=ရွှားသရ၏ သံဖော့သံလွင်များ (အာ၊ အင်၊အမ်-များ) ဖြစ်၏။ မြန်မာကျောင်းသားတို့က သံဖော့သံလွင်မှန်းမသိ၍(အား၊အင်း အန်း၊အာ့၊အင့်၊အန့်)ဟု အားစိုက်သံ= သံလေးများထွက်နေကြ၏။-

ဝစ္စပေါက်များအပို ထည့်၍ ဖွါးသား၊ မားသား၊ ဘာရားသွား၊ ဆစ်စတာ ဆမ်းမား ဒင်းနာ ရှူးလား၊ တီးချား၊ ဆဲဗုင်း၊ ချစ်လ်ဒရင်း၊ မောနင်း၊ အီးဗုင်းနင်း။ ဝဲလ်ကမ်း၊ ဆမ်းမ်ဝမ်း၊ ဝစ်ဇဒမ်း၊စသည်-စသည် **အောက်မြစ်များအပိုထည့်၍** စတျူးဒင့်တ်၊ ပရဲဇင့်တ်၊ ဆင်းတင့်စ်၊ အဲလီဖင့်ထ်၊ ဒီပါ့တမင့်ထ်၊ ဂါးဗါးမျင့်ထ်၊ကွန်းဆနင့်ထ် စသဖြင့် မှားထွက်နေကြ၏။ ဝစ္စပေါက်၊အောက်မြစ်တို့ကို ဖြုတ်၍ သံဖော့၊သံလွင်ထွက်မှမှန်၏။

အထက်ပါအသံထွက်အမှားများ မြန်မာပြည်တွင် ကြာနေပြီဖြစ်၍ ကျောင်းသားတို့က အမှန်ဟုထင်နေကြ၏။ ၁၅ ကြိမ်နိပ်ခြင်းနည်းသစ် အင်္ဂလိပ်သဒ္ဒါတွင် ဝစ္စပေါက်

အောက်မြစ်သံမပါသော အသံထွက်အမှန် သံဖေါ် သံလွှင်တို့ကို တွေ့ရသောအခါ မှန်မှမှန်ပါ့မလားဟု သံသယ ဖြစ်နိုင်၏။ အင်္ဂလန်-အမေရိကန်တွင်ထွက်နေသော စံထားအ သံထွက် Standard Pronunciation များဖြစ်ကြောင်း ဆရာရဲရဲ ဝံ့ဝံ့ အာမခံပါသည်။ သံသယကင်းစွာ လေ့လာကျက်မှတ် ကြရန် တိုက်တွန်းအပ်ပါသည်။

(၄) A,E,I,O,U-သရများဖြင့်စာလုံးပေါင်းပြထားသည့် စကားသံ တို့ကိုအနုဒတ္တ=အားဖေါ့သံထွက်သောအခါ အင်္ဂလိပ်-ဖိုနက် တစ်ခု= ရှား သရသံထွက်ရ၏။(

(က) a'go /အ' ဂို/း၊ a'bout /အ'ဘောက်ထ်/ a book / အဘွတ်ခ်/'a pen/ အပင်းန်/ ကဲ့သို့ စကားလုံးအစ၌ ရှိသော A ကို မတြာဝက်အသံထွက်၏။

(ခ) စကားလုံးအဆုံး၌ရှိသော အနုဒတ္တ= သံပေါ့များကို အာ၊ အာ(ရ်)ဟု အားဖော့သံထွက်၏။ /'ဗကီးချုး(ရ်) /ဖှားသှာ(ရ်) 'မားသှာ-(ရ်)

(ဂ) အနုဒတ္တ=အားဖော့သံဖြစ်သော သေကာ်၊ နသတ်တို့ကို အင်(န်)အန်(န်) ဟု အားဖေါ့သံထွက်ရ၏။
/'ဖို့စ်-မင်န်-/၊/ပ'လိ-စ်မင်န်/ 'ဝန်း--မင်(န်)/
/'ပုံ-လ်ကမ်းမ်/၊ /'ဝစ်-ဓ်ဒမ်မ်/

(ဃ) Tamato / ထ' မား-တို/ ခရမ်းချဥ်သီး
Potato / ဖ--ထေး-တို/ အာလူး စသည်၌ O=အိုသရကို မတြာဝက်(အ) အသံထွက်၏။

Stress- termed Language
အားစိုက်အားဖော့ပူးတွဲဘာသာ

အင်္ဂလိပ်ဘာသာသည် Sttess-termed Language အားစိုက်အားဖော့ပူးတွဲဘာသာဖြစ်၍ နှစ်သံနှင့် နှစ်သံအထက် စကားလုံးများတွင် တစ်သံကို ဥဒတ္တ = အား စိုက်သံထွက်၍ကျန် အသံများကိုအနုဒတ္တ-= အားဖော့သံထွက်ရ၏။ဥဒတ္တ အားစိုက်သံ

၏ရှေ့အထက်တွင် မျဉ်းမတ်သင်္ကေတနှင့် အားစိုက်သံနောက်တွင် Dash- သင်္ကေတပြထား၏။ ထိုသင်္ကေတ ပြထားသော အသံကို ကျယ်ကျယ်အားစိုက်၍ ရှည်ရှည်ဆွဲ၍ထွက်ရ၏။ အနုဒတ္တ အားဖော့သံအတွက်အထူးသင်္ကေတမပြ အားစိုက်သံမဟုတ်လျှင် အားဖော့သံဖြစ်၏။ အသံတိုးတိုး အားမစိုက်ပဲ ဖော့ဖော့ချွချွထွက်ရ၏။

စကားလုံးရှည်များ၌ တစ်သမကို ဆွရိတ= သံမှန်ထွက်ရ၏။ ဆွရိတ= သံမှန်၏ရှေ့အောက်ဖက်တွင် သမှန်သင်္ကေတ (ˌ)ကို ပြထား၏။ မတိုးမကျယ် မဖိမချွပဲ မှန်မှန်ပြောရန်ဖြစ်၏။

အထူး

နှစ်သံနှင့်အထက် စကားလုံးများကို -

(က) ဥဒတ္တ= အားစိုက်သံချည်းထွက် လျှင်မှား၏။
တီးချား၊ ဖားသား၊ မားသားတို့ မှား၏၊
တီး–ချား(ရ်)၊/ဖါး–သား(ရ်)၊/ မား–သား(ရ်)ထွက်မှမှန်၏။

(ခ) အနုဒတ္တ= အားဖော့သံချည်းထွက်လျှင် မှား၏။
ရေဒီယို၊ ဘေဘီ၊ လေဒီတို့ မှား၏။
/'ရေး–ဒီယို/၊ /' ဘေး–ဘီ/၊' လေး–ဒီ/ထွက်မှ မှန်၏။

Intonation
တက်–ကျသံလေယူလေသိမ်း

အင်္ဂလိပ်၊ အမေရိကန်တို့သည် အင်္ဂလိပ်စကားကို Intonation ခေါ် တက်သံကျသံလေယူလေသိမ်းတို့ဖြင့်ပြော၏။ စကားလုံးတစ်လုံးချင်းကိုဥဒတ္တ= အားစိုက်သံနှင့် အနုဒတ္တ = အားဖော့သံခွဲထွက်နိုင်မှ Intonation= တက်သံကျသံ လေယူလေသိမ်းတို့ဖြင့်ပြောနိုင်၏။ ယခု၅ကြိမ်မြောက် နည်းသစ်အင်္ဂလိပ်သဒ္ဒါတွင် စကားပြောအင်္ဂလိပ်သဒ္ဒါကို ဖြည့်စွက်တင်ပြထားသဖြင့် နှစ်သံအထက် စကားလုံးများကို အားစိုက်၊ အားဖော့သံ မှန်မှန်ဖြင့် ကျက်မှတ်ထားကြရမည်။ သို့မှသာFalling Intonation = ကျသံလေယူလေသိမ်း Rising Intonation= တက်သံလေယူလေသိမ်းတို့ဖြင့် စကားပြောနိုင်မည်။

Eight Parts of Speech ဝါစင်္ဂ(၈)မျိုး

အင်္ဂလိပ်ဘာသာတွင် စကားလုံးများကို အမျိုးတူရာ စုပေါင်း ရေတွက်လိုက်လျှင် ရှစ်မျိုး၊ ရှစ်ပုံ၊ ရှစ်စုသာရှိသည်။ ၎င်းရှစ်မျိုးကို Eight Parts of Speech ဝါစင်္ဂရှစ်မျိုးဟု ခေါ်လေသည်။

၎င်း(၈)မျိုးမှာ

1.	Noun	/နောင်း-န်/	နာမ်ပုဒ်
2.	'Pro-noun	/'ပရိုး-နောင်န်/	နာမ်စားပုဒ်
3.	'Adjective	/'အက်-ဂျစ်တစ်ဗ်/	နာမဝိသေသန
4.	,Prepo'sition	/ ပ,ရက်-ပ'ဇစ်-ရှင်န်/	ဝိဘတ်
5.	Verb	/ဗှာ>-ဗ်/	ကြိယာ
6.	'Adverb	/အက်ဒ်-ဗှာ့ဗ်/	ကြိယာဝိသေသန
7.	Con'junction	/ကွန်'ဂျန်း-(င်)ကရှင်န်/	သမ္ဗန္ဓ
8.	,Inter'jection	/,အင်တာ'ဂျက်-က်ရှင်န်/	အာမေဍိတ်

(1) NOUN – နာမ်ပုဒ်

သက်ရှိသတ္တဝါ၊ သက်မဲ့အရာဝတ္ထုတို့၏ အမည်နာမဟူသမျှကို Noun နာမ်ဟုခေါ်သည်။

ပုံစံ	Man	/မဲင်း-န်/	= လူကြီး
	Boy	/ဘွိုင်း/	= လူကလေး
	Girl	ဂါး>-လ်/(သွားစေ့)	= မိန်းကလေး
	Dog	ဒေါ့ဂ်/	= ခွေး
	Cat	/'ခက်-ဆ်/	= ကြောင်
	Bird	/ဘား>-ဒ်/(သွားစေ့)	= ငှက်
	Book	/ဘွတ်ခ်/	= စာအုပ်
	Pencil	/'ဖင်း-န်ဆယ်လ်/	= ခဲတံ
	Table	/'ထေး-ဘယ်လ်/	= စားပွဲ
	Chalk	/ချော့ခ်/	= မြေဖြူခဲ
	School	/စကူးလ်/	= ကျောင်း
	Ma Tin Yee		= မတင်ရီ
	Ko Aye Maung		= ကိုအေးမောင်

နာမ်(၂)မျိုး
"Countable and Uncountable Nouns"
ရေတွက်ရနာမ်နှင့် ရေတွက်မရနာမ်များ

၁။ တစ်ခု၊ နှစ်ခု၊ သုံးခုဟု ရေတွက်၍ရသော နာမ်ပုဒ်များကို Countable Noun /'ခေါင့်-န်တ်လ်နောင်န်/ =ရေတွက်ရနာမ်ဟု ခေါ်သည်။

ပုံစံ	Book	/ဘွတ်ခ်/	= စာအုပ်
	'Pencil	/'ပင်း-န်ဆယ်လ်/	= ခဲတံ
	Boy	/ဘွိုင်း/	= လူကလေး
	Girl	/ဂါး >- လ်/(သွားစေ့)	= မိန်းကလေး
	Chair	/ချဲ-ယာ(ရ်)/	= ကုလားထိုင်
	'Table	/'ထေး-ဘယ်လ်/	= စားပွဲ

အထက်ပါ ပုဒ်များကဲ့သို့ စာအုပ်တစ်အုပ်၊ နှစ်အုပ်၊ သုံးအုပ်၊ စားပွဲတစ်လုံး၊ နှစ်လုံး၊ သုံးလုံးဟုရေတွက်၍ရသော နာမ်များကို Countable Nounဟုခေါ်၏။ C nounဟုအတိုကောက်ရေး ရ၏။

၂။ တစ်ခု၊ နှစ်ခု၊ သုံးခုဟု ရေတွက်မရသော နာမ်များကို Un'countable Noun/အမ်'ခေါင့်-န်တ်ဗ်လ်နောင်န်/ ရေတွက်မရ နာမ်ဟုခေါ်၏။

ပုံစံ	Milk	/မစ်-လ်ခ်/	= နွားနို့
	'Water	/'ဝေါ-တာ(ရ်)/	= ရေ
	Tea	/ထီး/	= လက်ဖက်ရည်
	Meat	/မီ-ထ်/	= အသား

အထက်ပါပုဒ်များကဲ့သို့ တစ်နို့၊ နှစ်နို့၊ တစ်အမဲသား၊နှစ်အမဲသားဟု ရေတွက်မရသောနာမ်များကို Uncountable Nour ဟုခေါ်၏။ U noun (ယူ-နောင်း) ဟုအတိုကောက်ရေးရ၏။

Uncountable Nouns

Gold	/ဂိုး-လ်ဒ်/	=	ရွှေ
'Silver	/'ဆစ်-လဗာ(ရ်)/	=	ငွေ
'Iron	/'အိုင်း-ယင်န်/	=	သံ
Steel	/စတီး-လ်/	=	သံမဏိ
Lead	/လက်-ဒ်/	=	ခဲ
'Cotton	/'ခေါ့-တင်န်/	=	ဝါဂွမ်း
'Padday	/'ဖဲက်-ဒီ/	=	စပါး
Rice	/ရိုက်-စ်/	=	ဆန်,ထမင်း
Wheat	/ဝီ-ထ်/	=	ဂျုံ
'Flour	/ဖ'လား-ဝါ(ရ်)/	=	ဂျုံမှုန့်
Ink	/အင့်-(င်)ခ်/	=	မင်
'Coffee	/'ခေါ့-ဖို/	=	ကော်ဖီ
Teak	/ထိ-ခ်/	=	ကျွန်းသစ်
Air	/အဲ-ယာ(ရ်)/	=	လေ
'Happiness	/'ဟက်-ပီ-နက်စ်/	=	ပျော်ရွှင်ခြင်း
'Laziness	/'လေး-ဇီ-နက်စ်/	=	ပျင်းရိခြင်း
'Honesty	/'အွန်း-နက်စ်တီ/	=	ရိုးသားမှု
Wood	/ဝတ်-ဒ်/	=	သစ်သား
'Music	/'မြူး-ဇစ်ခ်/	=	ဂီတ
'Anger	/'အင်း-(ငင်)ဂါ(ရ်)/	=	ဒေါသ
Smoke	/စမုတ်ခ်/	=	မီးခိုး
In'telegence	/အင်'န်ထဲ-လီဂျင်န်စ်/	=	အသိဉာဏ်
Sand	/ဆဲင်း-န်ဒ်/	=	သဲ
Earth	/အာ့>-သ်/(သွားစေ့)	=	ကမ္ဘာ

အထူးမှတ်ရန် (၃)ချက်

၁။ U noun များကို မည်သည့်အခါမျှ ဗဟုဝုစ်ကိန်း (အများ) မပြောင်းရ။ (golds, silvers မလုပ်ရ။)
၂။ U noun များရှေ့တွင် "a" သို့မဟုတ် "an" ကို မည်သည့်အခါမျှမသုံးရ။ (a gold, a silver ဟုမရေးရ။)
၃။ C noun ဧကဝုစ်ကိန်းများရှေ့တွင် a, an, the တစ်ခုခု အမြဲပါရှိစေရမည်။ (pen, dog ဟုနာမ်ပုဒ်ချည်းမရေးရ။)

လေ့ကျင့်ခန်းမေးခွန်း

၁။ Noun–နာမ်ဆိုသည်မှာ အဘယ်နည်း။ ပုံစံ(၅)ခုထုတ်ပြပါ။
၂။ မည်သည့်နာမ်မျိုးကို U noun ဟုခေါ်၍ မည်သည့်နာမ်မျိုးကို C noun ဟုခေါ်သနည်း။ ပုံစံ (၅)ခုစီ အသီးသီးပေး၍ ဖြေဆိုပါ။
၃။ U noun နှင့် C noun များနှင့်ပတ်သက်၍ မည်သည့်ဥပဒေများကို သင်မှတ်မိသနည်း။
၄။ အောက်ပါ Noun များကို U noun နှင့် C noun ဇယားနှစ်ခုပြုလုပ်၍ခွဲပြပါ။

Book, Rice, Milk, Pen, Tea, Music, Girl, Dog, Gold, Ink, Teacher, Paddy, Bird, Steel, Boy, Chair, Happiness, Water, Sand, Student, Cow, Table, 'Gppdness /'ဂွတ်-ဒ်နစ်စ်/ =ကောင်းခြင်း၊ School, 'Butter/'ဘတ်-တာ(ရ်)/ = ထောပတ်၊ Baby, 'Curry/ 'ကား>-ရီ/ဟင်း၊ Silver, Men, Cotton, Desk, Air, Bag/ ဘဲက်-ဂ်/=လွယ်အိတ်၊ House, 'Cleverness/ ခ'လဲ-ဗှာနစ်စ်/လိမ္မာခြင်း၊ Son/ဆန်းန်/ =သား၊ Wood/ဝတ်-ဒ်/=သိုးမွေး။ 'Honey/ 'ဟန်းနီ/ =ပျားရည်။ Flower, Grass/ ဂရာ့စ်/မြက်။ 'Flour / ဖ'လား-ဝါ(ရ်)/= ဂျုံမှုန့်၊ To'bacco/ ထ'ဘဲက်-ကို/ = ဆေးရွက်ကြီး၊ 'Leather/ 'လဲ-သာ(ရ်)/ = သားရေ။

ဗဟုသုအတွက်ကိုးကားချက်

အထက်ပါ U noun နှင့် C noun အခွဲကို မြန်မာပြည်တွင် အသုံးများနေသည့် Nesfield, High School စသည့် ရှေးဟောင်း သဒ္ဒါကျမ်းကြီးများတွင် လုံးဝမပါရှိသဖြင့် မြန်မာပြည်ရှိ ဆရာများနှင့် ကျောင်းသားများပါ အထူးအဆန်း ဖြစ်ကောင်းဖြစ်နေမည်။ သို့ရာတွင် Number = ကိန်းနှင့် Article = အာတိကယ်လ်အကြောင်း သင်ကြားရာ၌ အထူးအရေးပါသော အချက်ဖြစ်၍၎င်းကို ကျွန်ုပ်တို့ နည်းသစ်အင်္ဂလိပ်သဒ္ဒါတွင် ထည့်သွင်းဖော်ပြထားပါသည်။ ဆရာများနှင့် ဗဟုသုတလိုလားသူများအတွက် အောက်ပါခေတ်မီသဒ္ဒါ ကျမ်းများမှ ကိုးကားချက်များကို ထုတ်နှုတ်ဖော်ပြပါသည်။

In many books about English you will find the writers advising students to look at nouns as falling into two classes - Countables and Uncountables. Nouns like "car" "house" "man" and "bus" are countables, because they name objects that exist as separate units and are of a sort that can be counted. The Uncountables are nouns like "air" "happiness" "weed" "democracy" In their commonest uses these nouns name things which are not thought of as seprate units and are of a sort that can be counted.

This classification of nouns into Countables and Uncountables is very helpful in one respect. If you recognise a noun as being a Countable you can be pretty certain that it is not correct to use it without any article.

Improve Your English By D.Y. Morgan.

It is very important to learn that all nouns in English are either C, or U, for if you do not know this, you may make a great many mistakes.

(a) A U noun cannot a great many mistakes.
(b) A U noun cannot take "a"
(c) A C noun cannot be used in the singular without an article.

Practical English Usage By P.S. TREGIDGO

All nouns can be divided into two classes "Countable nouns" and "Uncountable ones"

Brighter Grammar
By C.E, ECKERSLEY
and
MARGARET MACAULAY

Five Kinds of Noun

နာမ်(၅)မျိုး

၁။ တစ်ယောက်တစ်ခုနှင့်သာဆိုင်သော နာမည်များကို 'Proper Noun(ပ'ရော့-ပါနောင်)ဟုခေါ်သည်။ (ရှေးအခါက ကေဝိနောမ် ဟုခေါ်ကြ၏။)–

ပုံစံ Maung Sein Win = မောင်စိန်ဝင်း
Maung Thaung Lwin = မောင်သောင်းလွင်
Ma Tin Yee = မတင်ရီ
Ma Khin Shwe = မခင်ရွှေ
Mandalay = = မန္တလေး
Kyaukse = = ကျောက်ဆည်
Pazundaung = ပုဇွန်တောင်
Bahan = ဗဟန်း

(နာမည်ရေးနည်းအခန်းကိုပြန်ကြည့်ပါ)

Proper Noun အသံထွက်

အင်္ဂလိပ်ဘာသာသည် Stress-timed languag စည်းဝါးကိုက်ဘာသာဖြစ်၍ Croper Nouns= တစ်ဦးဆိုင်နာမ် များအပါအဝင် တစ်သံထက်ပိုသော စကားလုံးများတွင် တစ်သံကို ဥဒတ္တ=အားစိုက်သံထွက်၍ ကျန်တစ်သံ (အသံများ)ကို အနုဒတ္တ အားဖော့သံထွက်သည်။

'England	= အင်း–င်ဂလန်န်ဒ်
'London	= 'လန်း–န်ဒန်န်
'Myanmar	= 'မြန်း–မာ
'Yangon	= 'ယန်း–ဂုန်
'Johnson	= 'ဂျွန်း–န်ဆင်န်
'Gimson	= 'ဂင်း–မ်ဆင်န်
'Susan	= 'ဆူး–ဆန်န်
'Baby	= 'ဘေး–ဘီ
Mg 'Sein Win	= မောင်'စိန်း–ဝင်
Ma 'Si Si	= မ' စီး–စီ

အထူးသတိ။ အင်္ဂလိပ်တို့က မြန်မာနာမည်များကိုပါ ရှေ့သံကို ဥဒတ္တ=အားစိုက်သံ၊ နောက်သံကို အနုဒတ္တ=အားဖော့သံဖြင့် မြန်းမာ၊ ယန်းဂုန်၊ မောင်စိန်း–ဝင်၊ မစီး–စီဟု အသံထွက်သည်ကို သတိပြုပါ။

၂။ အစုအပေါင်းအသင်းအဖွဲ့ကို ဖော်ပြသော နာမ်ပုဒ်များကို Co'llective Noun က' လက်တစ်ဖုံနောင်း ဟုခေါ်သည်။ (ရှေးအခါက သမူဟနာမ်ဟုခေါ်ကြ၏။)

ပုံစံ	Class	/ကလာ့စ်/	= အတန်း(ကျောင်းသားစု)
	'Army	/'အား–မိ/	= စစ်တပ်(စစ်သားစု)
	'Navy	/'နေး–ဗီ/	= ရေတပ်(ရေတပ်သားစု)
	Trop	/ထရု–ပ်/	= စစ်တပ်(စစ်သားစု)
	...owd	/ခရောက်ဒ်/	= လူစု (လူအများစု)

Fleet /ဖ္လိ(ထ်)/ = သင်္ဘောစု
'Family /'ဖဲ့င်း-(မ်)လီ/= အိမ်ထောင်စု
Com'mittee/ခ'မစ်-တီ/ = ကော်မတီအဖွဲ့
'Jury /'ဂျူး-ရီ/ = ခုံသမာဓိအဖွဲ့
Team /ထီးမ်/ = အဖွဲ့
Party /ဖါး-တီ/ = အဖွဲ့
League /လီး-ဂ်/ = အသင်းအဖွဲ့

၃။ အများနှင့်ဆိုင်သော အမည်များကို Common Noun (ခွန်းမင်န်နောင်း)ဟု ခေါ်သည်။ (ဝေါဟာရနာမ်ဟုခေါ်ကြ၏။)

ပုံစံ Boy /ဘွိုင်း/ = လူကလေး
Girl /ဂါး>-လ်/ = မိန်းကလေး
Book /ဘွတ်ခ်/ = စာအုပ်
Pen /ဖင်း န်/ = ဖေါင်တိန်
'Table /'ထေး-ဘယ်လ်/=စားပွဲ
Chair /ချဲ-ယာ(ရ်)/ = ကုလားထိုင်

၄။ ကိုင်တွယ်စမ်းသပ်၍မရ၊ စိတ်ဖြင့်သာသိရသော နာမ်များကို 'Abstract Noun ('အက်-ဘစတရက်နောင်န်)ဟုခေါ်သည်။ (စိတ္တဇနာမ်ဟုခေါ်ကြ၏။)

ပုံစံ 'Kindness /'ခိုင်း-ဒနက်စ်/ = ကြင်နာခြင်း
'Hardness /'ဟား-ဒနက်စ်/ = ကြမ်းတမ်းခြင်း
'Happiness /'ဟက်-ပီနက်စ်/= ပျော်ရွှင်ခြင်း
'Laziness /'လေးဇီနက်စ်/ = ပျင်းခြင်း
'Boyhood /'ဘွိုင်း-ဟွတ်ဒ်/= လူကလေးဘဝ
'Freiendship/ဖ္'ရင်း-န်ဒ်ရှစ်ပ်/ = မိတ်ဆွေအဖြစ်
Heat /ဟီ-ထ်/ = အပူပူခြင်း
Coll /ခူးလ်/ = အအေးအေးခြင်း
Light /လိုက်ထ်/ = အလင်းရောင်

၅။ သဘာဝထွက်ကုန်၊ တွင်းထွက် ခတ်သတ္တုနှင့် စားဖွယ်သောက်ဖွယ်တို့ကို Material (မ'တီး–ရီယယ်လ်နောင်န်)ဟု ခေါ်၏။ (ဒဗ္ဗနာမ်ဟုခေါ်ကြ၏။)

ပုံစံ	'Paddy	/'ဖက်–ဒီ/	=	စပါး
	Rice	/ရိုက်စ်/	=	ဆန်
	'Cotoon	/'ခေါ့–တင်န်/	=	ဝါဂွမ်း
	Wheat	/ဝီ–ထ်/	=	ဂျုံ
	Teak	/ထိ–ခ်/	=	ကျွန်းသစ်
	'Coffee	/'ခေါ့–ဖို/	=	ကော်ဖီမှုန့်
	Oil	/အွိုင်းလ်/	=	ဆီ၊ ရေနံဆီ
	Salt	/ဆော့လ်ထ်/	=	ဆား
	Gold	/ဂိုးလ်ဒ်/	=	ရွှေ
	'Silver	/'ဆစ်–လ်ဗာ(ရ်)	=	ငွေ
	'Iron	/'အိုင်း–ယင်န်/	=	သံ
	Steel	/စတီးလ်/	=	သံမဏိ
	Lead	/လက်ဒ်/	=	ခဲ
	Wood	/ဝတ်–ဒ်/	=	သစ်သား
	'Paper	/'ဖေး–ပါ /	=	စက္ကူ
	Milk	/မစ်လ်ခ်/	=	နို့
	'Coffee	/ခေါ့–ဖီ/	=	ကော်ဖီ
	'Water	/'ဝေါ–တာ(ရ်)/	=	ရေ
	Meat	/မိ–တ်/	=	အသား
	Beef	/ဘိ–ဖ်/	=	အမဲသား
	Pork	/ဖေါ့ခ်/	=	ဝက်သား
	Fish	/ဖွစ်–ရှ်/	=	ငါး(အသား)
	'Sugar	/'ရှွတ်–ဂါ(ရ်)/	=	သကြား
	'Mutton	/'မတ်–တင်န်/	=	ဆိတ်သား

စမ်းသပ်မေးခွန်းများ

၁။ အင်္ဂလိပ်ဘာသာတွင် နာမ်ဘယ်နှစ်မျိုးရှိသနည်း။ ရေတွက်ပြပါ။

၂။ အဘယ်နာမ်မျိုးကို Proper Noun , Collective Noun နှင့် Common Noun ဟုခေါ်သနည်း။ ပုံစံ (၃)ခုစီပေး၍ ဖြေဆိုပါ။

၃။ Abstract Noun နှင့် Material Noun ၏ အဓိပ္ပါယ်ကို ဖော်ပြ၍ ပုံစံ ၃ခုစီထုတ်ပြပါ။

၄။ အောက်ပါနာမ်ပုဒ်များသည် နာမ်ငါးမျိုးအနက် မည်သည့်နာမ်မျိုးဖြစ်ကြောင်းခွဲပြပါ။

Yangon, Khin Yu May, crows, darkness / -နစ်စ် = မှောင်ခြင်း၊ glass teacher, water, table, 'wisdom/ ၀စ်စဒမ်/=ပညာရှိခြင်း၊ tree, man, steel, family, herd ဟား >-ဒ်/ သားရိုင်းအုပ်၊ 'childhood / ချိုင်း-လ်ဒ်ဟွတ်ဒ်/ ကလေးဘ၀၊ house, gold, Ma Tin Yee, Shwedagon, book, sun ဆန်း=နေ၊ Aung Myint, mother, happiness, tea, meat, party, 'government /'ဂါး-ဗွားနမင့်န်တ်/=အစိုးရအဖွဲ့, sister, U Thumana, sugar, pen, jury, bird, rice, sand / ဆဲင်း-န်ဒ်=သဲ/၊ earth/အာ့ >-သ်/=မြေကြီး၊ Committe, wood, Pazundaung, cat, milk.

မှတ်ချက်။ ။ နာမ်ငါးမျိုးမှာ သဒ္ဒါကျမ်းအစောင်စောင်တွင် ပြသထားသောကြောင့်သာပြလိုက်သည်။ အင်္ဂလိပ်စာ မှန်ကန်စွာရေးနိုင်မှုအတွက် တကယ်အသုံးမဝင်လှပေ။

Proper, Collective, Common noun သုံးမျိုးသည် ပြခဲ့ပြီးသော Countable noun တွင်ပါဝင်၍ Abstract နှင့် Material noun များသည် Uncountable noun တွင်ပါဝင်၏။

ထို့ကြောင့် ရှုပ်ထွေးစွာ နာမ်ငါးမျိုးခွဲနေမည့်အစား Article အသုံးနှင့် number ကိန်း ပြောင်းခြင်းတွင် များစွာအသုံးဝင်သော U noun နှင့် C noun နှစ်မျိုးကိုသာ ရေရေလည်လည် ခွဲတတ်အောင် ကြိုးစားပါလေ၊

NUMBER = ကိန်း

နာမ်ပုဒ်သည် လူတစ်ယောက်၊ တိရစ္ဆာန်တစ်ကောင်၊ အရာဝတ္ထုတစ်ခုကိုသာ ဆိုလိုသောအခါ ၎င်းကို Singular Number ဆင်းဂျူလာနမ်ဘာ ဧကဝုစ်ကိန်း = တစ်ခုကိန်းဟုခေါ်၏။ တစ်ယောက်၊ တစ်ကောင်၊ တစ်ခုထက်ပိုသော လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုတို့ကိုဆိုသောအခါ Plural Number ပလူရယ်–ဝါရယ်လ်နမ်ဘာ ဗဟုဝုစ်ကိန်း အများကိန်းဟုခေါ်လေသည်။

ဥပမာ Singular Number Plural Number

ဧကဝုစ်ကိန်း	ဗဟုဝုစ်ကိန်း
A man=လူတစ်ယောက်	men = လူကြီးများ
A boy = လူကလေးတစ်ယောက်	boys = လူကလေးများ
A girl = မိန်းကလေးတစ်ယောက်	girls = မိန်းကလေးများ
A dog = ခွေးတစ်ကောင်	Six dogs = ခွေးခြောက်ကောင်
A cat = ကြောင်တစ်ကောင်	cats = ကြောင်များ

ဗဟုဝုစ်ကိန်းပြောင်းနည်း

s , sh, ch, x နှင့် ဗျည်းများနောက်မှ "o – တစ်လုံးတည်း ဆုံးသော နာမ်ပုဒ်များနောက်တွင် es ကို ဆက်ပေးလျှင် ဗဟုဝုစ်ကိန်းများဖြစ်လာကြသည်။ o နောက်တွင်ရှိ es ကို Z သံထွက်၍ ကျန် es များကို အင်္ဂလိပ်တို့က IZ = အစ်ဇ်သံပေါ်၊ အမေရိကန်တို့က EZ = အသံထွက်ကြသည်။

ပုံစံ **Singular**	**Plural**
Class /ကလ့ါ-စ်	Classes = /ကလ့ါ-ဇစ်ဇ်/
US;/ကလဲက်-စ်/အတန်း	US;/ကလဲက်-ဇက်စ်/အတန်းများ
Glass/ဂလ့ါစ်/	Glasses = ဂလာ့-ဇစ်ဇ်/
US;/ဂလဲက်-စ်/ဖန်ခွက်	US; ကလဲက်-ဇက်စ်/ဖန်ခွက်များ
Ass /အဲက်-စ် / မြည်း	Asses = /အက်စစ်ဇ် မြည်းများ
Bush /ဘွတ်ရှ်/ချုံ	'Bushes /ဘွတ်-ရှစ်ဇ်/ ချုံများ
Brush /ဘရပ်ရှ်/ ဝက်မှင်ဘီး	'Brushes /ဗရပ်-ရှစ်ဇ/ ဝက်မှင်ဘီးများ
Watch /ဝေါ့ချ်/နာရီ	'Watches /ဝေါ့-ချစ်ဇ်/ နာရီများ
Branch /ဘရန့်ချ်/ သစ်ကိုင်း	'Branches /ဘရန့်ချ်စ်ဇ်/ သစ်ကိုင်းများ
Bench /ဘရန့်ချ်/ခုံများ	'Benches /ဘင့်န်ချ်/ခုံရှည် ခုံရှည်များ
Box /ဘော့[က်စ်]/	'Boxes /ဘော့[ကစစ်ဇ်န်]/ သေတ္တာများ
Fox /ဖော့[က်စ်]/ မြေခွေး	'Foxes /ဖေါ့-ကဆစ်ဇ်/ မြေခွေးများ
'Hero /ဟီး[ယ်]ရို/ လူစွမ်းကောင်းများ	'Heroes /ဟီး[ယ်]ရိုဇ်/ လူစွမ်းကောင်းများ
To'mato /တမားတို/	To'matoes/တမား-တို-ဇ်/
US;/ထမေးတိုး/ခရမ်းချဉ်သီး	Us:/တမား-တို-ဇ်/ခရမ်းချဉ်သီးများ
Potato /ပထေး-တို/ အာလူး	Po'tatoes /ပထေး-တို(ဇ်)/ အာလူးများ

၂။ "O" ဆုံးသော်လည်း ရှေက O သရရှိလျှင် s သာဆက်ပေးရသည်။ ၎င်း S ကို z = ဇသံထွက်ရသည်။

ပုံစံ Singular	Plural
Zoo/ဇူး/	Zoos /ဇူးဇ်/
တိရစ္ဆာန်ရုံ	တိရစ္ဆာန်ရုံများ
'Bamboo /'ဘဲင်း-မ်ဘူ/	'Bamboos / 'ဘဲင်း-မ်ဘူ(ဇ်)/
ဝါး	ဝါးများ
'Studio /စ'တူး-ဒီယို/	'Studios /စ'တူး-ဒီယို(ဇ်)/
ဓာတ်ပုံတိုက်	ဓာတ်ပုံတိုက်များ

3. "y" ဆုံး၍ "y" ရှေ့ကဗျည်းရှိလျှင် (ဗျည်းနောက် "y" ဆုံးလျှင် "y" ကိုဖြုတ်၍ "ies" ဆက်ပေးရမည်။ ၎င်း "ies" ကို မူလ "y" ၏အသံအတိုင်း အီ(ဇ်),အိုင်း(ဇ်)ဟု သံဖော့သံလေးတစ်ခုခုထွက်ရမည်။

ဥပမာ

Singular	Plural
'Lady /လေး-ဒီ(ဇ်)/	'Ladies /ဇူးဇ်/
အမျိုးသမီး	အမျိုးသမီးများ
'Baby /'ဘေး-ဘီ/	'Babies / 'ဘေး-ဘီ(ဇ်)/
ကလေး	ကလေးများ
Fly/ဖ္လိုင်း/	Flies /ဖ္လိုင်း-(ဇ်)/
ယင်ကောင်	ယင်ကောင်များ

4. "y" ဆုံးသော်လည်း "y" ရှေ့ကသရရှိလျှင် (သရနောက် "y" ဆုံးလျှင်) "s" သာဆက်ပေးရမည်။ ၎င်း "s" ကို z=ဇသံထွက်ရမည်။

ဥပမာ

Singular	Plural
Boy /ဘွိုင်း/	Boys /ဘွိုင်းဇ်/
လူကလေး	လူကလေးများ
Key ခီး/	Keys /ခီးဇ်/
သော့	သော့များ

Toy /ထွိုင်း/ ကစားစရာ — Toys /ထွိုင်းဇ်/ ကစားစရာများ

Play /ပလေး/ ပြဇာတ် — Plays /ပလေးဇ်/ ပြဇာတ်များ

5. "f" သို့မဟုတ် "fe" ဆုံးသောနာမ်များတွင် "f" သို့မဟုတ် "fe" ကိုဖြုတ်၍ "ves" ဆက်ပေးရမည်။ vs = ဗ်ဇ်သံထွက်ရမည်၊

ဥပမာ

Singular	Plural
Leaf /လီ–ဖ်/သစ်ရွက်	Leaves /လီး–ဗ်ဇ်/ သစ်ရွက်များ
Wolf /ဝတ်လ်ဖ်/ဝံပုလွေ	Wolves /ဝတ်–လ်ဇ်/ ဝံပုလွေများ
Wife /ဝိုက်ဖ်/ ဇနီး	Wives /ဝိုက်ဗ်ဇ် ဇနီးများ
Knife /နိုက်ဖ်/ ဓား	Knives /နိုက်ဗ်ဇ်/ ဓားများ

ချွင်းချက်များ။ အချို့ "f", fe" နောက် "s" သာဆက်၍ = စသံ ထွက်ရသည်။

Safes / ဆေ့ဖ်စ်/ = မီးခံသေတ္တာများ

Chiefs /ချီ–ဖ်စ်/ = အကြီးအကဲများ

roofs /ရု–ဖ်စ်/ = အမိုးများ

Proofs /ပရု–ဖ်စ်/ = ပရုများ

6. အထက်ဥပဒေသ (၅)မျိုးဖြင့် ပြောင်းယူရသော ဗဟုဝုစ်နာမ်များမှာ အရေအတွက်အားဖြင့် နည်းပါးလှ၏၊ များစွာသောနာမ်ပုဒ်များကို ဗဟုဝုစ်ကိန်းပြုလုပ်ရန် "s" သာဆက်ပေးရလေသည်။ C,F,P,T နောက်ဆက်သော "s" ကို (စ)သံထွက်၍ ကျန် "s" များကို (ဇ)သံ ထွက်ရမည်။

ဥပမာ

Singular	Plural
Book /ဘွတ်ခ်/	Books /ဘွတ်ခ်စ်/
	စာအုပ်များ
'Pencil /'ဖင်း-န်ဆယ်လ်/	Pencials /'ဖင်းန်ဆယ်လ်ဇ်/
ခဲတံ	ခဲတံများ
Chalk /ချော့ခ်/	Chalk / ချော့ခ်စ်/
မြေဖြူခဲ	မြေဖြူခဲများ
Table / 'ထေး-ဘယ်လ်/	Table /'ထေးဘယ်လ်ဇ်/
စားပွဲ	စားပွဲများ

7. အောက်ပါနာမ်ပုဒ်များမှာ ဗဟုဝုစ်ကိန်းပြောင်းလဲနည်းဥပဒေသ သီးသန့်မရှိ၊ ဗဟုဝုစ်နှင့်တွဲ၍ ကျက်မှတ်ထားရမည်။

ဥပမာ

Singular	Plural
Men /မင်းန်/	Books /ဘွတ်ခ်စ်/
လူကြီး	လူကြီးများ
'Woman /'ဝန်-မင်န်/	'Women /'ဝင်းမင်န်/
မိန်းမကြီး	မိန်းမကြီးများ
Foot /ဖွတ်-တ်/	Feet /ဖိ-ထ်/
ခြေထောက်	ခြေထောက်များ
Gooes /ဂူးစ်/	Gesse / ဂီးစ်/
ငန်း	ငန်းများ
Tooth /ထု-သ်/	Teeth /ထိ-သ်/
သွား	သွားများ
Louse /လောက်စ်/	Lice /လိုက်စ်/
လောက်ကောင်	လောက်ကောင်များ
'Dormouse /'ဒေါ-မောက်စ်/	'Dormice /'ဒေါ-မိုက်(စ်)/
ကြွက်	ကြွက်များ

Ox /အော့–က်စ်/	'Oxen /'အော့–က်ဇင်န့်/
နွားထီး	နွားထီးများ
Child /ချိုင်းလ်ဒ်/	Children /'ချစ်–လ်ဒရင်န်/
ကလေး	ကလေးများ

'Father - in -law /'ဖှားသှာ–ရင်န်–လော/ ယောက္ခမအထီး
Fathers-in-law /ဖါးသှာဇင်န်လော ယောက္ခမအထီးများ
'Mother - in -law /'မှားသှာ–ရင်န်–လော/ ယောက္ခမအမ
'Mothers - in - law /'မှားသှာ- ဇင်န်လော / ယောက္ခမအမများ
'Brother - in - law /ဘ'ရားသှာ–ရင်န်–လော/ ယောက်ဖ
Brothers-in-law /ဘ'ရားသှာဇင်န်လော/ ; ခဲအို၊ မတ်များ
'Sister - in -law /'ဆစ်–စတာ–ရင်န်–လော/ ယောက်မ ခယ်မ၊ မရီး
'Sisters - in - law /'ဆစ်–စတာ- ဇင်န်လော / ယောက်မ ခယ်မ၊ မရီးများ
'Son - in - law /'ဆန်း–နင်န်–လော/ သမက်
'Sons - in - law / ဆန်းန်ဇင်န်လော / သမက်များ
'Daughter - in - law /'ဒေါတာ–ရင်န်–လော/ ချွေးမ
Daughters-in-law /'ဒေါတာဇင်န်လော/ လော/ ချွေးမများ

8. တစ်ခုနှစ်ခု ကိုင်တွယ်ရေတွက်၍ မရနိုင်သော နာမ်ပုဒ်များကို ဗဟုဝုစ်ကိန်းမပြောင်းရ။ Some ဆမ်းမ်အချို့ Much များစွာသော All အောလ်အားလုံး A lot of (အ–လော့တာဗ်)များ၊ 'Plenty of (ပ'လင်း–န်တီ–အာ–ဗ့်) များစသည့်ပုဒ်များကို ရေတွက်မရသော နာမ်ပုဒ်များရှေ့မှထား၍ ဗဟုဝုစ်ကိန်း (အများ) အဓိပ္ပါယ်ဖြင့် သုံးရလေသည်။

ဥပမာ

Singular	Plural
Milk /မစ်လ်ခ်/ နို့	Some milk နို့အချို့/နို့နဲနဲ
	any milk နို့နဲနဲ(ရှိလား/မမရှိ)
	Much milk (နို့များ)
	all milk နို့အားလုံး
	a lot of milk နို့များ
	Plenty of milk နို့များ

'Water /'ဝေါ-တာ(ရ်)/ရေ
Rice /ရိုက်စ်/ ဆန်,ထမင်း
Oil / အွိုင်းလ်/ဆီ
Salt /ဆော့လ်ထ်/ ဆား
Sand /ဆဲဝ်း-န်ဒ်/ သဲ
'Honey /'ဟန်း-နီ/ ပျားရည်
'Butter /'ဘတ်-တာ(ရ်)/ ထောပတ်
(milkကဲ့သို့သော ပုဒ်(၆)မျိုးရှေ့ကထည့်၍ နဲများပမာဏကို ပြောပါ။)

စမ်းသပ်မေးခွန်းများ

၁။ Plural Number=ဗဟုဝုစ်ကိန်းဖြစ်လာရန် မည်သည့်နာမ်မျိုးတွင် "es"ဆက်ပေးရသနည်း။ ပုံစံ ၂ခုစီထက်မနည်းထုတ်ပြပါ။

၂။ မည်သည့်နာမ်မျိုးကို "ies" နှင့် "ves" ဆက်ပေးရသနည်း။ ပုံစံ ၃ခုစီထက်မနည်းထုတ်ပြပါ။

၃။ "s" ဆက်ပေးရသော နာမ်ပုဒ် ၅-ခုကို ထုတ်ပြပါ။

၄။ အထူးဗဟုဝုစ်နာမ်ဆိုသည်မှာ အဘယ်ပုဒ်များဖြစ်ကြသနည်း သိသမျှဖော်ပြပါ။

၅။ အောက်ပါဗဟုဝုစ်နာမ်များကို အင်္ဂလိပ်ဘာသာပြန်ဆိုပြပါ။
ရွှေများ၊ နို့ရည်များ၊ မင်အချို့၊ သဲများ၊ စပါးများ၊ လဘက်ရည်များ၊ ထောပတ်များ၊ ရေများ၊ ဟင်းများ၊ ထမင်းများ၊ ဝါဂွမ်းများ။

၆။ အောက်ပါနာမ်ပုဒ်များကို ဗဟုဝုစ်ကိန်းပြောင်းခဲ့ပါ။

Match	/မဲက်-ချ်/	= မီးခြစ်ဆံ
Thief	/သိ-ဖ်/	= သူခိုး
'Army	/'အား-မိ/	= စစ်တပ်
Knife	/နိုက်ဖ်/	= ဓား
'Buffelo	/'ဘတ်-ဖလို/	= ကျွဲ
Bird	/ဘား>—ဒ်/	= ငှက်
'City	/'စစ်-တိ /	= မြို့တော်
Tooth	/ထု--သ်/	= သွား
'Mango	/'မင်း-င်ဂို/	= သရက်သီး
'Pony	/ဖိုး-နိ/	= မြင်း
Play	/ပလေး/	= ပြဇာတ်
Bench	/ဘင့်န်ချ်/	= ခုံရှည်
Wolf	/ဝတ်-လ်ဖ်/	= ဝံပုလွေ
'Story	/စ'တော-ရိ/	= ပုံဝတ္ထု
Tax	/ထက်က်စ်/	= အခွန်အကောက်
Box	/ဘော့-က်စ်/	= သေတ္တာ
'Duty	/'ဂျူး-တိ/ US : /'ဒူး-တိ/	= တာဝန်ဝတ္တရား
'Monkey	/'မန်းင်ကိ/	= မျောက်
Goose	/ဂူးစ်/	= ဘဲငန်း
Calf US :	/ခါ့-ဖ်/ /ခဲက်ဖ်/	= နွားကလေး
Spy	/စပိုင်း/	= စပိုင်သူလျှို
Toy	/တွိုင်း/	= ကစားစရာ
Man	/မဲင်း-န်/	= လူကြီး
To'mato	/ထ'မား-တို/ US : /ထ'မေး-တို/	= ခရမ်းချဉ်သီး
'Navy	/'နေး-ဗို/	= ရေတပ်

glass /ဂလါစ် USဂလဲက်စ်/ဖန်ခွက် /=ဖန်ခွက်

Hero	/'ဟီး(ယ်)ရို/	= လူစွမ်းကောင်း
Bush	/ဘွတ်ရှ်/	= ခြုံ
Dog	/ဒေါ့ဂ်/	= ခွေး
Fly	/ဖလိုင်း/	= ယင်ကောင်
Boy	/ဘွိုင်း/	= လူကလေး
Deer	/ဒီးယား(ရ်)/	= သမင်
Sheep	/ရှီ–ပ်/	= သိုး
Life	/လိုက်ဖ်/	= အသက်
Day	/ဒေး/	= နေ့
Ray	/ရေး/	= ရောင်ခြည်
'Negro	/'နီး–ဂရို/	= နီဂရိုး ကပ္ပလီ
Coach	/ကို့ချ်/	= ယာဉ်
'Echo	/'အက်–ကို/	= ပဲ့တင်သံ
Fox	/ဖော့–က်စ်/	= မြေခွေး
Ox	/အော့–က်စ်/	= နွားထီး
Pen	/ဖင်းန်/	= ဖောင်တန်
Leaf	/လီ–ဖ်/	= သစ်ရွက်
Teacher	/'ထီး–ချာ(ရ်)/	= ဆရာ
Dish	/ဒစ်ရှ်/	= ဟင်းခွက်
Kiss	/ခစ်–စ်/	= နမ်းရှုံ့ခြင်း
Tree	/ထရီး/	= သစ်ပင်
Mnch	/အင့်–န်ချ်/	=လက်မ (အတိုင်းအတာ)

Nouns and Articles

နာမ်ပုဒ်နှင့် အာတီကယ်အသုံးပြုနည်း

A, An, The သုံးလုံးကို Article ဟုခေါ်၏။

မြန်မာဘာသာတွင် ၎င်းအာတီကယ်သုံးလေ့မရှိသောကြောင့် မြန်မာကျောင်းသားများအဖို့ ၎င်းအာတီကယ်အသုံးပြုပုံကို ရှင်းရှင်းလင်းလင်း တိတိကျကျ နားလည်သဘောပေါက်ရန် မလွယ်ကူပေ။

ကျောင်းသားသူငယ်များကို မဆိုထားဘိ တက္ကသိုလ်ရောက်နေသည့် (အိုင်-အေ-ဘီ-အေ) ကျောင်းသားအချို့ပင် မကြာခဏ မှားယွင်းရေးသားတတ်လေသည်။ အင်္ဂလိပ်သဒ္ဒါကျမ်းအစောင်စောင်တွင် Article အသုံးပြုနည်း ဥပဒေသအမျိုးမျိုးတို့ကို ပြသထားသဖြင့် အလွန်ရှုပ်ထွေး အသိခက်သောကြောင့် ဤဝါကျအခြေခံပိုင်းတွင် အခြေခံသင်စ ကျောင်းသားများ သိသင့်သိထိုက်သည့် Aticle အသုံးပြုနည်းများကိုသာ ရေးသားပေါ်ပြပါမည်။ အသုံးပြုနည်း အသေးစိတ် ဥပဒေသများကို ဤစာအုပ်၏ နောက်ပိုင်းတွင်ပါရှိသော "တက္ကသိုလ်ကဏ္ဍ"တွင် ရေးသားဖော်ပြထားပါသည်။

အကြမ်းစားဥပဒေ

၁။ Uncountable noun ရေတွက်မရနာမ်ကို ဝါကျတွင်
(က) ပထမဆုံးသုံးသောအခါ Article မပါဘဲသုံး၏။
gold, milk.
(ခ) ဒုတိယ၊ တတိယဝါကျတွင်သုံးသောအခါ The နှင့်တွဲသုံး၏။

၂။ Countable noun ဗဟုဝုစ်နာမ်ကို
(က) ဝါကျတွင် ပထမဆုံးသုံးသောအခါ Article မပါဘဲသုံး၏။ dogs, books.
(ခ) ဒုတိယ၊ တတိယဝါကျတွင်ပြန်သုံးသောအခါ the နှင့် တွဲသုံးရ၏။ the dog, the books.

၃။ Countable noun ဧကဝုစ်နာမ်တွင်
(က) အများထဲမှ တစ်ခုကို an, an , တစ်ခုခုနှင့် အမြဲတွဲဖက်သုံးရ၏။-
a book, a student, an ox, an umbrella
(ခ) ထိုနေရာတဝိုက်၌ တစ်ယောက်တစ်ခုတည်းသာရှိသော အခါ The ဖြင့်တွဲသုံးရသည်။
The teacher, The blackboard

မှတ်ချက်။ ။

၁။ Countable noun ကေဝုစ်နာမ်ကို a, an, the တစ်ခုခု မပါဘဲသုံးလျှင်မှား၏။ "a" နှင့် "an" မှာ တစ်ခုဟု အဓိပ္ပါယ်ရှိ၍ မမှားသော်လည်း "the" မှာ အဓိပ္ပါယ်မရှိသဖြင့် ကျောင်းသားများ ချန်ထားတတ်ကြ၊ မှားတတ်ကြ၏။ အထူးသတိပြုပါလေ။ Countable noun ကေဝုစ်ကိန်းရှေ့မှာ a , the တစ်ခုခု ပါရသည်ဟုမှတ်ပါ။

၂။ အာတိကယ်လ် လုံးဝမပါဘဲသုံးသော ၁(က)နှင့် ၂(က)တို့ကို Zero Article ဖြင့်သုံးသည်ဟု ခေတ်သစ်သဒ္ဒါဆရာတို့က ဆို၏။

A နှင့် An

၁။ Consonant sound ဗျည်းသံဖြင့်စသော C noun ကေဝုစ်ကိန်းရှေ့တွင် "a" ကိုသာသုံးရမည်။ ago, about မှ a ၏ အသံမျိုးထွက်ရ၏။ (အေဟုမထွက်ရ။)

a boy /အဘွိုင်း/ a pen /အဖင်းန်/ a European

a book	a cat	a unicorn
a house	a girl	a useful article
a dog	a university	a one-rupee note
a chair	a union	a one-eyed man

၂။ owel sound သရသံဖြင့်စသော C noun ကေဝုစ်ကိန်းရှေ့တွင် "an" ကို အသုံးပြုရမည်။ "an" အင်န်ကို နောက်က သရနှင့် ပေါင်းပြီး အသံထွက်ရမည်။

an apple /အင်'နက်–ပယ်လ်/, an ear, an hour
an orange /အင်'နော–ရင်ဂျ်/, an enemy, an honest man
an egg /အင်'နက်ဂ်/, an ass, an heir

မှတ်ချက်။ ။ သရသံဆိုသည်မှာ အထက်ပါပုံစံများအတိုင်း အက်, အော,အီး,အင်းဟု(အ)သံများကိုဆိုလိုသည်။ universityစသည်၌ သရနှင့်စသော်လည်း ဗျည်းသံထွက်၍ aနှင့်ရေးရ၏။ hourစသည်၌ ဗျည်းနှင့်စသော်လည်း သရသံထွက်၍ "an"ဖြင့်ရေးရ၏။

စမ်းသပ်မေးခွန်း

၁။ "a"ကို မည်သည့်ပုဒ်မျိုးနှင့်သုံး၍ "an"ကို မည်သည့်ပုဒ်မျိုးနှင့် သုံးရမည်နည်း။ ပုံစံ ၃ခုစီပေးခဲ့ပါ။

၂။ အောက်ပါဇေဝုစ် "C noun"များရှေ့တွင် "a" သို့မဟုတ် "an" ကို မှန်ကန်စွာ ဖြည့်ပေးပါ။ အသံထွက်ဖတ်ပြပါ။

...horse /ဟော့စ်/ = မြင်းတစ်ကောင်
...uncle /အန်း-(င်)ကယ်လ်/ = ဦးလေးတစ်ယောက်
...cat /ခဲက်ထ်/ = ကြောင်တစ်ကောင်
...ox /အော့(က်စ်)/ = နွားထီးတစ်ကောင်
...aunt /အာ့န်ထ်/အဲ င့်န်ထ်/= အဒေါ်တစ်ယောက်
...pen /ဖင်းန်/ = ဖောင်တိန်တစ်ချောင်း
...'aeroplane /'အဲ-ယာရပလိန်/ = လေယာဉ်ပျံတစ်စင်း
...'animal /'အဲင်း-န်မယ်လ်/ = တိရစ္ဆာန်တစ်ကောင်
...man /မဲင်းန်/ = လူကြီးတစ်ယောက်
...um'brella /အမ်ဘ'ရဲ-လာ/ = ထီးတစ်လက်
...'infant /'အင်း-န်ဖ့င်န်တ်/ =ကလေးငယ်တစ်ယောက်
...owl /အောင်းလ်/ = ဇီးကွက်တစ်ကောင်
...ugly girl /'အဂ်-ဂလီ ဂါး>—လ် = အရုပ်ဆိုးသော မိန်းကလေးတစ်ယောက်
...'angry boy /'အင်း-(င်)ဂရီဘွိုင်/ = စိတ်ဆိုးသော လူကလေးတစ်ယောက်
...'Englishman/'အင်း-(င်)ဂလစ်ရှ်မင်န်/=အင်္ဂလိပ်တစ်ယောက်

...tree /ထရီး/ = သစ်တစ်ပင်
...island /'အိုင်း-လင်န်ဒ်/ = ကျွန်းတစ်ကျွန်း
...'elephant /'အဲ-လီဖွင်န်ထ်/ = ဆင်တစ်ကောင်
...'Tiger /'တိုက်-ဂါ(ရ်)/ = ကျားတစ်ကောင်
...example /အစ်ဇ'ဇား-မ်ပယ်လ်/= ပုံစံတစ်ခု
US : /အစ်ဂ'ဇင်း-မ်ပယ်လ်/
...oak /အုတ်ခ်/ = ဝက်သစ်ချပင်တစ်ပင်
...ink-bottle /'အင့်င်က်ဘော့တယ်လ်/=မင်ဘူးတစ်ဘူး
...one legged man /ဝမ်း'လက်ဂ်ဒ်မင်န်/=ခြေတစ်ဘက်ကျိုး သူတစ်ယောက်
...union /'ယူး-နယံန်/ = အဖွဲ့တစ်ဖွဲ့
...unicorn /'ယူး-နီကော်န်/ = နတ်မြင်းပျံတစ်ကောင်
...Euro'pean /ယွတ်ဝါရ်'ဖီးယင်န်/ = ဥရောပသားတစ်ယောက်

၃။ မည်သည့်နာမ်ပုဒ်မျိုးကို "Article" မပါဘဲသုံးလိုက သုံးနိုင်သနည်း။ ပုံစံ-၅ခုပေးခဲ့ပါ။

၄။ မည်သည့်နာမ်မျိုးကို "Article" တစ်ခုခုပါမှ သုံးရသနည်း။ ပုံစံ ၅ခုပေးခဲ့ပါ။

၅။ မည်သည့် နာမ်ပုဒ်မျိုးကို "a" သို့မဟုတ် "an" နှင့်တွဲ၍ မသုံးရသနည်း။ (U noun နှင့် C noun အထူးမှတ်ချက် ပြန်ကြည့်)

POSSESSIVE CASE (သာမိကာရက)

မြန်မာဘာသာအားဖြင့် "၏" ဆိုးသောနာမ်ပုဒ်၊ နာမ်စားပုဒ်များကို Po'ssessive Case (ဖ'ဇက်-ဆစ်ဗ်ခေ့စ်) သာမိကာရက ဟုခေါ်သည်။ ("၏" ဆိုးသောပုဒ်ဟု အလွယ်မှတ်ထားပါ)

၁။ သက်ရှိနာမ်ပုဒ် (ဝါ) လူနှင့်တိရိစ္ဆာန်ကိုပြသော နာမ်ပုဒ်နောက်တွင် ('s) A'postrophe's (အပေါ့စထရာဖီအက်စ်)ကို ထည့်ပေးရ၏။

K,P,T,F နောက်ရှိ ('s) ကို စလုံးသံထွက်၍ စ,ရှ,ချ,ဂျ နောက်ရှိ ('s) ကို အစ်ဇ်သံဖော့ (US ကအက်ဇ်သံဖော့)ထွက်ပြီး ကျန်အက္ခရာ အသံများ၊ သရဆုံးသံများ နောက်ရှိ ('s) ကို ဇကွဲသံထွက်ရမည်။

Robert's house /ရော–ဘာ့(တ်စ်)ဟောက်စ်/

Philip's car /ဖိုး–လစ်(ပ်စ်)ကား/

Bush's pen /ဘွတ်(ရှစ်(ဇ်)ပင်းန်/

Jones's book /ဂျုန်းန်(ဇစ်ဇ်)ဘွတ်က်/

The girl's /သုဂါး>—လ်(ဇ်)ပင်းန်/

= မိန်းကလေး၏ကလောင်တံ

The dog's tail /သုဒေါ့ဂ်(ဇ်)တေးလ်/

= ခွေး၏အမြီး

The crow's beak /သုခရိုး(ဇ်)ဘိ–က်/

= ကျီးကန်း၏နှုတ်သီး

A birds wing /အဘား>—ဒ်(ဇ်)ဝင်း(င်)/

= ငှက်တစ်ကောင်၏အတောင်

၂။ s" ဆုံးနေသော ဗဟုဝုစ်ကိန်းနာမ်ပုဒ်များနောက်တွင် Apostrophe သာဆက်ပေးရသည်။ s မဆက်ရ။

ပုံစံ။ ။ The Girls' High School, = မိန်းကလေးများ အထက်တန်းကျောင်း

The boy s' mother = လူကလေးများ၏မိခင်

My son s' books = ကျွန်ုပ်သားများ၏စာအုပ်များ

The babies' toys = ကလေးများ၏ ကစားစရာများ

၃။ "s" မဆုံးသော အထူးဗဟုဝုစ်နာမ် men, women, children တို့နောက်တွင် ('s) ဆက်ရသည်။

The men's house = လူကြီးများ၏အိမ်
The women's car = မိန်းမကြီးများ၏ကား
Cildren's books = ကလေးများ၏စာအုပ်များ

၄။ သက်ရှိနာမ်မဟုတ်သော်လည်း (က) အချိန်ကာလ (ခ)နေရာ (ဂ) အလေးချိန်ကို ဖော်ပြသော နာမ်ပုဒ်များနောက်တွင် ('s) ကို ဆက်ပေးရမည်။

ပုံစံ။ ။(က) A day's match = တစ်နေ့ကုန်ပြိုင်ပွဲ
A week's holiday = တစ်ပတ်ကြာရက်အား
In a year's time = တစ်နှစ်တာကာလအတွင်း
A month's 'visit = တစ်လလည်ပတ်ခြင်း

(ခ) Yangon's 'Water 'Festival
ရန်ကုန်သင်္ကြန်ပွဲတော်
'Myanmar's 'Water 'Festivity
မြန်မာနှစ်သစ်ကူးပွဲတော်
A stone's throw = ခဲတစ်ပစ်ဝေးသည့်နေရာ
A foot's length = ခြေတစ်လှမ်းအကွာအဝေး

(ဂ) A pound's weight = တစ်ပေါင်အလေးချိန်
A ton's weight = တစ်တန်အလေးချိန်

၅။ သက်မဲ့အရာဝတ္ထုများရှေ့တွင် "of" ထည့်၍ငင်း "of" ရှေ့တွင်နာမ်ပုဒ်တစ်ခုထား၍ရေးရသည်။ "of" ကို ၏ဟု မြန်မာပြန်ဆိုရ၏။ of ကို အာ(ဗ်)ဟု အသံဖော်ထွက်၍ ရှေ့စကားလုံးအဆုံးဗျည်းသံနှင့်ပေါင်း၍ အသံထွက်၏။

ပုံစံ ။ ။The cover of the book = /သ့ခါးဗှာရာ(ဗ်)သ့ဘွတ်ခ်/ = စာအုပ်၏အဖုံး
The door of the house = /သ့ဒေါရာဗ့်သ့ဟောက်စ်/ = အိမ်၏တံခါးပေါက်
The leg of the table = /သ့လက်ဂါဗ့်သ့တေးဘယ်လ်/ = စားပွဲ၏ခြေထောက်

A branch of the tree = /အဘရန့်ချာ(မ့်)သ
ထရီး/ = သစ်ပင်၏အကိုင်းတစ်ခု

အထက်ပါပုံစံများနှင့် ဘာသာပြန်ပုံကိုသတိထား၍ကြည့်ရှုလျှင် အင်္ဂလိပ်နှင့်မြန်မာ ပြောင်းပြန်ဖြစ်နေသည်ကို တွေ့ရမည်။ မြန်မာလို "စာအုပ်–၏–အဖုံး" အင်္ဂလိပ်လို "အဖုံး--၏–စာအုပ်" The cover of the book ဟုပြောင်းပြန်ဖြစ်နေသည်။ ထို့ကြောင့် သက်မဲ့များကို "၏"ဖြင့်ရေးလျှင် ပြောင်းပြန်ရေးရသည်ဟု အလွယ်မှတ်သားနိုင်သည်။

၅။ နာမ်စားပုဒ်များတွင် သီးသန့်ပြထားသော (သာမိကာရက) "၏"ဆုံးသောပုဒ်များရှိ၏။

ပုံစံ။ My bock = ကျွန်ုပ်၏စာအုပ်
Our books = ကျွန်ုပ်၏စာအုပ်များ
Your book = သင်၏စာအုပ်
His book = သူ၏စာအုပ်
Her book = သူ၏စာအုပ်
Their books= = သူတို့၏ (သူမတို့၏)စာအုပ်များ
Its tai = ၎င်း၏အမြီး

သတိပြုရန်။ ။ အထက်ပါပုံစံအားလုံးကို သတိပြု၍ လေ့လာသုံးသပ်ပါက ('s)နောက်တွင်၎င်း၊ "၏"ဆုံးသောနာမ်စားနောက်တွင်၎င်း၊ (Article) ခေါ် a, an, the တို့မရှိကြောင်း တွေ့ရပေမည်။

စမ်းသပ်မေးခွန်းများ

၁။ "၏"အဓိပ္ပါယ်ရရန် သက်ရှိကေဝုစ်နာမ်များနောက်တွင် မည်သည့်ပုဒ်ကို ဆက်ပေးရသနည်း။ ပုံစံ ၅ခုထုတ်ပြပါ။

၂။ မည်သည့်ဗဟုဝုစ်နာမ်မျိုးတွင် Apostrophe (') သာ ဆက်ပေးရသနည်း။ ပုံစံ ၃ ခုပေးပါ။

၃။ ('s) ဆက်ပေးရသည့် ဗဟုဝုစ်နာမ်အချို့ကို ထုတ်ပြပါ။

၄။ သက်မဲ့နာမ်ပုဒ်များတွင် "၏"ဟု အဓိပ္ပါယ်ရရန် မည်ကဲ့သို့ ရေးသားရသနည်း။ ပုံစံ၅ ခုထုတ်ပြပါ။

၅။ အောက်ပါ "၏"ပါသော ပုဒ်စုများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ။

၁။ လူကြီး၏စာအုပ်
၂။ မမြ၏အဖေ
၃။ ကလေး၏ကစားစရာ
၄။ စားပွဲ၏ခြေထောက်
၅။ စားပွဲ၏ခြေထောက်များ
၆။ မိန်းကလေး၏ဖောင်တိန်
၇။ မိန်းကလေး၏ဖောင်တိန်များ
၈။ သစ်ပင်၏အကိုင်း
၉။ သစ်ပင်၏အကိုင်းများ
၁၀။ ခွေးများ၏အမြီးများ
၁၁။ ခွေး၏မျက်စိများ
၁၂။ အိမ်၏တံခါး
၁၃။ အိမ်၏တံခါးများ
၁၄။ စာအုပ်၏အဖုံး
၁၅။ စာအုပ်၏အဖုံးများ
၁၆။ မိန်းမကြီး၏စားပွဲ
၁၇။ မိန်းမကြီးများ၏အိမ်
၁၈။ လူကလေး၏ခဲတံ
၁၉။ လူကလေးများ၏ခဲတံများ
၂၀။ ငှက်၏အသိုက်
၂၁။ ငှက်များ၏အသိုက်များ
၂၂။ ကုလားထိုင်၏ခြေထောက်
၂၃။ ကျွန်ုပ်၏စာအုပ်
၂၄။ ကျွန်ုပ်၏စာအုပ်များ
၂၅။ သင်၏ခဲတံ
၂၆။ သင်တို့၏ခဲတံများ
၂၇။ သူ၏အကို
၂၈။ သူ၏အကိုများ
၂၉။ သူမ၏ဆရာ
၃၀။ ကျွန်ုပ်အဖေ၏စာအုပ်
၃၁။ သင်၏အမ၏အိမ်
၃၂။ ကျွန်ုပ်တို့၏ဆရာ၏တပည့်များ
၃၃။ သူမ၏အမေ၏ခွေး
၃၄။ မမြ၏ ညီမ၏ဖောင်တိန်
၃၅။ မောင်စိန်၏အဖေ၏သား
၃၆။ သေတ္တာ၏အဖုံး
cover = အဖုံး
၃၇။ သစ်ပင်၏အရင်း
Root = အရင်း
၃၈။ တောင်၏ထိပ်များ
၃၉။ တောင်၏ထိပ်များများ
Mountain = တောင်
Top = ထိပ်များ
၄၀။ သစ်ပင်၏အကိုင်းများ

PRO-NOUN = နာမ်စား

နာမ်ပုဒ်တစ်ပုဒ်ကို ထပ်ခါထပ်ခါ မသုံးလို၍ ပထမသုံးပြီးသောနာမ်ပုဒ်၏အစား အသုံးပြုသောပုဒ်ကို Pro-noun (ပ'ရိုး - နောင်န်) "နာမ်စား"ဟုခေါ်သည်။

မြန်မာဘာသာတွင် နာမ်စားပုဒ်များသုံးနည်းသည် အင်္ဂလိပ်ဘာသာမှာကဲ့သို့ ထပ်တူထပ်မျှ အသုံးပြုလျက်ရှိသောကြောင့် မြန်မာကျောင်းသားများ နာမ်စားပုဒ်သုံးနည်းအကြောင်းကို အထူးသင်ကြားအစိပ္ပါယ်ရှင်းပြစရာမလိုပေ။

သတိပြုရန်။ ။ "သူမ"ဟူသော ဝေါဟာရကို မြန်မာတို့ပြောရိုးစဉ်လာမရှိသဖြင့် She= သူမသည်၊ her=သူမကို၊ her= "သူမ"၏သုံးရမည့်နေရာတွင် he him, his ကို သုံးမိတတ်လေသည်။

Ma Tin Yee is helping Ma Tin Yee's teacher.

မတင်ရီသည် မတင်ရီ၏ ဆရာကို ကူညီနေသည်။

Ma Tin Yee is helping her teacher.

မတင်ရီသည် သူမ၏ ဆရာကို ကူညီနေသည်။

ပထမဝါကျတွင် နာမ်ပုဒ်ကို ထပ်သုံး၍ စကားမပြေပြစ်သောကြောင့်မှား၏။ ဒုတိယဝါကျတွင် နာမ်စားပုဒ်ကိုသုံး၍ စကားပြေပြစ်ချောမော၍ မှန်ကန်လေသည်။

1. Personal Pronoun
ပုဂ္ဂိုလ်ပြနာမ်စား

I	/အိုင်/	=	ကျွန်ုပ်သည်
Me	/မီ/	=	ကျွန်ုပ်ကို
We	/ဝီ/	=	ကျွန်တော်တို့သည်
Us	SF /အပ်စ်/ WFအက်စ်/	=	ကျွန်တော်တို့ကို
You	/ယူ/	=	သင်သည်၊ သင်တို့သည်

You	/ယူ/	=	သင့်ကို၊ သင်တို့ကို
He	SIF /ဟီ/MWF /အီ/	=	သူသည်
Him	/ဟင်းမ်/WFအင်မ်	=	သူ့ကို
She	/ရှီ/	=	သူမသည်
Her	SIF /ဟား>—(ရ်)MWFအာ>—(ရ်)/	=	သူမကို
They	/ဒေး/	=	သူတို့သည်၊ သူမတို့သည်
Them	SF/ဒဲင်းမ်/WFဒဲင်မ်/	=	သူတို့ကို၊ သူမတို့ကို
It	/အစ်ထ်/	=	၎င်းသည်၊ ထိုအရာသည်
It	/အစ်ထ်/	=	၎င်းကို၊ ထိုအရာကို

2. Demonstrative Pronoun

ညွှန်းပြနာမ်စား

This	/ဒစ်–စ်/	=	ဤဟာ–
That	/ဒက်ထ်/	=	ထိုဟာ
These	/ဒီး‌ဇ်/	=	ဤဟာများ
Those	/ဒိုး‌ဇ်/	=	ထိုဟာများ

3. Indefinite Pronoun

သာမညနာမ်စား

Some	/ဆမ်းမ်/	=	အချို့
Few	/ဖြူး/	=	အနည်းငယ်
One	/ဝမ်းန်/	=	ကျွန်တော်တို့သည်
Ones	/ဝမ်းန်ဇ်/	=	တစ်စုံတစ်ခုတို့
None	/နမ်းန်/	=	ဘာမျှမဟုတ်
Such	/ဆပ်ချ်/	=	ထိုကဲ့သို့သောဟာ
'Many	/'မင်း–နီ/	=	များစွာသောအရာ
'Any	/'အင်း–နီ/	=	အချို့
'Other	/'အား–ဒှာ(ရ်)/	=	အခြားတစ်ခု
'Others	/'အား–ဒှာ(ဇ်)/	=	အခြားဟာများ

4. Distributive Pronoun
ခွဲဝေနာမ်စား

'Either /'အိုက်–သာ(ရ်)/ US: /အီး–သာ(ရ်)/= တစ်ခုခု
'Neither /နိုက်–သာ(ရ်)/ US: /နီး–သာ(ရ်)= တစ်ခုမှမဟုတ်

မှတ်ချက်။ ။အထက်ပါ (၂) (၃)(၄)တွင် ပြထားသော နာမ်စားပုဒ်များသည် ၎င်းတို့ချည်းသက်သက်သုံးလျှင် "နာမ်စား" ဖြစ်၍ ၎င်းတို့နောက်က နာမ်ပုဒ်ပါသောအခါ "နာမဝိသေသန"ဖြစ်သွားကြသည်။

ပုံစံ This is my book. (နာမ်စား)
This book is mine. (နာမဝိသေသန This)

အမှာ = Relative Pronoun = "ပုဒ်ဆက်နာမ်စား"နှင့် Interrogative Pronoun = "ပုစ္ဆာနာမ်စား"များ အကြောင်းကို အသုံးပြုပုံနှင့်တကွ သက်ဆိုင်ရာ အခန်းရောက်မှပြမည်။ (စာမျက်နှာ --- ကြည့်ပါ။)

5. Possessive Pronoun
ပိုင်ရှင်နာမ်စား

Mine /မိုင်း–န်/ = ကျွန်ုပ်၏ဟာ (ကျွန်ုပ်၏ဟာများ)
'Ours /အား–ဇ်//'အား–ဝါဇ်/=ကျွန်ုပ်တို့၏ဟာ (ဟာများ)
Yours /ယော်–ဇ် US:ယွတ်ဝါရ်ဇ်/= သင်၏ဟာ (ဟာများ)
His SIF /ဟစ်–ဇ်/ MWF/အစ်ဇ်/ = သူ၏ဟာ (ဟာများ)
Hers SIF/ဟား>—ဇ်/ MWF/အာ>—ဇ်/ =သူမ၏ဟာ (ဟာများ)
Theirs /သဲ့ယာ(ဇ်)/ = ၎င်းတို့၏ဟာ (ဟာများ)
Its /အစ်ထ်စ်/ = ၎င်း၏ဟာ (ဟာများ)

Reflective and Enphatic Pronoun
ကိုယ်တိုင်ခံနှင့် လေးနက်နာမ်စား

My'self /မိုင်'ဆဲ့-လ်ဖ့်/ = ကျွန်ုပ်ကိုကျွန်ုပ်၊ ကျွန်ုပ်ကိုယ်တိုင်

Our'sselves /အာဝါ'ဆဲ-လ်ဗ့်ဇ် = ငါတို့ကိုယ်ငါတို့၊ ငါတို့ကိုယ်တိုင်

Your'selves US: /'ယွတ်ဝါရ်'ဆဲ-လ်ဗ့်ဇ်/ /ယော်'ဆဲ-လ်ဗ့်ဇ်/ = သင်တို့ကိုသင်တို့၊ သင်တို့ကိုယ်တိုင်

Your'self US: /ယွတ်ဝါရ်'ဆဲ့-လ်ဖ့်/ /ယော်'ဆဲလ်ဖ်/

Him'self /ဟင်မ်'ဆဲ့-လ်ဖ်/ WF/အင်မ်ဆဲ့-လ်ဖ့်/= သူ့ကိုယ်သူ၊ သူကိုယ်တိုင်

Her'self /ဟာ'ဆဲ့လ်ဖ့်/ WF/အာ>—'ဆဲ/ = သူမကိုယ်သူမ၊ သူမကိုယ်တိုင်

Themselves /သုင်မ်ဆဲ-လ်ဗ့်ဇ်/= သူတို့ကိုယ်သူတို့၊ သူမကိုယ်တိုင်

It self /အစ်ထ်'ဆဲ့လ်ဖ့်/ = ၎င်းကိုယ်၎င်း၊ ၎င်းကိုယ်တိုင်၊

ADJECTIVE နာမဝိသေသန

နာမ်ပုဒ်တစ်ပုဒ်၏ ရှေ့မှနေ၍ ၎င်းနာမ်ပုဒ်၏

(၁) ဂုဏ်အရည်အချင်းကို၎င်း

(၂) အရေအတွက်ကို၎င်း

(၃) အနည်းအများပမာဏကို၎င်း

ဖော်ပြသောပုဒ်များကို Adjective /'အဲက်-ဂျစ်ကတစ်ဗ့်/ = နာမဝိသေသနဟုခေါ်သည်။

ဥပမာ

(၁) ဂုဏ်အရည်အချင်းဖြင့် အထူးပြုပုံ

The clever boy = လိမ္မာသောလူကလေး

The beautiful girl = လှပသောမိန်းကလေး

The honest man = ရိုးဖြောင့်သောလူကြီး
The ugly woman = အရုပ်ဆိုးသောမိန်းမကြီး
The dirty clothe = ညစ်ပတ်သောအဝတ်
The red book = နီသောစာအုပ်

(၂) **အရေအတွက်ဖြင့် အထူးပြုပုံ**
Six boys = လူကလေးခြောက်ယောက်
Three books = စာအုပ်သုံးအုပ်
Two girls = မိန်းကလေးနှစ်ယောက်

(၃) **အနဲအများပမာဏဖြင့် အထူးပြုပုံ**
Some rice = ထမင်းနဲနဲ
All milk = နို့အားလုံး
Little ink = မင်နဲနဲ
Much money = ငွေများများ
Many pencils = ခဲတံများများ

နာမဝိသေသနအသုံးပြုပုံနှစ်မျိုး

(၁) နာမဝိသေသနပုဒ်များကို နာမ်ပုဒ်တစ်ခု၏ရှေ့တွင်ကပ်၍ "သော"ဟူသော အဓိပ္ပါယ်ဖြင့်အသုံးပြုနိုင်သည်။ ထိုကဲ့သို့သုံးသော နာမဝိသေသနပုဒ်ကို A'ttributive 'Adjective (အထ'ရစ်-ဗြူတစ်ဗ့်အဲက်-ဂျစ်ကတစ်ဗ့်)ဟုခေါ်သည်။

ဥပမာ
The beautiful girl = လှပသောမိန်းကလေး
The clever boy = လိမ္မာသောလူကလေး

(၂) Verb to be "ရှိဖြစ်"ကြိယာများနှင့်ပေါင်း၍ "သည်" ဟူသော အဓိပ္ပါယ်ဖြင့် ကြိယာအဖြစ် အသုံးပြုနိုင်သည်။ ၎င်းကို 'Pre'dicative Adjective (ပရီ'ဒစ်-ကတစ်ဗ့် ပ'ရက်-ဒီကေတစ်ဗ့်အဲက်-ဂျစ်တစ်ဗ့်) ဟုခေါ်၏။

Ma Tin Yee is beautiful = မတင်ရီသည်လှသည်။
Mg Khin is clever = မောင်ခင်သည်လိမ္မာသည်။
(Adjective Verb အခန်းတွင် အကျယ်ပြဦးမည်)

နာမဝိသေသန(၆)မျိုး
1. Proper Adjective
အမည်ပြနာမဝိသေသန

Myanmar girl = မြန်မာမိန်းကလေးတစ်ယောက်။
The English Language = အင်္ဂလိပ်ဘာသာ
The Mandalay Hill = မန္တလေးတောင်
The Yangon University
/သုယန်းဂုန်ယူနီဗားစီတီ/ = ရန်ကုန်တက္ကသိုလ်
The Shwedagon Pagoda
/သုရွှေဒဂုံပဂိုး-ဒါ/ = ရွှေတိဂုံဘုရား
The Dagonlwin Express
/သုဒဂုံလွင် အစ်က်စ်ပရက်စ်/ = ဒဂုံလွင်အမြန်ရထား

2. Adjective of Quantity
ပမာဏ နာမဝိသေသန

Some /ဆမ်းမ်/ = အချို့သော
'Little /'လစ်-တယ်လ်/ = အနည်းငယ်သော
E'nough /အီ'နပ်ဖ်/ = လုံလောက်သော
Su'fficient /ဆ'ဖစ်-ရှင်န်ထ်/ = လုံလောက်သော
All /အော-လ်/ = အားလုံးသော
Whole /ဟိုးလ်/ = အားလုံးသော
Half /ဟဲက်-ဖ်//ဟာ့ဖ်/ US: = တဝက်သော
Any /'အင်း-နီ/ = အချို့၊ အနည်းငယ်သော
No /နိုး/ = နဲနဲမှမဟုတ်သော
Great /ဂရိတ်ထ်/ = များစွာသော

3. Adjective of Number
သင်္ချာ နာမဝိသေသန

One	/ဝမ်းန်/	= တစ်ခုသော
Two	/တူး/	= နှစ်ခုသော
Three	/သရီး/	= သုံးခုသော
First	/ဖွ့>—စ်ထ်/	= ပထမ
'Second	/'စက်–ကင်န်ဒ်/	= ဒုတိယ
Third	/သား>—ဒ်/(သွားစေ့)	= တတိယ
Fourth	/ဖော့သ်/	= စတုတ္ထ
'Many	/'မင်း–နိ/	= များစွာသော
Few	/ဖြူး/	= အနဲငယ်သော၊
'Several	/'ဆဲ–ဗ်ရယ်လ်/	= များသော
'Sundry	/'ဆန်း–န်ဒရိ/	= အမျိုးမျိုးသော

4. Distributive Adjective
ခွဲဝေ နာမဝိသေသန

Each	/အိချ်ဘွိုင်/	= လူကလေးအသီးသီး
'Every boy	/'အဲ–ဗ့ရိဘွိုင်/	= ကလေးတိုင်း
'Either boy	/'အိုက်–သှာ/'အီး–သှာဘွိုင်/	= လူကလေး နှစ်ယောက်တွင်တစ်ယောက်
'Neither boy	/'နိုက်–သှာ'/'နီး–သှာဘွိုင်/	= လူကလေး နှစ်ယောက်လုံးမဟုတ်

5. Demonstative Adjective
ညွှန်ပြ နာမဝိသေသန

This	/သစ်စ်/	= ဤဟာ
That	/သဲက်–ထ်/	= ထိုဟာ

These /သီး-ဇ်/ = ဤဟာများ
Those /သို့း-ဇ်/ = ထိုဟာများ
Such /ဆပ်ချ်/ = ဤကဲ့သို့သော
'Yonder /'ယွန်း-န်ဒါ(ရ်)/ = ဟိုမှာဘက်ဖြစ်သော
A'nother /အ'နား-သာ(ရ်)/=အခြားသော
(ကေဝုစ်နာမ်နှင့်တွဲ)
'Other /'အား-သာ(ရ်)/ = အခြားသော

6. Possessive Adjective
ပိုင်ရှင်နာမဝိသေသန

My /မိုင်/ = ကျွန်ုပ်၏
Our /အား(ရ်)//'အားဝါ(ရ်)/ = ကျွန်ုပ်တို့၏
Your /ယော်(ရ်) /ယွတ်ဝါ(ရ်)/= သင်-၏သည်၊
သင်တို့-၏သည်
His /ဟစ်-ဇ်/WF/အစ်-ဇ်/= သူ၏
Her /ဟား>—(ရ်)/WF /အာ>—(ရ်)/= သူမ၏
Their /သဲ့ယာ(ရ်)/ = သူတို့၏
Its /အစ်ထ်စ်/ = ၎င်း၏

7. Adjective of Quality
အရည်အချင်းပြနာမဝိသေသန

(ဤနာမဝိသေသနပုဒ်မျိုးသည် အင်္ဂလိပ်ဘာသာတွင် မရေနိုင်အောင်များပြား၏။ အောက်တွင်အသုံးများရာ အချို့ကိုသာပြထားသည်။)

'Happy /'ဟက်-ပီ/ = ပျော်ရွှင်သော
'Lazy /'လေး-ဇီ/ = ပျင်းရိသော
Strong /စထရွန်း-င်/US:စထရော-င်/ = သန်မာသော
Weak /ဝီ-ခ်/ = အားနဲသော

'Feeble	/'ဖီး–ဘယ်လ်/	= နွမ်းနယ်သော
Glad	/ဂလဲက်–ဒ်/	= ဝမ်းသာသော
Sad	/ဆဲက်–ဒ်/	= ဝမ်းနည်းသော
'Fragrant	/ဖ'ရဲက်–ဂရင်န်ထ်/	= မွှေးကြိုင်သော
Foul	/ဖော့င်းလ်/	= ပုပ်သော၊နံသော
'Beautiful	/'ဗျူးတိ–ဖယ်လ်/	= လှပသော
'Pretty	/ပ'ရစ်–တီ/	= လှပသော
'Ugly	/'အပ်–ဂလီ/	= အရုပ်ဆိုးသော
Light	/လိုက်ထ်/	= ပေါ့သော
'Heavy	/'ဟဲ–ဗီ/	= လေးသော
New	/နယူး/နူး/	= သစ်သော
Old	/အိုးလ်ဒ်/	= ဟောင်းသော
Good	/ဂွတ်ဒ်/	= ကောင်းသော
Bad	/ဘဲက်–ဒ်/	= ဆိုးသော
Tame	/ထိမ်းမ်/	= ယဉ်ပါးသော
Wild	/ဝိုင်းလ်ဒ်/	= ရိုင်းသော
Wise	/ဝိုက်စ်/	= ပညာရှိသော
'Foolish	/'ဖူးလစ်ရှ်/	= မိုက်မဲသော
Small	/စမောလ်/	= ငယ်သော
Big	/ဘစ်–ဂ်/	= ကြီးသော
Large	/လား–ဂျ်/	= ကြီးသော
Short	/ရှော့–ထ်/	= တိုသော
Long	/လွန်း–င်/US:လော–င်/	= ရှည်သော
Thin	/သင်းန်/	= ပိန်သော၊ပါးသော
Thick	/သစ်–ခ်/	= ထူသော
Fat	/ဖဲ့က်–ထ်/	= ဝသော
Cold	/ခိုး–လ်ဒ်/	= အေးသော
Hot	/ဟော့–ထ်/	= ပူသော

Dry	/ဒရိုင်း/	= ခြောက်သော
Wet	/ဝက်–ထ်/	= ပူသော
Brave	/ဘရေးဗ်/	= ရဲရင့်သော
'Coward	/'ခါး–ဝ့ါ–ဒ်/	= သတ္တိနဲသော
Bold	/ဘိုးလ်ဒ်/	= ရဲရင့်သော
White	/ဝိုက်–တ်//ဝှိုက်–ထ်/	= ဖြူသော
Red	/ရက်–ဒ်/	= နီသော
Blue	/ဘလူး/	= ပြာသော
Black	/ဘလဲက်–ခ်/	= မဲသော
'Yellow	/'ယဲ–လို/	= ဝါသော
Green	/ဂရီး–န်/	= စိမ်းသော
Brown	/ဘရောင်းန်/	= ညိုသော
Grey	/ဂရေး/	= အရောင်မွဲပြာသော
Bright	/ဘရိုက်–ထ်/	= တောက်ပသော
		= ဉာဏ်ကောင်းသော
Dull	/ဒါး–လ်/	= ဉာဏ်ထိုင်းသော
Right	/ရိုက်–ထ်/	= မှန်ကန်သော
Wrong	/ရွှန်း–င်//US:ရော–င်/	= မှားသော
Deep	/ဒီ–ပ်/	= နက်သော
'Shallow	/'ရှဲ–လို/	= တိမ်သော
'Narrow	/'နဲ့–ရို/	= ကျဉ်းမြောင်းသော
Wide	/ဝိုက်ဒ်/	= ကျယ်သော
Ill	/အစ်လ်/	= နေမကောင်းသော
Sick	/ဆစ်ခ်/	= ဖျားနာသော
Well	/ဝဲလ်/	= နေမကောင်းသော
Healthy	/'ဟဲ–လ်သီ/	= ကျန်းမာသော

လေ့ကျင့်ခန်း

အောက်ပါ နာမဝိသေသနပုဒ်များဖြင့် အထူးပြုထားသည့် နာမ်ပုဒ်များကို အင်္ဂလိပ်ဘာသာပြန်ဆိုပါ။

၁။ လှပသောမိန်းကလေးတစ်ယောက်	၂။ လိမ္မာသောလူကလေး
၃။ အရုပ်ဆိုးသောမိန်းမကြီး	၄။ ကြီးသောသစ်ပင်များ
၅။ စိမ်းသောသစ်ရွက်တစ်ရွက်	၆။ ဖြူသောမြင်း
၇။ နီသောခဲတံတစ်ချောင်း	၈။ ငယ်သောစားပွဲ
၉။ ပူသောလဘက်ရည်	၁၀။ အေးသောရေ
၁၁။ မွှေးကြိုင်သောပန်းများ	၁၂။ ဝသောမိန်းကလေး
၁၃။ ပိန်သောခွေးများ	၁၄။ ပျင်းရိသောလူကြီး
၁၅။ မကျန်းမာသောကြောင်	၁၆။ များစွာသောစာအုပ်များ
၁၇။ ခဲတံအချို့	၁၈။ ပညာရှိသောဆရာ
၁၉။ ပျော်ရွှင်သောကျောင်းသားများ	၂၀။ ယဉ်ပါးသောငှက်များ
၂၁။ ဖြူသောနံရံတစ်ခု	၂၂။ ညှိခဲတံများ
၂၃။ ထိုဖောင်တိန်	၂၄။ အားနည်းသောကလေး
၂၅။ တိုသောခဲတံ	၂၆။ ရှည်သောလမ်း
၂၇။ ပျော့သောထမင်း	၂၈။ မာသောသံ
၂၉။ မိုက်မဲသောလူကလေး	၃၀။ ပြာသောမိုးကောင်းကင်
၃၁။ အားလုံးသောကျောင်းသားများ	၃၂။ သရက်သီးသုံးလုံး
၃၃။ မျက်စိနှစ်လုံး	၃၄။ ထိုကလေးများ
၃၅။ ညှိမိန်းမကြီး	၃၆။ သတ္တိကောင်းသောစစ်သား
၃၇။ ရဲရင့်သောလူကလေး	၃၈။ ဖြူသောမိန်းကလေး
၃၉။ ပြာသောအခဲတံ	၄၀။ ဝါသောစက္ကူ
၄၁။ စိမ်းသောသစ်ပင်များ	၄၂။ အရောင်မွဲပြာသောကြိုးကန်းများ
၄၃။ ကောင်းသောစာအုပ်များ	၄၄။ နက်သောချောင်း
၄၅။ ကျဉ်းသောအခန်း	၄၆။ နေမကောင်းသောမိန်းမကြီး
၄၇။ ဖျားနေသောလူအိုကြီး	၄၈။ နေမကောင်းသောမိန်းမကြီး
၄၉။ ကျန်းမာသောဘောလုံးသမားများ	၅၀။ မှန်ကန်သောအချိန်နာရီ
၅၁။ လူကလေးတိုင်း	၅၂။ ဆရာအသီးသီး

၅၃။ စာအုပ်အချို့	၅၄။ ဖေါင်တိန်အနည်းငယ်
၅၅။ ရေအချို့	၅၆။ အခြားလူကြီးတစ်ယောက်
၅၇။ ထိုခဲတံများ	၅၈။ ဖေါင်တိန်ငါးချောင်း
၅၉။ အခြားလူကလေးများ	၆၀။ ဆူးလေဘုရား

PREPOSITION = ဝိဘတ်

နာမ်, နာမ်စားပုဒ်တို့သည် အခြားသောပုဒ်များနှင့် မည်ကဲ့သို့ ဆက်သွယ်တည်ရှိနေသည်ကို ဖေါ်ပြသောပုဒ်ကို .Prepo'sion (ပရက်ပ'ဇစ်-ရှင်န်) "ဝိဘတ်" ဟုခေါ်သည်။

ပုံစံ။ ။ It is on the table.
စာအုပ်သည် စားပွဲပေါ်မှာရှိသည်။
Ma Tin Yee is sitting near Ma Mya.
မတင်ရီသည် မမြအနီးမှာ ထိုင်နေသည်။

"on" ဆိုသောပုဒ်သည် စာအုပ်နှင့် စားပွဲတို့ တစ်ခုနှင့်တစ်ခု အထက်နှင့်အောက် ဆက်စပ်တည်ရှိပုံကို ပြသောကြောင့် ၎င်းကို "ဝိဘတ်" ဟုခေါ်ရ၏။ "near" ဆိုသောပုဒ်သည် မတင်ရီနှင့် မမြတို့ တစ်ယောက်နှင့်တစ်ယောက် နီးကပ်လျှက်ရှိသည်ကို ဖေါ်ပြသောကြောင့်၎င်း "near" ကို "ဝိဘတ်" ဟုခေါ်ရ၏။

ဝိဘတ်အသုံးပြုပုံ

မြန်မာဘာသာတွင် ဝိဘတ်ပုဒ်များသည် စားပွဲပေါ်မှာ၊ ကျွန်ုပ်**အနီး**မှာဟု နာမ်ပုဒ်, နာမ်စားပုဒ်တို့၏နောက်တွင် ရှိသော်လည်း **အင်္ဂလိပ်**ဘာသာတွင် "on the table" "near me" ဟုဝိဘတ်ကို **နာမ်**ပုဒ်,နာမ်စားပုဒ်တို့၏ရှေ့တွင်ထား၍ ပြောဆိုရေးသားရလေသည်။ တစ်သံထွက် ဝိဘတ်များကို အနုဒတ္တ = အားဖော့သံထွက်ရသည်။

အသုံးများသောဝိဘတ်များ

On /အွန်/ = အပေါ်မှာ

In /အင်န်/ = အထဲမှာ
At /အက်ထ်/ = မှာ,၌,တွင်,ဝယ်
oor /ဖော်ရ်/(သံမာ) = အတွက်ကြာကြာ
/ဖါရ်/(သံပြော့)
Of /အာဗ့်/ = ၏
Be'low /ဘီ'လိုး/ = အောက်မှာ
'Under /'အန်း–န်ဒါရ်/ = အောက်မှာ
Be'neath /ဘီ'နီ–သ်/ = အောက်မှာ
Be'fore /ဘီ'ဖေါ(ရ်)/ = ရှေ့မှာမတိုင်မီ
Be'side /ဘီ'ဆိုက်ဒ်/ = ဘေးမှာ
Be'sides /ဘီ'ဆိုက်–ဒ်ဇ်/ = မှတပါး,၎င်းပြင်
In'side /အင်န်'ဆိုက်–ဒ်/ = အတွင်းမှာ
Outside /အောက်'ဆိုက်–ဒ်/ = အပြင်မှာ
Be'tween /ဘီ'ထွီး–န်/ = နှစ်ခုအကြားမှာ
Am'ong /အ'မန်း–င်/ =နှစ်ခုထက်များသော
အကြားမှာ
'After /'အား–ဖ့တာ(ရ်)//'အဲက်–ဖ့တာရ်/=နောက်
From /ဖ့ရွန်း–မ်/WF ဖရန်မ် = မှ, က
Near /နီးယာရ်/ = အနီးမှာ
Be'hind /ဘီ'ဟိုင်း–န်ဒ်/ = နောက်မှာ
By /ဘိုင်/ =အနားမှာ,အားဖြင့်
'During /'ဂျူတ်–ဝါရင်–င်/US/ဒွတ်ဝါရင်–င်/
= အတောအတွင်း
A'bove /အ'ဘား–ဗ့်/ = အထက်မှာ
Wi'thout /ဝစ်'သောက်–ထ်/ = မပါဘဲ၊မရှိဘဲ
U'pon /အ'ပွန်–န်/ = အပေါ်သို့
'Into /အင်း–န်တာ(ဗျည်းရှေ့) = အထဲသို့
/အင်းန်တူ/ (သရရှေ့)

'Onto /'အွန်း–န်တာ (ဗျည်းရှေ့) = အပေါ်သို့
/'အွန်း–န်တူ/ (သရရှေ့)
Within /ဝစ်'သှင်း–န်/ = အထဲက/အထဲကမှ
From within /ဖွရွန်ဝစ်'သှင်းန်/ = အတောအတွင်း
From 'under /ဖရွန်မ်'အန်း–န်ဒါ(ရ်)/ = အောက်မှ
Ac'cording to /အ'ခေါ–ဒင်င်တူ/ = အရ,အတိုင်း
'Owing to /'အိုးဝင်–င်တူ/ = ကြောင့်
Be'cause of /ဘီ'ခေါ့–ဇာ(ဗ်)/ = ကြောင့်
In front of /အင်–န်ဖရန့်န်တာ(ဗ်)/= ရှေ့မှာ
Till /ထစ်လ်/ = တိုင်အောင်
Un'til /အန်'ထစ်–လ်/ = မတိုင်မီ
A'cross /အခ'ရော့–စ်/ = ဖြတ်၍,ဖြတ်လျှက်
A'round /အ'ရောင်း–န်ဒ်/ = ပတ်လည်တဝိုက်
A'long /အ'လွန်း–င်/US:အ'လော–င်/=တလျှောက်

မှတ်ချက်။ ။ ဝိဘတ်များနောက်တွင် "ကို"ဆုံးသော နာမ်စားပုဒ်များသာရှိရသည်။ "သည်"ဆုံးသောနာမ်စားမရှိရ။

With me	=	ကျွန်ုပ်နှင့်
Near her	=	သူမ၏အနီးမှာ
Before us	=	ကျွန်ုပ်တို့၏ရှေ့မှာ
Beside you	=	သင်တို့ဘေးမှာ
For them	=	သူတို့အတွက်

ဝိဘတ်တစ်လုံးနှင့် ၎င်းတို့နောက်ရှိ နာမ်ပုဒ်, **နာမ်စားပုဒ်များတစ်စုကို** ဝိဘတ်ပုဒ်စုဟုခေါ်၏။

ဤဝိဘတ်ပုဒ်စုများသည် အများအားဖြင့် အချိန်အခါနှင့်နေရာကိုဖော်ပြကြသည့် ကြိယာဝိသေသနပုဒ်စုများ ဖြစ်လေသည်။

Time Adverb Phrases
အချိန်ပြကြိယာဝိသေသနပုဒ်စုများ

On 'Sunday	/'ဆန်း-န်ဒီ/	= တနင်္ဂနွေနေ့မှာ
On 'Monday	/'မန်း-န်ဒီ/	= တနင်္လာနေ့မှာ
On 4th June	/ဖော့သ်ဂျူးန်/	= ဇွန်လလေးရက်နေ့မှာ
On June 4	/ဖော့သ်ဂျူး-န်/	= မေလတွင်
In May	/မေး/	= မေလတွင်
In 1960	/နိုင်တီး-န်- ဆစ်-က်စတီ/	= ၁၉၆၀ ခုနှစ်မှာ
In the year of 19'62		= ၁၉၆၂ ခုနှစ်မှာ
In the year 19'62 =		= ၁၉၆၂ ခုနှစ်မှာ
In the 'morning	/'မောနင်-င်/	= မနက်ခင်းမှာ
In the 'evening	/'အီးဗ်နင်-င်/	= ညနေခင်းမှာ
In the after'noon	/အားဖ္တာ'နူး-န်/	= မွန်းလွဲချိန်မှာ
In those days		= ထိုခေတ်တုန်းက
In three days		= သုံးရက်အတွင်း
At 9 o'clock	/နိုင်းနက'လော့(က်)/	= ၉နာရီမှာ
At 7 o'clock	/ဆဲဗင့်နက'လော့/	= ၇နာရီအချိန်မှာ
At 8 a'm	/အေ'အင်း-မ်/	= မနက်၈နာရီမှာ
At 8 p.'m	/ပီ-'အင်း-မ်/	= ညနေ၈နာရီမှာ
At 'noon	/အက်တ'နူး-န်/	= မွန်းတည့်အချိန်မှာ
At 'night	/အက်တ'နိုက်-တ်/	= ညအခါမှာ
At 'present	/ပ'ရဲ-ဇင်န်တ်/	= ယခုအခါ
At that 'moment	/'မိုး-မင်န်ထ်/	= ထိုအချိန်၌
For two 'hour	/အား-ဝါဓ်/	= နှစ်နာရီကြာကြာ
For three months	/မန့်န်သ်စ်/	= ၃လကြာကြာ
For six years		= ၆ နှစ်ကြာကြာ

Since Ju'ly = ဂျူလိုင်လကထဲက
Since May4 = မေလ၄ရက်ကထဲက
Since the morning = မနက်ကထဲက
Since 9 a. m = မနက် ၉နာရီကထဲက
Since last 'Sunday = အရင်တနင်္ဂနွေထဲက
Till 'Wednesday = ဗုဒ္ဓဟူးနေ့ထိ
Un'til 4th July = ဂျူလိုင် ၄ရက်နေ့အထိ တိုင်အောင်
Be'fore June = ဇွန်လမတိုင်မီ
Be'fore 'breakfast = မနက်စာမစားခင်
After 'dinner = ညစာစားပြီးနောက်
After three days = ၃ ရက်ကြာပြီးနောက်
After six years = ၆နှစ်ကြာပြီးနောက်

Place Adverb Phrases
နေရာပြ ကြိယာဝိသေသနပုဒ်စုများ

On the 'table = စားပွဲပေါ်မှာ
In the 'class = အတန်းထဲမှာ
At the 'house = အိမ်မှာ
'Under a' tree = သစ်ပင်တစ်ပင်အောက်
Before the school = ကျောင်းရှေ့မှာ
Beside the 'road = လမ်းဘေးမှာ
Inside the house = အိမ်ထဲမှာ
Be'tween two' trees = သစ်ပင်နှစ်ပင်ကြားမှာ
Among the' trees = သစ်ပင်တွေကြားထဲမှာ
From a' shop = ဆိုင်တစ်ဆိုင်မှ
Near the 'Pagoda = ဘုရားအနီးမှာ
By the 'road = လမ်းဘေးမှာ
In the 'room = အခန်းထဲမှာ

'Under a 'chair =ကုလားထိုင်တစ်လုံးအောက်မှာ
With me = ကျွန်ုပ်နှင့်အတူ
For him =သူ့အတွက်
'Be'tween two boys =လူကလေးနှစ်ယောက် အကြားမှာ
A'mong the boys = လူကလေးတွေကြားမှာ
A'long the road =လမ်းတလျှောက်
Through the 'window = ပြတင်းပေါက်ကိုဖြတ်၍
'Into the room = အခန်းထဲမှ၊ က
'Onto the bus =ဘတ်စ်ကားပေါ်သို့
From with'in the room =အခန်းထဲသို့
From 'under a tree = သစ်တစ်ပင်အောက်မှ
From a'mong the trees = သစ်ပင်တွေကြားထဲမှ
ıOwing to his 'Laziness = သူ၏ပျင်းရိမှုကြောင့်
Be'cause of his 'Laziness =သူ၏ပျင်းရိမှုကြောင့်
On ac'count of her 'illness =
=သူမ၏နေမကောင်းမှုကြောင့်
In front of the school = ကျောင်းရှေ့မှာ
In front of the 'Buddha = ဘုရားရှေ့မှာ
Be'fore the house =အိမ်ရှေ့မှာ
Be'fore her = သူမရှေ့မှာ
Be'side three books =စာအုပ်သုံးအုပ်အပြင်
Be'sides this way =နည်းလမ်းမှတပါး

စမ်းသပ်မေးခွန်းများ

၁။ ဝိဘတ်ဆိုသည်မှာအဘယ်နည်း။
၂။ ဝိဘတ်နှင့် ၎င်းတို့နောက်ရှိ အာတိကယ်လ်နှင့် နာမ်, နာမ်စားပုဒ်များကို မည်သို့ခေါ်သနည်း။

၃။ ဝိဘတ်ပုဒ်စုများသည် အများအားဖြင့် မည်သည့်အဓိပ္ပာယ်ကိုဖော်ပြကြသနည်း။ ပုံစံသုံးခုစီပေးခဲ့ပါ။

၄။ အောက်ပါအချိန်အခါနှင့် နေရာပြဝိဘတ်ပုဒ်စုများကို အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့ပါ။

၁။ စားပွဲပေါ်မှာ
၂။ ခုံရှည်ပေါ်မှာ
၃။ တနင်္ဂနွေနေ့မှာ
၄။ သစ်ပင်အောက်မှာ
၅။ ၁၉၆၀–ခုနှစ်မှာ
၆။ ကျောင်းပေါ်မှာ
၇။ မနက်ခင်းမှာ
၈။ ကျောင်းအနီးမှာ
၉။ ညနေခင်းမှာ
၁၀။ အတန်းထဲမှာ
၁၁။ ၁၂နာရီအချိန်မှာ
၁၂။ အိမ်ထဲမှာ
၁၃။ မွန်းလွဲချိန်မှာ
၁၄။ သစ်ပင်တစ်ပင်အောက်မှာ
၁၅။ ၉နာရီအချိန်မှာ
၁၆။ ဆိုင်တစ်ဆိုင်မှာ
၁၇။ မနက် ၇နာရီအချိန်မှာ
၁၈။ ဘုရားအနီးမှာ
၁၉။ ညအခါ
၂၀။ လမ်းအနီးမှာ
၂၁။ ယခုအခါ
၂၂။ လမ်းပေါ်မှာ
၂၃။ ထိုအချိန်၌
၂၄။ စားပွဲအောက်မှာ
၂၅။ ၃နာရီအချိန်မှာ
၂၆။ သစ်ပင်တစ်ပင်ပေါ်မှာ
၂၇။ ဇွန်လ၄ရက်နေ့မှာ
၂၈။ ရွှေတိဂုံဘုရားပေါ်မှာ
၂၉။ ည ၁၀နာရီမှာ
၃၀။ ကုလားထိုင်တစ်လုံးအောက်
၃၁။ ညနေတိုင်းမှာ
၃၂။ မြင်းတစ်ကောင်ပေါ်မှာ
၃၃။ နံနက်၅နာရီအချိန်မှာ
၃၄။ သစ်ပင်တွေကြားမှာ
၃၅။ ဇွန်လ ၁၀ရက်နေ့မှာ
၃၆။ လူကလေးနှစ်ယောက်ကြားမှာ
၃၇။ မေလ ၄ရက်နေ့ထဲက
၃၈။ လမ်းတလျှောက်
၃၉။ ၁၉၄၈–ခုနှစ်မှာ
၄၀။ ကျောင်းနောက်မှာ
၄၁။ စနေနေ့မနက်မှာ
၄၂။ ခုံနှစ်ခုကြားမှာ
၄၃။ အင်္ဂါနေ့မနက်၈နာရီမှာ
၄၄။ တောအနီးမှာ
၄၅။ ၁၉၄၇–ခုနှစ် မေလ ၅ရက်နေ့မှာ
၄၆။ သေတ္တာထဲမှာ

၄၇။ မွန်းတည့်ချိန်မှာ
၄၈။ မိန်းကလေးအနီးမှာ
၄၉။ တနင်္ဂနွေနေ့မနက် ၇နာရီအချိန်မှာ
၅၀။ မနက်၉နာရီမထိုးမီ

VERB = ကြိယာ

လူနှင့်အရာဝတ္ထုတို့အကြောင်း ဖော်ပြသောပုဒ်ကို Verbကြိယာ ဟုခေါ်သည်။ ရှိသည်၊ သွားသည်၊ စားသည်၊ အိပ်သည် စသည်ဖြင့် မြန်မာတွင် "သည်" "တယ်"ဆုံးသော ပုဒ်များဖြစ်သည်။

ကာလသုံးမျိုး

ကြိယာပုဒ်များသည်–

(၁) ယခုလောလောဆယ် မျက်မှောက်အချိန်ကို ဖော်ပြသော 'Present Tense (ပ'ရဲ–ဇင်န်တင်န်စ်) ပစ္စုပ္ပန်ကာလ။

(၂) လွန်ခဲ့သောအချိန်က ဖြစ်ပျက်ပြုလုပ်ခဲ့သည်ကို ဖော်ပြသော Past Tense (ပါ့–စ်တင်န်စ်) အတိတ်ကာလ။

(၃) နောင်လာမည့်အချိန်ကာလတွင် ဖြစ်ပျက်ပြုလုပ်မည်ကို ဖော်ပြသော Future Tense (ဖြူး–ချာတင်န်စ်) အနာဂတ်ကာလ ဟု ကာလသုံးမျိုး (အချိန်အခါသုံးမျိုး) ရှိလေသည်။

(၁) ပစ္စုပ္ပန်ကာလ သည်။
(၂) အတိတ်ကာလ ခဲ့သည်၊ လေသည်။
(၃) အနာဂတ်ကာလ လိမ့်မည်၊ မည်၊ မယ်

ဟု ကြိယာ၏ အဆုံးအသံများအားဖြင့် ကာလသုံးမျိုးကို ခွဲခြားသိမြင်နိုင်လေသည်။

၁။ I was a boy. ကျွန်တော်သည် (အရင်က) လူကလေးတစ်ယောက်ဖြစ်ခဲ့သည်။ (အတိတ်)

၂။ I am a man. ကျွန်တော်သည် (ယခု) လူကြီးတစ်ယောက်ဖြစ်သည်။ (ပစ္စုပ္ပန်)

၃။ I shall be an old man. ကျွန်တော်သည် (နောင်အခါ) လူအိုတစ်ယောက်ဖြစ်လိမ့်မည်။ (အနာဂတ်)

1. Fifteen years ago Ma Tin Yee was a baby. လွန်ခဲ့သည့် ၁၅–နှစ်က မတင်ရီသည် သူငယ်မကလေး တစ်ယောက် ဖြစ်ခဲ့သည်။ (အတိတ်)
2. Ma Tin Yee is a school girl now. ယခု မတင်ရီသည် ကျောင်းသူတစ်ယောက်ဖြစ်သည်။
3. Next year Ma Tin Yee will be a teacher. လာမည့်နှစ်တွင် မတင်ရီသည် ကျောင်းဆရာမတစ်ယောက် ဖြစ်လိမ့်မည်။ (အနာဂတ်)

ပစ္စုပ္ပန်၊ အတိတ်နှင့် ကိန်းနှစ်မျိုး

ပစ္စုပ္ပန်နှင့် အတိတ်ကြိယာတို့သည် 'Singular Number /'ဆင်း–ဂ်ျုလာနမ်ဘာ/ ဧကဝုစ်ကိန်းနှင့် 'Plural Number /'ပလွတ်ဝါရယ်နမ်ဘာ/ ဗဟုဝုစ်ကိန်းဟု ကိန်းမျိုးစိရှိကြသည်။

ထို့ကြောင့် ပစ္စုပ္ပန်နှင့် အတိတ်ကြိယာတို့သည် ၎င်းတို့၏ Subject ကတ္တားပုဒ်နှင့် ကိန်းအားဖြင့် တူညီရပေမည်။ တူညီအောင် ပြောဆို ရေးသားရပေမည်၊ ကတ္တားဧကဝုစ်ဖြစ်လျှင် ကြိယာဧကဝုစ် ဖြစ်၍ ကတ္တားဗဟုဝုစ်ဖြစ်လျှင် ကြိယာဗဟုဝုစ်ဖြစ်ရပေမည်။

ပစ္စုပ္ပန်ကြိယာ

ဧကဝုစ် ကတ္တား	ဧကဝုစ်ကြိယာ
ဗဟုဝုစ် ကတ္တား	ဗဟုဝုစ် ကြိယာ

အတိတ်ကြိယာ

ဧကဝုစ် ကတ္တား	ဧကဝုစ် ကြိယာ
ဗဟုဝုစ် ကတ္တား	ဗဟုဝုစ် ကြိယာ

အနာဂတ်ကာလနှင့် 'Person (ဖား–ဆင်န်) သုံးမျိုး

(၁) I နှင့် We ကို First Person "ပထမလူ" ဟုခေါ်၍ အနာဂတ်ကြိယာ Shall ဖြင့် ပြောရရေးရမည်။

မှတ်ချက်။ ။ သို့ရာတွင် ယခုခေတ်သုံး အင်္ဂလိပ်စာတွင်
(က) if, unless, when သမ္ဗန္ဓများဖြင့် ဆက်၍ထားသော ဝါကျများနှင့်-
(ခ) မေးခွန်းဝါကျများ၌သာ I နှင့် We ကို Shall ဖြင့် ကျန်အသုံးပြု၍ အခြားဝါကျများတွင် I နှင့် We ကို Will ဖြင့် အများအပြား ပြောဆိုရေးသားလာကြလေပြီ။ I will, we will ဟုသုံးလျှင် အနာဂတ်အဓိပ္ပာယ်အပြင် ကြံရွယ်ခြင်း၊ ကတိပေးခြင်း၊ အခိုင်အမာ ဆုံးဖြတ်ခြင်း အဓိပ္ပာယ်တို့ပါ ဖော်ပြသည်ဟု မှတ်ယူပါလေ။

(၂) You ကို Second Person "ဒုတိယလူ"ဟုခေါ်၏။

(၃) I, we, you သုံးလုံးမှကြွင်းသော နာမ်ပုဒ်, နာမ်စားပုဒ်အားလုံးကို Third Person "တတိယလူ"ဟုခေါ်သည်။ ၎င်း Second Person နှင့် Third Person နှစ်မျိုးကို အနာဂတ်ကြိယာ will ဖြင့် ရေးရမည်။

၎င်း Second Person နှင့် Third Person ကို Shall ဖြင့် ရေးသောအခါ (၁) ခြိမ်းခြောက်ခြင်း၊ (၂) အမိန့်ပေးခြင်းတို့ကို ဖော်ပြသည်ဟု မှတ်ယူပါ။ ကျောင်းသားများအနေဖြင့် ၎င်းဝါကျမျိုးကို မရေးသားသင့်ပေ။

အနာဂတ်ကြိယာတွင် ကေဝုစ်ကိန်း၊ ဗဟုဝုစ်ကိန်းဟု ကိန်းနှစ်မျိုးမရှိပေ။ ထို့ကြောင့် အနာဂတ်ကြိယာကို ရေးလိုပြောလိုသောအခါ မည်သည့် Person ဖြစ်သည်ကို သတိပြု၍ အောက်ပါဇယားအတိုင်း ရေးရပြောရမည်။

အနာဂတ်ကြိယာ

ကတ္တား	First Person	Shall
ကတ္တား	Other Person	Will

(Second Person နှင့် Third Person မှာ အသုံးတူနေသောကြောင့် ပို၍လွယ်ကူစေရန် Other Person ဟူသော စကားလုံးသစ်ကို တီထွင်အသုံးပြုထားသည်။)

verb	Present Tense	Singular Number	သည်
		Plural Number	ကြသည်
	Past Tense	Singular Number	ခဲ့သည်
		Plural Number	ခဲ့ကြသည်။
	Future Tense	First Person	လိမ့်မည်
		Other Person	လိမ့်မည်

အမှာ

အထက်ပါ ကြိယာဇယားကို သေချာစွာ လေ့လာမှတ်သားပါ။ အောက်တွင်ရေးမည့် ကြိယာဇယားများတွင် အထက်ပါ ဇယားများ ရေးမည် မဟုတ်။ မျဉ်းသုံးကောင်းတွင် ပထမမျဉ်းကို ပစ္စုပ္ပန်ကာလ၊ ဒုတိယမျဉ်းကို အတိတ်ကာလ၊ တတိယမျဉ်းကို အနာဂတ်ကာလဟု နားလည်ထားရမည်။ ထိုနည်းတူ ကေဝုစ် စသည်တို့ကို မရေးထားသော်လည်း အထက်ပါဇယားကို ကြည့်ခြင်းအားဖြင့် အလိုလို နားလည်ပြီးဖြစ်အောင် အထက်ပါဇယားကို သေချာစွာ လေ့လာ မှတ်သားထားပါ။

တွေးတောနိုင်သမျှ ရေးပြောနိုင်ရမည် နည်းသစ်ကြိယာဇယား

နည်းသစ်သဒ္ဒါက ပထမဆုံး စတင်တီထွင်ထားသော ကြိယာဇယားကို သေချာစွာ လေ့လာပါ။ ရှေးဟောင်း ခေတ်ပေါ် အင်္ဂလိပ်သဒ္ဒါကျမ်း အစောင်စောင်တို့ကို စေ့စပ်သေချာစွာ လေ့လာပြီးမှ ကျောင်းသား လူငယ်များ အလွယ်တကူ နားလည်နိုင်အောင် ကိုယ်ပိုင်ဉာဏ် စိတ်ကူးနှင့် လက်တွေ့သင်ပြအောင်မြင်မှု နှစ်ရပ်ပေါင်းစပ်၍ တီတွင်ထားခြင်းဖြစ်သည်။ used to, be able to,

be going to, be have to ဖယားများမှာ High School Grammar, Nesfield Grammar စသော ရှေးဟောင်း သဒ္ဒါကျမ်းကြီးများနှင့် မြန်မာပြည်မှ ထုတ်ဝေသော သဒ္ဒါကျမ်းများတွင် မပါဝင် မတွေ့ဘူးသဖြင့် အင်္ဂလိပ်စာကို အတော်အသင့် သင်ဖူးသူ ကျောင်းသားများပင် အဆန်းထင်ကောင်း ထင်ကြပေမည်။ ၎င်းတို့ကို ခေတ်မီသဒ္ဒါကျမ်းတစ်စောင်ဖြစ်သည့် W.Stanard Allen ရေး Living Englih Structure စာအုပ်မှ ထုတ်နုတ်၍ ထည့်သွင်းထားပါသည်။ be about to, want to, want (ကို) to, let (ကို)၊ make (ကို) ကြိယာဖယားများမှာ ပါဠိသဒ္ဒါမှာလည်းရှိ၊ အင်္ဂလိပ်စာပေ အရေးအသားမှာလည်း ရှိနေသောကြောင့် မည်သည့်သဒ္ဒါကျမ်းတွင်မှ မပါဝင်စေကာမူ အင်္ဂလိပ်စာရေးအရေးအသားမှ ထုတ်နုတ်၍ အကူအညီကြိယာများအဖြစ် နည်းသစ်သဒ္ဒါက ပထမဆုံး ထည့်သွင်းအသုံးပြုလိုက်ပါသည်။ အင်္ဂလိပ်ဘာသာရှိ ဝါကျအားလုံး ထိုကြိယာဖယားတွင် အကြုံးဝင်လာမည်ဖြစ်၍ ထိုကြိယာဖယားကို အလွတ်ရပြီး မျက်စိထဲမြင်နေသည်အထိ အင်္ဂလိပ်နှင့် မြန်မာပူးတွဲ၍ ကျက်မှတ်ထားရမည်။ "လိမ့်မည်"ဆိုလျှင် Shall, Will ၊"ရမည်" ဆိုလျှင် must, "သင့်သည်"ဆိုလျှင် Should, (သွား)ချင်သည်၊ (စား)ချင်သည်ဆိုလျှင် want to, (သွား)ရသည်၊ (စား)ရသည်ဆိုလျှင် have to စသည်ဖြင့် မြန်မာလို ဤအသံပါလျှင် အင်္ဂလိပ်လို မည်သည့် အကူကြိယာဖြစ်သည်ကို ချက်ချင်းခွဲခြားသိရှိအောင် လေ့လာထားပါ။ **"တွေးတောနိုင်သမျှ ရေးပြောနိုင်ရမည်"** ဟူသော နည်းသစ်အင်္ဂလိပ်သဒ္ဒါဆောင်ပုဒ်အတိုင်း အင်္ဂလိပ်စာနှင့် စကားကို မှန်ကန်သွက်လက်စွာ ရေးနိုင်ပြောနိုင်မည်ဟုဆရာအာမခံပါသည်။

မှတ်ချက်။ ။ ၎င်းဖယားပါ အကူကြိယာများ၏ အဓိပ္ပာယ်နှင့် အသုံးပြုပုံကို "တက္ကသိုလ်ကဏ္ဍ"တွင် အကျယ်ရှင်းပြထားပါသည်။ ကြိယာဖယားတွင်ပါသော to ကို ဗျည်းရှေ့တွင် (တာ)၊ သရရှေ့တွင်(တူ)ဟု အသံထွက်ပါ။

နည်းသစ်ကြိယာဇယား

မူလကြိယာ	.....	...သည်
	.....	...ကြသည်
	.....	...ခဲ့သည်
	.....	...ခဲ့ကြသည်
	Shall	...လိမ့်မည်
	will	...လိမ့်မည်
	should...	...ခဲ့လိမ့်မည်
	would...	...ခဲ့လိမ့်မည်
	may...	...လုပ်ချင်လုပ်နိုင်သည်
	might...	...လုပ်ချင်လုပ်နိုင်ခဲ့သည်
	can...	...နိုင်သည်
	could...	...နိုင်ခဲ့သည်
	must...	...ရမည်
	should...	...သင့်သည်
	ought to... /အော့-တာ/	...သင့်သည်
	dsed to... /ယု-စတာ/	...လေ့ရှိခဲ့သည်
Be able to နိုင်သည်	(am) is able to...	...နိုင်သည်
	are able to...	...နိုင်ကြသည်
	was able to...	...နိုင်ခဲ့သည်
	were able to...	...နိုင်ခဲ့ကြသည်
	Shall be able to...	...နိုင်မည်
	will be able to...	...နိုင်လိမ့်မည်

Be about to တော့မလို့	(am) is about to...	...တော့မလို့
	are about to...	...ကြတော့မလို့
	was about to...	...ခဲ့တော့မလို့
	were about to...	...ခဲ့ကြတော့မလို့
	အနာဂတ်မရှိ	
Be going to လိမ့်မည်	(am) is going to...	...လိမ့်မည်
	are going to...	...ကြလိမ့်မည်
	was going to...	...ခဲ့လိမ့်မည်
	were going to...	...ခဲ့ကြလိမ့်မည်
	အနာဂတ်မရှိ	
Be to ရမည်၊ရန်ရှိသည်	(am) is to...	...ရမည်
	are to...	...ကြရမည်
	was to...	...ခဲ့ရမည်
	were to...	...ခဲ့ကြရမည်
	အနာဂတ်မရှိ	
Have to ရသည်	has to...	...ရသည်
	have to...	...ကြရသည်
	had to...	...ခဲ့ရသည်
	had to...	...ခဲ့ကြရသည်
	have to...	...ရလိမ့်မည်
	have to...	...ရလိမ့်မည်

Want to ချင်သည်	wants to...	...ချင်သည်
	want to...	...ချင်ကြသည်
	wanted to...	...ချင်ခဲ့သည်
	wanted to...	...ချင်ခဲ့ကြသည်
	Shall want to...	...ချင်လိမ့်မည်
	will want to...	...ချင်လိမ့်မည်

Want (ကို) to စေချင်သည်	wants (ကို) to...	...စေချင်သည်
	want (ကို) to...	...စေချင်ကြသည်
	wanted (ကို) to...	...စေချင်ခဲ့သည်
	wanted (ကို) to...	...စေချင်ခဲ့ကြသည်
	Shall want (ကို) to...	...စေချင်လိမ့်မည်
	will want (ကို) to...	...စေချင်လိမ့်မည်

Let (ကို) ခိုင်းသည် ခွင့်ပေးသည်	lets (ကို) to...	...ခိုင်းသည် ခွင့်ပြုသည်
	let (ကို) to...	...ခိုင်းကြသည်
	let (ကို) to...	...ခိုင်းခဲ့သည်
	let (ကို) to...	...ခိုင်းခဲ့ကြသည်
	Shall let (ကို) to...	...ခိုင်းမည်
	will let (ကို) to...	...ခိုင်းမည်၊ ခွင့်ပြုမည်

Make (ကို) ခိုင်းသည် စေသည်	makes (ကို) ...	...ခိုင်းသည်
	make (ကို) ...	...ခိုင်းကြသည်
	made (ကို) ...	...ခိုင်းခဲ့သည်
	made (ကို) ...	...ခိုင်းခဲ့ကြသည်
	Shall make (ကို) ...	...ခိုင်းမည်
	will make (ကို) ...	...ခိုင်းမည်

Seem to ဟန်ရှိသည် ပုံပေါ်သည် ပုံရသည်	seems to...	...ဟန်ရှိသည် ပုံပေါ်သည်
	seem to...	...ကြဟန်ရှိသည် ကြပုံရသည်
	seemed to...	...ခဲ့ပုံပေါ်သည်
	seemed to...	...ခဲ့ကြပုံပေါ်သည်
	အနာဂတ်မရှိ	
Make (ကို) သော အောင် လုပ်သည်	makes (ကို)သော	...လိမ်မာအောင် လုပ်သည်
	make (ကို)သော	...လုပ်စေကြသည်
	made (ကို)သော	...လုပ်ခဲ့သည်
	made (ကို)သော	...လုပ်ခဲ့ကြသည်
	Shall make (ကို)သော	...လုပ်မည်
	will make (ကို)သော	...လုပ်မည်

မှတ်ချက်။ ။ ဇယားတွင်ပါသော "ကို" ဆိုသည့် နေရာတွင် Object(ခေါ်) ကံပုဒ် (ကို–ဆုံးသောနာမ်, နာမ်စားပုဒ်) တစ်ခုရေးထည့်ရမည်ဟု ဆိုလိုပါသည်။

He wants me to go. သူက ငါ့ကို သွားစေချင်သည်။

He makes her come. သူက သူမကို လာခိုင်းသည်။

Can, Could, May, Might အထူး

နိုင်သည်၊ နိုင်ခဲ့သည်ဟု မြန်မာအသံတွင် အတူတူဖြစ်နေသော်လည်း အဓိပ္ပာယ်အားဖြင့် ခြားနားမှုရှိလေသည်။

(1) **(A) You may learn English.**

သင် အင်္ဂလိပ်စာသင်ချင်လျှင် သင်နိုင်ပြီ၊ သင်ချင်လျှင် သင်

တော့ဟု ခွင့်ပြုခြင်း (Per'mission) ကို ဖော်ပြလိုသော အခါ၌လည်းကောင်း၊

(B) You may pass the exam.

သင် စာမေးပွဲအောင်ချင်အောင်မည်၊ အောင်မယ်ဆို အောင်နိုင်သည်ဟု မသေမချာ ခန့်မှန်းချက်။ ('Possibility) ကို ဖော်ပြလိုသော အခါ၌ လည်းကောင်း၊ may နှင့် might ကို သုံးရမည်။

(2) Ma Tin Yee can read English papers. မတင်ရီသည်အင်္ဂလိပ်သတင်းစာကို ဖတ်နိုင်သည်ဟု စွမ်းရည်သတ္တိ (Ability သို့မဟုတ် Capacity) ကို ဖော်ပြလိုသောအခါ can နှင့် could ကို သုံးရမည်။ may နှင့် might ကို အထက်ပါအတိုင်း အရပ်သုံးစကားဖြင့် ဘာသာပြန်လျှင် ပို၍ ရှင်းလင်းလွယ်ကူသည့်ပြင် can, could နှင့်လည်း လွယ်ကူစွာ ခြားနားနိုင်ပေသည်။

Should နှင့် Would

(က) Future-in-the past အတိတ်ကာလက ပြောခဲ့သော အနာဂတ်ကြိယာကို ပြန်လည်ပြောဆို ရေးသားသောအခါသုံးရသည်။ (Indirect Speech အခန်းတွင်ကြည့်ပါ။)

(ခ) မဖြစ်သေးသည်ကို စိတ်ကူးယဉ်ကြည့်သောအခါ၌လည်း သုံးရသည်။ (Conditional and Unreal Past အခန်းတွင်ကြည့်။)

Used to နှင့် Habitual Present

(က) လွန်ခဲ့သော အတိတ်ကာလတွင် အလေ့အထဖြစ်ခဲ့၍ ယခု ထိုအလေ့အထမရှိတော့ကြောင်း ပြောလိုသောအခါ Used to /ယု–စ်တာ/ ကို သုံးရသည်။ (အသံထွက်သတိပြု)

Last year I used to go to Shwedagon on every Sunday. မနှစ်က ကျွန်တော်သည် တနင်္ဂနွေနေ့တိုင်း ရွှေတိဂုံဘုရားသို့ သွားလေ့ရှိခဲ့သည်။ (သို့ရာတွင် ယခုနှစ်တော့ မသွားနိုင်တော့ဟု ဆိုလို[illegible]သည်။) ယခုတိုင်ရှိနေသော အလေ့အထကို Simple present

ခေါ် ရိုးရိုးကြိယာဖြင့်သာ ရေးရမည်။ Ha'bitual Present ဟ'ဘစ်–ချွတ်ဝယ်လ်ပ'ရဲ–ဇင်န်ထ်ဟု ခေါ်၏။

I go to Shwedagon on every Sunday.

ကျွန်ုပ် တနင်္ဂနွေနေ့တိုင်း ရွှေတိဂုံကိုသွားသည်။

Be going to

"လိမ့်မည်"ဟု မြန်မာပြန်သော်လည်း shall နှင့် will ကဲ့သို့ အနာဂတ်ရိုးရိုး မဟုတ်ပေ။

(က) လူကတ္တားဖြစ်လျှင် ကြံရွယ်ချက်နှင့် သေချာမှု အဓိပ္ပာယ် In'tention and 'certainty (အင်'တင်းရှင်နှင့် ဆား–တင်န်တီ) ကိုလည်း ဖော်ပြနိုင်သည်။

I am going to learn English.

ကျွန်ုပ်သည် အင်္ဂလိပ်စာ သင်မည်စိတ်ကူးသည်။ (ကြံရွယ်ချက်)

ကျွန်ုပ်သည် အင်္ဂလိပ်စာသင်မှာ သေချာသည်။ (သေချာမှု)

(က) အရာဝတ္ထုက ကတ္တားဖြစ်လျှင် မုချကေန် မလွဲမသွေ ဖြစ်မည့် Probability (ပရောဗာ'ဗစ်–လတီ) သို့မဟုတ် Inevita'bility (အင်အက်ဗီတာ'ဗစ်–လတီ) အဓိပ္ပာယ်ရှိသည်။

It is going to rain.

မိုးသည် မလွဲကေန်ရွာလိမ့်မည်၊ ရွာမှာသေချာသည်။

The sun is going to shine in a minute.

နေသည် တစ်မိနစ်အတွင်း မုချကေန် သာလိမ့်မည်။

သာမှာ သေချာသည်။

Be to

Be to အကူကြိယာသည် must နှင့် အဓိပ္ပာယ်အားဖြင့် အတူတူဖြစ်၍ အတိအကျ အမိန့်ပေးလိုသောအခါ၊ ညွှန်ကြားလိုသောအခါနှင့် တားမြစ်ပိတ်ပင်လိုသောအခါ သုံးရမည်။ must သာ အသုံးများ၍ Be to မှာ အသုံးအလွန်နဲလေသည်။

All Junior officers are to report to the colonel at once. (Military order)

အောက်တန်းအရာရှိများသည် ကာနယ်များထံသို့ ချက်ချင်း သတင်းပို့ကြရမည်။

Must နှင့် Have to အထူး

"Must" expresses obligation or compulsion from the speaker's view point.

"Have to" Expresses external obligation.

Living English Structure

ပြောသောသူ၏ အမိန့်ဆန္ဒပါလျှင် mustကိုသုံး၍ မလုပ်မဖြစ် မလွှဲသာမရှောင်သာသော ပြင်ပအခြေအနေတစ်ခုကြောင့် တာဝန်ရှိ၍ လုပ်ရသောအခါ have to ကို သုံးရသည်။ must ကို "ရမည်"၊ have to ကို "ရသည်")ဟု ဘာသာပြန်ခြင်းအားဖြင့် နည်းသစ် သဒ္ဒါကျမ်းတွင်အလိုလို ကွဲပြားခြားနားပြီး ဖြစ်နေသည်။

Ma Tin Yee must cook the rice.
မတင်ရီသည် ထမင်းချက်ရမည်။ (အခြား လူတစ်ယောက်က အမိန့်ပေးခိုင်းသည်။)

Ma Tin Yee has to cook the rice.
မတင်ရီသည် ထမင်းချက်ရသည်။ (မည်သူမျှမခိုင်း၊ အခြားချက် မည့်သူများမရှိ၊ ထမင်းချက်ရန် သူ့တာဝန်ဖြစ်လာ၍ ချက်ရသည်။)

Want to နှင့် Want (ကို) to

သွားချင်သည်၊ စားချင်သည်၊ သင်ချင်သည်၊ သွားစေချင် သည်၊ စားစေချင်သည်၊ သင်စေချင်သည် စသည်ဖြင့် မြန်မာနှင့် အင်္ဂလိပ်နှစ်မျိုးလုံးတွင် အလွန်အသုံးများသောကြောင့် ပါဠိသဒ္ဒါကျမ်း လာ "တုမိစ္ဆတ္ထ" ကြိယာကိုမှီး၍ အင်္ဂလိပ် စာပေအရေးအသားမှ ထုတ်နုတ်စိစစ် ထည့်သွင်းထားသည်။ Wants to, want(ကို) to

သုံးရမည့်နေရာတွင် စကားပြောရာ၌ပိုမိုယဉ်ကျေးစေရန် Would like to, should like to တို့ကို သုံးစွဲပြောဆိုကြလေသည်။ should, wouldပါသော်လည်း အတိတ်မဟုတ်၊ ပစ္စုပ္ပန်ဖြစ်သည်။

is willing to, are willing to တို့ကိုလည်း Want to အစားသုံးနိုင်ပေသည်။

I want to explain to you. (မှန်သည်)

I should like to explain to you. (ပို၍ယဉ်ကျေးသည်)

I am willing to explain to you. (မှန်သည်)

Make နှင့် Let အထူး

မူလက လုပ်ချင်နေသော အလုပ်တစ်ခုကို ကြီးကဲသူတို့က လိုက်လျောခွင့်ပေးသောအခါ let ဖြင့် ရေးရပြောရသည်။

My mother lets me go to cinema.

The teacher lets me go back home.

ကျွန်တော် ရုပ်ရှင်ကြည့်ချင်တာကို အမေကကြည့်ခွင့်ပေးသည်။

ကျွန်တော်အိမ်ပြန်ချင်တာကို ဆရာက ပြန်ခွင့်ပေးသည်။ ပြန်ခိုင်းသည်၊ ပြန်ခွင့်ပေးသည်ဟု နှစ်မျိုး မြန်မာပြန်ဆိုနိုင်သည်။

တစ်စုံတစ်ယောက်က လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည် ဖြစ်စေ၊ အတင်းအကြပ်အာဏာဖြင့် စေခိုင်းသောအခါ၊ တိုက်တွန်း တောင်းပန်သောအခါ make ဖြင့် ရေးရပြောရမည်။

My mother makes me go to school.

ကျွန်တော့်အမေက ကျွန်တော့်ကို ကျောင်းသွားခိုင်းသည်။

My sister makes me by a comb.

ကျွန်တော့်နမက ကျွန်တော့်ကို ဘီးတစ်ချောင်းဝယ်ခိုင်းသည်။

Should သင့်

Should ကို "ခဲ့လိမ့်မည်" အဓိပ္ပာယ်သုံးသောအခါ I, We ဖြင့်သာ သုံးရမည်။

I (We) should come.

ကျွန်တော် (တို့) လာခဲ့လိမ့်မည်။

Should "သင့်သည်၊ ထိုက်သည်" အဓိပ္ပာယ်ဖြင့် သုံးသောအခါ ကတ္တားအားလုံးဖြင့် ပြောရေးရမည်။

I (He, She) should come.

ကျွန်ုပ်, (သူ, သူမ) လာသင့်သည်။

ကြိယာ (၇) မျိုး

1. Verb to be — ရှိဖြစ်ကြိယာ
2. Verb to have — မှာရှိကြိယာ
3. Adjective Verb — နာမဝိသေသနကြိယာ
4. Simpe Verb — သာမညကြိယာ
5. Continuous Verb — နေကြိယာ
6. Perfect Verb — ပြီးကြိယာ
7. Perfect Continusous Verb — လုပ်ခဲ့-လုပ်နေကြိယာ

ဒုတိယပိုင်း ဝါကျအခန်းတွင် အထက်ပါကြိယာ ၇ မျိုးကို ပြခဲ့သော ကြိယာဇယားတွင်သွင်း၍ ဝါကျရေးသော နည်းများကို အစဉ်အတိုင်း ပြသွားပါမည်။

ဒုတိယပိုင်း

Syntax = ဝါကျဖွဲ့ထုံး

Sentence = ဝါကျ

အဓိပ္ပာယ်ပြည့်စုံအောင် ပြောဆိုသော စကားတစ်ရပ် ရေးသားသော စာတစ်ပိုဒ်ကို 'Sentence ('ဆင်း-န်တင်န်စ်) ဝါကျဟုခေါ်သည်။

ပုံစံ- 1. Sit down. =ထိုင်ပါ

2. go to school. =ကျောင်းကိုသွားပါ

3. Who is he? =သူဘယ်သူလဲ

4. I am a boy. =ကျွန်ုပ်လူကလေးတစ်ယောက်ဖြစ်၏။

5. She did not sleep. =သူမ မအိပ်ချေ။

မှတ်ချက်။ ။ ဝါကျသည် တိုသည်၊ ရှည်သည်၊ စာလုံးရေနဲသည်၊ များသည်မှာ အဓိကမဟုတ်၊ ဆိုလိုရင်းအဓိပ္ပာယ် တစ်ရပ်ကို ပြည့်စုံစွာ ဖော်ပြနိုင်မှုသာ အဓိက ဖြစ်သည်။

ဝါကျသုံးမျိုး

အင်္ဂလိပ်ဘာသာတွင် ဝါကျသုံးမျိုးရှိသည်။ ၎င်းတို့မှာ–
၁။ 'Simple "Sentence ('ဆင်း–မ်ပယ်လ်ဆင်း–န်တင်န်စ်)

၂။ 'Compound 'Sentence('ကွ–န်းမ်ပေါင်န်ဒ်'ဆင်း–န်တင်န်စ်)

၃။ 'Complex Sentence ('ကွန်မ်ပလက်–က်စ်'ဆင်း–န်တင်န်စ်)

ရှေးအခါက ၁။ ရိုးရိုးဝါ၊ ၂။ သမာသဝါကျ၊ ၃။ မိဿကဝါကျဟု ပါဠိအမည်များဖြင့် ခေါ်ကြ၏။ အောက်စီဂျင်၊ နိုက်ထရိုဂျင်စသည့် ဝေါဟာရများကဲ့သို့ အသံထွက်တိုင်း လိုက်၍ခေါ်ခြင်းက ပို၍ရှင်းလင်း လွယ်ကူလေသည်။ ထို့ကြောင့် ပါဠိအမည်များကို မရေးဘဲ ချန်ထားခဲ့ ပေသည်။ Compound နှင့် Complex ဝါကျများ၏ အဓိပ္ပာယ်နှင့် ရေးသားနည်းများကို ဆိုင်ရာအခန်းရောက်မှပြမည်။ ဤ**အခန်း**တွင် Simple Sentence ၏ အဓိပ္ပာယ်နှင့် ရေးသားနည်းများကိုသာ ဖော်ပြသွားမည်။

Simple Sentence = ရိုးရိုးဝါကျအခန်း

ကတ္တား (Subject) တစ်ခုနှင့် လိုရင်းပဓာနကြိယာ တစ်ခု ပါရှိသော ဝါကျကို Simple Sentence (ဆင်း–မ်ပယ်လ်ဆင်း– န်တင်န်စ်) ရိုးရိုးဝါကျဟု ခေါ်သည်။

ပုံစံ– Mg Khin is a boy.
မောင်ခင်သည် လူကလေးတစ်ယောက်ဖြစ်သည်။
Ma Tin Yee is helping her teacher.
မတင်ရီသည် သူ့ဆရာကို ကူညီနေသည်။

အထူးမှတ်သားရန်

၁။ ဝါကျတိုင်းတွင် အစအဆုံး အက္ခရာတစ်လုံးကို 'Capital 'letter /'ကက်–ပီတယ်လ်'လက်–တာ/ ခေါ် စာလုံးကြီးဖြင့်စ၍ ရေးရမည်။

၂။ မေးခွန်းဝါကျများကို 'Question mark /'ကွက်ရှင်–စ်ချင်န် မာ့ခ်/ ခေါ် မေးခွန်းအမှတ် (?) ဖြင့် အဆုံးသတ်ရမည်။

၃။ မေးခွန်းမဟုတ်သော ဝါကျများကို Fullstop /ဖွတ်လ် စတော့ပ်/ခေါ် (.) အမှတ်ဖြင့် အဆုံးသတ်ရမည်။

၄။ I ကျွန်ုပ်ဟူသောပုဒ်ကို အမြဲတမ်း စာလုံးကြီးဖြင့် ရေးရမည်။ ၎င်း I ကို

(က) "ရှိဖြစ်ကြိယာ" များဖြင့်ရေးသောအခါ ကေဝုစ်ကြိယာဖြင့် ရေးရမည်။

(ခ) အခြားကြိယာများဖြင့် ရေးသောအခါ ဗဟုဝုစ်ကြိယာဖြင့် ရေးရမည်။

ဥပမာ

I am a boy. (အနဲ)
I was a boy. (အနဲ)
I have a book. (အများ)
I go to school. (အများ)

၅။ You ဆိုသောပုဒ်သည် "သင်သည်" "သင်တို့သည်"ဟု ဧကဝုစ်ကိန်း၊ ဗဟုဝုစ်ကိန်း နှစ်မျိုးဖြစ်နိုင်သည်၊ သို့ရာတွင် ၎င်း You ကို အမြဲတမ်း ဗဟုဝုစ်ကြိယာဖြင့်သာ ရေးရမည်။

ဥပမာ

You are a boy.
သင်သည် လူကလေးတစ်ယောက်ဖြစ်သည်။
You are boys.
သင်တို့သည် လူကလေးများဖြစ်ကြသည်။

သဒ္ဒါဟောင်းများဝါကျဖွဲ့ထုံး
Subject and Predicate
ကတ္တားနှင့်ဝါစက

အမိန့်ပေးဝါကျနှင့် တောင်းပန်ဝါကျမှတပါး ဝါကျတိုင်းတွင် Subject ခေါ် "ကတ္တား"နှင့် Predicate ခေါ် "ဝါစက" ဟု အပိုင်းနှစ်ပိုင်းစီ ပါဝင်သည်။

၁။ ဝါကျတစ်ခုတွင် "သည်, က, ဟာ"ဆုံးသော နာမ်ပုဒ်၊ နာမ်စားပုဒ်များကို Subject ကတ္တားဟုခေါ်သည်။

၂။ ဝါကျတစ်ခုတွင် "သည်, ၏, မည်, ပြီ"ဆုံးသော ကတ္တာပုဒ်မှတပါး ဝါကျအတွင်းရှိ ကျန်ပုဒ်အားလုံးကို Predicate ဝါစကဟုခေါ်သည်။

1. <u>This</u> <u>is a book</u>. ဤဟာ စာအုပ်တစ်အုပ်ဖြစ်သည်။
   S P

2. <u>Ma Khin</u> <u>gets up early in the morning.</u>
   S P

   မောင်ခင်သည် မနက်အစောကြီး အိပ်ရာမှထသည်။

အမှာ။ ။ ဤကတ္တားဝါစကအခွဲမှာ အင်္ဂလိပ်စာ မှန်မှန်ရေးနိုင်မှုအတွက် အကျိုးမများလှပါ။ စာအုပ်တိုင်းကရေး၍ ဆရာတိုင်းက ပြနေသေကြောင့်သာ အမြွက်မျှရေးသားဖော်ပြလိုက်သည်။ အင်္ဂလိပ်စာ မှန်မှန်ရေးနိုင်မှုအတွက် တကယ်လိုအပ်သော S.V.C.P.T., S.V.O.M.P.T. ဟူသော အခြေခံဝါကျဖွဲ့ထုံးနှစ်မျိုးကို ကြိယာဇယားအသီးသီးတွင်ပုံစံများ မူသေနည်းများဖြင့် ခွဲပြထားပါသည်။

(၁) Verb to be = ရှိဖြစ်ကြိယာ

ရှိသည်၊ ရှိလိမ့်မည်၊ ရှိရမည်၊ ဖြစ်သည်၊ ဖြစ်လိမ့်မည်၊ ဖြစ်ရမည် စသဖြင့် မြန်မာဘာသာ၌ "ရှိ"ဆိုသော "ဖြစ်"ဆိုသော အသံပါရှိသည့်ကြိယာကို Verb to be ရှိ-ဖြစ်ကြိယာဟုခေါ်သည်။

ရှိ-ဖြစ်ကြိယာဓာယား

အခြေခံကျောင်းသားများအတွက်

am /အင်မ်/ အဲင်း-မ်/ ဖြစ်သည်။
is /အစ်ဇ်/ ဖြစ်သည်။
are /အာ(ရ်)/ အား(ရ်)/ ဖြစ်ကြသည်။

was /ဝေါ့-ဇ်/ ဝေါ့-ဇ်/ ဖြစ်ခဲ့သည်။
were /ဝါ(ရ်)/ ဝါး>—(ရ်)/ ဖြစ်ခဲ့ကြသည်။

shall be /ရှယ်လ်/ ရှဲလ်ဘီ/ ဖြစ်လိမ့်မည်။
'll be, will be /,လ်ဘီ/ ဝစ်လ်ဘီ/ ဖြစ်လိမ့်မည်။

မှတ်ချက်။ ။ ရှေ့သံ သံပြော့ (weak form) Statement အဖြေနှင့် Wh-Question များမှာ ထွက်ရန်၊ နောက်သံ-သံမာ (Strong form) Yes-No-Question, or-Question, Tag-Question နှင့် Short answer မှာထွက်ရန်။

အခြေခံရပြီးသူများအတွက်

should be /ရှက်ဒ်,ရှွတ်ဒ်/ ဖြစ်ခဲ့လိမ့်မည်။
would be /အက်ဒ်/ဝတ်-ဒ်/ ဖြစ်ခဲ့လိမ့်မည်။
may be /မေ/ ဖြစ်ချင်ဖြစ်နိုင်သည်။
might be /မိုက်ထ်/ ဖြစ်ချင်ဖြစ်နိုင်ခဲ့သည်၊
can be /ခင်န်-ခဲင်း-န်/ ဖြစ်နိုင်သည်။
could be /ခွတ်ဒ်,ခွတ်-ဒ်/ ဖြစ်နိုင်ခဲ့သည်။
must be /မာ-စ်ထ်,မတ်စ်ထ်/ ဖြစ်ရမည်။
should be /ရှက်/ ရှွတ်-ဒ်/ ဖြစ်သင့်သည်။
ought to be /အော့-တာ/ ဖြစ်သင့်သည်။
used to be /ယု-စတာ/ ဖြစ်လေ့ရှိခဲ့သည်။

is (am) able to be /'အေး-ဘယ်လ်တာဘီ/	ဖြစ်နိုင်သည်
are able to be	ဖြစ်နိုင်ကြမည်
was able to be	ဖြစ်နိုင်ခဲ့သည်
were able to be	ဖြစ်နိုင်ခဲ့ကြသည်
shall be able to be	ဖြစ်နိုင်လိမ့်မည်။
will be able to be	ဖြစ်နိုင်လိမ့်မည်။

is (am) about to be /အ'ဘောက်-တာဘီ/	ဖြစ်တော့မလို့
are about to be	ဖြစ်ကြတော့မလို့
was about to be	ဖြစ်ခဲ့တော့မလို့
were about to be	ဖြစ်ခဲ့ကြတော့မလို့
အနာဂတ်မရှိ	

is (am) going to be /ဂိုး-ဝင်-င်တာဘီ/	ဖြစ်လိမ့်မည်
are going to be	ဖြစ်ကြလိမ့်မည်
was going to be	ဖြစ်ခဲ့လိမ့်မည်
were going to be	ဖြစ်ခဲ့ကြလိမ့်မည်
အနာဂတ်မရှိ	

has to be /ဟက်စ်တာဘီ/	ဖြစ်ရသည်
have to be	ဖြစ်ကြရသည်
had to be	ဖြစ်ခဲ့ရသည်
had to be	ဖြစ်ခဲ့ကြရသည်
shall have to be	ဖြစ်ရလိမ့်မည်
will have to be	ဖြစ်ရလိမ့်မည်

wants to be /ဝန်နန်ထိစတာဘီ/	ဖြစ်ချင်သည်
want to be	ဖြစ်ချင်ကြသည်
wanted to be	ဖြစ်ချင်ခဲ့သည်
wanted to be	ဖြစ်ချင်ခဲ့ကြသည်
shall want to be	ဖြစ်ချင်လိမ့်မည်
will want to be	ဖြစ်ချင်ကြလိမ့်မည်

wants (ကို) to be	ဖြစ်စေချင်သည်
want (ကို) to be	ဖြစ်စေချင်ကြသည်
wanted (ကို) to be	ဖြစ်စေချင်ခဲ့သည်
wanted (ကို) to be	ဖြစ်စေချင်ခဲ့ကြသည်
shall want (ကို) to be	ဖြစ်စေချင်လိမ့်မည်
will want (ကို) to be	ဖြစ်စေချင်ကြလိမ့်မည်

seems to be	ဖြစ်ပုံပေါ်သည်၊ ရှိပုံပေါ်သည်
seem to be	ဖြစ်ပုံ/ရှိပုံပေါ်ကြသည်
seemed to be	ဖြစ်ပုံပေါ်ခဲ့သည်
seemed to be	ဖြစ်ပုံပေါ်ခဲ့ကြသည်
အနာဂတ်မရှိ	

Verb to be အသုံး ၂ မျိုး

Verb to be ကြိယာများကို "ဖြစ်သည်" "ရှိသည်" "ဖြစ်ကြသည်" "ရှိကြသည်"ဟု အဓိပ္ပာယ်နှစ်မျိုးစီ ပြန်နိုင်သည်။ အဓိပ္ပာယ် နှစ်မျိုးရှိသကဲ့သို့ ဝါကျတည်ဆောက်ရေးသားပုံလည်း နှစ်မျိုးပင်ရှိလေသည်။

၁။ "ဖြစ်သည်" ဟူသော အဓိပ္ပာယ်ဖြင့် သုံးသောအခါ Subject

+ Verb + Complement ကတ္တားပထမ၊ ဖြစ်ကြိယာဒုတိယ၊ ဖြည့်ပုဒ်တတိယ SVC အစဉ်အတိုင်းထား၍ ရေးရမည်။

ပုံစံ

Subject ကတ္တား	Verb ကြိယာ	Complement ဖြည့်ပုဒ်
He သူသည်	is ဖြစ်သည်	a boy လူကလေးတစ်ယောက်
You သင်သည်	are ဖြစ်သည်	a girl မိန်းကလေးတစ်ယောက်
I ကျွန်ုပ်သည်	was ဖြစ်ခဲ့သည်	a teacher ဆရာတစ်ယောက်

၂။ "ရှိသည်"ဟူသော အဓိပ္ပာယ်ဖြင့် သုံးသောအခါ

(က) the, this, that, these, those ပါသောကတ္တား

(ခ) my, our, your, his, her, their ပါသော ကတ္တား

(ဂ) I, we, you, he, she, it, they နာမ်စားကတ္တားများကို Subject+Verb+Place ကတ္တားပထမ၊ ရှိကြိယာဒုတိယ၊ နေရာတတိယ SVP အစီအစဉ်အတိုင်းထား၍ ရေးရမည်။

ပုံစံ

Subject ကတ္တား	Verb ကြိယာ	Complement ဖြည့်ပုဒ်
The boy လူကလေး	was ရှိခဲ့သည်	here ဤနေရာမှာ
My book ကျွန်ုပ်စာအုပ်	is ရှိသည်	on the table စားပွဲပေါ်မှာ
You သင်တို့သည်	are ရှိကြသည်	in the class အတန်းထဲမှာ

မှတ်ချက်။ ။ (၁) အထက်ပါဇယားများတွင်အင်္ဂလိပ်နှင့် မြန်မာဝါကျအနေခြားမှန်းသိရှိနိုင်ရန် အင်္ဂလိပ်ဝါကျအနေအတိုင်း သူသည် ဖြစ်ခဲ့သည်။ လူကလေးတစ်ယောက်၊ သင်တို့သည် ရှိကြသည်၊ အတန်းထဲမှာဟု ဘာသာပြန်ပြထား၏။ အမှန်မှာ သူသည် လူကလေးတစ်ယောက် ဖြစ်သည်၊ သင်တို့သည် အတန်းထဲမှာရှိကြသည်ဟု မြန်မာဘာသာပြန်ဆိုရမည်ကို သတိပြုပါ။

(၂) စာမျက်နှာ (   )ရှိ There is, There are ဖွဲ့ထုံးနှင့် ယှဉ်လေ့လာပါ။

Time = အချိန်

Time Adverb = အချိန်ပြကြိယာဝိသေသနနှင့်
Time Adverb Phrase = အချိန်ပြကြိယာဝိသေသနစုများကို
(က) ဝါကျ၏ ရှေ့ဆုံးမှာဖြစ်စေ၊
(ခ) ဝါကျ၏နောက်ဆုံးမှာဖြစ်စေ၊
ထား၍ရေးရ၏။ ဝါကျ၏အလယ်တွင်ထား၍ မည်သည့်အခါမျှ မရေးရ။ (နောက်ဆုံးမှာ အထားများ၏။)

1. Next year you will be a teacher. (T.S.V.C)
   T S V C
2. You will be a teacher next year. (S.V.C.T)
   S V C T
   နောင်နှစ်တွင် သင်သည် ကျောင်းဆရာတစ်ယောက်ဖြစ်မည်။
3. Yesterday he was in the class. (T.S.V.P)
   T S V P
4. He was in the class yesterday. (S.V.P.T)
   S V P T
   မနေ့က သူသည် အတန်းထဲမှာ ရှိခဲ့သည်။

Contracted Verb Forms

စကားပြောကြိယာ ချုံ့–ပုံစံများ

အင်္ဂလိပ် အမေရိကန်တို့သည် စကားပြောသောအခါ ကြိယာအချို့မှ အက္ခရာများကိုဖြုတ်၍အပေါ့စထရာဖီ (–') စာလုံးမြှုတ်သင်္ကေတပြပြီး ရှေ့က ကဗ္ဗာနှင့် ဆက်ပြောကြသည်။ ၎င်းကို Contracted verb form = ချုံ့ကြိယာပုံစံဟုခေါ်သည်။

အရေးပုံသဏ္ဍာန်ပြောင်းသကဲ့သို့ အသံထွက်လည်း သိသိသာသာပြောင်းသဖြင့် အောက်ပါချုံ့ကြိယာပုံစံများ အသံထွက်ကို ကျက်မှတ်ပါ။ နမူနာဝါကျပုံစံများကို အရေးပုံသဏ္ဍာန်ဖြင့်သာပြထားသော်လည်း ချုံ့ကြိယာဖြစ်နိုင်သော ဝါကျများကို ချုံ့ကြိယာပုံစံများပြောင်းရေး၍ ချုံ့ကြိယာအသံထွက်ဖြင့် စကားပြောလေ့ကျင့်ပါ။ (Spoken English Short **answer** တွင် ချုံ့ကြိယာပုံစံဖြင့် မဖြေရပါ။ Falling Intonation ကျသံလေယူလေသိမ်းလုပ်၍မရသောကြောင့် ဖြစ်ပါသည်။

Full Verb	**Contr-Verb**	**Pronunciation**
I am	I'm	အိုင်းမ်
we are	we're	ဝီယာ(ရ်)
you are	you're	ယွတ်ဝါ(ရ်)
He is	He's	ဟီ(ခ်)
She is	She's	ရှီ(ခ်)
They are	They're	သဲ့–ယာ(ရ်)
It is	It's	အက်ထ်စ်
That is	That's	သက်ထ်စ်
What is	What's	ဝေါ့–ထ်စ်/ဝှာ့–ထ်စ် US
He has	He's	ဟီ(ခ်)
She has	She's	ရှီ(ခ်)
I have	I've	အိုင်ဗ့်
We have	We've	ဝီ–ဗ့်

You had/should	you'd	ယူ–ဒ် (should had ချုံ့)
I will	I'll	အိုင်–လ်
They will	They'll	သေးလ်

Intonation Formula

လေယူလေသိမ်းပုံသေနည်း

S V C T ဖွဲ့ထုံးဝါကျများကို စကားပြောသောအခါ စကားပြောပုံစံနှင့်ရေးသောအခါ Contracted Verb ချုံ့ကြိယာပုံစံများဖြင့် ရေးပြောရမည်။ Affirmative statement = ထုတ်ဖော်ဝါကျများကို 2 3 1 Falling Intonation = ကျသံလေယူလေသိမ်းဖြင့် ပြောရမည်။

1. I'm a teacher.
2. My father's a farmer.
3. You're students.
4. I was a boy ten years ago.
5. You were children last year.
6. We'll be men next ten years.
7. Ma Tin Yee will be a teacher next year.

(ဖြစ်) အဓိပ္ပာယ်နှင့် SVCT ပုံစံများ
အခြေခံကျောင်းသားများအတွက်ရိုးရိုး(ဖြစ်)ကြိယာပုံစံများ

1. I am a teacher.
   ကျွန်တော်သည် ဆရာတစ်ယောက်ဖြစ်သည်။
2. My father is a farmer.
   ကျွန်ုပ်၏အဖေသည် လယ်သမားဖြစ်သည်။

3. You are students.
သင်တို့သည် ကျောင်းသားများ ဖြစ်ကြသည်။
4. I was a boy ten-years ago.
ကျွန်တော်သည် လွန်ခဲ့သော ၁၀–နှစ်က လူကလေးတစ်ယောက် ဖြစ်ခဲ့သည်။
5. You were children last year.
သင်တို့သည် မနှစ်က ကလေးများဖြစ်ခဲ့ကြသည်။
6. We shall be men next ten-years.
ကျွန်ုပ်တို့သည် နောင်လာမည့် ၁၀–နှစ်တွင် လူကြီးများဖြစ်ကြလိမ့်မည်။
7. Ma Tin Yee will be a teacher next year.
မတင်ရီသည် လာမည့်နှစ်တွင် ဆရာမတစ်ယောက်ဖြစ်လိမ့်မည်။

အဆင့်မြင့်များအတွက် အကူကြိယာပုံစံများ

8. We should be teachers, if we work hard.
ကျွန်တော်တို့သည် ကြိုးစားလျှင် ဆရာများဖြစ်လိမ့်မည်။
9. Ma Tin Yee would be a teacher if she passed the exam.
မတင်ရီသည် စာမေးပွဲအောင်လျှင် ဆရာမတစ်ယောက် ဖြစ်ခဲ့လိမ့်မည်။
10. That woman may be Daw Khin Kyi.
ထိုမိန်းမကြီးသည် ဒေါ်ခင်ကြည် ဖြစ်ချင်ဖြစ်နိုင်သည်။ ဖြစ်ကောင်းဖြစ်မည်။
11. That woman might be Daw Khin Kyi.
ထိုမိန်းမကြီးသည် ဒေါ်ခင်ကြည် ဖြစ်ချင်ဖြစ်နိုင်ခဲ့သည်။
12. A trishawman can be the Prime minister.
ဆိုက္ကားသမားတစ်ယောက်သည် ဝန်ကြီးချုပ်ဖြစ်နိုင်သည်။

13. We could be teachers three years ago.
ကျွန်တော်တို့သည် လွန်ခဲ့သော သုံးနှစ်က ဆရာများ ဖြစ်နိုင်ခဲ့ကြသည်။
14. You must be graduates.
သင်တို့သည် ဒီဂရီရသူများဖြစ်ကြရမည်။
15. You should be clever students.
သင်တို့သည် လိမ္မာသော ကျောင်းသားများ ဖြစ်သင့်သည်။
16. Ma Khin should be a teacher.
မခင်သည် ဆရာမတစ်ယောက် ဖြစ်သင့်သည်။
17. U Mya used to be a teacher in summer.
ဦးမြသည် အရင်က နွေရာသီတွင် ဆရာတစ်ယောက် ဖြစ်လေ့ရှိခဲ့သည်။
18. I am able to be a minister.
ကျွန်တော်သည် ဝန်ကြီးတစ်ယောက် ဖြစ်နိုင်သည်။
19. Mg Ba is able to be a clerk.
မောင်ဘသည် စာရေးတစ်ယောက် ဖြစ်နိုင်သည်။
20. You are able to be officers.
သင်တို့သည် အရာရှိများ ဖြစ်နိုင်ကြသည်။
21. Ma Khin was able to be a rich girl last year.
မခင်သည် မနှစ်က ချမ်းသာသော မိန်းမတစ်ယောက် ဖြစ်နိုင်ခဲ့သည်။
22. The boys were able to be the students.
လူကလေးများသည် ကျောင်းသားများ ဖြစ်နိုင်ခဲ့သည်။
23. We shall be able to rich men next year.
ကျွန်ုပ်တို့သည် နောင်နှစ်တွင် ချမ်းသာသော လူများဖြစ်နိုင်လိမ့်မည်။
24. The man will be able to a minister next year.
ထိုလူကြီးသည် နောင်နှစ်တွင် ဝန်ကြီးတစ်ယောက် ဖြစ်နိုင်လိမ့်မည်။

25. I am about to be an officer.
ကျွန်တော်သည် အရာရှိတစ်ယောက်ဖြစ်တော့မလို့။
26. Mg Ba is about to be a clerk.
မောင်ဘသည် စာရေးတစ်ယောက် ဖြစ်တော့မလို့။
27. You are about to be college students.
သင်တို့သည် ကျောင်းသားတစ်ယောက်ဖြစ်တော့မလို့။
28. The boy was abput to be a student.
လူကလေးသည် ကျောင်းသားတစ်ယောက်ဖြစ်တော့မလို့။
29. The women were about to be house wives.
မိန်းကြီးများသည် အိမ်ရှင်မများ ဖြစ်ခဲ့ကြတော့မလို့။
30. I am going to be a teacher tomorrow.
ကျွန်တော်သည် နက်ဖြန်ခါ ဆရာတစ်ယောက် ဖြစ်လိမ့်မည်၊ ဖြစ်မှာသေချာသည်။
31. Ma Mya is going to be a school girl tomorrow
မမြသည် နက်ဖြန်ခါ ကျောင်းသူတစ်ယောက် ဖြစ်လိမ့်မည်၊ ဖြစ်မှာသေချာသည်။
32. You are going to be graduates next year.
သင်တို့သည်နောင်နှစ်တွင် ဒီဂရီရသူများ ဖြစ်လိမ့်မည်။
33. Ma Khin was going to be a rich girl.
မခင်သည် ချမ်းသာသော မိန်းကလေးတစ်ယောက် ဖြစ်ခဲ့လိမ့်မည်။
34. The men were going to be teachers.
လူကြီးများသည် ဆရာများ ဖြစ်ခဲ့ကြလိမ့်မည်။
35. Ma Tin Yee has to be an orphan.
မတင်ရီသည် မိဘမဲ့သမီးဖြစ်ရသည်။
36. The people have to be the homeless.
လူများသည် အိုးအိမ်မဲ့ဖြစ်ကြရသည်။
37. General Ne Win had to be the Prime Minister in 1959.

ငိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၅၉-ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်ခဲ့ရသည်။

38. We shall have to be old men.
ကျွန်တော်တို့သည် အဘိုးကြီးများ ဖြစ်ကြရလိမ့်မည်။

39. All men will have to be old men.
လူ အားလုံးသည် လူအိုများ ဖြစ်ကြရလိမ့်မည်။

40. Ma Khin wants to be a rich girl.
မခင်သည် ချမ်းသာသော မိန်းကလေးတစ်ယောက်ဖြစ်ချင်သည်။

41. All men want to be officers.
လူအားလုံးသည် အရာရှိများ ဖြစ်ချင်ကြသည်။

42. Mg Ba wanted to be a teacher last year.
မောင်ဘသည် မနှစ်က ဆရာတစ်ယောက် ဖြစ်ချင်ခဲ့သည်။

43. We shall want to be leaders of Myanmar.
ကျွန်တော်တို့သည် မြန်မာခေါင်းဆောင်များ ဖြစ်ချင်ကြလိမ့်မည်။

44. All women will want to be the rich's wives.
မိန်းမအားလုံးသည် သူဌေးကတော်များ ဖြစ်ချင်ကြလိမ့်မည်။

45. Mg Ba wants Mg Khin to be a head -man.
မောင်ဘသည် မောင်ခင်အား သူကြီးတစ်ယောက် ဖြစ်စေချင်သည်။

46. The people want me to be the writer.
လူများသည် ကျွန်ုပ်အား စာရေးဆရာ ဖြစ်စေချင်သည်။

47. We wanted UMya to be a teacher last year.
ကျွန်တော်တို့သည် မနှစ်က ဦးမြအား ဆရာတစ်ယောက် ဖြစ်စေချင်ခဲ့သည်။

48. I shall want Ma Khin to be a clerk.
ကျွန်တော်သည် မခင်ကို စာရေးမတစ်ယောက် ဖြစ်စေချင်လိမ့်မည်။

49. Parents will want their sons to be doctors.

မိဘများသည် သူတို့၏ သားများအား ဆရာဝန်များ ဖြစ်စေချင်ကြလိမ့်မည်။

50. That man seems to be a thief.
ထိုလူကြီးသည် သူခိုးတစ်ယောက် ဖြစ်ပုံပေါ်သည်။
51. These girls seem to be students.
ဤမိန်းကလေးများသည် ကျောင်းသူများဖြစ်ပုံပေါ်ကြသည်။
52. He seemed to be a doctor.
သူသည် ဆရာဝန်တစ်ယောက် ဖြစ်ပုံပေါ်ခဲ့သည်။

(ရှိ) အဓိပ္ပာယ်နှင့် ပုံစံများ
အခြေခံကျောင်းသားများအတွက် ရိုးရိုး(ရှိ) ကြိယာပုံစံများ

1. I am in he class now.
ကျွန်ုပ် အခု အတန်းထဲမှာရှိသည်။
2. He is in the class now.
သူသည် ယခု အတန်းထဲမှာ ရှိသည်။
3. You are in the class now.
သင်တို့သည် ယခု အတန်းထဲမှာ ရှိကြသည်။
4. She was in the class yesterday.
သူမသည် မနေ့က အတန်းထဲမှာရှိသည်။
5. You were in the class yesterday.
သင်တို့သည် မနေ့က အတန်းထဲမှာ ရှိခဲ့ကြသည်။
6. I shall be in the class tomorrow.
ကျွန်ုပ်တို့သည် နက်ဖြန်ခါ အတန်းထဲမှာ ရှိကြလိမ့်မည်။
7. You will be in the class tomorrow.
သင်တို့သည် နက်ဖြန်ခါ အတန်းထဲမှာ ရှိကြလိမ့်မည်။

Spoken English

S.V.P.T ဖွဲ့ထုံးဖြင့် ဖွဲ့ထားသော Affirmative Statement – ထုတ်ဖော်ဝါကျများဖြင့် စကားပြောလိုလျှင် Contracted Verb Form ချုံ့ကြိယာများဖြင့် ပြောရမည်။

Intonation Formula

လေယူလေသိမ်းပုံသေနည်း

Affirmative Statement ထုတ်ဖော်ဝါကျများကို

2 3 1 (two-three-one) Falling Intonation

= ကျသံလေယူလေသိမ်းဖြင့် ပြောရမည်။

1 I'm in the class now.

2. He's in the class now.

3. You're in the class now.

4. She was in the class yesterday.

5. You were in the class yesterday.

6. I'll be in the class tomorrow.

7. You'll be in the class tomorrow.

အဆင့်မြင့်များအတွက် အကူကြိယာပုံစံများ

1. The boy may be in the garden.
   လူကလေးသည် ဥယျာဉ်ထဲမှာ ရှိချင်ရှိနိုင်သည်။
2. You can be on the table.
   သင်သည် စားပွဲပေါ်မှာ ရှိနိုင်သည်။
3. She must be in the room.
   သူမသည် အခန်းထဲမှာ ရှိရမည်။
4. Students should be in the class at 9 o' clock.
   ကျောင်းသားများသည် ၉-နာရီအချိန်တွင် အတန်းထဲမှာ ရှိသင့်သည်။
5. Girl ought to be in the room.
   မိန်းကလေးများသည် အခန်းထဲမှာ ရှိသင့်သည်။

6. I am going to be in the school tomorrow.
ကျွန်ုပ်သည် နက်ဖြန်ခါ ကျောင်းထဲမှာ ရှိမှာသေချာသည်။
7. He is going to be near the pagoda tomorrow.
သူသည် နက်ဖြန် ဘုရားအနီးမှာ ရှိမှာသေချာသည်၊ ရှိသည်။
8. I have to be in the school in the evening.
ကျွန်ုပ်သည် ညနေမှာ ကျောင်းတွင်ရှိရသည်။
9. You will have to be in the class.
သင်သည် အတန်းထဲမှာ ရှိရလိမ့်မည်။
10. The teacher wants students to be in the class at 7 o' clock.
ဆရာသည် ကျောင်းသားများကို ၆--နာရီအချိန် အတန်းထဲမှာ ရှိစေချင်သည်။
11. Your mother seems to be in the garden.
သင်၏အမေသည် ဥယျာဉ်ထဲမှာ ရှိပုံပေါ်သည်။
12. My friend seemed to be in the bus.
ကျွန်ုပ်၏မိတ်ဆွေသည် ဘတ်စ်ကားပေါ်မှာ ရှိပုံပေါ်ခဲ့သည်။
13. Mya Mya wants her husband to be near her.
မြမြသည်သူ့ယောက်ျားကို သူ့အနီးမှာ ရှိစေချင်သည်။
14. U Tun seems to be in the office.
ဦးထွန်းသည် ရုံးခန်းထဲမှာ ရှိပုံပေါ်သည်။
15. They may be at the pagoda.
သူတို့သည် ဘုရားမှာ ရှိနိုင်သည်။
16. Students must be in the class.
ကျောင်းသားများသည် အတန်းထဲတွင် ရှိရမည်။

too = လဲ ဖြစ်၊ လဲ ရှိ

လဲ--ဖြစ်သည်၊ လဲ-ရှိသည်၊ လဲ-သွားသည် စသဖြင့် ရှေ့ဝါကျနှင့်အတူကို နှစ်ခါဆက်တိုင်း ဖြေလိုသောအခါ ဒုတိယအဖြေဝါကျနောက်တွင် ကော်မာ(,)ခံ၍ ၎င်းနောက်တွင် too ထည့်၍

ရေး/ပြောရမည်။

စကားပြော အင်္ဂလိပ်ဘာသာ၌ (two-three-one) Falling Intonation = ကျသံလေယူလေသိမ်းကို too ပေါ်သို့ ရွှေ့ပြောရ၏။

What's this? ဒါဘာလဲ

It's a book. အဲဒါစာအုပ်ဖြစ်သည်။

What's that? ဟိုဟာဘာလဲ

It's a book, too. အဲဒါလဲ စာအုပ်ဖြစ်သည်

အပြောဖွဲ့ထုံးသီးသန့်

အထက်ပါ ရှေ့ဝါကျနှင့်အတူကို နှစ်ခါဆက်ဟိုက် ဖြေလိုသောအခါ ဒုတိယအဖြေဝါကျတွင် ^{3}ˉˉ|____$_{1}$ သံနေသံထားဖြင့် so + အကူကြိယာ + ကတ္တား ဝါကျဖွဲ့ထုံးဖြင့် ပြောရ၏။

Where's Mg Mya? မောင်မြဘယ်မှာလဲ

He's in the room. သူ့အခန်းထဲမှာပါ

Where's Mg Hla? မောင်လှဘယ်မှာလဲ

So is Mg Hla. မောင်လှလည်း အခန်းထဲမှာပဲ

လေ့ကျင့်ခန်းအတွက် ကျက်မှတ်ရန်

This	/သစ်စ်/	=ဤဟာ
That	/သက်ထ်/	=ထိုဟာ
it	/အစ်ထ်/	=၎င်း
These	/သိုးဇ်/	=ဤဟာများ
Those	/သိုးဇ်/	=ထိုဟာများ

They	/သေး/	=၎င်းတို့၊ သူတို့
Book	/ဘွတ်ခ်/	=စာအုပ်
Pen	/ဖင်းန်/	=ဖောင်တိန်
'Pencil	/ဖင်း–န်ဆယ်လ်/	=ခဲတံ
Chalk	/ချော့ခ်/	=မေဖြူခဲ
'Duster	/'ဒပ်–စတာ(ရ်)/	=ဘောဖျက်
Chair	/ချဲယာ(ရ်)/	=ကုလားထိုင်
'Table	/'ထေး–ဘယ်လ်/	=စားပွဲ
Bag	/ဘဲက်–ဂ်/	=လွယ်အိတ်
Boy	/ဘွိုင်း/	=လူကလေး
Girl	/ဂါး>—လ်/	=မိန်းကလေး
Man	/မဲင်း–န်/	=လူကြီး
Men	/မင်းန်/	=လူကြီးများ
'Woman	/'ဝန်း–မင်န်/	=မိန်းမကြီး
'Women	/'ဝင်း–မင်န်/	=မိန်းမကြီးများ
Student	/စ'ကျူး/'တူး–ဒင်န့်ထ်/	=ကျောင်းသား
School boy	/စကူးလ်ဘွိုင်း/	=ကျောင်းသား
School gril	/စကူးလ်ဂါ>—လ်/	=ကျောင်းသူ
'Teacher	/'ထီး–ချာ(ရ်)/	=ကျောင်းဆရာ/မ
'Pupil	/'ပြူး–ပယ်လ်/	=တပည့်
He	/ဟီ/WF/အီ/	=သူသည်
She	/ရှီ/	=သူမသည်
I	/အိုင်/	=ကျွန်ုပ်သည်
We	ဝီ/	=ကျွန်ုပ်တို့သည်
You	/'ယူ/	=သင်/သင်တို့သည်
Doctor	/'ဒေါ့–က်တာ(ရ်)/	=ဆရာဝန်
'College 'student	/ခေါ်–လစ်ဇ'ကျူး–ဒင်န့်ထ်/	=ကောလိပ်ကျောင်းသား
'Father	/'ဖှား–သှာ(ရ်)/	=အဖေ
Mother	/'မား–သှာ(ရ်)/	=အမေ

Son	/ဆန်းန်/	=သား
'Daughter	/'ဒေါ်-တာ(ရ်)/	=သမီး
'Brother	/ဘ'ရား-သာ(ရ်)/	=အကို/ညီ
'Sister	/'ဆစ်-စတာ(ရ်)/	=နှမ၊ အမ၊ ညီမ
'Uncle	/'အန်း-င်ကယ်လ်/	=ဦးလေး
Aunt	/အာ့-န်ထ်/ US:/အဲင့်-န်တ်/	=အဒေါ်
Niece	/နီးစ်/	=တူမ
Nephew	/'နက်ဖျူ/ US:/'နက်-ဖျူ/	=တူ

သတိပေးချက်

၁။ ဝါကျတစ်ခုကို စာလုံးကြီးတစ်လုံးဖြင့် စရမည်။
Full stop (.) ဖြင့် အဆုံးသတ်ရမည်။
(ဝါကျအခန်း အထူးမှတ်ရန် ငါးချက်ကိုကြည့်ပါ။)

၂။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် မည်သည့်ကာလဖြစ်သည်ကို ခွဲခြားသိရမည်။ (ကာလသုံးမျိုးအခန်းကိုပြန်ကြည့်။)

၃။ ပစ္စုပ္ပန်နှင့် အတိတ်ဖြစ်လျှင် ကတ္တားသည် ဧကဝုစ်လား၊ ဗဟုဝုစ်လားဟု သတိပြုရမည်။ ကတ္တားဧကဝုစ်-ကြိယာဧကဝုစ်၊ ကတ္တားဗဟုဝုစ်-ကြိယာဗဟုဝုစ် တူစေရမည်။
(ကာလသုံးမျိုးအခန်းပြန်ကြည့်။)

၄။ အနာဂတ်ကြိယာဖြစ်လျှင် I နှင့် We ကို Shall ဖြင့်၊ အခြားကတ္တားများကို Will ဖြင့် ရေးရမည်ကို သတိပြုရမည်။
(ကာလသုံးမျိုးအခန်းကိုပြန်ကြည့်။)

၅။ ကြိယာဇယားကို ကျေပွန်စွာသိထားရမည်။
"ဖြစ်ချင်သည်"ဆိုလျှင် want to be, ရှိရမည်ဆိုလျှင် must be, ရှိလိမ့်မည်ဆိုလျှင် Shall be, will be, ဖြစ်စေချင်သည် ဆိုလျှင် want (ကို) to be စသည်ဖြင့် မြန်မာဝါကျကို မြင်သည်နှင့် မည်သည့်ကြိယာဖြင့် ရေးရပြောရမည်ကို ချက်ချင်း သိစေရမည်။

ပထမပိုင်း (အခြေခံများအတွက်)
အောက်ပါတို့ကို အရေး၊ အပြော ပုံစံနှစ်မျိုးဖြင့် အင်္ဂလိပ်ဘာသာပြန်ဆိုပါ။

၁။ သင်တို့သည် ကျောင်းသားများဖြစ်ကြသည်။
၂။ သူသည် လူကလေးတစ်ယောက်ဖြစ်၏။
၃။ ကျွန်တော်တို့သည် လူကြီးများဖြစ်ကြသည်။
၄။ မောင်မြသည် ဆရာတစ်ယောက်ဖြစ်၏။
၅။ ဤဟာများသည် ဖောင်တိန်များဖြစ်ကြသည်။
၆။ ထိုဟာသည် စာအုပ်တစ်အုပ်ဖြစ်သည်။
၇။ သူမသည် မိန်းကလေးတစ်ယောက်ဖြစ်သည်။
၈။ လူကလေးများသည် ကျောင်းသားများဖြစ်ကြ၏။
၉။ ဤဟာသည် ခဲတံတစ်ချောင်းဖြစ်သည်။
၁၀။ မောင်ခင်သည် ဆရာတစ်ယောက်ဖြစ်သည်။

လေ့ကျင့်ခန်း (၂)

၁။ သင်တို့သည် လူကလေးများဖြစ်ခဲ့ကြသည်။
၂။ သူမသည် ဆရာမတစ်ယောက် ဖြစ်ခဲ့သည်။
၃။ မောင်တင်သည် နောင်နှစ်တွင် ဆရာဝန်ဖြစ်လိမ့်မည်၊
၄။ ကျွန်တော်သည် မနှစ်က ကျောင်းသားဖြစ်ခဲ့သည်။
၅။ ထိုဟာသည် စာအုပ်တစ်အုပ် ဖြစ်လိမ့်မည်။
၆။ လူကလေးများသည် နက်ဖြန်ခါ ကျောင်းသားဖြစ်ကြမည်။
၇။ ထိုဟာသည် မိန်းကလေးတစ်ယောက်ဖြစ်လိမ့်မည်။
၈။ ဤဟာသည် ဖောင်တိန်တစ်ချောင်းဖြစ်၏။
၉။ သူတို့သည် မိန်းမကြီးများ ဖြစ်ကြလိမ့်မည်။
၁၀။ သင်သည် လူကလေးတစ်ယောက်ဖြစ်ခဲ့၏။

လေ့ကျင့်ခန်း (၃)

၁။ ဦးမြသည် ကျွန်ုပ်၏အဖေဖြစ်သည်။
၂။ သူသည် မနှစ်က ဆရာတစ်ယောက်ဖြစ်ခဲ့၏။

၃။ သူသည် နောင်နှစ်တွင် ဆရာဝန်တစ်ယောက် ဖြစ်လိမ့်မည်၊
၄။ သင်သည် ကျောင်းသားတစ်ယောက် ဖြစ်၏။
၅။ သင်၏အမေသည် ဆရာမတစ်ယောက်ဖြစ်ခဲ့သည်။
၆။ ထိုဟာသည် ကုလားထိုင်တစ်လုံးဖြစ်သည်။
၇။ ဤဟာသည် သူ၏စာအုပ်ဖြစ်ခဲ့သည်။
၈။ ဦးလှသည် သင်တို့ဆရာ ဖြစ်ခဲ့သည်။
၉။ ဤဟာများသည် စားပွဲများ ဖြစ်ခဲ့ကြသည်။
၁၀။ သူတို့သည်ကလေးများ ဖြစ်ခဲ့ကြသည်။

လေ့ကျင့်ခန်း (၄)

(ဝိဘတ်အခန်း၊ နေရာပြပုဒ်၊ အချိန်ပြပုဒ်များကို ပြန်ကြည့်ပါ။)

၁။ ကျောင်းသားများသည် အတန်းထဲမှာ ရှိကြသည်။
၂။ ဆရာသည် စားပွဲအနီးမှာ ရှိလိမ့်မည်။
၃။ သူတို့သည် အိမ်ထဲမှာရှိကြသည်။
၄။ သင်တို့သည် သစ်ပင်အောက်မှာ ရှိကြသည်။
၅။ သူသည် နက်ဖြန်ခါ ကျောင်းမှာရှိလိမ့်မည်။
၆။ သင်၏အကိုသည် မနေ့က ကုလားထိုင်ပေါ်မှာ ရှိခဲ့သည်။
၇။ သူ၏အမေသည် အခန်းထဲမှာ ရှိလိမ့်မည်။
၈။ ကျွန်ုပ်၏ စာအုပ်များသည် စားပွဲပေါ်မှာ ရှိခဲ့ကြသည်။
၉။ သင်တို့သည် နက်ဖြန်ခါ အိမ်ထဲမှာရှိကြမည်။
၁၀။ လူကလေးများသည် ကုလားထိုင်အနီးမှာ ရှိကြသည်။

လေ့ကျင့်ခန်း (၅)

၁။ ဆရာသည် ကျောင်းထဲမှာရှိသည်။
၂။ ကျောင်းသားများသည် သင်ပုန်းရှေ့မှာ ရှိခဲ့ကြသည်။
၃။ ဖောင်တိန်သည် အိတ်ထဲမှာရှိခဲ့သည်။
၄။ သင်၏မိတ်ဆွေသည် အိမ်ထဲမှာရှိ၏။
၅။ သူမ၏အမေသည် ဆရာမတစ်ယောက်ဖြစ်ခဲ့သည်။
၆။ လူကလေးများသည် ရေကန်ထဲမှာ ရှိလိမ့်မည်။
၇။ စာအုပ်များသည် စားပွဲပေါ်မှာ ရှိခဲ့ကြသည်။
၈။ မိန်းကလေးများသည် ဘုရားအနီးမှာ ရှိလိမ့်မည်။

၉။ သစ်ပင်တစ်ပင်သည် ကျောင်းအနီးမှာရှိ၏။
၁၀။ သင်တို့သည် အတန်းထဲမှာ နက်ဖြန်ရှိကြမည်။

(1) Wh-Questions and Answers

what, who, where, when အမေးပုဒ်များဖြင့် စသော မေးခွန်းကို Wh-Question ဟုခေါ်၏။

Intonation Formula
လေယူလေသိမ်းပုံသေနည်း

Wh-Questions ခေါ် အမေးပုဒ်ဖြင့်စသော မေးခွန်းများကို Falling Intonation = 2 — 3 ╲ 1 =(two-three-one) ကျသံလေယူလေသိမ်းဖြင့် မေး၍ Long-Short အဖြေ နှစ်မျိုးကိုလည်း ကျသံလေယူလေသိမ်းဖြင့်ပင် ဖြေရမည်။

What's this? ဒါဘာလဲ

It's a book. ထိုဟာ စာအုပ်ဖြစ်သည်။ (Long Ans)

A book. စာအုပ်ပါ။ (Short Ans)

Who is he? သူကဘယ်သူလဲ

He's Mg Mya. သူကမောင်မြပါ (LA)

Mg Mya. မောင်မြပါ (SA)

He's My brother. သူက ကျွန်တော်/ကျွန်မ အကိုပါ

What's Mg Mya? မောင်မြက ဘာလဲ (ဘာလုပ်လဲ)

He's a driver. သူက ယာဉ်မောင်းပါ (LA)

A driver (SA)

What's on the table? စားပွဲပေါ်မှာ ဘာရှိသလဲ

The book is on the table. (LA) စားပွဲပေါ်မှာ စာအုပ်ရှိတယ်

The book. (SA) စာအုပ်ရှိပါတယ်

Where are the books? စာအုပ်တွေ ဘယ်မှာလဲ

They're on the table. စာအုပ်တွေ စားပွဲပေါ်မှာပါ။ (LA)

On the table. စားပွဲပေါ်မှာပါ။ (SA)

When was Mg Mya at school. မောင်မြ ဘယ်တုန်းက ကျောင်းမှာရှိသလဲ။

He was at school in the morning. သူမနက်တုန်းက ကျောင်းမှာရှိပါတယ်။ (LA)

In the morning. မနက်တုန်းကရှိပါတယ်။ (SA)

ကျင့်ခန်း (၈)

အထက်လေ့ကျင့်ခန်း (၅) ခုမှ အဖြေဝါကျများကိုကြည့်၍

(က) ဆရာက Wh-Question မေး၍ တပည့်များကဖြေပါ။

(ခ) A အုပ်စုကမေး၍ B အုပ်စုကဖြေပါ။

(ဂ) B အုပ်စုကမေး၍ A အုပ်စုကဖြေပါ။

အညွှန်း (၁) သင်၊ သင်၏၊ သင်တို့၊ သင်တို့၏ အဖြေကိုကြည့်၍ I, my, we, our ကို who, what, whose ဖြင့်မေးပါ။

(၂) ငါ၊ ငါ၏၊ ငါတို့၊ ငါတို့၏ အဖြေကိုကြည့်၍ you, your ကို who, what, whose ဖြင့်မေးပါ။

(၃) သူ၊ သူမ၊ နာမည်၊ ဆွေမျိုး အဖြေကိုကြည့်၍ နာမည်ဖြင့် မေးပါ။

(၄) နေရာ၊ အချိန် အဖြေကိုကြည့်၍ where, when ဖြင့် မေးပါ။


(2) Wh+or Questions and Answers

What's this? ဒါဘာလဲ၊ Who's he?သူက ဘယ်သူလဲဟု Wh-Questionဖြင့်မေးလျှင် သူသိလိုသော အဖြေကို သိနိုင်ပါလျက် မေးသူက သူထင်ထားသော ပစ္စည်း၊ လူနှစ်ခု/နှစ်ယောက်ထဲက တစ်ခု၊ တစ်ယောက်များ ဖြစ်လေမည်လားဟု သိလိုစိတ်စော၍ a book or a pen? Mg Mya or Mg Hla? ဟု ဆက်မေး၏။ ထိုအမေးကို Wh-Question နှင့် or-Question နောက်ပိုင်းကို ပေါင်းစပ်ပေးထားခြင်းဖြစ်သောကြောင့် Wh+or Question ဟုခေါ်၏။

Intonation Formula

လေယူလေသိမ်းပုံသေနည်း


ရှေ့. Wh-Questions ကို 2-3-1



Falling Intonation, First Alternate ကို 2-3-1



Rising Intonation, or နှင့် Second Alternate ကို 2-3-1



Falling Intonation ကျသံလေယူလေသိမ်း ၃ မျိုးဖြင့်မေး၍ အဖြေများကိုလည်း ကျသံလေယူလေသိမ်းဖြင့် ဖြေရမည်။

What's this, a book or a pen? ဒါဘာလဲ စာအုပ်လား၊ ဖောင်တိန်လား။

ပထမရွေးချယ်မှုမှန်လျှင် စာအုပ်ကို ကိုင်မေးလျှင်

It's a book. (Long Answer) အဲဒါ စာအုပ်ပါ။

A book. (SA) စာအုပ်ပါ။

ဒုတိယရွေးချယ်မှုမှန်လျှင် ဖောင်တိန်ကိုကိုင်မေးလျှင်

It's a pen. (LA) အဲဒါ ဖောင်တိန်ပါ။

A pen. (SA) ဖောင်တိန်ပါ။

တစ်ခုမှ မမှန်လျှင်၊ အမေးနှစ်ခုစလုံးမှားလျှင် အခြားတစ်ခု ကိုင်မေးလျှင်

Neither, it's a ball-pen. အဲဒါ စာအုပ်၊ ဖောင်တိန် နှစ်ခုစလုံး မဟုတ်ပါ။ ဘောလ်ပင် ဖြစ်ပါသည်။

Who's he, Mg Mya or Mg Hla?

He's Mg Mya.(LA) Mg Mya. (SA)

He's Mg Hla. (LA) Mg Hla. (SA)

Neither, he's Mg Khin. (LA)

လေ့ကျင့်ခန်း (၉) (က)

အထက်လေ့ကျင့်ခန်း (၅) ခုမှ အဖြေဝါကျများကိုကြည့်၍

(က) ဆရာက Wh+or Question မေး၍ တပည့်များကဖြေပါ။

(ခ) A အုပ်စုကမေး၍ B အုပ်စုကဖြေပါ။

(ဂ) B အုပ်စုကမေး၍ A အုပ်စုကဖြေပါ။

လေ့ကျင့်ခန်း (၉) (ခ)

ဆရာက သူ့ရင်ဘတ်ကိုပုတ်၍ Who am I, U Mya or U Hla? မေးပါ။ ကျောင်းသားများက ဖြေပါ။ What am I, a teacher or a student? ဆရာကမေးပါ။ ကျောင်းသားများက ဖြေပါ။ ဆရာက ကျောင်းသားကျောင်းသူတစ်ယောက်ကို လက်ညှိုးထိုး၍ Who are you, Mg Mya or Mg Hla? What's your name, Mg Mya or Mg Hla? What are you, a teacher

or a student? Who's your father, U Mya or U Hla? What is your father, SAT or JAT ဟု မေးပါ၊ အမေးခံရသူ ကျောင်းသားက ဖြေပါ။

3. Indirect Questions and Answers

လူတစ်ယောက်အား တိုက်ရိုက်မမေးဘဲသွယ်ဝိုက်၍ တဆင့်ခံ မေးခြင်းကို Indirect question ဟုခေါ်၏။ အချို့ သဒ္ဒါဆရာများက Dependent question ဟုလည်း ခေါ်ကြ၏။

Do you know

Could you tell me { + wh..........+Statement? / + if...........+Statement?

ဖြင့်မေး၍ Yes, No တစ်ခုခုဖြင့်ဖြေရ၏။

Intonation For.nula
လေယူလေသိမ်းပုံသေနည်း

Indirect Questions ကို Falling Intonation, ကျသံ လေယူလေသိမ်းဖြင့် ပြောရ၍ Yes, No ခံကာ ကျသံ လေယူ လေသိမ်းဖြင့်ပင် ဖြေရ၏။

Do you know who he is?

သူ ဘယ်သူလဲဆိုတာ မင်းသိလား။

Do you know if he's Mg Mya.

သူ မောင်မြဟုတ်တယ် မဟုတ်ဘူးဆိုတာ မင်းသိလား။

Yes, he is Mg Mya.

ဟုတ်ကဲ့ သိပါတယ်၊ သူဟာ မောင်မြပါ။ သူဟာ မောင်မြ ဟုတ်ပါတယ်။

No, I don't know who he is.

ဟင့်အင်း၊ သူဘယ်သူလဲဆိုတာ ကျွန်တော် မသိပါ။

No, I don't know if he is Mg Mya.
ဟင့်အင်း၊ သူဟာ မောင်မြဟုတ်မဟုတ် ကျွန်တော် မသိပါ။
Could you tell me where Mg Mya is.
မောင်မြ ဘယ်မှာရှိတယ်ဆိုတာ မင်း ငါ့ကိုပြောနိုင်လား။
Could you tell me if Mg Mya is in the room?
မောင်မြ အခန်းထဲမှာရှိမရှိ မင်း ငါ့ကို ပြောနိုင်လား။
Yes, he's in the room.
ဟုတ်ကဲ့၊ သူ အခန်းထဲမှာပါ။
No, I couldn't tell you where he is.
ဟင့်အင်း၊ သူဘယ်မှာရှိတယ်ဆိုတာ ငါ မင်းကို မပြောနိုင်ပါဘူး။
No, I couldn't tell you if Mg Mya is in the room.
ဟင်အင်း၊ မောင်မြ အခန်းထဲမှာရှိမရှိ မပြောနိုင်ပါဘူး။

လေ့ကျင့်ခန်း (၁၀)

လေ့ကျင့်ခန်း (၈) မှ Why-Question များကို-
(က) Indirect Wh-Question-Answer ပြောင်း၍ရေးပြပါ။
(ခ) စုံ, ဂဏန်းဝါကျများကို A အုပ်စုကမေး၍ B အုပ်စုကဖြေပြီး မ,ဂဏန်းဝါကျများကို B အုပ်စုကမေး၍ A အုပ်စုကဖြေပါ။

ဒုတိယပိုင်း

အဆင့်မြင့်များအတွက်

Should မှ seem to အထိ ဖယားမှ လေ့ကျင့်ခန်းများဖြစ်၍ ပထမပိုင်းကို နိုင်နင်းပြီးသူများသာ လေ့ကျင့်ရန်ဖြစ်သည်။

အောက်ပါဝါကျများကို အင်္ဂလိပ်ဘာသာပြန်ဆိုပါ။

၁။ ဆရာသည် အတန်းထဲမှာ ရှိရမည်။
၂။ သင်တို့သည် ဝန်ကြီးများ ဖြစ်နိုင်ကြသည်။
၃။ ထိုလူကြီးသည် သူခိုးဖြစ်ချင်ဖြစ်မည်။
၄။ မောင်မြသည် ဆရာတစ်ယောက်ဖြစ်ချင်၏။
၅။ ကျွန်ုပ်သည် သင်တို့ကို အတန်းထဲမှာ ရှိစေချင်သည်။
၆။ သူသည် ကျောင်းထဲမှာရှိမှာသေချာ၏။
၇။ သူ၏သားသည် ဆရာဝန်တစ်ယောက်ဖြစ်ချင်သည်။
၈။ သူသည် ဦးမြ၏သားဖြစ်ပုံပေါ်သည်။
၉။ လူကလေးများသည် လူကြီးများဖြစ်ချင်ခဲ့ကြသည်။
၁၀။ သင်တို့သည် ပျော်ရွှင်သော ကလေးများဖြစ်သင့်သည်။
၁၁။ ကျောင်းသားများသည် အတန်းထဲမှာရှိထိုက်သည်။
၁၂။ မိန်းကလေးများသည် ကျောင်းအောက်မှာ ရှိကြရမည်။
၁၃။ ကျွန်ုပ်သည် ဆရာဝန်ဖြစ်ချင်ခဲ့၏။
၁၄။ ဆရာသည် ကျောင်းမှာ ရှိရလိမ့်မည်။
၁၅။ သင်၏ အမေသည် စာရေးမဖြစ်ချင်ခဲ့သည်။
၁၆။ ဆရာသည် ကျောင်းသားများကို တက္ကသိုလ်ကျောင်းသားများ ဖြစ်စေချင်သည်။
၁၇။ သူတို့သည် ကျွန်ုပ်၏ ကျောင်းသားများ ဖြစ်ပုံပေါ်၏။
၁၈။ မမြသည် မုဆိုးမဖြစ်ခဲ့ရသည်။
၁၉။ သင်တို့သည် လူအိုကြီးများ ဖြစ်ကြရလိမ့်မည်။
၂၀။ ကျွန်ုပ်၏အမေသည် ကျွန်ုပ်ကို ဆရာဝန်ဖြစ်စေချင်၏။

Negative Sentence ငြင်းဆိုဝါကျပြောင်းနည်း ပထမပိုင်း (အခြေခံများအတွက်)

Affirmative Sentence = ရိုးရိုးဝါကျတွင် ရှေ့ဆုံးကြိယာတစ်လုံးနောက်မှ "not" ကို ထည့်လျှင် Negative Sentence ငြင်းဆိုဝါကျ ဖြစ်လာသည်။ ၎င်းကို Negative Statement ဟုလည်းခေါ်သည်။

စကားပြောအငြင်းဝါကျ (၂)မျိုး

မဟုတ်ပါ၊ မရှိပါဟူသော အငြင်းဝါကျများကို
(က) Contracted Verb Negative = ကြိယာချုံ့အငြင်းဝါကျပုံစံ
(ခ) Contracted Negative = Not- ချုံ့အငြင်းဝါကျပုံစံ
နှစ်မျိုးဖြင့် ပြောနိုင်သည်၊

Intonation Formula
သံနေသံထားပုံသေနည်း

Negative sistement များကို 2 3 1 
Falling Intonation ကျသံ သံနေသံထားဖြင့် ပြောရ၏။

ပုံစံ

1. I am a teacher. I'm a teacher. (Aff)
   ကျွန်တော်သည် ဆရာတစ်ယောက်ဖြစ်၏။
   I am not a teacher. I'm not a teacher. (CVN)
   ကျွန်တော်သည် ဆရာတစ်ယောက်မဟုတ်ပါ။
2. He is a boy. He's a boy. (Aff)
   သူသည်လူကလေးတစ်ယောက်ဖြစ်၏။
   He is not a boy. He's not a boy. (CVN)
   He isn't a boy. (CN)
   သူသည် လူကလေးတစ်ယောက် မဟုတ်ပါ။
3. You are a girl. You're a girl. (Aff)
   သင်သည် မိန်းကလေးတစ်ယောက်ဖြစ်၏။
   You are not a girl. You're not a girl. (CVN)
   You aren't a girl. (CN)
   သင်သည် မိန်းကလေးတစ်ယောက် မဟုတ်ပါ။
4. He was a man. He was a man. (Aff)
   သူသည် လူကြီးတစ်ယောက်ဖြစ်ခဲ့၏။
   He was not a man. He wasn't a man. (CN)
   သူသည် လူကြီးတစ်ယောက် မဟုတ်ခဲ့ပါ။

5. They were in the class. (Aff)
   သူတို့သည် အတန်းထဲမှာ ရှိခဲ့ကြသည်။
   They were not in the class. (Neg)
   They weren't in the class.. (CN)
   သူတို့သည် အတန်းထဲမှာ မရှိခဲ့ကြပါ။
6. We shall be ministers. (Aff)
   ကျွန်ုပ်တို့သည်ဝန်ကြီးများ ဖြစ်ကြလိမ့်မည်။
   We shall not be ministers. (Neg)
   We shan't be ministers. (CN)
   ကျွန်ုပ်တို့သည် ဝန်ကြီးများဖြစ်ကြလိမ့်မည် မဟုတ်ပါ။
7. You will (you'll) be in the school. (Aff)
   သင်တို့သည် ကျောင်းထဲမှာ ရှိကြလိမ့်မည်။
   You will not be in the school. (Neg)
   You'll not be in the school. (CVN)
   You won't be in the school. (CN)
   သင်တို့သည် ကျောင်းထဲမှာ ရှိကြလိမ့်မည် မဟုတ်ပါ။
8. He may be in the room. (Aff)
   သူသည် အခန်းထဲမှာ ရှိနိုင်သည်။
   He may not be in the room. (Neg)
   သူသည် အခန်းထဲမှာ ရှိကြလိမ့်မည် မဟုတ်ပါ။
9. Students ought to be in the class. (Aff)
   ကျောင်းသားများသည် အတန်းထဲမှာ ရှိသင့်သည်။
   Students ought not be in the class. (Neg)
   ကျောင်းသားများသည် အတန်းထဲမှာမရှိသင့်ပါ။
10. He was able to be a clerk. (Aff)
   သူသည် စာရေးတစ်ယောက် ဖြစ်နိုင်ခဲ့သည်။
   He was not able to be a clerk. (Neg)
   သူသည် စာရေးတစ်ယောက် မဖြစ်နိုင်ခဲ့ပါ။

11. U Hla Bu is going to be a teacher. (Aff)
ဦးလှဘူးသည် ဆရာတစ်ယောက် ဖြစ်မှာသေချာသည်။
U Hla Bu is not going to be a teacher. (Neg)
ဦးလှဘူးသည် ဆရာတစ်ယောက် ဖြစ်မှာမသေချာပါ။

12. You will want to be the rich. (Aff)
သင်တို့သည် သူဌေးများ ဖြစ်ချင်ကြလိမ့်မည်။
You will not want to be the rich. (Neg)
သင်တို့သည် သူဌေးများ ဖြစ်ချင်ကြလိမ့်မည် မဟုတ်ပါ။

အထက်ပါပုံစံများကို ကြည့်ခြင်းအားဖြင့် ကြိယာတစ်လုံးသာရှိသော ဝါကျတွင် ၎င်းကြိယာတစ်လုံးနောက်မှ not ထည့်၍ ကြိယာနှစ်လုံး သုံးလုံးရှိသောအခါ၌လည်း ရှေ့ဆုံးကြိယာတစ်လုံးနောက်မှ not ထည့်ရမည်ကို သတိပြုပါ။

ရှေးအခါက ကျွန်ုပ်တို့သည် "ကြိယာနောက်မှ notထည့်"ဟု သာမည မှတ်မှားခဲ့၏။ is not, are not, was not, were not, am not တို့၌ ထိုဥပဒေသနှင့်ကိုက်ညီ၍ ဝါကျမှန်သော်လည်း နှစ်လုံးသုံးလုံးရှိသေ ကြိယာများ၌ shall be not, will be not, can be not, is able to be not, ought to be notစသည်ဖြင့် အမှားများကို ရေးမိတတ်လေသည်။ ထို့ကြောင့် ဥပဒေသကို တိတိကျကျ "ရှေ့ဆုံးကြိယာတစ်လုံးနောက်မှ not ထည့်"ဟု ကျက်မှတ်ထားသင့်ပေသည်။

Affirmative Verb + Negative Expressions

အောက်ပါ Negative expression များကို Affirmative Verb ဖြင့် ရေးပြောလျှင်လည်း အငြင်းဝါကျဖြစ်သည်။

no တယောက်တခုမှမဟုတ် (not any)
none တယောက်/တခုမှမဟုတ် (not any)
nobody တယောက်မှမဟုတ် (not any body)
none တယောက်မှမဟုတ် (not any one)
nothing တခုမှမဟုတ် (not any thing)

hardly (smoke) လုံးဝမသောက်သလောက်ပဲ
hardly (eat) any (meat)အသားမစားသလောက်ပဲ
hardly ever (go) လုံးဝမသွားသလောက်ပဲ(not often)
never (smoke)ဘယ်တော့မှဆေးလိပ်မသောက် (not often)
He didn't say anything or he said nothing.
We didn't see anybody or we saw nobody.

Contracted Negative

အောက်ပါ Not ချုံ့အငြင်းပုံစံများမှ အငြင်းချုံ့နှင့်တွဲသော ကြိယာများကို ဥဒ္ဒတ္တအားစိုက်သံထွက်၍ ကျက်ထားပါ။

ရိုးရိုးအငြင်း	အငြင်းချုံ့	အသံထွက်
is not	'isn't	/'အစ်-ဇ်န့်ဟ်/
are not	'aren't	/'အာ့-န်-ထ်/'အဲင့်-န့်ထ်/US
was not	'wasn't	/'ဝေါ့-ဇင်န့်ထ်/
were not	'weren't	/'ဝ့ါ>—န့်ထ်/(သွားနေ)
shall not	'shan't	/'ရှား့-န့်ထ်/'ရှင့်-န့်ထ်/ US
will not	'won't	/'ဝုန့်-န့်ထ်/
does not	'doesn't	/'ဒပ်-ဇ်န့်ထ်/
do not	'don't	/'ဒုန့်-န့်ထ်/
did not	'didn't	/'ဒစ်-ဒင်န့်ထ်/
can not	'cann't	/'ကာ့-န့်ထ်/ကဲင့်-န့်ထ်/US
could not	'couldn't	/'ကွတ်-ဒင်န့်ထ်/
should not	'shouldn't	/'ရှွတ်-ဒင်န့်ထ်/
would not	'wouldn't	/'ဝတ်-ဒင်န့်ထ်/
must not	'mustn't	/'မတ်-ဇင်န့်ထ်/
used not	'usedn't	/'ယုဇင်န့်ထ်/
need not	'needn't	/'နီ-ဒင်န့်ထ်/
ought not	'oughtn't	/'အော့-တင်န့်ထ်/
may not	'mayn't	/'မေး-ယင်န့်ထ်/

Sentence-Net with 7-Que-Ans Sets

မေးဖြေ ၇ နံပါ ဝါကျကွန်ရက်

SVCT, SVPT အခြေခံဝါကျတစ်ခုကို မေးခွန်းခုနစ်ခု ပြောင်းမေး၍ အဖြေခုနစ်မျိုး ပြောင်းဖြေနိုင်၏။ ထိုအမေးအဖြေ (၇) နံကို ဆရာက **Spoken Sentence Net= စကားပြောဝါကျကွန်ရက်ဟု** အမည်ပေးထား၏။

ကျွန်ုပ်တို့ နေ့စဉ်ရေးပြောနေသမျှ စကားဝါကျ အားလုံးသည် ဤအမေးအဖြေ (၇) နံထဲမှသာဖြစ်၏။ ချောင်းငယ်၊ အိုင်ငယ်တွင်းရှိ ငါး၊ ပုဇွန်တို့ကို ပိုက်ကွန်ဖြင့် အုပ်ဝိုင်းဖမ်းဆီးနိုင်သကဲ့သို့ ပြောဆိုရေးသားလိုသမျှ အတွေးအခေါ် အိုင်ဒီယာ (idea) တို့ကို ဤမေးဖြေ (၇) နံပါ **ဝါကျကွန်ရက်ဖြင့်** အုပ်၍ ဝိုင်း၍ ဖမ်းဆီးရေးပြောနိုင်၏။

ဤဝါကျကွန်ရက် မေးဖြေ(၇)နံတွင် အမေးတစ်ခု၊ အဖြေတစ်ခုစီ၌ Intonation Formula **လေယူလေသိမ်းပုံသေနည်း**များကို ပြထား၏။

ပိုက်ကွန်မရှိဘဲ ငါး၊ ပုဇွန်တို့ကို မဖမ်းနိုင်သကဲ့သို့ ဝါကျကွန်ရက် မတတ်လျှင်လည်း အင်္ဂလိပ်စကားကို အင်္ဂလိပ်၊ အမေရိကန်တို့ကဲ့သို့ Stress = သံလေး/သံပေါ့၊ Intonation တက်သံ/ကျသံ လေယူလေသိမ်းမှန်မှန်ဖြင့် ပြောနိုင်မည်မဟုတ်ပေ။

မေးဖြေ (၇) နံ


ဝါကျကွန်ရက်၌ပါဝင်သော မေးဖြေအနံများမှာ -

1. Yes-No Questions & Answers
2. Declarative Questions & Answers
3. Or-Questions & Answers
4. Tag-Questions & Answers
5. Wh-Questions & Answers
6. Wh...+ or Questions & Answers
7. Indirect Questions & Answers

Question နှင့် Negative Question
မေးခွန်းနှင့် ငြင်းဆိုမေးခွန်းပြောင်းနည်း

Affirmative နှင့် Negative ဝါကျများတွင် ရှေ့ဆုံးကြိယာ တစ်လုံးကို ဝါကျရှေ့ဆုံးသို့ ရွှေ့ပေးရသည်။ ထိုမေးခွန်းများ၏ အဆုံးတွင် Question Mark မေးခွန်းအမှတ် (?) အမြဲပါရှိရမည်။ မေးခွန်းနှစ်ခုစလုံးကိုပင် Yes သို့မဟုတ် No ဖြင့် ဖြေသောကြောင့် Yes-No Question ဟုလည်း ခေါ်ကြ၏။

Intonation Formula
လေယူလေသိမ်းပုံသေနည်း

Yes-No Question ကို 

= Rising Intonation ဖြင့်မေး၍ ကြိယာများကို Strong form = သံမာထွက်ရမည်။ Yes နှင့် No ကို (three-one) = Falling Intonation နှင့် ကျန် Statemen အဖြေများကို Falling Intonation(two-three-one)=ကျသံလေယူလေသိမ်းဖြင့်ဖြေရမည်။ (အရေးအင်္ဂလိပ်စာ (Written English တွင် Long answer ဖြင့်ဖြေ၍) အပြောအင်္ဂလိပ် (Spoken English တွင် Short answer ဖြင့် ဖြေလေ့ရှိသည်။) Short answer ကြိယာများကို အဲင်း–မ်, အစ်ဇ်, အား, ဝေါ့ဇ်/US ဝပ်ဇ်, ဝါး>—, ရှဲ–လ်, ဝစ်–လ်, အစ်ဇင်န့်ထ်, အာ–န့်ထ်/အဲင့်–န့်ထ်, ဝေါ့ဇင်န့်ထ်, ဝါ>—န့်ထ်, ရှာ–န့်ထ်/ ရှဲင့်န့်ထ်, ဝုန့်န့်ထ်ဟု Strong form သံမာထွက်ရသည်။

ပုံစံ

1. Is he a man? (Que.)
   သူသည် လူကြီးတစ်ယောက်ဖြစ်သလား။
2. Is he not a man? Isn't he a man? (Neg, Que.)
   သူသည် လူကြီးတစ်ယောက် မဟုတ်ဘူးလား။
3. Yes, he is a man. Yes, he is. (Aff)
   ဟုတ်ကဲ့၊ သူသည် လူကြီးတစ်ယောက်ဖြစ်သည်။
4. No, he is not a man. No, he isn't. (Neg.)
   ဟင်အင်း၊ သူသည် လူကြီးတစ်ယောက်မဟုတ်ပါ။

1. Am I a teacher? (Que)
   ကျွန်တော်သည် ဆရာတစ်ယောက်ဖြစ်သလား။
2. Am I not a teacher? (Neg.Que)
   Aren't I a teacher? (စကားပြောဝါကျဆန်း)
   ကျွန်တော်သည် ဆရာတစ်ယောက်မဟုတ်လား။
3. Yes, I am a teacher. Yes, I am. (Aff)
   ဟုတ်ကဲ့၊ ကျွန်တော်သည် ဆရာတစ်ယောက်ဖြစ်သည်။
4. No, I am not a teacher. No. I'm not. (Neg)
   ဟင်အင်း၊ ကျွန်တော်သည် ဆရာတစ်ယောက်မဟုတ်ပါ။

1. Are you boys? (Que)
   သင်တို့သည် လူကလေးများ ဖြစ်ကြသလား။

2. Are you not boys?
Aren't you boys? (Neg.Que)
သင်တို့သည် လူကလေးများမဟုတ်ကြဘူးလား။
3. Yes, we are boys. Yes, we are. (Aff)
ဟုတ်ကဲ့၊ ငါတို့သည် လူကလေးများဖြစ်ကြသည်။
4. No, we are not boys. No, we aren't. (Neg)
ဟင်အင်း၊ ငါတို့သည် လူကလေးများမဟုတ်ကြပါ။

1. Was she a clerk? (Que)
သူမသည် စာရေးမတစ်ယောက်ဖြစ်ခဲ့သလား။
2. Was she not a clerk? Wasn't she a clerk? (Neg. Que)
သူမသည် စာရေးမတစ်ယောက်မဟုတ်လား။
3. Yes, she was a clerk. Yes, she was. (Aff)
ဟုတ်ကဲ့၊ သူမသည် စာရေးမတစ်ယောက်ဖြစ်ခဲ့သည်။
4. No, she was not a clerk. No, he wasn't. (Neg)
ဟင်အင်း၊ သူမသည် စာရေးမတစ်ယောက်မဟုတ်ပါ။

1. Were they in the class? (Que)
သူတို့သည် အတန်းထဲမှာ ရှိခဲ့ကြသလား။
2. Were they not in the class? (Neg. Que)
သူတို့သည် အတန်းထဲမှာ မရှိခဲ့ကြဘူးလား။

3. Yes, they were in the class. Yes, they were.
(Aff)
ဟုတ်ကဲ့၊ သူတို့သည် အတန်းထဲမှာ ရှိခဲ့ကြသည်။
4. No, they were not in the class. No, they weren't.
(Neg)
ဟင်အင်း၊ သူတို့သည် အတန်းထဲမှာ မရှိခဲ့ကြပါ။

1. Shall we be officers? (Que)
ကျွန်တော်တို့သည် အရာရှိများဖြစ်ကြလိမ့်မည်လား။
2. Shall we not (Shan't we) be officers? (Neg.Que)
ကျွန်ုပ်တို့သည် အရာရှိများဖြစ်ကြလိမ့်မည် မဟုတ်လား။
3. Yes, you will (you'll) be officers. (Aff)
ဟုတ်ကဲ့၊ သင်တို့သည် အရာရှိများဖြစ်ကြလိမ့်မည်။
4. No, you will not (you won't)be officers. (Neg)
ဟင်အင်း၊ သင်တို့သည် အရာရှိများ ဖြစ်ကြလိမ့်မည် မဟုတ်ပါ။

1. Will you be doctor. (Que)
သင်တို့သည် ဆရာဝန်များ ဖြစ်လိမ့်မည်လား။
2. Will you not (won't you) be doctors? (Neg.Que)
သင်တို့သည် ဆရာဝန်များဖြစ်ကြလိမ့်မည်မဟုတ်လား။

3. Yes, we will (we'll) be doctors. (Aff)
ဟုတ်ကဲ့၊ ငါတို့သည် ဆရာဝန်များဖြစ်လိမ့်မည်။
4. No, we will not (we won't) be doctors. (Neg)
ငါတို့သည် ဆရာဝန်များ ဖြစ်ကြလိမ့်မည်မဟုတ်ပါ။

1. May he be in Yangon? (Que)
သူသည် ရန်ကုန်မှာ ရှိကောင်းရှိနိုင်သလား။
2. May he not (Mayn't he) be in Yangon? (Neg.Que)
သူသည် ရန်ကုန်မှာ မရှိနိုင်ဘူးလား။
3. Yes, he may be in Yangon. A(ff)
သူသည် ရန်ကုန်မှာ ရှိချင်ရှိမည်။
4. No, he may not (Mayn't he) be in Yangon. (Neg)
သူသည် ရန်ကုန်မှာ မရှိနိုင်ပါ။
1. Is she going to be a teacher? (Que)
သူသည် ဆရာတစ်ယောက် ဖြစ်မှာသေချာသလား။
2. Is he not (Isn't he) going to be a teacher? (Neg.Que)
သူသည် ဆရာတစ်ယောက်ဖြစ်မှာ မသေချာဘူးလား။

3. Yes, he is going to be a teacher? (Aff)
ဟုတ်ကဲ့၊ သူသည် ဆရာဝန်တစ်ယောက် ဖြစ်မှာသေချာသည်။ (ဖြစ်မည်)

4. No, he is not (isn't he) going to be a teacher. (Neg)
ဟင်အင်း၊ သူသည် ဆရာတစ်ယောက်ဖြစ်မှာ မသေချာဘူးလား။

1. Will you be able to be officers? (Que)
သင်တို့သည် အရာရှိများဖြစ်နိုင်ကြလိမ့်မည်လား။

2. Will you not (won'tyou) be able to be officers? (Neg.Que)
Will you be unable to be officers?
သင်တို့သည် အရာရှိများ ဖြစ်နိုင်ကြလိမ့်မည် မဟုတ်လား။

3. Yes, we will be able to be officers. (Aff)
ဟုတ်ကဲ့၊ ကျွန်တော်တို့သည် အရာရှိများ ဖြစ်နိုင်ကြလိမ့်မည်။

4. No, we will not (we won't) be able to be officers.(Neg)
ဟင်အင်း၊ ကျွန်တော်တို့သည် အရာရှိများ ဖြစ်ကြလိမ့်မည် မဟုတ်ပါ။

Does, Do Did ဖြင့်

မေးခွန်း၊ ငြင်းဆို၊ ငြင်းဆိုမေးခွန်းပြောင်းနည်း

ဒုတိယပိုင်း (အဆင့်မြင့်များအတွက်)

(က) Simple Verbခေါ် "သာမည" ကြိယာ၏ ပစ္စုပ္ပန်ကာလနှင့် အတိတ်ကာလ ကြိယာများကိုဂုဏ်း၊

(ခ) နည်းသစ်ကြိယာဗယားတွင် want to မှ seem to အထိ အကူအညီကြိယာဗယားများ၏ ပစ္စုပ္ပန်ကာလနှင့် အတိတ်

ကာလကြိယာများကိုငင်း၊ (Does, Do, Did) အကူအညီကြိယာများကို အသုံးပြုခြင်းအားဖြင့် အောက်ပါပုံစံဇယားအတိုင်း ငြင်းဆိုဝါကျ၊ မေးခွန်းဝါကျ၊ ငြင်းဆိုမေးခွန်းဝါကျ ပြုလုပ်ရမည်။

(၁) ငြင်းဆိုဝါကျ

ပစ္စုပ္ပန်ကာလ

ဧကဝုစ်ကတ္တား + does not + မူလကြိယာ

ဗဟုဝုစ်ကတ္တား + do not + မူလကြိယာ

ပုံစံ

He does not go. He doesn't go. ('ဒပ်–ဇင်နိုတ်)

They do not go. They don't go. (ဒုန့်–နိုတ်)

အတိတ်ကာလ

ဧကဝုစ်ကတ္တား } + did not + မူလကြိယာ

ဗဟုဝုစ်ကတ္တား }

ပုံစံ

He did not go. He didn't go. ('ဒစ်–ဒင်နိုတ်)

They did not go. They didn't go. ('ဒစ်–ဒင်နိုတ်)

(၂) မေးခွန်းဝါကျ

ပစ္စုပ္ပန်ကာလ

Does + ဧကဝုစ်ကတ္တား + မူလကြိယာ။

Do + ဗဟုဝုစ်ကတ္တား + မူလကြိယာ။

ပုံစံ Does he go? ('ဒပ်ဇီဂိုး)

Do they go?

အတိတ်ကာလ

Did + ဧကဝုစ်ကတ္တား + မူလကြိယာ။

Did + ဗဟုဝုစ်ကတ္တား + မူလကြိယာ။

ပုံစံ Did he go? ('ဒစ်–ဒီ)

Did they go?

ငြင်းဆိုဝါကျတွင် Does, Do, Did တို့ကို ရှေ့သို့ရွှေ့ပြောင်းပေးလိုက်ပါက ငြင်းဆိုမေးခွန်းဝါကျဖြစ်လာ၏။

ပုံစံ

Does he not go? Doesn't he go? ('ဒပ်–စိ, 'ဒပ်–ဇင်န်တိ)
Do they not go? Don't they go?
Did he not go? Didn't he go? ('ဒစ်–ဒိ,'ဒစ်–ဒင်န်တိ)

တနည်း

Does, Do, Did ဖြင့် ၄–ဝါကျပြောင်းနည်း

Affirmative =ရိုးရိုးဝါကျ ပစ္စုပ္ပန်ဧကဝုစ်ရှေ့တွင် does, ဗဟုဝုစ်ရှေ့တွင် do, အတိတ်ကြိယာရှေ့တွင် did တို့ကို ယှဉ်ကပ်ပေါင်းထည့်ပေးပါ။ ပစ္စုပ္ပန်ဧကဝုစ်နှင့် အတိတ်ကြိယာများသည် ပစ္စုပ္ပန်ဗဟုဝုစ်ကြိယာပုံစံသို့ပြောင်းလဲသွားလိမ့်မည်။ ထို့နောက်မှ ဥပဒေသ (၁) နှင့် (၂) အတိုင်း ရှေ့ဆုံးကြိယာတစ်လုံးနောက်မှ notထည့်ခြင်း၊ ရှေ့ဆုံးကြိယာတစ်လုံးကို ဝါကျရှေ့ဆုံးသို့ ပြောင်းပေးခြင်းအားဖြင့် (၄) ဝါကျ ဖြစ်လာနိုင်ပေသည်။

Affirmative = ယှဉ်ကပ်ပြောင်းထားခြင်း ၄–ဝါကျ

He goes.	He does go.	Does he go? (ဒပ်–စိ)
		He does not go.
		He doesn't go.
		Does he not go?(ဒပ်–စိ)
		Doesn't he go?(ဒပ်–ဇင်န်တိ)
They go.	They do go.	Do they go?
		They do not go.
		They don't go.
		Do they not go?
		Don't they go?

He (they) went.	He did go.	Did he go?
		He did not go.
		He didn't go.
		Did he not go?
		Didn't he go?
He sleeps.	He does sleep.	Does he sleep?
		He does not sleep.
		He doesn't sleep.
		Does he not sleep?
		Doesn't he sleep?
They slept.	They did sleep.	Did they sleep?
		They did not sleep.
		They didn't sleep.
		Did they not sleep?
		Didn't they sleep?
He eats.	She does eat.	Does she eat?
		She does not eat.
		She doesn't eat.
		Does she not eat?
		Doesn't she eat?
We eat.	We do eat.	Do we eat?
		We do not eat.
		We don't eat.
		Do we not eat?
		Don't we eat?

We ate.	We did eat.	Did we eat?
		We did not eat.
		We didn't eat.
		Did we not eat?
		Didn't we eat?

Not ....Yet = မ–သေး

မသွားဘူးနှင့် မသွားသေးဘူးသည်အဓိပ္ပာယ်မတူ။ မသွားသေးဘူးလာနှင့် မသွားဘူးလားသည် အဓိပ္ပာယ်မတူချေ။ ငြင်းဆိုဝါကျ၊ ငြင်းဆိုမေးခွန်းဝါကျတွင် "သေး"ဟူသော အဓိပ္ပာယ်ပါစေလိုသောအခါ–

(က) not ၏ နောက်တွင်ဖြစ်စေ၊ (ခ) ဝါကျ၏ အဆုံးတွင်ဖြစ်စေ Yet ကို ထည့်ပေးရ၏။

I do not go.
ကျွန်ုပ်မသွားပါ။
I do not yet go.
I do not go yet. ကျွန်ုပ် မသွားသေးပါ။
I do not eat the cake.
ငါ မုန့်ကို မစားပါ။
I do not yet eat the cake.
I do not eat the cake yet.
ငါ မုန့်ကို မစားသေးပါ။
He is not a teacher.
သူသည် ဆရာတစ်ယောက် မဟုတ်ပါ။
He is not yet a teacher.
He is not a teacher yet.
သူသည် ဆရာတစ်ယောက် မဟုတ်သေးပါ။
Do you not sleep?
သင်သည် မအိပ်ဘူးလား။

Do you not sleep yet?
Do you not yet sleep?
သင် မအိပ်သေးဘူးလား။
Do you not take dinner?
သင် ညစာမစားဘူးလား။
Do you not take dinner yet?
သင် ညစာမစားသေးဘူးလား။
Are you not an officer?
သင်သည် အရာရှိ မဟုတ်ဘူးလား။
Are you not yet an officer?
Are you not an officer yet?
သင်သည် အရာရှိ မဟုတ်သေးဘူးလား။

မှတ်ချက်။ ။ ပုံစံများတွင် မသွားဘူးဆိုသည်မှာ လုံးဝမသွားဘူးဟု ဆိုလိုသည်။ မသွားသေးဘူးဆိုသည်မှာ အခု မသွားသေး၊ အတော်ကြာလျှင် နောင်တွင်သွားမည်ဟု ဆိုလိုသည်။ ဤအဓိပ္ပာယ်နှစ်မျိုးကို ကွဲပြားအောင် ရေးနည်းကို မည်သည့်စာအုပ်တွင်မျှမပြ။ ရေးတတ်သော ကျောင်းသားလည်း အလွန်ရှား၏။ ထို့ကြောင့် အထူးသတိပြုမှတ်သား၍ ကွဲပြားအောင် ရေးကြရန် တိုက်တွန်းလိုက်ရပေသည်။

either = လဲမဟုတ်/လဲမရှိ

လဲ-မဟုတ်ပါ၊ လဲ-မရှိပါဟု နှစ်ခါဆက်တိုက်ငြင်းလိုသော အခါ ဒုတိယအငြင်းဝါကျနောက်တွင် ကော်မာခံ၍ either =အိုက်-သာ။ (RP) အီး-သာ (US) ဖြင့် အဆုံးသတ်ရမည်။
Falling Intonation ကို either ပေါ်သို့ ရွေ့၍ပြောရ၏။
Is this a book? ဒါစာအုပ်လား။
No, it is not a book. ဟင်အင်း၊ အဲဒါစာအုပ်မဟုတ်။

Is this a book? ဒါစာအုပ်လား။
No, it is not a book, either. အဲဒါလဲစာအုပ်မဟုတ်ပါ။

ပြောဟန်တစ်နည်း

အထက်ပါ နှစ်ခါဆက်ငြင်းအဓိပ္ပာယ်ကို
Neither/Nor + အကူကြိယာ + ကတ္တား
ဖွဲ့ထုံးဖြင့် တစ်မျိုးပြောနိုင်သည်။

1. Can Mg Mg buy a car?
   မောင်မောင် ကားဝယ်နိုင်သလား။
   No, he cannot buy a car.
   ဟင်အင်း၊ မောင်မောင် မော်တော်ကား မဝယ်နိုင်ဘူး။
   Can Ma Hla buy a car?
   မလှ ကားဝယ်နိုင်သလား။
   Neither can Ma Hla.
   No, can Ma Hla.
   မလှလဲ မော်တော်ကား မဝယ်နိုင်ဘူး။
2. Does U Mya smoke?
   ဦးမြ ဆေးလိပ်သောက်လား။
   No, he does not smoke.
   ဟင်အင်း၊ ဦးမြ ဆေးလိပ်မသောက်ပါ။
   Does U Hla smoke?
   ဦးလှ ဆေးလိပ်သောက်လား။
   Neither does U Hla.
   Nor does U Hla.
   ဦးလှလဲ ဆေးလိပ်မသောက်ပါ။

အထူး

(က) Can not ဟု ခွဲမရေးရ၊ Cannot ဟု တဆက်တည်းရေးရမည်။
(ခ) Can I not ဟုမရေးရ၊ Cannot I စသည်ဖြင့် ရေးရမည်။
Can နှင့် not ကို ခွဲ၍မရ။

(ဂ) Is not able to, are not able to အစား Is unable to, are unable to စသည်ဖြင့် ရေးနိုင်၏။ အဓိပ္ပာယ် အတူတူပင်။

စမ်းသပ်မေးခွန်းများ

၁။ Negative ဝါကျဖြစ်လာရန် မည်သည့်ပုဒ်ကို မည်သည့်နေရာ၌ ထည့်ပေးရမည်နည်း။ ပုံစံပြပါ။

၂။ Question နှင့် Negative Question ဝါကျဖြစ်လာရန် မည်သည့်ပုဒ်ကို မည်သည့်နေရာသို့ ရွှေ့ပြောင်းရသနည်း။ ပုံစံပြပါ။

၃။ မည်သည့်ကြိယာမျိုး၏ ပစ္စုပ္ပန်နှင့် အတိတ်ကို does, do, did ဖြင့် လေးဝါကျပြောင်းရသနည်း။

၄။ does နှင့် did တို့ ပါဝင်သောအခါ Affirmative ဝါကျရှိ ကေဝုစ်ကြိယာပုံစံနှင့် အတိတ်ကြိယာပုံစံများသည် မည်သည့် ကြိယာပုံစံသို့ ပြောင်းလဲသွားသနည်း။ ပုံစံပြ၍ဖြေပါ။

၅။ မသွားသေးဘူး၊ မသွားသေးဘူးလား၊ မရှိသေးဘူး၊ မရှိသေး ဘူးလား စသဖြင့် "သေး" အဓိပ္ပာယ်ရအောင် မည်သည့်ပုဒ် ကို မည်သည့်နေရာတွင် ထည့်ပေးရမည်နည်း။ ပုံစံပြ၍ဖြေပါ။

လေ့ကျင့်ခန်း (၆)

အောက်ပါဝါကျများကို အရေးအပြော ပုံစံနှစ်မျိုး Que, Neg-Que နှစ်မျိုးစီပြောင်း၍ Yes, No တစ်ခုခုဖြေပါ။

အပြောပုံစံ အမေးအဖြေများတွင် Intonation **Pattern** များဆွဲ၍ တက်ကျ လေယူလေသိမ်းဖြင့်အသံထွက်ပြောပါ။

Is this a book?	Is this a book?
Yes, it is a book.	Yes, it's a book.
Yes, it is.	Yes, it is.

No, it is not a book.	No, it's not a book.
	No, it isn't a book.
No, it is not.	No, it's not.
	No, it isn't.
Is this not a book.	Isn't this a book?
Yes, it is a book.	Yes, it's a book.
Yes, it is.	Yes, it is.
No, itis not a book.	No, its not a book.
	No, it isn't a book.
No, it is not.	No, it's not.
	No, it isn't.

1. This is a book.
2. They are in the class.
3. You are a boy.
4. I shall be in the room.
5. She ought to be with her mother.
6. Students can be teachers.
7. They are going to be in the house.
8. She wanted to be a rich girl.
9. He wants me to be a minister.
10. Mg Khin seems to be a clever boy.

လေ့ကျင့်ခန်း (၇)

စာမျက်နှာ (၁၁၄/၁၁၅) တွင် သင်တို့ရေးထားသော Affirmative ဝါကျများမှ (က) စုံဂဏန်းများကို A-Group က

Question မေး၍ B-Group ကဖြေပါ။ (ခ) မဂၢဇာင်းများကို B group က Neg-Ques မေး၍ A-Group ကဖြေပါ။

Or-Questions and Answers

Yes, No Question နောက်မှ or နှင့် ပုဒ်-ပုဒ်စု တစ်ခုထည့်ပေးလျှင် Or-Question ဖြစ်၏။ (Yes-No+or Question ဟုလည်းခေါ်နိုင်၏။)

Intonation Formula

လေယူလေသိမ်းပုံသေနည်း

Or ၏ရှေ့ပိုင်း (Yes-No Question အပိုင်း)ကို 2 3

= Rising Intonation, or နှင့် နောက်ပိုင်းကို 2 3 1

= Falling Intonation ကျသံလေယူလေသိမ်းဖြင့် မေးရမည်။

(က) နှစ်ခုအနက်တစ်ခုမှန်လျှင် It's a.... ဟုဖြေ၍

(ခ) နှစ်ခုစလုံးမမှန်လျှင် Neither, it's a......... ဟု Third Alternate တစ်ခုကို ဖြေရမည်။

Is this a book or a pen?

ဒီဟာ စာအုပ်လား၊ ဖောင်တိန်လား။

(က) (စာအုပ်ကိုကိုင်မေးလျှင်) It's a book. (LA)

A book. (SA)

(ခ) (ဖောင်တိန်ကိုကိုင်မေးလျှင်) It's a pen. (LA)

A pen. (SA)

(ဂ) (ခဲတံကိုကိုင်မေးလျှင်) Neither, it's a pencil.

ဟင်အင်း၊ ခင်ဗျားမေးတာ တစ်ခုမှမဟုတ်ဘူး။ ထိုဟာခဲတံပါ။

Is the book on the table or on the bed?
စာအုပ်ဟာ စားပွဲပေါ်မှာလား၊ ခုတင်ပေါ်မှာလား။
(စားပွဲပေါ်မှာရှိလျှင်) It's on the table. (LA)
On the table. (SA)
(ခုတင်ပေါ်မှာရှိလျှင်) It's on the bed. (LA)
On the bed. (SA)
(လွယ်အိတ်ထဲမှာရှိလျှင်) Neither, it's in the bag.

လေ့ကျင့်ခန်း (၇)

လေ့ကျင့်ခန်း (၆) ရှိ ဝါကျများတွင် or နှင့်သင့်လျော်ရာ ပုဒ်၊ ပုဒ်စုတခုခုဖြည့်၍ or Question များပြောင်းပြီး ဖြစ်နိုင်သော အဖြေ(၃)ခု Long Answer, Short Answer ဖြေပါ။ Intonation curve များဆွဲ၍ A ကမေး B ကဖြေ၊ B ကမေး A ကဖြေပါ။

Declarative Questions and Answers

ဝါကျပုံစံက Affirmative/Negative Statement ဖြစ်သော်လည်း 2 ___ 3 = Rising Intonation= တက်သံ လေယူလေသိမ်းဖြင့် အမေးဝါကျပြောင်းလိုက်သော မေးခွန်းကို Declarative Question= ထုတ်ဖော်ဝါကျမေးခွန်းဟုခေါ်၏။ Spoken English စကားပြော အင်္ဂလိပ်သက်သက်ဖြစ်၏။

Intonation Formula

သံနေသံထားပုံသေနည်း

Declarative Question ထုတ်ဖော်ဝါကျ မေးခွန်းကို 2 ___ = Rising Intonation = တက်သံ လေယူလေသိမ်းဖြင့်မေး၍ Yes, No ကို 3 \ 1, ကျန် Long, Short Answers ကို 2 ___ 3 \ 1 = Falling Intonation ကျသံ လေယူလေသိမ်းဖြင့် ပြောရ၏။

1. This is your book? ဒီဟာ မင်းစာအုပ်လား။

Yes, it's mine.

Yes, it is. (Yes, it's ဟု contracted verb short answer ဖြင့် ရေးပြောလျှင် မှား၏)

No, it's not mine.

No, it's not.

(Contracted verb Negative =ကြိယာချုံ့အငြင်းဝါကျ)

No, it isn't mine.

No, it isn't.

(Contracted Negative = Not ချုံ့အငြင်းဝါကျ။)

2. U Mya isn't a teacher?

No, he isn't a teacher.

No, he's not a teacher.

No, he isn't.

Yes, hes a teacher.

Yes, he is (yes, he's မှား၏)

Tag-Question and Answer
နိမိတ်ပြမေးခွန်းနှင့်အဖြေ
ဝါကျဖွဲ့ထုံး

(က) ဝန်ခံဖြေလိမ့်မည်ဟု မျှော်လင့်လျှင် Affiemative State-

ment, negative Tag ဖြင့် နိမိတ်ပြမေး၍ ငြင်းဆိုဖြေလိမ့်မည်ဟု မျှော်လင့်လျှင် Negative Statemen, affirmative Tag ဖြင့် နိမိတ်ပြမေးရသည်။

Intonation Formula

လေယူလေသိမ်းပုံသေနည်း

ရှေ့ပိုင်း Statement နှစ်မျိုးကို = Falling Intonation = ကျသံလေယူလေသိမ်းဖြင့်ပြော၍

(က) အဖြေလိုချင်၍မေးသော Tag Question ကို =Rising Intonation တက်သံလေယူလေသိမ်းဖြင့်မေး၍ မဟုတ်လား (မှတ်လား)၊ ဟုတ်လား (ဟတ်လား)ဟု ဘာသာပြန်ရသည်။

(ခ) အဖြေမလို၊ မေးခြင်းမဟုတ်၊ မိမိခံစားချက်ကို ထုတ်ဖော်ဆိုသော Tag Question ကို = Falling Intonation =ကျသံလေယူလေသိမ်းဖြင့် ပြောရမည်။ (နော်)ဟု ဝါကျအဆုံးသတ် ဘာသာပြန်ရ၏။

1. This is your book, isn't it?

ဒီဟာ မင်းရဲ့စာအုပ်မဟုတ်ဘူးလား (မှတ်လား)။

Yes, it is. ဟုတ်ပါတယ်။

No, it isn't. ဟင်အင်း၊ မဟုတ်ပါဘူး။

This is not your book is it?

ဒီဟာ ခင်ဗျားရဲ့ စာအုပ်မဟုတ်ဘူး ဟတ်လား။

Yes, it is. ဟုတ်ပါတယ်။

No, it isn't. ဟင်အင်း၊ မဟုတ်ပါဘူး။

2. It's fine, isn't it?
   ဒီနေ့ ရာသီဥတု သာယာတယ်နော်။
   It's very hot today, isn't it?
   ဒီနေ့ သိပ်အိုက်တာပဲနော်။
   It's very cold, isn't it?
   ဒီနေ့မနက် သိပ်ချမ်းတာပဲနော်။
   Ma Mya isn't pretty, is it?
   မမြက မလှဘူးနော်။
   This isn't your pen, is it?
   ဒီဟာ မင်းဖောင်တိန် မဟုတ်ပါဘူးနော်။

လေ့ကျင့်ခန်း (၇)

စာမျက်နှာ ([illegible])တွင် သင်တို့ရေးထားသော Affirmative ဝါကျများမှ စုံဂဏန်းဝါကျများကို (က) A-group က Que မေး၍ B-group ကဖြေပါ။ (ခ) မဂဏန်းဝါကျများကို B-group က Negative-Que မေး၍ A-group ကဖြေပါ။

There ရှိကြိယာ
(အဆင့်မြင့်များအတွက်)

There is	ရှိသည်
There are	ရှိကြသည်
There was	ရှိခဲ့သည်
There were	ရှိခဲ့ကြသည်
(There shall be မရှိ)	
There will be	ရှိလိမ့်မည်

(က) a, an အာတိကယ်ပါသောကတ္တား
(ခ) some, any, all, no စသည့် ပမာဏနာမဝိသေသနပါသော ကတ္တားများ
(ဂ) Tow, three....many, a few စသည့် သင်္ချာနာမဝိသေသန ပါသော ကတ္တားများ
(ဃ) ရေတွက်ရဗဟုဝုစ်နာမ် ကတ္တားများ
(င) ရေတွက်မရ ကေဝုစ်ကတ္တားများ
(စ) ယူနစ်တစ်ခု၌ အစိတ်အပိုင်းများ
(ဆ) someone, anyone, noone, something, anything, nothing ကတ္တားများ စသည့် မတိကျမသေချာသည့် လူ၊ အရာဝတ္ထု)တို့ ရှိခြင်းကို There is, there are ဖြင့် ရေးရပြောရမည်။)

(က) 1. There is a girl in the room.
2. There was a girl in the room.
3. There will be a girl in the room.

(ခ) 4. There are some girls in the room.
5. There were some girls in the room.
6. There will be some girls in the room.

(ဂ) 7. There are a few books on the table.
8. There are many boys in the class.
9. There are seven books on the desk.

(ဃ) 10. There are books on the table.
11. There were boys in the class.
12. There will be pens on the desk.

(င) 13. There is milk in the glass.
14. There was tea in the cup.
15. There will be curry in the cup-board.

(ဓ) 16. There are 60 second in a minute.
17. There are 24 hours in a day.
18. There are seven days in a week.

(ဆ) 19. There is something in the bag.
20. There is nobody in the office.

Yes-No Question & Answers

Yes-No အမေးအဖြေ

ပထမနည်းအတိုင်း ရှေ့ဆုံးကြိယာတစ်လုံးနောက်မှ not ထည့်ခြင်း၊ ရှေ့ဆုံးကြိယာတစ်လုံးကို ဝါကျရှေ့ဆုံးသို့ (There ရှေ့သို့) ရွှေ့ပေးခြင်းဖြင့် Yes-No Ques ဖြစ်လာ၍ 2 Rising Intonation = တက်သံလေယူလေသိမ်းဖြင့်မေး၍ 3-1 နှင့် 2-3-1 ဖြင့် ဖြေရမည်။

ပုံစံ

1. Is there a boy in the class? (Que.)
Is there not a boy in the class? (Neg.Que)
Yes, there is a boy in the class. (Aff)
No, there is not a boy in the class. (Neg)

2. Was there a boy in the class? (Que)
Was there not a boy in the class? (Neg.Que)
Yes, there was a boy in the class. (Aff)
No, there was not a boy in the class. (Neg)

3. Will there be a boy in the class? (Que)
Will there not be a boy in the class. (Neg.Que)
Yes, there will be a boy in the class. (Aff)
No, there will not be a boy in the class. (Neg)

There အတွက် အထူးမှတ်ချက်

(က) There ကို the, this, that, these, those ပါသော ကတ္တားနှင့် မည်သည့်အခါမှ မရေးမပြောရ။

(ခ) There ကို I, we, he, she, they, you, it စသော နာမ်စားကတ္တားများနှင့် မသုံးရ။

(ဂ) There ကို my, our, your, his, her, their, its ပါသော ကတ္တားနှင့်မရေးရ။

ပုံစံ

1. There is the book on the table. (အမှား)
2. There are the boy in the class. (အမှား)
3. There am I' on the chair. (အမှား)
4. There is he in the room. (အမှား)
5. There was he near the table. (အမှား)
6. There were they near the pagoda. (အမှား)
7. There are you in the class. (အမှား)
8. There is it on the desk. (အမှား)
9. There is my book on the desk. (အမှား)

စာအုပ်နှင့်ဆရာများမှားခဲ့ပုံသတိပေးချက်

အထက်ပါ အမှားများကို ဆရာ/ဆရာမအချို့ မှားယွင်းသင်ကြား၍ စာအုပ်အချို့တွင် မှားယွင်းရေးသားထားသည်ကို တွေ့ရှိရသည်။ ကျွန်ုပ်တို့ကိုယ်တိုင် B.A အောက်တန်း ရောက်သည်အထိ ထိုအတိုင်း မှားယွင်းရေးသားလာခဲ့ဖူးလေသည်။

နည်းသစ်သဒ္ဒါ ပထမအကြိမ်သင်တန်းမှာလည်း ထိုအတိုင်းပင်–

There is the book on the table.

There are the boys in the class. စသည်ဖြင့် မှားယွင်းသင်ပြခဲ့၏။

High School Grammar. Nesfield Grammar.

စသည့် သဒ္ဒါကျမ်းကြီးများကလည်း There အသုံးကို တိကျပြတ်သားစွာ ဖော်ပြထားခြင်း မရှိသောကြောင့် ထိုကဲ့သို့ မှားယွင်းနေကြခြင်းဖြစ်၏။

ထိုသို့ အစဉ်တစိုက် မှားယွင်းမှုကို အမှန်ရစေရန် အောက်ပါအကိုးအကားများကို ထုတ်နှုတ်ဖော်ပြအပ်ပေသည်။

Proparatory 'There'

Note 'There is' 'There are'

his is most usual way of denoting existence in English when the subject has not already been defined.

Compare

The two books are on the table.
(We know which books.)

There are two books on the table. (location of two unkown books)

"Two books are on the table" is the grammatically possible but very rare form.

Living English Structure.
Page 347.

Note. We rarely say "A chair is in the corner" the existence of any indefinite person or thing is usually introduced by "There is" etc.

Example: The broken chair is in the corner
(=chair defined.)

There is a chair in the corner (=any chair)

Living English Structure
Page 5.

There a particle used to introduce a sentenc. in which the subject is indefinite.

Learner's Dictionary

အထက်ပါတို့ကို ကြည့်ခြင်းဖြင့် There is, There are စသည်တို့နောက်တွင် Indefinite Subject သာမည ကတ္တားသာ ရှိရမည်ဟု ဆိုလိုသည်။ (a, an ပါသော ကတ္တားနှင့် Article လုံးဝမပါသော ကတ္တားများသည် Indefinite Subject = သာမညကတ္တားများ ဖြစ်ကြသည်။)

ထို Indefinite ကတ္တားကို There မပါဘဲရေးခြင်းသည် သဒ္ဒါနည်းအရ မှန်ကန်သော်လည်း ရေးရိုးရေးစဉ် ထုံးတမ်းစဉ်လာ မရှိသောကြောင့် Indefinite Subject သာမည ကတ္တားများကို There is, There are စသည်ဖြင့် ရေးရမည်ဟု တထစ်ချ မှတ်သား၍ ပြောဆိုရေးသားသင့်ပေသည်။ (ကိုးကားချက်များကို ပြန်ကြည့်ပါ။)

Indefinite –ကတ္တားနှင့် ပုံစံအချို့

1. There is a book on the table.
2. There is an umbrella on the wall.
3. There are no girls in the class.
4. There is nothing on the desk.
5. There was water in the pot.
6. There was gold in the box.
7. There are some boys in the lake.
8. There are many girls near the wall.
9. There are more teachers in my school.
10. There are sufficient books in this library.
11. There are three pens on the desk.
12. There are books in the boxs.
13. There will be students in the class tomorrow

Wh-Question

What is there in the room?

အခန်းထဲမှာ ဘာ(တွေ)ရှိသလဲ။

How many chairs are there in the room?

အခန်းထဲမှာ ကုလားထိုင် ဘယ်နှစ်လုံးရှိသလဲ။

How much milk is there in the bottle?

ပုလင်းထဲမှာ နွားနို့ဘယ်လောက်ရှိသလဲ။

Where is there a book?

စာအုပ်တစ်အုပ် ဘယ်မှာရှိသလဲ။

နှိုင်းယှဉ်ပြချက်

1. There is a chair in the corner. (အကောင်းဆုံး)
2. A chair is in the corner. (မှန်သည်၊ ရေးပြောထုံးမရှိ)
3. There is the chair in the corner. (မှားသည်)
4. There are two books on the desk. (အကောင်းဆုံးဖြစ်သည်)
5. Two books are on the desk. (မှန်သည်၊ ရေးပြောထုံးမရှိ)
6. There are the two books on the desk. (မှားသည်)

လေ့ကျင့်ခန်း (၁)

အောက်ပါတို့ကို အင်္ဂလိပ်ဘာသာပြန်ဆို၍ လေးဝါကျစီ ပြောင်းလဲရေးသားပါ။

၁။ စားပွဲပေါ်မှာ စာအုပ်များရှိကြသည်။
၂။ မိန်းကလေးတစ်ယောက်သည် ဘုရားအနီးမှာ ရှိခဲ့၏။
၃။ အခန်းထဲမှာ စားပွဲတစ်လုံးရှိသည်။
၄။ ကျောင်းသား ၁၀ ယောက်သည် အတန်းထဲမှာ ရှိကြ၏။
၅။ လူကြီးအချို့သည် အိမ်မှာ ရှိကြသည်။
၆။ သေတ္တာထဲမှာ ဘာမှမရှိပါ။ (Nothing = ဘာမှမဟုတ်)
၇။ ကျောင်းထဲမှာ ဆရာတစ်ယောက်မှမရှိပါ။ (no teacher)
၈။ စားပွဲပေါ်မှာဖယောင်းတိုင်တစ်ချောင်းရှိလိမ့်မည်။
၉။ သေတ္တာထဲမှာ အင်္ကျီတစ်ထည်ရှိခဲ့သည်။
၁၀။ မနေ့က ဘုရားပေါ်မှာ လူအများရှိခဲ့ကြသည်။

လေ့ကျင့်ခန်း (၂)

၁။ နံရံပေါ်မှာ သင်ပုန်းတစ်ချပ်ရှိ၏။
၂။ လူကလေးများသည် ကျောင်းရှေ့မှာရှိကြသည်။
၃။ မိန်းကလေးများသည် အိမ်နောက်မှာ ရှိကြလိမ့်မည်။
၄။ အတန်းထဲတွင် နောက်ထပ်ကျောင်းသူများရှိလိမ့်မည်။
(more school girls)
၅။ အခန်းထဲမှာ လူကြီးတစ်ယောက်မှမရှိပါ။
၆။ ခဲတံတစ်ချောင်းသည် စာအုပ်ပေါ်မှာရှိသည်။
၇။ မိန်းမကြီးအချို့သည် ရေတွင်းအနားမှာရှိလိမ့်မည်။
၈။ လူကလေးတစ်ယောက်သည် အိမ်ထဲမှာရှိသည်။
၉။ ကျောင်းသားများသည် ရေကန်အနီးမှာရှိကြသည်။
၁၀။ လူကြီးတစ်ယောက်သည် ဘုရားပေါ်မှာရှိခဲ့သည်။

လေ့ကျင့်ခန်း (၃)

၁။ ငှက်တစ်ကောင်သည် သစ်ပင်ပေါ်မှာရှိသည်။
၂။ လူကလေး ၁၀ ယောက်သည် ကန်တော်ကြီးထဲမှာရှိကြသည်။
၃။ ဘုရားပေါ်မှာ လူကလေးတစ်ယောက်မှမရှိပါ။
၄။ ကျီးကန်းအချို့သည် တောထဲမှာရှိကြသည်။

၅။ စာအုပ်တစ်အုပ်သည် စားပွဲပေါ်မှာ ရှိပါလိမ့်မည်။
၆။ ဘုရားပေါ်မှာ လူကလေးတစ်ယောက်မှမရှိပါ။
၇။ မိန်းကလေးအချို့သည် မနေ့က ရေတွင်းအနီးမှာ ရှိခဲ့ကြသည်။
၈။ ဖောင်တိန်သည် စားပွဲအနီးမှာ ရှိပါလိမ့်မည်။
၉။ ယပ်တောင်တစ်ချောင်းသည် အိမ်ပေါ်မှာရှိသည်။
၁၀။ လူကလေးများသည် မနေ့က ဈေးအနီးမှာ ရှိခဲ့ကြသည်။

VERB TO HAVE

(၁) မောင်ခင်မှာ ခဲတံတစ်ချောင်းရှိသည်။ မတင်ရီမှာ စာအုပ်တစ်အုပ်ရှိသည်။ စသည်ဖြင့် ပစ္စည်းတစ်ခု အပိုင်ရှိကြောင်း ဖော်ပြလိုသောအခါ၌၎င်း၊

(၂) အိမ်မှာတံခါး ၂-ခုရှိသည်။ သစ်ပင်မှာ သစ်ရွက်များရှိကြသည် စသည်ဖြင့် အပေါင်းဒြပ်တွင် အင်္ဂါအစိတ်အပိုင်းများရှိကြောင်း ကို ဖော်ပြလိုသောအခါ၌၎င်း Verb to have ခေါ် "မှာရှိ" ကြိယာဖြင့် ရေးရမည်။

Verb to have= မှာရှိကြိယာ
(ကြိယာဇယား) ပထမပိုင်း

has	မှာရှိသည်
have	မှာရှိကြသည်
had	မှာရှိခဲ့လေသည်
had	မှာရှိခဲ့ကြလေသည်
shall have	မှာရှိလိမ့်မည်
will have	မှာရှိလိမ့်မည်

ဒုတိယပိုင်း

Should have	မှာရှိခဲ့လိမ့်မည်
would have	မှာရှိခဲ့လိမ့်မည်
may have	မှာရှိချင်ရှိနိုင်သည်
might have	မှာရှိချင်ရှိနိုင်ခဲ့သည်

can have	မှာရှိနိုင်သည်
could have	မှာရှိနိုင်ခဲ့သည်
must have	မှာရှိရမည်
should have	မှာရှိသင့်သည်
ought to have	မှာရှိသင့်သည်
used to have	မှာရှိလေ့ရှိခဲ့သည်
is able to have	မှာရှိနိုင်သည်
are able to have	မှာရှိနိုင်ကြသည်။
was able to have	မှာရှိနိုင်ခဲ့သည်။
were able to have	မှာရှိနိုင်ခဲ့ကြသည်။
shall be able to have	မှာရှိနိုင်လိမ့်မည်။
will be able to have	မှာရှိနိုင်လိမ့်မည်။
is going to have	မှာရှိလိမ့်မည်။
are going to have	မှာရှိကြလိမ့်မည်။
was going to have	မှာရှိခဲ့လိမ့်မည်။
were going to have	မှာရှိခဲ့ကြလိမ့်မည်။
has to have	မှာရှိရသည်။
have to have	မှာရှိကြရသည်။
had to have	မှာရှိခဲ့ရသည်။
had to have	မှာရှိခဲ့ကြရသည်။
shall have to have	မှာရှိရလိမ့်မည်။
will have to have	မှာရှိရလိမ့်မည်။
wants to have	မှာရှိချင်သည်။
want to have	မှာရှိချင်ကြသည်။
wanted to have	မှာရှိချင်ခဲ့သည်။
wanted to have	မှာရှိချင်ခဲ့ကြသည်။
shall want to have	မှာရှိချင်လိမ့်မည်။
will want to have	မှာရှိချင်လိမ့်မည်။

wants (မှာ) to have	မှာရှိစေချင်သည်။
want (မှာ) to have	မှာရှိစေချင်ကြသည်။
wanted (မှာ) to have	မှာရှိစေချင်ခဲ့သည်။
wanted (မှာ) to have	မှာရှိစေချင်ခဲ့ကြသည်။
shall (မှာ) want to have	မှာရှိစေချင်လိမ့်မည်။
will (မှာ) want to have	မှာရှိစေချင်လိမ့်မည်။

seems to have	မှာရှိပုံပေါ်သည်။
seem to have	မှာရှိပုံပေါ်ကြသည်။
seemed to have	မှာရှိပုံပေါ်ခဲ့သည်။
seemed to have	မှာရှိပုံပေါ်ခဲ့ကြသည်။

နည်းသစ်ဝါကျဖွဲ့ထုံး
Subject + Verb + Complement

ကတ္တား–ပထမ၊ မှာရှိ ကြိယာ–ဒုတိယ၊ ဖြည့်ပုဒ်–တတိယအချိန်–စတုတ္ထထား၍ (S.V.C.T) ဖွဲ့ထုံးဖြင့် ရေး/ပြောရမည်။

I have a pen. (S.V.C)

s v c

ငါ့မှာ ဖောင်တိန်တစ်ချောင်းရှိသည်။

He had a car last year. (S.V.C.T)

s v c t

မနှစ်က သူ့မှာ ကားတစ်စီးရှိခဲ့သည်။

Last year he had a car. (T.S.V.C)

t s v c

မနှစ်က သူ့မှာ ကားတစ်စီးရှိခဲ့သည်။

You will have a house next year. (S.V.C.T)

s v c t

နောင်နှစ်တွင် သင်တို့မှာ အိမ်တစ်လုံးရှိလိမ့်မည်။

Next year you will have a house. (T.S.V.C)

t s v c

နောင်နှစ်တွင် သင်တို့မှာ အိမ်တစ်လုံးရှိလိမ့်မည်။

The table has four legs. (S.V.C.)

s v c

စားပွဲမှာ ခြေထောက်လေးချောင်းရှိသည်။

Our house has six windows. (S.V.C)

s v c

ကျွန်တော်တို့အိမ်မှာ ပြူတင်းပေါက် ၆-ပေါက်ရှိသည်။

I shall have a car next year. (S.V.C.T)

s v c t

ကျွန်ုပ်မှာ လာမည့်နှစ်တွင် ကားတစ်စီးရှိလိမ့်မည်။

The tree had three branches. (S.V.C)

s v c

သစ်ပင်မှာ ကိုင်းသုံးကိုင်းရှိခဲ့သည်။

မှာ-ရှိ ကြိယာပုံစံများ Yes, No မေးဖြေ ၄-ဝါကျစီ

1. Has Ma Tin Yee a book?
2. Has Ma Tin Yee not a book?
3. Yes, she has a book.
   ဟုတ်ကဲ့၊ မတင်ရီမှာ စာအုပ်တစ်အုပ်ရှိသည်။
4. No, she has not a book.

1. Have the students pencils?
2. Have the students not pencils?
3. Yes, the students have pencils.
   ဟုတ်ကဲ့၊ ကျောင်းသားများမှာ ခဲတံများရှိကြသည်။
4. No, the students have not pencils.

1. Will you have money?
2. Will you have not money?
3. Yes, I shall have money.
   ဟုတ်ကဲ့၊ ကျွန်ုပ်မှာ ငွေရှိလိမ့်မည်။
4. No, I shall not have money.

1. Will the students have 5 Kyats?
2. Will the students not have 5 Kyats?
3. Yes, the students will have 5 Kyats.
   ဟုတ်ကဲ့၊ ကျောင်းသားများမှာ ငွေငါးကျပ်ရှိလိမ့်မည်။
4. No, the students will not have 5 kyats.
5. We should have the good books.
   ကျွန်တော်တို့မှာ စာအုပ်ကောင်းများရှိခဲ့ကြလိမ့်မည်။
6. The girls would have the flowers.
   မိန်းကလေးများမှာ ပန်းများရှိကြလိမ့်မည်။
7. Ma Khin may have a pen.
   မခင်မှာ မင်တံတစ်ချောင်းရှိနိုင်သည်။
8. Ma Mya might have a house.
   မမြမှာ အိမ်တစ်လုံးရှိနိုင်ခဲ့သည်။
9. I can have a car.
   ကျွန်တော့်မှာ ကားတစ်စီး ရှိနိုင်သည်။
10. You can have the houses.
   သင်တို့မှာ အိမ်များရှိနိုင်ခဲ့ကြသည်။

11. The students must have the books.
ကျောင်းသားများမှာ စာအုပ်များရှိကြရမည်။
12. Students should have a lot of books.
ကျောင်းသားများမှာ စာအုပ်များစွာ ရှိသင့်သည်။
13. A house ought to have three doors.
အိမ်တစ်အိမ်မှာ တံခါး ၃ ခုရှိသင့်သည်။
14. The students used to have money.
ကျောင်းသားများမှာ ငွေများရှိလေ့ရှိခဲ့သည်။
15. I am able to have ten kyats.
ကျွန်တော့်မှာ ငွေတစ်ဆယ်ကျပ်ရှိနိုင်သည်။
16. Ma Khin is able to have a flower.
မခင်မှာ ပန်းတစ်ပွင့်ရှိနိုင်သည်။
17. The women are able to have the houses.
မိန်းမကြီးများမှာ အိမ်များရှိနိုင်ကြသည်။
18. Mg Ba was able to have a chalk.
မောင်ဘမှာ မြေဖြူခဲရှိနိုင်လေသည်။
19. The boys were able to have the garden.
လူကလေးများမှာ ဥယျာဉ်ရှိနိုင်ကြလေသည်။
20. We shall be able to have the cars.
ကျွန်တော်တို့မှာ ကားများရှိနိုင်လိမ့်မည်။
21. You will be able to have a good teacher.
သင့်မှာ ကောင်းသောဆရာတစ်ယောက် ရှိနိုင်လိမ့်မည်။
22. I am going to have a fountain pen.
ကျွန်တော့်မှာ ဖောင်တိန်တစ်ချောင်းရှိလိမ့်မည်။
23. Daw Mya is going to have a house.
ဒေါ်မြမှာ အိမ်တစ်လုံးရှိလိမ့်မည်။
24. The boys are going to have cakes.
လူကလေးများမှာ ကိတ်မုန့်များ ရှိလိမ့်မည်။

25. Ma Khin was going to have a watch.
မခင်မှာ နာရီတစ်လုံးရှိလိမ့်မည်။
26. My daughters were going to have the umbrellas.
ကျွန်တော်၏ သမီးများမှာ ထီးများရှိကြလိမ့်မည်။
27. A student has to have a pen.
ကျောင်းသား တစ်ယောက်မှာ ကလောင်တစ်ချောင်း ရှိရသည်။
28. The students have to have the books.
ကျောင်းသားများမှာ စာအုပ်များရှိကြရသည်။
29. The girls had to have the lip-sticks.
မိန်းကလေးများမှာ နှုတ်ခမ်းနီဆိုးဆေးများ ရှိခဲ့ရသည်။
30. We shall have to have a car.
ကျွန်တော်တို့မှာ ကားတစ်စီးရှိရလိမ့်မည်။
31. The students will have to have books.
ကျောင်းသားများမှာ စာအုပ်များရှိရလိမ့်မည်။
32. Ma Ma wants to have the flowers.
မမြသည် (သူ့မှာ) ပန်းများရှိချင်သည်။
33. We want to have a car.
ကျွန်တော်သည် (ကျွန်တော့်မှာ) ကားတစ်စီးရှိချင်သည်။
34. The boy wanted to have the toys.
လူကလေးများသည် (သူတို့မှာ) ကစားစရာများ ရှိချင်ခဲ့ကြသည်။
35. We shall want to have a house.
ကျွန်တော်တို့သည် (ကျွန်တော်တို့မှာ) အိမ်တစ်ဆောင်ရှိချင်လိမ့်မည်။
36. Ma Tin Yee will want to have a watch.
မတင်ရီသည် (သူ့မှာ) နာရီတစ်လုံးရှိချင်လိမ့်မည်။

37. My mother wants me to have a car.
ကျွန်တော့်အမေသည် ကျွန်တော့်မှာ ကားတစ်စီး ရှိစေချင်သည်။
38. Men want women to have kind hearts.
ယောကျ်ားများသည် မိန်းမများမှာကြင်နာတတ်သည့် နှလုံးသား ရှိစေချင်သည်။
39. You wanted me to have much money.
သင်တို့သည် ကျွန်ုပ်မှာ ငွေများများ ရှိစေချင်ခဲ့သည်။
40. I shall want you to have a car.
ကျွန်တော်သည် သင်တို့မှာ ကားတစ်စီးရှိစေချင်လိမ့်မည်။
41. Mg Khin will want Ma Mya to have a gold chain.
မောင်ခင်သည် မမြမှာ ရွှေဆွဲကြိုးတစ်ကုံး ရှိစေချင်လိမ့်မည်၊
42. Mg Khin seems to have a lot of money.
မောင်ခင်မှာ ငွေများများရှိပုံပေါ်သည်။
Does Maung Khin seem to have a lot of noney?
Mg Khin does not seem to have a lot of money.
Does Mg Khin not seem to have a lot of money.
43. You seem to have a car.
သင်တို့မှာ ကားတစ်စီးရှိပုံပေါ်သည်။
44. They seemed to have a house last year.
သူတို့မှာ မနှစ်က အိမ်တစ်လုံးရှိပုံပေါ်ခဲ့သည်။
Did they seem to have a house last year?
They did not seem to have a house last year.
Did they not seem to have a house last year?

အထူးမှတ်သားဖွယ်များ

(၁) Have = မှာ ပါသည်။

မြန်မာဘာသာအားဖြင့် ပါသည်, ပါသလား, မပါဘူး စသည့် အသုံးအနှုန်းများကို "has, have, had" တို့ဖြင့်ပင်ရေးရ၏။

ပုံစံ

He has a car?
သူ့မှာ ကားပါလာသည်။
Have you pens?
သင်တို့မှာ ဖောင်တိန်ပါသလား။
I have not money.
ငါ့မှာ ပိုက်ဆံမပါဘူး။

(၂) Have got = have

အင်္ဂလန်တွင် အင်္ဂလိပ်စကားပြောရာတွင် "has, have" အစား has got, have got ကို အများအားဖြင့် ပြောကြ၏။ ရပြီးပြီဟု မဆိုလို။ မှာ--ရှိသည်, ပါလာသည်ဟုသာ ဆိုလိုသည်။
He's got a shirt.
သူ့မှာ ရှပ်အင်္ကျီတစ်ထည်ရှိသည်၊
They've got a car.
သူတို့မှာ ကားတစ်စီးရှိသည်။ ကားပါလာသည်။
Haven't you got a pen?
သင့်မှာ ဖောင်တိန်မရှိဘူးလား။
No, I haven't. (got မလို)
ဟင်အင်း၊ မရှိပါဘူး။

(၃) Have = စားသောက်, တွေ့ကြုံသည်

"have" ကို (က) စားသည်, သောက်သည်၊ (ခ) ကြုံတွေ့ခံစားသည်ဟူသော အဓိပ္ပာယ်ဖြင့်သုံး၏။ ထိုသို့သုံးရာ၌ လေးဝါကျပြောင်းသောအခါ "does, do, did" ဖြင့်ပြောင်းရမည်။ (မှားတတ်၏။ သတိပြုပါလေ)

Do you have dinner at 7 p.m?
သင် ညနေ ၇နာရီမှာ ညစာစားသလား။
No, I don't.

(ခ) I had a good time last night.
ကျွန်ုပ် ညက ပျော်ခဲ့သည်။
Did you have a good time?
သင် ညက ပျော်ခဲ့သလား။
Yes, I did.

(၄) အမေရိကန်အင်္ဂလိပ် Have

အင်္ဂလိပ်တို့က စားသည်၊ သောက်သည်၊ အဓိပ္ပာယ်ရှိ have ကိုသာ does, do, did ဖြင့် အမေးအငြင်း ပြောင်းသော်လည်း အမေရိကန်တို့က ရိုးရိုး "မှာရှိ" အဓိပ္ပာယ်မှာပင် does, do, did ဖြင့် လေးဝါကျပြောင်း၍ ပြောဆိုရေးသားကြလေသည်။ မြန်မာနိုင်ငံ ကျောင်းသုံးစာအုပ်များတွင် အမေရိကန်သုံး အင်္ဂလိပ်စာရေးထုံးကို လိုက်နာသုံးစွဲနေပြီဖြစ်ကြောင်း အထူးသတိပြု မှတ်သားလေ့ကျင့်ထားအပ်ပေသည်။

ပုံစံ

I have (I've) a pen.
I do not (don't) have a pen.
Do you have a pen?
Do you not (don't you) have a prn?
She has (she's) a car.
She does not (doesn't) have a car.
Does she have a car.
Does she not have a car?
He had a house.
He did not (didn't) have a house.
Did he have a house?
Did he not (didn't he) have a house?

ပထမပိုင်း အခြေခံများအတွက်

အောက်ပါ မြန်မာဘာသာများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ။

လေ့ကျင့်ခန်း (၁)

၁။ ကျွန်ုပ်မှာ ခဲတံတစ်ချောင်းရှိသည်။
၂။ လူကလေးမှာ စာအုပ်များရှိကြသည်။
၃။ သူ့မှာ မနေ့က မင်အိုးတစ်လုံး ရှိခဲ့သည်။
၄။ မိန်းကလေးများမှာ လွန်ခဲ့သောနှစ်က ငွေများရှိခဲ့ကြသည်။
၅။ ကျွန်တော်တို့မှာ လာမည့်နှစ်တွင်ကားများရှိလိမ့်မည်။
၆။ သင်တို့မှာ မနက်ဖြန်တွင် စာအုပ်များ ရှိကြလိမ့်မည်။
၇။ မခင်ထားရီမှာရှေိုးတစ်လမုံးရှိသည်။
၈။ မောင်ခင်မှာ မှင်တံတစ်ချောင်းရှိသည်။
၉။ ကျောင်းသားများမှာ စာအုပ်များရှိသည်။
၁၀။ မခင်ဌေးကြွယ်မှာ မနေ့ နာရီတစ်လုံးရှိခဲ့သည်။

လေ့ကျင့်ခန်း (၂)

၁။ ခွေးမှာ ခြေထောက်လေးချောင်းရှိသည်။
၂။ လူများမှာ ခြေထောက်နှစ်ချောင်းရှိကြသည်။
၃။ မခင်ရီမှာ မနေ့က အိုးတစ်လုံးရှိခဲ့သည်။
၄။ လူကလေးများမှာ မနှစ်တုန်းက ကစားစရာများရှိခဲ့ကြသည်။
၅။ ကျွန်တော့်မှ လာမည့်လတွင် ကားတစ်စီးရှိလိမ့်မည်။
၆။ ကျွန်ုပ်တို့ကျောင်းမှာ လာမည့်နှစ်တွင် ကျောင်းသူများရှိလိမ့်မည်။
၇။ ဆရာမှာ မြေဖြူခဲတစ်ခုရှိသည်။
၈။ မိန်းမကြီးမှာ သားများရှိကြသည်။
၉။ ဦးတင်မှာ မနေ့က သရက်သီးတစ်လုံးရှိခဲ့သည်။
၁၀။ ကျွန်ုပ်အဖေမှာ လွန်ခဲ့သောနှစ်က ကားများရှိခဲ့ကြသည်။

လေ့ကျင့်ခန်း (၃)

၁။ အိမ်တစ်လုံးမှာ တံခါးလေးခုရှိသည်။
၂။ ဘုရားမှာ ရွှေထီးရှိသည်။ (golden umbrella)

၃။ သစ်ပင်တစ်ပင်မှာ မနက်က သစ်သီးတစ်လုံးရှိခဲ့သည်။
၄။ သရက်ပင်များမှာ မနေ့က သရက်သီးများ ရှိခဲ့ကြသည်။
၅။ မိန်းကလေးများမှာ လာမည့်နှစ်တွင် ရွှေများရှိလိမ့်မည်။
၆။ သူတို့မှာ မနက်ဖြန်တွင် ငွေများရှိလိမ့်မည်။
၇။ ဦးအုန်းမှာ သမီးတစ်ယောက်ရှိသည်။
၈။ မခင်ဆွေမှာ ညီမတစ်ယောက်ရှိသည်။
၉။ ကျွန်ုပ်တို့အမေမှာ မနှစ်တုန်းက သမီးများရှိခဲ့သည်။
၁၀။ စားပွဲတစ်လုံးမှာ ခြေထောက်လေးချောင်းရှိသည်။

လေ့ကျင့်ခန်း (၄)

၁။ ကြက်တစ်ကောင်မှာ ခြေထောက် ၂ ချောင်းရှိသည်၊
၂။ ကျောင်းများမှာ ခုံရှည်များရှိကြသည်။
၃။ အိမ်တစ်အိမ်မှာ တံခါးတစ်ခုရှိသည်။
၄။ ကားများမှာ ဘီးများရှိကြသည်။
၅။ သူတို့မှာ လာမည့်နှစ်တွင် အိမ်များရှိလိမ့်မည်။
၆။ ကျောင်းသားများမှာ လာမည့်ရက်တွင် မြေပုံများရှိလိမ့်မည်။
၇။ ကျွန်တော့်မှာ ဖျာတစ်ချပ်ရှိကြသည်။
၈။ လူကလေးများမှာ ဦးထုပ်များရှိကြသည်။
၉။ ခင်ယုမေမှာ မနေ့က ဖောင်တိန်တစ်ချောင်းရှိခဲ့သည်။
၁၀။ စာအုပ်များမှာ အဖုံးများရှိကြသည်။

လေ့ကျင့်ခန်း (၅)

၁။ သူမမှာ သေတ္တာတစ်လုံးရှိသည်။
၂။ ကျွန်တော်တို့မှာ ယပ်တောင်များရှိကြသည်။
၃။ မခင်ဌေးကြွယ်မှာ မနှစ်တုန်းက ဘက်တန်တစ်ခုရှိခဲ့သည်။
၄။ ကျီးကန်းများမှာ မနှစ်တုန်းက အစာများရှိခဲ့ကြသည်။
၅။ မခင်ထားရီမှာ လာမည့်နှစ်တွင် ချစ်သူရှိပါလိမ့်မည်။
၆။ သူတို့မှာ မနက်ဖြန်တွင် စားပွဲခုံများရှိပါလိမ့်မည်။
၇။ မေသစ်မှာ ရွှေဆွဲကြိုးတစ်ကုံးရှိသည်၊

၈။ ဈေးဆိုင်များမှာ လွယ်အိတ်များရှိကြသည်။
၉။ ရွှေမန်းတင်မောင်မှာ မနှစ်က ကားတစ်စီးရှိခဲ့သည်။
၁၀။ လူကြီးများမှာမနေ့တုန်းက ငွေများရှိခဲ့ကြသည်။

Sentence-Net with 7-Ques-Ans sets

မေးဖြေ ၇ စုံပါ ဝါကျကွန်ချာ

Yes-No နှင့် Declarative

လေ့ကျင့်ခန်း (၁) တွင် သင်ရေးထားသော SVCT အခြေခံ ဝါကျများကို Yes-No Question, Declarative Question ၄ မျိုးမေး၍ Yes, No, Long, Short အဖြေ ၄ မျိုးကို
(က) အရေးပုံစံရေးပါ။
(ခ) A အုပ်စုက Yes-No-Question များကို Rising Intonation ဖြင့်မေး၍ B အုပ်စုက အဖြေ ၄ ဝါကျဖြေပါ။
(ဂ) B အုပ်စုက Declarative Question များကို Rising Intonation ဖြင့်မေး၍ A အုပ်စုက Falling Intonation ဖြင့်ဖြေပါ။

အရေးနမူနာပုံစံ

I have a pencil အခြေခံဝါကျကို
Have you a pencil?
Have you not a pencil?
You have a pencil?
You have not a pencil?

Yes, I have a pencil. (Long)
Yes, I have. (Short)
No, I have not a pencil. (Long)
No, I have not. (Short)

A အုပ်စု Yes-No-Ques မေး

Have you a pencil?

Haven't you a pencil?

B အုပ်စု Declarative Ques မေး

You've a pencil?

You've not a pencil?

You haven't a pencil?

A နှင့် B အုပ်စုဖြေ

Yes, I've a Pencil.

Yes, I have. (Yes, I,ve မှား၏)

No, I've not a pencil.

No, I haven't a pencil.

No, I've not.

No, I haven't.

Wh....., Wh..... + or, Ques and Ans

လေ့ကျင့်ခန်း (၂) တွင် သင်ရေးထားသော SVCT အခြေခံ ဝါကျများကို Wh-Ques (၂) မျိုး ဖြစ်နိုင်သလောက်

(က) အရေးပုံစံရေးပါ။

(ခ) A အုပ်စုက Wh-Ques မေး၍ B အုပ်စုကဖြေပါ။

(ဂ) B အုပ်စုက Wh + or-Ques မေး၍ A အုပ်စုကဖြေပါ။

အရေးပုံစံ

A dog has four legs အခြေခံဝါကျကို

မေး How many legs has a dog, two or four?

ဖြေ A dog has four legs. (Long)

Four legs. (Short)

အပြောပုံစံ

မေး How many legs has a dog, two or four?

ဖြေ A dog has four legs. (Long)

Four legs. (Short)

မေး What has four legs, a dog or a man?

ဖြေ A dog has four legs. (Long)

a dog. (Short)

Indirect Ques and Ans

လေ့ကျင့်ခန်း (၂) တွင် သင်ရေးထားသော SVCT အခြေခံဝါကျများကို Indirect Questions (၂) မျိုး ဖြစ်နိုင်သလောက် (က) အရေးပုံစံရေးပါ။ (ခ) A အုပ်စုကမေး၍ B အုပ်စုကဖြေပါ၊

အရေးအပြောပုံစံ

A dog has four legs အခြေခံဝါကျကို

မေး Do you know how many legs a dog has?

ခွေးတစ်ကောင်မှာ ခြေထောက်ဘယ်နှစ်ချောင်းရှိတယ်ဆိုတာ မင်းသိလား။

ဖြေ Yes, a dog has four legs.
ဟုတ်ကဲ့၊ ခွေးတစ်ကောင်မှာ ခြေထောက် ၄ ချောင်း ရှိတယ်။

မေး Do you know how many legs a spider has?
ပင့်ကူတစ်ကောင်မှာ ခြေထောက်ဘယ်နှစ်ချောင်းရှိတယ်ဆိုတာ မင်းသိလား။

ဖြေ No, I don't know how many legs a spider has.
ဟင်အင်း၊ ပင့်ကူမှာ ခြေထောက်ဘယ်နှစ်ချောင်းရှိမှန်း ကျွန်တော် မသိပါ။

မေး Could you tell me how many legs a dog/spider has?

ဖြေ Yes, a dog has four legs.
No, I couldn't tell you how many legs a spider has.

Or နှင့် Tag Question - Answer

လေ့ကျင့်ခန်း (၃) တွင် သင်ရေးထားသော SVCT အခြေခံ ဝါကျများကို or နှင့် Tag အမေးအဖြေ (က) တဖြင့်ရေးပါ။ (ခ) A က Or-Questions မေး၍ B ကဖြေပါ။ (ဂ) B က Tag-Questons မေး၍ A ကဖြေပါ။

အရေးအပြောပုံစံ

1. Has a house four doors, or two doors?
It has four doors. (Long)
Four doors. (Short)

2. A house has four doors hasn't it?

Yes, it has. No, it hasn't.

A house hasn't four doors, has it?

No. it hasn't. Yes, it has.

ဒုတိယပိုင်း (အဆင့်မြင့်များအတွက်)

လေ့ကျင့်ခန်း (၁)

အောက်ပါ မြန်မာဘာသာများကို အင်္ဂလိပ်ဘာသာပြန်ဆိုပါ။

၁။ ကြည်ကြည်ဌေးမှာ ကားတစ်စီးရှိကောင်းရှိမည်။

၂။ မောင်ခင်မှာ လွယ်အိတ်တစ်လုံးရှိသည်။

၃။ ကောလိပ်ကျောင်းသားများမှာ စာအုပ်များရှိသင့်ကြသည်။

၄။ မိန်းကလေးများမှာ ပန်းများရှိထိုက်သည်။

၅။ ဘုရားမှာ ရွှေများရှိလေ့ရှိသည်။

၆။ မစိန်ရွှေမှာ ရွှေဘီးတစ်ချောင်းရှိနိုင်ခဲ့သည်။

၇။ လူကြီးများမှာ လာမည့်နှစ်တွင် ကားများရှိနိုင်ပါလိမ့်မည်။

၈။ နွားမများမှာ လာမည့်နှစ်တွင် ဦးချိုများရှိမှာသေချာကြသည်။

၉။ ကျောင်းသားများမှာ စာအုပ်များရှိကြသည်။

၁၀။ အိမ်များမှာ လာမည့်နှစ်တွင် တံခါးများရှိကြပါလိမ့်မည်။

၁၁။ ဦးမြမှာ ဖောင်တိန်တစ်ချောင်းရှိချင်သည်။

၁၂။ ခွေးများမှာ မျက်စိများရှိကြသည်။

၁၃။ ကျွန်တော့်မှာ မနှစ်တုန်းက ချစ်သူရှိချင်ခဲ့သည်။

၁၄။ မိန်းကလေးများမှာ မနေ့က ထီးများရှိချင်ခဲ့ကြသည်။

၁၅။ ကျွန်တော်တို့သည် လာမည့်နှစ်တွင် ဦးထုပ်များရှိချင်ကြပါလိမ့်မည်။

၁၆။ ဦးစိန်သည် ဒေါ်မြရီမှာ ကားတစ်စီးရှိစေချင်သည်။

၁၇။ ဆရာများသည် ကျောင်းသားများမှာ စာအုပ်များ ရှိစေချင်ကြသည်။

၁၈။ မခင်ရွှေသည် သူ၏ညီမမှာ အိမ်တစ်လုံး ရှိစေချင်ခဲ့သည်၊
၁၉။ မိဘများသည် သူတို့၏ သားများမှာ ဘိနပ်များ ရှိစေချင်ခဲ့ကြသည်။
၂၀။ ကျောင်းသားများသည် ကျောင်းသူများမှာ လာမည့်လတွင် စာအုပ်များ ရှိစေချင်ကြလိမ့်မည်။

လေ့ကျင့်ခန်း (၂)

လေ့ကျင့်ခန်း (၁) တွင် သင်ရေးသားထားသော SVCT အခြေခံဝါကျတစ်ခုစီကို မေးဖြေ (၇) စုံဖြင့် ဝါကျကွန်ရက်ဖြန့်ကျက် ပြောပြပါ။

ADJECTIVE VERB

နာမဝိသေသနကြိယာ

Verb to be= ခေါ် ရှိဖြစ်ကြိယာများနောက်မှ Adjective ခေါ် နာမဝိသေသနပုဒ်များကို ထား၍ရေးလျှင် Adjective verb ခေါ် နာမဝိသေသနကြိယာဖြစ်လာသည်။

ရှိဖြစ်ကြိယာများသည် နာမဝိသေသနပုဒ်များကို ကြိယာပုဒ်ဖြစ်လာရန် ကူညီရသောကြောင့် ၎င်းတို့၏ မူရင်းအဓိပ္ပာယ်ဖြစ်သော ရှိသည်-ဖြစ်သည်ဟု အဓိပ္ပာယ်မပြန်ဆိုနိုင်တော့ပေ။

နာမဝိသေသန ကြိယာဇယားများ

(am) is + happy	ပျော်သည်။
are + happy	ပျော်သည်။
was + happy	ပျော်ကြသည်။
were + happy	ပျော်ခဲ့သည်။
shall be + happy	ပျော်လိမ့်သည်။
will be + happy	ပျော်လိမ့်သည်။

should be + happy	ပျော်ခဲ့လိမ့်မည်။
would be + happy	ပျော်ခဲ့လိမ့်မည်။
may be + happy	ပျော်ချင်ပျော်နိုင်သည်။
might be + happy	ပျော်ချင်ပျော်နိုင်ခဲ့သည်။
can be + happy	ပျော်နိုင်သည်။
could be + happy	ပျော်နိုင်ခဲ့သည်။
should be + happy	ပျော်သင့်သည်။
ought to be + happy	ပျော်သင့်သည်။
used to be + happy	ပျော်လေ့ရှိခဲ့သည်။

(am)is able to be + happy	ပျော်ခဲ့လိမ့်မည်။
are able to be + happy	ပျော်နိုင်ကြသည်။
was able to be + happy	ပျော်နိုင်ခဲ့သည်။
were able to be + happy	ပျော်နိုင်ခဲ့ကြသည်။
shall able to be + happy	ပျော်နိုင်လိမ့်မည်။
will able to be + happy	ပျော်နိုင်လိမ့်မည်။

(am)is going to be + happy	ပျော်မှာသေချာသည်။
are going to be + happy	ပျော်ကြလိမ့်မည်။
was going to be + happy	ပျော်ခဲ့လိမ့်မည်။
were going to be + happy	ပျော်ခဲ့ကြလိမ့်မည်။

wants to be + happy	ပျော်ချင်သည်။
want to be + happy	ပျော်ချင်ကြသည်။
wanted to be + happy	ပျော်ချင်ခဲ့သည်။
wanted to be + happy	ပျော်ချင်ခဲ့ကြသည်။
shall to be + happy	ပျော်ချင်လိမ့်မည်။
will want to be + happy	ပျော်ချင်လိမ့်မည်။

wants (ကို) to be + happy ပျော်စေချင်သည်။
want (ကို) to be + happy ပျော်စေချင်ကြသည်။
wanted (ကို) to be + happy ပျော်စေချင်ခဲ့သည်။
wanted (ကို) to be + happy ပျော်စေချင်ခဲ့ကြသည်။
shall want (ကို) to be + happy ပျော်စေချင်လိမ့်မည်။
will want (ကို) to be + happy ပျော်စေချင်လိမ့်မည်။

makes (ကို) + happy ပျော်အောင်လုပ်သည်။
make (ကို) + happy ပျော်အောင်လုပ်ကြသည်။
made (ကို) + happy ပျော်စေခဲ့သည်။
made (ကို) + happy ပျော်စေခဲ့ကြသည်။
shall make (ကို) + happy ပျော်စေလိမ့်မည်။
will make (ကို) + happy ပျော်စေလိမ့်မည်။

seems + happy ပျော်ပုံပေါ်သည်။
seem + happy ပျော်ကြပုံပေါ်သည်။
seemed + happy ပျော်ပုံပေါ်ခဲ့သည်။
seemed + happy ပျော်ခဲ့ကြပုံပေါ်သည်။

မှတ်ချက်။ ။ seem နှင့် make (ကို) နောက်မှ နာမဝိသေသနပုဒ် လိုက်သည်ကို သတိပြုပါ။ seem to be happy make (ကို) to be happy ဟု မရေးမိပါစေနှင့်။ ပုံစံများတွင်လည်း သေချာစွာကြည့်ပါ။

နည်းသစ်ဝါကျဖွဲ့ထုံး

Subject + Verb + Complement

ကတ္တား ပထမ+ ရှိဖြစ်ကြိယာ ဒုတိယ + နာမဝိသေသန ဖြည့်ပုဒ် တတိယထား၍ရေးရ၏။

Mg Mya is clever. မောင်မြသည် လိမ်မာ၏၊

S V C

We are happy. ကျွန်ုပ်တို့သည် ပျော်ကြသည်။

S V C

မှတ်ချက်။ ။ သဒ္ဒါကျမ်းများက အထက်ပါအတိုင်း S.V.C ဟု သုံးမျိုးခွဲခြားကြ၏။ သို့ရာတွင် နည်းသစ်အင်္ဂလိပ်သဒ္ဒါသည် မြန်မာဘာသာ မြန်မာအသံကို မူတည်ရေးသော ကျမ်းဖြစ်သည့်အတိုင်း မောင်မြသည် လိမ္မာသည်။ ကျွန်ုပ်တို့သည် ပျော်ကြသည်ဟု စကားနှစ်လုံးသာ ရှိသောကြောင့် is clever, are happy နှစ်လုံးကို Verb ဟု ခွဲခြားလိုပေသည်။ သို့မှလည်း မြန်မာဝါကျကို အင်္ဂလိပ်လို ပြန်ရေးရာ၌ လွယ်ကူပေမည်။ ထို့ကြောင့်-

Mg Mya is clever. မောင်မြသည် လိမ်မာ၏၊

S V

We are happy. ကျွန်ုပ်တို့သည် ပျော်ကြသည်။

S V C

အထူးမှတ်ထားချက်

အင်္ဂလိပ်သဒ္ဒါကျမ်းများတွင် Adjective verb ဟူ၍ မပြကြ။ Predicative use of adjective နာမဝိသေသနများကို ဝါစက (ဝါ) ကြိယာအဖြစ် သုံးခြင်းဟု စကားတစ်မျိုး လှည့်သုံးထား၏။ ကြိယာအဖြစ် သုံးလိုက်လျှင် ကြိယာပုဒ်ဖြစ်လာသောကြောင့် မှတ်ရလွယ်ကူစေရန် နာမဝိသေသနကြိယာဟု အမည်ပေးလိုက်၏။ မည်သို့ပင်ခေါ်ခေါ် မှန်မှန်ရေးတတ်မှုသာ အဓိကဖြစ်သည်။

ပုံစံများ

1. I am clever. ကျွန်ုပ်သည် လိမ်မာသည်။
   Am I clever? ကျွန်ုပ်သည်လိမ်မာသလား။
   I am not clever. ကျွန်ုပ်သည် မလိမ်မာပါ။
   Am I not clever? ကျွန်ုပ်သည် မလိမ်မာဘူးလား။
2. Ma Tin Yee is beautiful.
   မတင်ရီသည် လှသည်။
3. The students are happy.
   ကျောင်းသားများပျော်ကြသည်။
4. Ma Mya was sad.
   မမြသည် ဝမ်းနည်းခဲ့သည်။
5. The women were lazy.
   မိန်းမကြီးသည် ပျင်းရိခဲ့ကြသည်။
6. We shall be brave.
   ကျွန်ုပ်တို့သည် ရဲရင့်ကြလိမ့်မည်။
7. Water will be cold in winter.
   ရေသည် ဆောင်းအခါအေးလိမ့်မည်။
8. We should be wise.
   ကျွန်ုပ်တို့သည် ပညာရှိခဲ့လိမ့်မည်။
9. The boys would be simple.
   လူကလေးများသည် ရိုးသားခဲ့ကြလိမ့်မည်။
10. The question may be easy.
    ပုစ္ဆာသည် လွယ်ချင်လွယ်မည်။
11. The cats might be wild.
    ကြောင်များသည် ရိုင်းချင်ရိုင်းခဲ့မည်။
12. Mg Ba can be happy.
    မောင်ဘသည် ပျော်နိုင်သည်။
13. We could be happy.
    ကျွန်တော်တို့ ပျော်နိုင်ခဲ့သည်။

14. The men must be polite.
လူကြီးများသည် ယဉ်ကျေးကြရမည်။
15. The girls should be beautiful.
မိန်းကလေးများသည် လှပသင့်သည်။
16. The boys ought to be healthy.
လူကလေးများသည် ကျန်းမာသင့်ကြသည်။
17. U Mya's sons used to be rich.
ဦးမြ၏ သားများသည် ချမ်းသာလေ့ရှိကြသည်။
18. I am able to be happy.
ကျွန်ုပ်သည် ပျော်နိုင်သည်။
19. Ma Tin Ye is able to be clever.
မတင်ရီသည် လိမ်မာနိုင်သည်။
20. The students are able to be wise.
ကျောင်းသားများသည် ပညာရှိနိုင်ကြသည်။
21. The girls were able to be fat.
မိန်းကလေးများသည် ဝနိုင်ခဲ့ကြသည်။
22. The dogs were able to be wild.
ခွေးများသည် ရိုင်းနိုင်ကြသည်။
23. We shall be able to be rich.
ကျွန်ုပ်တို့သည် ချမ်းသာနိုင်ကြလိမ့်မည်။
24. The boys will be able to lazy.
လူကလေးများသည် ပျင်းရိနိုင်ကြလိမ့်မည်။
25. I am going to be happy.
ကျွန်တော်သည် ပျော်လိမ့်မည်။ (ပျော်မှာသေချာသည်)
26. He is going to be rich.
သူသည် ချမ်းသာလိမ့်မည်။ (ချမ်းသာမှာသေချာသည်)
27. The boys are going to be healthy.
လူကလေးများသည် ကျန်းမာကြလိမ့်မည်။
(ကျန်းမာမှာသေချာသည်)

28. Ma Khin was going to be brave.
မခင်သည် ရဲရင့်လိမ့်မည်။
(ရဲရင့်မှာ သေချာသည်)
29. The girls were going to be rich.
မိန်းကလေးများသည် ချမ်းသာကြလိမ့်မည်။
(ချမ်းသာမှာသေချာသည်)
30. Mya Mya wants to be beautiful.
မြမြသည် လှပချင်သည်။
31. We want to be rich.
ကျွန်တော်တို့သည် ချမ်းသာချင်ကြသည်။
32. The boys wanted to be happy.
လူကလေးများသည် ရွှင်လန်းချင်ခဲ့ကြသည်။
33. We shall want to be happy.
ကျွန်ုပ်တို့ ပျော်ရွှင်ချင်ကြလိမ့်မည်။
34. All men will want to be rich.
လူအားလုံးသည် ချမ်းသာချင်ကြလိမ့်မည်။
35. She wants me to be happy.
သူမသည် ကျွန်ုပ်အား ပျော်ရွှင်စေချင်သည်။
36. I want the students to be wise.
ကျွန်ုပ်သည် ကျောင်းသားများကို ပညာရှိစေချင်သည်။
37. The teacher wanted a girl to be polite.
ဆရာသည် မိန်းကလေးတစ်ယောက်ကို ယဉ်ကျေးစေချင်သည်။
38. I shall want my son to be healthy.
ကျွန်ုပ်သည် ကျွန်ုပ်၏သားကို ကျန်းမာစေချင်လိမ့်မည်။
39. The girl will want me to be well.
မိန်းကလေးသည် ကျွန်ုပ်အား နေကောင်းစေချင်လိမ့်မည်။
40. Yee Lay makes her lips red.
ရီလေးသည် သူမ၏နှုတ်ခမ်းများကို နီအောင်ဆိုးသည်။

41. The teachers make their pupil wise.
ဆရာများသည် သူတို့၏ တပည့်များကို ပညာရှိအောင် လုပ်ကြသည်။
42. Men made dogs tame.
လူများသည် ခွေးများကို ယဉ်ပါးအောင်လုပ်ခဲ့သည်။
43. We shall make the children happy.
ကျွန်ုပ်တို့သည် ကလေးများကို ပျော်ရွှင်အောင် လုပ်လိမ့်မည်။
44. U Ni will make Myanmar rich.
ဦးနီသည် မြန်မာလူမျိုးများကို ချမ်းသာအောင် လုပ်လိမ့်မည်။
45. Ma Yee seems happy in Yangon.
မရီသည် ရန်ကုန်မှာ ပျော်ပုံရသည်။
46. They seem lazy in the class.
သူတို့သည် အတန်းထဲမှာ ပျင်းပုံပေါ်သည်။
47. He seemed angry with me.
သူသည် ကျွန်ုပ်ကို စိတ်ဆိုးပုံပေါ်ခဲ့သည်။
48. They seemed honest.
သူတို့သည် ရိုးဖြောင့်ပုံရခဲ့သည်။

အမိန့်ပေးတောင်းပန်ဝါကျ

Be clever = လိမ္မာကြပါ။ Don't be foolish= မမိုက်ကြပါနှင့်။
Be quiet = တိတ်တိတ်နေကြပါ။ Don't be noisy = မဆူကြပါနှင့်။
Please be patient = သီးခံကြပါ။ Don't be angry = စိတ်မဆိုးကြပါနှင့်။
Don't be dipressed = အားမငယ်ပါနှင့်။ Don't be lazy to go to school = ကျောင်းသို့သွားဖို့ မပျင်းပါနှင့်။
Be hamble to the elders = လူကြီးမိဘတွေကို ရိုသေပါ။
Don't be proud = မာနမကြီးပါနှင့်။

ပထမပိုင်းအခြေခံများအတွက်
အောက်ပါ မြန်မာဘာသာတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ။

လေ့ကျင့်ခန်း (၁)

၁။ ကျွန်တော်သည် လိမ်မာသည်။
၂။ ပန်းများသည် မွှေးကြသည်။
၃။ မခင်ထားရီသည် မနှစ်တုန်းက လှပခဲ့သည်။
၄။ ခွေးများသည် ရိုင်းစိုင်းခဲ့ကြသည်။
၅။ မိန်းကလေးများသည် လာမည့်နှစ်တွင် လှပကြပါလိမ့်မည်။
၆။ သူတို့သည် မနက်ဖြန်တွင် စိတ်ဆိုးကြပါလိမ့်မည်။
၇။ သစ်ရွက်များသည် စိမ်းကြသည်။
၈။ ရွှေသည် ဝါသည်။
၉။ မြက်များသည် မနက်ခင်းတွင် စိမ်းပါလိမ့်မည်။
၁၀။ လူကလေးများသည် လာမည့်နှစ်တွင် လိမ်မာကြလိမ့်မည်။

လေ့ကျင့်ခန်း (၂)

၁။ ဦးဘသည် ဂုဏ်သရေရှိသည်။
၂။ လူကလေးများသည် မိုက်ရိုင်းကြသည်။
၃။ ကျွန်ုပ်သည် မနှစ်က လိမ်မာခဲ့သည်။
၄။ ကျောင်းသားများသည် မနှစ်က ယဉ်ကျေးခဲ့ကြသည်။
၅။ လူကြီးများသည် လာမည့်နှစ်တွင် ပညာရှိကြပါလိမ့်မည်။
၆။ သင်တို့သည် မနက်ဖြန်တွင် ပျော်ရွှင်ကြပါလိမ့်မည်။
၇။ ဆင်များသည် ယဉ်ပါးကြသည်။
၈။ သူမသည် မနေ့က လှပခဲ့သည်။
၉။ သူတို့သည် သစ္စာရှိကြသည်။
၁၀။ ကျွန်တော်တို့သည် လာမည့်နှစ်တွင် ချမ်းသာကြပါလိမ့်မည်။

လေ့ကျင့်ခန်း (၃)

၁။ ဤလွယ်အိတ်သည် ကြီးသည်။
၂။ ကျီးကန်းများသည် မဲကြသည်။

၃။ ကောင်းကင်သည် မနေ့က အပြာရောင်ရှိခဲ့သည်။
၄။ ချောင်းများသည် မနှစ်က ကျဉ်းမြောင်းခဲ့သည်။
၅။ ကျွန်တော်တို့သည် လာမည့်နှစ်တွင် ရဲရင့်ကြပါလိမ့်မည်။
၆။ သင်တို့သည် လာမည့်နှစ်တွင် ပျော်ရွှင်ကြပါလိမ့်မည်။
၇။ မိန်းကလေးများသည် ပျင်းကြသည်။
၈။ လူကလေးများသည် မနေ့က ပျော်ရွှင်ခဲ့ကြသည်။
၉။ ကျွန်တော်သည် လာမည့်နှစ်တွင် ပညာရှိဖြစ်ပါလိမ့်မည်။
၁၀။ လမ်းများသည် လာမည့်လတွင် သန့်ရှင်းပါလိမ့်မည်။

လေ့ကျင့်ခန်း (၄)

၁။ သူမသည် ပိန်သည်။
၂။ ပန်းများသည် နီရဲကြသည်။
၃။ မခင်ရီသည် မနှစ်က ဆင်းရဲခဲ့သည်။
၄။ သူတို့သည် လွန်ခဲ့သောလက ချမ်းသာခဲ့ကြသည်။
၅။ ကျွန်တော်သည် လာမည့်လတွင် ကျန်းမာပါလိမ့်မည်။
၆။ သင်တို့သည် လာမည့်လတွင် ဝဖြိုးကြပါလိမ့်မည်။
၇။ ခဲတံများသည် အပြာရောင် ရှိကြသည်။
၈။ နွားများသည် ရိုင်းစိုင်းကြသည်။
၉။ ကျွန်တော်သည် လာမည့်နှစ်တွင် အားနည်းပါလိမ့်မည်။
၁၀။ မြင်းများသည် မနက်ဖြန်တွင် လျင်မြန်ပါလိမ့်မည်။

လေ့ကျင့်ခန်း (၅)

၁။ ဦးတင်သည် ဝဖြိုးသည်။
၂။ ဆင်များသည် အားကောင်းကြသည်။
၃။ သူသည် မနှစ်က အားနည်းခဲ့သည်။
၄။ သူတို့သည် လွန်ခဲ့သောလက ဝမ်းသာခဲ့ကြသည်။
၅။ ကျွန်တော်တို့သည် လာမည့်နှစ်တွင် ဝီရိယရှိကြပါလိမ့်မည်။
၆။ ကျောင်းသူများသည် မနက်ဖြန်တွင် ပျင်းရိကြပါလိမ့်မည်။
၇။ မခင်ဌေးကြွယ်သည် ယဉ်ကျေးသိမ်မွေ့သည်။

၈။ ဝန်ကြီးများသည် မနှစ်တုန်းက ချမ်းသာကြွယ်ဝခဲ့ကြသည်။
၉။ အိမ်များသည် လာမည့်နှစ်တွင် ကောင်းမွန်ကြပါလိမ့်မည်။
၁၀။ လူများသည် မနက်ဖြန်တွင် ဝမ်းသာကြပါလိမ့်မည်။

Sentence - Net (7) Ques- Ans-Sets
မေးဖြေ (၇) ခုပါ ဝါကျကွန်ချာ

လေ့ကျင့်ခန်း (၆)

Coloquial exercise = စကားပြောလေ့ကျင့်ခန်း

လေ့ကျင့်ခန်း (၁)မှ အခြေခံတစ်ဝါကျစီကို

(က) A group က Intonation သံနေသံထား မှန်မှန်ဖြင့် အမေး ၇မျိုးရနိုင်သမျှ နှုတ်ဖြင့်မေး၍

(ခ) B group က သံနေသံထားမှန်မှန်ဖြင့် ရနိုင်သမျှ long Ans, Short Ans နှုတ်ဖြင့်ဖြေပါ၊ (No. 1. is for you)

1. Yes - No Q-A set

Are you clever ?

Aren't you clever ?

Yes, I'm clever.

Yes, I am (I'm မှား၏)

No, I'm not clever.

No, I'm not.

2. Or - Q-A set

Are you clever or foolish ?

I'm clever.

Clever.

3. Wh - Q-A Set

What are you like ? သင်ဟာဘယ်လိုလူလဲ

I'm clever.

Clever.

Who's clever ? ဘယ်သူသည် လိမ္မာသလဲ

I'm clever.

I'm = (I'm မှား၏)

4. Wh + Or Q-A Set

What are you like, clever or foolish ?

I'm clever.

Clever.

Who's clever, you or me (I) ?

I'm clever.

I am (I'm မှား၏)

5. Tag Q-A Set

You're clever, arent you ?

You're not clever, are you ?

You arent clever, are you ?
Yes, I am (I'm ဟုဖြေလျှင်မှားဧ)
No, I'm not.

6. Declarative Q - A Set

A You're clever ?
You're not clever ?
You aren't clever ?

B Yes, I'm clever.
Yes, I am (I'm ဟုဖြေလျှင်မှားဧ)
No, I'm not clever.
No, I'm not clever.
No, I'm not.

7. Indirect Q-A Set

A Do you know what you're like ?
Could you tell me what you're like ?
B Yes, I'am clever.
No, I don't know what I am.
No, I couldn't tell you what I am.
A Do you know who is clever ?

Could you tell me who is clever ?

B Yes, I'm clever.

No, I don't know who is clever.

No, I couldn't tell you who is clever.

နာမဝိသေသနနှင့် Wh- Question

(၁) လူအရာဝတ္ထုတို့၏ ဂုဏ်ရည်ကို What is ......like , What kind of ....is .....ဖြင့်မေးရသည်။ ဘယ်လိုလူလဲ၊ ဘယ်လိုဟာလဲဟု အဓိပ္ပါယ်ပြန်ရသည်။

What kind of girl is Ma Mya ?

မမြဟာ ဘယ်လိုမိန်းကလေးလဲ

What's Ma Mya like ?

မမြဟာဘယ်လိုမိန်းကလေးလဲ၊ (အရပ်မြင့်လား၊ ပုလား၊ အသားဖြူလား၊ မဲလား၊ လှလား၊ အရုပ်ဆိုးလား၊ ဝလား၊ ပိန်လား)

(She's) tall. She's a tall girl.

(She's) short. ....a short ....

(She's) fair. ....a fair ....

(She's) dark. ....a dark ....

(She's) ugly. ....an ugly ....

(She's) pretty ....a pretty ....

(She's) fat. ....a fat ....

(She's) thin. ....a thin ....

What's your book like ?

ခင်ဗျားစာအုပ်ဘယ်လိုဟာလဲ၊ (သစ်လား၊ ဟောင်းလား၊ ထူလား၊ ပါးလား)

(It's) new. (It's) a new book.
(It's) old. (It's) an old book.
(It's) thick. (It's) a thick book.
(It's) thin. (It's) a thin book.

၂။ လူတစ်ယောက်ဟာ ဘာလူမျိုးလဲဟု Nationality လူမျိုးကိုမေးလိုသောအခါ
What nationality is Ma Mya ?
မမြဘာလူမျိုးလဲဟုမေးရမည်။
What nationality is Ma Mya ?
မမြဘာလူမျိုးလဲ
She is a Myanmar girl.
She's a Shan girl.
She's a Chinese girl.

လေ့ကျင့်ခန်း (၇)

Coloquial exercise စကားပြောလေ့ကျင့်ခန်း

အထက်ပါ Wh-Ques အဖြေတစ်ခုစီကို အမေးအဖြေ ၇-စုံဖြင့် ဝါကျကွန်ရက်ဖြန့်ကျက်ပြောပြပါ။ (A ကမေး၍ B ကဖြေပါ။)

၃။ **How + Adjective ....Wh - Ques များ**

How tall is Mg Mg ? မောင်မောင်အရပ်ဘယ်လောက်မြင့်လဲ။
(He's) five foot tall. ၅-ပေမြင့်သည်။
How high is U Mya's house ? ဦးမြအိမ်ဘယ်လောက်မြင့်လဲ။
(His house is) thirty -five feet high. ၃၅ ပေမြင့်သည်။

How old is Ma Mya ? မမြအသက်ဘယ်လောက်လဲ။
(She's) twenty five (years old) ၂၅နှစ်ရှိပြီ။
How long is Kyaukkasan Road. ကျိုက္ကဆံလမ်းဘယ်လောက်ရှည်လဲ။
(It's) one and half mile. တစ်မိုင်ခွဲရှည်သည်။
How wide is you house ? သင့်အိမ်ဘယ်လောက်ကျယ်လဲ။
(It's) twenty by fifty feet. ပေ ၂၀ x ၅၀ ကျယ်ပါသည်။
How far is it from here to Shwedagon? ဒီကရွှေတိဂုံဘယ်လောက်ဝေးလဲ။
(It's) over two miles. နှစ်မိုင်ကျော်ကျော်ဝေးပါတယ်။
How deep is your well ? သင့်ရေတွင်းဘယ်လောက်နက်လဲ။
(It's) twenty feet deep. ပေ ၂၀ နက်ပါတယ်။
How thick is the wall ? ဒီနံရံဘယ်လောက်ထူသလဲ။
(It's) ten inches thick. ၉ လက်မလောက်ထူပါတယ်။
How far is it from here to station. ဘူတာရုံကို ဒီကနေဘယ်လောက်ဝေးလဲ။
(It's) Not far. မဝေးတော့ပါဘူး။
(It's) ten-minutes walk. ၁၀ မိနစ် လျှောက်လျှင်ရောက်ပါပြီ။
(It's) A long way. နဲနဲဝေးသေးတယ်။
(It's) half an hour by bus. ဘတ်(စ်)ကားနာရီဝက်လောက်စီးရအုံးမည်။
(It's) A very long way. အတော်ကြီးဝေးသေးတယ်။
(It's) half a mile. မိုင်ဝက်လောက်ဝေးသေးတယ်။

(It's) fifteen minutes by car. ကား ၁၅မိနစ်လောက် မောင်းရအုံးမယ်။

Who....like ဘယ်သူနဲ့တူသလဲ

လူတစ်ယောက်ကို ဘယ်သူနှင့်တူသလဲ၊ ဘယ်လောက်တူသလဲဟု မေးဖြေလိုသောအခါ is like/ look like နှစ်မျိုးဖြင့်မေးဖြေရမည်။

Who does Ma Mya look like ?

Who's Ma Mya like ? မမြဘယ်သူနှင့်တူသလဲ။

She (Ma Mya) is (looks) like May Than Nu. (her mother) မေသန်းနုနှင့် (သူ့အမေနှင့်)တူပါသည်။

How much is Ma Mya like May Than Nu ? (her mother) ဘယ်လောက်တူသလဲ။

She's a little like May Than Nu. (her mother) နဲနဲတူပါသည်။

She's very much like May Than Nu. (her mother) သိတ်(အရမ်း)တူပါသည်။

Ma Mya is the same as, May Than NU. (her mother)

မမြသည် မေသန်းနု (သူ့အမေ)နှင့် တထေရာထဲ(ချွတ်စွတ်)တူသည်။

like နှင့် look like

Is Mg Mg like Yan Aung ? မောင်မောင်သည် ရန်အောင် နှင့်တူသလား။

Yes, Mg Mg (he) is like Yan Aung. ဟုတ်ကဲ့တူပါတယ်။

Yes, he is.

No, he is not like Yan Aung. ဟင့်အင်း၊ မတူပါဘူး။

No, he isn't.

Yes, Mg Mg (he) look like Yan Aung. ဟုတ်ကဲ့ တူပါတယ်။
Yes, he does.
No, he does not look like Yan Aung. ဟင့်အင်းမတူပါဘူး။
No, he doesn't.

လေ့ကျင့်ခန်း (၈)

Coloquial Exercise စကားပြောလေ့ကျင့်ခန်း

အထက်ပါ How, Wh-Ques နှင့် Who.....like Wh-Quesတို့၏အဖြေတစ်ခုစီကို အမေးအဖြေ၇-စုံဖြင့် ဝါကျကွန်ရက်ဖြန့်ကျက်ပြောပြပါ။ (B ကမေး၍ A ကဖြေပါ)

ဒုတိယပိုင်း

(အဆင့်မြင့်များအတွက်)

လေ့ကျင့်ခန်း (၁)

အောက်ပါတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ။

၁။ ခင်ယုမေသည် လှပချင်သည်။
၂။ ဝန်ကြီးများသည် ပညာရှိကြရမည်။
၃။ မိန်းကလေးများသည် လိမ္မာနိုင်ကြသည်။
၄။ ကျောင်းသားများသည် ပညာရှိသင့်ကြသည်။
၅။ မိန်းကလေးများသည် သစ္စာရှိထိုက်သည်။
၆။ ကျီးကန်းများသည် မြည်းနက်ကြသည်။
၇။ ကျွန်တော်တို့သည် ပညာရှိဖြစ်နိုင်ပါလိမ့်မည်။
၈။ သင်တို့သည် လာမည့်နှစ်တွင် ပျော်ရွှင်နိုင်ပါလိမ့်မည်။
၉။ မခင်ထားရီသည် မနက်ဖြန်တွင် ပျော်ကောင်းပျော်မည်။
၁၀။ လူကလေးများသည် လာမည့်နှစ်တွင် ရိုးဖြောင့်ကြလိမ့်မည်။
၁၁။ မခင်ရွှေသည် မနက်ဖြန်တွင် ဝမ်းနည်းမှာ သေချာသည်။
၁၂။ ခွေးများသည် မနေ့က ဆာမှာ သေချာခဲ့သည်။
၁၃။ တင်တင်မူသည် ယဉ်ကျေးချင်သည်။

၁၄။ ကျောင်းသူများသည် မနှစ်တုန်းက လိမ်မာခဲ့ကြသည်။
၁၅။ လူကလေးများသည် မနက်ဖြန်တွင် ပျော်ချင်ပါလိမ့်မည်။
၁၆။ မခင်ဌေးကြွယ်သည် သူ၏ညီမကို လာမည့်နှစ်တွင် လိမ်မာစေချင်လိမ့်မည်။
၁၇။ ဦးဘသည် သူ၏သားများကို လာမည့်နှစ်တွင် ပညာရှိစေချင်လိမ့်မည်။
၁၈။ သူမသည် မခင်ရီကို ယဉ်ကျေးအောင် ဆုံးမသည်။
၁၉။ ဆရာသည် ကျောင်းသားများကို လိမ်မာအောင် ဆုံးမခဲ့သည်။
၂၀။ ဦးတင်သည် ပညာရှိ ဖြစ်ပုံပေါ်သည်။

Colloquial Exercise
စကားပြောလေ့ကျင့်ခန်း

လေ့ကျင့်ခန်း (၁)မှ အဖြေဝါကျများကို A ကမေး၍ B ကဖြေလျှက် ဝါကျကွန်ရက်ဖြန့်ပြောပါ။

နာမဝိသေသနပုဒ်များကို နှိုင်းယှဉ်ခြင်း

နာမဝိသေသနပုဒ်များသည်–

(၁) ငယ်သော၊ လိမ်မာသော၊ လှပသော စသည့် 'Positive 'Degree /ပေါ့–ဇတစ်ဗ် 'ဒီးဂရီ/ အနိမ့်စား နာမဝိသေသနတစ်မျိုး။

(၂) သာ၍ငယ်သော၊ သာ၍လိမ်မာသော၊ သာ၍လှပသော စသည့် Com'parative Degree /ကမ်'ပဲ–ရတစ်ဗ် 'ဒီးဂရီ/ အလတ်စား နာမဝိသေသနတစ်မျိုး။

(၃) အငယ်ဆုံးသော၊ အလိမ်မာဆုံးသော၊ အလှပဆုံးသော စသည့် Su'perlative Degree /ဆူ'ပါး–လတစ်ဗ် ဒီးဂရီ/ အမြတ်စား နာမဝိသေသနတစ်မျိုးဟု သုံးမျိုးစီရှိသည်။

အလတ်စားနှင့် အမြတ်စား ပြောင်းလွှဲနည်း

(၁) ဗျည်းသံတစ်ခုရှိသော (တစ်ခါတစ်ရံ တစ်ခုထက် ပိုသော)

နာမဝိသေသနပုဒ်များ နောက်တွင် အလတ်စား နာမဝိသေသနပုဒ်ဖြစ်ရန် (er) ကို ဆက်ပေး၍ အမြတ်စား နာမဝိသေသနဖြစ်ရန် (est) ကို ဆက်ထည့်ပေးရမည်။ (er) ကို **အာ(ရ်)** ဟု သံပေါ်၊ (est) ကို (အစ်စ်ထ်) ဟု သံဖော့ထွက်ရမည်။ (အမေရိကန်တို့က အက်စ်ထ်ဟု သံဖော့ထွက်ကြသည်။)

ပုံစံ

အနိမ့်စား	**အလတ်စား**	**အမြင့်စား**
Young	'younger	'youngest
/ယမ်း(င်)/	/'ယမ်း-င်ဂါ(ရ်)/	/'ယမ်း-င်ဂစ်တ်/
အသက်ငယ်သော	သာ၍အသက်ငယ်သော	အသက်အငယ်ဆုံးသော
Tall	'taller	'tallest
/ထောလ်/	/'ထော-လာ(ရ်)/	/'ထော-လစ်စ်ထ်/
အရပ်မြင့်သော	သာ၍အရပ်မြင့်သော	အရပ်အမြင့်ဆုံးသော
Kind	'kinder	'kindest
/ခိုင်းန်ဒ်/	/'ခိုင်း-န်ဒါ(ရ်)/	/'ခိုင်း-န်ဒစ်စ်ထ်/
ကြင်နာတတ်သော	သာ၍ကြင်နာတတ်သော	အကြင်နာတတ်ဆုံးသော
'Clever	'cleverer	'cleverest
/ခ'လဲ-ဗှာ(ရ်)/	/ခ'လဲ-ဗှာရာ(ရ်)/	/ခလဲ-ဗှာရစ်စ်ထ်/
လိမ်မာသော	သာ၍လိမ်မာသော	အလိမ်မာဆုံးသော
Small	'smaller	'sallest
/စမောလ်/	/စ'မော-လာ(ရ်)/	/စ'မော-လစ်စ်ထ်/
သေးငယ်သော	သာ၍သေးငယ်သော	အသေးငယ်ဆုံးသော

(၂) E ဆုံးသော နာမဝိသေသနပုဒ်များနောက်တွင် အလတ်စားနှင့် အမြတ်စားဖြစ်ရန် (r) နှင့် (st) သာ ဆက်ပေးရမည်။

ပုံစံ

အနိမ့်စား	**အလတ်အစား**	**အမြတ်စား**
Wise	'wiser	'wisest
/ဝိုက်စ်/	/'ဝိုက်ဆာ(ရ်)	/'ဝိုက်ဆစ်–စ်ထ်/
ပညာရှိသော	သာ၍ပညာရှိသော	ပညာအရှိဆုံးသော
'Noble	'nobber	'nobbest
/'နိုး–ဘယ်လ်/	/'နိုး–ဘလာ(ရ်)	/'နိုး–ဘလစ်စ်ထ်/
မြင့်မြတ်သော	သာ၍မြင့်မြတ်သော	အမြင့်မြတ်ဆုံးသော
Brave	'braver	'bravest
/ဘရေးဗ်/	/ဘ'ရေးဗှာ(ရ်)/	/ဘ'ရေးဗှစ်ထ်/
ရဲရင့်သော	သာ၍ရဲရင့်သော	အရဲရင့်ဆုံးသော
White	'white	whiest
/ဝိုက်ထ်၊ဂွိုက်ထ်/	/'ဝိုက်တာ(ရ်)/	/'ဝိုက်တစ်စ်ထ်/
ဖြူဖွေးသော	သာ၍ဖြူဖွေးသော	အဖြူဖွေးဆုံးသော
Large	'larger	'largest
/လားဂျ်/	/'လား–ဂျာ(ရ်)/	/'လားဂျစ်စ်ထ်/
ကြီးသော	သာ၍ကြီးသော	အကြီးဆုံးသော

(၃) y ဆုံး၍ y ရှေ့ကဗျည်းရှိသော အနိမ့်စား နာမဝိသေသနပုဒ်များတွင် y ကိုဖြုတ်၍ (ier) နှင့် (iest) ကို ဆက်ပေးရမည်။ အီယာ(ရ်) အီယစ်၊ယက်စ်ထ်ဟု အားဖော့သံထွက်ရမည်။

ပုံစံ

အနိမ့်စား	**အလတ်စား**	**အမြတ်စား**
Easy	'easier	'easiest
/အီး၊ဇီ/	/'အီး–ဇီယာ(ရ်)/	/'အီး–ဇီယစ်၊ယက်–စ်တ်/
လွယ်ကူသော	သာ၍လွယ်ကူသော	အလွယ်ကူဆုံးသော
Happy	'happier	'pahhiest
/'ဟက်–ပီ/	/'ဟက်–ပီယာ(ရ်)/	/'ဟက်–ပီယစ်စ်ထ်/
ပျော်ရွှင်သော	သာ၍ပျော်ရွှင်သော	အပျော်ရွှင်ဆုံးသော

'Dirty	dirtier	'dirtiest
/'ဒါး>—တိ/	/'ဒါး>—တိယာ(ရ်)/	/'ဒါး>—တိယစ်စ်ထ်/
ညစ်ပတ်သော	သာ၍ညစ်ပတ်သော	အညစ်ပတ်ဆုံးသော
'Lazy	'lazier	'laziest
/'လေး–ဇိ/	/'လေး–ဇိယာ(ရ်)/	/'လေး–ဇိယစ်စ်ထ်/
ပျင်းရိသော	သာ၍ပျင်းရိသော	အပျင်းရိဆုံး
'Heavy	'heavier	'heaviest
/'ဟဲ–ဗီ/	/'ဟဲ–ဗီယာ(ရ်)/	/'ဟဲ–ဗီယစ်စ်ထ်/
လေးလံသော	သာ၍လေးလံသော	အလေးလံဆုံးသော

(၄) ဗျည်းတစ်လုံးတည်းဆုံး၍ ၎င်းရှေ့က သရတစ်လုံးတည်းရှိသော အခါ အဆုံးဗျည်းကို နှစ်ဆယူပြီးမှ (er) နှင့် (est) ကို ဆက်ပေးရမည်။

ပုံစံ

အနိမ့်စား	**အလတ်စား**	**အမြတ်စား**
Fat	'fatter	'fattest
/ဖဲက်–တ်/	/'ဖဲက်–တာ(ရ်)/	/'ဖဲက်–တစ်ထ်/
ဝသော	သာ၍ဝသော	အဝဆုံးသော
Hot	'hotter	'hottest
/ဟော့ထ်/	/'ဟော့–တာ(ရ်)/	/'ဟော့–တစ်စ်ထ်/
ပူသော	သာ၍ပူသော	အပူဆုံးသော
Red	'redder	'reddest
/ရက်ဒ်/	/'ရက်–ဒါ(ရ်)/	/'ရက်–ဒစ်စ်ထ်/
နီသော	သာ၍နီသော	အနီဆုံးသော
Thin	'thinner	'thinnest
/သင်းန်/	/'သင်း–နာ(ရ်)/	/'သင်း–နစ်စ်ထ်/
ပိန်သော	သာ၍ပိန်သော	အပိန်ဆုံးသော

Big	'bigger	'biggest
/ဘစ်ဂ်/	/'ဘစ်–ဂါ(ရ်)/	/'ဘစ်–ဂစ်စ်ထ်/
ကြီးသော	သာ၍ကြီးသော	အကြီးဆုံးသော

(၅) အသံ (၂) သံမကထွက်သော အနိမ့်စား နာမဝိသေသနပုဒ်များ (ရှည်လျားသောပုဒ်များ)ကို အလတ်စားနှင့် အမြတ်စားဖြစ်ရန် ၎င်းတို့ရှေ့မှ (more) မော(ရ်)နှင့် (most) မို့စ်ထ်ကို ထည့်ပေးရမည်။

ပုံစံ

အနိမ့်စား	**အလတ်စား**	**အမြတ်စား**
'Beautiful	more beautiful	most beautiful
/'ဗြူးတဖုယ်လ်/	/မောဗြူးတဖုယ်လ်/	/မို့စ်ထ်ဗြူးတဖုယ်လ်/
လှပသော	သာ၍လှပသော	အလှဆုံးသော
'Useful	more useful	most useful
/ယု–စ်ဖုယ်လ်/	/မောယု–စ်ဖုယ်လ်/	/မို့စ်ထ်ယု–စ်ဖုယ်လ်/
အသုံးကျသော	သာ၍အသုံးကျသော	အသုံးအကျဆုံးသော
Industrious	more industrious	most 'industrious
/အင်'ဒပ်–စတရီယာစ်/	/မောအင်'ဒပ်–စတရီယာစ်/	/မို့စ်ထ်အင်'ဒပ်စတရီယာစ်/
လုံ့လရှိသော	သာ၍လုံ့လရှိသော	လုံ့လအရှိဆုံးသော
'Splendid	more 'splendid	most 'splendid
/စပ'လင်း–ဒစ်ဒ်/	/မောစပ'လင်းဒစ်ဒ်/	/မို့စ်ထ်စပ'လင်းဒစ်ဒ်/
လှပကောင်းမွန်သော	သာ၍လှပကောင်းမွန်သော	လှပကောင်းမွန်ဆုံးသော
Comfortable	more comfortable	most comfortable
/ခမ်း–မ်ဖာတ်ဘယ်လ်/	/မောခမ်း–မ်ဖာတ်ဘယ်လ်/	/မို့စ်ထ်ခမ်း–မ်ဖာတ်ဘယ်လ်/
ချောင်ချိသော	သာ၍ချောင်ချိသော	အချောင်ချိဆုံးသော

ထူးခြားသော အလတ်စား၊ အမြင့်စားများ

အနိမ့်စား	အလတ်စား	အမြင့်စား
Good	'better	best
/ဂွတ်ဒ်/	/'ဘက်-တာ(ရ်)/	/ဘက်စ်ထ်/
ကောင်းသော	သာ၍ကောင်းသော	အကောင်းဆုံးသော
Well	'better	best
/ဝဲလ်/	/'ဘက်-တာ(ရ်)/	/ဘက်စ်ထ်/
ကောင်းသော	သာ၍ကောင်းသော	အကောင်းဆုံးသော
Bad	worse	worst
/ဘက်ဒ်/	/ဝါ့>—စ်/	/ဝါ့>—စ်ထ်/
ဆိုးသော	သာ၍ဆိုးသော	အဆိုးဆုံးသော
Much	more	most
/မတ်ချ်/	/မော(ရ်)/	/မိုစ်ထ်/
များသော	သာ၍များသော	အများဆုံးသော
Late	'later	latest (last)
/လိတ်ထ်/	/'လိတ်-တာ(ရ်)/	/'လိတ်-တစ်စ်ထ်/
နောက်ကျသော	သာ၍နောက်ကျသော	နောက်ဆုံး
Old	'older ('older)	'oldest('eldest)
/အိုးလ်ဒ်/	/'အိုး-လဒါ(ရ်)/'အဲ-လ်ဒါ(ရ်)/	/'အိုး-လဒစ်ထ်/'အဲ-လ်ဒ်စ်ထ်/
အိုသော	သာ၍အို/ကြီးသော	အအို/ကြီးဆုံးသော
Far	'farther	'farthest
/ဖှား(ရ်)/	/'ဖှား-သှာ(ရ်)/	/'ဖှား-သှစ်စ်ထ်/
ဝေးသော	သာ၍ဝေးသော	အဝေးဆုံးသော
	'further	'furthest
	/'ဖှား>—သှာ(ရ်)/	/'ဖှား>—သှစ်စ်ထ်/
	အခြား/နောက်ထပ်	အတတ်နိုင်ဆုံး

အနိမ့်စား၊ အလတ်စား၊ အမြင့်စားပုဒ်များကို အသုံးပြုပုံ

(၁) နာမဝိသေသနကြိယာများသည် ဂုဏ်အရည်အချင်းကို ဖော်ပြကြ၏။ ထိုသို့ဖော်ပြရာ၌ တစ်ယောက်၊ တစ်ခုတွင်သာရှိသော ဂုဏ်အရည်အချင်းကို ဖော်ပြလိုသောအခါ အနိမ့်စား နာမဝိသေသနဖြင့် ဖော်ပြရသည်။

ပုံစံ

1. Ma Mya is beautiful.
မမြသည်လှသည်။
2. Ma Khin is clever.
မခင်သည် လိမ်မာသည်။

(၂) ဂုဏ်အရည်အချင်းတစ်မျိုးသည် ၂ ယောက်၊ ၂ ခုတွင်ရှိသောအခါ မည်သူက မည်သူ့ထက်သာသည်ဟု ပြိုင်ဆိုင်နှိုင်းယှဉ်ကြရသည်။ ထိုသို့ နှိုင်းယှဉ်ရာ၌ တစ်ယောက်သည် တစ်ယောက်ထက်သာနေသောအခါ အလတ်စား နာမဝိသေသနကြိယာဖြင့် ဖော်ပြရမည်။
ထိုအလတ်စား နာမဝိသေသနနောက်မှ (than) နှင့် နှိုင်းယှဉ်ခံရသော ကတ္တားနှင့်အတူ ကြိယာကိုဖြစ်စေ၊ နာမ်စားကံပုဒ် (him, me, us, them) နှင့် နာမ်ကံပုဒ်ကိုဖြစ်စေ ထား၍ ရေးပြောနိုင်သည်။

1. You are older than I am. (me)
2. Mg Ba is cleverer than Mg Mya. (is)
မောင်ဘသည် မောင်မြထက် ပို၍လိမ်မာသည်။
3. Mya Mya is more beautisul than Hla Hla. (is)
မြမြသည် လှလှထက် သာ၍လှသည်။

(၃) ၂ ယောက်၊ ၂ ခုကို နှိုင်းယှဉ်ရာ၌ တစ်ယောက်သည် တစ်ယောက်ထက်မသာဘဲ ဂုဏ်အရည်အချင်း အတူတူဖြစ်နေ

လျှင် (as အနိမ့်စား as) နှိုင်းယှဉ်ခံရသောပုဒ်ကိုထား၍ရေးရမည်။ (အက်ဓ်-အက်ဖ်ဟု သံဖော့ထွက်ပါ)

ပုံစံ

1. Mg Ba is as clever as Mg Mya.
   မောင်ဘသည် မောင်မြလိမ်မာသလောက် လိမ်မာသည်။
2. Ma Khin is as beautiful as Ma Yin.
   မခင်သည် မရင်လောက်လှပသည်။
3. The girls are as lazy as the boys.
   မိန်းကလေးများသည် ယောကျ်ားကလေးများကဲ့သို့ ပျင်းရိကြသည်။
4. The girls are not as lazy as the boys.
   မိန်းကလေးများသည် ယောကျ်ားကလေးများလောက် မပျင်းပါ။
5. The girls are not so lazy as the boys.
   မိန်းကလေးများသည် ယောကျ်ားကလေးများလောက် မပျင်းပါ။

မှတ်ချက်။ ။ ငြင်းဆိုဝါကျတွင် (so အနိမ့်စား as) ကို သုံးချင်သုံးနိုင်သည်။ (so အနိမ့်စား as) ကို Affirmative ရိုးရိုး ဝါကျတွင် မသုံးနိုင်ပေ။

(၄) တစ်ခါတစ်ရံ အလတ်စား နာမဝိသေသနရှေ့တွင် (the) ကိုထည့်၍ နာမ်ပုဒ်ကဲ့သို့ သုံးသောအခါ (than) ကိုသုံးရန်မလိုတော့ပေ။ ၎င်းနောက်တွင် of the two, of them ရှိရမည်။

ပုံစံ

There are two English teachers in our shcool.
ကျွန်ုပ်တို့ကျောင်းတွင် အင်္ဂလိပ်စာ ဆရာနှစ်ယောက်ရှိ၏။
They are U Ba and U Hla.
၎င်းတို့မှာ ဦးဘနှင့် ဦးလှတို့ ဖြစ်ကြသည်။

1. U Ba is the better of the two.
၎င်းတို့နှစ်ယောက်အနက် ဦးဘက သာ၍တော်သည်။
I have two sisters namely Ma Khin and Ma Yin.
ကျွန်ုပ်မှာ မခင်နှင့် မရင်ခေါ် နှမနှစ်ယောက်ရှိသည်။

2. Ma Khin is the cleverer of the two.
နှစ်ယောက်အနက် မခင်သည် သာ၍လိမ္မာသည်။

(၅) ၂ ယောက်၊ ၂ ခုထက်ပိုသော ပုဒ်များကို ဂုဏ်အရည်အချင်း တစ်မျိုးဖြင့် နှိုင်းယှဉ်ရာ၌ တစ်ယောက်၊ တစ်ခုသည် ကျန်အားလုံးထက် အသာဆုံးဖြစ်ကြောင်းကို ဖော်ပြလိုသောအခါ အမြတ်စား နာမဝိသေသနရှေ့မှာ အမြဲတမ်း the ရှိစေ၍ ၎င်းအမြတ်စားပုဒ်နောက်မှာ–

(က) of နှင့် ဗဟုဝုစ်ကိန်းနာမ်ပုဒ်။

(ခ) in နှင့် နေရာကိုပြသောပုဒ်တစ်ခုရှိစေရမည်။ of ကို (အာဗ့်)ဟု အသံထွက်၍ အနက်, တို့တွင်, အထဲမှာဟု မြန်မာပြန်ဆိုရမည်။

ပုံစံ

1. Mg Khin is the cleverest of the students.
မောင်ခင်သည် ကျောင်းသားတွေထဲမှာ အလိမ္မာဆုံးဖြစ်သည်။

2. Mg Khin is the cleverest boy in the class.
မောင်ခင်သည် အတန်းထဲမှာ အလိမ္မာဆုံးလူကလေး ဖြစ်သည်။

3. Ma Mya is the best girl in the class.
မမြသည် အတန်းထဲမှာ အတော်ဆုံးမိန်းကလေးဖြစ်သည်။

4. Ma Mya is the best of he students.
မမြသည် ကျောင်းသားများအနက် အတော်ဆုံးဖြစ်သည်။
5. The mangon tree is the highest of the trees.
သရက်ပင်သည် သစ်ပင်တွေအနက် အမြင့်ဆုံးဖြစ်သည်။
6. The mango tree is the highest one in the garden.
သရက်ပင်သည် ဥယျာဉ်ထဲမှာ အမြင့်ဆုံးသစ်ပင်ဖြစ်သည်။

အောက်ပါတို့ကို အင်္ဂလိပ်ဘာသာပြန်ဆိုပါ။

လေ့ကျင့်ခန်း (၁)

၁။ မခင်သည် မနီလောက် လိမ္မာသည်။
၂။ မိန်းကလေးများသည် ယောကျ်ားကလေးများကဲ့သို့ ယဉ်ကျေးကြသည်။
၃။ ကျွန်တော်သည် မောင်ခင်ကဲ့သို့ သစ္စာရှိခဲ့သည်။
၄။ နွားများသည် ခွေးများကဲ့သို့ ရိုင်းစိုင်းခဲ့သည်။
၅။ မခင်ဌေးကြွယ်သည် လာမည့်နှစ်တွင် မခင်ထားရီလောက် လှပါလိမ့်မည်။
၆။ ကျောင်းသားများသည် ကျောင်းသူများကဲ့သို့ လိမ္မာကြပါသည်။
၇။ ဦးဖြူသည် ဦးအုန်းမောင်လောက် ပညာတတ်သည်။
၈။ ကျွန်တော်တို့သည် ကျောင်းသားများကဲ့သို့ ရဲရင့်ကြသည်။
၉။ မိန်းကလေးများသည် မနက်ဖြန်တွင် လူကလေးများလောက် ပျော်ရွှင်ကြပါလိမ့်မည်။
၁၀။ ကျွန်တော်မခင်ရီလောက် ဝီရိယရှိပါသည်။

လေ့ကျင့်ခန်း (၂)

၁။ ဦးဘသည် ဦးမြထက် သာ၍ချမ်းသာသည်။
၂။ ဝန်ကြီးများသည် လူအများထက် သာ၍ပညာရှိကြသည်။
၃။ မခင်ဌေးကြွယ်သည် မစိန်ရီထက် သာ၍လိမ္မာသည်။
၄။ ခွေးများသည် နွားများထက် သာ၍ငယ်ကြသည်။

၅။ ကျောင်းသူများသည် လူကလေးများထက် သာ၍ယဉ်ကျေးကြပါသည်။
၆။ မခင်ရီ၏စာအုပ်သည် မထွေး၏စာအုပ်ထက် သာ၍ ဟောင်းပါလိမ့်မည်။
၇။ ဦထွန်းသည် ဦးကျော်ငြိမ်းထက် သာ၍ရိုးဖြောင့်သည်။
၈။ ကျောင်းများသည် အိမ်များထက် သာ၍ကြီးမားသည်။
၉။ ကြည်ကြည်သည် စိစိထက် သာ၍အသက်ကြီးသည်။
၁၀။ လူကလေးများသည် လူကြီးများထက် သာ၍ ပျင်းကြပါလိမ့်မည်။

လေ့ကျင့်ခန်း (၃)

၁။ မောင်ခင်သည် အတန်းထဲမှာ ပညာအတတ်ဆုံးလူကလေးဖြစ်သည်။
၂။ မရီသည် ကျောင်းထဲမှာ အရိုးသားဆုံးဖြစ်သည်။
၃။ ကျွန်တော်သည် လူကလေးများအနက် အသက် အငယ်ဆုံးဖြစ်ခဲ့သည်။
၄။ မောင်ဝင်းသည် လွန်ခဲ့သောနှစ်က ကျောင်းသားများ အထဲမှာ အလိမ္မာဆုံးဖြစ်ခဲ့သည်။
၅။ သူမသည် လာမည့်နှစ်တွင် မိန်းကလေးများအနက် အလှဆုံးဖြစ်လိမ့်မည်။
၆။ ဆင်သည် တောထဲမှာ အကြီးဆုံးဖြစ်သည်။
၇။ ဦးလှသည် ဆရာများအနက် အတော်ဆုံးဖြစ်သည်။
၈။ မစိန်အေးသည် မိန်းမများအနက် အလှဆုံးဖြစ်သည်။
၉။ မခင်ထားရီသည် လာမည့်နှစ်တွင် မိန်းကလေးများအနက် အသက်အငယ်ဆုံး ဖြစ်ပါလိမ့်မည်။
၁၀။ ကျီးကန်းများသည် ငှက်များအနက် အစဉ်းလဲဆုံးဖြစ်ကြသည်။

လေ့ကျင့်ခန်း (၄)

၁။ မောင်ခင်သည် မောင်ဘလောက်ပျင်းသည်။
၂။ မြန်မာစာသည် အင်္ဂလိပ်စာထက် သာ၍လွယ်ကူသည်။

၃။ မခင်ရီသည် မိန်းကလေးများအထဲမှာ အလိမ္မာဆုံးဖြစ်သည်။
၄။ လူကြီးများသည် မိန်းမကြီးများကဲ့သို့ ရိုးဖြောင့်ကြသည်။
၅။ ကြက်တူရွေးများသည် အခြားငှက်များထက် သာ၍လှပကြသည်။
၆။ ကန်တော်ကြီးသည် ရေကန်များအနက် အကြီးမားဆုံး ဖြစ်သည်။
၇။ မမြသည် မစိန်လောက် အရပ်မြင့်သည်။
၈။ ထွန်းမောင်သည် စစ်သားတွေထဲမှာ အသန်မာဆုံးဖြစ်သည်။
၉။ ဒေါ်ခင်ကြည်သည် မိန်းမများအနက် ကံအကောင်းဆုံး ဖြစ်သည်။
၁၀။ ကျောင်းသားများသည် လူကြီးများကဲ့သို့ ပညာရှိကြသည်။
၁၁။ ကျွန်တော်တို့သည် လူကလေးများထက် သာ၍ သတ္တိရှိခဲ့ကြသည်။
၁၂။ ဤသစ်ရွက်သည် သစ်ရွက်များအထဲမှာ အလှဆုံးဖြစ်ခဲ့သည်။
၁၃။ ကျွန်တော်သည် လာမည့်နှစ်တွင် မခင်ရီကဲ့သို့ ဝလိမ့်မည်။
၁၄။ မခင်ဌေးကြွယ်သည် မခင်ရီထက် သာ၍ ချောမောပါလိမ့်မည်။
၁၅။ ဦးမြသည် လာမည့်နှစ်တွင် လူကြီးများအနက် အအိုဆုံးဖြစ်ပါလိမ့်မည်။
၁၆။ အင်္ဂလိပ်စာသည် ဂဏန်းသင်္ချာလောက် ခက်ခဲသည်။
၁၇။ မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံထက် သာ၍ကြွယ်ဝသည်။
၁၈။ ဦးကျောက်စိမ်းသည် သူဌေးများအနက် အချမ်းသာအကြွယ်ဝဆုံးဖြစ်သည်။
၁၉။ ကျောင်းသူများသည် ကျောင်းသားများကဲ့သို့ ကျန်းမာကြပါသည်။

လေ့ကျင့်ခန်း (၅)

Coloquial exercise စကားပြောလေ့ကျင့်ခန်းများ

လေ့ကျင့်ခန်း ၁-၂-၃-၄ မှ အပေါ် (၅) ဝါကျကို A ကမေး B ကဖြေ၍ ကျန်ဝါကျများကို B ကမေး A ကဖြေလျက် ဝါကျကွန်ရက်ဖြန့်ကျက်ပြောပြပါ။

VERB TO DO ပြုလုပ်ကြိယာ

သွားသည်၊ လာသည်၊ စားသည်၊ သောက်သည် စသောအား ဖြင့် သက်ရှိသတ္တဝါတို့၏ လုပ်ကိုင်ဆောင်ရွက်မှုကို ဖော်ပြသော ကြိယာကို Verb to do "ပြုလုပ်ကြိယာ"ဟု ခေါ်သည်။

(ကိုပုဒ်ရှိ) နှင့် (ကိုပုဒ်မရှိ)

၁။ Transitive verb
"ကိုပုဒ်ရှိ"ကြိယာ (ကံရှိကြိယာ) နှင့်

၂။ Intransitive verb
"ကိုပုဒ်မရှိ"ကြိယာ (ကံမရှိကြိယာ) ဟု ၂-မျိုးရှိ၏။

Intransitive Verb

ကြိယာတစ်လုံးသည် ၎င်းနောက်မှ "ကို"ဆုံးသော နာမ်ပုဒ် နာမ်းစားပုဒ် တစ်ခုမပါဘဲ အဓိပ္ပာယ်ပြည့်စုံလျှင် ၎င်းကို Intransitive verb "ကိုပုဒ်မရှိ"ကြိယာ (ကံမရှိကြိယာ) ဟုခေါ်၏။ ၎င်းကြိယာနောက်တွင် နေရာပြပုဒ်, ပုဒ်စုများကိုထား၍ ရေးလေ့ရှိ၏။

1. He sleeps in the room.
သူသည် အခန်းထဲမှာ အိပ်သည်။
2. She lies on the bed.
သူမသည် အိပ်ရာပေါ်မှာ လဲလျောင်းနေသည်။
3. I sit on the chair.
ကျွန်ုပ်သည် ကုလားထိုင်ပေါ်မှာ ထိုင်သည်။
4. U Mya walks on the bank.
ဦးမြသည် ကမ်းပါးပေါ်မှာ လမ်းလျှောက်သည်။
5. Boys swim in the lake.
လူကလေးများသည် ရေကန်ထဲမှာ ရေကူးကြသည်။
6. Girls play under a tree.
မိန်းကလေးများ သစ်ပင်တစ်ပင်အောက်မှာ ကစားကြသည်။
7. The dog runs on the road.
ခွေးသည် လမ်းပေါ်မှာ ပြေးသည်။

8. Children play in the school.
ကလေးများသည် ကျောင်းထဲမှာ ကစားကြသည်။

Transitive Verb

ကြိယာတစ်လုံးသည် ၎င်းနောက်မှ "ကို"ဆုံးသော နာမ်ပုဒ်၊ နာမ်စားပုဒ် တစ်ခုပါမှ အဓိပ္ပာယ်ပြည့်စုံလျှင် ၎င်းကြိယာကို Transitive Verb "ကိုပုဒ်ရှိ" ကြိယာ (ကံရှိကြိယာ) ဟုခေါ်၏။

ပုံစံ

1. You learn English.
သင်တို့သည် အင်္ဂလိပ်စာကို သင်ကြသည်။
2. She cooks the rice.
သူမသည် ထမင်းကိုချက်သည်။
3. I drink milk.
ကျွန်ုပ်သည် နို့ကိုသောက်သည်။
4. They buy a pen.
သူတို့သည် ဖောင်တိန်တစ်ချောင်းကိုဝယ်ကြသည်။
5. He steals my book.
သူသည် ကျွန်ုပ်၏စာအုပ်ကို ခိုးသည်။

အထက်ပါဝါကျများတွင် "ကို"ဆုံးသော ပုဒ်များကိုချန်၍ အဓိပ္ပာယ်မပြည့်စုံသည်ကို တွေ့ရမည်။ ၎င်း "ကို"ဆုံးသော နာမ်ပုဒ် နာမ်စားပုဒ်ကို object = ကံပုဒ်ဟုခေါ်၍ ကြိယာ၏နောက်မှကပ်၍ ရေးသားပြောဆိုရ၏။

(ကိုပုဒ်) ၂–ခုရှိကြိယာ

အချို့ကြိယာများသည် "ကိုပုဒ်" နှစ်ခုပါမှ အဓိပ္ပာယ်ပြည့်စုံ၏။ သက်မဲ့ကို ညွှန်ပြသော "ကိုပုဒ်"ကို Dirrect object ဟုခေါ်၍ သက်ရှိကို ညွှန်ပြသော "ကိုပုဒ်"ကို Indirect object ဟုခေါ်၏။ ၎င်းကို တခါတရံ "ကို"ဟု ဘာသာမပြန်ဘဲ "အား"ဟု ဘာသာပြန်နိုင်၏။ ပါဠိသဒ္ဒါက သမ္ပဒါန်ဟုခေါ်၏။

ရေးနည်း ၂-မျိုး

(က) Indirect object ကို ပထမ၊ Direct object ကို ဒုတိယထားရှိခြင်း။

(ခ) Direct object ကို ပထမထားပြီး ရှေ့က for သို့မဟုတ် to နှင့် Indirect object ကို ဒုတိယထားရှိခြင်း ရေးရ၏။ (ပထမနည်းကို ပို၍အသုံးများ၏။)

ပုံစံ

1. I teach you English.
   I teach English to you.
   ကျွန်ုပ်သည် သင်တို့ကို အင်္ဂလိပ်စာ သင်ပြသည်။
   ကျွန်ုပ်သည် သင်တို့အား အင်္ဂလိပ်စာကို သင်ပြသည်။
2. She gives me a book.
   She gives a book to me.
   သူမသည် ကျွန်ုပ်ကို(အား) စာအုပ်တစ်အုပ်ကိုပေးသည်။
3. I sent you a letter.
   I sent a letter to you.
   ကျွန်ုပ်သည် သင်တို့ထံ စာတစ်စောင်ကိုပို့လိုက်သည်။
4. He makes me a jacket.
   He makes a jacket for me.
   သူသည် ကျွန်ုပ်ကို အင်္ကျီတစ်ထည်ကို ချုပ်ပေးသည်။
5. U Mya bought his son a book.
   U Mya bought a book for his son.
   ဦးမြသည် သူ့သားကို စာအုပ်တစ်အုပ် ဝယ်ပေးခဲ့သည်။
6. A girl reads me the news-papers.
   A girl reads the news-papers for me.
   မိန်းကလေးတစ်ယောက်က ကျွန်ုပ်ကို သတင်းစာဖတ်ပြသည်။

ကံနှစ်ခုရှိကြိယာများ

Give	/ဂစ်ဗ်/	ပေးသည်
Owe	/အိုး/	ပေးစရာရှိသည်/ကြွေးတင်သည်

Teach	/တိချ်/	သင်ပြသည်
Send	/ဆင်းန်ဒ်/	ပို့သည်
Bring	/ဘရင်း–င်/	ယူလာသည်
Buy	/ဘိုင်း/	ဝယ်ပေးသည်
Lend	/လင်းန်ဒ်/	ထုတ်ငှားလိုက်သည်
Read	/ရိး–ဒ်/	ဖတ်ပြသည်
Ask	/အာ့စ်ခ်၊အဲက်စ်ခ်/	မေးသည်
Mail	/မေးလ်/	စာထည့်သည်
Sell	/ဆဲလ်/	ရောင်းလိုက်သည်
Show	/ရှိုး/	ပြသည်
Tell	/ထဲလ်/	ပြောသည်
Fine	/ဖိုင်းန်/	ဒဏ်တပ်သည်
A'llow	/အ'လောင်း/	ခွင့်ပြုသည်
'Pardon	/'ပါး–ဒင်န်/	ခွင့်လွှတ်သည်
Promis	/ပ'ရွှန်း–မစ်စ်/	ကတိပေးသည်
Cause	/ကော/စ်/	ဖြစ်စေသည်
'Offer	/'အော့ဖှာ၊'အော့–ဖှာ/	ပေးသည်

အောက်ပါ (ကိုပုဒ်) ၂ ခုရှိ ကြိယာပါသော ဝါကျများကို အင်္ဂလိပ်ဘာသာပြန်ဆိုပါ။

၁။ ဆရာသည် မောင်မြကို မေးခွန်းတစ်ခုမေးသည်။ ၂။ မရီသည် မမြင့်မြင့်အား လုံချည်တစ်ထည် ရောင်းလိုက်သည်။ ၃။ ဒေါ်စိန်သည် ကလေးများအား ပုံပြင်တစ်ခုကို ပြောခဲ့သည်။ ၄။ မတင်ရီသည် သူ့အမေဆီသို့ စာတစ်စောင်ပို့ခဲ့သည်။ ၅။ သူသည် ကျွန်တော့်အား ငွေ ၅ကျပ် ပေးစရာရှိသည်။ ၆။ သူတို့သည် ကုလားထိုင်များကို ဆရာဆီသို့ ယူလာကြသည်။ ၇။ မောင်မောင်သည် ကျွန်ုပ်ထံသို့ စာတစ်စောင်ထည့်ခဲ့သည်။ ၈။ ဒေအမြစိန်သည် ကျွန်ုပ်အား အင်္ဂလိပ်စာကို သင်ပြသည်။ ၉။ ဦးတင်သည် သူ၏ သားအား အင်္ကျီတစ်ထည်ကို ချုပ်ပေးခဲ့သည်။ ၁၀။ မိန်းမကြီးသည်

သူ၏သားများကို ကစားစရာများ ဝယ်ပေးသည်။ ၁၁။ ကလေးများသည် လူအိုကြီးတစ်ယောက်ကို သတင်းစာဖတ်ပြခဲ့၏။ ၁၂။ မိန်းကလေးတစ်ယောက်သည် သူမ၏ အဝတ်အစားများကို မိန်းမကြီးတစ်ယောက်အား ပြခဲ့၏။ ၁၃။ ဆရာသည် မောင်တင်အား ၂၅ ပြား ဒဏ်ချလေသည်။ ၁၄။ သူမ၏ အမေသည် သူ့ကို ငွေ ၂၀ သုံးခွင့်ပြုသည်။ ၁၅။ ကျွန်ုပ်၏ ဦးလေးသည် ကျွန်ုပ်အား ဆိုင်ကယ်တစ်စင်း (ပေးမည်ဟု) ကတိပေးသည်။ ၁၆။ ဆရာသည် မောင်လှအား သူ၏အပြစ်ကို ခွင့်လွှတ်သည် (faults အပြစ်များ)။ ၁၇။ ဤသတင်းသည် ကျွန်ုပ်အား ဒုက္ခများစွာ ဖြစ်စေသည်။ ၁၈။ ထိုလူကြီးသည် သင့်အား ငွေ ၁၀ ကို ပေးသည်။ ၁၉။ သူမသည် ကုလားထိုင်တစ်လုံးကို ကျွန်ုပ်ထံသို့ ယူလာခဲ့သည်။

နည်းသစ်အခြေခံဝါကျဖွဲ့ထုံး (၂)

Verb to do ခေါ် ပြုလုပ်ကြိယာများကို Subject-Verb-Object-Adverb ကတ္တား-ကြိယာ ကံပုဒ် ကြိယာဝိသေသန (S.V.O.A) ဖွဲ့ထုံး သို့မဟုတ် ကြိယာဝိသေသနကို Manner, Place, Time နည်းနာ၊ နေရာ၊ အချိန် သုံးမျိုးခွဲ၍ S.V.O.M.P.T ဟူသော အခြေခံဝါကျဖွဲ့ထုံး (၂) ဖြင့် ရေးပြောရမည်။

(ဂ) ကြိယာဝိသေသနများ အသုံးပြုပုံ

(က) ဝါကျတစ်ခုတွင် ကံပုဒ် (ကိုဆုံးသောပုဒ်) ရှိလျှင် ၎င်းကံပုဒ်၏နောက်၌ (ကံ)ပုဒ်မရှိလျှင် ကြိယာ၏နောက်၌ Manner ပထမ၊ Place ဒုတိယ၊ Time တတိယထား၍ ရေးရမည်။ Time အချိန်ကို ဝါကျ၏ အစဆုံးမှာလည်း ထား၍ရေးနိုင်သည်။

ထို့ကြောင့် ဝါကျတစ်ခုတွင် Subject-Verb-Object-Manner-Place-Time ကတ္တား, ကြိယာ, ကံ, နည်းနာ, နေရာ, အချိန်ဟု ပုဒ်များကို အစီအစဉ်ထား၍ ရေးရပြောရမည်။

(S.V.O.M.P.T.) သို့မဟုတ် (T.S.V.O.M.P.)

မှတ်ချက်။ ။ ဝါကျတစ်ခုတွင် Subject နှင့် Verb သာ မှချသေပါရှိ၏။ Object, Manner, Place, Time, တို့ကား အမြဲပါသည် မဟုတ်၊ ရံခါနှစ်ခု၊ ရံခါသုံးခု၊

ရံခါ အစုံပါ၏။ ပါသောအခါ အစီအစဉ်ကျအောင် ပါရ၏။

ဥပမာ–

We are sleeping. (S.V.)

1. We learn English. (S.V.O.)
ကျွန်ုပ်တို့ အင်္ဂလိပ်စာကို သင်ကြသည်။
2. We learn English carefully. (S.V.O.M.)
ကျွန်တော်တို့ အင်္ဂလိပ်စာကို ဂရုတစိုက်သင်ကြသည်။
3. We learan English carefully in the class. (S.V.O.M.P.)
ကျွန်တော်တို့သည် အတန်းထဲမှာ အင်္ဂလိပ်စာကို ဂရုတစိုက် သင်ကြသည်။
4. We learnt English carefully in the class yesterday. (S.V.O.M.P.T.)
5. Yesterday we learnt English carefully in the class. (T.V.O.M.P.S.)
ကျွန်တော်တို့သည် မနေ့က အတန်းထဲမှာ အင်္ဂလိပ်စာကို ဂရုတစိုက် သင်ခဲ့ကြသည်။
6. I was sitting quietly on the chair last night. (S.V.M.P.T.) (Object မပါ)
7. Last night I was sitting quietly on the chair. (T.S.V.M.P.) (Object မပါ)
ကျွန်ုပ်သည် ညက ကုလားထိုင်ပေါ်မှာ တိတ်ဆိတ်စွာ ထိုင်နေခဲ့သည်။
8. Ma Tin Yee is cooking the rice in the kitchen now. (S.V.O.P.T.) (Manner မပါ)
9. Now Ma Tin Yee is coking the rice in the kitchen. (T.S.V.O.P.) (Manner မပါ)
မတင်ရီသည် အခု မီးဖိုထဲမှာ ထမင်းချက်နေသည်။

10. Boys played noisilyin the garden. (S.V.M.P.) (O.T မပါ)
လူကလေးများသည် ဥယျာဉ်ထဲမှာ ဆူညံစွာ ကစားခဲ့ကြသည်။
11. Ma Ye is wirting a letter quikly.
(S.V.O.M.) (P.T. မပါ)
မရီသည် စာတစ်စောင်ကို လျင်မြန်စွာ ရေးနေသည်။
12. I was waling slowly on the bannk at 6.p.m.
(S.V.M.P.) (T မပါ)
မိန်းကလေးတစ်ယောက်သည် အခန်းထဲမှာ သီချင်းတစ်ပုဒ်ကို သာယာစွာ ဆိုနေခဲ့သည်။

ကိုးကားချက်

The normal position of adverbs is at the end of a sentence, in the order Manner Place and Time Example: She spoke well at the devate this mornig.

The Adverb of time is often placed at the very begining of a sentence. A useful rough and ready rule is that time adverb may come at either end of the sentence, but notin the middle.

Living English Structure.

(၂) အချိန်အများ

အချိန်ပြပုဒ် (ဝါ) ပုဒ်စုသည် ၂–ခု၊ ၃–ခုပါနေလျှင် တိုတောင်းသော အချိန်ကို ပထမထား၍ ကြာမြင့်သော အချိန်ကို နောက်က ထားရသည်။

1. She was born at 8 o' clock on June 4 in the year 1984.
သူမကို ၁၉၈၄–ခုနှစ်၊ ဇွန် ၄ ရက်နေ့၊ ၈–နာရီ အချိန်မှာ မွေးပါသည်။
2. I come to you at 9 o'clock this morning.

ကျွန်ုပ်သည် သင့်ထံသို့ ယနေ့နံနက် ၉ နာရီမှာ လာခဲ့သည်။

3. My father died in June, 1953.

ကျွန်ုပ်၏ အဖေသည် ၁၉၅၃–ခု၊ ဇွန်လမှာ သေခဲ့သည်။

ကိုးကားချက်

The more particular expressions of Time come before the more general.

Example: He was born at six o' clock on Chrismas morning in the year 1822.

Living English Structure.

(၃) ၃နေရာများ

နေရာပြပုဒ် (ဝါ) ပုဒ်စု ၂–ခု၊ ၃–ခုပါလျှင် ကျဉ်းသောနေရာတို့ ရှေ့ဆုံးကထား၍ ကျယ်သောနေရာကို နောက်ဆုံးကထားရမည်။ (မြန်မာနှင့် ပြောင်းပြန်ဖြစ်နေသည်ကို သတိပြုပါ)။

1. I was born at Ngabyema Village in Pyuntaza Township, Bago District.

ကျွန်ုပ်ကို ပဲခူးခရိုင် ဖြူန်တန်ဆာမြို့အပိုင် ငါးပြေမရွာမှာ မွေးဖွားသည်။

2. Ma Yee lives at No 31, first street Bahan, Yangon.

မရီသည် ရန်ကုန်မြို့၊ ဗဟန်း ၁–လမ်း၊ အိမ်နံပါတ် ၃၁ မှာ နေသည်။

3. Ma Tin Yee was born at Theinngu Village in Kyaikhto Township, Thahton District.

မတင်ရီကို သထုံခရိုင် ကျိုက်ထိုမြို့နယ် သိမ်ငူရွာ၌ မွေးဖွားခဲ့သည်။

4. You are learning English at New Method College in Bahan, Yangon.

သင်တို့သည် ရန်ကုန်မြို့ ဗဟန်းနည်းသစ်ကောလိပ်မှာ အင်္ဂလိပ်စာ သင်နေကြသည်။

The more particular expression of place come before the general.

Example : Ko Hla Aung lives at No. 31, Maggin Street, Kyaukmyaung, Yangon.
New Method English Grammar.

(၄) Moving Verb ရွေ့လျားကြိယာ

Verb of movement ခေါ် ရွေ့လျားမှုပြသောကြိယာ go, come, run, visit, walk, shift) များတွင် နေရာပြပုဒ်သည် ကံပုဒ်သဘောရှိ၍ ကံပုဒ်နေရာ ကြိယာ၏ နောက်တွင်ကပ်၍ ရေးရ၏။ ၎င်းနောက်တွင်မှ Manner, Time တို့ကိုရေးရ၏။

ပုံစံ။ Mg Khin went to school quickly.
P M
မောင်ခင်သည် မနက်က ကျောင်းကို မြန်စွာသွားခဲ့သည်။

2. We will walk to the station slowly at night. (S.V.P.M.T)
P M T
ကျွန်တော်တို့ညကျမှဘူတာရုံကို ဖြေးဖြေးလျှောက်သွားမည်။

3. The boy ran to school quickly yesterday. (S.V.P.M.T)
P M T
လူကလေးများသည် မနေ့က ကျောင်းသို့ မြန်စွာပြေးခဲ့ကြသည်။

ကိုးကားချက်

With Verb of movement, the adverb of place acts as kind of object notionally and comes immediatly after the verb.

Example : He went to the station by taxi.

Living English Structure.

(၅) Manner in Passive

Passive Voice= ကဲ ပထမဝါကျတွင် Manner adverb ကို တတိယကြိယာ၏ရှေ့မှာကပ်၍ရေးရ၏။

ပုံစံ။ 1. This chair is very well made.

ဤကုလားထိုင်ကို ကောင်းမွန်စွာ ပြုလုပ်ထားသည်။

2. My house was beautifully painted last year.

ကျွန်ုပ်အိမ်ကို မနှစ်က လှပစွာ ဆေးသုတ်ခဲ့သည်။

3. This fish is very well cooked.

ဤငါးကို အလွန်ကောင်းစွာချက်ထားသည်။

အကိုးအကား

In the passive voice it is more usual to put an adverb of manner immediately in front of the past participal it qualifies: viz-This chair is very well made.

Living English Structure

လေ့ကျင့်ခန်း

အောက်ပါဝါကျများတွင် ကြိယာဝိသေသနများကို မှန်အောင် စီစဉ်ပေးပါ။

1. Students were sitting (yesterday, quietly, the class).
2. Mya Mya will go (tomorrow morning, to the bazaar, quickly).
3. Ma Yee lives (Yangon, at Bahan, in 1961).
4. She arrived at Yangon, (in the year 1961, on April 9th, at 1.p.m)
5. My mother was reading a newspaper, (on her bed, at six o'clock, silently, this morning).
6. She is writing a letter (in the class, now, carefully).
7. The dog barked (at night, loudly, from under the house).
8. Ma Tin Yee went (on last May, to Kyaikhto, by a train).
9. Boys were swimming (in the lake, happily, yesterday morning).
10. A girl wept (in the room, sadly, last night).
11. She want (at 10 o'clock to school).
12. He was born (in the year 1941, at 10 a.m on July. 14th).
13. She drinks coffee (every morning, at home).
14. Our teacher spoke to us (in the class, very rudely, this morning).
15. I saw my friend off (at 7 o'clock, at the station, this morning).

16. I will love (all my life, passionately).
17. Mya Mya was working (at her office, very hard, all day yesterday).
18. They stayed (all day, quietly, here).
19. He played (at the Town hall, last night beautifully , in the concert).
20. We are going (for a week, to Mandalay, on saturday).

STRONG AND WEAK VERB

ကြိယာတစ်ခု၏ Past Tense အတိတ်ကာလပုံစံနှင့် Past Participle တတိယကြိယာပုံစံတို့သည် အတူတူဖြစ်၍ d, ed, တစ်ခုခုဆုံးလျှင် ၎င်းကြိယာကို Weak Verb သို့မဟုတ် Regular verb ရိ'ဂျူန်း–လာဗွာ့–ဗ်=ပုံမှန်ကြိယာဟုခေါ်၏။

ဥပမာ

ပစ္စုပ္ပန်	အတိတ်	တတိယကြိယာ
Cook /ခွတ်(က်)	cooked /ခွတ်–က်ထ်/	cooked
Wash /ဝေါ–(ရှ်)	washed /ဝေါ့–ရှ်ထ်/	washed
Love /လပ်(ဗ်)	loved /လပ်ဗ်(ဒ်)	loved
Cook /ခွတ်(က်)/	cooked /ခွတ်–က်ထ်/	cooked
Live /လစ်(ဗ်)/	lived /လစ်ဗ်(ဒ်)	lived
Sleep /စလိ(ပ်)	slept /ဆလက်ပ်ထ်/	slept
Keep /ခိ(ပ်)/	kept /ခက်–ပ်ထ်/	kept

ကြိယာတစ်ခု၏အတိတ်နှင့် တတိယကြိယာတို့၌ ed, d, t မဆုံးလျှင် ၎င်းကို Strong verb သို့မဟုတ် Irregular verb အာရိဂျူန်း–လာဗွါ့(ဗ်) ပုံမမှန်ကြိယာဟုခေါ်၏။

ဥပမာ

ပစ္စုပ္ပန်	အတိတ်	တတိယကြိယာ
Go /ဂိုး/	went /ဝင့်–န်ထ်/	gone /ဂွန်း–န်/
Come /ခမ်းမ်/	came /ခိမ်း–မ်/	come / မ်း–မ်/
Do /ဒူး/	did /ဒစ်–ဒ်/	done /ဒမ်း–န်/
See /ဆီး/	saw /ဆော/	seen/ဆီး–န်/

နည်းသစ်ခွဲခြားချက်

ပုံမှန်နှင့် ပုံမမှန်ခွဲခြားခြင်းသည် အင်္ဂလိပ်ဘာသာ မှန်ကန်စွာ ရေးနိုင်ပြောနိုင်မှုအတွက် ကျေးဇူးမများလှ၊ ထို့ကြောင့် အင်္ဂလိပ်စာ မှန်ကန်စွာ ရေးနိုင်ပြောနိုင်ရန် ကြိယာတစ်လုံးကိုတွေ့လျှင် အတိတ်ကာလနှင့် တတိယကြိယာဖြစ်လာရန် –

(က) ed နှင့် d ဆက်ပေးရသောကြိယာနှင့်

(ခ) ed နှင့် d မဆက်ပေးရဘဲပစ္စုပ္ပန်၊ အတိတ်၊ တတိယကြိယာပုံစံ သုံးမျိုးကို ပူးတွဲကျက်မှတ်ထားရမည့် ကြိယာဟု ခွဲခြားမှတ်ထားရမည်။

သုံးလုံးတွဲကျက်ထားရမည့် ed နှင့် d မဆုံးသောကြိယာများ

အောက်ပါ ed နှင့် d မဆုံးကြိယာများကို ပုံစံသုံးမျိုးပူးတွဲ ကျက်မှတ်ထားပါ။ အင်္ဂလိပ်သဒ္ဒါအစောင်စောင်မှ အကုန်လောက် နီးနီးရှာဖွေဖော်ပြထားပါသည်။ (ဒုတိယနှင့် တတိယကြိယာတွင်) t ဆုံးသော Weak verb နှင့် Strong verb အားလုံးရောနှော ပါဝင်နေပါသည်။

Present Tence (သည်)	Past Tence (ခဲ့သည်)	Past Participle (ပြီး၊ပြီ)	မြန်မာပြန်
A'rise /အ'ရိုက်ဇ်/	a'rose /အ'ရိုးဇ်/	arisen /အရစ်ဇင်န်/	တက်သည်၊ ထသည်
Bear /ဘဲယား(ရ်)/	bore /ဘော(ရ်)/	born /ဘော–န်/	သီးသည်၊ မွေးဖွားသည်
Beat /ဘီ–ထ်/	beat /ဘီ–ထ်/	'beatrn /'ဘီ–တင်–န်/	ရိုက်သည်၊အနိုင်ယူသည်။
Be'come /ဘီခမ်–းမ်/	be'came /ဘီခိမ်း–မ်/	be'come /ဘီခမ်း–မ်/	ဖြစ်လာသည်။
Be'gin /ဘီဂင်း–န်/	be'gan /ဘီဂဲင်း–န်/	be'gun /ဘီဂန်း–န်/	အစပြုသည်။
Bend /ဘင်းန်ဒ်/	bent /ဘင့်န်တ်/	bent /ဘင့်န်ထ်/	ကွေးညွတ်သည်။
Bid /ဘစ်ဒ်/	bade /ဘိတ်ဒ်/	biden /'ဘစ်–ဒင်န်/	နှုတ်ဆက်သည်။
Bind /ဘိုင်းန်ဒ်/	bound /ဘောင်းန်ဒ်/	bound /ဘောင်းန်ဒ်/	ချည်နှောင်သည်။
Bite /ဘိုက်ထ်/	bit /ဘစ်ထ်/	bitten /ဘစ်–တင်န်/	ကိုက်သည်။
Bleed /ဘလီး–ဒ်/	bled /ဘလက်ဒ်/	bled /ဘလက်ဒ်/	သွေးထွက်သည်။
Blow /ဘလိုး/	blew /ဘလူး/	blown /ခလုန်း–န်/	မှုတ်သည်၊ ရိုက်သည်။
Break /ဘရိတ်က်/	broke /ဘရုတ်က်/	broken /ဘရုတ်ကင်န်/	ဖျိုးဖဲ့သည်၊ ဖျက်သည်။
Bring /ဘရင်းင်/	brought /ဘရော့ထ်/	brought /ဘရော့ထ်/	ယူလာသည်။

Build	built	built	ဆောက်လုပ်သည်။
/ဘစ်လ်ဒ်/	/ဘစ်လ်ထ်/	/ဘစ်လ်ထ်/	
Burn	burnt	burnt	ဆောက်လုပ်သည်။
/ဘား>—န့်/	/ဘာ့>—န့်ထ်/	/ဘာ့>—န့်ထ်/	
Buy	bought	bought	ဝယ်သည်။
/ဘိုင်း/	/ဘော့ထ်/	/ဘော့ထ်/	
Be'seech	be'sought	be'sought	တောင်းပန်သည်။
/ဘီ'ဆိချ်/	/ဘီ'ဆော့–ထ်/	/ဘီ'ဆော့–ထ်/	
Catch	caught	caught	ဖမ်းသည်။
/ခက်ချ်/	/ခေါ့ထ်/	/ခေါ့ထ်/	
Chide	chid	'chiden,chid	သွန်သင်ဆုံးမသည်။
/ချိုက်ဒ်/	/ချစ်ဒ်/	/'ချစ်–ဒင်န့်,ချစ်ဒ်/	
Choose	chose	chosen	ရွေးချယ်သည်။
/ချူး–ဇ်/	/ချိုး–ဇ်/	/ချိုး–ဇင်န့်/	
Crow	crew	crowed crowed	ကြက်တွန်သည်
/ခရိုး/	/ခရူး/	/ခရိုးဒ်/ခရိုး/	
Cling	clang	clung	တွယ်ကပ်သည်။
/ခလင်းင်/	/ခလဲင်း–င်/	/ခလန်းင်/	
Cleave	clove	cloven	ဖမ်းသည်။
/ခလီး–ဗ့်/	/ခလိုး–ဗ့်/	/ခလိုး–ဗင်န့်/	
Come	came	come	လာသည်။
/ခမ်းမ်/	/ခိမ်းမ်/	/ခမ်းမ်/	
Creep	crept	crept	တွားသွားသည်။
/ခရီ–ပ်/	/ခရက်ပ်ထ်/	/ခရက်ပ်ထ်/	
Draw	drew	drawn	ဆွဲသည်။
/ဒရော/	/ဒရူး/	/ဒရော–န့်/	
Drink	drank	drunk	သောက်သည်။
/ဒရင့်ခ်/	/ဒရဲင့်–ခ်/	/ဒရန့်င်ခ်/	
Drive	drove	'driven	မောင်းသည်၊

/ဒရိုက်ဗ်/	/ဒရုတ်ဗ်/	/ဒရစ်-ဗင်န်/	
Deal	dealt	dealt	ရောင်းဝယ်သည်။
/ဒီးလ်/	/ဒဲ့လ်ထ်/	/ဒဲ့လ်ထ်/	ဖဲဝေသည်။
Dig	dug	dug	တူးဆွသည်။
/ဒစ်ဂ်/	/ဒပ်ဂ်/	/ဒပ်ဂ်/	
Do	did	done	ပြုလုပ်သည်။
/ဒူး/	/ဒစ်ဒ်/	/ဒမ်းန်/	
Dwell	dwelt	dwelt	နေထိုင်သည်။
/ဒွဲလ်/	/ဒွယ့်လ်ထ်/	/ဒွယ့်လ်ယ်/	
Dream	dreamt	dreamt	အိပ်မက်သည်။
	dreamed	dreamed	
/ဒရီးမ်/	/ဒရီးမ်ဒ်/	/ဒရီးမ်ဒ်/	
Eat	ate/et	'eaten	စားသည်။
/အီ-ထ်/	/အိတ်ထ်/အက်တ်/	/'အီတင်-န်/	
Fall	fell	fallen	လဲကျသည်။
/ဖေါလ်/	/ဖဲ့လ်/	/'ဖော့-လင်န်/	
Feed	fed	fed	ကျွေးမွေးသည်။
/ဖီး/	/ဖက်ဒ်/	/ဖက်ဒ်/	
Feel	felt	felt	တွေ့ထိခံစားသည်။
/ဖီးလ်/	/ဖဲ့လ်ထ်/	/ဖဲ့.လ်ထ်/	
Fight	fought	fought	တိုက်ခိုက်သည်။
/ဖိုက်ထ်/	/ဖော့ထ်/	/ဖော့ထ်/	
Find	found	found	တွေ့ရှိသည်။
/ဖိုင်းန်ဒ်/	/ဖေါင်းန်ဒ်/	/ဖေါင်းန်ဒ်/	
Flee	fled	fled	ထွက်ပြေးသည်။
/ဖလီး/	/ဖလက်ဒ်/	/ဖလမ်းင်/	
Fly	flew	flown	ပျံသည်။
/ဖလိုင်း/	/ဖလူး/	/ဖလုန်း-န်/	
For'bear	for'bore	for'bore	သည်းခံသည်။

/ဖော်'ဘဲယား(ရ်)//ဖော်'ဘော(ရ်)//ဖော်'ဘော-န်/

Forget	for'get	for'gotten	မေ့လျော့သည်။
/ဖ'ဂတ်ထ်/	/ဖှ'ဂေါ့တ်/	/ဖှ'ဂေါ့-တင်န်/	
For'sake	for'sook	for'saken	စွန့်ပစ်ထားသည်။
/ဖှ'ဆိတ်ခ်/	/ဖှ'ဆွတ်ခ်/	/ဖှ'ဆိပ်-ကင်န်/	
Freeze	froze	frozen	ကျွဲးမွေးသည်။
/ဖှရီးဇ်/	/ဖှရိုးဇ်/	/ဖှရိုး-ဇင်န်/	
Forgive	forgave	forgiven	ခွင့်လွှတ်သည်။
/ဖှ'ဂစဗ့်/	/ဖှ'ဂေ့-ဗ့်/	/ဖှ'ဂစ်-ဗင်းန်/	
Get	got	got	ရသည်။
/ဂက်တ်/	/ဂေါ့ထ်/	/ဂေါ့ထ်/	
Give	gave	'given	ပေးသည်။
/ဂစ်ဗ့်/	/ဂေးဗ့်/	/'ဂစ်-ဗင်န်/	
Go	went	gone	သွားသည်။
/ဂိုး/	/ဝင့်န်တ်/	/ဂွန်းန်/	
Grow	grew	grown	စိုက်၊ ပေါက်၊ကြီးပွားသည်။
/ဂရိုး/	/ဂရူး/	/ဂရုန်းန်/	
Grind	ground	ground	ကြိတ်သည်။
/ဂရိုင်းန်ဒ်/	/ဂရောင်းန်ဒ်/	/ဂရောင်းန်ဒ်/	
Hold	held	held	ကိုင်သည်၊ ကျင်းပသည်။
/ဟိုးလ်ဒ်/	/ဟဲလ်ဒ်/	/ဟဲလ်ဒ်/	
Hang	hung	hung	ချိတ်ထားသည်။
/ဟဲင်းင်/	/ဟန်းင်/	/ဟန်းင်/	
Have	had	had	မှာရှိသည်၊စားသောက်သည်။
/ဟဲက်ဗ်/	/ဟဲက်-ဒ်/	/ဟဲက်-ဒ်/	
Hear	heard	heard	ကြားသည်။
/ဟီးယား(ရ်)/	/ဟား>—ဒ်/	/ဟား>—ဒ်/	
Hew	hewed	hewn	ပေါက်သည်။
/ဟ[illegible]/	/ဟယူးဒ်/	/ဟယူးန်/	

Keep	kept	kept	သိမ်းဆည်းသည်။
/ခိ–ပ်/	/ခက်ပ်ထ်/	/ခက်ပ်ထ်/	
Kneel	knelt	knelt	ဒူးထောက်သည်။
/နီးလ်/	/နဲ့လ်ထ်/	/နဲ့လ်ထ်/	
Know	knew	known	သိသည်။
/နို:/	/နယူး/နူး/US	/နုန်းန်/	
Lay	laid	laid	ထားသည်၊ ဥသည်။
/လေး/	/လေ့(ဒ်)/	/လေ့(ဒ်)/	
Lie	lay	lain	လဲလျောင်းသည်။
/လိုင်း/	/လေး/	/လိန်းန်/	
Lie	lied	lied	လိမ်ပြောသည်။
/လိုင်း/	/လိုင်း(ဒ်)/	/လိုင်း(ဒ်)/	
Lead	led	led	ရှေ့ဆောင်သည်။
/လိ–ဒ်/	/လက်ဒ်/	/လက်ဒ်/	
Leave	left	left	ထားခဲ့သည်။
/လီး–ဗ်/	/လက်ဖ်တ်/	/လက်ဖ်ထ်/	ထွက်သွားသည်။
Leap	leapt	leapt	ခုန်သည်။
	leaped	peaped	
/လိ–ပ်/	/လက်ပ်ထ်/	/လက်ပ်ထ်/	
	/လိ–ပ်ထ်/	/လိ–ပ်ထ်/	
Lean	lean-ed	lean-ed	ရှေ့ဆောင်သည်။
/လီးန်/	/လင့်န်ထ်/	/လင့်န်–ထ်/	
	/လီး–န်ဒ်/	/လီး–န်ဒ်/	
Learn	learnt/-ed	learnt/-ed	သင်ယူသည်။
/လား>—န်/	/လော့>—န်ထ်/	/လား>—န်ဒ်/	
Lend	lent	lent	ချေးငှားထုတ်ပေးသည်။
/လင်းန်ဒ်/	/လင့်န်ထ်/	/လင့်န်ထ်/	
Light	lit',lighted	lit',lighted	မီးထွန်းသည်။
/လိုက်တ်/	/လစ်တ်၊လိုက်တစ်ဒ်/	/လစ်တ်၊လိုက်တစ်ဒ်/	

Lose	lost	lost	ဆုံးရှုံးသည်။
/လူး–ဇ်/	/လော့စ်ထ်//လော့–စ်ထ်/	/လော့စ်ထ်/လော့–စ်ထ်/	
Make	made	made	ပြုလုပ်သည်။
/မိတ်ခ်/	/မိတ်ဒ်/	/မိတ်ဒ်/	
Mean	meant	meant	ဆိုလိုသည်။
/မီးန်/	/မင့်–န်ထ်/	/မင့်–န်ထ်/	
Meet	met	met	တွေ့ဆုံသည်၊ စည်းဝေးသည်။
/မီ–(တ်)/	/မက်ထ်/	/မက်ထ်/	
Mi'stake	mi'stook	mi'staken	မှားယွင်းသည်။
/မစ်စ'စတိက်ခ်//မစ်စ'တွတ်ခ်//မစ်စ'တိတ်–ကင်န်/			
Mow	mowed	mown	ပြုလုပ်သည်။
/မိုး/	/မိုးဒ်/	/မုန်းန်/	
Misunder 'stand	misunder 'stood	misunder 'stood	လွဲမှားသည်။
/မစ်စ်အန်ဒါ စတင်းန်ဒ်/	/မစ်စ်အန်ဒါ စ'တွတ်ဒ်/	/မစ်စ်အန်ဒါ စတွတ်ဒ်/	
Pay	paid	paid	ပြုလုပ်သည်။
/ပေး/	/ပေး(ဒ်)/	ပေး(ဒ်)/	
Over'take	over'took	over'taken	လိုက်၍မှီသည်။
/အိုဗှား'ထွတ်ခ်//အိုဗှား'ထွတ်ခ်//အိုဗှာတိတ်ကင်န်/			
Ring	rang	rung	တီးသည်။
/ရင်းင်/	/ရဲင်းင်/	/ရန်းင်/	
Run	ran	ran	ပြေးသည်။
/ရန်းန်/	/ရဲင်း–န်/	/ရန်းန်/	
Read	read	read	စာဖတ်သည်။
/ရီ(ဒ်)/	/ရက်ဒ်/	/ရက်ဒ်/	
Rend	rent	rent	ခွဲသည်။
/ရင်းန်ဒ်/	/ရင့်န်ထ်/	/ရင့်န်ထ်/	
Ride	rode	'ridden	စီးသည်။

/ရိုက်ဒ်/	/ရုတ်ဒ်/	/'ရစ်-ဒင်န်/	
Rise	rose	risen	ထသည်၊တက်သည်။
/ရိုက်စ်/	/ရိုး-ဇ်/	/'ရစ်-ဇင်န်/	
See	saw	seen	မြင်သည်။
/ဆီး/	/ဆော/	/ဆီးန်/	
Saw	sawed	sawn (US:-ed)	လွှတိုက်သည်။
/ဆော/	/ဆော-ဒ်/	/ဆော-န်/ဆော-ဒ်	
Say	said	said	ပြုလုပ်သည်။
/ဆေး/	/ဆက်ဒ်/	/ဆက်ဒ်/	
Seek	sought	sought	ရှာဖွေသည်။
/ဆိ(ခ်)/	/ဆော့ထ်/	/ဆော့ထ်/	
Sell	sold	sold	ရောင်းသည်။
/ဆဲလ်/	/ဆိုးလ်ဒ်/	/ဆိုးလ်ဒ်/	
Send	sent	sent	ပို့သည်၊ စေလွှတ်သည်။
/ဆင်း-န်ဒ်/	/ဆင့်န်-တ်/	/ဆင့်-န်ထ်/	
Sew	sewed	sewn/-ed	အပ်ချုပ်သည်။
/ဆိုး/	/ဆိုးဒ်/	/ဆုန်းန်/ဆိုး-ဒ်/	
Shake	shook	'shaken	လှုပ်သည်။
/ရှိတ်က်/	/ရှုတ်က်/	/ရှိတ်-ကင်န်/	
Shine	shone	shone	တောက်ပသည်။
/ရှိုင်းန်/	/ရှုန်းန်/	/ရှုန်းန်/	
Shoot	shot	shot	သေနတ်နှင့်ပစ်သည်။
/ရှု-ထ်/	/ရှော့ထ်/	/ရှော့ထ်/	
Show	showed	shown	ပြသည်။
/ရှိုး/	/ရှိုး(ဒ်)/	/ရှုန်း-န်/	
Shrink	shrank	shrunk	ရှုံ့သည်။
/ရှရင့်င်က်/	/ရှရဲင့်-င်က်/	/ရှရန့်ခ်/	
Sing	sang	sung	သီချင်းဆိုသည်။
/ဆင်းင်/	/ဆဲင်း-င်/	/ဆန်းင်/	

Sink	sank	sunk	နစ်မြုပ်သည်။
/ဆင့်င်က်/	/ဆဲင့်–င်က်/		/ဆန့်င်က်/
Sit	sat	sat	ထိုင်သည်။
/ဆစ်တ်/	/ဆဲက်–တ်/	/ဆက်–တ်/	
Slide	slid	slid	လူသတ်သည်။
/ဆလိုက်ဒ်/	/ဆလစ်ဒ်/	/ဆလစ်ဒ်/	
Sling	siung	slung	လေးနှင့်ပစ်သည်။
/ဆလင်–င်/	/ဆလန်းင်/	/ဆလန်းင်း/	
Slink	slank	slunk	လျှို့ဝှက်စွာထွက်သွားသည်။
/ဆလင့်ခ်/	/ဆလဲင့်–င်က်/	/ဆလန့်င်က်/	
Smell	smelt	smelt	အနံ့ခံသည်။
/စမဲလ်/	/စမဲ–လ်ထ်/	/စမဲ–လ်ထ်/	
Sow	sowed	sown/-ed	မျိုးကြဲသည်။
/ဆိုး/	/ဆိုးဒ်/	/ဆုန်း–န်/ဆိုး–ဒ်/	
Speak	spoke	'spoken	စကားပြောသည်။
/စပိ–က်/	/စပုတ်က်/	/စ'ပုတ်–ကင်န်/	
Speed	sped	sped	အရှိန်နှင့်ပြေးသည်။
/စပိ–ဒ်/	/စပက်ဒ်/	/စပက်ဒ်/	
Spell	spelt	spelt	စာလုံးပေါင်းသည်။
/စပဲလ်/	/စပဲ့လ်ထ်/	/စပဲ့လ်ထ်/	
Spill	spilt	spilt	ဖိတ်စင်သည်။
/စပစ်လ်/	/စပစ်–လ်ထ်/	/စပစ်လ်ထ်/	
Spin	span	spun	ချည်ငင်သည်။
/စပင်းန်/	/စပဲင်း–န်/	/စပန်းန်/	
Spit	spat	spat	တံတွေးထွေးသည်။
/စပစ်ထ်/	/စပဲက်–ထ်/	/စပဲက်–ထ်/	
Spoil	spoilt	spoilt	ဖျက်ဆီးသည်။
/စပွိုင်းလ်/	/စပွိုင်–လ်ထ်/	/စပွိုင်–လ်ထ်/	
Spring	sprang	sprung	ဖျက်ဆီးသည်။

/စပရင်းင်/	/စပရဲင်း-င်/	/စပရန်းင်/	
Stand	stood	stood	မတ်တပ်ရပ်သည်။
/စတဲင်းန်ဒ်/	/စတွတ်ဒ်/	/စတွတ်ဒ်/	
Steal	stole	'stolen	ခိုးသည်။
/စတီးလ်/	/စတိုးလ်/	/စ'တိုး-လင်န်/	
Stick	stuck	stuck	ကပ်သည်။
/စတစ်ခ်/	/စတတ်ခ်/	/စတတ်ခ်/	
Sting	stung	stung	ထိုးသည်၊တုတ်သည်။
/စတင်းင်/	/စတန်းင်/	/စတန်းင်/	
Stink	stank	stunk	နံစော်သည်။
/စတင့်င်က်/	/စတဲင့်-င်က်/	/စတန့်-င်က်/	
Strike	struck	struck	ရိုက်သည်။
/ဆထရိုက်က်/	/စထရပ်က်/	/စထရပ်က်/	
String	strang	strung	ကြိုးနှင့်သီသည်။
/စထရင်းင်/	/စထရဲင်း-င်/	/စထရန်းင်/	
Strive	strove	striven	ကြိုးစားသည်။
/စထရိုက်ဗ်/	စထရုပ်ဗ်/	/စထ'ရစ်-ဗင်န်/	
Swear	swore	sworn	ကျမ်းကျိန်သည်။
/ဆွဲယာ(ရ်)/	/ဆွော-ရ်/	/ဆွော-န်/	
Sweep	swept	swept	တံမြက်လှည်းသည်။
/ဆွီ-ပ်/	/ဆွက်ပ်ထ်/	/ဆွက်-ပ်ထ်/	
Stride	strode	'striden	ကြဲကြဲလှမ်းသွားသည်။
/စထရိုက်ဒ်/	/စထရုတ်ဒ်/	/စထ'ရစ်-ဒင်န်/	
Swell	swelled	swollen	ပွသည်။
/ဆွဲလ်/	/ဆွဲလ်ဒ်/	/ဆွိုး-လင်န်/	
Swim	swam	swum	ရေကူးသည်။
/ဆွင်းမ်/	/ဆွဲင်း-မ်/	/ဆွမ်း-မ်/	
Swing	swang	swung	တွဲလွဲလွှဲသည်။
/ဆွင်း-င်/	/ဆွဲမ်း-င်/	/ဆွမ်း-င်/	

Smite	smote	'smitten	ရိုက်နှက်ပစ်ခတ်သည်။
/စမိုက်ထ်/	/စမုငေါ်ထ်/	/စ'မစ်–တင်န်/	
Take	took	'taken	ယူသည်၊စားသောက်သည်။
/ထိတ်က်/	/ထွတ်က်/	/'ထိတ်–ကဲင်န်/	
Teach	taught	taunght	သင်ပြသည်
/ထိ–ချ်/	/ထော့–ထ်/	/ထော့–ထ်/	
Tear	tore	torn	ဆုတ်ဖြဲသည်။
/ထဲယာ(ရ်)/	/ထော–(ရ်)/	/ထော–န်/	
Tell	told	told	ပြောသည်။
/ထဲလ်/	/ထိုးလ်ဒ်/	/ထိုးလ်ဒ်/	
Think	thought	thought	တွေးထင်သည်။
/သင့်က်/	/သော့ထ့်/	/သော့ထ်/	
Throw	threw	thrown	ပစ်သည်။
/သရိုး/	/သရူး/	/သရုန်းန်/	
Tread	trod	trodden	နင်းသည်။
/ထရက်ဒ်/	/ထရော့ဒ်/	/ထ ရော့–ဒင်န်/	
Thrive	throve	'thriven	တိုးတက်ဖြစ်ထွန်းသည်။
/သရိုက်ဗ့်/	/သရုပ်ဗ့်/	/သ'ရစ်–ဗ္ဗင်န်/	
Under'go	under'went	under'gone	ခံရ/တွေ့ကြုံသည်။
/အန်ဒါ'ဂိုး/	/အန်ဒါ'ဝင့်န်–တ်/	/အန်ဒါ'ဂွန်း–န်၊ဂေါ်–န်/	
Under-'stand	under-'stood	under'stood	နားလည်သည်။
/အန်ဒါစ'တဲင်း–န်ဒ်/	/အန်ဒါစ'တွတ်–ဒ်/	/အန်ဒါစ'တွတ်–ဒ်/	
Under-'take	under-'took	under'taken	တာဝန်ခံသည်။ဆောင်ရွက်လုပ်ကိုင်သည်။
/အန်ဒါ'ထိတ်ခ်/	/အန်ဒါ ထွတ်ခ်/	/အန်ဒါ'ထိတ်–ကင်န်/	
Wake	woke	'woken	နိုးသည်။
/ဝိတ်က်/	/ဝုတ်က်/	/'ဝုတ်–ကင်–န်/	

Wear	wore	worn	ဝတ်ဆင်သည်။
/ဝယ်ယာ(ရ်)/	/ဝေါ-(ရ်)/	/ဝေါ-န်/	
Weave	wove	woven	ယက်ကန်းရက်သည်။
/ဝီး-ဗ်/	/ဝိုး-ဗ်/	/'ဝိုး-ဗင်န်/	
Weep	Wept	Wept	ငိုသည်။
/ဝီ-ပ်/	ဝက်ပ်ထ်	/ဝက်ပ်တ်/	
Win	won	won	နိုင်သည်။
/ဝင်းန်/	/ဝန်း-န်ဒ်/	/ဝန်း-န်ဒ /	
Wind	wound	wound	ရစ်ပတ်သည်၊
/ဝိုင်းန်ဒ်/	/ဝမ်းန်/	/ဝမ်းန်/	
With'draw	with'drew	with'drawn	ထုတ်နုတ်သည်။
/ဝစ်သ်ဒ'ရော/	/ဝစ်သ်ဒ'ရူး/	/ဝစ်သ်-ဒ'ရော-န်/	
With'hold	with'held	with'held	ပေးရန်ငြင်းပယ်သည်။
/ဝစ်သ့်'ဟိုး-လ်/	/ဝစ်သ့်'ဟဲ-လ်ဒ်/	/ဝစ်သ့်'ဟဲ-လ်ဒ်/	
With'stand	with'stood	with'stood	ခုခံသည်။
/ဝစ်သ့်စ'တဲန်င်းဒ်/	/ဝစ်သ့်စ'တွတ်ဒ်/	/ဝစ်သ့်စ'တွတ်ဒ်/	
Wring	wrang	wrung	ညှစ်လိမ်သည်။
/ရင်းင်/	/ရဲင်း-င်/	/ရမ်းင်/	
Write	wrote	'written	ရေးသည်။
/ရိုက်ထ်/	/ရုတ်ထ်/	/'ရစ်-တင်န်/	

ပုံစံသုံးမျိုးစလုံးပေါင်းတူသောကြိယာများ

Bet	bet	bet	လောင်းကစားသည်။
/ဘက်တ်/			
'Broadcast	'brodcast	'brodcast	အသံလွှင့်သည်။
/ဘ'ရောဒ်ကာစ်တ်/			
Burst	burst	butsr	ပေါက်ကွဲသည်။
/ဘ‌ာ့>—စ်ထ်/			

Cast /ကာ့စ်တ်/	cast	cast	ပစ်လိုက်သည်။
Cut /ကပ်ထ်/	cut	cut	ဖြတ်သည်
Hit /ဟစ်ထ်/	hit	hit	ရိုက်သည်၊ ထိမှန်သည်
Hurt /ဟာ့>—ထ်/	hurt	hurt	နာကျင်စေသည်။
Let /လက်တ်/	let	let	ခွင့်ပြုသည်၊ စေသည်
Put /ဖွတ်ထ်/	put	put	ထားသည်။
Rid /ရစ်ဒ်/	rid	rid	ကင်းလွတ်စေသည်။
Set /ဆက်ထ်/	set	set	ထားသည်၊ စိုက်ထူသည်။
Shed /ရှက်ဒ်/	shed	shed	ယိုထွက်သည်။
Shred /ရှရက်ဒ်/	shred	shred	ခွဲသည်။ ဖြတ်သည်။
Shut /ရှပ်ထ်/	shut	shut	ပိတ်သည်။
Slit /စလစ်ထ်/	slit	slit	အရှည်လိုက်ခွဲသည်။
Split /စပလစ်ထ်/	split	split	ခွဲသည်။
Spread /စပရက်ဒ်/	spread	spread	ဖြန့်သည်။ ပြန့်သည်။
Sweat	sweat	sweat	ချွေးထွက်သည်။

/ဆွက်–ထ်/

Thrust	thrust	thrust	ထိုးသွင်းသည်။
/သရပ်စ်ထ်/			ထွက်သည်။
Up'set	up'set	up'set	စောက်ထိုးပြောင်းပြန်
/ အပ်ပ'ဆက်–ထ်/			ဖြစ်သည်။
Wet	wet	wet	ရွှဲစွတ်သည်။
/ဝက်ထ်/			စိုစွတ်သည်

Ed နှင့် D ဆုံးကြိယာများ
Ed နှင့် d ဆက်နည်းနှင့်အသံထွက်

၁။ E အက္ခရာတစ်လုံးဆုံးသော ကြိယာကို အတိတ်ကြိယာနှင့် တတိယကြိယာဖြစ်လာရန် "d" ဆက်ပေးရမည်။

(က) s, k, p, sh, ch, နောက်ရှိ d, ed ကို t= ထသံထွက်၍

(ခ) t, d နောက်ရှိ edကို UK ကအားဖော့သံ တစ်ဒ်/ဒစ်ဒ်/ ထွက်၍ USကအားဖော့သံ တက်ဒ်/ဒက်ဒ်သံထွက်ပြီး

(ဂ) ကျန် d နှင့် ed တို့ကို d = ဒသံထွက်ရမည်။

ပုံစံ

ပစ္စုပ္ပန်	အတိတ်	တတိယကြိယာ
Love /လပ်ဗ်/	loved /လပ်ဗ်ဒ်/	loved ချစ်သည်။
Live /လစ်ဗ်/	lived /လစ်ဗ်ဒ်/	lived နေသည်။
Hate /ဟိတ်တ်/	hated /ဟိတ်တစ်ဒ်/	hated မုန်းသည်။
Close /ကလိုး–ဇ်/	closed /ကလိုးဇ်ဒ်/	closed ပိတ်သည်။
Bake /ဘိတ်–က်/	baked /ဘိတ်က်ထ်/	baked မုန့်ဖုတ်သည်။

၂။ y ဆုံး၍ y ရှေ့က ဗျည်းရှိသော ကြိယာများတွင် y ကို i ပြောင်း၍ ed ဆက်ပေးရမည်။

ပုံစံ

ပစ္စုပ္ပန်	အတိတ်	တတိယကြိယာ
Fry /ဖရိုင်း/	fied /ဖရိုင်းဒ်/	fired ဆီနှင့်ကြော်သည်။
Cry /ခရိုင်း/	cried /ခရိုင်းဒ်/	cried ငိုသည်။
'Carry /'ခဲ–ရီ/	'carried/'ခဲရီ(ဒ်)/	carried သယ်ဆောင်သည်။
'Marry /'မဲ–ရီ/	'married /'မဲ–ရီ(ဒ်)/	married လက်ထပ်သည်။

၃။ ဗျည်းတစ်လုံးတည်းဆုံး၍ ၎င်းဗျည်းရှေ့ သရတစ်လုံးတည်းရှိသော ကြိယာများတွင် (က) အဆုံးဗျည်းသည် အားရိုက်သံနောက်တွင် ရှိပါက ဗျည်းတူတစ်လုံး ထပ်တိုးပြီးမှ ed ဆက်ရမည်။ (ခ) အဆုံးဗျည်းသည် အားဖျော့သံနောက်တွင် ရှိပါက ဗျည်းတူ တစ်လုံးထပ်မတိုးပဲ edဆက်ရမည်။

(က) ပုံစံ

ပစ္စုပ္ပန်	အတိတ်	တတိယကြိယာ
Stop	stopped /စတော့ပ်တ်/	stopped ရပ်သည်။
Drop	dropped /ဒရော့ပ်ထ်/	dropped လွှတ်ချသည်။
Beg	begged /ဘက်ဂ်ဒ်/	begged တောင်းပန်သည်။

(ခ) ပုံစံ

ပစ္စုပ္ပန်	အတိတ်	တတိယကြိယာ
open /'အိုးပင်န်/	opened	opened
visel /'ဗစ်–ဆစ်တ်/	viseled	viseled
edit /'အက်–ဒစ်တ်/	ediled	ediled

၄။ "c" ဆုံးသောကြိယာများတွင် "k" ထပ်ထည့်ပြီးမှ "ed" ဆက်ပေးရမည်။ (c နှင့် e (စီနှင့်အီး)ပေါင်းလျှင် စလုံးသံ ထွက်မည်ဖြစ်၍ မူလအဆုံးဗျည်းသံမပြောင်းစေရန် k ထည့်ပေး ရသည်။)

ပုံစံ

ပစ္စုပ္ပန်	အတိတ်	ဘတိယကြိယာ
'Picnic /'ပစ်-ကနစ်ကံ/	'Picnicked /'ပစ်-ကနစ်ကံခ်ထ်/	'picnicked ပျော်ပွဲစားထွက်သည်
'Mimic /'မင်း-မစ်ကံ/	'mimicked /'မင်း-မစ်ကံထ်/	mimicked တုပပြောသည်။
'Frolic /ဖ့'ရော-လစ်ကံ/	'frolicked /ဖ့'ရောလစ်ကံထ်/	'frlicked ပြောင်သည်။
Trafic /ထ'ရဲက်-ဖ့စ်ကံ/	'traficked /ထ'ရဲက်-ဖ့စ်ကံထ်/	traficked

၅။ အထက်ပါ လေးမျိုးမှ ကျန်ကြိယာများကို "ed" ဆက်ပေးရမည်။

ပုံစံ

ပစ္စုပ္ပန်	အတိတ်	တတိယကြိယာ
Cook /ခွတ်က်/	cooked /ခွက်-က်ထ်/	cooked ချက်သည်။
Watch /ဝေါ့ချ်/	watch /ဝေါ့ချ်ထ်/	watched စောင့်ကြည့်သည်။
wash /ဝေါ့ရှ်/	washed /ဝေါ့-ရှ်ထ်/	washed ဆေးသည်။
laugh /လာ့/	laughed /လဲက်-ဖ်/	kissed ရယ်မောသည်။
kiss /ခစ်စ်/	kissed /ခစ်ခ်တ်/	kissed နမ်းစုပ်သည်။

Ed နှင့် d ဆုံးကြိယာအချို့

အောက်ပါကြိယာများကို ကျက်မှတ်၍ ပြခဲ့သော ဥပဒေသ (၅) ချက်ဖြင့် အတိတ်နှင့် တတိယဖြစ်လာရန် d, ed တို့ကို ဆက်ပေးပါ။

A'buse /အ'ဗျူး–ဇ်/
ဆဲရေးသည်။
Accuse /အကျူး–ဇ်/
စွပ်စွဲသည်။
Admire /အက်ဒမားယာရ်/
ချီးမွမ်းသည်။
Aid /အေ့ဒ်/
ကူညီသည်။
A'llow /အ'လောင်း/
ခွင့်ပြုသည်။
Analyse /အဲင်း–နလိုက်ဇ်/
ပုဒ်ခွဲသည်။
A'pologise /အ'ပေါ–လ်ဂျိုက်ဇ်/
ဝန်ချတောင်းပန်သည်။
A'ppoint /အ'ပွိုင့်–န်ထ်/
အလုပ်ခန့်သည်၊ချိန်းဆိုသည်။
Ask /အာ့စ်ခ်၊အဲက်–စ်ခ်/
မေးသည်။
Beg /ဘက်ဂ်/
တောင်းပန်သည်။
Bark /ဘာ့ခ်/
ဟောင်သည်။
Change /ချိန်း–န်ဂျ်/
ပြောင်းသည်။

A'ccept /အ'ဆက်–ပ်တ်/
လက်ခံသည်။
A'quire /အ'ခွား–ယာရ်/
ဆည်းပူးသည်။
Ad'vise /အက်ဒ'ဗိုက်–စ်/
အကြံပေးသည်။
Aim /အိမ်းမ်/
ရည်ရွယ်သည်။
A'mend /အ'မင်း–န်ဒ်/
ပြင်ဆင်သည်။
Answer/အဲင်း–န်ဆာ(ရ်)US/
ဖြေဆိုသည်။
A'pply /အ'ပလိုင်း/
လျှောက်ထားသည်။
'Argue /'အား–ဂျူ/
အခြေအတင်ပြောသည်။
Assist /အဇစ်စ်တ်/
ကူညီသည်။
Bet /ဘက်တ်/
လောင်းကစားသည်။
'Carry/'ကဲ–ရီ/
သယ်ဆောင်သည်။
Check /ချက်ခ်/
စစ်ဆေးသည်။

Climb /ခလိုင်းမ်/
တက်သည်။(bသံပျောက်)

Co'llect /ခ'လက်ထ်/
စုဆောင်းသည်။

Com'pare /ခန်ပဲ-ယာရ်/
နှိုင်းယှဉ်သည်။

Con'clude /ခင်'ကလူး-ဒ်/
အဆုံးသတ်သည်။

Con'fess /ခန်ဖက်စ်/
မှားကြောင်းဝန်ခံသည်။

Con'sole /ခန်'ဆိုးလ်/
နှစ်သိမ့်စေသည်။

Con'sult /ခန်န်ဇပ်-လ်ထ်/
တိုင်ပင်သည်။

Con'test /ခန်'တက်-စ်ထ်/
ပြိုင်ဆိုင်သည်။

Count /ခေါင့်-န်ထ်/
ရေတွက်သည်။

Cry /ခရိုင်း/
ငိုသည်။

De'cive /ဒီ-ဆီး-ဗ့်/
လိမ်လည်သည်။

De'scribe/ဒစ်စ်ခ'ရိုက်ဗ့်/
ရေးသားဖေါ်ပြသည်။

Claim /ခလိန်းမ်/
တောင်းဆိုသည်။

Com'mand/ခမဲင်း-န်ဒ်/US
အမိန့်ပေးသည်။

Com'pound/ခန်မ်ပေါင်း-န်ဒ်/
ပေါင်းစပ်သည်။

Com'demn /ခင်န်ဒင်းမ်/
ရှုံ့ချသည်။

Consider /ခန်'ဆစ်ဒါ(ရ်)/
စဉ်းစားဆင်ခြင်သည်။

Con'struct/ခန်န်ဆထ'ရပ်-က်/
တည်ဆောက်သည်။

Con'tent /ခန်န်တင့်-န်ထ်/
ကျေနပ်သည်။

Con'tinue /ခန်တင်း-ညျူး/
ဆက်လုပ်သည်။

'Cover /'ခါးဗှာ(ရ်)/
ဖုံးသည်။

Dance /ဒါ့-န်စ်၊ဒဲင့်-န်စ်/
ကသည်။

De'ny /ဒီ'နိုင်း/
ငြင်းဆိုသည်။

De'sire /ဒီ'ဇားယာ(ရ်)/
အလိုရှိသည်။

De'story /ဒစ်စထ'ရိုင်း/
ဖျက်ဆီးသည်။
Dir'ect/ဒါ'ရက်က်ထ်/
စီမံညွှန်ကြားသည်။
'Enter /'အင်း–န်တာ(ရ်)/
ဝင်သည်။
Fail/ဖေးလ်/
ရှုံးသည်။
'Follow /'ဖေါ်–လို/
လိုက်သည်။
Grip /ဂရစ်ပ်/
ဆုပ်ကိုင်သည်။
Guess/ဂက်စ်/
ခန့်မှန်းသည်။
'Hire /'ဟား–ယာ(ရ်)/
ငွေပေးငှားသည်။
In'struct /အင်န်စထရပ်–က်/
ညွှန်ကြားသည်။
Jump/ဂျမ့်ပ်/
ခုန်သည်။
'Kid'nap /'ခစ်–ဒ်နက်ပ်/ US
ပြန်ပေးဆွဲသည်။
Kiss/ခစ်စ်/
နမ်းစုပ်သည်။
Lament /လာမင့်–န်ထ်/
ငိုကြွေးသည်။
Laught /လာ့–ဖ့်၊လဲက်ဖ့်/
ရယ်မောသည်။
Light/လိုက်တ်/

De'termine /ဒီ'ထားမင်န်/
ဆုံးဖြတ်သည်။
En'large/အင်န်လား–ဂျ်/
ချဲ့သည်။
Enter'tain /အင်န်တာ'တိန်းန်/
ဖျော်ဖြေသည်။
Fold /ဖိုးလ်ဒ်/
ခေါက်သည်။
Greet /ဂရီ–တ်/
နှုတ်ဆက်သည်။
Guide/ဂိုက်ဒ်/
လမ်းညွှန်သည်။
Help /ဟဲ့လ်ပ်/
ကူညီသည်။
Hope /ဟုပ်ပ်/
မျှော်လင့်သည်။
Invite /ဒီနိုင်း/
ဖိတ်ခေါ်သည်။
Kick /ဒီ'ဓားယာ(ရ်)/
ကန်သည်။
Kill/ခစ်(က်)/
သတ်သည်။
Knock /နော့(က်)/
ခေါက်သည်။
Learn /လား>—န်/
သင်ယူသည်။
Lie /လိုင်း/
လိမ်ပြောသည်။
Live /လစ်–ဗ့်/

မီးညှိသည်။
Love /လပ်ဗ့်/
ချစ်သည်။
Mend /မင်းနဒ်/
ပြင်ဆင်သည်။
Na'rrate/န'ရိတ်–ထ်/
(ပုံ) ပြန်ပြောပြသည်။
Nurse/နော့>—စ်/
ပြုစုသည်။
'Offer /အော့ဖါ(ရ်)/
ပေးကမ်းသည်။
Per'mit /ပါမစ်–တ်/
ခွင့်ပြုသည်။
Please /ပလီး–ဇ်/
နှစ်သက်သည်။
Pre'side/ပရီ'ဆိုက်ဒ်/
သဘာပတိလုပ်သည်။
'Punish /'ဗန်း–နစ်ရှ်/
အပြစ်ပေးသည်။
Quote /ကွုတ်ထ်/
ကိုးကားသည်။
Reach/ရီ–ချ်/
ရောက်သည်။
Recom'mend/ရက်ကမင်း–န်ဒ်/
ထောက်ခံသည်။
Re'cord /ရီခေါ့–ဒ်/
မှတ်တမ်းတင်သည်။
Re'deem /ရီဒီး–မ်/
ပြန်ရွေးသည်။

နေထိုင်သည်။
'Manage /'မဲင်း–နစ်ဂျ်/
စီမံအုပ်ချုပ်သည်။
Move /မူး–ဗ့်/
ရွှေ့ရှားသည်။
Neglect /နီက်တ်ဂ'လထ်/
ပျက်ကွက်သည်။
Ob'ject /အဘ'ဂျက်–က်ထ်/
ငြင်းဆိုသည်။
Owe /အိုး/
ပေးဆပ်စရာရှိသည်။
Pick /ပစ်ခ်/
ကောက်ယူသည်။
Play /ပလေး/
ကစားသည်။
Pro'tect /ပရတက်–က်တ်/
ခုခံကာကွယ်သည်။
Prove /ပရူးဗ့်/
သက်သေပြသည်။
Receive /ရ'ဆီး–ဗ့်/
ခံယူသည်။
'Recognise/'ရက်–က်ဂ်နိုက်ဇ်/
အသိအမှတ်ပြုသည်။
Re'consile/'ရက်–ကင်န်ဆိုင်လ်/
ပြန်လည်သင့်တင့်စေသည်။
Re'cover /ရီ'ခါး–ဗာ(ရ်)/
ပြန်၍ရယူစေသည်၊ကျန်းမာသည်။
Release /ရီ'လိ–စ်/
လွှတ်သည်။ လျှော့ပေးသည်။

Rent /ရင့်-န်ထ်/	Re'port /ရီ'ဖော့-တ်/
ငှားသည်	ပြန်ကြားသည်
Re'quest /ရီ'ခွတ်-စ်ထ်/	Roll /ရိုးလ်/
တောင်းပန်သည်	လိမ့်သည်
Rush /ရပ်ရှ်/	Sacrifice /'စဲက်-ကရီဖိုက်စ်/
တဟုန်ထိုးသွားသည်	အနစ်နာခံသည်
Slip /ဆလစ်ပ်/	Start /စတာ့ထ်/
ချော်သည်	အစပြုသည်
State /စတိတ်ထ်/	Stay စတေး/
အသေအချာဖော်ပြသည်	နေထိုင်သည်
Stop /စတော့ပ်/	Study စ'တား-ဒီ/
ရပ်တန့်စေသည်	လေ့ကျင့်သည်
Sug'gest /ဆ'ဂျက်-စ်တ်/	Sup'port /ဆ'ပေါ့-တ်/
တိုက်တွန်းသည်။ US: /ဆက်ဂ်ဂျက်-စ်ထ်/	ထောက်ပံ့သည်
Tease /ထီး-ဇ်/	Test /ထက်စ်ထ်/
ကျီစယ်သည်	စမ်းသပ်သည်
Try /ထရိုင်း/	'Visit /'ဗစ်-ဇစ်ထ်/
ကြိုးစားသည်	လည်ပတ်သည်
Walk /ဝေါ့ခ်/	Want /ဝန့်-န်ထ်/
လမ်းလျှောက်သည်	လိုချင်သည်
Wash /ဝေါ့-ရှ်၊ဝေါ့-ရှ်/	Watch /ဝေါ့-ချ်/
ဆေးကြောသည်	စောင့်ကြည့်သည်
Weigh /ဝေး/	Wipe /ဝိုက်ပ်/
ချိန်တွယ်သည်	သုတ်သည်
Wish /ဝစ်ရှ်/	Work /ဝေါ့>—က်/
အလိုရှိသည်	အလုပ်လုပ်သည်

SIMPLE VERB သာမညကြိယာ

စားသည်၊ သောက်သည်၊ အိပ်သည်၊ သင်သည် စသည်ဖြင့် စားကြောင်း၊ အိပ်ကြောင်း သာမည ဖော်ပြသောကြိယာကို Simple Verb သာမညကြိယာဟုခေါ်သည်။

မူလကြိယာဆိုသည်မှာ Infinitive ခေါ် Verb (1) ကို ဆိုသည်။

Simple Verb ဇယား

မူလကြိယာ + s + es + ies	
မူလကြိယာ	
အတိတ်ကြိယာ	
အတိတ်ကြိယာ	
shall	+ မူလကြိယာ
will	+ မူလကြိယာ
should	+ မူလကြိယာ
would	+ မူလကြိယာ
may	+ မူလကြိယာ
might	+ မူလကြိယာ
can	+ မူလကြိယာ
could	+ မူလကြိယာ
must	+ မူလကြိယာ
should	+ မူလကြိယာ
ought to	+ မူလကြိယာ
used to	+ မူလကြိယာ
(am) is able to	+ မူလကြိယာ
are able to	+ မူလကြိယာ
was able to	+ မူလကြိယာ
were able to	+ မူလကြိယာ
sahll be able to	+ မူလကြိယာ
will be able to	+ မူလကြိယာ

(am) is about to	+ မူလကြိယာ
are about to	+ မူလကြိယာ
was about to	+ မူလကြိယာ
were about to	+ မူလကြိယာ
(am) is going to	+ မူလကြိယာ
are going to	+ မူလကြိယာ
was going to	+ မူလကြိယာ
were going to	+ မူလကြိယာ
(am) is to	+ မူလကြိယာ
are to	+ မူလကြိယာ
was to	+ မူလကြိယာ
were to	+ မူလကြိယာ
has to	+ မူလကြိယာ
have to	+ မူလကြိယာ
had to	+ မူလကြိယာ
had to	+ မူလကြိယာ
shall have to	+ မူလကြိယာ
will have to	+ မူလကြိယာ
wants to	+ မူလကြိယာ
want to	+ မူလကြိယာ
wanted to	+ မူလကြိယာ
wanted to	+ မူလကြိယာ
shall want to	+ မူလကြိယာ
will want to	+ မူလကြိယာ

wants (ကို) to	+ မူလကြိယာ
want (ကို) to	+ မူလကြိယာ
wanted (ကို) to	+ မူလကြိယာ
wanted (ကို) to	+ မူလကြိယာ
shall want (ကို) to	+ မူလကြိယာ
will want (ကို) to	+ မူလကြိယာ
makes (ကို)	+ မူလကြိယာ
make (ကို)	+ မူလကြိယာ
made (ကို)	+ မူလကြိယာ
made (ကို)	+ မူလကြိယာ
shall make (ကို)	+ မူလကြိယာ
will make (ကို)	+ မူလကြိယာ
lets	+ မူလကြိယာ
let	+ မူလကြိယာ
let	+ မူလကြိယာ
let	+ မူလကြိယာ
shall let	+ မူလကြိယာ
will let	+ မူလကြိယာ
seems to	+ မူလကြိယာ
seems to	+ မူလကြိယာ
seemed to	+ မူလကြိယာ
seemed to	+ မူလကြိယာ
dares to	+ မူလကြိယာ
dare to	+ မူလကြိယာ
dared to	+ မူလကြိယာ
dared to	+ မူလကြိယာ
shall dare to	+ မူလကြိယာ
will dare to	+ မူလကြိယာ

needs to	+ မူလကြိယာ
need to	+ မူလကြိယာ
needed to	+ မူလကြိယာ
needed to	+ မူလကြိယာ
shall need to	+ မူလကြိယာ
will need to	+ မူလကြိယာ

ပစ္စုပ္ပန် ကေဝုစ်ပြောင်းနည်း

နာမ်ပုဒ်တစ်ပုဒ်ကို ဗဟုဝုစ်ကိန်းဖြစ်လာရန် s, es, ies ဆက်ပေးရကြောင်းကို စာမျက်နှာ( )တွင်ဖော်ပြထား၏။ ထိုဥပဒေများအတိုင်းပင် ကြိယာကို ကေဝုစ်ကိန်းဖြစ်လာရန် s,es,ies တို့ကို ဆက်ပေးရမည်။ ဆိုလိုသည်မှာ (က) အများအားဖြင့် ကေပုစ်ကိန်းဖြစ်လာရန် မူလကြိယာကို s ဆက်ပေးရမည်။ (ခ) s, sh, ch, x နှင့် o ဆုံးသော ကြိယာများကို es ဆက်ပေးရမည်။ (ဂ) y ဆုံး၍ y ရှေ့ကဗျည်းရှိလျှင် (ဗျည်းနောက်က y ဆုံးလျှင်) y ကိုဖြုတ်၍ ies ဆက်ပေးရမည်။ (He comes, She washes ဟု ရေးရမည့်အစား He come, She wash ဟု s, es ကို မဆက်ဘဲ မကြာခဏ မှားရေးတတ်ကြ၏။ အထူးသတိပြုပါလေ။)

ပုံစံ

Plural Number Singular Number

Eat	eats /အီ-ထ်စ်/	ရိုးရိုး s ဆက်
စားကြသည်	စားသည်	
come	comes /ခမ်းမ်ဇ်/	
လာကြသည်	လာသည်	
pass /ပါ့-စ်/US:ပဲက်-စ်/	passes /ပါ့-စစ်ဇ်/	s ဆုံး es ဆက်
အောင်မြင်ကြသည်	အောင်သည်	
kiss	kisses /ခစ်စစ်ဇ်/	
နမ်းစပ်ကြသည်	နမ်းစုပ်သည်	

wash ဝေါ့-ရှ်/ ဖွတ်ကြသည်၊ဆေးကြသည်	'washes /'ဝေါ့-ရှစ်ဇ်/ ဖွပ်သည်၊ဆေးသည်	sh ဆုံး es ဆက်
push /ဖွတ်ရှ်/ တွန်းကြသည်	pushes /'ဖွတ်-ရှစ်ဇ်/ တွန်းသည်	
watch ဝေါ့-ချ်/ စောင့်ကြည့်ကြသည်	'watches /'ဝေါ့-ချစ်ဇ်/ စောင့်ကြည့်သည်	ch ဆုံး es ဆက်
catch /ခဲက်-ချ်/ ဖမ်းကြသည်	'catches /'ခဲက်-ချ်စ်ဇ်/ ဖမ်းသည်	
mix /မစ်-က်စ်/ ရောကြသည်	mixes /မစ်-က်စစ်ဇ်/ ရောသည်	x ဆုံး es ဆက်
fix ချိန်းကြသည်	fixes /ဖစ်-က်စစစ်ဇ်/ ချိန်းသည်	
go သွားကြသည်	goes /ဂိုး-ဇ်/ သွားသည်	o ဆုံး es ဆက်
do /ဒူး/ ပြုလုပ်ကြသည်	does /ဒပ်-ဇ်/ ပြုလုပ်သည်	
fly ပျံကြသည်	flies /ဖလိုင်းဇ်/ ပျံသည်	o ဆုံး es ဆက်
cry အော်ငိုကြသည်	cries /ခရိုင်းဇ်/ အော်ငိုသည်	

အထက်ပါ ကြိယာဇယားတွင် learn = သင်ယူသည်၊ learnt = သင်ယူခဲ့သည်၊ နှစ်လုံးကို နမူနာအဖြစ် အောက်တွင် သွင်းပြထားပါသည်။

၁။ learns သင်ကြသည်
၂။ learn သင်ကြသည်
၃။ learnt သင်ခဲ့သည်
၄။ learnt သင်ခဲ့ကြသည်
၅။ shall learn သင်လိမ့်မည်၊ သင်ကြလိမ့်မည်
၆။ will learn သင်လိမ့်မည်၊ သင်ကြလိမ့်မည်
၇။ should learn သင်ခဲ့လိမ့်မည် (ကြ)
၈။ would learn သင်ခဲ့လိမ့်မည် (ကြ)
၉။ may learn သင်ချင်သင်နိုင်သည် (ကြ)
၁၀။ might learn သင်ချင်သင်နိုင်ခဲ့သည် (ကြ)
၁၁။ can learn သင်နိုင်သည် (ကြ)
၁၂။ could learn သင်နိုင်ခဲ့သည် (ကြ)
၁၃။ must learn သင်ရမည် (ကြ)
၁၄။ should learn သင်သင့်သည်၊ သင်ထိုက်သည် (ကြ)
၁၅။ ought to learn သင်သင့်သည်၊ သင်ထိုက်သည် (ကြ)
၁၆။ used to learn သင်လေ့ရှိခဲ့သည် (ကြ)
၁၇။ am able to learn သင်နိုင်သည်
၁၈။ is able to learn သင်နိုင်သည်
၁၉။ are able to learn သင်နိုင်ကြသည်
၂၀။ was able to learn သင်နိုင်ခဲ့သည်
၂၁။ were able to learn သင်နိုင်ခဲ့ကြသည်
၂၂။ shall be able to learn သင်နိုင်လိမ့်မည် (ကြ)
၂၃။ will be able to learn သင်နိုင်လိမ့်မည် (ကြ)

၂၄။ am about to learn သင်တော့မလို့
၂၅။ is about to learn သင်တော့မလို့
၂၆။ are about to learn သင်ကြတော့မလို့
၂၇။ was about to learn သင်ခဲ့တော့မလို့
၂၈။ were about to learn သင်ခဲ့တော့မလို့

၂၉။	am going to learn	သင်မည်စိတ်ကူးသည်
၃၀။	is going to learn	သင်မှာသေချာသည်
၃၁။	are going to learn	သင်မည်စိတ်ကူးကြသည်
၃၂။	was going to learn	သင်မည်စိတ်ကူးခဲ့သည်
၃၃။	were going to learn	သင်မည်အောက်မေ့ခဲ့ကြသည်

၃၄။	am to learn	သင်ရမည်၊ သင်ရန်ရှိသည်
၃၅။	is to learn	သင်ရမည်၊ သင်စရာရှိသည်
၃၆။	are to learn	သင်ခဲ့ကြရမည်
၃၇။	was to learn	သင်ခဲ့ရမည်
၃၈။	were to learn	သင်ခဲ့ကြရမည်

၃၉။	has to learn	သင်ရသည်
၄၀။	have t learn	သင်ကြရသည်
၄၁။	had to learn	သင်ခဲ့ရသည်
၄၂။	had to learn	သင်ခဲ့ကြရသည်
၄၃။	shall have to learn	သင်ရလိမ့်မည်
၄၄။	will have to learn	သင်ကြရလိမ့်မည်

၄၅။	wants to learn	သင်ချင်သည်
၄၆။	want to learn	သင်ချင်ကြသည်
၄၇။	wanted to learn	သင်ချင်ခဲ့သည်
၄၈။	wanted to learn	သင်ချင်ခဲ့ကြသည်
၄၉။	shall want to learn	သင်ချင်လိမ့်မည် (ကြ)
၅၀။	will want to learn	သင်ချင်လိမ့်မည် (ကြ)

၅၁။	wants her to leran	သူမကိုသင်စေချင်သည်
၅၂။	want her to learn	သူမကိုသင်စေချင်ကြသည်
၅၃။	wanted her to learn	သူမကိုသင်စေချင်ခဲ့သည်
၅၄။	wanted her to learn	သူမကိုသင်စေချင်ခဲ့ကြသည်
၅၅။	shall want her to learn	သူမကိုသင်စေချင်လိမ့်မည်
၅၆။	will want her to learn	သူမကိုသင်စေချင်လိမ့်မည်
၅၇။	makes her learn	သူမကိုသင်ခိုင်းသည်
၅၈။	make her learn	သူမကိုသင်ခိုင်းကြသည်
၅၉။	made her learn	သူမကိုသင်ခိုင်းခဲ့သည်
၆၀။	made her learn	သူမကိုသင်ခိုင်းခဲ့ကြသည်
၆၁။	shall make her learn	သူမကိုသင်ခိုင်းလိမ့်မည်
၆၂။	will make her learn	သူမကိုသင်ခိုင်းလိမ့်မည်
၆၃။	lets her learn	သူမကိုသင်ခိုင်းသည်
၆၄။	let her learn	သူမကိုသင်စေကြသည်
၆၅။	let her learn	သူမကိုသင်ခွင့်ပေးခဲ့သည်
၆၆။	let her learn	သူမိကိုသင်ခိုင်းခဲ့ကြသည်
၆၇။	shall let her learn	သူမကိုသင်ခိုင်းလိမ့်မည်
၆၈။	will let her learn	သူမကိုသင်ခိုင်းလိမ့်မည်
၆၉။	seems to learn	သင်ပုံပေါ်သည်
၇၀။	seem to learn	သင်ကြပုံပေါ်သည်
၇၁။	seemed to learn	သင်ခဲ့ပုံရသည်
၇၂။	seemed to learn	သင်ခဲ့ကြပုံရသည်

၇၃။ dares to learn သင်ဝံ့သည်
၇၄။ dare to learn သင်ဝံ့ကြသည်
၇၅။ dared to learn သင်ဝံ့ခဲ့သည်
၇၆။ dared to learn သင်ဝံ့ခဲ့ကြသည်
၇၇။ shall dare to learn သင်ဝံ့လိမ့်မည် (ကြ)
၇၈။ will dare to learn သင်ဝံ့လိမ့်မည် (ကြ)

၇၉။ needs to learn သင်ဖို့လိုသည်
၈၀။ need to learn သင်ကြဖို့လိုသည်
၈၁။ needed to learn သင်ဖို့လိုခဲ့သည်
၈၂။ needed to learn သင်ကြဖို့လိုခဲ့သည်
၈၃။ shall need to learn သင်ဖို့လိုလိမ့်မည်
၈၄။ will need to learn သင်ဖို့လိုလိမ့်မည်

အထက်ပါကြိယာ (၈၄) ခုကို ဘာသာပြန်ပုံနှင့်တကွ သေချာစွာ လေ့လာထားပါ။ ဤကြိယာတစ်လုံးကို နိုင်နင်းစွာ ရေးတတ်၊ ဘာသာပြန်တတ်ပါက learn နေရာတွင် အခြားကြိယာများ သွင်း၍ အလွယ်တကူ ရေးနိုင်လိမ့်မည်။ အခြေခံဝါကျတစ်ခုကို အမေးအဖြေ (၇) စုံ ၈၄ x ၇ = ၅၈၈ ဝါကျကွန်ရက်ဖြန့်ကျက်နိုင်သဖြင့် learn ဟူသော ကြိယာတစ်လုံးဖြင့် ၅၈၈ ဝါကျရေးပြောနိုင်ပါသည်။

သာမညကြိယာပုံစံများ

1. Does Ma Tin Yee learn English?
မတင်ရီသည် အင်္ဂလိပ်စာကို သင်သလား၊
Yes, Ma Tin Yee learns English.
ဟုတ်ကဲ့၊ မတင်ရီသည် အင်္ဂလိပ်စာကို သင်သည်။
Does Ma Tin Yee not learn English?
မတင်ရီသည် အင်္ဂလိပ်စာကို မသင်ဘူးလား။
Ma Tin Yee does not learn English.
ဟင်အင်း၊ မတင်ရီသည် အင်္ဂလိပ်စာကို မသင်ပါ။

2. Do students learn English?
ကျောင်းသားများသည် အင်္ဂလိပ်စာကို သင်ကြသလား။
Yes, students learn English.
ဟုတ်ကဲ့၊ ကျောင်းသားများသည် အင်္ဂလိပ်စာကို သင်ကြသည်။
Do students not learn English?
ကျောင်းသားများသည် အင်္ဂလိပ်စာကို မသင်ကြဘူးလား။
No, students do not learn English.
ဟင်အင်း၊ ကျောင်းသားများသည် အင်္ဂလိပ်စာကို မသင်ကြပါ။

3. Did Ma Khin learn English three years ago?
မခင်သည် လွန်ခဲ့သောသုံးနှစ်က အင်္ဂလိပ်စာသင်ခဲ့သလား။
Yes, Ma Khin learn English three years ago.
ဟုတ်ကဲ့၊ မခင်သည် လွန်ခဲ့သောသုံးနှစ်က အင်္ဂလိပ်စာ သင်ခဲ့သည်။
Did Ma Khin not learn English three years ago?
မခင်သည် လွန်ခဲ့သောသုံးနှစ်တုန်းက အင်္ဂလိပ်စာ မသင်ခဲ့ဘူးလား။
No, Ma Khin did not learn English three years ago.
ဟင်အင်း၊ မခင်သည် လွန်ခဲ့သော သုံးနှစ်တုန်းက အင်္ဂလိပ်စာ မသင်ခဲ့ပါ။

4. They learn English.

5. Shall I learn English next year?
ကျွန်ုပ်သည် နောင်နှစ်တွင် အင်္ဂလိပ်စာ သင်လိမ့်မည်လား။
Yes, I shall learn English next year.
ဟုတ်ကဲ့၊ ကျွန်ုပ်သည် နောင်နှစ်တွင် အင်္ဂလိပ်စာသင်မည်။
Shall I not learn English next year?
ကျွန်ုပ်သည် နောင်နှစ်တွင် အင်္ဂလိပ်စာ သင်လိမ့်မည်မဟုတ်လား။

No, I shall not learn English next year.
ဟင်အင်း၊ ကျွန်ုပ်သည် နောင်နှစ်တွင် အင်္ဂလိပ်စာ သင်လိမ့်မည် မဟုတ်။

6. Mg Khin will learn English next year?
မောင်ခင်သည် နောင်နှစ်တွင် အင်္ဂလိပ်စာသင်လိမ့်မည်။
7. I should learn English. If the teacher came.
အကယ်၍ ဆရာရောက်လာလျှင် ကျွန်တော်သည် အင်္ဂလိပ်စာ သင်လိမ့်မည်။
8. If Mg Khin were in Yangon he would learn English.
အကယ်၍ မောင်ခင်သည် ရန်ကုန်မှာရှိလျှင် သူသည် အင်္ဂလိပ်စာ သင်လိမ့်မည်။
9. You may learn English.
သင်တို့သည် အင်္ဂလိပ်စာသင်ချင်သင်နိုင်သည်။
10. You might learn English.
သင်တို့သည် အင်္ဂလိပ်စာသင်ချင်သင်နိုင်ခဲ့သည်။
11. We can learn English.
ကျွန်ုပ်တို့သည် အင်္ဂလိပ်စာသင်နိုင်ကြသည်။
12. I could learn English. When I were twenty five.
ကျွန်ုပ်သည် အသက် ၂၅ နှစ်မှာ အင်္ဂလိပ်စာသင်နိုင်ခဲ့သည်။
13. You must learn English.
သင်တို့သည် အင်္ဂလိပ်စာသင်ကြရမည်။ သင်မှဖြစ်မည်။
14. You should learn English.
သင်တို့သည် အင်္ဂလိပ်စာ သင်သင့်သည်။ သင်ဖို့ကောင်းသည်။
15. You ought to learn English.
သင်တို့သည် အင်္ဂလိပ်စာသင်သင့်သည်။ သင်ထိုက်သည်။
16. Students used to learn English when they were in 5th standard.
ကျောင်းသားများသည် ပဥ္စမတန်းရောက်မှ အင်္ဂလိပ်စာ သင်လေ့ရှိခဲ့သည်။

Be able to

17. I am able to learn English.
ကျွန်ုပ်သည် အင်္ဂလိပ်စာသင်နိုင်သည်။
18. He is able to learn English.
သူသည် အင်္ဂလိပ်စာသင်နိုင်သည်။
19. They are able to learn English.
သူတို့သည် အင်္ဂလိပ်စာသင်နိုင်ကြသည်။
20. I was able to learn English at the age of 25.
သူသည် အသက် ၂၅ နှစ်ရောက်မှ အင်္ဂလိပ်စာ သင်နိုင်ခဲ့သည်။
21. They were able to learn English.
သူတို့သည် အင်္ဂလိပ်စာကို သင်နိုင်ခဲ့ကြသည်။
22. We shall be able to learn English next year.
ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို နောင်နှစ်မှာ သင်နိုင်လိမ့်မည်။
23. He will be able to learn English.
သူသည် အင်္ဂလိပ်စာကို သင်နိုင်လိမ့်မည်။
24. I am about to learn English.
ကျွန်ုပ်သည် အင်္ဂလိပ်စာသင်တော့မလို့။
25. He is about to learn English.
သူသည် အင်္ဂလိပ်စာသင်တော့မလို့။
26. They are about to learn English.
သူတို့သည် အင်္ဂလိပ်စာသင်ကြတော့မလို့။
27. When Mg Mg was about to learn English he was ill.
မောင်မောင် မနစ်က အင်္ဂလိပ်စာ သင်မလို့လုပ်တုန်း သူဖျားခဲ့သည်။ (ဘာသာပြန်ပုံသတိပြုပါ)
28. When they were about to learn English it rained.
သူတို့သည် အင်္ဂလိပ်စာကို သင်မယ်လဲလုပ်ရော မိုးတွေရွာခဲ့သည်။ (ဘာသာပြန်ပုံသတိပြုပါ)

Be going to

29. I am going to learn English next year.
ကျွန်ုပ်သည် အင်္ဂလိပ်စာကို လာမည့်နှစ်တွင်သင်ရန် ကြံရွယ်သည်။ သင်မည်စိတ်ကူးသည်။ သင်မှာသေချာသည်။
30. He is going to learn English next year.
သူသည် လာမည့်နှစ်မှာ အင်္ဂလိပ်စာကို သင်မည် စိတ်ကူးသည်။
31. They are going to learn English next year.
သင်တို့သည် လာမည့်နှစ်တွင် အင်္ဂလိပ်စာသင်ကြမှာ သေချာသည်။
32. He was going to learn English last year.
သူသည် မနှစ်က အင်္ဂလိပ်စာကို သင်မည်စိတ်ကူးခဲ့သည်။
33. They were going to learn English last year.
သူတို့သည် မနှစ်က အင်္ဂလိပ်စာကို သင်မည် စိတ်ကူးခဲ့ကြသည်။

Be To

34. I am to learn English.
ကျွန်ုပ်သည် အင်္ဂလိပ်စာကို သင်ရမည်၊ သင်ရန်ရှိသည်။
35. He is to learn English.
သူသည် အင်္ဂလိပ်စာကို သင်ရမည်၊ သင်စရာရှိသည်။
36. They are to learn English.
သူတို့သည် အင်္ဂလိပ်စာသင်ကြရမည်၊ သင်စရာရှိကြသည်။
37. He was to learn English.
သူသည် အင်္ဂလိပ်စာကို သင်ရန်ရှိခဲ့သည်၊ သင်ခဲ့မသည်။
38. They were to learn English.
သူတို့သည် အင်္ဂလိပ်စာကို သင်ခဲ့ကြရမည်။

Have to

39. He has to learn English.
သူသည် အင်္ဂလိပ်စာကို သင်ရသည်။

40. They have to learn English.
သူတို့သည် အင်္ဂလိပ်စာကို သင်ကြရသည်။
41. He had to learn English.
သူသည် မနှစ်က အင်္ဂလိပ်စာသင်ခဲ့ရသည်။
42. They had to learn English ;ast year.
သူတို့သည် အင်္ဂလိပ်စာကို မနှစ်က **သင်ခဲ့**ကြရသည်။
43. We shall have to learn English tomorrow.
ကျွန်ုပ်တို့သည် မနက်ဖြန် အင်္ဂလိပ်မှာ သင်ကြရလိမ့်မည်။
44. They will have to learn Englis.
သူတို့သည် မနက်ဖြန်ခါ အင်္ဂလိပ်စာကို သင်ကြရလိမ့်မည်။

Want To

45. Does he want to learn English?
သူသည် အင်္ဂလိပ်စာကို သင်ချင်သလား။
Yes, he wants to learn English.
ဟုတ်ကဲ့၊ သူသည် အင်္ဂလိပ်စာကို သင်ချင်သည်။
Does he not want to learn English.
သူသည် အင်္ဂလိပ်စာကို မသင်ချင်ဘူးလား။
No, he does not want to learn English.
ဟင်အင်း၊ သူသည် အင်္ဂလိပ်စာကို မသင်ချင်ပါ။

46. Do they want to learn English?
သူတို့သည် အင်္ဂလိပ်စာကို သင်ချင်ကြသလား။
Yes, they want to learn English.
ဟုတ်ကဲ့၊ သူတို့သည် အင်္ဂလိပ်စာကို သင်ချင်ကြသည်။
Do they not want to learn English?
သူတို့သည် အင်္ဂလိပ်စာကို မသင်ချင်ကြဘူးလား။
No, they do not want to learn English.
ဟင်အင်း၊ သူတို့သည် အင်္ဂလိပ်စာကို မသင်ချင်ကြဘူး။

47. Did he want to learn English?
သူသည် အင်္ဂလိပ်စာကို သင်ချင်ခဲ့သလား။
Yes, he wanted to learn English.
သူသည် အင်္ဂလိပ်စာကို သင်ချင်ခဲ့သည်။
Did he not want to learn English?
သူသည် အင်္ဂလိပ်စာကို မသင်ချင်ခဲ့ဘူးလား။
No, he did not want to learn English.
ဟင်အင်း၊ သူသည် အင်္ဂလိပ်စာကို မသင်ချင်ခဲ့ကြဘူး။

48. Did they want to learn English?
သူတို့သည် အင်္ဂလိပ်စာကို သင်ချင်ခဲ့ကြသလား။
Yes, they wanted to learn English.
ဟုတ်ကဲ့၊ သူတို့သည် အင်္ဂလိပ်စာကို သင်ချင်ခဲ့သည်။
Did they not want to learn English?
သူတို့သည် အင်္ဂလိပ်စာကို မသင်ချင်ခဲ့ကြဘူးလား။
No, they did not want to ealrn English.
ဟင်အင်း၊ သူတို့သည် အင်္ဂလိပ်စာကို မသင်ချင်ခဲ့ကြဘူး။

49. **Shall** we want to learn English next year?
ကျွန်ုပ်တို့သည် နောင်နှစ်မှာ အင်္ဂလိပ်စာ သင်ချင်ကြမည်လား။
Yes, we shall want to learn English next year.
ဟုတ်ကဲ့၊ ကျွန်ုပ်တို့သည် လာမည့်နှစ်တွင် အင်္ဂလိပ်စာ သင်ချင်ကြ လိမ့်မည်။
Shall we not want to **learn English**?
ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို **သင်ချင်ကြလိမ့်မည်** မဟုတ်လား။
No, we shall not want to learn **English**.
ဟင်အင်း၊ ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို **သင်ချင်ကြလိမ့်မည်** မဟုတ်။

Want (ကို) To

51. He wants me to learn English.
သူသည် ကျွန်ုပ်ကို အင်္ဂလိပ်စာသင်စေချင်သည်။
52. They want me to learn English.
သူတို့က ကျွန်ုပ်ကို အင်္ဂလိပ်စာ သင်စေချင်ကြသည်။
53. He wanted me to learn English.
သူသည် ကျွန်ုပ်အားအာင်္ဂလိပ်စာကို သင်စေချင်ခဲ့သည်။
54. They wanted me to learn English.
သူတို့သည် ကျွန်ုပ်ကို အင်္ဂလိပ်စာ သင်စေချင်ခဲ့သည်။
55. I shall want him to learn English.
ကျွန်တော်သည် သူ့ကို အင်္ဂလိပ်စာ သင်စေချင်လိမ့်မည်။
56. He will want me to learn English.
သူသည် ကျွန်ုပ်အား အင်္ဂလိပ်စာကို သင်စေချင်လိမ့်မည်။

Make

57. Does he make me learn English?
သူသည် ကျွန်ုပ်ကို အင်္ဂလိပ်စာသင်ခိုင်းသလား။
Yes, he makes me learn English.
ဟုတ်ကဲ့၊ သူသည် ကျွန်ုပ်ကို အင်္ဂလိပ်စာသင်ခိုင်းသည်၊ သင်စေသည်။
Does he not make me learn English?
သူသည် ကျွန်ုပ်ကို အင်္ဂလိပ်စာ မသင်ခိုင်းဘူးလား။
No, he does not make me learn English.
ဟင်အင်း၊ သူသည် ကျွန်ုပ်ကို အင်္ဂလိပ်စာ မသင်ခိုင်းပါ။

58. They make me learn English.
သူတို့သည် ကန်ုပ်ကို အင်္ဂလိပ်စာ သင်ခိုင်းကြသည်။
59. He made me learn English.
သူသည် ကျွန်ုပ်ကို အင်္ဂလိပ်စာ သင်ခိုင်းခဲ့သည်။

60. They made me learn English.
သူတို့သည် ကျွန်ုပ်ကို အင်္ဂလိပ်စာ သင်ခိုင်းခဲ့ကြသည်။
61. I shall make Ma Yee learn English.
ကျွန်ုပ်သည် မရီကို အင်္ဂလိပ်စာ သင်ခိုင်းမည်။
62. He will make me learn Engish.
သူသည် ကျွန်ုပ်အား အင်္ဂလိပ်စာ သင်ခိုင်းမည်။
63. Father lets me learn English.
အဖေက ကျွန်ုပ်ကို အင်္ဂလိပ်စာ သင်ခိုင်းသည်၊ သင်ခွင့်ပေးသည်။
64. They let me learn English.
သူတို့က ကျွန်ုပ်ကို အင်္ဂလိပ်စာ သင်ခွင့်ပေးသည်၊ သင်စေသည်။
65. He let me learn English.
သူသည် ကျွန်ုပ်ကို အင်္ဂလိပ်စာ သင်ခိုင်းခဲ့သည်။
66. They let me learn English.
သူတို့သည် ကျွန်ုပ်ကို အင်္ဂလိပ်စာ သင်ခိုင်းခဲ့ကြသည်။
67. I shall let him learn English.
ကျွန်ုပ်သည် သူ့ကို အင်္ဂလိပ်စာ သင်ခိုင်းမည်။
68. He will let me learn English.
သူသည် ကျွန်ုပ်ကို အင်္ဂလိပ်စာ သင်ခိုင်းလိမ့်မည်။

Seem to

69. Does he seem to learn English?
သူသည် အင်္ဂလိပ်စာ သင်ပုံပေါ်သလား။
Yes, he seems to learn English.
ဟုတ်ကဲ့၊ သူသည် အင်္ဂလိပ်စာ သင်ပုံရသည်။
No, he does not seem to learn English.
ဟင်အင်း၊ သူသည် အင်္ဂလိပ်စာ သင်ပုံမပေါ်ပါ။
70. They seems to learn English.
သူတို့သည် အင်္ဂလိပ်စာ သင်ပုံပေါ်ကြသည်။

71. He seemed to learn English last year.
သူသည် မနှစ်က အင်္ဂလိပ်စာ သင်ခဲ့ပုံပေါ်သည်။

Dare to

73. Does he dare to learn English.
သူသည် အင်္ဂလိပ်စာ သင်ဝံ့သလား။
Yes, he dares to learn English.
ဟုတ်ကဲ့၊ သူသည် အင်္ဂလိပ်စာ သင်ဝံ့သည်၊ သင်ရဲသည်။
Does he not dare to learn English.
သူသည် အင်္ဂလိပ်စာ မသင်ဝံ့ဘူးလား။
No, he does not dare to learn English.
ဟင်အင်း၊ သူသည် အင်္ဂလိပ်စာ မသင်ဝံ့ပါ။

74. They dared to learn English.
သူတို့သည် အင်္ဂလိပ်စာ သင်ဝံ့သည်။
75. He dared to learn English.
သူသည် အင်္ဂလိပ်စာ သင်ဝံ့ခဲ့သည်။
76. They dared to learn English.
သူတို့သည် အင်္ဂလိပ်စာ သင်ဝံ့ခဲ့ကြသည်။
77. I shall dare to learn English.
သူသည် အင်္ဂလိပ်စာ သင်ဝံ့လိမ့်မည်။
78. He will dare to learn English.
သူသည် အင်္ဂလိပ်စာသင်ဝံ့လိမ့်မည်။

Need to

79. Does he need to larn English.
သူသည် အင်္ဂလိပ်စာ သင်ဖို့လိုသလား။
Yes, he needs to learn English.
ဟုတ်ကဲ့၊ သူသည် အင်္ဂလိပ်စာ သင်ဖို့လိုသည်။

Does he not need to learn English?
သူသည် အင်္ဂလိပ်စာ သင်ဖို့မလိုဘူးလား။
No, he does not need to learn English.
ဟင်အင်း၊ သူသည် အင်္ဂလိပ်စာ သင်ဖို့မလိုဘူး။

80. They need to learn English.
သူတို့ အင်္ဂလိပ်စာ သင်ဖို့လိုကြသည်။

81. He needed to learn English last year.
သူသည် မနှစ်က အင်္ဂလိပ်စာ သင်ဖို့လိုခဲ့သည်။

82. They needed to learn English.
သူတို့သည် အင်္ဂလိပ်စာ သင်ဖို့လိုခဲ့ကြသည်။

83. We shall need to learn English.
ကျွန်ုပ်တို့ အင်္ဂလိပ်စာ သင်ဖို့လိုလိမ့်မည်။

84. He will need to learn English.
သူသည် အင်္ဂလိပ်စာကို သင်ဖို့လိုလိမ့်မည်။

DARE နှင့် NEED

dare နှင့် need ကို does, do, did မပါဘဲ သုံး၀ါကျပြောင်းလွှဲနိုင်၏။ ထိုအခါ ပစ္စုပ္ပန် ကေဝုစ်အတွက် s မပါရပေ။ to လည်းမပါရတော့ပေ။

အောက်ပါပုံစံကို သေသေချာချာကြည့်ပါ

1. Dare he learn English?
Yes, he dares to learn English.
Dare he not learn English?
No, he dare not learn English.

2. Dare they learn English?
Yes, they dare ro learn English.
Dare they not learn Enlish?
No, they dare not learn English.

3. Dared he learn English?
Yes, he dared to learn English.
Dared he not learn English?
No, he dared not learn English.
4. Need he learn English?
Yes, he needs to learn English.
Need he not learn English?
No, he need not learn English.
5. Need they learn English?
Yes, they need to learn English.
Need they not learn English?
No, they need not learn English.
6. Needed they learn English?
Yes, they needed to learn Enlish.
Needed they not learn English?
No, they needed not learn English.

မှတ်ချက်။ ။ High School Grammar, Nesfield Grammar စသည်တို့၌ အထက်ပါ does, do, did မပါဘဲ ၄-ဝါကျပြောင်းနည်းကိုသာ ပြကြ၏။ ၎င်းနည်းကို လူသိများကြ၏။ does, do, did ဖြင့် (၄) ဝါကျ ပြောင်းနိုင်ကြောင်းကို နောက်ဆုံးပေါ် ခေတ်မီသဒ္ဒါကျမ်းတစ်စောင်ဖြစ်သည့် P.S. Tregidgo ၏ Practical English Usage စာမျက်နှာ (၁၅၅) နှင့် Brighter Grammar အတွဲ (၄) စာမျက်နှာ (၈၆) ၌ ပြထား၏။ အင်္ဂလိပ် စာရေးဆရာကြီးများလည်း ရေးသားကြ၏။ နည်းသစ်ဖြစ်၍ လူသိနည်းသောကြောင့် အမှားဟု ထင်မှတ်တတ်၏။ နှစ်နည်းလုံး အမှန်ဟုမှတ်ယူထားရမည်။

ဝါကျကွန်ရက် ၅၈၈ စုံ

အထက်ဖော်ပြပါ သာမညကြိယာပုံစံ ၈၄-ဝါကျတွင် ဝါကျတိုင်းကို အမေးအဖြေ (၇) စုံပါ ဝါကျကွန်ရက်ဖြန့်ကျက်လျှင် ၈၄ x ၇=၅၈၈ စုံကို A အုပ်စုနှင့် B အုပ်စုကို သံနေသံထား လေယူလေသိမ်းမှန်မှန်ဖြင့် တလှည့်စီမေးဖြေ၍ စကားပြောလေ့ကျင့်ပါ။

Simple Verb သည် အကျယ်ပြန့်ဆုံးနှင့် အသုံးအများဆုံးဖြစ်၏။ ပြခဲ့ပြီးပုံစံများကို ဘာသာပြန်ပုံနှင့်တကွ ဂရုတစိုက် လေ့လာမှတ်သားပါ။ Learn ဖြင့် ၅၈၈ ဝါကျရေးပြောနိုင်သကဲ့သို့ အခြားကြိယာများနှင့်လည်း ၅၈၈ ဝါကျစီ ရေးပြောနိုင်၏။ အထက်ပါပုံစံများကို အထပ်ထပ် ကျေပွန်စွာ လေ့လာပြီးသောအခါ Learn English ၏ နေရာ၌ အောက်ပါကြိယာများကို ကတ္တားနှင့် အချိန်ပြပုဒ်များထည့်သွင်း၍ ၅၈၈ ဝါကျစီလေ့လာကြည့်ပါ။

1. Cook the rice — ထမင်းကိုချက်သည်။
2. Love a girl — မိန်းကလေးတစ်ယောက်ကိုချစ်သည်။
3. Drink tea — လဘက်ရည်ကိုသောက်သည်။
4. Eat the cake — မုန့်ကိုစားသည်။
5. Write a letter — စာတစ်စောင်ရေးသည်။
6. Sit on the chair — ကုလားထိုင်ပေါ်မှာထိုင်သည်။
7. Sleep in the room — အခန်းထဲမှာအိပ်သည်။
8. Live in Yangon — ရန်ကုန်မှာနေသည်။
9. Go to school — ကျောင်းသို့သွားသည်။
10. Buy a pen — ဖောင်တိန်တစ်ချောင်းကိုဝယ်သည်။
11. Catch thieves — သူခိုးများကိုဖမ်းသည်။
12. Come to you — သင့်ဆီသို့လာသည်။

ပထမပိုင်း
အောက်ပါတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ။
လေ့ကျင့်ခန်း (၁)

၁။ မောင်ဘသည် ထမင်းကိုစားသည်။ ၂။ နွားများသည်

မြက်ကို စားကြသည်။ ၃။ မခင်ရီသည် လွန်ခဲ့သောတနင်္ဂနွေနေ့က ကျောင်းကိုသွားခဲ့သည်။ ၄။ ကျွန်တော်တို့သည် မနေ့က ရေကန်အနီးမှာ ကစားခဲ့ကြသည်။ ၅။ သူမသည် မနက်ဖြန်တွင် ဈေးကိုသွားလိမ့်မည်။ ၆။ ကျောင်းသားများသည် ၁၀ နာရီမှာ အင်္ဂလိပ်စာကို သင်ကြလိမ့်မည်။ ၇။ မိန်းကလေးတစ်ယောက်သည် ကုလားထိုင်တစ်လုံးပေါ်မှာထိုင်သည်။ ၈။ သူတို့သည် အိမ်ထဲမှာအိပ်ကြသည်။ ၉။ ကျွန်ုပ်သည် မောင်ဘကို စာအုပ်ပေးသည်။ ၁၀။ မခင်သည် ဗဟန်းမှာနေသည်။

လေ့ကျင့်ခန်း (၂)

၁။ ကျွန်တော်သည် စာတစ်စောင်ကိုရေးသည်။ ၂။ လူကလေးများသည် လမ်းပေါ်မှာကစားကြသည်။ ၃။ မခင်ထားရီသည် လွန်ခဲ့သောနှစ်က လွယ်အိတ်တလုံးကိုဝယ်ခဲ့သည်။ ၄။ မိန်းကလေးများသည် မနေ့က ဘုရားကိုသွားခဲ့သည်။ ၅။ မခင်ဌေးကြွယ်သည် မနက်ဖန်တွင် မီးဖိုထဲမှာ ထမင်းချက်ပါလိမ့်မည်။ ၆။ ကျောင်းသားများသည် လာမည့်နှစ်တွင် ကောလိပ်သို့သွားကြပါလိမ့်မည်။ ၇။ ကျွန်ုပ်သည် အိမ်ထဲမှာ အိပ်ပါသည်။ ၈။ လူကလေးများသည် နည်းသစ်ကောလိပ်သို့ သွားကြသည်။ ၉။ မခင်ရွှေသည် ကျွန်တော့်ကို စာအုပ်တစ်အုပ်ပေးသည်။ ၁၀။ ကျားများသည် တောထဲမှာနေကြသည်။

လေ့ကျင့်ခန်း (၃)

၁။ မရီသည် ဆေးကိုသောက်ခဲ့သည်။ ၂။ မိန်းကလေးများသည် ရေကန်ထဲမှာ ရေကူးကြသည်။ ၃။ မခင်ထွေးသည် မနေ့က ကျွန်တော့်ထံကိုလာသည်။ ၄။ ကျွန်တော်တို့သည် မနေ့က အင်္ဂလိပ်စာကို သင်ခဲ့ကြသည်။ ၅။ မခင်ဌေးကြွယ်သည် လာမည့်နှစ်တွင် အင်္ဂလိပ်စာကို သင်ပြပါလိမ့်မည်။ ၇။ ကျွန်တော်သည် ဘုရားအနီးမှာ နေသည်။ ၈။ ကျောင်းသားများသည် အတန်းထဲမှာ အိပ်ကြသည်။ ၉။ ဦးနုသည် ဦးမြအနီးမှာထိုင်သည်။ ၁၀။ ကျွန်တော်တို့သည် မနက်တိုင်း ရေကို သောက်ကြသည်။

လေ့ကျင့်ခန်း (၄)

၁။ ကျွန်တော်သည် မခင်ဌေးကြွယ်ကို ဖောင်တိန်တစ်ချောင်းပေးသည်။ ၂။ ကျောင်းသားများသည် ကုလားထိုင်များပေါ်တွင် ထိုင်ကြသည်။ ၃။ မခင်ရီသည် မနေ့က ကုလားထိုင်ပေါ်မှာ ထိုင်ခဲ့သည်။ ၄။ လူကလေးများသည် လွန်ခဲ့သောစနေနေ့က ကျောင်းမှာအိပ်ကြသည်။ ၅။ မိန်းမကြီးများသည် လာမည့်သောကြာနေ့တွင် ဘုရားပေါ်ကို သွားကြပါလိမ့်မည်။ ၆။ မိန်းကလေးများသည် လာမည့်တနင်္ဂနွေနေ့တွင် ရေကူးကြလိမ့်မည်။ ၉။ ဓားကွက်များသည် ညအခါတွင် အစာရှာကြသည်။ ၁၀။ စွန်များသည် တောထဲသို့ ပျံသွားခဲ့ကြသည်။

လေ့ကျင့်ခန်း (၅)

၁။ မခင်ထားရီသည် နံက်တိုင်း လဘက်ရည်ကိုသောက်သည်။ ၂။ ကျောင်းသူများသည် မုန့်ဟင်းခါးကို စားကြသည်။ ၃။ မနီသည် မနေ့က ကျွန်တော့်ထံသို့ စာတစ်စောင်ရေးခဲ့သည်။ ၄။ ကောလိပ်ကျောင်းသားများသည် မနှစ်တုန်းက မေမြို့ကိုသွားခဲ့ကြသည်။ ၅။ မေရီသည် လာမည့်သောကြာနေ့တွင် ကျွန်တော့်ထံကို လာပါလိမ့်မည်။ ၆။ ဘုန်းကြီးများသည် လာမည့်နှစ်တွင် အင်္ဂလိပ်စာကို သင်ကြပါလိမ့်မည်။ ၇။ ကျွန်တော်သည် မေရီကိုချစ်ပါသည်။ ၈။ မညွန့်ရီသည် ဆူးလေဘုရားအနီးတွင်နေသည်။ ၉။ မိန်းကလေးများသည် ပိုက်ဆံအိတ်များကို ဝယ်ကြသည်။ ၁၀။ မိဘများသည် သူတို့သားများကို ချစ်ကြသည်။

လေ့ကျင့်ခန်း (၆)

Coloquial exercises စကားပြောလေ့ကျင့်ခန်း

လေ့ကျင့်ခန်း (၁) မှ (၅) အထိ သင်ရေးထားသော ဝါကျတစ်ခုစီကို Pronumeration, Intonation Pattern မှန်မှန်ဖြင့် A ကမေး B ကဖြေ၊ B ကမေး A ကဖြေ၍ ဝါကျကွန်ရက်ဖြန့်ကျက်ပြောဆိုပါ။

ဒုတိယပိုင်း (အဆင့်မြင့်များအတွက်)

လေ့ကျင့်ခန်း (၁)

အောက်ပါတို့ကို အင်္ဂလိပ်ဘာသာပြန်ဆိုပါ။

၁။ မခင်ရီသည် ကျောင်းသို့သွားချင်သွားနိုင်သည်။ သွားချင်သွားမည်။ ၂၊ ကျောင်းသားများသည် မိဘများ ထံသို့ စာရေးနိုင်ကြသည်။ ၃။ ဘုန်းကြီးများသည် အင်္ဂလိပ်စာကို သင်သင့်ကြသည်။ ၄။ မိန်းကလေးများသည် ဘုရားသွားထိုက်သည်။ ၅။ ကျွန်တော်သည် မနှစ်က ကျောင်းသို့သွားလေ့ရှိခဲ့သည်။ ၆။ မခင်ထားရီသည် အင်္ဂလိပ်သတင်းစာကို ဖတ်နိုင်သည်။ ၇။ ငှက်များသည် ကောင်းကင်တွင် ပျံသန်းနိုင်ကြသည်။ ၈။ သူမသည် မနေ့က ဘုရားကို သွားနိုင်ခဲ့သည်။ ၉။ သူတို့သည် လွန်ခဲ့သောနှစ်က ကားတစ်စီးကို ဝယ်နိုင်ခဲ့ကြသည်။ ၁၀။ ကျွန်တော်သည် လာမည့်နှစ်တွင် ကောလိပ်တွင် တက်နိုင်ပါလိမ့်မည်။

လေ့ကျင့်ခန်း (၂)

၁။ မစိန်သည် မနက်ဖြန်တွင် ကုက္ကိုင်းရေးကူးကန်မှာ ရေကူးနိုင်ပါလိမ့်မည်။ ၂။ မောင်ဘသည် အင်္ဂလိပ်စာကို သင်တော့မလို့။ ၃။ကျောင်းသားများသည် နည်းသစ်အင်္ဂလိပ်သဒ္ဒါကို သင်ကြတော့မလို့။ ၄။ ကျွန်တော်သည် စာမေးပွဲအောင်မှာသေချာသည်။ (အောင်လိမ့်မည်) ၅။ မိန်းကလေးများသည် လာမည့်လအတွင်း မန္တလေးကို သွားကြမှာသေချာသည်။ (သွားကြမည်)၊ ၆။ သူမသည် မောင်ခင်ကို ငွေပေးရန်ရှိသည်။ ၇။ ကျောင်းသားများသည် အင်္ဂလိပ်စာကို သင်ကြရမည်။ ၈။ ကျွန်ုပ်သည် မနှစ်က နည်းသစ်သဒ္ဒါကို သင်ခဲ့ရသည်။ ၉။ လူကလေးများသည် မနက်ဖြန်တွင် မုန့်များကို စားရပါလိမ့်မည်။ ၁၀။ ကျွန်တော်သည် လာမည့်နှစ်တွင် အိမ်ကိုပြင်ရလိမ့်မည်။

လေ့ကျင့်ခန်း (၃)

၁။ ခင်လေးဆွေသည် အင်္ဂလန်သို့သွားချင်သည်။ ၂။ ကျောင်း

သားများသည် ကောလိပ်သို့ သွားချင်သည်။ ၃။ ကျွန်တော်သည် မနေ့က မုန့်များကိုစားချင်ခဲ့သည်။ ၄။ မိန်းကလေးများသည် လွန်ခဲ့သော စနေနေ့က ရွှေတိဂုံကို သွားချင်ခဲ့ကြသည်။ ၅။ ဘုန်းကြီးများသည် အင်္ဂလိပ်စာကို သင်ချင်ကြပါလိမ့်မည်။ ၆။ လူများသည် နက်ဖန်တွင် ဘုရားကို သွားချင်ကြပါလိမ့်မည်။ ၇။ မခင်ဌေးကြွယ်သည် မောင်ခင်ကို အင်္ဂလိပ်စာ သင်စေချင်သည်။ ၈။ မိဘများသည် သူတို့သားများကို ကျောင်းသို့ သွားစေချင်သည်။ ၉။ မစိန်သည် မောင်ရင်ကို မနေ့က ကျွန်တော့်ဆီသို့ လာစေချင်ခဲ့သည်။ ၁၀။ ဆရာများသည် တပည့်များကို အိမ်သို့ပြန်စေချင်ခဲ့သည်။

လေ့ကျင့်ခန်း (၄)

၁။ မခင်ထွေးသည် မရီကို မနက်ဖန်တွင် အိမ်သို့ပြန်လာစေချင်ပါလိမ့်သည်။ ၂။ လူကြီးများသည် မိန်းကလေးများကို လာမည့် တနင်္ဂနွေနေ့တွင် ဈေးသို့သွားစေချင်ကြပါလိမ့်မည်။ ၃။ မခင်ဌေးကြွယ်သည် မရီကို ထမင်းချက်ခိုင်းသည်။ ၄။ ဆရာသည် တပည့်များကို စာရေးခိုင်းသည်။ ၅။ ကျွန်တော်သည် မစိုးကို ရေကန်ထဲတွင် ရေကူးခိုင်းခဲ့သည်။ ၆။ ဦးလုသည် လွန်ခဲ့သောနှစ်က ဦးအေးမောင်ကို အင်္ဂလန်သို့ သွားခိုင်းခဲ့သည်။ ၇။ ဆရာကြီးသည် တပည့်များကို အိမ်သို့ပြန်ရန် ခွင့်ပေးလိုက်ပါသည်။ ၈။ သူမသည် မောင်စိန်ကို ကျောင်းသို့သွားခိုင်းပါလိမ့်မည်။ ၉။ မခင်ရီသည် မနက်ဖန်တွင် မရွှေကို အိမ်သို့ပြန်ခိုင်းပါလိမ့်မည်။ ၁၀။ မိဘများသည် သူတို့သမီးများကို ကောလိပ်မှာ အင်္ဂလိပ်စာသင်ခိုင်းကြသည်။

လေ့ကျင့်ခန်း (၅)

၁။ တင်တင်မူသည် ဈေးသို့ သွားကောင်းသွားမည်။ ၂။ မိန်းကလေးများသည် ရွှေတိဂုံဘုရားသို့ သွားကြမည်။ ၃။ ကျောင်းသားတိုင်းသည် နည်းသစ်သဒ္ဒါကို သင်သင့်ကြသည်။ ၄။ သူတို့သည် လဘက်ရည်ကို သောက်လေ့ရှိခဲ့သည်။ ၅။ ကျွန်တော်သည် မစိန်ရွှေကို နည်းသစ်ကောလိပ်မှာ တက်စေချင်သည်။ ၆။ နွားများသည်

ရေကန်အနီးမှာ မြက်များကို စားချင်ကြသည်။ ၇။ ကျွန်တော်သည် လာမည့်နှစ်တွင် အင်္ဂလန်သို့ သွားနိုင်ပါလိမ့်မည်။ ၈။ မခင်ထားရီသည် ထမင်းကိုစားချင်သည်။ ၉။ လူများသည် သူတို့သားများကို နည်းသစ် သဒ္ဒါသင်ခိုင်းကြသည်။ ၁၀။ ကျွန်တော်သည် ကုလားထိုင်ပေါ်မှာ ထိုင်လေ့ရှိခဲ့ပါသည်။

လေ့ကျင့်ခန်း (၆)
စကားပြောလေ့ကျင့်ခန်း

လေ့ကျင့်ခန်း (၁) မှ (၅) ရှိ ဝါကျများကို A ကမေး၍ B ကဖြေ၊ B ကမေး၍ A ကဖြေလျက် မေးဖြေ (၇) စုံပါ ဝါကျကွန်ရက် ဖြန့်ကျက်လေ့ကျင့်ပါ။

ဆက်စပ်လေ့လာရန်အညွှန်း

ကြိယာတစ်မျိုးပြီးပြီးတိုင်း ၎င်းကြိယာသုံးပြုပုံကို စာမျက်နှာ ၅၁၀–၅၃၈ ရှိ Correct use of Tenses and Verbs အခန်းကို ဆက်၍လေ့လာပါ။

CONTINUOUS VERB လုပ်နေဆဲကြိယာ

သွားနေသည်၊ စားနေသည်၊ အိပ်နေသည်ဟု ပြောဆိုရေးသားချိန်တွင် လုပ်နေဆဲဖြစ်ကြောင်း ဖော်ပြသောကြိယာကို Continuous Verb /ကွန်တင်းညူးယပ်စ်ဗော့>—ဗ်/ လုပ်နေဆဲ ကြိယာဟု ခေါ်သည်။

အသုံးပြုပုံ

Verb to be =ခေါ် ရှိဖြစ်ကြိယာများနောက်မှ Present Participle = ခေါ် ing ဆက်ထားသောကြိယာကိုထား၍ရေးလျှင် Continuous Verb =လုပ်နေဆဲကြိယာဖြစ်သည်။

နေ ကြိယာဇယား

(am) is	+....ing
are	+....ing
was	+....ing
were	+....ing
shall be	+....ing
will be	+....ing
should be	+....ing
would be	+....ing
may be	+....ing
might be	+....ing
can be	+....ing
could be	+....ing
must be	+....ing
should be	+....ing
ought to be	+....ing
used to be	+....ing

အမှာ။ ။Be able to, Have to, Want to, Want (ကို) to နှင့် seem to ဇယားများဖြစ်နိုင်၏။ အသုံးနည်း၍ ရှုပ်ထွေးမည်စိုးသောကြောင့်လည်းကောင်း၊ ရေးခွင့်ပြောခွင့် ကြုံလျှင်လည်း ယူ၍ရေးပြောနိုင်လောက်ပြီဟု ယုံကြည်၍ လည်းကောင်း တမင်ချန်ထားခဲ့ပါသည်။

လုပ်နေဆဲကြိယာပုံစံများ

1. I am learnng English now.
   ကျွန်ုပ်သည် ယခု အင်္ဂလိပ်စာကို သင်နေသည်။
   Am I learning English.
   ကျွန်ုပ်သည် အင်္ဂလိပ်စာကို သင်နေသလား။

I am not learning English?
ကျွန်ုပ်သည် အင်္ဂလိပ်စာကို မသင်နေပါ။
2. Ma Khin is learning English now.
မခင်သည် ယခု အင်္ဂလိပ်စာကို သင်နေသည်။
3. Buddhist monks are learning English now.
ဘုန်းကြီးများသည် ယခုအခါ အင်္ဂလိပ်စာကိုသင်နေကြသည်။
4. Mg Ba was learning English.
မောင်ဘသည် အင်္ဂလိပ်စာကို သင်နေခဲ့သည်။
5. The students were learning English.
ကျောင်းသားများသည် အင်္ဂလိပ်စာကို သင်နေခဲ့ကြသည်၊
6. We shall be learning English tomorrow.
ကျွန်ုပ်တို့သည် မနက်ဖန် အင်္ဂလိပ်စာ သင်နေလိမ့်မည်။
7. The students will be learning English tomorrow.
ကျောင်းသားများနက်ဖြန်ခါ အင်္ဂလိပ်စာကိုသင်နေကြလိမ့်မည်။
8. We should be learning English.
ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို သင်နေခဲ့ကြလိမ့်မည်။
9. They would be learing English.
သူတို့သည် အင်္ဂလိပ်စာကို သင်နေခဲ့ကြလိမ့်မည်။
10. You may be learning English.
သင်သည်အင်္ဂလိပ်စာကို သင်နေချင်သင်နေနိုင်သည်။
11. You might be learning English.
သင်သည်အင်္ဂလိပ်စာကို သင်နေချင်သင်နေနိုင်ခဲ့သည်။
12. We can be learning English.
ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို သင်နေနိုင်သည်။
13. girls could be learning English.
မိန်းကလေးများသည် အင်္ဂလိပ်စာကို သင်နေနိုင်ခဲ့သည်။
14. Students must be learning English.
ကျောင်းသားများသည် အင်္ဂလိပ်စာကို သင်နေရမည်။

15. You should be learning English.
    သင်တို့သည် အင်္ဂလိပ်စာကို သင်နေသင့်ကြသည်။
16. We ought to be learning English.
    ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို သင်နေသင့်ကြသည်။
17. Students used to be learning English.
    ကျောင်းသားများသည် အင်္ဂလိပ်စာကို သင်နေလေ့ရှိခဲ့သည်။

မှတ်ချက်။ ။ လုပ်နေဆဲကြိယာပေါင်း ၁၇ x ၇ = မေးဖြေ ၁၁၉ စုံ ရေးနိုင်ပြောနိုင်၏၊ အခြားကြိယာများဖြင့် မေးဖြေ ၁၁၉ စုံ လေ့ကျင့်ရေးသားပါလေ။

မှတ်ချက်။ ။ အချို့ကြိယာများကို ဤ Continuous Verb လုပ်နေဆဲ ကြိယာဖြင့်လုံးဝမရေးရ။ လုပ်နေဆဲအဓိပ္ပါယ်ကိုဖေါ်ပြရန် Simple verb သာမညကြိယာဖြင့် ပင်ရေးရ၏။ အခြေခံကျောင်းသားများ ရှုပ်ထွေးနေမည်စိုး၍ ဤ၌မပြ၊ Living English Structure နှင့် Modern English စာအုပ်များမှ ထုတ်နှုတ်၍ နောက်ပိုင်း တက္ကသိုလ်ကဏ္ဍတွင် ပြထားသည်။ (စာမျက်နှာ (   ) တွင် ကြည့်ပါ။)

ING = ဆက်နည်းနှင့် အသံထွက်

၁။ "ue" နှင့် "e" သရ တစ်လုံးတည်းဆုံးသော မူလကြိယာတွင် "e" သရကိုဖြုတ်၍ "ing" ဆက်ပေးရသည်။ ing ကို (အင်–င်)ဟု အနုဒတ္တ = အားဖော့သံထွက်ရမည်။

ပုံစံ

Sue တောင်းဆိုသည် 'Suing/'ဆူး၀င်င်/ တောင်းဆိုနေသည်။
Pursue လိုက်သည် 'Pursuing/ပါ'ဆူး–ဝင်င်/လိုက်နေသည်။
Come လာသည် 'Coming /'ခမ်း–မင်င်/ လာနေသည်။
Love ချစ်သည် 'Loving /'လပ်–ဗင်င်/ ချစ်နေသည်။

Leave ထွက်ခွာသည် 'Leaving/'လီး–ဗင်င်/ ထွက်ခွာနေသည်။
Take ယူသည် 'Taking /'ထိတ်–ကင်င်/ ယူနေသည်။
Make ပြုလုပ်သည် 'Making/'မိတ်–ကင်င်/ပြုလုပ်နေသည်။

ချွင်းချက်

Dye ဆေးဆိုးသည် 'Dyeing/'ဒိုင်း–ယင်င်/ ဆေးဆိုးနေသည်။
Eye ကြည့်သည် 'Eyeing/'အိုင်း–ယင်င်/ ကြည့်နေသည်။
Shoe သံခွာတပ်သည် 'Shoeing/'ရှူး–ဝင်င်/ သံခွာတပ်နေသည်။
Singe မီးရှို့သည် 'Singeing/'ဆင်း–န်ဂျင်င်/ မီးရှို့နေသည်။
Hoe တူးဆွသည် 'Hoeing /'ဟိုး–ဝင်င်/ တူးဆွနေသည်
Tinge ရောစပ်သည် Tingeing/'တင်း–န်ဂျင်င်/ရောစပ်နေသည်။

၂။ ဥဒတ္တ = အားစိုက်သံထွက်သည့် ဗျည်းတစ်လုံးတည်းဆုံး၍ ၎င်းရှေ့တွင် သရတစ်လုံးတည်းရှိသော မူလကြိယာတွင် အဆုံးဗျည်းကို ၂–ဆပြုပြီးမှ "ing" ဆက်ပေးရသည်။

ပုံစံ

Sit ထိုင်သည် 'Sitting /'ဆစ်–တင်င်/ ထိုင်နေသည်
Put ထားသည် 'Putting /'ပွတ်–တင်င်/ ထားနေသည်
Stop ရပ်သည် 'Stopping/'စတော့–ပင်င်/ ရပ်နေသည်
Swim ရေကူးသည် 'Swimming/'ဆွင်း–မင်င်/ရေကူးနေသည်
Dig တွင်းတူးသည် 'Digging/'ဒစ်–ဂင်င်/ တွင်းတူးနေသည်

ချွင်းချက်

ဗျည်းတစ်လုံးရှေ့ သရတစ်လုံးတည်းရှိသော်လည်း အနုဒတ္တ = အားဖော့သံဖြစ်နေသောကြောင့် အဆုံးဗျည်းနှစ်ဆမတိုးရ။
'Visit /'ဗုစ်–စစ်တ်/ လည်သည် 'Visiting လည်နေသည်
'Open /'အိုး–ပင်န်/ ဖွင့်သည် 'Opening ဖွင့်နေသည်
'Cover /'ခါ:–ဗာရ်/ ဖုံးသည် 'Covering ဖုံးနေသည်
'Edit/'အက်–ဒစ်တ်/တည်းဖြတ်သည် 'Editing တည်းဖြတ်နေသည်
'Kidnap ပြန်ပေးဆွဲသည် 'Kidnaping ပြန်ပေးဆွဲနေသည်

၃။ "y" "w" ဗျည်းများဆုံး၍ ၎င်းတို့ရှေ့တွင် သရ, တစ်လုံးတည်းရှိသော်လည်း အဆုံးဗျည်းသံမထွက်သောကြောင့် အဆုံး "y" နှင့် "w" ကို ၂-ဆမပြုဘဲ "ing" ဆက်ပေးရသည်။ မူလကြိယာတွင် "ယ"သံ "ဝ"သံ မထွက်သော်လည်း "ing" ဆက်လိုက်သောအခါ "ယ"သံ "ဝ"သံ ထွက်လာသည်ကို သတိပြုပါ။

ပုံစံ

Buy	ဝယ်သည်	'Buying /'ဘိုင်း-ယင်င်/	ဝယ်နေသည်
Play	ကစားသည်	'Playing/'ပလေး-ယင်င်/	ကစားနေသည်
Stay	တည်းခိုသည်	'Staying/'စတေး-ယင်င်/	တည်းခိုနေသည်
Pray	ဆုတောင်းသည်	'Praying/'ပရေး-ယင်င်/	ဆုတောင်းနေသည်
Blow	ရိုက်သည်	'Blowing /'ဘလိုး-ဝင်င်/	ရိုက်နေသည်
Grow	စိုက်သည်	'Growing /'ဂရိုး-ဝင်င်/	စိုက်နေသည်
Bow	ဦးညွှတ်သည်	'Bowing/'ဘောင်း-ဝင်င်/	ဦးညွှတ်နေသည်

၄။ "c" ဆုံးသော ကြိယာတွင် "k" ထည့်ပြီးမှ "ing" ဆက်ပေးရမည်။ "c" နှင့် "i" ပေါင်းလျှင် စလုံးသံထွက်မည်ဖြစ်၍ မူလအဆုံးဗျည်းသံ မပြောင်းစေရန် "k" ထည့်ပေးရသည်။

ပုံစံ

Mimic	တုပပြောသည်	'Mimicking	/'မင်း-မစ်ကင်င်/ တုပနေသည်
Frolic	ပြောင်သည်	'Frolicking	/ဖ'ရော-လစ်ကင်င်/ ပြောင်နေသည်
Picnic	ပျော်ပွဲစား ထွက်သည်	'Picnicking	/'ဖစ်-ကနစ်ကင်င်/ ပျော်ပွဲစားထွက်နေသည်
Trafic	ကားနှင့်ပို့သည်	'Traficking	/ထ'ရဲက်-ဖစ်ကင်င်/ ကားနှင့်ပို့နေသည်

၅။ "ie" ဆုံးသော မူလကြိယာတွင် "ie" ကို "y" သို့ပြောင်း၍ "ing" ဆက်ပေးရမည်။

ပုံစံ

Die /ဒိုင်း/ သေသည် 'Dying /'ဒိုင်း–ယင်င်/ သေခါနီးဖြစ်နေသည်
Tie /ထိုင်း/ ချည်သည် 'Tying /'ထိုင်း–ယင်င်/ ချည်နေသည်
Lie /လိုင်း/လဲလျောင်းသည် 'Lying /'လိုင်း–ယင်င်/ လဲလျောင်းနေသည်

၆။ အထက်ပါ ၅–မျိုးမှကျန်သော မူလကြိယာများကို "ing" ဆက်ပေးရုံသာ ဆက်ပေးရမည်။

ပုံစံ

Eat စားသည် 'Eating /'အီ–တင်င်/ စားနေသည်
Drink သောက်သည် 'Drinking /ဒ'ရင့်–င်ကင်င်/သောက်နေသည်
Sleep အိပ်သည် 'Sleeping/ဆ'လီ–ပင်င်/ အိပ်နေသည်
Cook ချက်သည် 'Cooking/'ခွတ်–ကင်င်/ ချက်နေသည်
Do ပြုလုပ်သည် Doing /'ဒူး–ဝင်င်/ ပြုလုပ်နေသည်
Go သွားသည် Going /'ဂိုး–ဝင်င်/ သွားနေသည်

အောက်ပါတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ

လေ့ကျင့်ခန်း (၁)

၁။ မခင်စိန်သည် ထမင်းချက်နေသည်။ ၂။ လူကလေးများသည် ကစားနေကြသည်။ ၃။ ကျွန်တော်သည် မနေ့က ကန်တော်ကြီးမှာ ရေချိုးနေခဲ့သည်။ ၄။ သူတို့သည် လွန်ခဲ့သောနှစ်က အင်းယားကန်မှာ ရေကူးနေခဲ့ကြသည်။ ၅။ မခင်ထားရီသည် လာမည့် တနင်္လာနေ့မှာ အတန်းထဲတွင် စာသင်နေပါလိမ့်မည်။ ၆။ မိန်းကလေးများသည် မနက်ဖြန်တွင် မုန့်များကို စားနေကြပါလိမ့်မည်။ ၇။ သင်တို့သည် ကုလားထိုင်ပေါ်မှာ ထိုင်နေချင် ထိုင်နေနိုင်သည်။ ၈။ လူကြီးများသည် အိမ်ပေါ်မှာ အိပ်နေနိုင်ကြပါသည်။ ၉။ ကျောင်းသားများသည်

အတန်းထဲမှာ ထိုင်နေကြရမည်။ ၁၀။ ကျောင်းသူများသည် အင်္ဂလိပ်စာကို ရေးနေသင့်ကြသည်။

လေ့ကျင့်ခန်း (၂)

၁။ သူမသည် နည်းသစ်ကောလိပ်သို့ သွားနေသည်။ ၂။ မိန်းမကြီးများသည် အိပ်နေကြသည်။ ၃။ မခင်ထားရီသည် မနေ့က မောင်ခင်ထံကို စာရေးနေခဲ့သည်။ ၄။ ငှက်များသည် လွန်ခဲ့သော တနင်္ဂနွေနေ့က ကန်တော်ကြီးသို့ ပျံသန်းနေခဲ့ကြသည်။ ၅။ မောင်ခင်သည် မနက်ဖန်တွင် စားပွဲတစ်ခုကို လုပ်နေပါလိမ့်မည်။ ၆။ မိန်းကလေးများသည် လာမည့် သောကြာနေ့တွင် ပန်းကန်များကို ဆေးကြောနေကြပါလိမ့်မည်။ ၈။ ကျွန်ုပ်၏အမေသည် အိပ်ရာပေါ်မှာ ထိုင်နေချင် ထိုင်နေနိုင်သည်။ ၉။ ကျွန်တော်တို့သည် မိဘများထံကို စာရေးနိုင်ကြပါလိမ့်မည်။ ၁၀။ နွားများသည် မြက်များကို စားနေကြရမည်။ ၁၁။ ကျွန်တော်သည် နွားနို့ကို သောက်နေလေ့ရှိခဲ့သည်။

လေ့ကျင့်ခန်း (၃)

၁။ မခင်ဌေးကြွယ်သည် သူမ၏ ညီမကိုရိုက်နေသည်။ ၂။ ဆရာများသည် ကျောင်းသားများကို အင်္ဂလိပ်စာ သင်ပြနေကြသည်။ ၃။ ကျွန်တော်သည် မနှစ်က နည်းသစ်သဒ္ဒါကို သင်ယူနေခဲ့ပါသည်။ ၄။ ကျောင်းသူများသည် မနေ့က ကုလားထိုင်ပေါ်မှာ ထိုင်နေခဲ့ကြသည်။ ၅။ လူငယ်များသည် လာမည့်သောကြာနေ့တွင် ကန်တော်ကြီးအနီးမှာ ကစားနေကြပါလိမ့်မည်။ ၆။ သင်တို့၏ ခဲတံများသည် မနက်ဖန်တွင် ပျောက်ဆုံးနေပါလိမ့်မည်။ ၇။ ဘုန်းတော်ကြီးများသည် ခုံရှည်ပေါ်မှာ ထိုင်နေနိုင်ကြသည်။ ၈။ လူတိုင်းသည် အင်္ဂလိပ်စာကို သင်နေသင့်ကြသည်။ ၉။ ခရီးသည်များသည် ဘတ်စ်ကားပေါ်မှာ ထိုင်နေကြရမည်။ ၁၀။ ကျွန်တော်သည် လေ့ကျင့်ခန်းများကို ရေးနေလေ့ရှိသည်။

လေ့ကျင့်ခန်း (၄)

၁။ လူကလေးတစ်ယောက်သည် ရေကန်ဘေးမှာ ရေချိုးနေ

သည်။ ၂။ ခွေးများသည် လမ်းပေါ်မှာ ပြေးနေကြသည်။ ၃။ ကျွန်တော်သည် မနေ့က စာတစ်စောင် ရေးနေခဲ့သည်။ ၄။ မိန်းကလေးများသည် လွန်ခဲ့သောနှစ်က ကောလိပ်သို့ သွားနေခဲ့ကြသည်။ ၅။ ဆင်များသည် လာမည့်နှစ်တွင် သစ်ရွက်များကို စားနေကြပါလိမ့်မည်။ ၆။ ကျောင်းသူများသည် လာမည့် တနင်္ဂနွေနေ့တွင် ကန်တော်ကြီးမှာ ကစားနေကြပါလိမ့်မည်။ ၇။ မခင်ငွေးကြွယ်သည် မုန့်ကို စားနေကောင်းစားနေမည်။ ၈။ ခင်ယုမေသည် နို့များကို သောက်နေရမည်။ ၉။ ကျောင်းသားတိုင်းသည် ဆရာကို ချစ်ခင်နေသင့်ကြသည်။ ၁၀။ သင်တို့သည် နေပူထဲမှာ ရပ်နေနိုင်ကြသည်။

လေ့ကျင့်ခန်း (၅)

၁။ ငှက်တစ်ကောင်သည် အိမ်အမိုးပေါ်သို့ ပျံသန်းနေသည်။ ၂။ လူကြီးများသည် ရွှေတိဂုံဘုရားသို့ သွားနေကြသည်။ ၃။ မခင်ထားရီသည် မနေ့က ပန်းကန်ဆေးနေခဲ့သည်။ ၄။ လူကလေးများသည် ရေကန်ထဲမှာ မနေ့က ရေကူးနေခဲ့သည်။ ၅။ မခင်ရွှေသည် မနက်ဖန်တွင် သူ့မိဘများထံကို စာရေးနေပါလိမ့်မည်။ ၆။ မိန်းကလေးတစ်ယောက်သည် အဝတ်များကို လျှော်ဖွပ်နေနိုင်သည်။ ၇။ ဝန်ကြီးများသည် လန်ဒန်သို့ သွားနေချင် သွားနေနိုင်ကြသည်။ ၈။ ကျောင်းသားများသည် စာများကို ရေးနေကြရမည်။ ၉။ မိန်းမကြီးများသည် မီးဖိုထဲမှာ ထမင်းချက်နေသင့်ကြသည်။ ၁၀။ ကျွန်တော်သည် စားပွဲမှာ စာရေးနေလေ့ရှိခဲ့သည်။

Coloquial Exercises

လေ့ကျင့်ခန်း (၆)

လေ့ကျင့်ခန်း (၁) မှ (၅) ရှိ ဝါကျများကို A ကမေး B ကဖြေ၍ ဝါကျကွန်ရက်ဖြန့်ကျက်လေ့ကျင့်ပါ။

PERFECT VERB = ပြုလုပ်ပြီး ကြိယာ

သွားပြီးပြီ, စားပြီးပြီ, ရေးပြီးပြီဟု အလုပ်တစ်ခုခု ပြီးစီးကြောင်း

ဖော်ပြသော ကြိယာကို Perfect Verb /ပါး–ဖက်ခ်တ်ဗားဗ်/ ပြုလုပ်ပြီးကြိယာဟု ခေါ်သည်။

အသုံးပြုပုံများ

Verb to have ခေါ် မှာ ရှိ ကြိယာများနောက်တွင် Past Participial /ပါ့စ်–ထ် ပါတီစီပယ်လ်/ ခေါ် တတိယ ကြိယာကို ထား၍ ရေးရသည်။

ပြုလုပ်ပြီး ကြိယာဖယား

has	+ တတိယကြိယာ
have	+ တတိယကြိယာ
had	+ တတိယကြိယာ
had	+ တတိယကြိယာ
shall have	+ တတိယကြိယာ
will have	+ တတိယကြိယာ
should have	+ တတိယကြိယာ
would have	+ တတိယကြိယာ
may have	+ တတိယကြိယာ
might have	+ တတိယကြိယာ
can have	+ တတိယကြိယာ
could have	+ တတိယကြိယာ
must have	+ တတိယကြိယာ
should have	+ တတိယကြိယာ
ought to have	+ တတိယကြိယာ
used to have	+ တတိယကြိယာ

အမှာ– Be able to, be going to, want to, want (ကို) to ဖယားများ ဖြစ်နိုင်၏။ အသုံးနဲ၍ ရှုပ်ထွေးမည်စိုးသောကြောင့် မပြတော့ပေ။ ပြောဆိုရေးသားရန် အခွင့်ကြုံသောအခါလည်း အလွယ်တကူ ရေးသားနိုင်လောက်ပြီဟု ယူဆ၍ ချန်ထားခဲ့ပါသည်။

မှတ်ချက်

၁။ ပြုလုပ်ပြီး ကြိယာတွင် has နှင့် have နောက်တွင် "just" ပါသောအခါ အခုပဲ ( )ပြီးသည်ဟု အဓိပ္ပာယ်ရ၍ "already" ပါသောအခါ ပြောဆိုရေးသားချိန် မတိုင်မီက ပြုလုပ်ပြီးနှင့်ပြီဟု ဆိုလိုသည်။

၂။ "shall" မှ စ၍ အကူအညီ ကြိယာအားလုံးနှင့် ရေးသားထားသော ပြီးကြိယာများကို ပြီးအောင် ရေးလိမ့်မည်။ ပြီးအောင် ရေးနိုင်သည်။ ပြီးအောင်ရေးသင့်သည်။ စသည်ဖြင့် "အောင်"ကို ထည့်၍ မြန်မာပြန်ဆိုနိုင်သည်။

၃။ ငြင်းဆိုဝါကျနှင့် ငြင်းဆို မေးခွန်းဝါကျများတွင် ပြီးဟု အဓိပ္ပာယ်မပြန်ဘဲ "ရသေး"ဟု မြန်မာပြန် ပြောဆို ရေးသားသုံးစွဲကြသည်။ ၎င်းငြင်းဆိုဝါကျနှင့် ငြင်းဆို မေးခွန်းများတွင် "yet" ကို (က) "not" နောက်တွင်ဖြစ်စေ၊ (ခ) ဝါကျနောက်ဆုံးတွင် ဖြစ်စေ ထည့်သွင်း၍ ပြောဆိုရေးသားနိုင်သည်။

၄။ ပြီးကြိယာ၏ ပစ္စုပ္ပန်နှင့် အတိတ်ကြိယာများနောက်တွင် အတိတ်ကာလကို ညွှန်ပြသောပုဒ် မည်သည့်အခါမျှ မရှိစေရ။

ပြုလုပ်ပြီး ကြိယာပုံစံ

1. Has Mg Khin learnt English?
   မောင်ခင်သည် အင်္ဂလိပ်စာ သင်ပြီးပြီလား။
   Yes, Mg Khin has learnt English.
   ဟုတ်ကဲ့၊ မောင်ခင်သည် အင်္ဂလိပ်စာ သင်ပြီးပြီ။
   Has Mg Khin not yet learnt English?
   မောင်ခင်သည် အင်္ဂလိပ်စာ မသင်ရသေးဘူးလား။
   No, Mg Khin has not yet learnt English.
   ဟင်အင်း၊ မောင်ခင်သည် အင်္ဂလိပ်စာ မသင်ရသေးပါ။

(ဘာသာပြန်ပုံသတိပြု)

2. Students have learnt English.
ကျောင်းသားများသည် အင်္ဂလိပ်စာ သင်ပြီးကြပြီ။
3. You had learnt English.
သင်တို့သည် အင်္ဂလိပ်စာ သင်ခဲ့ပြီးကြပြီ။
4. We shall have learnt English by 5 o'clock.
ကျွန်ုပ်တို့သည် ၅–နာရီလောက်မှာ အင်္ဂလိပ်စာ သင်ပြီးကြလိမ့်မည်။
5. Students will have learnt English by 8 o'clock.
ကျောင်းသားများသည် ၈–နာရီလောက်မှာ အင်္ဂလိပ်စာ သင်ပြီးကြလိမ့်မည်။
6. We should have learnt English.
ကျွန်ုပ်တို့သည် အင်္ဂလိပ်စာ သင်ပြီးခဲ့ကြလိမ့်မည်။
7. You would have learnt English.
သင်တို့သည် အင်္ဂလိပ်စာကို ပြီးစီးအောင် သင်ခဲ့ကြလိမ့်မည်။
8. The girls may have learnt English.
မိန်းကလေးများသည် အင်္ဂလိပ်စာ သင်ပြီးနိုင်ကြသည်။
9. The girls might have learnt English.
မိန်းကလေးများသည် အင်္ဂလိပ်စာ သင်ပြီးနိုင်ခဲ့ကြပြီ။
10. We can have learnt English within two months.
ကျွန်ုပ်တို့သည် ၂–လအတွင်း အင်္ဂလိပ်စာကို ပြီးအောင် သင်နိုင်ကြသည်။
11. We could have learnt English within two months.
ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို ၂–လအတွင်း ပြီးစီးအောင် သင်နိုင်ခဲ့ကြသည်။
12. The students must have learnt English within two hours.

ကျောင်းသားများသည် ၂–နာရီအတွင်း အင်္ဂလိပ်စာကို ပြီးအောင် သင်ရမည်။

13. We should have learnt English.
ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို ပြီးအောင် သင်သင့်ကြသည်။

14. You ought to have learnt English.
သင်တို့သည် အင်္ဂလိပ်စာကို ပြီးအောင် သင်သင့်ကြသည်။

15. We used to have learnt English.
ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို ပြီးအောင် သင်လေ့ရှိခဲ့ကြသည်။

မှတ်ချက်။ ။ ပြီးကြိယာပေါင်း ၁၅x၇= မေးဖြေ ၁၀၅ စုံ ရေးနိုင် ပြောနိုင်၏။

အောက်ပါတို့ကို အင်္ဂလိပ်ဘာသာပြန်ဆိုပါ

လေ့ကျင့်ခန်း (၁)

၁။ ကျွန်တော်သည် ထမင်းစားပြီးပြီ။ ၂။ မိန်းကလေးများသည် ရေချိုးပြီးကြပြီ။ ၃။ သင်တို့သည် အင်္ဂလိပ်စာကို သင်ပြီးခဲ့ကြပြီ။ ၄။ ကျောင်းသားများသည် ၈–နာရီအချိန်မှာ အင်္ဂလိပ်စာကို သင်ပြီးပါလိမ့်မည်။ ၅။ မခင်ရီသည် စာရေးပြီးချင် ပြီးနိုင်သည်။ ၆။ ကျွန်တော်တို့သည် နှစ်လအတွင်း အင်္ဂလိပ်စာကို သင်ပြီးနိုင်ကြသည်။ ၇။ မိန်းကလေးများသည် ၂–နာရီအတွင်း အင်္ဂလိပ်စာကို သင်ပြီးကြရမည်။ ၈။ ကျောင်းသားများသည် စာအုပ်များကို ဝယ်ပြီးသင့်ကြသည်။ ၉။ သူတို့သည် နာရီများပြင်ပြီးထိုက်ကြသည်။ ၁၀။ သင်တို့သည် အင်္ဂလိပ်စာကို သင်ပြီးလေ့ရှိခဲ့သည်။

လေ့ကျင့်ခန်း (၂)

၁။ မခင်ထားရီသည် စာတစ်စောင်ကို ရေးပြီးပြီ။ ၂။ ငှက်များသည် ရေကို သောက်ပြီးကြပြီ။ ၃။ ကျွန်တော်တို့သည် အိပ်ပြီးကြပြီ။ ၄။ မောင်ခင်သည် ၁၂–နာရီအတွင်း စာတစ်စောင်ကို ပြီးအောင် ရေးပါလိမ့်မည်။ ၅။ သူမသည် မုန့်များကို စားပြီးကောင်း စားပြီးမည်။ ၆။ ကျောင်းသူများသည် ၉–နာရီအချိန်မှာ စာဖတ်ပြီးကြလိမ့်မည်။ ၇။ မခင်ဌေးကြွယ်သည် တစ်နှစ်အတွင်း စာရေးပြီးရမည်။ ၈။

လူများသည် ၉–နာရီအချိန်မှာ ထမင်းစားပြီးလေ့ ရှိခဲ့ကြသည်။ ၁၀။ ကျွန်ုပ်တို့သည် ည ၉–နာရီ၌ အိပ်ရာပေါ် ရောက်ပြီးဖြစ်ကြရမည်။

လေ့ကျင့်ခန်း (၃)

၁။ ခင်ယုမေသည် ရေချိုးပြီးပြီ။ ၂။ စစ်သားများသည် ရုံးသို့ သွားကြပြီ။ ၂။ မခင်ရီသည် စာရေးပြီးခဲ့ပြီ။ ၄။ ကျောင်းသူများသည် ည ၉–နာရီအချိန်မှာ အင်္ဂလိပ်စာကို ပြီးအောင် သင်ကြလိမ့်မည်။ ၅။ မောင်ခင်သည် မန္တလေးသို့သွားပြီးချင် သွားပြီးနိုင်သည်။ ၆။ တင်တင်မူသည် နံနက် ၁၀ နာရီမှာ ထမင်းစားပြီးနိုင်သည်။ ၇။ ကျွန်တော်တို့သည် ၁–နာရီအတွင်း အင်္ဂလိပ်စာကို သင်ပြီးကြရမည်။ ၈။ လူတိုင်းသည် တနင်္ဂနွေနေ့မှာ ဘုရားပေါ်သို့ သွားပြီးသင့်ကြသည်။ ၉။ မောင်မြသည် စာရေးပြီးလေ့ရှိခဲ့သည်။ ၁၀။ မိန်းကလေးများသည် ၉–နာရီမှာ ဝတ္ထုကို ပြီးအောင်ဖတ်ကြပါလိမ့်မည်။

လေ့ကျင့်ခန်း (၄)

၁။ မခင်ထွေးသည် လက်ဘက်ရည်သောက်ပြီးပြီ။ ၂။ မိန်းမကြီးများသည် ပန်းကန်များကို ဆေးပြီးကြပြီ။ ၃။ ကျွန်တော်သည် အလုပ်လုပ်ပြီးခဲ့ပြီ။ ၄။ သူတို့သည် ၁၀–နာရီအချိန်မှာ ပြီးအောင် ရေးကြပါလိမ့်မည်။ ၅။ ကောလိပ်ကျောင်းသူများသည် ည ၈–နာရီမှာ ဝတ္ထုစာအုပ်ကို ပြီးအောင်ဖတ်ကြပါလိမ့်မည်။ ၆။ သင်တို့သည် ဗမာစာကို သင်ပြီးကြရမည်။ ၇။ မခင်ထားရီသည် ညနေ ၅–နာရီမှာ ရေချိုးပြီးနိုင်သည်။ ၈။ လူတိုင်းသည် မနက် ၆–နာရီမှာ အိပ်ပြီးသင့်ကြသည်။ ၉။ နွားများသည် အိပ်ပြီးလေ့ရှိခဲ့ကြသည်။ ၁၀။ သူအဝတ်များကို ဖွပ်လျှော်ပြီးဖြစ်ရမည်။

လေ့ကျင့်ခန်း (၅)

၁။ ကျွန်တော်သည် ကျောင်းသို့သွားပြီးပြီ။ ၂။ မိဘများသည် အိပ်ရာက ထပြီးကြပြီ။ ၃။ မခင်သည် ၉–နာရီအချိန်မှာ ထမင်းချက်ပြီးလိမ့်မည်။ ၄။ ကျွန်ုပ်တို့သည် ရုပ်ရှင်ရုံက ပြန်လာပြီးခဲ့ကြပြီ။ ၅။ ဘုန်းကြီးများသည် ည ၁၁–နာရီမှာ စာရေးပြီးကြပါလိမ့်မည်။ ၆။ သူတို့သည် ၄–နာရီအတွင်း စာတစ်အုပ်ကို ပြီးအောင်ဖတ်ကြပါလိမ့်မည်။ ၇။ မခင်ထားရီသည် စာပြပြီးနိုင်သည်။ ၈။ ကျောင်းသား

များသည် မနက်စာ စားပြီးကြရမည်။ ၉။ လူကလေးများသည် ရေကန်ထဲမှာ ရေကူးပြီးသင့်ကြသည်။ ၁၀။ သူမသည် နို့များကို သောက်ပြီးချင် သောက်ပြီးနိုင်သည်။

စကားပြောလေ့ကျင့်ခန်း

(၁) မှ (၅) အထိဝါကျများကို မေးဖြေ(၇)စုံပါ ဝါကျကွန်ရက်ဖြန့်ကျက်လေ့ကျင့်ပါ။

PREFECT CONTINUOUS VERB

ဆက်လုပ်နေဆဲကြိယာ

အလုပ်တစ်ခုကို လွန်ခဲ့သော အတိတ်တစ်ချိန်က စတင်လုပ်ကိုင်ခဲ့ရာ ယခုပြောဆိုရေးသားချိန်တွင် မပြီးသေးဘဲ ဆက်လက် လုပ်ကိုင်နေဆဲရှိသေးလျှင် Perfect Continuous Verb= ဆက်လုပ်နေဆဲကြိယာဖြင့် ရေးရမည်။

Perfect Continuous Verb ရေးပုံ

Verb to have မှာရှိ ကြိယာများနောက်တွင် "been" နှင့် "ing" ဆက်ထားသော ကြိယာများကို ထား၍ ရေးရမည်။ been ကို GB က ဘီး–န်ဟု အသံထွက်၍ US က ဘင်း–န်ဟု အသံထွက်သည်။

ကြိယာဇယား

has	been	+.....ing
have	been	+.....ing
had	been	+.....ing
had	been	+.....ing
shall have	been	+.....ing
will have	been	+.....ing

1. Ma Tin Yee has been learning English since 1957.

   မတင်ရီသည် ၁၉၅၇–ခုထဲက အခုထိ အင်္ဂလိပ်စာကို သင်နေတုန်းရှိသေးသည်။

2. We have been learning English for three years.
ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို သင်နေတာ (၃) နှစ်ကြာပြီ။
3. He had been learning English till 1956.
သူသည် ၁၉၅၆ ခုနှစ်အထိ အင်္ဂလိပ်စာကို သင်နေခဲ့သည်။
4. They had been learning English in 1958.
သူတို့သည် ၁၉၅၈–ခုနှစ်တွင် အင်္ဂလိပ်စာ သင်နေခဲ့ကြသည်။
5. I shall have been learning English in 1962.
ကျွန်ုပ်သည် ၁၉၆၂–ခုနှစ်အထိ အင်္ဂလိပ်စာကို သင်နေတုန်း ဖြစ်လိမ့်မည်။
6. Ma Yee will have been learning English till 1966.
မရီသည် ၁၉၆၆–ခုနှစ်အထိ အင်္ဂလိပ်စာကို သင်နေတုန်း ဖြစ်လိမ့်မည်။

အထူးမှတ်ချက်

ယခုလောလောဆယ် လုပ်ကိုင်နေကြောင်း ပစ္စုပ္ပန်သက်သက်ကို ဖော်ပြလိုလျှင် Continuous Verb ဖြင့်ရေး၍ တစ်ချိန်က လုပ်ခဲ့သည်။ ယခုလည်း လုပ်ဆဲဖြစ်သည်ဟု အတိတ်နှင့် ပစ္စုပ္ပန် တစ်ဆက်တည်းဖြစ်ပုံကို ဖော်ပြလိုလျှင် Perfect Continuous ဖြင့် ရေးရမည်။ (အကျယ်ကို (၅၂၆) တွင်ကြည့်ပါ)

စကားပြောလေ့ကျင့်ခန်း

စာမျက်နှာ ၅၃၀၊ ၅၃၁ မှ လေ့ကျင့်ခန်းများကို မေးဖြေ (၇)ခုပါ ဝါကျကွန်ရက်ဖြန့်ကျက်လေ့ကျင့်ပါ။

IMPERATIVE

အမိန့်ပေးတောင်းပန်ဝါကျ

Order and Request

၁။ သွားပါ၊ လာပါ၊ စားပါဟု တစ်စုံတစ်ယောက်အား **စေခိုင်း** တိုက်တွန်း၊ အမိန့်ပေး၊ တောင်းပန်လိုသောအခါ မူလကြိယာကို ဝါကျရှေ့ဆုံးကထား၍ ပြောရ၊ ရေးရ၏။ ဤဝါကျမျိုးတွင် You

ဆိုသောပုဒ်သည် အမြဲတမ်း ကတ္တားပုဒ် ဖြစ်သင့်သော်လည်း အင်္ဂလိပ် ဘာသာတွင် ၎င်း You ကို အမြဲတမ်း မြှုပ်ထားရမည်။ မြန်မာဘာသာ ပြန်ဆိုရာ၌ သင်၊ သင်တို့ဟူသော ကတ္တားကို အမြဲလိုလိုထည့်၍ ဘာသာပြန်ဆိုလေသည်။

Intonation Formula

လေယူလေသိမ်းပုံသေနည်း

အမိန့်ပေးတောင်းပန်ဝါကျများကို 2 3 1 = Falling Intonation = ကျသံလေယူလေသိမ်းဖြင့် ပြောရမည်။

ယဉ်ကျေးခြင်းနှင့် ရိုသေခြင်းကိုပြရန် Please (ပလီး-ဇ်) ဆိုသော စကားကို ဝါကျရှေ့ဆုံးတွင် သံစဉ် (3) တက်သံနှင့် ဝါကျနောက်ဆုံးတွင် သံစဉ် (1) ကျသံဖြင့် ပြောဆိုရေးနိုင်သည်။ ဝါကျအဆုံးတွင် (.) အစား (!) ကို ထားရေးနိုင်သည်။

ပုံစံ Give me a book. ကျွန်တော့်ကို စာအုပ်တစ်အုပ်ပေးပါ။

Please, give me a book.

ကျေးဇူးပြု၍ ကျွန်မကို စာအုပ်တစ်အုပ်ပေးပါရှင်။

ကျေးဇူးပြု၍ ကျွန်တော့်ကို စာအုပ်တစ်အုပ် ပေးပါခင်ဗျား။

Sit on the chair. ကုလားထိုင်ပေါ်မှာထိုင်ပါ။

Sit on the chair, please.

ကုလားထိုင်ပေါ်မှာ ထိုင်ကြပါခင်ဗျား၊ ထိုင်ကြပါရှင်။

Be clever. လိမ္မာကြပါ။

Be kind to animals. တိရစ္ဆာန်များကို ကြင်နာပါ။

၂။ မသင်ပါနှင့်၊ မသွားပါနှင့်၊ မစားပါနှင့်ဟု ကန့်ကွက်တားမြစ်လိုသောအခါ မူလကြိယာရှေ့မှာ Do not ထည့်၍ ရေးရသည်။ don't ကို 3 2 သံစဉ်ဖြင့်ထည့်၍ စကားပြောရမည်။

ပုံစံ Do not learn English.

Don't learn English.

အင်္ဂလိပ်စာမသင်နဲ့၊ မသင်ရဘူး။

Do not tease girls.

Don't tease girls.

မိန်းကလေးတွေကို မစ,ပါနှင့်။

Do not cook the rice for me.

Don't cook the rice for me.

ကျွန်ုပ်အတွက် ထမင်းမချက်ပါနဲ့။

Do not go to the cinema.

Don't go to the cinema.

ရုပ်ရှင်ကြည့် မသွားရဘူး။

၃။ သွားပါရစေ၊ စားပါရစေ၊ သင်ပါရစေဟု ခွင့်တောင်းလိုသောအခါ let me (သို့မဟုတ်) Let us နောက်တွင် မူလကြိယာကို ထား၍ရေးရမည်။ သံနေသံထားဖြင့် ပြောရမည်။

ပုံစံ Let me learn English.

ကျွန်တော် အင်္ဂလိပ်စာ သင်ပါရစေ။

Let me sleep at 9 o'clock.


ကျွန်တော် ၉-နာရီမှာ အိပ်ပါရစေ။

Let us learn English.

ကျွန်တော်တို့ အင်္ဂလိပ်စာကို သင်ကြပါရစေ။

Let us see a pwe.

ကျွန်တော်တို့ ပွဲသွားကြည့်ပါရစေ။

၄။ သွားပါစေ၊ စားပါစေ၊ သင်ပါစေဟု တစ်စုံတစ်ယောက်အား တောင်းပန်ပေးလိုသောအခါ Let(ကို) နောက်တွင်မူလကြိယာထား၍ ရေးရမည်။  သံနေသံထားဖြင့် ပြောရမည်။

ပုံစံ Let the young monks learn English.

ရဟန်းငယ်များ အင်္ဂလိပ်စာ သင်ကြပါစေ။

Let the boys swim in the lake, please.

လူကလေးများ ကန်ထဲမှာ ရေကူးကြပါစေ။

Please let Ma Yee live in Yangon.

မရီ ရန်ကုန်မှာနေပါစေ။

၅။ သွားကြစို့၊ စားကြစို့၊ သင်ကြစို့ဟု လှုံ့ဆော်တိုက်တွန်း ဆိုသောအခါ Let us နောက်တွင် မူလကြိယာကိုထား၍ ရေးရမည်။ ၂ ၁ ခလပ္ပလေသိမ်းဖြင့် ပြောရမည်။

ပုံစံ

Let us (Let's) learn English.
အင်္ဂလိပ်စာ သင်ကြစို့။
Let us (Let's) go to school.
ကျောင်းကိုသွားကြစို့။
Let us (Let's) read our books.
ကျွန်ုပ်တို့ စာအုပ်များကို ဖတ်ကြစို့။
Let us (Let's) help the poor.
ဆင်းရဲသားများကို ကူညီကြစို့။

အောက်ပါတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ

လေ့ကျင့်ခန်း (၁)

၁။ ကျွန်တော့်ကို စာအုပ်တအုပ်ပေးပါ။ ၂။ တိရစ္ဆာန်များကို ကြင်နာပါ။ ၃။ မိန်းကလေးများကို မစ,ပါနှင့်။ ၄။ ကျွန်တော့် အတွက် ထမင်းမချက်ပါနှင့်။ ၅။ ရုပ်ရှင်ကြည့်မသွားပါနှင့်။ ၆။ ကျွန်တော် အင်္ဂလိပ်စာကို သင်ပါရစေ။ ၇။ ကျွန်ုပ်တို့ အင်္ဂလိပ်စာကို သင်ကြပါစို့။ ၈။ ဦးပဉ္ဇင်းများ အင်္ဂလိပ်စာကို သင်ကြပါစေ။ ၉။ လူကလေးများ ရေကန်ထဲမှာ ရေကူးကြပါစေ။ ၁၀။ ဘောလုံးပွဲကို မသွားကြပါနှင့်။

လေ့ကျင့်ခန်း (၂)

၁၊ မခင်ရီကို ငွေတစ်ကျပ်ပေးပါ။ ၂။ မိန်းကလေးများကို ကူညီပါ။ ၃။ တင်တင်မှုကို မခေါ်ပါနှင့်။ ၄။ ကျွန်တော်တို့အတွက် ထမင်းချက်ထားပါ။ ၅။ ရွှေမန်းတောင်မောင်ပွဲကို သွားကြပါ။ ၆။

မိန်းကလေးများ အင်္ဂလိပ်စာကို သင်ကြပါစေ။ ၇။ မောင်ခင်ကို ကျောင်းသို့သွားပါစေ။ ၈။ သူမ ထမင်းစားပါစေ။ ၉။ ကျွန်တော်တို့ ရုပ်ရှင်ကြည့်သွားပါရစေ။ ၁၀။ ကျွန်တော်တို့ ရေကန်ထဲမှာ ရေကူးကြစို့။

လေ့ကျင့်ခန်း (၃)

၁။ ကျွန်တော့်ကို လက်ဘက်ရည်တစ်ခွက်ပေးပါ။ ၂။ ဆရာများကို လေးစားရိုသေကြပါ။ ၃။ ရေကန်ထဲမှာ မကစားကြနှင့်။ ၄။ ကျွန်ုပ်တို့အတွက် ငွေကုန်မခံပါနှင့်။ ၅။ ကျောင်းသားများ ကျောင်းသို့ သွားပါစေ။ ၆။ ကျွန်တော်တို့ အင်္ဂလန်ကို သွားပါရစေ။ ၇။ ဘုန်းကြီးများ မြန်မာစာပြပါစေ။ ၈။ ကျောင်းသားများ ကောလိပ်မှာ နေကြပါစေ။ ၉။ ရေမချိုးကြနှင့်။ ၁၀။ ကျွန်ုပ်တို့ ဘုရားပေါ်သွားကြစို့။

လေ့ကျင့်ခန်း (၄)

၁။ မခင်ဌေးကြွယ်ကို မရိုက်ပါနှင့်။ ၂။ ငှက်များကို မသတ်ကြပါနှင့်။ ၃။ ကလေးများ ရေကန်အနီးမှာ ကစားပါစေ။ ၄။ စစ်သားများ အင်္ဂလိပ်စာကို သင်ကြပါစေ။ ၅။ သူမ ဈေးသို့သွားပါစေ။ ၆။ ကျွန်တော်တို့ တီရစ္ဆာန်ရုံသို့ သွားကြပါရစေ။ ၇။ မခင်ရွှေကို စာအုပ်တစ်အုပ်ပေးပါ။ ၈။ ကျွန်ုပ်တို့ ကျောင်းသွားကြစို့။ ၉။ ကလေးများကို မရိုက်ပါနှင့်။ ၁၀။ လိမ္မာကြပါ။

လေ့ကျင့်ခန်း (၅)

၁။ ကျွန်တော် ကော်ဖီတစ်ခွက် သောက်ပါရစေ။ ၂။ မောင်ခင် မစိန်ကို ချစ်ပါစေ။ ၃။ ကျောင်းသူများ မန္တလေးသို့ သွားကြပါစေ။ ၄။ ကျေးဇူးပြု၍ ကုလားထိုင်ပေါ်မှာထိုင်ပါ။ ၅။ မိန်းကလေးများ ထိုင်ကြပါစေ။ ၆။လူများကို မသတ်ကြပါနှင့်။ ၇။ ကျွန်တော့်အတွက် နေရာမထားပါနှင့်။ ၈။ ကျွန်ုပ်တို့ ရေကန်ထဲမှာ ရေချိုးပါရစေ။ ၉။ လူကလေးများ ကျောင်းထဲမှာ ကစားကြပါစေ။ ၁၀။ ကျွန်ုပ်တို့ ထမင်းစားကြစို့။

Active Voice and Passive Voice
ကတ္တား ပထမဝါကျနှင့် ကံပထမဝါကျ

၁။ We learnt English.
She cooks the rice.
Mg Mya killed a cat.

စသည်ကဲ့သို့ ပြုလုပ်သူ ကတ္တားကို ပထမရှေ့ဆုံးကထား၍ ပြောဆို ရေးသားသော ဝါကျများကို Active Voice (အက်ကတစ်ဗွိုက်စ်) "ကတ္တားပထမဝါကျ"ဟု ခေါ်၏၊

၂။ အထက်ပါဝါကျများကိုပင် တမျိုးပြန်၍
English was learnt by us.
The rice is cooked by her.
A cat was killed by Mg Mya.

စသည်ဖြင့် ပြုလုပ်ခံရသော ကံပုဒ် (ကိုဆုံးသောပုဒ်) များကို ဝါကျတွင် ပထမရှေ့ဆုံးထား၍ ပြောဆိုရေးသားနိုင်၏။ ထိုဝါကျမျိုးကို Passive Voice (ပက်ဆစ်ဗွိုက်စ်) "ကံပထမဝါကျ"ဟု ခေါ်လေသည်။

ထိုကံပထမဝါကျတွင်

(က) ပြုလုပ်သူကတ္တားမပါဘဲလည်း ရေးနိုင်၏။
(ခ) ပြုလုပ်သူ ကတ္တားကို ကြိယာနောက်တွင် by ဝိဘတ်နှင့် ယှဉ်၍လည်း ဖော်ပြနိုင်၏။

ဥပမာ–

1. The book is printed in England.
ဤစာအုပ်ကို အင်္ဂလန်မှာ ပုံနှိပ်သည် (ကတ္တားမပါ)။
The books are printed in 1961.
ဤစာအုပ်များကို ၁၉၆၁–ခုနှစ်မှာ ပုံနှိပ်သည်။ (ဘယ်သူက နှိပ်သည်ဟု ကတ္တားမပါ။)
2. The wounded ma is sent to the hospital.
လူနာကို ဆေးရုံသို့ ပို့လိုက်သည်။ (ဘယ်သူက ပို့သည်ဟု ကတ္တားမပါ)။

3. The rice is cooked by her.
4. The cat is killed by Mg Mya.
5. This poem is written by Ngwe Ta Yee.

အထက်ပါ ဝါကျများ၌ ပြုလုပ်သူ ကတ္တားကို ကြိယာ၏ နောက်၌ "by" ဖြင့် ဖော်ပြထားသည်ကို သတိပြုပါ။

ဘာသာပြန်နည်း

This poem was written by Ngwe Ta Yee.
ဤကဗျာကို ငွေတရီရေးခဲ့သည်။
These books are published by Ko Hla Aung.
ဤစာအုပ်များကို ကိုလှအောင်က ပုံနှိပ်ထုတ်ဝေခဲ့သည် စသည်ဖြင့် ကံပုဒ်ကို ပထမ ဘာသာပြန်ခြင်းသည် အကောင်းဆုံး ဖြစ်၏။
ငွေတာရီသည် ဤကဗျာကို ရေးခဲ့သည်။
ကိုလှအောင်သည် ဤစာအုပ်များကို ထုတ်ဝေသည်ဟု ကတ္တားကို ပထမထား၍ ဘာသာပြန်နိုင်၏။ သိပ်မကောင်းလှချေ။

တခါတရံ အချို့ဝါကျများတွင်

Mg Khin was punished by the teacher.
မောင်ခင်သည် ဆရာ၏ အပြစ်ပေးခြင်းကို ခံရသည်။
He was beaten by his mother.
သူသည် သူ့အမေ၏ ရိုက်ခြင်းကို ခံရသည်။
We are scolded by the teacher.
ကျွန်ုပ်တို့သည် ဆရာ၏ အဆူခံရသည်။

စသည်ဖြင့် ကံပုဒ်ကို "သည်"ဟု ပြန်၍ ကြိယာတွင် "ခံရသည်" ကို ထည့်၍ ဘာသာပြန်နိုင်၏။ ဝါကျတိုင်း ထိုကဲ့သို့ပြန်၍ အဆင်မပြေကြပေ။

Simple Verb Passive Voice
သာမည ကြိယာ ကံပထမဝါကျ
ရေးနည်း

Verb to be ခေါ် ရှိဖြစ် ကြိယာများနောက်မှ Past Participle ခေါ် တတိယ ကြိယာများကို ထား၍ ရေးလျှင် Simple Verb Passive Voice သာမည ကြိယာကံ ပထမဝါကျ ဖြစ်၏။ (၄–ဝါကျပြောင်းနည်း လွယ်၏။)

ကြိယာ ဇယား

(am) is	+ တတိယကြိယာ
are	+ တတိယကြိယာ
was	+ တတိယကြိယာ
were	+ တတိယကြိယာ
shall be	+ တတိယကြိယာ
will be	+ တတိယကြိယာ
should be	+ တတိယကြိယာ
must be	+ တတိယကြိယာ

စသည်ဖြင့် Verb to be ဇယားကုန်အောင် ထည့်သွင်းပါလေ။

ပုံစံ 1. This book is bought by me.
ဤစာအုပ်ကို ကျွန်ုပ်ဝယ်သည်။
Is this book bought by me?
This book is not bought by me.
Is this book not bought by me?

2. I am scolded by the teacher.
ကျွန်တော့်ကို ဆရာဆူသည်။ (ကြိမ်းသည်)
Am I scolded by the teacher?
I am not scolded by the teacher.
Am I not scolded by the teacher?

3. My pen was stolen by Mg Ba.
ကျွန်ုပ်၏ ဖောင်တိန်ကို မောင်ဘ ခိုးခဲ့သည်။
4. The boys were found in the lake. (၄)
လူကလေးများကို ရေကန်ထဲမှာ တွေ့ခဲ့သည်။
5. You will be beaten tomorrow. (၄)
သင်တို့သည် နက်ဖြန် အရိုက်ခံရလိမ့်မည်။
6. We shall be scolded tomorrow. (၄)
ကျွန်တော်တို့ နက်ဖြန်ခါ အဆူပူခံရလိမ့်မည်။
7. These sentences must be written at once. (၄)
ဤဝါကျများကို ချက်ချင်းရေးရမည်။
8. My pen may be taken by him. (၄)
ကျွန်ုပ်၏ ဖောင်တိန်ကို သူယူချင် ယူနိုင်သည်။
9. Teachers should be obeyed by atudents.
ဆရာများကို ကျောင်းသားများက ရိုသေသင့်သည်။
ရိုသေဖို့ကောင်းသည်။

Continuous Verb Passive Voice
နေ ကြိယာ ကံပထမဝါကျ
ရေးနည်း

Verb to be ခေါ် "ရှိဖြစ်" ကြိယာများနောက်တွင် being နှင့် တတိယကြိယာကိုထား၍ရေးရ၏။ (၄-ဝါကျရေးနည်းလွယ်၏။)

ကြိယာဇယား

am is	+being + တတိယကြိယာ
are	+being + တတိယကြိယာ
was	+being + တတိယကြိယာ
were	+being + တတိယကြိယာ
shall be	+being + တတိယကြိယာ
will be	+being + တတိယကြိယာ

should be +being + တတိယကြိယာ
would be +being + တတိယကြိယာ
စသည်ဖြင့် နေကြိယာဝိသေသနာကုန်အောင် သွင်းလော။

ပုံစံ 1. The rice is being cooked by Ma Mya.
ထမင်းကို မမြချက်နေသည်။
Is the rice being cooked by Ma Mya?
The rice is not being cooked by Ma Mya.
Is the rice not being cooked by Ma Mya?
2. The bottles are being washed by me.
ပုလင်းများကို ကျွန်ုပ်ဆေးနေသည်။
3. I am being looked at by a girl. (၄)
ကျွန်ုပ်ကို မိန်းကလေးတစ်ယောက်က ကြည့်နေသည်။
4. The children will be being looked after by your mother. (၄)
ကလေးတွေကို သင်၏အမေ ထိန်းနေလိမ့်မည်။
5. The flag must be being held by a man. (၄)
အလံကို လူတယောက်က ကိုင်ထားရမည်။
6. The blackboard must be being looked at by you. (၄)
သင်ပုန်းကို သင်တို့ကြည့်နေကြရမည်။

Perfect Verb Passive Voice
ပြီးကြိယာ ကံပထမဝါကျရေးနည်း
ကြိယာဝိသေသနာ:

Verb to have ခေါ် "မှာရှိ" ကြိယာများနောက်တွင် been နှင့် တတိယကြိယာကိုထား၍ရေးရမည်။ (၄–ဝါကျရေးနည်း လွယ်၏။)

has	+been	+ တတိယကြိယာ
have	+been	+ တတိယကြိယာ
had	+been	+ တတိယကြိယာ
had	+been	+ တတိယကြိယာ
shall have	+been	+ တတိယကြိယာ
will have	+been	+ တတိယကြိယာ
should have	+been	+ တတိယကြိယာ
would have	+been	+ တတိယကြိယာ

စသည်ဖြင့် ဖြစ်သင့်သော "မှာရှိကြိယာ"များ ကုန်အောင် သွင်းပါလေ။

ပုံစံ

1. English has been learnt by us.
   အင်္ဂလိပ်စာကို ကျွန်ုပ်တို့ သင်ပြီးပြီ။
   Has English been learnt by us?
   English has not been learnt by us.
   Has English not been learnt by us?
2. Homeworks have been done by me.(၄–ဝါကျ)
   အိမ်စာများကို ကျွန်ုပ် ပြုလုပ်ပြီးပြီ။
3. English had been taught you by the teacher.
   အင်္ဂလိပ်စာကို သင်တို့အား ဆရာပြခဲ့ပြီးပြီ။
4. Your shirt will have been sewn by 4th May.
   သင်၏ ရှပ်အင်္ကျီကို မေလ ၄–ရက်နေ့လောက်မှာ ချုပ်ပြီးလိမ့်မည်။
5. An essay must have been written within one hour.
   အက်ဆေးတပုဒ်ကို ၁–နာရီအတွင်း ပြီးအောင်ရေးရမည်။

ကံ ၂–ခုရှိ ကြိယာ ကံပထမဝါကျရေးနည်း

ကံပုဒ် ၂–ခုရှိသော ကြိယာများတွင် ကြိုက်ရာ **ကံပုဒ်ကို**

ဝါကျရှေ့ဆုံးမှာ ထားနိုင်၏။ (Indirect objetc) ကို ရှေ့က အထားများ၏။ ကျန်ကံပုဒ်ကို ကြိယာနောက်တွင် ကပ်ရေးရ၏။

ပုံစံ 1. I was taught English by U Mya.
English is taught me by U Mya.
ကျွန်ုပ်ကို ဦးမြက အင်္ဂလိပ်စာ သင်ပေးသည်။

2. A box was given Ma Yee by me.
Ma Yee was given a box by me.
မရီကို ကျွန်ုပ် သေတ္တာတစ်လုံးပေးခဲ့သည်။

3. I shall be asked question by her.
Questions will be asked me by her.
ကျွန်ုပ်ကို သူမက မေးခွန်းများ မေးလိမ့်မည်။

4. A chair will be brought him by girl.
He will be brought a chair by a girl.
သူ့ဆီကို မိန်းကလေးတစ်ယောက်က ကုလားထိုင်တစ်လုံး ယူသွားလိမ့်မည်။

Active မှ Passive သို့ပြောင်းနည်း

၁။ ကံပုဒ် (ကိုဆုံးသောပုဒ်) ကို ဝါကျရှေ့ဆုံး ကတ္တားနေရာသို့ I, he she ဟု (ကတ္တားပုံစံအတိုင်း) ရွှေ့ပါ။

၂။ Active ဝါကျ၏ ကြိယာ အမျိုးအစား ကာလအမျိုးအစားနှင့် ကံပုဒ်၏ အနဲအများကို First Person စသည်ကိုကြည့်ပါ။ အကယ်၍ Active ကြိယာသည် သာမညကြိယာ ပစ္စုပ္ပန်ကာလ ဖြစ်၍ ကံပုဒ်က ဧကဝုစ်ဖြစ်လျှင် Passive ကြိယာကို သာမညကြိယာ ပစ္စုပ္ပန်ကာလ ဧကဝုစ်ကိန်းသို့ ပြောင်းပေးပါ။

၃။ ကြိယာနောက်မှ "by" နှင့် ကတ္တားပုဒ်ကို , him, her ဟု ကံပုဒ်ပုံစံအတိုင်းထား၍ ရေးပါ။

ဥပမာ–

1. We learn English. (A)
သာမကြိယာ ပစ္စုပ္ပန်ဖြစ်၍ ကံပုဒ် ဧကဝုစ် ဖြစ်သောကြောင့်

English is learnt by us.ဟု Passive ကြိယာကိုလည်း သာမညကြိယာ ပစ္စုပ္ပန်ကာလ ဧကဝုစ်သို့ ပြောင်းပေးရလေသည်။

2. He sees them.
ကြိယာသည် သာမညကြိယာ ပစ္စုပ္ပန်ကာလဖြစ်၍ ကံပုဒ်သည် ဗဟုဝုစ်ဖြစ်သောကြောင့် Passive ကြိယာကိုလည်း သာမညပစ္စုပ္ပန် ဗဟုဝုစ်ကိန်းသို့ အောက်ပါအတိုင်း ပြောင်းပေးရမည်။

They are seen by him.

3. We are cooking the rice.
နေ ပစ္စုပ္ပန် ဧကဝုစ်
The rice is being cooked by us.
နေ ပစ္စုပ္ပန် ဧကဝုစ်

4. I learn English. (A)
သာမညပစ္စုပ္ပန် ဧကဝုစ်
English is learnt by me. (P)
သာမည ပစ္စုပ္ပန် ဧကဝုစ်

5. I am learning English. (A)
နေ ပစ္စုပ္ပန် ဧကဝုစ်

English is being learnt by me. (P)

နေ ပစ္စုပ္ပန် ကေဝုစ်

6. I have learnt English.

ပြီး ပစ္စုပ္ပန် ကေဝုစ်

English has been learnt by me.

ပြီး ပစ္စုပ္ပန် ကေဝုစ်

7. She ate the cakes.

သာမည အတိတ် ဗဟုဝုစ်

The cakes were eaten by her.

သာမည အတိတ် ဗဟုဝုစ်

8. She was eating t he cakes.

နေ အတိတ် ဗဟုဝုစ်

The cakes had been eaten by her.

နေ အတိတ် ဗဟုဝုစ်

9. She had eaten the cakes.

ပြီး အတိတ် ဗဟုဝုစ်

The cakes had been eaten by her.

ပြီး အတိတ် ဗဟုဝုစ်

10. He will meet me.

သာမည အနာဂတ် 1st Person

I shall be met by him.

သာမည အနာဂတ် 1st P.

11. He will be meeting me.

နေ အနာဂတ် 1st P.

I shall be being met by him.

နေအနာဂတ် 1st P.

12. He will have met me.

ပြီး အနာဂတ် 1st P.

I shall have been met by him.

အထက်ပါ ပုံစံများကို ကြည့်ခြင်းအားဖြင့် Active နှင့် Passive ဝါကျများသည် (က) ကြိယာပုံသဏ္ဍာန်ခြင်း တူသည်ကို တွေ့ရ၏၊ (သာမညကြိယာ နေကြိယာ ပြီးကြိယာချင်းတူကြ၏) (ခ) ကာလအချင်းချင်းဟူသည်ကိုတွေ့ရ၏။ (ပစ္စုပ္ပန်ချင်း အတိတ်ချင်း အနာဂတ်ချင်းတူကြ၏) (ဂ) ကေဝစ် Fist Person, Other Person အချင်းချင်းကား တူသည်လည်းရှိ၊ မတူသည်လည်းရှိ၏။ 3, 8, 11, 12 တို့ကို ယှဉ်ကြည့်ပါ။

အချုပ်မှတ်ရန်

Active မှ Passive သို့ ပြောင်းလိုလျှင်–

(က) မည်သည့်ကြိယာပုံစံ ပြောင်းရမည်နည်း။

(ခ) မည်သည့်ကာလနှင့် ပြောင်းရမည်နည်း။

(ဂ) မည်သည့်ကိန်း မည်သည့် Person ဖြစ်သနည်းဟု သုံးခုကို သေချာစွာ စဉ်းစား၍ ပြောင်းရမည်။

မှတ်ချက်။ ။ 10.11.12 တို့၌ me ကို ကတ္တားနေရာရွှေ့သောအခါ me အတိုင်း မရွှေ့ရ၊ ကတ္တားပုံသဏ္ဍာန်အတိုင်း "I" သို့ ပြောင်း၍ ရွှေ့ရသည်။ အခြားနာမ်စားများနည်းတူ မှတ်ပါလေ၊ မှားတတ်၏။

(၉) တန်း (၁၀) တန်း အင်္ဂလိပ်ဘာသာမေးခွန်းလွှာနှင့် Active-Passive မေးနည်းပုံစံသစ်

၁၉၉၃ ခုနှစ် စတင်ပြောင်းလဲခဲ့သော အခြေခံပညာအထက်တန်း စာမေးပွဲ အင်္ဂလိပ်ဘာသာ သင်ရိုးညွှန်းတမ်းနှင့် မေးခွန်းပုံစံသစ် VII (A) တွင်–

Finish each sentence in such a way that it means exactly the same as the sentence that is given. (5 marks)

နှင့် အောက်တွင် ဝါကျ (၁၀) ခုနှင့် အဓိပ္ပာယ်တစ်ထပ်တည်းတူသော ဝါကျ (၁၀) ခုကို ရေးပြရန် ဝါကျအစ စကားလုံးများကို ပေးထား၏။ ထို (၁၀) ဝါကျတွင်

(က) Active Voice ဝါကျအပြည့်နှင့် Passive အစစကားလုံး (ကံပုဒ်) ------------ ကိုဖြစ်စေ

(ခ) Passive ဝါကျအပြည့်နှင့် Active ဝါကျအစ (ကတ္တားပုဒ်) --------ကိုဖြစ်စေ ပေးထားတတ်၏။

ပုံစံအားဖြင့် ၁၉၉၃ ခုနှစ် အင်္ဂလိပ်ဘာသာ မေးခွန်းဟောင်း VII (A) (5) တွင်

(5) Four people realise the value of good health.
The value --------------------------------------

(7) The book will be returned next week.
They --

ဟု မေးထား၏။ (5) က Passive ပြောင်းခိုင်းခြင်းဖြစ်၍ (7) က Active ပြောင်းခိုင်းခြင်းဖြစ်၏။

(5) The value of good health is realised by four people.

(7) They will return the book next week.

ဟု ဖြေပေးရန်ဖြစ်၏။

လေ့ကျင့်ခန်း

စာမျက်နှာ ၅၈၉ ရှိ ၁၉၈၇ မှ ၁၉၉၄ နှစ်ထိ မေးခွန်းဟောင်း ၂၃ ခုကို လေ့ကျင့်ဖြေကြည့်ပါ။

အောက်ပါ Active Voice ဝါကျများကို Passive Voice သို့ပြောင်းပါ

လေ့ကျင့်ခန်း (၁)

1. I learn English. 2. You write two letters. 3. Ma Khin Htay Kywe reads a book. 4. The boys eat the cakes. 5. You buy a car. 6. You had done the homeworks. 7. We like Ma Khin Htay Kywe. 8. I love a girl. 9. The man kills the dog. 10. A cat bites a rat.

လေ့ကျင့်ခန်း (၂)

1. I am learning English. 2. You are eating the rice. 3. A girl is writing a letter. 4. He was reading a book. 5. We were playing the football. 6. Ma Khin will be cooking the rice. 7. You may be teaching English. 8. The students must be learning English. 9. You should be reading the book. 10. We used to be looking at a girl.

လေ့ကျင့်ခန်း (၃)

1. Mg Khin has learnt English. 2. The students have eaten the rice. 3. She had read a book. 4. We had written a letter. 5. We shall have eaten the cakes. 6. You ill have taught English. 8. The teacher must have taught English 9. Ma Khin Hay Kywe has bought a new car. 10. You should have learnt English.

Passive မှ Active သို့ ပြောင်းနည်း

၁။ ကတ္တားပုဒ်ကို ကတ္တားနေရာသို့ ကတ္တာပုံသဏ္ဌာန်အတိုင်း I, He, She စသည်ဖြင့် ပြန်ရွှေ့ပါ။

၂။ Passive ကြိယာ၏ ကြိယာအမျိုးအစား၊ ကာလအမျိုးအစားနှင့် ကတ္တား၏ အနဲအများ First Person, Other Person အတိုင်း Active ကြိယာကို ပြောင်းပေးပါ။

၃။ ကံပုဒ်ကို ကံပုဒ်နေရာသို့ ကံပုဒ် ပုံသဏ္ဌာန်အတိုင်း me, him, her, စသည်ဖြင့်ပြောင်းပေးပါ။

ဥပမာ

1. English <u>is learnt</u> <u>by us</u>. (P)

သာမညပစ္စုပ္ပန် ဗဟုဝုစ်

<u>We learn</u> English. (A)

သာမညပစ္စုပ္ပန်ဗဟုဝုစ်

2. I <u>was seen</u> <u>by him.</u>

သာမညအတိတ် ဧကဝုစ်

<u>He saw</u> me.

သာမည၊အတိတ်၊ဧကဝုစ်

3. The rice <u>is being cooked</u> <u>by us.</u>

နေ ပစ္စုပ္ပန် ဗဟုဝုစ်

We <u>are cooking</u> the rice.

နေ၊ ပစ္စုပ္ပန်၊ ဗဟုဝုစ်

4. The cakes <u>were being</u> eaten by her.

နေ၊အတိတ်၊ဧကဝုစ်

She <u>was eating</u> the cakes.

နေ၊အတိတ်ဧကဝုစ်

5. I shall have been met by him.
ပြီး ကြိယာ အနာဂတ် 3 rd P.
He will have met me.
ပြီး အနာဂတ် 3 rd P.

မှတ်ချက်။ ။ ကတ္တားမပါသော Passive ကို Active ပြောင်းလျှင် someone, somebody, anybody, people, they စသည့် ကတ္တားကို အပိုထည့်၍ ပြောင်းရ၏။

ပုံစံ။ ။ The book was printed in England, Somebody printed the book in England.

အမှာ။ ။ အထက်ပါ Active မှ Passive, Passive မှ Active သို့ ပြောင်းလဲနည်းကို ၇–တန်း၊ ၈–တန်း၊ ၉–တန်း၊ ၁၀–တန်း အင်္ဂလိပ်စာမေးခွန်းများတွင် ပါဝင်တတ်သောကြောင့် အထူးကျေအောင် လေ့လာပါလေ။

အောက်ပါ Passive Voice ဝါကျများကို Active Voice သို့ ပြောင်းပါ

လေ့ကျင့်ခန်း (၁)

1. English is learnt by us.2. English and Myanmar are read by you. 3. Ma Khin Htay Kywe was given a pen. 4. We shall be practised by the teacher. 5. Mg Ba wil be beaten by his mother. 6. English should be learnt by young monks. 7. The cakes were eaten by the boy. 8. English will be written by the girls. 9. The rice is cooked by the girls. 10. This book is printed in England.

လေ့ကျင့်ခန်း (၂)

1. English is being learnt by us. 2. The cakes are being eaten by you. 3. This book was being read by the girls. 4. The New Method Grammar will be being learnt by the students. 5. All girls are being liked by the boys. 6. English was being written by the students. 7. The rats are being killed by the cats. 8. The rice was being cooked by the teacher. 10. The students are being taught by the teacher.

လေ့ကျင့်ခန်း (၃)

1. The cake has been eaten by us. 2. The homeworks had been done by you. 3. We shall have been given money by our mother. 4. Ma Khin Htay Kywe has been bought a pen by me. 5. English will have been learnt by you. 6. A letter had been written by me. 7. English and Burmese have been learnt by us. 8. The students had been taught by the teacher. 9. The rice will have been cooked by the girl. 10. The girl had been loved by the students.

VOCATIVE CASE

('ဗော့ကတစ်ဗ်ကေ့စ်) = အခေါ်စကား

တစ်စုံတစ်ယောက်အား စကားပြောလိုသောအခါ မိမိစကားကို အာရုံစိုက်လာစေရန် စကားမပြောမီ (သို့မဟုတ်) စကားပြောပြီးနောက် ထိုသူ၏ အမည်ကို ခေါ်လိုက်ရ၏။ ထိုအခေါ်စကားသည် ဝါကျတွင်းရှိ ပုဒ်တို့နှင့် မည်သို့မျှ မသက်ဆိုင်သဖြင့် ထိုအခေါ်စကားကို ဝါကျ၏ ရှေ့ဆုံး (သို့မဟုတ်) ဝါကျ၏ နောက်ဆုံးမှာထား၍ (,) ကော်မာ

ဖြင့် ခြားရမည်။ အမိန့်ပေးဝါကျမေးခွန်းဝါကျများ၏ ရှေ့နောက်တွင် ထား၍ ရေးလေ့ရှိသည်။

Intonation Formula

သံနေသံထားပုံသေနည်း

အခေါ်စကားများတွင် ယဉ်ကျေးမှုပြ ဦး၊ ဒေါ်၊ ကို၊ မ၊ မစ်စတာ၊ မစ်စစ်၊ မစ်စ်တို့ကို သံစဉ် ၂၊ နာမည်ကို သံစဉ် ၃ [redacted] 3 = သံနေသံထားဖြင့် ခေါ်ရမည်။ Request နှင့် Wh-Question ဝါကျအဆုံးတွင် ခေါ်သောအခါ ဝါကျအဆုံးကို 3 1 အထိသာချ၍ အခေါ်စကားကို 2 3 ဖြင့် အဆုံးသတ်ရသည်။

ပုံစံ

Mr Johnson, go to school.

Mg Khin Mg, go to school.

မောင်ခင်မောင်, ကျောင်းကိုသွားပါ။

How are you Mr. Johnson?

Where is your mother, Mg Khin Mg?

Ma Mya, what are you doing now?

မမြ, မင်းဘာလုပ်နေသလဲ။

Mg Khin, when will you go to school?

မောင်ခင်, မင်းကျောင်းကို ဘယ်အချိန်သွားမလဲ။

INTERROGATIVES
QUESTION-WORDS

အမေးစကားများ

အောက်ပါပုဒ်များကို မေးခွန်းဝါကျ ရှေ့မှထား၍ မေးမြန်းရသော ကြောင့် Interrogatives သို့မဟုတ် Question Words အမေး စကားများဟု ခေါ်သည်။

၁။ **Interrogative Adjective** = ပုစ္ဆာ နာမဝိသေသနများ
What (book, tree) ဘာ (စာအုပ်, သစ်ပင်)
Which (book, tree) ဘယ် (စာအုပ်, သစ်ပင်)
Whose (book) ဘယ်သူ၏ စာအုပ်။

၂။ **Interrogative Pronoun** = ပုစ္ဆာ နာမ်စားများ
Who (ဟူး) ဘယ်သူသည်။
Whom (ဟူးမ်) ဘယ်သူ့ကို။
Which of the (boys) ဘယ်လူကလေး။
Which (ဝှစ်ချ်) ဘယ်ဟာ။
What (ဝှပ်တ်) ဘာ။
Whose (ဟူးစ်) ဘယ်သူဟာလဲ။
How many (boys) (ဟောင်း'မင်း–နီ) ဘယ်လောက်။
How many of the (boys) ဘယ်လောက်။
How much (milk) (ဟောင်းမတ်ချ်) ဘယ်လောက်။
For what (ဖော်ဝှပ်တ်) ဘာအတွက်။
With what (ဝှစ်သ်ဝှပ်တ်) ဘာနှင့်။
With whom ဘယ်သူနှင့်။
For whom ဘယ်သူ့အတွက်။
စသည်ဖြင့် အခြားလိုရာဝိဘတ်များထည့်လေ။

၃။ **Interrogative Adverb** = ပုစ္ဆာကြိယာဝိသေသန
When (ဝှင်းန်) ဘယ်အခါ၊ ဘယ်တုန်းက။
Why (ဝှိုင်း) ဘာကြောင့်၊ အဘယ်ကြောင့်။

Where (ဝဲယာ(ရ်)) ဘယ်နေရာမှာ၊ ဘယ်မှာ။
How(ဟောင်း) ဘယ်လိုနည်းဖြင့်၊ မည်ကဲ့သို့သောနည်းဖြင့်။
In what way (အင်ဝေါ့တ်ဝေ) ဘယ်လို၊ မည်ကဲ့သို့။
How far (ဟောင်းဖှာ) ဘယ်လောက်ဝေးဝေး။
How long (ဟောင်းလွန်င်/လော-င်) ဘယ်လောက်ရှည်။
How tall ဘယ်လောက်အရပ်မြင့် (ဂျ)။
How wide ဘယ်လောက်ကျယ်။
How high ဘယ်လောက်မြင့် (အဆောက်အဦး)
How thick ဘယ်လောက်ထူ။
For how long (ဖော်ဟောင်းလွန်-င်၊ လော-င်) ဘယ်လောက်ကြာကြာ။
How old အသက်ဘယ်လောက်ကြီး။
How often (ဟောင်းအော့ဖင်န်) ဘယ်လောက်ကြာတစ်ခါ။
Since when (ဆင့်စ်ဝှင်န်) ဘယ်တုန်း ကထဲက။
Whence (ဝှင့်-န်စ်) ဘယ်နေရာမှ။

အမေးစကားများဖြင့်မေးနည်း

အထက်ပါ အမေးစကားများကို ဝါကျ၏ ရှေ့ဆုံးတွင်ထား၍ မေးမြန်း၏။ ထိုသို့မေးရာ၌ အောက်ပါဥပဒေသနှစ်ချက်ကို သေချာစွာ မှတ်သားလိုက်နာရမည်။

ဥပဒေသ (၁)

အထက်ပါ အမေးစကားများဖြင့် မေးမြန်းလိုသော ဝါကျများတွင် ပြုလုပ်သူ ကတ္တားပုဒ် ပါရှိသောအခါ ၎င်းအမေးစကားများနောက်တွင် မေးခွန်းဝါကျ ငြင်းဆိုမေးခွန်းဝါကျများ ရှိရမည်။

ဥပဒေသ (၂)

အထက်ပါ အမေးစကားများဖြင့် မေးမြန်းလိုသော ဝါကျများတွင် ကတ္တားပုဒ် မပါသောအခါ (ကတ္တားကို မသိ၍ မေးလိုသောအခါ) ၎င်းအမေးစကားများနောက်တွင် မေးခွန်းဝါကျ မရှိရ။ ကြိယာပုဒ် ကံပုဒ်စသည်တို့သာ ရှိရမည်။

Intonation Formula

လေယူလေသိမ်းပုံသေနည်း

အမေးစကားလုံးပါ Wh-Question များကို 2 3 1
=Falling Intonation= ကျသံလေယူလေသိမ်းဖြင့် ပြောရမည်။

ကဗွားပါသောပုံစံများ

1. When will you learn Englih?
   သင်သည် အင်္ဂလိပ်စာကို ဘယ်အချိန် သင်မလဲ။
2. Why do you (d'you) learn English?/ဒယူ၊ဂျူ/
   သင်သည် အင်္ဂလိပ်စာကို ဘာကြောင့်သင်သလဲ။
3. Where do you (d'you) learn English?/ဒယူ၊ဂျူ/
   သင်သည် အင်္ဂလိပ်စာကို ဘယ်မှာသင်သလဲ။
4. How do you (d'you) learn English?/ဒယူ၊ဂျူ/
   သင်သည် အင်္ဂလိပ်စာကု ဘယ်လိုသင်သလဲ။
5. From whom do you (d'you) learn English?/ဒယူ၊ဂျူ/
   သင်သည် ဘယ်သူ့ဆီမှ အင်္ဂလိပ်စာကို သင်သလဲ။
6. For whom do you(d'you)learnt English?/ဒယူ၊ဂျူ/
   သင်သည် ဘယ်သူ့အတွက် အင်္ဂလိပ်စာကို သင်သလဲ။
7. With whom do you(d'you) learn English?/ဒယူ၊ဂျူ/
   သင်သည် ဘယ်သူနှင့် အင်္ဂလိပ်စာကို သင်သလဲ။
8. For how long have you learnt English?/ဟက်ဗျူ/
   သင်သည် အင်္ဂလိပ်စာကို သင်နေတာ ဘယ်လောက်ကြာပြီလဲ။
9. Since when have you been learning English?/ဟက်ဗျူ/
   သင်သည် ဘယ်တုန်းကထဲက အင်္ဂလိပ်စာ သင်နေတာလဲ။
10. Where are you sleeping?/ဒဲယာရာယူ/
    သင်သည် ဘယ်နေရာမှာ အိပ်နေသလဲ။

11. Why are you sleeping?
သင်သည် ဘာကြောင့် အိပ်နေသလဲ။
12. By what are you sleeping?/ဝေါ့-တာယူ/
သင်သည် ဘယ်နားမှာ အိပ်နေသလဲ။
13. How are you sleeping? /ဟောင်းဝါယူ/
သင်သည် ဘယ်လို အိပ်နေသလဲ။
14. With whom are you sleeping?/ဟူးမာယူ/
သင်သည် ဘယ်သူနဲ့ အိပ်နေသလဲ။
15. Near whom are you sleeping./ဟူးမာယူ/
သင်သည် ဘယ်သူ့အနီးမှာ အိပ်နေသလဲ။
16. Whom does he love?/ဟူး-မ်ဒါ့ဇီ/
သူသည် ဘယ်သူ့ကို ချစ်သလဲ။
17. Whom did he love?/ဟူး-မ်ဒစ်ဒီ/
သူသည် ဘယ်သူ့ကို ချစ်ခဲ့သလဲ။
18. Whom will he love?
သူသည် ဘယ်သူ့ကို ချစ်မလဲ။
19. Where is he sleeping?/ဝဲယာရစ်ဇီ/
သူသည် ဘယ်မှာ အိပ်နေသလဲ။
20. When is he sleeping?/ဝင်းနစ်ဇီ/
သူသည် ဘယ်အချိန်မှာ အိပ်နေသလဲ။
21. When is he learning English?/ဝင်းနစ်ဇီ/
သူသည် ဘယ်အချိန် အင်္ဂလိပ်စာသင်နေမည်။
22. Why is he sitting in the class?/ဝိုင်းယစ်ဇီ/
သူသည် ဘာကြောင့် အတန်းထဲမှာ ထိုင်နေသလဲ။
23. Why is he learning English?/ဝိုင်းယစ်ဇီ/
သူသည် ဘာကြောင့် အင်္ဂလိပ်စာသင်နေသလဲ။
24. How does he learn English?/ဟောင်းဒါ့ဇီ/
သူသည် အင်္ဂလိပ်စာကို ဘယ်လိုသင်သလဲ။

25. How is he sleeping on the chair?/ဟောင်းဝစ်ဇီ/
    သူသည် ကုလားထိုင်ပေါ်မှာ ဘယ်လိုအိပ်နေသလဲ။
26. How far has he walked?/ဟောင်းဖာရက်ဇီ/
    သူသည် လမ်းဘယ်လောက်ဝေးဝေး လျှောက်ပြီးပြီလဲ။
27. For how long has he learnt English?/လွန်ငက်ဇီ/
    သူသည် အင်္ဂလိပ်စာကို ဘယ်လောက်ကြာကြာ သင်ပြီးပြီလဲ။
28. Since when has he learnt English?/ဝင်းနက်ဇီ/
    သူသည် ဘယ်တုန်းကထဲက အင်္ဂလိပ်စာသင်ပြီးသလဲ။
29. How often does he drink water?/ဒါ့ဇီ/
    သူသည် ဘယ်လောက်ကြာရင် တခါရေသောက်သလဲ။
30. How often does he go to Mandalay?/ဒါ့ဇီ/
    သူသည် ဘယ်လောက်ကြာမှ တခါ မန္တလေးကိုသွားသလဲ။
31. For what does he come here?/ဒါ့ဇီ/
    သူသည် ဘာ့အတွက် ဒီကိုလာသလဲ။
32. For what is he learning English?/ဝေါ့တဇီ/
    သူသည် ဘာ့အတွက် အင်္ဂလိပ်စာကို သင်နေသလဲ။
33. On what is he sleeping?/ဝေါ့တဇီ/
    သူသည် ဘယ်ပေါ်မှာ အိပ်နေသလဲ။
34. Near what is he sitting?/ဝေါ့တဇီ/
    သူသည် ဘာအနီးမှာ ထိုင်နေသလဲ။
35. What do you want to eat?/ဝေါ့ဒယူ/
    သင်သည် ဘာကိုစားချင်သလဲ။
36. What are you learning now?/ဝေါတာယူ/
    သင်သည် ယခုဘာကို သင်နေသလဲ။
37. What have you done?/ဟက်ဗျူ/
    သင်သည် ဘာကိုလုပ်ပြီးပြီလဲ။
38. What did you cook yesterday?/ဒစ်ဂျူ/
    သင်သည် မနေ့က ဘာကိုချက်ခဲ့သလဲ။

39. Which will you buy?
ဘယ်ဟာကို သင်ဝယ်မလဲ။
40. Which did you eat?/ခစ်ဂျူ/
သင်သည် ဘယ်ဟာကို စားခဲ့သလဲ။
41. Which did you want to give?
သင်သည် ဘယ်ဟာကို ပေးချင်သလဲ။
42. What curry are you cooking now?
သင်သည် ယခု ဘာဟင်းချက်နေသလဲ။
43. What book are you reading?/ဘွတ်ကာယူ/
ဘာစာအုပ် သင်ဖတ်နေသလဲ။
44. What pen do you want?/ဒယူ,ဂျူ/
ဘာဖောင်တိန်ကို သင်လိုချင်သလဲ။
45. What magazine do you like?
သင် ဘာမဂ္ဂဇင်းကို ကြိုက်သလဲ။
46. Which book did you take?/ခစ်ဂျူ/
ဘယ်စာအုပ်ကို သင်ယူခဲ့သလဲ။
47. Which girl do you love?/ဂျူ/
ဘယ်မိန်းကလေးကို သင်ချစ်သလဲ။
48. Which sentences do you not understand?/ဂျူ/
ဘယ်ဝါကျတွေကို သင်နားမလည်ဘူးလဲ။
49. Whose pen did you borrow?/ခစ်ဂျူ/
ဘယ်သူ၏ ဖောင်တိန်ကို သင်ငှားခဲ့သလဲ။
50. Whose car have you bought?/ဟက်ဗျူ/
ဘယ်သူ၏ကားကို သင်ဝယ်ပြီးပြီလဲ။
51. Whose book did you read?/ခစ်ဂျူ/
ဘယ်သူ၏ စာအုပ်ကို သင်ဖတ်ခဲ့သလဲ။
52. How many boys are you teaching English?
သင်သည် လူကလေး ဘယ်နှစ်ဦးကို အင်္ဂလိပ်စာပြနေသလဲ၊

53. How many books did you buy?
သင်သည် စာအုပ် ဘယ်နှစ်အုပ်ကို ဝယ်ခဲ့သလဲ။
54. How many of the girls did you see?
သင်သည် မိန်းကလေး ဘယ်နှစ်ယောက်ကို တွေ့ခဲ့သလဲ။
55. How much milk did you drink?
သင်သည် နို့ဘယ်လောက်များများ သောက်ခဲ့သလဲ။
56. How much rice did you eat?
သင်သည် ထမင်းဘယ်လောက် စားခဲ့သလဲ။
57. How much water do you drink?/ဂျူ/
သင်သည် ရေဘယ်လောက်များများ သောက်သလဲ။
58. How much is it?
ဒါ ဘယ်လောက်လဲ(ဘယ်ဈေးလဲ)။
59. How long/wide/high is the table?
ဒီစားပွဲ ဘယ်လောက်ရှည်/ကျယ်/မြင့်သလဲ။
60. How long is the rope.? /လွန်းငစ်ခ်/
ဒီကြိုး ဘယ်လောက်ရှည်သလဲ။
61. How thick is the wall/book/iron sheet?
ဒီနံရံ/စာအုပ်/သံပြား ဘယ်လောက်ထူလဲ။
62. How old is your father?
သင့်အဖေ အသက်ဘယ်လောက်ကြီးပြီလဲ။

ကတ္တားမပါသော ပုံစံများ

1. Who is in th room?/ဟူးဝစ်ခ်/
အခန်းထဲမှာ ဘယ်သူရှိသလဲ။
2. Who is cooking the rice?/ဟူးဝစ်ခ်/
ဘယ်သူ ထမင်းချက်နေသလဲ။
3. Who learns English?
ဘယ်သူ အင်္ဂလိပ်စာ သင်သလဲ။
4. Who will teach you English?
ဘယ်သူသည် သင့်ကို အင်္ဂလိပ်စာသင်ပြမလဲ။

5. What is on the table?/ဝေါ့တစွန်န်/
ဘာသည် စားပွဲပေါ်မှာရှိသလဲ၊ စားပွဲပေါ်မှာ ဘာရှိသလဲ။
6. What is in the box?/ဝေါ့တစင်န်/
ဘာသည် သေတ္တာထဲမှာရှိသလဲ၊ သေတ္တာထဲမှာ ဘာရှိသလဲ။
7. Which is in the room?/ဝှစ်ချစ်ဇင်န်/
ဘယ်ဟာသည် အခန်းထဲမှာရှိသလဲ။
8. What books are on the table?
ဘာစာအုပ်များသည် စားပွဲပေါ်မှာရှိသလဲ။
9. What book is in your hand?
သင်၏လက်ထဲမှာ ဘာစာအုပ်ရှိသလဲ။
10. Which boy is playing?
ဘယ်လူကလေးသည် ကစားနေသလဲ။
11. Which girls are beautiful?
ဘယ်မိန်းကလေးများ လှပကြသလဲ။
12. Whose sons are in the class?
မည်သူ၏သားများ အတန်းထဲမှာရှိသလဲ။
13. Whose teacher is teaching you English?
မည်သူ၏ဆရာသည် သင့်ကို အင်္ဂလိပ်စာ ပြနေသလဲ။
14. How many boys are there in the class?
လူကလေးဘယ်နှစ်ယောက် အတန်းထဲမှာ ရှိသလဲ။
15. How many of the boys are swimming?
လူကလေးဘယ်နှစ်ယောက်သည် ရေကူးနေကြသလဲ။
16. How many books are there on the table?
စားပွဲပေါ်မှာ စာအုပ်ဘယ်နှစ်အုပ် ရှိသလဲ။
17. How many of the girls pass the exam?
မိန်းကလေးဘယ်နှစ်ယောက် စာမေးပွဲအောင်သလဲ။
18. How many teachers will teach you?
ဆရာဘယ်နှစ်ယာက် သင့်ကို စာသင်ပြမလဲ။

19. How much water is in the pot?
ရေဘယ်လောက် အိုးထဲမှာရှိသလဲ။
20. How much milk is in the jug?
ကရားထဲမှာ နို့ဘယ်လောက်ရှိသလဲ။
21. Who broke this glass?
ဘယ်သူသည် ဤမှန်ကိုခွဲသလဲ။
22. Who has writen an essay?
ဘယ်သူသည် အက်ဆေးတစ်ပုဒ်ရေးပြီးပြီလဲ။
23. Who lived in this house last year?
ဘယ်သူသည် မနှစ်က ဒီအိမ်မှာ နေခဲ့သလဲ။

ကျောင်းသားများ မှားတတ်ပုံ

အထက်ပါ ဥပဒေသ (၂) ချက်ကို ပိုင်နိုင်စွာ **မသိသော** ကျောင်းသားများသည် When you go to school? Where you sit? Whom you see? စသည်ဖြင့် ကတ္တားပါသော မေးခွန်းများကို Affirmative ဝါကျများဖြင့် မေးမိတတ်သည်။

Spoken English စကားပြောရာ၌ With whom do you come? အစား Whom do you come with? ဟူ၍၎င်း၊ With what do you write? အစား What do you write with? ဟူ၍၎င်း ဝိဘတ်များကို ဝါကျနောက်ဆုံးတွင်ထား၍ ပြောဆိုကြသည်။

Spoken English စကားပြောရာ၌ Whom do you meet? Whom are you teaching? အစား Who do you meet? Who are you teaching? ဟု Whom အစား Who ဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၄၀၀) လောက်ကစ၍ ပြောကြလေသည်။ စာရေးနှင့် စကားပြော မဟူသည်ကို အထူးသတိပြုအပ်ပေသည်။

For about four hundred years this form has been dropped from the spoken language. It is found only in the most formal kind of writing in the

spoken language "who" serves for both subject and object.

When a preposition governs an interrogative, it is placed to the end of the sentence in Spoken English.

LIVING ENGLISH STRUCTURE

In writing English, particularly for serious purpose, it is more usual and correct to use the form "whom" to act as object of a verb. But in speaking English nearly everyone uses "who" to act both as subject and object.

IMPROVE YOUR ENGLISH.

အချုပ်မှတ်ရန်

(က) ဝါကျတွင် ကတ္တားပါလျှင် အမေးစကားများ နောက်တွင် မေးခွန်းဝါကျရှိရမည်။ (ကြိယာ+ကတ္တားရှိရမည်)

(ခ) ဝါကျတွင် ကတ္တားမပါလျှင် အမေးစကားများ နောက်တွင် ကြိယာကံနေရာ စသည်တို့သာ ရှိရမည်။
(မေးခွန်းပုံစံမရှိစေရ)
ထို့ကြောင့် what, when, where, စသော **အမေးစကား** များဖြင့် မေးလိုသောအခါ ကတ္တားပုဒ် ပါ,မပါကို သတိထား ကြည့်လျှင် အထက်ပါ ဥပဒေသ ၂ ချက်ဖြင့် မှန်ကန်အောင် မေးနိုင်ပါလိမ့်မည်။

လေ့ကျင့်ခန်း

၁။ သင်သည် ဘယ်အချိန် အိပ်ရာမှထသလဲ။ ၂။ သူမသည် ဘယ်နေရာမှာ အိပ်သလဲ။ ၃။ ကျွန်ုပ်တို့ ဘာ့ကြောင့် အင်္ဂလိပ်စာကို သင်ကြသလဲ။ ၄။ သူမသည် အက်ဆေး တစ်ပုဒ်ကို ဘယ်လိုရေးခဲ့

သလဲ။ ၅။ မရီသည် ရန်ကုန်မှာ ဘယ်လောက်ကြာကြာနေမလဲ။ ၆။ ကျောင်းသားများသည် ဘယ်လောက်ကြာမှ တစ်ခါက် အိမ်ကိုပြန်ကြသလဲ။ ၇။ ဦးမြသည် ဘယ်တုန်းကထဲက ရန်ကုန်မှာ နေခဲ့သလဲ။ ၈။ ဆရာသည် ဘယ်သူ့ကို အင်္ဂလိပ်စာပြသလဲ။ ၉။ မရီသည် ဘယ်သူနှင့် ကျောင်းကို သွားသလဲ။ ၁၀။ လှလှသည် ဘယ်သူ့အနီးမှာ ထိုင်နေသလဲ။ ၁၁။ ဆရာသည် ဘာကိုဝယ်နေသလဲ။ ၁၂။ လူကလေးများသည် ဘာစာအုပ်ကို ဖတ်နေသလဲ။ ၁၃။ သူတို့ ဘယ်ဟာကို ကြိုက်ကြသလဲ။ ၁၄။ သင်သည် ဘယ်ဖောင်တိန်ကို ယူမည်လဲ။ ၁၅။ သူသည် ဘယ်သူ၏ခွေးကို ရိုက်နေကြသလဲ။ ၁၆။ ဘယ်သူသည် ကျောင်းကိုသွားခဲ့သလဲ။ ၁၇။ မည်သူသည် ဤတံခါးကို ပိတ်မည်လဲ။ ၁၈။ စားပွဲပေါ်မှာ ဘာရှိသလဲ။ ၁၉။ လူကလေး ဘယ်နှစ်ယောက် အတန်းထဲမှာရှိသလဲ။ ၂၀။ သင်တို့သည် မိန်းကလေး ဘယ်နှစ်ယောက် မြင်သလဲ။ ၂၁။ သင့်မှာ ငွေဘယ်လောက်များများ ရှိသလဲ။ ၂၂။ အိုးထဲမှာ ရေ ဘယ်လောက်များများ ရှိသလဲ။ ၂၃။ မည်သူ၏ အဖေသည် ဈေးသို့သွားခဲ့သလဲ။ ၂၄။ သင်သည် မည်သူ၏အဖေကို အိမ်ထဲမှာ မြင်သလဲ။ ၂၅။ ကျွန်ုပ်တို့ အင်္ဂလိပ်စာကို ဘယ်လိုသင်ကြမလဲ။ ၂၆။ ကျောင်းသားများ ဘယ်တော့ အိမ်ပြန်မလဲ။ ၂၇။ ဘာကြောင့် ထိုကလေးသည် ငိုနေရသလဲ။ ၂၈။ သင် ဘယ်အချိန်မှာ အက်ဆေး ရေးပြီးမည်လဲ။ ၂၉။ သင်တို့ဆရာသည် ဘယ်သူဖြစ်သလဲ။

Add the question-words to the following question.

1.....went with you to London?
2.....of these books is your favourite?
3.....girls won the beauty competion?
4.....is my pencil?
5.....comes in just now?
6.....river flows through London?

7.....will cook the dinner to-day?
8.....arrived first?
9.....dress is the pretiest?
10....bus goes to the university?
11.....asked you to write this?
12.....has took my scissors?
13.....hotel is nearest to the sea?
14.....is wrong with the clock?
15.....left the light on?
16.....is your friend's name?
17.....is the healtheir place, the country or the seaside?
18.....is the answer?
19.....is the largest town in the world?
20.....is your grocer?
21.....of those young men is her fiance?
22.....language is the easiest to learn?
23.....gave you those flowers?
24.....is wrong with that exercise?
25.....is smoking here?
26.....is the way to the stattion?
27.....other schools are there in England besides private and public schools?
28.....would like a cup of tea?
29.....painted that picture?
30.....is the matter?

Add the question-words to the following questions.

1.....do you want?

2.....books are you reading?
3.....is going to the cinema to-night?
4.....of those girls is the youngest?
5.....hat is this, mine or yours?
6.....is the matter with him?
7.....of you can answer that question?
8.....is John doing?
9.....has finished the exercise?
10.....are those people doing?
11.....has broken the window?
12.....dress do you like?
13.....are you meeting at four o'clock?
14.....have they done?
15.....has eaten my sandwich?
16.....did you want to see?
17.....are you writing?
18.....picture do you prefer, this or that?
19.....went to the seaside with you?
20.....was that noise?
21.....asked you to come?
22.....is your hat? (.....hat is yours?)
23.....did I say?
24.....opened my letter?
25.....did you send to the merket?
26.....Europan Language is the easiest to learn.
27.....can I do to help?
28.....pencil is this, Tom's or Harry's?
29.....looked in at the window just now?
30.....are you drinking?

စမ်းသပ်မေးခွန်းများ

၁။ Interrogative Adjective, Interrogative Pronoun, Interrogative Adverb သုံးမျိုးကို ခွဲခြား၍ ရေတွက်ပြပါ။

၂။ အမေးဝါကျတွင် ကတ္တားပါသောအခါ အမေးစကား When, Where စသည်တို့၏နောက်တွင် မည်သည့်ဝါကျရှိရသနည်း။ ပုံစံသုံးခုပေး၍ဖြေပါ။

၃။ အမေးစကားတွင် ကတ္တားမပါသောအခါ (ကတ္တားကို မသိ၍ မေးသောအခါ) အမေးစကား who, whose, what, which, စသည်တို့နောက်တွင် မည်သည့်ပုဒ်များ ရှိသနည်း၊ ပုံစံသုံးခုပေး၍ ဖြေပါ။

၄။ Whose, which, what, how much, how many တို့၏နောက်တွင် နာမ်ပုဒ်တစ်ခုပါ၍ ဝါကျတွင် ကတ္တားပုဒ် မပါသော ကြိယာသည် မည်သည့်ပုဒ်နှင့် သဘောတူရသနည်း။ ပုံစံအချို့ပေး၍ ဖြေပါ။

၅။ with what, with whom ဝိဘတ်ပါသော မေးခွန်းဝါကျများတွင် ဝိဘတ်များကို what, whom တို့၏ ရှေ့တွင်မထားလိုလျှင် မည်သည့်နေရာ၌ ထားရမည်နည်း။ ပုံစံအနည်းငယ် ပေးခဲ့ပါ။

ADVERB ကြိယာဝိသေသန

ကြိယာတစ်ခု (ဝါ) အလုပ်တစ်ခုကို

(က) ဘယ်လိုလုပ်သည် (how)

(ခ) ဘယ်နေရာမှာလုပ်သည် (where)

(ဂ) ဘယ်အချိန်အခါလုပ်သည် (when)

ဟု လုပ်ပုံလုပ်နည်း (manner) လုပ်သည့်နေရာဌာန (place) လုပ်သည့်အချိန်ကာလ (Time) ကို ဖော်ပြသော ပုဒ်များသည် ကြိယာ၏ အဓိပ္ပာယ်ကို ပြည့်စုံလေးနက်စေသောကြောင့် Adverb = ကြိယာဝိသေသနဟုခေါ်သည်။

(1) Adverb of Manner (စွာဆုံးသောပုဒ်)

Fast	/ဖာ့စ်တ်/	= လျင်မြန်စွာ
Hard	/ဟားဒ်/	= ပင်ပန်းစွာ
'Happily	/'ဟဲက်-ပီလီ/	= ပျော်ရွှင်စွာ
'Quickly	/'ခွစ်-ကလီ	= လျင်မြန်စွာ
Neatly	/'နီ-တလီ/	= သပ်ယပ်စွာ

အမှာ။ အောက်တွင်ပြမည့် "ly" ဆုံး၍ မြန်မာတွင် "စွာ" ဆုံးသောပုဒ်များသည် Manner Adverb များဖြစ်၏။

(2) Adverb of Time = (အချိန်ပြပုဒ်)

Late	/လိတ်ထ်/	= နောက်ကျစွာ
'Daily	/'ဒေး-လီ/	= နေ့စဉ်
Be'fore	/ဘီ'ဖော-(ရ်)/	= အရင်က
Now	/နောင်း/	= ယခု
'After	/'အား-ဖ့တာ(ရ်)/	= နောက်
Soon	/ဆူးန်/	= မကြာမီ
To'day	/တ'ဒေး/	= ယနေ့
To'morrow	/တ'မော-ရို/	= နက်ဖြန်
'Yesterday	/'ယက်-စတဒေ/	= မနေ့က
A'go	/အ'ဂိုး-/	= အရင်က

အမှာ။ အခြားအချိန်ပြ ကြိယာဝိသေသနများကို Frequency Adverb တွင် ဖော်ပြမည်။

(3) Adverb of Place = (နေရာပြပုဒ်)

Here	/ဟီးယာ(ရ်)/	= ဤနေရာမှာ
There	/သဲ့ယာ(ရ်)/	= ထိုနေရာမှာ
'Anywhere	/'အင်း-နီဝယ်ယာ(ရ်)/	= တနေရာမှာ
'Somewhere	/'ဆမ်း-မ်ဝဲယာ	= တနေရာမှာ
'Evrywhere	/'အဲဗ့ရိဝယ်ယာ/	= နေရာတကာမှာ

'Upstairs /'အပ်–ပ်စတဲယာ(ဇ်)/ = အပေါ်ထပ်မှာ၊ထပ်သို့
A'shore /အ'ရှော(ရ်)/ = ဆိပ်ကမ်းမှာ၊ ကမ်းသို့

Adverbial Phrase
ကြိယာဝိသေသနပုဒ်စု

ပြုလုပ်နည်း နေရာ အချိန်ကာလကိုပြသော ပုဒ်များသည် တလုံးတည်း မဟုတ်ဘဲ နှစ်လုံး သုံးလုံး စုပေါင်း၍နေလျှင် ၎င်းတို့ကို 'Adverbial Phrase ('အက်–ဒဗှာဘီယယ်ဖရေ့စ်) ကြိယာဝိသေသနပုဒ်စုဟုခေါ်၏။

1. Manner Adverbial Phrases
နည်းနာပြ ကြိယာဝိသေသနပုဒ်စုများ

In a loud voice = ကျယ်လောင်စွာ
In a splendid manner = ခမ်းနားကြီးကျယ်စွာ
With great care = ဂရုတစိုက်
In a happy mood = ပျော်ရွှင်စွာ

2. Place Adverbial Phrases

On the table = စားပွဲပေါ်မှာ
In the class = အတန်းထဲမှာ
Near a house = အိမ်အနီးမှာ

3. Time Adverbial Phrases
အချိန်ပြ ကြိယာဝိသေသနပုဒ်စုများ

In the morning = မနက်ခင်းမှာ
At 9 o' clock = ၉ –နာရီမှာ
On 5th June = ဇွန်လ ၅ ရက်နေ့မှာ

အမှာ။ နေရာပြနှင့် အချိန်ပြကြိယာဝိသေသန ပုဒ်စုများကို ဝိဘတ်အခန်းတွင် လေ့ကျင့်ခန်းနှင့်တကွ ပြခဲ့ပြီ။ ပြန်ကြည့်ပါလေ၊

Manner Adverb = ပြုလုပ်နည်းနှင့် အသံထွက်

Manner adverb ခေါ် ဘယ်ပုံဘယ်နည်းဟူသော နည်းနာပြ ကြိယာဝိသေသနပုဒ်များကို နာမဝိသေသနပုဒ်များမှ အောက်ပါ ဥပဒေသအတိုင်း ပြုလုပ်နိုင်သည်။

၁။ "y" ဆုံး၍ "y" ရှေ့မှ ဗျည်းရှိသော နာမဝိသေသနပုဒ်များတွင် "y" ကိုဖြုတ်၍ "ily" ကို ဆက်ပေးရမည်။ "ly" ကို လိဟု အနုဒတ္တ = အားပေါ့သံထွက်ရမည်။

ပုံစံ

နာမဝိသေသန		ကြိယာဝိသေသန
'Lazy	=ပျင်းရိသော	'lazily /'လေး-ဇိလိ/ ပျင်းရိစွာ
'Happy	=ပျော်ရွှင်သော	'happily/'ဟက်-ပိလိ)/ပျော်ရွှင်စွာ
'Heavy	=လေးလံသော	'heavily /'ဟဲ-ဗိလိ/ လေးလံစွာ

၂။ "le" ဆုံးသော နာမဝိသေသနပုဒ်များတွင် "e" သရကို ဖြုတ်၍ "y" ဆက်ပေးရသည်။

ပုံစံ

နာမဝိသေသန		ကြိယာဝိသေသန
Noble	=မြင့်မြတ်သော	'nobly/'နော-ဘလိ/= မြင့်မြတ်စွာ
'Simple	=ရိုးသော	'simply /'ဆင်း-မ်ပလိ/ = ရိုးစွာ
'Single	=တစ်ခုတည်းသော	'singly /ဆင်း-င်ဂလိ/ = တစ်ခုတည်း
'Comfortale	= ခိမ်ရှိသော	comfortably/ကမ်း-ဖုတဘလိ/ =ချောင်ချိစွာ
Possible	=ဖြစ်နိုင်သော	'possibly/ပေါ့-စဘလိ/=ဖြစ်နိုင်လျှင်

၃။ အထက်ပါ ၂-မျိုးမှ တစ်ပါးသော နာမဝိသေသနပုဒ်များ နောက်တွင် "ly" ဆက်ပေးရသည်။

ပုံစံ

နာမဝိသေသန		ကြိယာဝိသေသန
Wise	=ပညာရှိသော	'wisely =ပညာရှိစွာ

Wild	=ရိုင်းသော	'wildly	=ရိုင်းစွာ
Deep	=နက်နဲသော	'deeply	=နက်နဲစွာ
wrong	=မှားသော	'wrongly	=မှားစွာ

လေ့ကျင့်ခန်း (၁)

အောက်ပါနာမဝိသေသနပုဒ်များကို ပြခဲ့သော ဥပဒေသသုံးမျိုး အရ "ly" ဆက်၍ ကြိယာဝိသေသနပြုလုပ်ပြီး မြန်မာပြန်ခဲ့ပါ။

'Able	/'အေး–ဘယ်လ်/	=ကျွမ်းကျင်သော
'Accurate	/'အက်–ကျူရိတ်ထ်/	=တိကျသော
'Active	/'အက်–ကတစ်ဗ်/	=ဖျတ်လတ်သော
'Admirable	/'အက်–ဒမာရဘယ်လ်/	=မြတ်နိုးဘွယ်သော
Ad'visable	/အဒ'ဗိုက်ဆေဘယ်လ်/	=သင့်လျော်သော
Af'fectionate	/အ'ဖက်–ကရှင်နက်ထ်	=ချစ်ခင်သော
'Amiable	/အေး–မီယဘယ်လ်/	=ချစ်စရာကောင်းသော
'Angry	/အဲင်း–င်ဂရီ/	=စိတ်ဆိုးသော
'Anxious	/အဲင်း–င်က်ရှပ်စ်/	=စိုးရိမ်သော
Appre'hensible	/အပရီ'ဟင်း–န်ဆဘယ်လ်/	=နားရှင်းသော
'Barbarous	/'ဘား–ဘရပ်စ်/	=ရိုင်းသော
Bold	/ဘိုးလ်ဒ်/	=ရဲရင့်သော
Brave	/ဘရေးဗ်/	=ရဲရင့်သော
Brief	/ဘရီ–ဖ်/	=ကျဉ်းသော
Bright	/ဘရိုက်ထ်/	=တောက်ပသော
'Brutal	/ဘ'ရု–တယ်လ်/	=ရိုင်းသော
Calm	/ခါးလ်မ်/	=တည်ငြိမ်သော
Careful	/'ခဲ–ယာဖုယ်လ်/	=သတိရှိသော
Certain	/'ဆား–တင်န်/	=သေချာသော
Cheerful	/ချီး–ယားဖုယ်လ်/	=အားတက်သော
Faithful	/'ဖေ့–သ်ဖုယ်လ်/	=သစ္စာရှိသော
'Feeble	/ဖီး–ဘယ်လ်/	=အားနဲသော

Fierce	/ဖီးယာ(စ်)/	=ကြောက်မက်ဘွယ်သော
'Gentle	/'ဂျင့်–န်တယ်လ်/	=သိမ်မွေ့သော
'Happy	/'ဟဲက်–ပီ/	=ပျော်သော
'Hasty	/'ဟေ့–စတီ/	=မြန်သော
'Heavy	/'ဟဲ–ဗီ/	=လေးလံသော
'Honourable	/အွန်း–နာရေဘယ်လ်/	=ဂုဏ်ရှိသော
'Ho'spitable	/'ဟော့စ'ပစ်၊ဟောစ'ပစ်တ်ဘယ်လ်/	=ရက်ရောသော
Indi'rect	/အင်ဒါ'ရက်–က်ထ်/	=သွယ်ဝိုက်သော
'Lazy	/'လေး–ဇီ/	=ပျင်းသော
'Laucky	/'လပ်–ကီ/	=ကံကောင်းသော
'Miserable	/'မစ်–ဇရဘယ်လ်/	=ကံဆိုးသော
'Narrow	/'နဲ–ရို/	=ကျဉ်းသော
Neat	/နီ–ထ်/	=သပ်ယပ်သော
'Noble	/'နိုး–ဘယ်လ်/	=မြင့်မြတ်သော
'Peaceful	/'ပီး–စ်ဖုယ်လ်/	=ငြိမ်းချမ်းသော
Pe'culiar	/ဖစ်'ချူး–လီယာ(ရ်)/	=ထူးဆန်းသော
'Probable	/ပ'ရော့–ဗေဘယ်လ်/	=ဖြစ်နိုင်သော
'Reasonable	/'ရီး–ဇင်နဘယ်လ်/	=ကျိုးကြောင့်သင့်သော
Right	/ရိုက်ထ်/	=မှန်သော
'Sensible	/'ဆင်း–န်ဆစ်ဘယ်လ်/	=လိမ္မာသော
'Single	/'ဆင်း–င်ဂယ်လ်/	=တခုတည်းသော
'Simple	/'ဆင်း–မ်ပယ်လ်/	=ရိုးသော
'Suitable	/'ဆု၊ 'ရှူ–တဘယ်လ်/	=သင့်လျော်သော
'Valuable	/'ဗဲ့–လျှတ်ဝ်ဘယ်လ်/	=အဘိုးတန်သော

6. Frequency Adverb

အောက်ပါကြိယာဝိသေသနများကို 'Frequency 'adverb (ဖ'ရီး–ကွင်စီ'အက်ဒဗာ>—ဗ်) သို့မဟုတ် Pre-verb adverb (ပရီဘဗား>—အက်ဒဗာ>—ဗ်) ဟုခေါ်၍ (က) ၎င်းတို့ကို ပဓာနကြိယာ (ဝါ) နောက်ဆုံးကြိယာ၏ ရှေ့ကထား၍ ရေးရ၏။

(ခ) Verb to be ခေါ်ရှိဖြစ်ကြိယာပါသော ဝါကျများတွင် ၎င်း "ရှိဖြစ်" ကြိယာများနောက်မှာ ကပ်ရေးရ၏။

'Often /'အော့-ဖင်န်/ = မကြာခဏ
'Never /'နဲ-ဗာ(ရ်)/ = ဘယ်တော့မှ
'Always /'အော-လ်ဝေဇ်/ = အမြဲတမ်း
'Sometimes /'ဆမ်း-မ်တိုင်မ်ဇ်/ = တခါတလေ
'General /'ဂျင်း-နရယ်လီ/ = အများအားဖြင့်
'Usually /'ယူး-ဂျူလီ/ = ထုံးစံအတိုင်း
Just /ဂျပ်-စ်တ်/ = ယခု
'Almost /'အော-လ်မို့စ်ထ်/ = လုနီးပါး
'Hardly /'ဟား-ဒလီ/ = လုမတတ်
'Nearly /'နီး-ယာလီ/
'Scarcely /စ'ကဲ-ယာ့စလီ/ တခါတရံ၊ခဲခဲယဉ်းယဉ်း
"Seldom /'ဆဲ-လ်ဒမ်-မ်/
'Ever /'အဲ-ဗာ(ရ်)/ = အမြဲတမ်း
'Nearly 'always/'နီး-ယာလီ'အော-လ်ဝေဇ်/= အမြဲတမ်းလိုလို
'Already /'အော-လ်ရယ်ဒီ/ = အသင့်၊နှင့်ပြီ
Occationally /အ'ခေးဂျှင်နလီ/ = အခါအားလျော်စွာ
Frequently /ဖ'ရီး-ကွင်တလီ/ = မကြာခဏ

(က) ပုံစံ ။ 1. I often see him.

ကျွန်ုပ်သူ့ကို မကြာခဏ မြင်ဖူးသည်။

2. I have often seen him.

ကျွန်ုပ်သူ့ကို မကြာခဏမြင်ဖူးပြီ။

3. I have never seen an elephant.

ကျွန်ုပ်ဆင်ကို ဘယ်တုန်းကမှ မမြင်ဖူးပါ။

(ခ) ပုံစံ ။ 1. She is always late.

သူမ အမြဲတမ်းနောက်ကျသည်။

2. You are never to come late again.

သင်သည် တဖန်ဘယ်တော့မှ နောက်မကျရ။

လေ့ကျင့်ခန်း

အောက်ပါ ဝါကျများတွင် ပေးထားသော Frequency Adverb များကို နေရာမှန်ထည့်ပေးပါ။

1. I go to the pictures (often).
2. I have seen an elephant (never).
3. She is a good student (always).
4. I do my homeworks (usually).
5. I for get my homeworks (somet imes).
6. We try to work well (always).
7. We are very busy (generally).
8. My mother goes for a walk on Sundays (often).
9. I have finished this exercise (almost).
10. They have heard of it (never).
11. The student on my left makes mistakes (always).
12. The student on my right answers correctly (never).
13. My friend stays long (never).
14. I am going for a walk (just).
15. She has come in (just).
16. I travel by train (usually).
17. Mary can swim now (nearly).
18. She knows what to say about it (scarcely).
19. I cannot understand (quite).
20. The porter was able to carry my luggage (hardly).
21. We have finished this exercise (almost).
22. The children querrel with each other (often).
23. His death has upset me (quite).
24. I drink my tea with milk (generally).
25. He gets up before half-past nine (never).
26. They are in the class (always).

27. She is singing a song (usually).
28. I am sorry (sometimes).
29. We are going to walk (usually).
30. She is well (quite).

(၇) Peculiar Adverbs အထူးကြိယာဝိသေသန

အောက်ပါ ကြိယာဝိသေသန (၈)ပုဒ်သည် နာမဝိသေသနနှင့် အခြားသော ကြိယာဝိသေသန တစ်လုံးကို အထူးပြုကြ၍ နာမဝိသေသနနှင့် ကြိယာဝိသေသနတို့ ရှေ့ကထား၍ ရေးရမည်။

ပုံစံ

1. He is very clever.
   သူသည် အလွန်လိမ်မာသည်။
2. He runs very quickly.
   သူအလွန်မြန်စွာပြေးသည်။
3. I am quite well.
   ကျွန်တော်ကောင်းစွာနေကောင်းသည်။
4. She speaks quite clearly.
   သူမသည် အတော်ပြတ်သားစွာ စကားပြောသည်။
5. He runs to quickly.
   သူသည်အလွန်မြန်စွာပြေးသည်။
6. Tea is too sweet.
   လဘက်ရည်သည် ချိုလွန်းအားကြီးသည်။
7. Mg Ba is almost mad.
   မောင်ဘသည် ရူးလုမတတ်ဖြစ်သည်။
8. He is rather lazy.
   သူသည်အတော်ကလေးပျင်းသည်။
9. She is partly clever.
   သူမသည်အတော်ကလေးလိမ်မာသည်။
10. This cake is fairly sweet.
    ဤမုန့်သည်အတော်ကလေးချိုသည်။

(ဂ) Sentence Adverb

အချို့သော ကြိယာဝိသေသနများကို ဝါကျရှေ့ဆုံးမှထား၍ ရေးသားလေ့ရှိကြသည်။ ၎င်းတို့ကို Sentence Adverb ဝါကျကြိယာ ဝိသေသနဟုခေါ်သည်။

1. Probably he steals my book.
2. Possibly he steals my book.
   သူသည် ကျွန်ုပ်၏စာအုပ်ကို ခိုးတာဖြစ်နိုင်စရာရှိသည်။
3. Perhaps she goes to school.
   သူမသည် ကျောင်းကိုသွားကောင်းသွားမည်။
4. Luckily he passed the exam.
   ကံကောင်း၍ သူစာမေးပွဲအောင်ခဲ့သည်။
5. Unfortunately he has been beaten.
   ကံမကောင်းချင်တော့ သူအရိုက်ခံရသည်။
6. Fortunately he passed the exam.
   ကံကောင်းချင်တော့ သူစာမေးပွဲအောင်ခဲ့သည်။
7. Evidently he is a thief.
   သူ သူခိုးတစ်ယောက်ပြစ်တယ်ဆိုတာ ထင်ရှားသည်။
8. Unexpectedly I met my friend.
   မမျှော်လင့်ဘဲ ကျွန်တော်သည် ကျွန်တော်၏ မိတ်ဆွေကို တွေ့ခဲ့ရသည်။

2-3-2 Intonation

အင်္ဂလိပ်အမေရိကန်တို့သည် ဝါကျများကို 2 3 တက်သံ 2 3 1 = ကျသံလေယူလေသိမ်းဖြင့် ပြောလေ့ရှိကြောင်း အခြေခံဝါကျဖွဲ့ထုံး (၁)ရှေ့မှာပြခဲ့ပြီ။ အခြေခံဝါကျဖွဲ့ထုံး(၂) S V O M P T တွင် နောက်ဆုံးအားစိုက်သံကိုသာ တက်ကျလေသိမ်းဖြင့် မပြောပဲ ဝါကျအစအလယ်ရှိ အားစိုက်သံတို့ကိုလည်း 2 3 1 ကျသံလေယူလေသိမ်းတို့ဖြင့် ပြောကြ၏။ အထူးမှတ်သားရမည်မှာ

အားဖော့သံမခြားပဲ အားစိုက်သံ၂ပိုဒ် သုံးပုဒ်ရှိနေသောအခါ၌ စကား ပြေပြစ်ချောမောရန်အတွက် (for smooth sentence)ထွက်ပေး ရလေသည်။

ပုံစံ

1. The teacher gave us a book.
2. Mrs Susan bought a new car.
3. The student is leaning English.
4. We eat as fast as the teacher.
5. I would some sugar in my coffee.
6. The professor teaches the lesson.
7. They gave us fruit for our desert.
8. Mr Johnson is swimming in the pool. with his friend early in the morning.
9. There are boys in the class in the morning.

အောက်ပါကြိယာဝိသေသနနှင့် ကြိယာဝိသေနပုဒ်စုများ ပါဝင်သည့် ဝါကျများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ။

လေ့ကျင့်ခန်း (၁)

၁။ ကျွန်တော်သည် ထမင်းကို လျင်မြန်စွာစားသည်။ ၂။ မခင်ဌေးကြွယ်ကို ဇွန်လ(၈)ရက် ၈–နာရီအချိန်မှာ မွေးဖွားသည်။ ၃။ ကျောင်းသားများသည် လျင်မြန်စွာ ကျောင်းသို့သွားကြသည်။ ၄။ ဆင်သည် ဖြေးညှင်းစွာ တောထဲဝင်သွားသည်။ ၅။ မခင်ဌေးကြွယ်သည် မကြာခဏ ဈေးကိုသွားသည်။ ၆။ ကျွန်ုပ်တို့သည် အမြဲတန်းလိုလို ရုပ်ရှင်ကြည့်သည်။ ၇။ မခင်ဌေးကြွယ်သည် ပျင်းရိစွာအခန်းတဲမှာ စာကျက်နေသည်။ ၈။ ကျွန်တော်သည် ရိုးသားစွာ

စာတစ်စောင်ကိုရေးသည်။ ၉။ သူမသည် ချမ်းသာစွာ အိမ်တဲမှာ နေထိုင်သည်။ ၁၀။ လူကလေးများ ပျော်ရွှင်စွာ ရေကန်ထဲမှာ ကစားကြသည်။

လေ့ကျင့်ခန်း(၂)

၁။ မြင်းတစ်ကောင်သည် ရေကန်အနီးသို့ လျင်မြန်စွာ ပြေးသွားသည်။ ၂။ မခင်ဌေးကြွယ်သည် မကြာခဏ ကျွန်ုပ်ထံကို အလည်လာသည်။ ၃။ စာရေးများသည် အမြဲတန်း အလုပ်ကို လုပ်ကြသည်။ ၄။ မခင်ထားရီသည် အခါအားလျော်စွာ စာရေးသည်။ ၅။ မောင်ခင်သည် ရန်ကုန်မြို့ ၂၆-လမ်းမှာနေသည်။ ၆။ ကျွန်တော်သည် တောင်ငူမြို့ ဘူတာအနီးမှာ ၃-နှစ်ကြာ နေခဲ့သည်။ ၇။ မခင်ဌေးကြွယ်သည် နံနက်၈-နာရီမှာ အမြဲတန်းထမင်းစားသည်။ ၈။ သူသည် ကျယ်လောင်စွာ စကားပြောသည်။ ၉။ သူသည် မနက်ခင်းတွင် ဘူတာရုံသို့ လျင်မြန်စွာသွားခဲ့သည်။ ၁၀။ မိန်းကလေးများသည် နံနက်၈-နာရီတွင် ကျောင်းသို့လျင်မြန်စွာ လမ်းလျှောက်သွားသည်။

လေ့ကျင့်ခန်း(၃)

၁။ ဤကုလားထိုင်ကို ကောင်းစွာပြုလုပ်ထားသည်။ ၂။ ဤစာအိပ်ကိုပြည့်စုံစွာကျွန်ုပ်ရေးထားပါသည်။ ၃။ အင်္ဂလိပ်စာကို အမြဲတန်းသင်ယူသင့်သည်။ ၄။ လေ့ကျင့်ခန်းများကို ထုံးစံအတိုင်း ရေးရမည်။ ၅။ ငွေများကို အခါအားလျော်စွာ သုံးရမည်။ ၆။ ရွှေများကို အများအားဖြင့် မိန်းကလေးများ နှစ်သက်ကြသည်။ ၈။ မခင်ဌေးကြွယ်ကို အမြဲတန်း ကျွန်တော်ချစ်ပါသည်။ ၉။ သူမသည် ၈-နာရီအချိန်မှာ ကျောင်းသို့သွားခဲ့သည်။ ၉။ မခင်ထားရီသည် အိမ်သို့လျင်မြန်စွာ ပြန်သွားသည်။ ၁၀။ လူကလေးများသည် ဘုရားပေါ်မှာ ပျော်ရွှင်စွာနေကြသည်။

လေ့ကျင့်ခန်း (၄)

၁။ ကျွန်တော်သည် ၁၉၆၁ခုနှစ် ဇွန်လ ၄-ရက်နေ့ ၈-နာရီ အချိန်မှာ ဘုရားသို့ သွားခဲ့ပါသည်။ ၂။ ဦးမြသည် ညနေတိုင်း လမ်းလျှောက်သည်။ ၃။ မခင်ဌေးကြွယ်သည် တနင်္ဂနွေနေ့တိုင်း ကျွန်ုပ်ထံကို အလည်လာသည်။ ၄။ မောင်ခင်သည် မြစ်ကမ်းသို့ လျင်မြန်စွာ ပြေးသွားသည်။ ၅။ ကျောင်းသားများသည် နံနက် ၉-နာရီတွင် လျင်မြန်စွာ ပြေးသွားသည်။ ၆။ သူမသည် တစ်နေ့လုံးရုံ

မှာအလုပ်လုပ်နေသည်။ ၇။ သူသည် အလွန်သပ်ယပ်စွာအတန်းထဲတွင်အင်္ဂလိပ်စာကိုရေးနေသည်။ ၈။ ကျွန်တော်ပျင်းရိစွာ အတန်းထဲမှာ စာဖတ်နေသည်။ ၉။ မခင်ဌေးကြွယ်ကို ၁၉၄၈–ခုနှစ် ဇွန်လ ၄–ရက်နေ့ နံနက် ၈–နာရီမှာ မွေးဖွားသည်။

လေ့ကျင့်ခန်း(၅)

၁။ ကျွန်တော်သည် ကျယ်လောင်စွာစာဖတ်သည်။ ၂။ မိန်းကလေးများသည် အမြဲတန်း လုပမှုကို နှစ်သက်ကြသည်။ ၃။ ဦးမြသည် ပျင်းရိစွာ အလုပ်လုပ်နေသည်။ ၄။ မခင်ဌေးကြွယ်သည် ရိုးဖြောင့်စွာ မိဘထံကို စာရေးသည်။ ၅။ မောင်ခင်သည် ညနေ ၅–နာရီအချိန်မှာ အိမ်သို့ပြန်သွားသည်။ ၆။ ခွေးများသည် ဆူညံစွာ ပြေးလွှားကြသည်။ ၇။ မြင်းများသည် ညနေတိုင်း ရေကန်သို့ လျှင်မြန်စွာ ပြေးသွားကြသည်။ ၈။ ရေများသည် ပင်လယ်ထဲသို့ ဖြေးညှင်းစွာ စီးဆင်းသွားသည်။ ၉။ ကျောင်းသားများသည် တနင်္ဂနွေနေ့တိုင်း ပျော်ရွှင်စွာ ကစားကြသည်။ ၁၀။ လူများသည် အားလပ်သည့်နေ့တိုင်း ဖြောင့်မတ်စွာ ဘုရားပေါ်သို့သွားကြသည်။

စမ်းသပ်မေးခွန်း

၁။ ကြိယာဝိသေသနဆိုသည်မှာ မည်သည့်ပုဒ်များဖြစ်သနည်း။
၂။ ဝါကျတစ်ခုတွင် ကြိယာဝိသေသနပုဒ်များသည် မည်သည့်နေရာတွင် မည်ကဲ့သို့သော အစဉ်ဖြင့်ထား၍ ပြောဆိုရေးသားရသနည်း။ ပုံစံပြပါ။
၃။ Adverb ကြိယာဝိသေသနနှင့် Adverbial Phrase ကြိယာဝိသေသနပုဒ်စုကို ခွဲပြပါ။
၄။ အချိန်နှင့် နေရာပြကြိယာဝိသေသနပုဒ်များ နှစ်ခုသုံးခုပါနေလျှင် မည်ကဲ့သို့ အစဉ်ဖြင့် ရေးသားရမည်နည်း။ ပုံစံပြပါ။
၅။ Frequency Adverb ဆိုသည်မှာ မည်သည့်ပုဒ်များ ဖြစ်ကြသနည်း။ ဝါကျတွင် မည်သည့်နေရာ၌ထား၍ ရေးသားရသနည်း။ ပုံစံအနည်းငယ်ပြပါ။
၆။ Moving Verb ခေါ် ရွေ့လျားကြိယာများကို သိသမျှ ဖော်ပြ၍ ၎င်းကြိယာများပါဝင်သော ဝါကျတွင် "နေရာ" သည် မည်သည့်သဘောရှိ၍ မည်သည့်နေရာ၌ ထား၍ရေးသားရသနည်း။ ပုံစံပြပါ။

၇။ Passive Verbခေါ် ကံပထမဝါကျတွင် Manner Adverb ကိုမည်သည့် နေရာ၌ ထား၍ရေးရသနည်း။
၈။ Sentence Adverbများကို ဝါကျပုံစံနှင့် ပူးတွဲဖော်ပြပါ။
၉။ နာမဝိသေသနပုဒ်များကို ကြိယာဝိသေသနဖြစ်လာရန် "ly" ဆက်နည်းသုံးနည်းကို ဖော်ပြ၍ ပုံစံအနည်းငယ်ထုတ်ပြပါ။

Simple Sentence ပြီးဆုံးခြင်း

ယခုအထိပြခဲ့သော ဝါကျအားလုံးသည် Subject ကတ္တား တစ်ခုနှင့် Principal Verb ပဓါန ကြိယာတစ်ခုသာ ပါရှိသောကြောင့် Simple Sentence များဖြစ်ကြ၏။ နောက်အခန်းတွင်ပြမည့် Compound Sentence နှင့် Complex Sentence များမှာ Simple Sentenceနှစ်ခုသုံးခုကို ပူးတွဲပေါင်းစပ်ရေးသားခြင်းမျှသာဖြစ်၍ မခက်လှပေ။ Simple Sentence နိုင်နင်းမှန်ကန်စွာ ရေးနိုင်ဖို့သာအရေးကြီး၏။

Simple Sentence တစ်ခုကိုရေးလိုလျှင်

(က) ကြိယာ ၇–မျိုးတွင် မည်သည့်ကြိယာနှင့် ရေးရမည်ကိုငင်း၊
(ခ) ကတ္တားနှင့်ကြိယာတို့ ဧကဝုစ် ဗဟုဝုစ် First person, Other Person– တူညီစေရမည်ကိုငင်း၊
(ဂ) ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးမျိုးတွင် မည်သည့်ကာလနှင့် ရေးရမည်ကိုငင်း၊ အကူအညီကြိယာဖယားမှ မည်သည့်ဖယားဖြင့် ရေးထားသည်ကိုငင်း၊
(ဃ) "ဖြစ်"ကြိယာတွင် S.V.C.T.
"ရှိ"ကြိယာတွင် S.V.P.T.
There V.S.P.T.
"မှာရှိ"ကြိယာတွင် S.V.C.T.
"နာမဝိသေသန"ကြိယာတွင် S.V.C.T.
"ပြုလုပ်"ကြိယာတွင် S.V.O.M.P.T. ဟု ပုဒ်တို့ကို အစီအစဉ်မှန်ကန်စွာ ရေးရမည်ကိုငင်း သတိထား၍ ရေးပါက သင်ရေးသမျှ Simple Sentenceအားလုံးမှန်ကန်သည်ကို တွေ့ရပါလိမ့်မည်။

ဒုတိယပိုင်း ရိုးရိုးဝါကျအခန်းပြီး၏။

တတိယပိုင်း

COMPOUND AND COMPLEX

ကွန်ပေါင်းနှင့် ကွန်ပလက်စက်ခေါ် ဝါကျရှည်များအခန်း

CONJUNCTION = သမ္ဗန္ဓ

ပုဒ်နှစ်ခုသုံးခု ဝါကျနှစ်ခုသုံးခုကိုဆက်ရန် အသုံးပြုသောပုဒ်ကို Conjunction (ခန်'ဂျန်း–င်ကရှင်န်) သမ္ဗန္ဓဟုခေါ်၏။

Boys and girls are playing. ပုဒ်နှစ်ခုကိုဆက်၏။
Boys are playing and girls are reading.
(ဝါကျနှစ်ခုကိုဆက်၏။)

Pronunciation Formula

အသံထွက်ပုံသေနည်း

Conjunction = သမ္ဗန္ဓများသည် Structural words ဖွဲ့စည်းမှုစကားလုံးများဖြစ်၍ တစ်သံထွက်သမ္ဗန္ဓများကို အနုဒတ္တအားဖော့သံထွက်ရမည်။ နှစ်သံနှင့်အထက် သမ္ဗန္ဓများတွင် ဥဒတ္တအားစိုက်သံတစ်သံနှင့် အနုဒတ္တ အားဖော့သံ(များ) ပူးတွဲထွက်ရမည်။

Conjunction = နှစ်မျိုး

1. Co-'ordinating Con'junction (ကို'အော–ဒီနိတ်တင် ခန်'ဂျန်း–င်ရှင်–န်)။
2. Subordinatiohng Con'junction (ဆ'ဘော–ဒီနိတ်တင် ခန်'ဂျန်း–င်ရှင်–န်)ဟု နှစ်မျိုးရှိ၏။

သဒ္ဒါကျမ်းများတွင် အဆင့်အတန်းတူ ဝါကျများကို ဆက်လျှင် Co-ordinating အဆင့်အတန်းမတူ (ဝါ) အမြင့်နှင့်အနိမ့် (ဝါ) အကြီးနှင့်အငယ်ကိုဆက်လျှင် Subordinating ဟု ခွဲကြ၏။ ဝါကျနှစ်ခု အဆင့်အတန်းတူမတူကိုခွဲခြားရန် ကျောင်းသားများအဖို့ မလွယ်ကူလှပေ။ ထို့ကြောင့် အဓိပ္ပာယ်ဖြင့် သမ္ဗန္ဓနှစ်မျိုးကို ခွဲနေမည့်

အစား သမ္ဗန္ဓမှာ ပုဒ်ရေအနည်းငယ်မျှရှိသောကြောင့် မည်သည့်သမ္ဗန္ဓသည် Co-ordinating မည်သည့်သမ္ဗန္ဓသည် Subordinating ဖြစ်သည်ကို အလွယ်မှတ်မိအောင် ကျက်မှတ်ထားခြင်းသာ အကောင်းဆုံးဖြစ်၏။ ထိုသို့ ကွဲပြားစွာ နားလည်မှတ်မိမှလည်း Compound Sentence နှင့် Complex Sentence ကို အလွယ်တကူ ခွဲခြားနိုင်လိမ့်မည်။

And	/အင်–န်ဒ်/	= နှင့်၊ ၍။
As well as	/အဲက်ဇ်ဝဲလ်အဲက်ဇ်/	= သကဲ့သို့၊ လဲဘဲ။
And...too	/အင်–န်ဒ်တူ/	= သကဲ့သို့၊ လဲဘဲ။
And...'also	/အင်–န်ဒ်'အော–လ်ဆို/	= သကဲ့သို့၊ လဲဘဲ။
No less than	/နိုးလက်စ်သင်းန်/	= သကဲ့သို့၊ လဲဘဲ။
Both...and	/ဘုတ်သ်အင်–န်ဒ်/	= နှင့်၊ နှစ်ခုစလုံး။
Not 'only...but 'also	/နော့ထ်'အုန်း–န်လိ ဘတ်တ်'အော–လ်ဆို/	= သာမဟုတ်၊ လဲဘဲ။
Not 'only...but	/နော်ထ်'အုန်း–န်လိ ဘတ်–ထ်/	= သာမဟုတ်၊ လဲဘဲ။
'Eithe...or	/'အိုက်–သ္ဘာ–အော်(ရ်)/ /'အီး–သ္ဘာ(ရ်)/ US:	= သို့မဟုတ်။
Or	/အော်(ရ်)/	=သို့မဟုတ်။
Else	/အဲ–လ်စ်/	= သို့မဟုတ်။ (အသုံး
'Otherwise	/'အား–သ္ဘာဝိုက်ဇ်/	အလွန်နဲ၏။)
'Neither..nor	/'နိုက်–သ္ဘာ–နော်/ /နီး–သ္ဘာ–နော်/ US:	နှင့်။ နှစ်ခုစလုံး။
Nor	/နော်(ရ်)/	တခုမှမဟုတ်။
But	/ဘတ်–တ်/	သို့ရာတွင်၊ ဒါပေမယ့်။
How'ever	/ဟောင်'အဲ–ဗှာ(ရ်)/	သို့သော်လဲ။
Yet	/ယက်တ်/	သို့ရာတွင်။
Still	/စတစ်–လ်/	(အသုံးအလွန်နဲပြီ)။
'Nevertheless	/'နဲဗှာ–သ္ဘလက်စ်/	

Therefore	/'သဲ့-ယာဖော်(ရ်)/	ထို့ကြောင့်။
So	/ဆိုး/	ဒါကြောင့်။
For	/ဖော်(ရ်)/	အတွက်၊ သောကြောင့်၊ အကြောင်းမူကား။
Whereas	/ဝဲယာရက်စ်/ဝှဲယာရက်စ်/	ကတော့၊ စဉ်တွင်။
While	/ဝိုင်းလ်/ဝှိုင်းလ်/	

Co-ordinate Clause

Simple Sentence နှစ်ခုသုံးခုကို အထက်ပါ Co-ordinating Conjunction များဖြင့် ဆက်၍ ထားလိုက်လျှင် Simple Sentence တစ်ခုစီကို Co-ordinate Clause (ကို'အောဒိနိတ်ကလော့စ်)ဟုခေါ်၏။

ဥပမာ-

1. Mạ Mya is not beautiful. (Simlpe Sentence)
2. She is clever. (Simple Sentence)
3. Ma Mya is not beautiful but she is clever.
   မမြသည် မလှပါ၊ သို့ရာတွင် လိမ္မာ၏။

1. Mg Khin was industrious. (Simple Sentence)
2. He passed the exam. (Simple Sentence)
3. Mg Khin was industrious so he passed the exam.
   မောင်ခင်သည် လုံ့လဝီရိယရှိသည်၊ ထို့ကြောင့် သူသည် စာမေးပွဲအောင်၏၊

အထက်ပါပုံစံများ၌ နံပါတ်(၁)နှင့် (၂) ရှိ Simple Sentence များကို Co-ordinating Conjunction but, so တို့ဖြင့် ဆက်လိုက်သောအခါ Co-ordinate Clauses များဟူ၍ အမည်သစ်တစ်မျိုးကို ရရှိလာကြ၏။

Compound Sentence

အထက်ပါ Co-ordinate conjunction များဖြင့် ဆက်ထားသော Simple Sentence နှစ်ခုသုံးခုအပေါင်းကို Compound Sentence 'ပေါင်းစပ်ဝါကျ'ဟု ခေါ်၏။

(1) Ma Mya is not beautiful but she is clever. (Compound Sentence)
Mg Khin was industrious so he passed the exam. (Compound Sentence)

Double and Multiple Compound

Simple Sentence နှစ်ခုကို ပေါင်းစပ်ထားလျှင် Double Compound "နှစ်ဝါကျပေါင်း"ဟု ခေါ်၍ သုံးလေးခုကို ပေါင်းစပ်ထားလျှင် Multiple Compound "အများပေါင်းဝါကျ"ဟု ခေါ်လေသည်။

1. Ma mya is not beautiful but she is clever. (Double Compound Sentence)
2. Mg Khin was industrious s he pass the exam. Double Compound Sentence)
3. Ma Yee was young but she knew her work and she did it honesty.
   မရီသည် ငယ်၏၊ သို့ရာတွင် သူမသည် သူ၏အလုပ်ကို သိ၍ အလုပ်ကို ရိုးသားစွာ လုပ်သည်။
4. The boy backed home and he was very tired for he had swum in the lake.
   (Multiple Compound Sentence)
   လူကလေးသည် အိမ်သို့ပြန်လာ၍ မောနေ၏။ အကြောင်းမူကား သူ ကန်ထဲမှာ ရေကူးခဲ့ပြီးသောကြောင့်ဖြစ်၏။

Intonation in Compound Sentence
ကွန်ပေါင်းဝါကျလေယူလေသိမ်း

ရှေ့ Co-ordinate Clause အဆုံး ရှိ အားစိုက်သံတွင် 2 1 2 ဖြစ်စေ၊ 2 2 လေယူလေသိမ် ဖြင့် ဖြစ်စေပြော၍ ထုံးစံအတိုင်း 2 3 2 လေယူ လေသိမ်း တစ်ခုခုဖြင့် အဆုံးသတ်ရမည်။

Compound Sentence များ ရေးနည်း

၁။ ဆန့်ကျင်ဘက်သဘောရှိသော ဝါကျနှစ်ခုကို "but, how ever (yet, still, never the less)" တို့ဖြင့် ဆက်ရမည်။

She is ugly but she is honest.

သူမသည် အရုပ်ဆိုး၏၊ သို့ရာတွင် သူမ ရိုးဖြောင့်၏။

I was ill but I went to school.

I was ill however I went to school.

ကျွန်တော် နေမကောင်းပါ၊ သို့ရာတွင် ကျွန်တော် ကျောင်းသို့ သွားခဲ့သည်။

Ma Tin Yee studied hard but she failed in the exam.

Ma Tin Yee studied hard however she failed in the exam.

မတင်ရီသည် ကြိုးစားသည်၊ သို့ရာတွင် သူမသည် စာမေးပွဲ ကျခဲ့သည်။

၂။ ရှေ့အကြောင်းပါကျနှင့် နောက်အကျိုးဝါကျတို့ကို There fore, so ဖြင့် ဆက်၍ ရှေ့အကျိုးဝါကျနှင့် နောက်အကြောင်းဝါကျတို့ကို for ဖြင့် ဆက်ရ၏။

ဥပမာ-

1. Ma Yee tried hard so she passed the exam.
2. Ma Yee tried hard therefore she passed the exam.
3. Ma Yee passd the exam for she tried hard.

မရီသည် ကြိုးစားသောကြောင့် စာမေးပွဲ အောင်ခဲ့၏။
မရီသည် စာကြိုးစား၏။ ထို့ကြောင့် စာမေးပွဲ အောင်ခဲ့သည်။

4. Mg Khin was ill so he did not come to school yesterday.
5. Mg Khin was ill therefore he did not come to school yesterday.
5. Mg Khin did not come to school yesterday for he was ill.

မောင်ခင်သည် နေမကောင်းပါ၊ ထို့ကြောင့် မနေ့က ကျောင်းကို မလာခဲ့ပါ။
မောင်ခင်သည် နေမကောင်းသောကြောင့် မနေ့က ကျောင်းကို မလာခဲ့ပါ။
မောင်ခင်သည် ကျောင်းကို မလာခဲ့ပါ၊ အကြောင်းမှုကား သူ နေမကောင်းသောကြောင့် ဖြစ်၏။

7. Myint Myint neglected her home works so the teacher scolded her.

8. Myint Myint neglected her home works therefore the teacher scolded her.
9. The teacher scolded Myint Myint for she neglected her homeworks.
   မြင့်မြင့်သည် အိမ်စာလေ့ကျင့်ခန်းများ မလုပ်ခဲ့၊ ထို့ကြောင့် သူမကို ဆရာက ဆူလေသည်။

မှတ်ချက်။ ။ (က)ရှေ့မှာ အကြောင်း နောက်မှာ အကျိုးရှိလျှင် Therefore, so" ဖြင့်ဆက်–
(ခ) ရှေ့မှာ အကျိုး နောက်မှာ အကြောင်းရှိလျှင် "For" ဖြင့်ဆက်–
(ပြခဲ့သည့်အတိုင်း နေရာပြောင်း၍ဆက်နိုင်၏။)

(၁၀) တန်းမေးခွန်း VII (A)

(က) Therefore/So ပါသော Compound ဝါကျနှင့် အကျိုးဝါကျအစကို ပေးထားလျှင် for နှင့် ပြောင်းရေးပေးရမည်။

မေး။ Ma Yee tried hard therefore/so she passed the exam.
Ma Yee passed ....

ဖြေ။ Ma Yee passed the exam for she tried hard.

(ခ) For နှင့် ဆက်ထားသော Compound ဝါကျနှင့် အကျိုးဝါကျအစကို ပေးထားလျှင် Therefore/So ဝါကျနှင့် အပြီးသတ်ပေးရမည်။

မေး။ Mg Khin did not come to school for she was ill.
Ma Khin was ill ....

ဖြေ။ Ma Khin was ill therefore/So she did not come to school.

၃။ နှစ်ခုအနက် တစ်ခုမဟုတ်လျှင် တစ်ခုဖြစ်မည်ဟု ရွေးချယ်ခြင်း သဘောရှိသည့် ဝါကျနှစ်ခုကို "or, either or" ဖြင့် ဆက်ရ၏။

ပုံစံ

1. Give me liberty or give me death.
2. Either give me liberty or give me death.

ကျွန်ုပ်အား လွတ်လပ်မှုကိုသော်လဲပေးပါ၊ ဒါမှမဟုတ်ရင် ကျွန်ုပ်အား သေဒဏ်ပေးပါ။

3. You must take medicine or you will die.
4. Either you must take medicine or you will die.

သင်သည် ဆေးကိုသော်လဲ သောက်ရမည်၊ ဒါမှမဟုတ်လျှင် (ဒါကိုမှ မသောက်လျှင်) သင်သေလိမ့်မည်။

5. You must try hard or you will fail in the exam.
6. Either you must try hard or you will fail in the exam.

သင်ကြိုးစားရမည် ဒီလိုမှမကြိုးစားလျှင် သင် စာမေးပွဲကျလိမ့်မည်။

ပုဒ်နှစ်ခုသုံးခုကိုဆက်လျှင်

ပုဒ်နှစ်ခု သုံးခု လေးခုကိုဆက်လျှင် နောက်ဆုံးပုဒ်ရှေ့မှာသာ or ရှိ၍ ရှေ့ပုဒ်များကို ကော်မာဖြင့်ဆက်ရမည်။ or ရှေ့ရှိ ပုဒ်များကို 2 3 = တက်သံလေယူလေသိမ်းဖြင့်ပြော၍ နောက်ဆုံးပုဒ်ကို 2 1 = ကျသံလေယူလေသိမ်းဖြင့်ပြောရမည်။

I want to take tea, coffee, milk or milo.

Give me a pen, a pencil or a ball-pen.

၄။ အဖြစ်အပျက် နှစ်ခုစလုံး တစ်ခုမှမဖြစ်လျှင် (ဝါကျနှစ်ခုစလုံး Negative အဓိပ္ပာယ်ရှိလျှင်) "nor, neither nor" ဖြင့် ဆက်ရမည်။

(က) "Nor" ဖြင့်ရေးလျှင် ရှေ့ဝါကျ "Negative" နောက်ဝါကျ "Affirmative" ဖြစ်ရမည်။

(ခ) "Neither nor" ဖြင့်ရေးလျှင် နှစ်ဝါကျစလုံး "Affirmative" ဖြစ်ရမည် (သို့ရာတွင် နှစ်ဝါကျစလုံးကို "Negative" အဓိပ္ပာယ် ပြန်ရမည်။)

ပုံစံ

1. I did not go to him nor he came to me.
2. Neither I went to him nor he came to me.

ကျွန်ုပ်လည်း သူ့ဆီမသွား၊ သူလည်း ကျွန်တော့်ဆီ မလာပါ။

3. Mg Khin did not go to school nor he is at home.

မောင်ခင်သည် ကျောင်းကိုလည်း မသွားပါ၊ အိမ်မှာလည်း မရှိပါ။

4. Neither he went to shcool nor he is at home.

(၁၀) တန်း မေးခွန်း VII (A) စတိုင်

(က) Both...and... အငြင်းဝါကျ

(ခ) အငြင်းဝါကျနှစ်ခုအဆုံးတွင် either ကိုပေး၍ နောက်ဝါကျအစ Neither... ကိုပေးထားလျှင် Neither...nor ဖြင့် အပြီးသတ်ရေးပေးရမည်။

မေး:(က) Both Ni Ni and Nyi Nyi are not clever.
Neither...

ဖြေ။ Neither Ni Ni nor Nyi Nyi is clever.

နီနီရော ညီညီပါ နှစ်ယောက်စလုံး မလိမ္မာကြပါ။

မေး(ခ) Ni Ni is not clever. Nyi Nyi is not clever either.

ဖြေ။ Neither Ni Ni nor Nyi Nyi is clever.
နီနီရော ညီညီပါ မလိမ္မာကြပါ။

(ဂ) Both (ဗဟုဝုစ်ကတ္တား) not အငြင်းဝါကျနှင့် နောက်ဝါကျအစ Neither of...ပေးထားလျှင် Neither of (ဗဟုဝုစ်ကတ္တား) + ဝန်ခံဝါကျအပြီးသတ်ပေးရမည်။

မေး(ဂ) Both the brothers are not to be trusted.
Neither of ....

ဖြေ။ Neither of the brothers are to be trusted.

(ဃ) (ခ) ဝါကျအပြည့်နှင့် Neither သို့မဟုတ် nor အဆုံးဝါကျအစကို ပေးထားလျှင် နောက်အငြင်းဝါကျ၏ အကူကြိယာ + ကတ္တားဖြင့် ဝါကျအပြီးသတ်ပေးရမည်။

မေး(ဃ) Ni Ni is not clever. Nyi Nyi is not clever either.
Ni Ni is not clever neither/nor................

ဖြေ။ Ni Ni is not clever neither is Nyi Nyi.
Ni Ni is not clever nor is Nyi Nyi.

အညွှန်း။ အငြင်းဝါကျ နှာ (၁၃၉) ကြည့်ပါ။

၅။ ဝါကျနှစ်ခုသည် ဆန့်ကျင်ဘက်လည်း မဟုတ်၊ အဖြစ်အပျက် နှစ်ခုလည်း မတူလျှင် whereas, while တို့ဖြင့်ဆက်ရမည်။

ပုံစံ

1. **My father works in the office whereas my mother works at home.**


2. My father works in the office while my mother works at home.

အဖေသည် ရုံးမှာ အလုပ်လုပ်၍ အမေကတော့ အိမ်မှာ အလုပ်လုပ်သည်။

3. Boys are playing whereas girls are reading.

4. Boys are playing while girls are reading.

လူကလေးများ ကစားနေစဉ် မိန်းကလေးများ စာဖတ်နေကြသည်။

၆။ အဖြစ်အပျက် တစ်ခုတွင် အခြား အဖြစ်အပျက် တစ်ခုကို ထပ်လောင်း ပေါင်းထည့်လိုသောအခါ and, both...and, as well as, not only...but also, and...too, and...also, no less than တို့ဖြင့် ဆက်ရ၏။ အများအားဖြင့် ပုဒ် ၂ ခုကို ဆက်လေ့ရှိ၍ Compound Sentence မဖြစ်၊ Simple Sentence များသာဖြစ်၏။ and ရှေ့ပုဒ်(များ) ကို  ဖြင့်ပြော၍ and နှင့် နောက်ဆုံးပုဒ်ကို 1 ဖြင့်ပြောရမည်။

He saw a cat.

He saw a dog.

အထက်ပါ ဝါကျနှစ်ခုကိုဆက်လျှင်–

1. He saw a cat and a dog.

သူသည် ခွေးနှင့်ကြောင်ကို မြင်သည်။

2. He saw both a cat and a dog.

သူသည် ခွေးနှင့်ကြောင် နှစ်ကောင်စလုံးကို မြင်သည်။

3. He saw a cat as well as a dog.
သူသည် ခွေးတစ်ကောင်ကိုကဲ့သို့ ကြောင်တစ်ကောင်ကိုလည် မြင်သည်။

4. He saw not only a cat but also a dog.
သူသည် ကြောင်တစ်ကောင်ကိုသာမဟုတ် ခွေးတစ်ကောင်ကို လည်းပဲ မြင်သည်။

5. He saw a cat and a dog too.
သူသည် ကြောင်တစ်ကောင်ကို မြင်သကဲ့သို့ ခွေးတစ်ကောင် ကိုလည်း မြင်သည်။

6. He saw a cat and a dog also.
သူသည် ကြောင်တစ်ကောင်ကို မြင်သကဲ့သို့ ခွေးတစ်ကောင် ကိုလည်း မြင်သည်။

7. He saw a cat no less than a dog.
သူသည် ကြောင်တစ်ကောင်ကဲ့သို့ ခွေးတစ်ကောင်ကိုလည်း မြင်သည်။

အထက်ပါ ဝါကျများ၌ cat ကို and a dog ကို ဖြင့်ပြောရပုံကို သေချာစွာကြည့်ပါ။ အခြားမည်သည့် ပုဒ်များကိုမဆို ဆက်၍ ရေးနိုင်ပြောနိုင်ပါလိမ့်မည်။

8. She is clever and honest.
9. I learn English and Myanmar.
10. I write quickly and correctly.
11. You come to school and learn English.
12. I sit on the chair and read a newspaper.

မှတ်ချက်

(က) အထက်ပါ သမ္ဗန္ဓများတွင် and, both and ဖြင့် ကတ္တား ၂-ခုကိုဆက်လျှင် ကြိယာသည် ဗဟုဝုစ် ဖြစ်ရ၏။

ပုံစံ

A boy and a girl are in the class.
Both a boy and a girl are in the class.

(ခ) As well a, no less than တို့ဖြင့် ကတ္တား ၂-ခုကို ဆက်လျှင် ရှေ့ပုဒ်ကိုကြည့်၍ ကြိယာထားရမည်။

ပုံစံ

The teacher as well as pupils is happy.
The teacher no less than pupils is happy.
Pupils as well as the teacher are happy.
Pupils no less than the teacher are happy.

(ဂ) Not only...but also ဖြင့် ကတ္တား ၂-ခုကို ဆက်လျှင် နောက်ပုဒ်ကိုကြည့်၍ ကြိယာထားရ၏။

ပုံစံ

Not only she but also I am happy.
Not only I but also she is happy.

(ဃ) And...too,...and...also... ၂-ခုကို ဝါကျ၏အဆုံးတွင်သာ ထား၍ရေးရ၏။ too နှင့် also ကို Falling Intonation ကျသံလေယူလေသိမ်းဖြင့် ပြောရ၏။

ပုံစံ

She is happy and I too.
I am happy and she too.

She is happy and I also.

I am happy and she also.

(င) Or, either, or,nor, တို့ဖြင့် ကေဝုစ်ကတ္တား ၂-ခုကိုဆက်လျှင် ကြိယာသည် ကေဝုစ်ဖြစ်၏။ နောက်ပုဒ်နှင့် သဘောတူရ၏။

ပုံစံ

The boy or the girl goes to school.
She or I am in the class.
I or she is in the class.

(စ) ကေဝုစ်နှင့် ဗဟုဝုစ်နှစ်ခုကို or, either...or, nor, တို့ဖြင့် ဆက်လျှင် ဗဟုဝုစ်ကတ္တားကို နောက်ကထား၍ ဗဟုဝုစ်ကြိယာဖြင့် ရေးရ၏။

ပုံစံ

The girl or her parents were at home.
The teacher nor pupils are in the class.

အလယ်တန်းကျောင်းသားများအတွက်
လေ့ကျင့်ခန်း (၁)

အောက်ပါ Simple Sentence အစုံများကို သင့်တော်သော သမ္ဗန္ဓတစ်ခုဖြင့် Compound Sentence တစ်ခု သို့မဟုတ် Simple Sentence တစ်ခု ပြောင်းပေးပါ။

[(၁၀) တန်း အင်္ဂလိပ်ဘာသာ VII (A) မေးခွန်း

VII (A) Finish each sentence in such a way that it means exactly the same as the sentence that is given: ဟု ပုံစံတစ်မျိုးဖြင့်မေးမည်။]

1. He is a fool. He is a knave.
2. They are dull. They are diligent.

3. I buy a book. I buy a pen.
4. Mg Mg comes to me. Mg Hla comes to me.
5. She tried hard. She failed in the exam.
6. She tried hard. She passed the exam.
7. The boy did not come to school. The boy was ill.
8. Ma Mya is ugly. She is honest.
9. You are ill. You are weak.
10. They are rich. They are not happy.
11. He learns English. He learns Myanmar.
12. Ma Mya came to me Mg Hla came to me.
13. They passed in the exam. They are happy.
14. She failed in the exam. She is not disappointed.
15. He is a thief. He is a good man.
16. That is a girl. That is a boy.
17. You are a man. You are a woman.
18. She is his sister. She is his wife.
19. We are not boys. We are not girls.
20. She does not sleep. He does not sleep.
21. He is not a teacher. he is not a clerk.
22. Mg Mg is slow. He is sure.
23. He was obstinate. He was punished.
24. They are students. They are teachers.
25. I was ill. I was sleeping on the bed.
26. Mg Mya is not a girl. He is not a woman.
27. This is a boy. This is a grl.

Simple Sentence နှစ်ခုကို Compound သို့မဟုတ် Simple Sentence ပြောင်းရေးခြင်း

(၁၀) တန်းမေးခွန်း VII (A) တွင် Simple Sentence နှစ်ခုနှင့် နောက်ဝါကျအစကို ပေးထား၍ အဓိပ္ပာယ်မပျက် ဝါကျကို အပြီးသတ်ခိုင်းလျှင်-

(က) ဝါကျနှစ်ခုရှိ ပုဒ်တို့ အတူမရှိလျှင် ဝါကျနှစ်ခုကို သင့်လျော်သော သမ္ဗန္ဓဖြင့် ဆက်၍ Compound ဝါကျရေးပေးရ၏။

1. I am reading. (Simple)
He is writing. (Simple)
I am ....
I am reading and he is writing. (Compound)

2. Mg Khin tried hard. (Simple)
Mg Khin passed the exam. (Simple)
(က) Mg Khin tried ....
(ခ) Mg Khin passed ....
(က) Mg Khin tried hard therefore (so) he passed the exam. (Compound)
(ခ) Mg Khin passed the exam for he tried hard.

3. He is a thief. He is a good man.
He is ....
He is a thief or a good man.
He is either a thief or a good man.

4. She does not sleep. He does not sleep.
(က) Neither she (he) ....
(ခ) She does not sleep neither/nor ....
(က) Neither she nor he sleeps.
(ခ) She does not sleep neither /nor does he.

(ခ) ဝါကျနှစ်ခုတွင် ဝါကျအစိတ်အပိုင်း (ဝါကျင်္ဂ)တူများပါနေလျှင် ၎င်း(ဝါကျင်္ဂ)တူ တစ်ခုကို ဖျောက်၍ မတူသော ပုဒ်များကိုသာ သင့်လျော်သော သမ္ဗန္ဓဖြင့် ဆက်၍ Simple ဝါကျရေးပေးရ၏။

ပုံစံ

I saw a cat. (Simple)

I saw a dog. (Simple)

I saw ....

I saw a cat and a dog. (Simple)

ဤနည်းတူ

She goes to school. (Simple)

He goes to school. (Smple)

He and ....

He and she go to school. (Simple)

He is clever. (Simple)

He is honest. (Simple)

He is ....

He is clever and honest. (Simple)

သူသည် လိမ်မာ၍ ရိုးဖြောင့်သည်။

လေ့ကျင့်ခန်း (၂)

(၁၀) တန်း အင်္ဂလိပ်ဘာသာ VII (A) မေးခွန်း

VII (A) Finish each sentence in such a way that it means exactly the same as the sentence that is given:

အထက်ပေးထားသော ဝါကျနှင့် အဓိပ္ပာယ် တစ်ထပ်တည်းကျအောင် ဝါကျအစကို အပြီးသတ်ရေးပေးပါ။

1. He is a fool. He is a knave.

   He is ....

2. They are dull. They are diligent.
   They are ....
3. I buy a book. I buy a pen.
   I buy ....
4. Mg Mg comes to me. Mg Hla comes to me.
   Mg Mg ....
5. She tried hard. She failed in the exam.
   She ....
6. She tried hard. She passed the exam.
   She tried ....
   She passed ....
7. The boy did not come to school. The boy was ill.
   The boy was ....
   The boy did ....
8. Ma Mya is ugly. She is honest.
   Ma Mya is ....
9. You are ill. You are weak.
   You ....
10. They are rich. They are not happy.
    They ....
11. He learns English. He learns Myanmar.
    He ....
12. Ma Mya came to me Mg Hla came to me.
    Ma Mya ....
13. They passed in the exam. They are happy.
    They passed ....
    They are ....
14. She failed in the exam. She is not disappointed.

15. He is a thief. He is a good man.
He is ....
16. That is a girl. That is a boy.
That is ....
17. You are a man. You are a woman.
You are ....
18. She is his sister. She is his wife.
She is ....
19. We are not boys. We are not girls.
We are ....
20. She does not sleep. He does not sleep.
Neither she ....
She does not ....
21. He is not a teacher. he is not a clerk.
Neither ....
He is not ....
22. Mg Mg is slow. He is sure.
Mg Mg is...
23. He was obstinate. He was punished.
He was ....
24. They are students. They are teachers.
They are ....
25. I was ill. I was sleeping on the bed.
I was ill..
I was sleeping ....
26. Mg Mya is not a girl. He is not a woman.
Mg Mya is not ....
Mg Mya is neither ....
27. This is a boy. This is a grl.

This is a...

This is either ....

လေ့ကျင့်ခန်း (၂)

အောက်ပါ မြန်မာဝါကျ များကို အင်္ဂလိပ်ဘာသာ ပြန်ဆို ရေးသားပါ။

၁။ သူမသည် ဆင်းရဲ၏၊ သို့ရာတွင် သူမသည် ရိုးဖြောင့်သည်။ ၂။ မောင်မြသည် နေမကောင်းပါ၊ ထို့ကြောင့် သူသည် အိပ်ရာပေါ်မှာ အိပ်နေသည်။ ၃။ သူမသည် အလွန်အားနဲနေ၏။ အကြောင်းကား သူမသည် ဖျားနေခဲ့သောကြောင့် ဖြစ်သည်။ ၄။ လူကလေးများ ရေကူးနေကြ၏။ မိန်းကလေးများကတော့ သစ်ပင်အောက်မှာ ထိုင်နေကြလေသည်။ ၅။ မောင်တင်သည် အလွန်ဉာဏ်ထိုင်း၏။ သို့ရာတွင် သူသည် အလွန်လုံ့လဝီရိယရှိလေသည်။ ၆။ မောင်လှသည် မမြကို ချစ်၏။ သို့သော်လည်း မမြက မောင်လှကို မချစ်ပါ။ ၇။ မရီသည် နေမကောင်းပါ။ ထို့ကြောင့် သူမသည် မနေ့က ကျောင်းကို မလာချေ။ ၈။ ကျားသည် ဆာလောင်နေသည်၊ သို့ရာတွင် ၎င်းသည် သစ်ရွက်များကို မစားပါ။ ၉။ လှလှသည် ငိုနေသည်၊ အကြောင်းမူကား သူ၏အဖေသည် မနေ့က သေခဲ့သောကြောင့် ဖြစ်သည်။ ၁၀။ ဆရာသည် သင်ပုန်းအနီးမှာ ရပ်နေ၏၊ ကျောင်းသားများကတော့ အခန်းထဲမှာ စာရေးနေကြသည်။

လေ့ကျင့်ခန်း (၃)

အောက်ပါ မြန်မာဝါကျများကို အင်္ဂလိပ်ဘာသာပြန်ဆို ရေးသားပါ။

၁။ မတင်ရီသည် ဖောင်တိန်တစ်ချောင်းနှင့် စာအုပ်တစ်အုပ်ကို ဝယ်ချင်သည်။ ၂။ မရီသည် အင်္ဂလိပ်စာကိုသာမဟုတ် မြန်မာစာကိုလည်း သင်နေသည်။ ၃။ ဦးမြသည် သားများကဲ့သို့ သမီးကိုလည်း ချစ်သည်။ ၄။ ဆရာသည် ကျောင်းသားများနှင့် ကျောင်းသူများကို အင်္ဂလိပ်စာ ပြလိမ့်မည်။ ၅။ ကျွန်ုပ်သည် ဖောင်တိန်နှင့် ခဲတံ

နှစ်ခုစလုံးကို ဝယ်မည်။ ၆။ မောင်မြ သို့မဟုတ် မလှသည် ကျောင်းကို သွားလိမ့်မည်။ ၇။ မောင်တင်နှင့် မစိန် နှစ်ယောက်စလုံး အတန်းထဲမှာ မရှိကြပါ။ ကျွန်ုပ်သည် လဘက်ရည်နှင့် ကော်ဖီ နှစ်ခုအနက် တစ်ခုမှ မကြိုက်ပါ။ ၈။ ဆရာသာမဟုတ် ကျောင်းသားများလည်း နည်းသစ်သဒ္ဒါကို သဘောကျသည်။ ၉။ သင်တို့သည် အတန်းထဲမှာသာမဟုတ် အိမ်မှာလည်း ကြိုးစားကြရမည်။ ၁၀။ လှလှသည် မောင်စိန်နှင့် မောင်ဝင်း နှစ်ယောက်စလုံး တစ်ယောက်မှ မချစ်ပါ။

လေ့ကျင့်ခန်း (၄)

အောက်ပါ မြန်မာဝါကျများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသားပါ။

၁။ သင်တို့သည် ကြိုးစားရမည်။ သို့မဟုတ်လျှင် သင်တို့ စာမေးပွဲရှုံးလိမ့်မည်။ ၂။ မောင်ခင် ဖောင်တိန်တစ်ချောင်း ဝယ်သကဲ့သို့ ကျွန်တော်လည်း စာအုပ်တစ်အုပ် ဝယ်ခဲ့သည်။ မောင်မြလည်း ကျွန်တော့်ဆီကို မလာ၊ ကျွန်တော်လဲ မောင်မြဆီကို မသွားခဲ့ချေ။ ၄။ မြမြသည် စာမေးပွဲအောင်ချင်၏၊ ထို့ကြောင့် သူသည် စာကြိုးစားနေလေသည်။ ၅။ မနေ့က မိုးရွာနေပါသည်။ ထို့ကြောင့် ကျွန်တော် ကျောင်းကိုမလာခဲ့ပါ။ ၆။ ဆရာသည် သဘောကောင်း၏ (good-natured သဘောကောင်းသော) ထို့ကြောင့် ကျောင်းသားများက သူ့ကို ချစ်ကြသည်။ ၇။ ဆရာနှင့် တပည့်နှစ်ဦးလုံး လုံ့လဝိရိယရှိကြရမည်။ ၈။ အိမ်ကိုပြန်ကြပါ၊ မပြန်လျှင် (သို့မဟုတ်) အတန်းထဲမှာ ထိုင်ကြပါ။ ၉။ မရီသည် ကျွန်ုပ်၏ တူမဖြစ်သကဲ့သို့ ကျွန်ုပ်၏ တပည့်တစ်ယောက်ဖြစ်သည်။ ၁၀။ နမူနာများ (examples) ကို အကြိမ်ကြိမ်ဖတ်ပါ။ သို့မဟုတ်လျှင် သင်တို့သည် သဒ္ဒါကို နားလည်ကြလိမ့်မည် မဟုတ်။

"Subordinating Conjunction"

အောက်ပါ သမ္ဗန္ဓများကို Su'bordinating Con'junction (ဆ'ဘော-ဒိနိတ်ဟင်-င်ကန်'ဂျန်း-င်ကရှင်န်)များဟု ခေါ်၏။

As /အက်ဇ်/ = သောကြောင့်၊သကဲ့သို့၊အတိုင်း
Snce /ဆင့်န်စ်/= သောကြောင့်၊ကထဲက
Be'cause /ဘီ'ခေါ့-ဇ်/= သောကြောင့်
Though /သို့း/ = သော်လည်း
'Although /'အော-လ်သို့/ = သော်လဲ၊ ပေမယ့်
Till /ထစ်-လ်/ = တိုင်အောင်
Un'till /အန်'ထစ်-လ်/ = တိုင်အောင်
Be'fore /ဘီ'ဖော(ရ်)/ = မ(သွား)ခင်၊မ(သွား)မီ
'After /'အား-ဖ္တာ(ရ်) / =ပြီးနောက်
When /ဝ္ငင်း-န်/ = သောအခါ
As soon as /အက်ဇ်ဆူးနက်ဇ်/=(သွား)လျှင်(သွား)ချင်း
So long as /ဆိုးလွန်း-င်၊ဆိုးလော-ငက်ဇ်/=သမျှကာလပတ်လုံး
As if /အက်-ဇစ်ဖ်/ = ကဲ့သို့
As though /အက်-ဇ်သို့း/ = ကဲ့သို့
That-may = နိုင်အောင်
That-might = နိုင်အောင်
So Adjective-that = လောက်အောင်
So Adverb (that) = လောက်အောင်
So that = စေရန် သို့မှသာလျှင်
'Whether-or not /ဝဲသာအော်နော့ထ်/=သွားသွား မသွားသွား
As much as /အက်ဇ်မတ်ချက်ဇ်/ = သလောက်
As(quickly)as (he) can /= အစွမ်းကုန်မြန်စွာ
As(quickly)as possible = မြန်နိုင်သမျှမြန်စွာ
Lest /လက်စ်ထ်/ = မ--စေရန်
If /အစ်ဖ်/ = အကယ်၍--လျှင်
Un'less /အန်လက်-စ်/ = အကယ်၍မ--လျှင်
Provided (that) } /ပရ'ဗိုက်-ဒစ်ဒ်/ = အကယ်၍လျှင် (အသုံးနည်း၏)
Providing (that)
On con'dition that
How'ever (beautiful) = ဘယ်လောက်ဘဲ(လှလှ)

As far as /အက်ဇ်ဖွာရက်ဇ်/ = သလောက်တော့

မှတ်ချက်။ ။ However တစ်လုံးတည်းဆိုလျှင် Co-ordinating ဖြစ်၍ ၎င်းနောက်မှ နာမဝိသေသန တစ်လုံးပါလျှင် Subordinating ဖြစ်၏ဟု ခွဲခြားသတိပြုမိပါစေ။

Subordinate Clause

Simple Sentence တစ်ခု၏အစတွင် အထက်ပါ Su'bordnating Con'junction တစ်ခုခုကို ထား၍ ရေးလိုက်လျှင် ၎င်းကို Su'bordinate Clause (ဆ'ဘော-ဒိနိတ်ကလော့စ်) "အမှီဝါကျငယ်"ဟုခေါ်၏။ Adverb Clause ကြိယာဝိသေသန ဝါကျကဏ္ဍဟူ၍လည်းခေါ်၏။

1. As I was ill (Sub Clause)
   ကျွန်တော် နေမကောင်းသောကြောင့်
2. Though he tried (Sub Clause)
   သူ ကြိုးစားခဲ့သော်လည်း
3. When I come back (Sub Clause)
   ကျွန်တော် ပြန်လာသောအခါ

မှတ်ချက်။ ။ အထက်ပါ Sub Clause များ၏ မြန်မာပြန်ဆိုချက်များကို ကြည့်ခြင်းအားဖြင့် ၎င်းတို့သည် သူတို့ချည်းသက်သက် အဓိပ္ပာယ် မပြည့်ကြောင်း စကားတန်းလန်းဖြစ်နေကြောင်းကို တွေ့ရမည်။ အဓိပ္ပာယ်ပြည့်စုံရန် နောက်တစ်ဝါကျ ဆက်ဖို့လိုသေးကြောင်း တွေ့ရမည်။

Principal Clause

Subordinate Clause ဖြင့် ဆက်၍ရေးထားသည့် **အဓိပ္ပာယ်** ပြည့်စုံသည့် ဝါကျကို Principal Clause (ပ၊ရင်း-စပယ်လ်ကလော့စ်) သို့မဟုတ် Main Clause (မိန်း-န်ကလော့စ်) **"ပဓာနဝါကျကြီး"**ဟု ခေါ်၏။

1. As I was ill (Sub Clause) I did not go to school. (Prin: Clause)
2. Though he tried hard (Sub: Clause) he did not pass the exam. (Prin: Clause)
3. When I came back (Sub: Clause) I saw him at home,. (Print: Clause)

Complex Sentence

အထက်ပါ Subordinate Clause နှင့် Principal Clause များ ပါဝင်သော ဝါကျကြီးများကို Complex Sentence "**ရောစပ်ဝါကျ**"ဟုခေါ်၏။ တစ်နည်းအားဖြင့် ဝါကျနှစ်ခု သုံးခုကို **Sub-**ordinating Conjunction များဖြင့် ဆက်၍ ရေးသားလျှင် ၎င်းဝါကျကြီးကို Complex Sentence ဟုခေါ်၏။

1. As I was ill, I did not go to school.
2. Though he tried hard, he did not pass the exam.

Subordinate Clause နေရာ

မြန်မာဘာသာတွင် Sub: Clause များကို ပထမ ပြောဆိုရေးသား၍ Print Clause ကို နောက်ဆုံးထား၍ ပြောဆိုရေးသားကြသော်လည်း အင်္ဂလိပ်ဘာသာ၌ ထိုသို့မဟုတ်ဘဲ ကြိုက်ရာ Clause ကို ရှေ့ကထား၍ ရေးနိုင်ပြောနိုင်လေသည်။ Sub: Clause ရှေ့ကလာလျှင် ၎င်းအဆုံးတွင် ကော်မာထည့်ရေးရမည်။ Main Clause ရှေ့ကလာလျှင် ၎င်းအဆုံးတွင် ကော်မာမလို။

As I was ill, I did not go to school.

(Sub Clause ရှေ့ Prin Clause နောက်)

I did not go to school as I was ill.

(Prin Clause ရှေ့ Sub Clause နောက် ကော်မာမလို)

မှတ်ချက်။ ။ Prin Clause အတိတ်ဖြစ်လျှင် Sub Clause အတိတ်ကာလ ဖြစ်ရမည်။ စာမျက်နှာ (၃၄၅) ရှိ Sequence of Tense အခန်းမှာကြည့်။

Comple၃e Sentence ရေး/ပြောနည်း

Simple Sentence တစ်ခု၏ရှေ့တွင် Subordinatng Conjunction တစ်ခုကို ထား၍ ရေးလိုက်လျှင် Subodinate Clause တစ်ခုဖြစ်လာ၏။ ၎င်း Sub Clause ၏ရှေ့ သို့မဟုတ် နောက်တွင် အခြား Simple Sentence တစ်ခု ယှဉ်ကပ်ပေး လိုက်လျှင် Complex Sentence ဖြစ်လာလေသည်။ ၎င်း Sub Clause နှင့် ဆက်နေသော Simple Sentence ကို Principal Clause ဟု နာမည်ပြောင်းခေါ်ရ၏။

(Spoken English)
Intonation in Complex Sentence
ကွန်ပလက်စ်ဝါကျလေယူလေသိမ်း

Complex Sentence ဝါကျတစ်ခုတွင် ရှေ့ကလော့စ်၏ အဆုံးအားစိုက်သံကို  Fall Rise = ကျတက်သံ လေယူလေသိမ်း သို့မဟုတ်  Falling Intonation =ကျသံလေယူလေသိမ်းဖြင့်ပြော၍ ထုံးစံအတိုင်း  သို့မဟုတ်  ဖြင့် အဆုံးသတ်ရမည်။

ဥပမာ–

1. You try hard. (Simple)
2. You will pass the exam. (Simple)

If you try hard, you will pass the exam.

Sub Clause Prin Clause

1. He is an honest man. (Simple)
2. He is poor. (Simple)

He is an honest man though he is poor.

Prin Clause Sub Clause

အောက်ပုံစံတွင် ပြထားသော Complex Sentence များကို မြန်မာပြန်ပုံနှင့်တကွ သေချာစွာ လေ့လာခြင်းအားဖြင့် Complex Sentence များကို အလွယ်တကူ ရေးတတ်ပါလိမ့်မည်။

Complex Sentence ပုံစံများ

1. Ma Mya is sleeping as she is ill.
2. As Ma Mya is ill, she is sleeping.

   မမြသည် နေမကောင်းသောကြောင့် အိပ်နေသည်။
3. Mg Ba passed the exam as he tried hard.
4. As Mg Ba tried hard, he passed the exam.

   မောင်ဘသည် ကြိုးစားသောကြောင့် စာမေးပွဲအောင်သည်။
5. Since Ma Mya is ill, she is sleeping.

   မမြသည် နေမကောင်းသောကြောင့် အိပ်နေသည်။
6. We are learing English because we want to get knowledge.

   ကျွန်ုပ်တို့သည် ဗဟုသုတ ရချင်သောကြောင့် အင်္ဂလိပ်စာကို သင်နေကြသည်။
7. Mg Ba goes to school because he wants to learn English.

   မောင်ဘသည် အင်္ဂလိပ်စာကို သင်ချင်သောကြောင့် ကျောင်းကို သွားသည်။

8. You must learn English as I teach you.
ကျွန်ုပ် သင်ပြသည့်အတိုင်း သင်တို့သည် အင်္ဂလိပ်စာကို သင်ယူရမည်။
9. We must live as our parents say.
မိဘများပြောတဲ့အတိုင်း ကျွန်ုပ်တို့ နေကြရမည်။
10. The boys are swimming in the lake as I say.
လူကလေးများသည် ကျွန်တော်ပြောတဲ့အတိုင်း ရေကန်ထဲမှာ ရေကူးနေကြသည်။
11. As I thought she failed in the exma.
ကျွန်တော်ထင်တဲ့အတိုင်း သူမသည် စာမေးပွဲကျလေသည်။
12. Though Mg Ba tried hard he failed in the exam.
13. Although Mg Ba tried hard he failed in the exam.

မောင်ဘသည် စာကြိုးစားသော်လည်း စာမေးပွဲကျခဲ့သည်။
14. I could walk though I was tired.
15. I could walk although I was tired.
ကျွန်တော် မောပန်းသော်လည်း လမ်းလျှောက်နိုင်ခဲ့သည်။
16. Though I failed in nthe exam, I was not sorry.
ကျွန်တော် စာမေးပွဲရှုံးသော်လည်း ဝမ်းမနည်းပါဘူး။
17. If you ry hard, you will pass the exam.
18. On condition that you try hard, you will pass the exam.
19. Provided that you try hard, you will pass the exam.

အကယ်၍ သင်ကြိုးစားလျှင် သင်စာမေးပွဲအောင်လိမ့်မည်။

20. If Mg Ba came to me, I should go to Shwedagon.
မောင်ဘလာမယ်ဆိုလျှင် ကျွန်တော် ရွှေတိဂုံကို သွားခဲ့လိမ့်မည်။

21. If I had got this book, I should have passed the exam.
အကယ်၍ ဤစာအုပ်ကို ကျွန်တော်ရခဲ့လျှင် ကျွန်တော်သည် စာမေးပွဲအောင်ခဲ့ပါလိမ့်မည်။

22. Unless you give me money, I shall not give you my book.
အကယ်၍ သင်သည် ကျွန်ုပ်ကိုငွေမပေးလျှင် ကျွန်ုပ် သင့်ကို စာအုပ်ပေးလိမ့်မည်မဟုတ်။

23. Unless I go to school, my mother will beat me.

24. If I do not go to school, my mother will beat me.

25. Unless you eat the cake, you will be hungry.

26. If you do not eat the cake, you will be hungry.
အကယ်၍ သင်မုန့်ကိုမစားလျှင် သင်ဆာနေလိမ့်မည်။

27. Till I come back, you must wait here.

28. Until I come back, you must wait here.
ကျွန်ုပ် ပြန်လာသည့်တိုင်အောင် သင် ဒီနေရာမှ စောင့်ရမည်။

29. Till you pass the exam, I will help you.
သင်တို့ စာမေးပွဲအောင်သည့်တိုင်အောင် (မအောင်မချင်း) ကျွန်ုပ်က သင်တို့ကို အကူအညီပေးပါမည်။

30. Until Mg Ba comes back, we cannot stay here.
ကျွန်ုပ်တို့သည် မောင်ဘ ပြန်လာသည့်တိုင်အောင် ဒီနေရာမှာ မနေနိုင်ပါ။

31. Learn English till you are an old man.

သင်သည် လူအိုကြီးတစ်ယောက် ဖြစ်သည့်တိုင်အောင် အင်္ဂလိပ်စာကို သင်ပါ။

32. I left the school before I had passed the exam.
ကျွန်တော်သည် စာမေးပွဲ မအောင်မီ ကျောင်းက ထွက်ခဲ့ပါသည်။

33. We had started our class before Mg Ba arrived.
ကျွန်ုပ်တို့သည် မောင်ဘ မရောက်မီ ကျွန်တော်တို့၏ သင်တန်းကို စခဲ့ကြပါသည်။

34. Ma Mya will cook the rice before her mother comes back.
သူ၏အမေ ပြန်မလာခင် မမြသည် ထမင်းချက်လိမ့်မည်။

35. After I had washed my face, I took tea.
ကျွန်တော်သည် ကျွန်တော်၏ မျက်နှာကို သစ်ပြီးနောက် လက်ဘက်ရည်ကို သောက်ပါသည်။

36. After I had taught you English, I went to my house.
ကျွန်ုပ်သည် သင်တို့အား အင်္ဂလိပ်စာ သင်ပြပြီးနောက် ကျွန်ုပ်အိမ်ကို သွားခဲ့သည်။

37. You will come back, after you have learnt your lessons.
သင်တို့သည် သင်တို့၏ သင်ခန်းစာများကို သင်ပြီးနောက် အိမ်ကို ပြန်လိမ့်မည်။

38. When the teacher came into the class, the boys got up.
ဆရာသည် အတန်းထဲသို့ ဝင်လာသောအခါ လူကလေးများ မတ်တတ်ရပ်ကြသည်။

39. When we ate the cake, Mg Ba arrived.
ကျွန်တော်တို့ မုန့်ကို စားသောအခါ မောင်ဘ ရောက်လာသည်။

40. When they came to me, I was sleeping in the room.
သူတို့ ကျွန်တော့်ဆီကို လာသောအခါ ကျွန်တော် အခန်းထဲမှာ အိပ်နေခဲ့ပါသည်။
41. When I was hungry, I ate the fruit.
ကျွန်တော်သည် ထမင်းဆာသောအခါ သစ်သီးကို စားခဲ့ပါသည်။
42. As soon as I arrived at Yangon, I went to the Shwedagon Pagoda.
ကျွန်တော်သည် ရန်ကုန်ရောက်လျှင် ရောက်ချင်း ရွှေတိဂုံဘုရားကို သွားခဲ့ပါသည်။
43. As soon as I had got up, I washed my face.
ကျွန်တော်သည် အိပ်ရာက ထလျှင်ထချင်း မျက်နှာသစ်ခဲ့ပါသည်။
44. As soon as I had met Ma Mya I loved her.
ကျွန်တော်သည် မမြကို မြင်လျှင်မြင်ချင်း သူမကို မေတ္တာရှိခဲ့ပါသည်။
45. So long as I lived in Yangon, I helped Mg Ba.
ကျွန်တော်သည် ရန်ကုန်မှာ နေသမျှကာလပတ်လုံး မောင်ဘကို အကူအညီပေးခဲ့ပါသည်။
46. So long as I am healthy, I will teach my friends English.
ကျွန်တော်သည် ကျန်းမာသမျှ ကာလပတ်လုံး ကျွန်တော့်မိတ်ဆွေများကို အင်္ဂလိပ်စာ သင်ပေးမည်။
47. I will support you so long as yu are attending to the university.
သင် တက္ကသိုလ်ကို တက်နေသမျှကာလပတ်လုံး ကျွန်ုပ်သင့်ကို အထောက်အပံ့ပေးမည်။

48. So long as I am teaching English, you must be sitting in the class.
ကျွန်ုပ်သည် အင်္ဂလိပ်စာကို ပြနေသမျှကာလပတ်လုံး သင်တို့ အတန်းထဲမှာ ထိုင်နေကြရမည်။
49. Since he has been ill, he does not go to the bazaar.
သူသည် နေမကောင်းကထဲက ဈေးကို မသွားပါ။
50. Since Mg Ba came back from Mandalay, I have not met him.
မောင်ဘသည် မန္တလေးမှ ပြန်လာကထဲက ကျွန်ုပ် သူ့ကို မတွေ့ရသေးပါ။
51. He did not visit me since he arrived last Sunday.
သူသည် လွန်ခဲ့သော တနင်္ဂနွေနေ့က ရောက်ပြီးကထဲက ကျွန်ုပ်ဆီကို အလည်မလာသေးပါ။
52 While we are learning English, the men are working outside our school.
ကျွန်တော်တို့ အင်္ဂလိပ်စာသင်ယူနေစဉ် လူကြီးများသည် ကျွန်တော်တို့၏ ကျောင်းအပြင်ဘက်မှာ အလုပ်လုပ်နေကြသည်။
53 While Mg Ba is writing, Mg Hla is drawing a picture.
မောင်ဘ စာရေးနေစဉ် မောင်လှသည် အရုပ်တစ်ခု ဆွဲနေသည်။
54. The boys are playing near me while I am sleeping.
ကျွန်တော် အိပ်ပျော်နေစဉ် လူကလေးများသည် ကျွန်တော့် အနီးမှာ ကစားနေကြသည်။
55. All students must try hard, lest they should fail in the exam.

ကျောင်းသားအားလုံး စာမေးပွဲ မကျစေရန် သူတို့ ကြိုးစား ရမည်။

56. We are eating the fruit, lest we should be hungry.
ကျွန်ုပ်တို့သည် ထမင်းမဆာစေရန် သစ်သီးကို စားနေကြသည်။

57. Mg Ba took medicine <u>lest</u> he <u>should</u> get fever.
မောင်ဘသည် မဖျားစေရန် ဆေးကိုသောက်ခဲ့သည်။

58. The boys do not play in the class lest the teacher <u>should</u> bea them.
လူကလေးများသည် သူတို့အား ဆရာက မရိုက်စေရန် အတန်းထဲတွင် မကစားကြပါ။

59. Ma Khin was lying on the bed as if (as though) she were ill.
မခင်သည် နေမကောင်းသကဲ့သို့ အိပ်ရာပေါ်မှာ လဲလျောင်း နေသည်။

60. Ma Tin Yee was teaching the boys as if (as though) she were a teacher.
မတင်ရီသည် ဆရာတစ်ယောက်ကဲ့သို့ လူကလေးများကို သင်ပြနေခဲ့သည်။

61. Ma Mya was cooking the rice as if (as though) she were her mother.
မမြသည် သူ့အမေကဲ့သို့ ထမင်းချက်နေသည်။

62. Even if U Mya was old, he could walk quickly.
ဦးမြသည် အသက်ကြီးနေတာတောင်မှ လမ်းလျှောက်နိုင်သေး သည်။

63. Even if Ma Hla was ill, she went to school.
မလှသည် နေမကောင်းတာတောင်မှ ကျောင်းကို သွားခဲ့ သည်။

64. We come to you that we may help you.

ကျွန်ုပ်တို့သည် သင်တို့အား အကူအညီပေးနိုင်အောင် သင်တို့ထံသို့ လာကြသည်။

65. We must work hard that we may succeed in life.
ကျွန်ုပ်တို့သည် ဘဝ၏အောင်မြင်မှုကိုရအောင် ကြိုးစားရမည်။

66. Men eat food that they may live.
လူများသည် အသက်ရှင်နေနိုင်အောင် အစာကို စားသည်။

67. I was waiting here that I might meet my lover.
ကျွန်ုပ် ချစ်သူနှင့်တွေ့နိုင်အောင် ကျွန်ုပ် ဒီနေရာမှာ စောင့်နေခဲ့သည်။

68. Mg Khin went to U Mya that he might learn English from him.
မောင်ခင်သည် ဦးမြထံမှ အင်္ဂလိပ်စာကို သင်နိုင်အောင် ဦးမြထံကို သွားသည်။

69. Ma Mya is so beautiful that all men cannot help looking at her.
မမြသည် လူအားလုံးက မကြည့်ဘဲ မနေနိုင်လောက်အောင် လှပသည်။

70. He is so clever that his teacher praised him.
သူသည် သူ့ဆရာ ချီးကျူးရလောက်အောင် လိမ်မာသည်။

71. This stone is so heavy that we cannot lift it.
ဤကျောက်တုံးသည် ကျွန်ုပ်တို့ မ,မနိုင်လောက်အောင် လေးသည်။

72. This book is so difficult that the students cannot read it.
ဤစာအုပ်သည် ကျောင်းသားများ မဖတ်နိုင်လောက်အောင် ခက်သည်။

73. Mg Ba is running so quickly that we cannot overtake him.
မောင်ဘသည် သူ့ကို ကျွန်ုပ်တို့ မမှီနိုင်လောက်အောင် လျင်မြန်စွာ ပြေးသည်။
74. The boys are playing so noisily that they cannot hear me.
လူကလေးများသည် ကျွန်တော် ခေါ်တာကို မကြားနိုင်လောက်အောင် သူတို့ ဆူညံစွာကစားနေသည်။
75. The men are walking so slowly that they cannot catch the train.
လူကြီးများသည် ရထားမမှီနိုင်လောက်အောင် နှေးကွေးစွာ လမ်းလျှောက်နေကြသည်။
76. We must try hard so that we will pass the exam.
ကျွန်ုပ်တို့ စာကြိုးစားရမည်။ ထိုသို့ ကြိုးစားမှသာလျှင် စာမေးပွဲ အောင်လိမ့်မည်။
77. U Mya saves money so that he will be able to buy a car.
ဦးမြသည် ငွေစုသည်၊ သို့မှသာလျှင် သူသည် ကားတစ်စီးကို ဝယ်နိုင်လိမ့်မည်။
78. We must start our class whether Mg Ba comes or not.
မောင်ဘ လာလာ မလာလာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အတန်းကို စကြရမည်။
79. You must find out a job whether you are rich or not.
သင်သည် ချမ်းသာသည်ဖြစ်စေ၊ မချမ်းသာသည်ဖြစ်စေ အလုပ် တစ်ခုကို ရှာရမည်။
80. Mg Ba must marry Ma Mya whether he loves

her or not.
မောင်ဘသည် မမြအား ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ လက်ထပ်ရမည်။

81. You must eat the rice whether you are hungry or not.
သင်တို့သည် ဆာသည်ဖြစ်စေ၊ မဆာသည်ဖြစ်စေ ထမင်းစားကြရမည်။

82. You can take the books as much as you like.
သင်တို့သည် စာအုပ်များကို အလိုရှိသလောက် ယူနိုင်သည်။

83. Ma Khin buys the cloth as much as she wants.
မခင်သည် အထည်များကို အလိုရှိသလောက် ဝယ်သည်။

84. The boys run as fast as they can.
လူကလေးများသည် အစွမ်းကုန် မြန်နိုင်သမျှ မြန်စွာပြေးသည်။

85. The students write their lessons as carefully as they can.
ကျောင်းသားများသည် အစွမ်းကုန် သတိရှိနိုင်သမျှ သတိရှိစွာ သူတို့၏ သင်ခန်းစာများကို ရေးကြသည်။

86. The students wrote their lessons as carefully as they could.
ကျောင်းသားများသည် အစွမ်းကုန် သတိရှိနိုင်သမျှ သတိရှိစွာ သူတို့၏ သင်ခန်းစာများကို ရေးခဲ့ကြသည်။

87. You must wash the plates as clearly as you can.
သင်တို့သည် ပန်းကန်ပြားကြီးများကို အစွမ်းကုန် သန့်ရှင်းနိုင်သမျှ သန့်ရှင်းစွာ ဆေးရမည်။

88. You must wash the plates as clearly as possible.

သင်တို့သည် ပန်းကန်ပြားကြီးများကို အစွမ်းကုန် သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင် ဆေးရမည်။

89. Mg Khin is so weak that he cannot walk.
မောင်ခင်သည် လမ်းမလျှောက်နိုင်လောက်အောင် အားနဲ့သည်။

90. We are playing so happily that we cannot remember our friends.
ကျွန်တော်တို့သည် မိတ်ဆွေများကို သတိမရလောက်အောင် ပျော်ရွှင်စွာ ကစားနေကြသည်။

91. Ma Mya passed the exam as I expected.
မမြသည် ကျွန်တော်မျှော်လင့်တဲ့အတိုင်း စာမေးပွဲ အောင်ခဲ့သည်။

92. As soon as I arrived at school, the teacher taught English.
ကျွန်တော်သည် ကျောင်းကို ရောက်လျှင်ရောက်ချင်း ဆရာ အင်္ဂလိပ်စာ ပြခဲ့သည်။

93. However beautiful she is, I cannot marry her.
သူမသည် ဘယ်လောက်ပဲလှလှ ကျွန်ုပ် သူမကို လက်မထပ်နိုင်ပါ။

94. However rich they are, they will not be contended.
သူတို့သည် ဘယ်လောက်ပဲချမ်းသာချမ်းသာ သူတို့ ရောင့်ရဲတင်းတိမ်ကြလိမ့်မည် မဟုတ်။

95. However good your breakfast is, I do not want to take it.
သင်တို့၏ မနက်စာ ဘယ်လောက်ပဲကောင်းကောင်း ကျွန်ုပ် ၎င်းကို မစားချင်ပါ။

96. This is not true so far as I can find out.
ကျွန်ုပ် တွေ့ရသလောက်တော့ ဤဟာသည် မမှန်ပါ။

97. He is an honest man so far as I know.
ကျွန်တော် သိရသလောက်တော့ သူဟာ ရိုးဖြောင့်သူတစ်ယောက်

ဖြစ်ပါသည်။

98. So far as I have read, the book is not interesting.
ကျွန်တော် ဖတ်ပြီးသလောက် ဤစာအုပ်ဟာ စိတ်ဝင်စားဘွယ် မကောင်းပါ။

အောက်ပါ Complex Sentence များကို အင်္ဂလိပ်ဘာသာပြန်ဆိုပါ

လေ့ကျင့်ခန်း (၁)

as, since, because

၁။ မနေ့က မရီ နေမကောင်းသောကြောင့် သူမ ကျောင်းမလာခဲ့ပါ။ ၂။ သူ့အမေ အိမ်မှာမရှိသောကြောင့် လူကလေးငိုနေသည်။ ၃။ ကျွန်တော် ထမင်းဆာသောကြောင့် ကျွန်တော် အိမ်ကိုပြန်လာခဲ့သည်။ ၄။ သူမသည် စာကြိုးစားသောကြောင့် သူမ စာမေးပွဲအောင်လိမ့်မည်။ ၅။ မောင်ခင်သည် စာမေးပွဲအောင်ခဲ့သောကြောင့် (သူ) အလွန်ပျော်နေသည်။ ၆။ မြမြသည် မာနကြီးသောကြောင့် လူတိုင်းက သူ့ကို မုန်းကြသည်။ ၇။ သူသည် စာအုပ်တစ်အုပ်ကို ဝယ်ချင်သောကြောင့် သူသည် မနေ့က ဈေးကိုသွားခဲ့သည်။ ၈။ နည်းသစ်သဒ္ဒါစာအုပ်သည် အလွန်လွယ်ကူသောကြောင့် ကျောင်းသားများ ၎င်းကို ကြိုက်ကြသည်။ ၉။ လူကြီးသည် ပျင်းသောကြောင့် သူသည် ရုပ်ရှင် သွားကြည့်ခဲ့သည်။ ၁၀။ ကျွန်ုပ် သူမကို လက်ထပ်ခဲ့သည်။ အကြောင်းကတော့ သူမသည် ရိုးသားသောကြောင့် ဖြစ်သည်။

လေ့ကျင့်ခန်း (၂)

Though, although, till, until

၁။ လှလှသည် ကြိုးစားသော်လည်း သူမ မနှစ်က စာမေးပွဲ မအောင်ခဲ့ပါ။ ၂။ ကျားသည် ဆာလောင်သော်လည်း ၎င်းသည် သစ်ရွက်များကို စားလိမ့်မည် မဟုတ်ပါ။ ၃။ လူများသည် ချမ်းသာကြသော်လည်း သူတို့ မပျော်ရွှင်ကြပါ။ ၄။ သူသည် စာမေးပွဲရှုံးသော်

လည်း စိတ်မပျက်ပါ။ ၅။ မြင့်မြင့်သည် လုပသော်လည်း သူမသည် မာနကြီးသည်။ ၆။ ဆရာ အတန်းထဲ ဝင်လာသည့်တိုင်အောင် (မဝင်လာမချင်း) အတန်းထဲမှာ စာဖတ်နေကြပါ။ ကျွန်တော်တို့ စာမေးပွဲအောင်သည်အထိ (မအောင်မချင်း) ကျွန်ုပ်တို့ ကြိုးစားကြရမည်။ ၈။ သူတို့ပြန်လာသည်အထိ ကျွန်ုပ်တို့ ဤနေရာမှာ စောင့်ကြမည်။ ၉။ ဆရာ အင်္ဂလိပ်စာပြ၍ ပြီးသည်အထိ ကျောင်းသားများသည် ငြိမ်သက်စွာ နားထောင်နေခဲ့ကြသည်။ ၁၀။ ကျွန်ုပ် အိမ်ကို ရောက်သည်အထိ (မရောက်မချင်း) ကျွန်ုပ်အမေသည် ထမင်းမစားသေးပါ။

လေ့ကျင့်ခန်း (၃)

Before, after, when, as soon as

၁။ ဆရာ မလာမီ ကျွန်တော့်တို့ ဘောလုံးကစားကြမည်။ ၂။ အိမ်စာများကို လုပ်၍မပြီးမီ (မပြီးမချင်း) သင်တို့ မအိပ်သင့်ချေ။ ၃။ မိုးမရွာခင် ဆရာသည် အိမ်သို့ပြန်သွားခဲ့သည်။ ၄။ မောင်ခင်သည် ထမင်းကို စားပြီးနောက် သူသည် ကျောင်းကို သွားလိမ့်မည်။ ၅။ မရီသည် သတ္တမတန်း အောင်ခဲ့ပြီးနောက် (သူမသည်) ရန်ကုန်သို့ လာခဲ့သည်။ ၆။ ကျွန်ုပ်တို့သည် စာအုပ်တစ်အုပ်ကို ဝယ်ခဲ့ပြီးနောက် ဘတ်စ်ကားဖြင့် အိမ်သို့ပြန်လာခဲ့ကြသည်။ ၇။ သူတို့ အတန်းထဲမှာ ထိုင်နေသောအခါ (သူတို့) စကားမပြောခဲ့ကြချေ။ ၈။ မောင်ခင် ရောက်လာသောအခါ သူတို့ ဘုရားကို သွားကြလိမ့်မည်။ ၉။ ဆရာသည် အတန်းထဲသို့ ရောက်လျှင်ရောက်ချင်း (သူသည်) အင်္ဂလိပ်စာကို ပြခဲ့သည်။ ၁၀။ ကျောင်းသားများသည် စာရေးပြီးလျှင်ပြီးချင်း (သူတို့) အိမ်ကိုပြန်ကြလိမ့်မည်။

လေ့ကျင့်ခန်း (၄)

If, unless, as if, as though

၁။ အကယ်၍ ကျွန်ုပ်မှာ ငွေအလုံအလောက်ရှိလျှင် ကျွန်ုပ်သည် နောင်နှစ်မှာ ကားတစ်စီးကို ဝယ်မည်။ ၂။ အကယ်၍ သင် ပျင်းနေ

လျှင် သင်သည် ဆင်းရဲလိမ့်မည်။ ၃။ အကယ်၍ ဦးမြသည် သူ၏ ကားကို မနှစ်က ရောင်းခဲ့လျှင် သူသည် ငွေပို၍ ရခဲ့လိမ့်မည်၊ ၄။ အကယ်၍ သင်မလာခဲ့လျှင် ကျွန်ုပ် သင့်ကို တွေ့ခဲ့လိမ့်မည်မဟုတ်ပါ။ ၅။ အကယ်၍ ဆရာ အချိန်မီရောက်မလာလျှင် ကျောင်းသားများ ပြန်ကြလိမ့်မည်။ ၆။ အကယ်၍ သင်တို့သည် အိမ်စာများကို မလုပ်ခဲ့လျှင် ဆရာသည် သင်တို့ကို အပြစ်ပေးလိမ့်မည်။ ၇။ မမြသည် အကယ်၍ ကြိုးစားခဲ့လျှင် (သူမသည်) လာမည့်စာမေးပွဲတွင် အောင်လိမ့်မည်။ ၈။ မောင်မြသည် ရုံးခန်းထဲမှာ (သူသည်) အရာရှိတစ်ယောက်ကဲ့သို့ ထိုင်နေသည်။ ၉။ ကျောင်းသားတစ်ယောက်သည် (သူသည်) ဆရာတစ်ယောက် ဖြစ်သကဲ့သို့ သင်ပုန်းအနားမှာ မတ်တတ်ရပ်နေသည်။ ၁၀။ လှလှသည် မောင်စိန်ကို သူ၏ အစ်ကို တစ်ယောက်ကဲ့သို့ "အစ်ကို"ဟု ခေါ်သည်။

လေ့ကျင့်ခန်း (၅)

So (Adjective) that, so (adverb) that, so that

၁။ မခင်သည် လူတိုင်းက ငေးကြည့်ရလောက်အောင် လှသည်။ ၂။ အဘိုးကြီးသည် လမ်းမလျှောက်နိုင်လောက်အောင် အားနဲသည်။ ၃။ မိန်းကလေးသည် မအိပ်နိုင်လောက်အောင် ဝမ်းနဲနေသည်။ ၄။ ဤစားပွဲသည် ကျွန်ုပ် မ,မနိုင်လောက်အောင် လေးသည်။ ၅။ ဆရာသည် ကျောင်းသားများ နားမလည်နိုင်လောက်အောင် လျင်မြန်စွာ စကားပြောသည်။ ၆။ ဦးမြသည် ကျွန်ုပ်တို့ သူ့ကို မမှီနိုင်လောက်အောင် လျင်မြန်စွာ လမ်းလျှောက်သည်။ ၇။ ကျောင်းသားများသည် ဆရာမခေါ်တာကို မကြားနိုင်လောက်အောင် ဆူညံစွာ ကစားကြသည်။ ၈။ နည်းသစ်သဒ္ဒါသည် ကျောင်းသားတိုင်း သဘောကျလောက်အောင် ကောင်းသည်။ ၉။ လူကြီးသည် ဆေးကို သောက်သည်။ သို့မှသာလျှင် သူနေကောင်းလာမည်။ ၁၀။ မရီသည် စာကြိုးစားနေသည်၊ သို့မှသာ သူမ စာမေးပွဲအောင်လိမ့်မည်။

လေ့ကျင့်ခန်း (၆)
However, lest, that...may, that...might, whether...or not

၁။ ဆရာသည် သူတို့ကို မဆူစေရန် ကျောင်းသားများကို အတန်းထဲမှာ စာဖတ်နေခိုင်းသည်။ ၂။ လှလှသည် မဝစေရန် (သူမသည်) ထမင်းအနည်းငယ်ကိုသာ စားသည်။ ၃။ ဒေါ်မြမြသည် မဆင်းရဲစေရန် (သူမသည်) ငွေအနည်းငယ်ကိုသာ သုံးသည်။ ၄။ လူများသည် အသက်ရှင် နေနိုင်အောင် အစာကို စားကြသည်။ ၅။ မြင့်မြင့်သည် ပုစ္ဆာအားလုံးကို ဖြေနိုင်စေရန် (သူမသည်) စာကြိုးစားနေသည်။ ၆။ သူ ပြန်နေကောင်းလာစေရန် မောင်ခင်သည် မနေ့က ဆေးကို သောက်ခဲ့သည်။ ၇။ ဦးမြသည် လေကောင်းလေသန့်ကို ရနိုင်စေရန် ညနေတိုင်း မြစ်ကမ်းပေါ်မှာ လမ်းလျှောက်ခဲ့သည်။ ၈။ လူကြီးသည် ရထားကိုမှီစေရန် လျင်မြန်စွာ ဘူတာရုံသို့ ပြေးသွားခဲ့သည်။ ၉။ သင်တို့သည် အမှတ်များများရစေရန် အစွမ်းကုန် သပ်ရပ်နိုင်သမျှ သပ်ရပ်အောင် ဖြေဆိုရမည်။ ၁၀။ မောင်မြလာသည် ဖြစ်စေ (လာလာ–မလာလာ) ဆရာသည် အတန်းကိုစလိမ့်မည်။ ၁၁။ သင်သည် ဤဖောင်တိန်ကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ၊ ၎င်းကို ဝယ်ရမည်။ ၁၂။ နေဘယ်လောက်ပဲပူပူ ကျွန်ုပ်တို့ ပြန်ရလိမ့်မည်။ ၁၃။ သင်တို့ ဘယ်လောက်ပဲပျင်းပျင်း အက်ဆေး တစ်ပုဒ်ကိုတော့ ရေးရမည်။ ၁၄။ သူမသည် ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ(သူမသည်) အမြဲတမ်း ရိုးဖြောင့်သည်။ ၁၅။ ကျွန်ုပ်တို့ သည် ဘယ်လောက်ပဲ ရေငတ်ငတ် မသန့်သောရေကို သောက်လိမ့် မည်မဟုတ်။

(၁၀) တန်း မေးခွန်း VII (A) စတိုင်

(က) အကြောင်းပြဝါကျကတ္တာ because, or, since, for နောက်တွင် အငြင်းဝါကျကို သော်လည်းကောင်း

(ခ) therefore, so ရှေ့ရှိ အကြောင်းပြဝါကျကတ္တာနောက်တွင်

အငြင်းဝါကျကိုသော်လည်းကောင်း ပေး၍ နောက်ဝါကျအစ Not ...ing (Present Prticiple) ဖြင့် ပေးထားလျှင် အကြောင်းဝါကျကို ပါတိစိပယ်လ် ပြောင်းရေးပေးရမည်။

မေး:(က) I turned back becaus I don't see anyone in the house.
Not seeing ....

ဖြေ။ Not seeing anyone in the house, I turned back.

မေး:(ခ) I don't see anyone in the house so I turned back.
Not seeing ....

ဖြေ။ Not seeing anyone in the house, I turned back.

Because + Very + Adjective = So + Adjective/ Adverb

Because + very + adjective ဝါကျနှင့် adjective that, so + adverb that ဝါကျတို့ အပြန်အလှန် လဲနိုင်သည်။ (အကြောင်းဝါကျကို ရှေ့သို့ရွှေ့၍ မေးထားမည်)

မေး:(က) She was miserable because her step mother was very cruel to her.
Her step mother was so ....

ဖြေ။ Her step mother was so cruel that she was miserable. (1993 AE)

မေး:(ခ) Nobody heard him because he came in very silently.
He came in so ....

ဖြေ။ He came in so silently that nobody heard him.

အပြန်အလှန်

အထက်အဖြေဝါကျများကို အပြည့်ပေးထား၍ နောက်ဝါကျအစတွင် အကျိုးဝါကျနှင့် because .... ပေးထားလျှင် so ကို very ပြန်ပြောင်း၍ ဝါကျအဆုံးသတ်ပေးရမည်။

မေး(က) Her stepmother was so cruel that she was miserable.
She was miserable because ....

ဖြေ။ She was miserable because her step mother was very cruel to her.

မေး(ခ) He came in so silently that nobody heard him.
Nobody heard him because ....

ဖြေ။ Nobody heard him because her stepmother was very cruel to her.

Because + Adjective =
too + Adjective + Infinitive

Because + Adjective ပါသော အကြောင်းဝါကျကို ဝါကျရှေ့ဆုံးသို့ရွှေ့၍ too အဆုံးသတ်ဖြင့် ပေးထားလျှင် Adjective + Infinitive အကျိုးဝါကျ ကတ္တားကို For ပုဒ်စုပြောင်း၍ ဝါကျအဆုံးသတ်ရေးပေးရ၏။

မေး(က) The big car could not come in because the gate was narrow.
The gate was too ....

ဖြေ။ The gate was too narrow for a big car to come in. (1991 AE)

အညွှန်း(၁) Because သမ္ဗန္ဓအစား အကြောင်းပြသမ္ဗန္ဓ as, since, for တို့ဖြင့်မေးလျှင် အတူတူဖြစ်သည်။

အညွှန်း(၂)

Too + adj + Infinitive = So + Adj + That

Adj + enough + Infinitive = So + That

ဝါကျအပြန်အလှန်ပြောင်းပုံ၊ ဝါကျအပြီးသတ်ဆက်ရေးပုံများကို နည်းသစ်အင်္ဂလိပ်သဒ္ဒါ (၄၁၃) (၆၁၀) (၆၁၁) တွင်ကြည့်ပါ။ လေ့ကျင့်ပါ။

အညွှန်း(၃)

as soon as = No sooner had...than

had + just + V_3...No sooner had

ဝါကျအပြန်အလှန်ပြောင်းပုံ၊ အပြီးသတ်ဆက်ရေးပုံတို့ကို နည်းသစ်အင်္ဂလိပ်သဒ္ဒါ (၆၀၀) (၆၀၁) (၆၂၂) တွင်ကြည့်ပါ။ လေ့ကျင့်ပါ။

And Then နှင့် After

အလယ်တွင် And then ပါသော ဝါကျကို အစတွင် After ထည့်၍ ဆက်ရေးခိုင်းလျှင် and then ကို ချန်ရေးပေးရ၏။

မေး။ Min Zaw watered the plants <u>and them</u> went to join his friend.

<u>After</u> Min Zaw ....

ဖြေ။ After Min Zaw watered lants he went to join his friend.

By the time နှင့် when

၎င်းနှစ်ခု အပြန်အလှန် လဲလှယ်သုံးနိုင်သည်။

မေး:(၁) When he woke up, it was almost noon .
By the time ....

ဖြေ။ By the time he woke up, it was almost noon.

မေး:(၂) It was evening by the time I formed my bicycle.
When I ....

ဖြေ။ When I found my bicycle it was evening.

If...not = Unless

မေး။ If we do not hurry, we will miss the boat
Unless .... (1994 CE)

ဖြေ။ Unless we hurry, we will miss the boat.

အပြန်အလှန်

မေး။ Unless we hurry, we will miss the boat.
If ....(1993 CE)

ဖြေ။ If we do not hurry, we will miss the boat.

If = Unless ..... Main Subject not

မေး။ If you work hard, you will pass the exam.
Unless .... (1988 CE)

ဖြေ။ Unless you work hard, you will not pass the exam.

အပြန်အလှန်

မေး။ Unless you worl hard, you will not pass the exam.

If ....

ဖြေ။ If you work had, you will pass the exam.

If ...not = If ..Main not

မေး။ If you do not work hard, you will fail.

If you work ....

ဖြေ။ If you work hard you will not fail.

အပြန်အလှန်

မေး။ If you work hard you will not fail.

If you do not ....

ဖြေ။ If you do not work hard, you will fail.

အမိန့်ပေးဝါကျ + အကျိုးပြ If / Unless

အမိန့်ပေးဝါကျ၊ အကျိုးပြဝါကျနှင့် နောက်ဝါကျအစ If/ Unless.... ပေးထားလျှင် you ကတ္တားအပိုထည့်၍ Semi Colon (;) အစား ကော်မာထည့်၍ ဝါကျအပြီးသတ်ပေးရမည်။

မေး။ Take the medicine regularly; you will be well.

If ....

Unless ....

ဖြေ။ If you take the medicine regularly, you will be well.

Unless you take the mdedicine regularly, you will not be well.

အပြန်အလှန်

မေး။ If you take the medicine regularly, you will be well.
Unless you take the medicine regularly, you will not be well.
Take ....

ဖြေ။ Take the medicine regularly; you will be well.

အမိန့်ပေးဝါကျ + or- အကျိုးပြ = If / Unless

အမိန့်ပေးဝါကျ + or အကျိုးပြဝါကျနှင့် **နောက်ဝါကျ အစ**တွင် If / Unless ပေးထားလျှင် you ကထွား အပိုထည့်၊ or ကိုဖြုတ်၍ အကျိုးဝါကျ ဆက်ရေးရမည်။

မေး။ Do as you are told or you will get no dinner.
Unless ....
If (not) ....

ဖြေ။ Unless you do as you are told you will get no dinner.
If you do not do as you are told you will get no dinner.

Had / Were / Should = If / Unless

Had, were, should တို့ကို ဝါကျရှေ့ဆုံးမှာထား၍ မေးခွန်းပုံစံရေးထားလျှင် ဝါကျအဆုံးမှာလည်း မေးခွန်းမှတ် မပါလျှင် အကယ်၍ --လျှင်ဟု အဓိပ္ပာယ်ပြန်ရသည်။ If I had, Unless I had .... စသည်ဖြင့် ဝါကျပြင်ရေးနိုင်သည်။

မေး။ Had I recieved your telegram, I should have met you at the station.
If I had ....

ဖြေ။ If I had recieved your telegram, I should have met you at the station.

THE SEQUENCE OF TENSES

ကာလ အနေအထား

၁။ Complex Sentence တစ်ခုတွင် Main Clause ခေါ် ဝါကျကြီးတွင် အတိတ်ကြိယာရှိလျှင် Subordinate Clause ခေါ် ဝါကျငယ်တွင်လည်း အတိတ်ကာလကြိယာ ရှိရမည်။

ပုံစံ

1. Mg Ba saw Mg Mya when he went to school.
2. Ma Mya passed the exam as she tried hard.
3. We went to school though we were ill.
4. We said that Mg Ba went to Mandalay.

အပြန်အလှန်

Sub Clause တွင် ပစ္စုပ္ပန် (သို့) အနာဂတ် တစ်ခုခုရှိလျှင် Main Clause တွင် အတိတ်ကာလ မရှိရ။ ပစ္စုပ္ပန် (သို့) အနာဂတ်တစ်ခုခုသာ ရှိရမည်။

ပုံစံ

1. He says that he has taken tea.
2. If he calls me I will go to him.
3. We will go out when he arrives.

အမှာ

Sub Clause ကို အပြည့်အစုံပေးထား၍ Prin Clause တွင် ကြိယာကွက်လပ်ကို ဖြည့်ခိုင်းသောအခါမျိုး၌ အထက်ပါ အပြန်အလှန်နည်းကို အထူးသတိပြုအပ်ပေသည်။

မှားသော အပြန်အလှန်

Sub Clause အတိတ်ရှိလျှင် Prin Clause မှာ အတိတ်ရှိရမည်ဟု အမှတ်မှားတတ်၏။ ပစ္စုပ္ပန်အနာဂတ်ရှိနိုင်သည်။

1. He is saying that he was a teacher.
2. He says that she was ill.

ချွင်းချက် (၁)

၂။ Main Clause ခေါ် ဝါကျကြီးတွင် အတိတ်ကြိယာရှိသော်လည်း Universal Truth သို့မဟုတ် External Truth ခေါ် အမြဲတမ်း မှန်ကန်သော အကြောင်းအရာများကို ဖော်ပြလိုသော အခါ Subordinate Clause ခေါ် ဝါကျငယ်တွင် ပစ္စုပ္ပန်ကြိယာ ရှိနိုင်သည်။

ပုံစံ

1. Newton proved that gravitation makes apples fall.
   ကမ္ဘာမြေကြီး၏ ဆွဲငင်အားသည် သစ်တော်သီးများကို အောက်သို့ကျစေသည်ဟု နယူးတန်က သက်သေပြခဲ့သည်။
2. Galilio maintained that the earth moves round the sun.
3. The teacher said that honesty is always the best policy.
4. Mg Khin told me that the Shwedagon Pagoda is in Yangon.
5. When I was a boy I knew that sugar is sweet.

ချွင်းချက် (၂)

၃။ နှိုင်းယှဉ်ခြင်းကို ပြသော ဝါကျကဏ္ဍနှင့် နာမဝိသေသန ဝါကျကဏ္ဍများတွင် အလိုရှိရာကာလဖြင့် ရေးနိုင်သည်။

ပုံစံ

1. You like me better than I like you.
2. You liked me better than I like you.
3. Ma Ba loved Ma Hla as well as Mg Khin loves Ma Mya.
1. The girl whom I loved will come.
3. The woman who is sitting was my wife.
2. This is the house which I shall buy.

၄။ Main Clause ခေါ် ဝါကျကြီးတွင် ပစ္စုပ္ပန်ကြိယာနှင့် အနာဂတ်ကြိယာရှိလျှင် Subordinate Clause ခေါ် ဝါကျငယ်တွင် ကြိုက်ရာကာလ ရှိနိုင်သည်။ (ကာလသုံးမျိုးစလုံး ရှိနိုင်သည်။)

ပုံစံ

1. He says that she is ill.
2. He says that she was ill yesterday.
3. He says that she wll be ill tomorrow.
4. The boys will say that Ma Tin Yee is beautiful.
5. The boys will say that Ma Tin Yee was beautiful.
6. The boys will say that Ma Tin Yee will be beautiful.

၅။ လွန်ခဲ့သော အတိတ်က ဖြစ်ပျက်ခဲ့သော အကြောင်းအရာ တကယ့်ပုံပြင်တစ်ခုကို ပြန်လည်ပြောဆို ရေးသားသောအခါ အတိတ်ကာလဖြင့်စ၍ ဆုံးသည်အထိ အတိတ်ကာလဖြင့် ပြောရရေးရမည်။

အကယ်၍ ကျွန်ုပ်တို့သည် စာအုပ်တစ်အုပ်၊ ပြဇာတ်တစ်ခု၊ ရုပ်ရှင်ကား တစ်ခုတွင် ပါဝင်သော ပုံပြင်များကို ပြန်လည် ပြောဆို ရေးသားသောအခါ ပစ္စုပ္ပန်ကာလ သို့မဟုတ် အတိတ်ကာလဖြင့်

ကြိုက်သလို ပြောနိုင်ရေးနိုင်သည်။

သို့ရာတွင် ပစ္စုပ္ပန်ကြိယာဖြင့် စပြောက ပုံပြင် ဆုံးသည်အထိ ပစ္စုပ္ပန်ကြိယာဖြင့် ပြောရ ရေးရမည်။ အတိတ်ကြိယာဖြင့် စပြော စရေးလျှင် ပုံပြင်ဆုံးသည်ထိ အတိတ်ကြိယာဖြင့် ပြောရရေးရမည်။

စာအုပ်၊ ရုပ်ရှင်၊ ပြဇာတ်များမှ ပုံပြင်များကို ပစ္စုပ္ပန်ကာလဖြင့် ပြောဆိုခြင်းသည် ပို၍အစဉ်အလာကျသည်။

ကိုးကားချက်

If you are telling a story, start in the past, and stick to the past.

If you are retelling a story from a book, a play, or a film, you can retell it in the past or the present, but you must keep all the time to the one or the other. It is more usual, and very much safer, to retell a story from a book in the present tenses, Having started with present tenses you must keep to them.

(Improve Your English)

လေ့ကျင့်ခန်း

အောက်ပါ ဝါကျများတွင် လက်သဲကွင်းအတွင်း ပြထားသော ကြိယာများကို ကာလမှန်ကန်စွာ ပြင်ပေးပါ။

1. I waited for my friend until he (come).
2. So long as the rain (continue) I stayed at home.
3. I did not know it until you (speak).
4. He speaks as one who (know).
5. He ran as quickly as he (can or could).

6. He went where he (can or could) find work.
7. Whenever there is coal you (will or would) find iron.
8. He behaves as one (may or might) expect in to do.
9. He ran away because he (be) afraid.
10. He fled where his pursuers (can or could) not follow.
11. As he (be) not there I spoke to his brother.
12. The notice was published in order that all (may or might) know the fact.
13. He was so tired that he (can or could) scarcely stand.
14. You make such a noise that I (can or could) not work.
15. He finished first though he (begin) late.
16. His health has improved since he (leave) India.
17. As son as he (hear) the news, he wrote to me.
18. After the shower (be) over the sun shine out again.
19. Whenever we (meet) we told of old times.
20. Answer the first question before you (proceed) further.

DIRECT SPEECH
တိုက်ရိုက် ပြန်ပြောနည်း

တခြားလူတစ်ယောက်ပြောပြီးသော စကားကို စိတ်ဝင်စားဖွယ်

ဖြစ်လာစေရန် အခိပ္ပာယ်လေးနက်၍ သရုပ်သကန် ပေါ်လာစေရန် ထိုပထမလူပြောသည့်အတိုင်း ထိုပထမလူ၏ လေယူလေသိမ်း ပြောဟန်ဆိုဟန်အတိုင်း အတိအကျ ပြန်၍ပြောဆိုလေ့ရှိကြ၏။ ထိုသို့ ပြောဆိုခြင်းကို Direct Speech (ဒါရိုက်စပိချ် 'တိုက်ရိုက်ပြန်ပြောနည်း'ဟု ခေါ်လေသည်။ ပုံဝတ္ထုပြောရာ၌၎င်း၊ ဝတ္ထုပြဇာတ်ရေးရာ၌၎င်း Direct Speech ကို အများသုံးကြ၏။

DIRECT SPEECH

ရေးနည်း (ပထမ)

Direct Speech

ကို စာဖြင့်ရေးသောအခါ

၁။ တဆင့်ပြန်ပြောသူ၏ စကား He said, They said ၏နောက်တွင် comma (,)သို့မဟုတ် Colon ကိုးလမ်း (:) တစ်ခုခုထား၍ ရေးရ၏။

၂။ ပထမပြောသူ၏ မူရင်းစကားကို Inverted Commas အင်ဘားတက်ကော်မာ၊ သို့မဟုတ် Quotation Marks ကိုတေးရှင်းမှဲ့ခ်စ် ("") အတွင်းထား၍ ရေးရ၏။

၃။ မူရင်းပြောစကား ပထမဆုံးစကားလုံးကို Capital letter (ကတ်ပီတယ်လက်တာ) စာလုံးကြီးဖြင့် စ၍ရေးရ၏။

၄။ မေးခွန်းဝါကျ၊ အမိန့်ပေးဝါကျ၊ အာမေဍိတ်ဝါကျများကိုလည်း say, said ကြိယာဖြင့် ရေးနိုင်သည်။ asked, order, exclaimed တို့ဖြင့် အရေးနဲ၏။

ဥပမာ

1. Ma Yee said, "I get a letter from my mother". ကျွန်မ အမေ့ဆီက စာတစ်စောင်ရတယ်လို့ မရီက ပြောသည်။

2. The **teacher** said to Mg Khin, "Why didn't you come to school yesterday?"
မင်း ဘာလို့ မနေ့က ကျောင်းမလာသလဲလို့ ဆရာက မောင်ခင်ကို (မေးသည်) ပြောသည်။
3. Students said, "New Method English Grammar is very easy".
နည်းသစ် အင်္ဂလိပ် သဒ္ဒါသည် အလွန် လွယ်ကူသည်ဟု ကျောင်းသားများက ပြောသည်။
4. My mother said, "Go to school early"
ကျောင်းကို စောစောသွားပါလို့ ကျွန်ုပ်အမေက ပြောသည်။

ဒုတိယရေးနည်း

မူရင်းပြောစကားကို Quotation Marks (" ") အတွင်းထား၍ ဖူးလ်စတော့အစား ကော်မာ (,) ပြ၍ He said, ကို နောက်ဆုံးထား၍ ရေးနိုင်၏။ said he, ဟု ကတ္တားနှင့်ကြိယာကို ပြောင်းပြန်ထား၍လည်း ရေးနိုင်၏။

ဥပမာ

1. "I get up early every morning," the old man said.
"I get up early every morning," said the old man.
ကျွန်ုပ် မနက်တိုင်း စောစော အိပ်ရာမှထသည်ဟု အဘိုးကြီးက ပြောသည်။
2. "Where will you go" he asked.
"Where will you go? asked he.
သင်ဘယ်ကိုသွားမလဲဟု သူကမေးသည်။

တတိယရေးနည်း

မူရင်းပြောစကားတွင် ဝါကျ–ဝါကျကဏ္ဍ နှစ်ခု သုံးခုပါခဲ့လျှင်–

(က) ပထမဝါကျ ဝါကျကဏ္ဍအဆုံးတွင် ကော်မာထည့်ကာ ကိုးကားမှတ်အတွင်းထား၍ He said, said he. နောက်တွင် ကော်မာဖြစ်စေ၊ ဖုးလ်စတော့ဖြစ်စေ ထည့်ပြီး ကျန်ဝါကျ–ဝါကျကဏ္ဍများကို ကိုးကားမှတ်တစ်ခုအတွင်းထား၍ လည်းကောင်း
".....," said he, "....."
".....," he said. "....."
ရေးရသည်။

(ခ) He said ကို ရှေ့ဆုံးကထား၍ ကော်မာအစား ကိုးလမ်း (:) နှင့် ကိုးကားမှတ်တစ်စုံဖြင့်လည်းကောင်း ရေးရမည်။
He said: "...."

(က) **ပုံစံ** "I will write a letter," said Ma Tin Yee, "as soon as I arrive in Kyaikhto".

(ခ) **ပုံစံ** Ma Tin Yee said: "I will write a letter as soon as I arrive in Kyaikhto."
ကျွန်ုပ် ကျိုက်ထိုမြို့ရောက်လျှင် ရောက်ချင်း သင့်ဆီသို့ စာတစ်စောင် ရေးလိုက်မည်ဟု မတင်ရီက ပြောသွားခဲ့သည်။

(က) **ပုံစံ** "If you try hard," said the teacher, "you will pass the exam".

(ခ) **ပုံစံ** The teacher said: "If you try hard you will pass the exam".
အကယ်၍ သင်တို့ကြိုးစားလျှင် စာမေးပွဲအောင်မည်ဟု ဆရာက ပြောလေသည်။

မှတ်ချက်။ အထက်ပါ Direct Speech များတွင် ဝါကျတစ်ခုတည်းကို နှစ်ပိုင်းပိုင်း၍ ပြောခြင်းဖြစ်သောကြောင့် ဒုတိယ Quotation Marks အတွင်းရှိ အစဆုံး စာလုံးကို Small letter စာလုံးအသေးဖြင့် ရေးရ၏။

အကယ်၍ နောက်ဝါကျသည် သီးသန့် ဝါကျတစ်ခု (ဝါ) ဝါကျအများဖြစ်လျှင် ဒုတိယ Quotation Marks အတွင်းရှိ အစဆုံး စာလုံးသည် စာလုံးကြီးဖြစ်ရမည်။

1. "There is going to be another storm", said U Mg Gale, "The sky in the west is very dark. I can't read this Newspaper. It is too dark, Mg Hla, switch on the light."

2. "I am sorry that Daw Mya Sein is not going to be our teacher all the year" said Daw Hla May, "She is a very good teacher. She has taught you a lot of English in the last cear."

အထက်ပါပုံစံကို ကြည့်ခြင်းအားဖြင့် ဝါကျမည်မျှ များပြားစေကာမူ ကော်မာ နှစ်ခု Quotation Marks နှစ်စုံသာ ပါရမည်။

သတိပေး မှာကြားချက်

ကျောင်းသားများသည် စာမေးပွဲဖြေဆိုရာ၌ Direct Speech ဖြင့် လုံးဝမရေးရ။ ပြဋ္ဌာန်းစာအုပ်များနှင့် Unseen Passage များတွင်ပါရှိသော Direct Speech များကိုပင် သူ့အတိုင်းပြန်၍ မရေးရ။ Indirect Speech သို့ ပြောင်း၍ဖြေရမည်။

Direct ရေးနည်းအကျဉ်း

၁။ Comma သို့မဟုတ် Colon ပါရမည်။

၂။ Capital letter ဖြင့်စရေးရမည်။

၃။ Quotation Marks အတွင်း၌ထား၍ရေးရမည်။

၄။ ဝါကျအားလုံး say, said ဖြင့်ရေးနိုင်သည်။

လေ့ကျင့်ခန်း (၁)

အောက်ပါတို့ကို He said, ထည့်၍ Direct Speech ဖြင့်ပြန်၍ရေးပြပါ။

1. He wants to speak to you.
2. What are you doing ?
3. Where will you go ?
4. Please give me a book ?
5. They are reading in the class.
6. We are happy.
7. Don't swim in the Royal lake.
8. You may come back home.
9. We have finished our home work.
10. They are waiting outside.

လေ့ကျင့်ခန်း (၂)

အောက်ပါဝါကျများကို ဒုတိယရေးနည်းဖြင့် Direct speech ပြောင်းရေးပါ။

1. I am ill.
2. When did you arrive in Kyaikhto.
3. Were you happy there.
4. We are teachers.
5. This is my book.
6. Don't go to cinema.
7. What is your name?
8. They are swimming in the lake.
9. She will miss me.
10. This book is very easy.

လေ့ကျင့်ခန်း (၃)

အောက်ပါစကားများကို တတိယနည်း (က) သို့မဟုတ်(ခ) ဖြင့် Direct Speech ပြောင်းရေးပါ။

1. Go to bed and don't get up till you are called.
2. Eat your dinner or I will punish you.
3. You can do it if you try.
4. She is quite charming but she has not much sense.
5. He can come in when I have finished my work.
6. The clock will never work again if you try to mend it.
7. She went to school though she was ill.
8. Ma Tin Yee passed the exam for she tried

hard.

9. I saw Ma Ohn Kyee at the bus stop while she was waiting for the bus.
10. She brought a letter form my brother but she forget it in Insein.
11. I am always ready to help you.
    I have no money to spare just now.
    All my ship are at sea,
12. I want to write her a letter.
    I am very busy.
    I will write her a latter tomorrow.

INDIRECT SPEECH
အင်ဒါရိုက်စပိချ်

မူလပြောဆိုသူ၏ စကားများကို အတိအကျ ပြန်မပြောဘဲ သူ၏ဆိုလိုရင်းကိုသာ ပြန်၍ပြောဆိုခြင်းကို Indirect Speech သို့မဟုတ် Reported Speech ဟုခေါ်လေသည်။

Indirect ပြောင်းနည်းလေးမျိုး

၁။ Statement ခေါ် Affirmative နှင့် Negative ဝါကျကို ပြောင်းနည်း။
၂။ Question ခေါ် မေးခွန်းနှင့်ငြင်းဆိုမေးခွန်းကို ပြောင်းနည်း။
၃။ Imperative ခေါ် အမိန့်ပေး တောင်းပန် ဝါကျကို ပြောင်းနည်း။
၄။ Exclamation ခေါ်အာမေဍိတ်ဝါကျ ပြောင်းနည်းဟု လေးမျိုးရှိ၏။

(1) Statement ပြောင်းနည်း

၁။ Said နောက်တွင် That ထည့်ပေးရမည်။

Said to ကို told သို့ ပြောင်းပေးရမည်။

၂။ First person နှင့် Second person ကို Third person သို့ပြောင်းပေးရမည်။

ဆိုလိုသည်မှာ

(က) ယောကျ်ားအစားသုံးသော I, me, my နှင့် ကေဝုစ် you, you, your, ကို he, him, his သို့ပြောင်း၍

(ခ) မိန်းကလေးအစားသုံးသော I, me, my နှင့် ကေဝုစ် you, you, your, ကို she, her, her သို့ပြောင်းပေးပြီးလျှင်–

(ဂ) ဗဟုဝုစ်ကိန်း you, you, your, we, us, our, ကို They, them, their ပြောင်းရမည်။ နမ်စားတခုတွေ့လျှင်ယောကျ်ား၊ မိန်းမ ကေဝုစ်၊ ဗဟုဝုစ် သတိထား၍ ခွဲရမည်ဟုဆိုလိုသည်။ (နာမ်စားပြောင်းနည်းအထူး ဤအခဏ်းနောက်ဆုံးမှာ ကြည့်ပါ။)

၃။ Reporting verb ခေါ်ရှေ့ကြိယာသည် ပစ္စုပ္ပန်နှင့် အနာဂတ်ဖြစ်လျှင် နောက်ကြိယာကို ပြောင်းလဲစရာမလို။

(1) ပစ္စုပ္ပန်ကြိယာကို အတိတ်ကြိယာ ပြောင်းပေးရမည်။

3. He said, "I am ill,"(D.S)
He said that he was ill.(I.S)
4. The girl said, "I help my mother."(D.S)
The girl said that she helped her mother.(I.S)
5. Mg Khin said to a girl, "I love you "(D.S)
Mg khin told a girl that he loved her. (I.S)
6. Ma Mya said, "I have cooked the rice.
Ma Mya said that she had cooked the rice.(I.S)
7. She said, "I do not go back home."(D.S)
She said thad she did not go back home.(D.S)

(2) အနာဂတ်ကြိယာ shall, will ကို အနာဂတ်အတိတ် should, would ပြောင်းပေးရမည်။

8. He said, "I shall be ill." (D.S)
He said that he would be ill. (I.S)

9. She said, 'I will come tomorrow. (D.S)
She said that she would come the next day.(D.S)

10. The girl said, "I will help my mother."(D.S)
The girl said that she would help her mother.(I.S)

(3) အတိတ်ကြိယာကို အတိတ်အတိုင်း ထားလိုက ထား၍ အတိတ်ကြိယာကို Past Perfect အတိတ်ပြီးကြိယာ ပြောင်းလိုက ပြောင်းနိုင်သည်။

11. He said, I was ill" (D.S)
He said that he was ill. (I.S)
He said that he had been ill. (I.S)

12. The girl said, "I helped my mother."(D.S)
The girl said that she had helped her mother. (I.S)

(4) Conditional ခေါ် Should ကို Conditional Perfect ခေါ် Should have + တတိယကြိယာသို့ ပြောင်းပေးရမည်။ (Would go ကို Would have gone ပြောင်းဟု ဆိုလိုသည်။

13. She said, "If it rained I would not come."
She said that if it rained she would not have come.

(5) Past Continuous အတိတ်နေကြိယာကို Past Perfect Continous ပြောင်းပေးရမည်။
(Was going သို့ had been going သို့ပြောင်းဟု ဆိုလိုသည်။)

14. Ma Mya said,"I was cooking the rice."(D.S)
Ma Mya said that she had been cooking the rice.(I.S)
15. He said, "I was sitting now."(D.S)
He said that he had been sitting then.(I.S)

မှတ်ချက်။ ။ (4)နှင့် (5)ကို အခြားသဒ္ဒါကျမ်းတွင်မပြ၊ (4)ကို living English Structure တွင်ပြ၍ (5) ကို Improve Your English တွင် ပြထားသည်။ လူသိအလွန်နဲသေးသော နည်းသစ်နည်းဆန်းများ ဖြစ်၏။

၄။ အောက်ပါနာမ်စားနှင့် ကြိယာဝိသေသနပုဒ်များကို ပြောင်းရမည်။

This	ကို	That	Today	ကို	That day
These	ကို	Those	Yesterday	ကို	the day before
Here	ကို	There	Tomorrow	ကို	the next day
Now	ကို	Then	Last night	ကို	the night before (သို့)
Ago	ကို	before			
This	ကို	So			The pervious night
Next	ကို	the following	Last year	ကို	the year before

အကျဉ်းချုပ်မှတ်ရန်

၁။ That ထည့် ၃။ ကာလပြောင်း
၂။ နာမ်စားပြောင်း ၄။ ပုဒ်ပြောင်း
၄-ချက်ကို သတိထားလျှင် မှားလိမ့်မည်မဟုတ်။

လေ့ကျင့်ခန်း (၁)
အလယ်တန်းမေးခွန်းစတိုင်
အောက်ပါ Direct Speech များကို
Indirect Speech သို့ ပြောင်းပါ။

1. She said "They are clever.".
2. He said "Mg Ba does not write an eassy."
3. Mg Khin said to the boys. "I do not know how to swim in the lake."
4. He said,"I had taken breakfast."
5. The teacher said to the students, "you learnt simple sentences."
6. She says, "They are clever."
7. He says, "I will be honest."
8. She will say, "The girl is beautiful."
9. Ma Mya said, "I am cooking the rice."
10. The boys said to the girls, "We are students"
11. The teacher said to the students, "you are learning English grammar."
12. Ma Khin said to Ma Yee, "I met pour mother at the cinema."
13. Mg Khin said, "We went to Shwedagon yesterday."
14. Myint Myint said,"I will come tomorrow."
15. Ma Mya siad to a boy, "I give you a book."

လေ့ကျင့်ခန်း (၂)
(၁၀)တန်း VII (A) မေးခွန်းစတိုင်

Finish each sentence in such a way that it means exactly the same as the sentence that is given.

1. She will say,"I do not go to school."
   She will say ....
2. She will say, "I cannot teach English."
   She will say ....
3. He said, "My sister is writing a letter."
   He said that ....
4. Ma Khin said to Ma Hla, "I have passed the examination.
   Ma Khin told ....
5. He said, "I am glad to be here this evening."
   He said that ....
6. Ma Khin said to a boy, "I am a teacher."
   Ma Khin told a boy ....
7. U Mya said, "I will be a Minister coming year"
   U Mya said that ....
8. He says to a girl, "I could not teach you Myanmar."
   He tell a girl ....
9. He will say, "I do not do home work."
   He will say ....
10. He said to me "I am a soldier."
    He told me ....
11. The teacher said, Ma Khin Yee is beautiful."
    The teacher said ....
12. U Tin said, "Mg Khin will go to school tomorrow."
    U Tin said ....
13. Ma Mya said, "I am an honest girl."
    Ma Mya said ....

14. The girls said to the boys, "They are playing foot ball."
The girls told the boys ....
15. Ma Yee said to Mg Ba, "I am a doctor."
Ma Yee told Mg Ba ....

(2) Question ကို Indirect Speech ပြောင်းနည်း

၁။ Said, said to ကို asked ပြောင်းပေးရမည်။
၂။ နာမ်စားများ ကာလများ ပုဒ်များကို ရှေးနည်းအတိုင်း ပြောင်းပေးရမည်။
၃။ Question အမေးဝါကျကို Statement ရိုးရိုးဝါကျပုံစံသို့ ပြောင်းပေးရမည်။
What, when. where အမေးစကားပါသော Wh-Question ဖြစ်လျှင်-
(က) ၎င်းအမေးပုဒ်ကို asked နောက်မှာပြန်ထား၍-
(ခ) အမေးစကား မပါသည့် Yes-No-Question မေးခွန်း ဖြစ်လျှင် asked နောက် "if" သို့မဟုတ် "whether" တစ်ခုခုကို ထည့်ပေးရမည်။ "if" နှင့် "whether" ကို သလားလို့ဟု ဘာသာပြန်ရမည်။

အကျဉ်းချုပ်မှတ်ရန်

၁။ asked ပြောင်း
၂။ အမေးပုဒ် သို့မဟုတ် "if" ထည့်
၃။ Satement သို့ပြောင်း
၄။ နာမ်စား၊ ကာလ၊ ပုဒ်ပြောင်း

(က) ပုံစံ

1. The boy siad to a girl. "When will you come

to me tomorrow?"
The boy asked a girl when she would come to him next day.

2. The boy said to a girl, "What do you buy?"
The boy asked a girl what she bought.
3. He said, "Who is in the class?
He asked who was in the class.
4. She said, "Who cooked the rice"
She asked who cooked the rice.

ရှင်းချက်။ ။ အထက်ပါ (၁)နှင့်(၂)တွင် will you come. do you buy. အမေးစကားများကို you will come, you buy ဟု Statement ပြောင်းပြီးမှ နာမ်စားကာလပုဒ် ပြောင်းထား၏။ (၃)နှင့်(၄)တွင် အမေးပုဒ်များနောက်၌ မေးခွန်းပုံစံမရှိ၍ Statement ပြောင်းစရာမလို၊ နာမ်စား ကာလပုဒ်သာ ပြောင်းရတော့၏။

(ခ) ပုံစံ

5. He said to a girl, "Are you a teacher?"
He asked a girl if she was a teacher.
6. She said to a boy, "Is this your book?"
She asked a boy if that was his book.
7. They said to a woman,"Are we your sons?"
They asked a woman if they were her sons.
8. He said,"Does she meet my teacher?"
He asked if she met his teacher.
သူမသည် သူ့ဆရာကိုကိုမလာဘူးလားလို့ သူက မေးခဲ့လေသည်။
9. Mg Khin said to her, "Do you love me?"
Mg Khin asked her if she loved him.

သူမသည် သူ့ကိုချစ်သလားလို့ မောင်ခင်က သူမကို မေးခဲ့လေသည်။

10. He said to a girl "Do you not come to me.- He asked a girl if she did not come to him.
သူမသည် သူ့ဆရာကို တွေ့ခဲ့သလားလို့ သူကမေးခဲ့လေသည်။

လေ့ကျင့်ခန်း (၃)
အလယ်တန်းမေးခွန်းစတိုင်

အောက်ပါ Direct speech များကို Indirect speech ပြောင်းပါ။

1. He said to her, "What are you doing?"
2. I said to a boy, "When will you sleep?"
3. You said to me, "What are they eating?"
4. Mg Ba said to a girl, "Do you cook the rice?"
5. She said to a boy, "Are you learning Enhlish now?"
6. Ma Khin Yee said to a boy, "Do you not love me?"
7. The teacher said to the students, "Did you not do your homework?"
8. Mg Khin will say to Ma Mya, "Cannot you love me?"
9. He said to a girl "Will you listen to such a man?"
10. He said to her, "What do you want?"
11. He saked, "Are you coming home with me?"
12. He said to us, "Why are you all sitting there doing nothing?"

13. I saked a man, "Don't you know the way home?"
14. The teacher said to Mg Ba, "Do you write a good essay?"
15. Ma Khin Shwe said to a boy, "Where do you live?"

လေ့ကျင့်ခန်း (၄)
(၁၀)တန်း VII A မေးခွန်းစတိုင်

Finish each sentence..........given.

1. My mother said to her, "Have you eaten breakfast?"
   Mother asked her ....
2. I said to Ma Khin Yee, "Do you write an essay?"
   I asked Ma Khin Yee ....
3. Ma Hla said to Ma Mya, "Are you cooking the rice?"
   Ma Hla asked Ma Mya ....
4. Mg Yin said to Mg Tin, "Have you taught English grammar?"
   Mg Yin asked Mg Tin ....
5. Ma Hla Hla said to him, "Do you sleep in the room?"
   Ma Hla Hla asked him ....
6. Mg Khin said to a girl, "When do you go to the bazzar?"
   Mg Khin asked a girl ....
7 U Mya said to a boy, "Is the girl learning

English?"
Ú Mya asked a boy ....

8. Ma Mya said to a boy, "Will **they** come tomorrow?"
Ma Mya told a boy ....
9. The girls said to the boys, "Have you written homeworks?"
The girls told the boys ....
10. Ma Hla said to Mg Tun, "Do you love me?"
Ma Hla asked Mg Tun ....
11. Mg Tin said to Ma Yin, "Where did you live last year?"
Mg Tin asked Ma Yin...............................
12. They asked boys, "Have you taken breakfast?"
They asked boys ....
13. The teacher said to the students, "Do you listen to Linguaphone?"
The teacher told to the students ....
14. Daw Mya Sein said, "Have the boys played football?"
Daw Mya Sein said ....
15. Ma Yin said, "Has Mg Khin read a book?"
Ma Yin said ....

(3) Imperative ခေါ် အမိန့်ပေးဝါကျကို Indirect ပြောင်းနည်း

၁။ Said, said to ကို orderd, requested, asked, told သို့ပြောင်းပါ။ ကံပုဒ်တစ်ခုအမြဲပါစေရမည်။ Direct speech ထဲမှအခေါ်စကားကို ကံပုဒ်ပြောင်းပေးပါ။

၂။ Imperative ခေါ် အမိန့်ပေးတောင်းပန်ဝါကျကို Infinitive Phrase ရန် ကြိယာပုဒ်စုပြုလုပ်ပေးပါ။
(go, ကို to go, come ကို to come ပြုလုပ်ပေးပါ)
Negative Imperative ခေါ် တားမြစ်ဝါကျကို Negative Infinitive Phrase ပြောင်းပေးရမည်။ Do not go ကို not to go. Do not come ကို not to come ပြောင်းပေးရမည်။)
၃။ နာမ်စားနှင့် ပုဒ်များပြောင်းပေးရမည်။ (ကာလပြောင်းစရာမရှိ။)

အကျဉ်းချုပ်မှတ်ရန်

၁။ Ordered ပြောင်း။
၂။ Infinitive ရန်ကြိယာပြောင်း။
၃။ နာမ်စားနှင့်ပုဒ်ပြောင်း။

ပုံစံ

1. The teacher said to strudents, "Wash your faces?"
The teacher ordered students to wash their faces.
ဆရာက ကျောင်းသားများကို သူတို့မျက်နှာများသစ်ပါလို့ (သစ်ဘို့) ပြောခဲ့သည်။
2. The teacher said to students, "Do not smoke in the class?"
The teacher ordered students not to smoke in the class.
ဆရာက ကျောင်းသားများကို အတန်းထဲမှာ ဆေးလိပ်မသောက်ပါနဲ့လို့ ပြောခဲ့သည်။
3. He said to a girl, "Bring me a chair."
He told a girl to bring him a chair.
သူက မိန်းကလေးတစ်ယောက်ကို သူ့ထံသို့ ကုလားထိုင်

တစ်လုံး ယူလာပါလို့ (ယူလာဖို့) ပြောခဲ့သည်။

4. She said to a man, "Let me go."
   She requested a man to let her go.
   သူမက လူကြီးကို သူ့ကိုသွားခွင့်ပြုပါလို့ ပြောခဲ့သည်။

လေ့ကျင့်ခန်း (၅)
အလယ်တန်းမေးခွန်းစတိုင်

အောက်ပါ Direct speech များကို Indirect speech ပြောင်းပါ။

1. He said to him, "Please wait here till I return."
2. He said, "Be quiet and listen to me."
3. He shouted, "Let me go."
4. The King said, "Call the first witness."
5. The teacher said "Sit down, boys."
6. My mother said to me "Bring me a drink of milk."
7. He said to me, "Wait until I come."
8. Their mother said, "Run away, children"
9. The teacher said to the student, "Write a letter to your mother"

လေ့ကျင့်ခန်း (၆)
၁၀တန်း VII (A) မေးခွန်းစတိုင်

Finish each of the sentence......................

10. My mother said to me, "Go to school early in the morning."
    My mother requested ....
11. Ma Khin said to Ma Hla Hla, "Do not swim in the Royal lake."
    Ma Khin told Ma Hla Hla..........................

12. Ma Khin said to Mg Mya, "Do not find a lover while schooling."
Ma Khin advised Mg Mya.........................
13. The teacher said to the students, 'Don't sit on my bed."
The teacher ordered students ....
14. Mg Khin said to Mg Ba, "Come to me at five o' clock."
Mg Khin told Mg Ba ....
15. The teacher said, "Don't put your elbow on the table."
The techer ordered ....
16. He said to her, "Shut the door behind you."
He told her ....
17. The man said to a boy, "Cut the corner off."
The man told a boy ....
18. The judge said "Bring in the two thieves and take care they don't get away."
The judge ordered ....

(4) Exclamation ခေါ် အာမေဋိတ် ဝါကျကို Indirect ပြောင်းနည်း

၁။ Said, ကို exclaimed, reamrked စသည်သို့ ပြောင်းပေးရမည်။
၂။ That ထည့်ပေးရမည်။
၃။ နာမ်စား ကာလ ပြောင်းရမည်။
၄။ How နှင့် what ကို great နှင့် very သို့ ပြောင်းပေးရမည်။
၅။ ဝါကျကို Statement ပုံစံသို့ ပြောင်းပေးရမည်။

ပုံစံ

1. She said, "How beautiful I am!"
   She said that she was very beautiful.
2. She said, "What a lovely garden it is!"
   She remarked that it was very lovely garden.
   The man said, "How clever you are!
   The man remarked that he was very clever.
3. He said, "I am undone!"
   He exclaimed that he was undone.
4. He said, "Bravo! you have done well!"
   He plauded saying that he had done well.

အမှာ

အာမေဍိတ်ဝါကျများမှာ အလွန်တရာ နဲ့ပါးလှ၍ နည်းရရန် ပုံစံ အနည်းငယ်သာ ပြလိုက်သည်။

လေ့ကျင့်ခန်း(၇)

အောက်ပါတို့ကို Indirect ပြောင်းခဲ့ပါ။

1. He said, "What a lovely house this is!"
2. She said, "How clever I am!"
3. They said, "Very good! very good!"
4. She said, "What a good diner it is!"
5. He said, "Is my son dead!"
6. She said, "What a fool I have been!"
7. She said, "I have burned myself!"
8. He said, "You are a naughty girl!"
9. Students said, "How good is New Method English Grammar!"
10. She said to a man, "How glad she is to see me at the station!"

(5) Dialogue ကို Indirect ပြောင်းနည်း

အများအားဖြင့် စာအုပ်များတွင် Direct Speech ကို Indirect Speech ပြောင်းနည်းကိုသာ ရေးသားဖော်ပြထားကြ၏။ ဆရာများကလည်း ထိုအတိုင်းပင် သင်ပြကြ၏။ အမှန်မှာ Direct Speech ကိုသာ Indirect Speech ပြောင်းနိုင်သည်မဟုတ်။ တစ်စုံတစ်ယောက် ပြောသောစကားကိုလည်း Indirect Speech ဖြင့် ပြန်ပြောနိုင်သည်။ ပုံပြင်၊ ဝတ္ထု၊ ပြဇာတ်တို့၌ပါသော ဇာတ်ကောင်များအချင်းချင်းပြောသည့် အပြန်အလှန်ပြောစကား Dialogue များကိုလည်း Indirect ပြောင်းရေးရ၏။

(က) ပထမလူပြောသောစကားသည် Statement ဖြစ်လျှင် He said, he replied, he told her စသည်ဖြင့် စကားခံ၍ Statements ပြောင်းနည်းအတိုင်း that ထည့် နာမ်စား ကာလပုဒ်ပြောင်း လုပ်ပေးရ၏။

(ခ) ပထမမှုလပြောသောစကားသည် Question ဖြစ်လျှင် He asked, He enquired စသည်ဖြင့် စကားခံ၍ Question ကို Indirect ပြောင်းနည်းအတိုင်း အမေးပုဒ် if ခံ Statement ပြောင်းနာမ်စားကာလပုဒ်ပြောင်း လုပ်ပေးရ၏။

(ဂ) ပထမမှုလပြောစကားသည် order အမိန့်ပေးဝါကျဖြစ်လျှင် le, He requested စသည်ဖြင့် စကားခံ၍ အမိန့်ပေးဝါကျကို Indirect ပြောင်းနည်းအတိုင်း Imfinitive ပြောင်း နာမ်စား၊ ပုဒ်ပြောင်းလုပ်ပေးရမည်။

ဥပမာ

မောင်မြနှင့် မလှ လမ်းမှာတွေ့ကြသောအခါ

Mg Mya: Where will ypu go?
Ma Hla: I will go to bazar.
Mg Mya: When will you return?

Ma Hla: I will return at 3 p.m.
Mg Mya: Please buy a copy of New Method Grammar for me.
Ma Hla: Is it a good book?
Mg Mya: Yes, it is good book.

ထိုသူနှစ်ယောက် ပြောသောစကားကို မောင်စိန်က ကြား၍ တဆင့် Indirect ပြန်ပြောသောအခါ

Mg Mya asked Ma Hla where she would go.
Ma Hla replied that she would go to bazar.
Mg Mya asked Ma Hla when she would return.
Ma Hla said that she would rerum at 3 p.m.
Mg Mya requested Ma Hla to buy a copy of New Method Grammar for him.
Ma Hla asked Mg Mya if it was a good book.
Mg Mya aid that it was a good book.

ရောနေသောဝါကျများကို Indirect ပြောင်းနည်း

တစ်ရံတစ်ခါ ဝါကျများကို တစ်ဝါကျတည်း တစ်ခွန်းတည်း မပြောဘဲ ပြောလဲပြော မေးလဲမေး၊ မေးလဲမေး ခိုင်းလဲခိုင်း စသည်ဖြင့် ဝါကျနှစ်မျိုးသုံးမျိုးကို တစ်ဆက်တည်းပြောတတ်ကြသည်။ ထိုအခါ ဒုတိယ တတိယ ဝါကျများသည် မေးခွန်းဖြစ်ပါက and asked အမိန့်ပေးဖြစ်ပါက and requested ရိုးရိုးဝါကျဖြစ်ပါက and said ဟု စကားခံပြီးမှ အထက်ပါ ပြောင်းနည်းအတိုင်း ပြောင်းပေးရမည်။

Mg Mya I must write some letters now.
What date is it?
(ရှေ့ဝါကျ Statement နောက်ဝါကျ Question)

Mg Mya said that he must write some letters then and asked what date it was.

Ma Hla What time is it? My watch has stopped.

(ရှေ့ဝါကျ Question နောက်ဝါကျ Statementa)

Ma Hla asked what time it was and said that her watch had stopped.

Mg Mya wait for me at the station. I will come back soon.

(ရှေ့ဝါကျ Order နောက်ဝါကျ Statement)

Mg Mya requested to wait for him and said that he would come back soon.

လေ့ကျင့်ခန်း(၈)
အလယ်တန်းမေးခွန်းစတိုင်

အောက်ပါစကားများကို မောင်လှက မမြကို သို့မဟုတ် မလှက မောင်မြကို ပြောသည်ဟု သဘောထား၍ Indirect ပြောင်းခဲ့ပါ။

1. I am going to the town with my sister.
2. You have bought yourself a new hat.
3. They do not know you.
4. I will answer the phone.
5. I have not told you anything yet.
6. She has written me a long letter.
7. You are not working hard enough.
8. You play the piano very well.
9. You have been very quick.
10. I have been smoking too much.

ေလ့ကျင့်ခန်း (၉)
၁၀တန်း: VII (A) မေးခွန်းစတိုင်

VII (A) Finish each

11. Do you think it will rain. It is very cloudy.
    Mg Hla asked Mg Mya..........................
12. We are going for a country walk. Would you like to come too?
    Mg Mya told Mg Hla............................
13 This is much interesting book. Have you ever read it?
    Mg Hla told Mg Mya............................
14. Are you free tomorrow night? I would like you to come to my party?
    Mg Mya asked Mg Hla.......................
15. The dog has stolen the meat. What are we to do?
    Mg Hla told Mg Mya..............................
16. How long have you been learning English? Your accent is very good.
    Mg Mya asked Mg Hla.:......................
17 It is time to go. Have you got all your things?
    Mg Hla told Mg Mya ....
18. I am learning English. Can you speak English?
    Mg Mya told Mg Hla ....
19. Give me light? I haye forgoten to bring my matches.
    Mg Hla request Mg Mya ....
20. Can you tell me 'time? I shall have to leave at five.
    Mg Mya asked Mg Hla ....

(7) Yes နှင့် No ကို Indirect ပြောင်းနည်း

No အတွက် but he said he နှင့် အမေးကြိယာ၏ Negative အကူကြိယာဖြင့် ရေးရ၏။

Yes အတွက် and he said he နှင့် အမေးကြိယာ၏ Affirmative အကူအညီကြိယာဖြင့် ရေးရ၏။

မောင်မြက မလှကိုမေး၍ မလှက ပြန်ဖြေပုံ။

1. "Will you come out to night? "No"
   Mg Mya asked Ma Hla if she would come out that night, but she said she would not.

2. "Can you meet me tomorrow?" "No"
   Mg Mya asked if she could meet him the next day, but she said that she could not.

3. "Do you like this?" "Yes"
   Ma Mya asked if she liked it, and she said that she did.

4. "Will you follow me?" "Yes"
   Mg Mya asked if she would follow him, and she said that she would.

အောက်ပါ ဝါကျများတွင် မလှကမေး၍ မောင်မြက ဖြေသည်ဟု သဘောထား၍ **Indirect Speech** ပြောင်းရေးခဲ့ပါ။

1. "Will you go to bazzar?" "No"
2. "Have you taken dinner?" "Yes"
3. "Are you learning English?" "No'
4. "Did you call me last night?" "Yes

5. "Have you a car?" "No"
6. "Are you in the calss now?" "Yes"
7. "Can you meet at 6 p.m.?" "No"
8. "D you see my friend?" "Yes"
9. "Is he at the gate?" "No"
10. "Have you done your homework?" "Yes"

Say said နှင့် Tell, Told

၁။ said နောက် ကံမပါလျှင် ဒါရိုက်နှင့် အင်ဒါရိုက်မှာ သုံးနိုင်သည်။
၂။ said to (ကံ)ကို ဒါရိုက်မှာသာ သုံးရမည်။ အင်ဒါရိုက်တွင် told သို့ ပြောင်းပေးရသည်။
၃။ told (ကံ)ကို အင်ဒါရိုက်မှာသာ သုံးရမည်။

နာမ်စားပြောင်းနည်း အထူး

1. You said, asked, ordered ဟု you ကတ္တားဖြစ်လျှင် မူလပြောသော စကားတွင်ပါသော I, me, my, we, us, our ကို you, you, your ပြောင်းပေးရမည်။
(သူ့စကားကို သူ့အားပြန်ပြောခြင်း)

Dir: You said, "I am a teacher"
In: You said, That you were a teacher.
Dir: You said, "We are happy"
In: You said, that you were happy.
Dir: You said, " help my mother"
In: You said, that you helped your mother.

2. Said to နောက်တွင် me ကံပုဒ်ပါလျှင် မူလစကားတွင်ပါသော you, your ကို I, me, my သို့ပြောင်း၍ us ကံပုဒ်ပါလျှင် you, you, your ကို we, us, our သို့ ပြောင်းပေးရမည်။

(ကိုယ့်စကားကိုယ်ပြန်ပြောခြင်း)

Dir: He said to me, "You are a teacher."
In: He told me that I was a teacher.
Dir: He said to us, "You are students."
In: He told us that we were students.

3. First person I, we ကတ္တားဖြစ်လျှင် မူလစကားတွင် ပါသော First person I, we စသည်ကို မပြောင်းရ၊ (ကိုယ့်စကားကိုယ်ပြန်ပြောခြင်း)

Dir: I said, "I cannot come."
In: I said that I could not come.
Dir: We said, "We are very busy."
In: We said that we were very busy.

4. Second person you က ကံပုဒ်ဖြစ်လျှင် မူလစကားတွင် you, you, your ကို မပြောင်းရ။ (ပထမ သူ့ကိုပြောပြီးစကားကို သူ့အားပြန်၍ပြောခြင်း)

Dir: I said to you, "You are my pupils"
In: I told you that you were my pupils.
Dir: She said to you, "that is your book"
In: She told you that, That was your book.

လေ့ကျင့်ခန်း

အောက်ပါ Direct speech များကို နာမ်စားများကို ဂရုစိုက်၍ Indirect ပြောင်းပေးပါ

1. You said, "I am ill"
2. You said, "I cannot write an essay"
3. She said to me, "I shall see"

4. She said to us, "I saw you"
5. He said to us, "You are lazy"
6. You said, "We will come to the station"
7. I said, "This is my book"
8. We said, "We will wait here"
9. She said to you, "You are my son"
10. She said to you, "I do not love you"

INDIRECT မှ DIRECT သို့ ပြောင်းနည်း

Direct speech မှ Indirect speech သို့ ပြောင်းလဲနည်းများကို ကျေပွန်အောင် လေ့လာပြီးပါက အပြန်အလှန် ယူလိုက်ခြင်းအားဖြင့် Indirect မှ Direrct သို့ အလွယ်တကူ ပြောင်းလဲနိုင်ပါလိမ့်မည်။ သို့ရာတွင် ကျောင်းထွက်လက်မှတ် စာမေးပွဲနှင့် သတ္တမတန်း စာမေးပွဲများတွင် မကြာခဏ မေးတတ်သောကြောင့် ပိုမို ရှင်းလင်းစွာ နားလည်စေရန် အကျဉ်းချုပ်၍ လိုအပ်သော အချက်များကို ပြန်လည် ရေးသားဖော်ပြပါမည်။

Statement ကို Direct ပြောင်းနည်း

၁။ That ကိုဖြုတ်၍ Comma (,), Inverted Commas ("...") ထည့်ပေးရမည်။ that နောက်ရှိ အစဆုံး စာလုံးကို စာလုံးကြီး ပြောင်းပေးရမည်။ told ရှိလျှင် said to သို့ ပြောင်းပေးရမည်။
၂။ That နောက်ရှိ Third Person ကို Second Person နှင့် First Person သို့ ပြောင်းပေးရမည်။

ဆိုလိုသည်မှာ

(က) ပြောသူ ကတ္တားပုဒ်၏ နာမ်စားပုဒ်ဖြစ်လျှင် I, me, my သို့ပြောင်း၍
(ခ) အပြောခံရသူ ကံပုဒ်၏ နာမ်စားဖြစ်လျှင် you, you, your သို့ ပြောင်းပေးရမည်။

ကာလပြောင်းနည်းနှင့် that ကို this စသည် ပြန်ပြောင်းနည်းများမှာ Indirect ပြောင်းထားသည်များကို မူရင်းသို့ ပြန်ပြောင်းပေးရန်ဖြစ်သည်။ ပုံစံများကိုလည်း Indirect ပြောင်းနည်းတွင် ပြန်၍ကြည့်ပါလေ။

မေးခွန်းနှင့် အမိန့်ပေးဝါကျ
DIRECT ပြောင်းနည်း

Asked, ordered နောက်တွင် ကံမပါလျှင် said သို့ ကံပုဒ်ပါလျှင် said to သို့ ပြောင်းပေးပါ။ Indirect တွင် ပြောင်းခဲ့သည်များကို မူရင်းသို့ ပြောင်းပေးရန် ဖြစ်ပါသည်။ ပုံစံများကိုလည်း Indirect တွင် ပြန်ကြည့်ပါ။

အောက်ပါ Indirect Speech များကို Direct Speech သို့ ပြောင်းပေးပါ။
လေ့ကျင့်ခန်း (၁)

I. She said that she would be there.
2. Mg Ba told a girl that he loved her.
3. The teacher told students that he was teaching them English.
4. She told a boy that she would come to him next day.
5. Ma Mya says that she loves her mother.

လေ့ကျင့်ခန်း (၂)

1. The man ordered a man to sit or. his bed.
2. She ordered a man to open the door.
3. Ma Mya requested Mg Khin to nheo give her letters.

4. I ordered a boy to open his book.
5. The teacher ordered students to give him their exercises.

လေ့ကျင့်ခန်း (၃)

1. I asked a girl where he was going.
2. He asked a woman if she was his aunt.
3. She asked a man if she knew her.
4. He asked a boy where he lived.
5. She asked Mg Ba if he would marry her.

၉ တန်း ၁၀ တန်း မေးခွန်းလွှာနှင့် Direct-Indirect ပြောင်း ပုံသေနည်း

ယခင်က အောက်ပါ Direct speech ကို Indirect speech ပြောင်းပါ။ Indirect speech ကို Direct speech ပြောင်းပါဟု တိုက်ရိုက်မေး၏။ ယခုအခါ ၉ တန်း၊ ၁၀ တန်း အင်္ဂလိပ်မေးခွန်းလွှာ VII A ၌

Finish each sentence in such a way that it means exactly the same as the sentence that is given.

ပေးထားသော (အပေါ်)ဝါကျနှင့် အဓိပ္ပာယ်တထပ်တည်းတူအောင် ဝါကျအသီးသီးကို အပြီးသတ်ရေးပါဟု မေးတတ်၏။ အောက်တွင် Direct speech နှင့် Indirect speech အစ Indirect speech နှင့် Direct speech အစ ပေးထားတတ်၏။ အချင်းချင်း အပြန်အလှန် ပြောင်းနိုင်ခြင်းသာ ဖြစ်၏။ ၉၃ ခု အင်္ဂလိပ်မေးခွန်းလွှာ VII A မေးခွန်းလွှာ နမူနာအဖြေကို စာမျက်နှာ (၆၀၀) ပုဒ်ဆာ (၈)၊ စာမျက်နှာ (၆၀၁)၊ ပုဒ်ဆာ (၁၀) ၌ လည်းကောင်း၊ ၉၄ ခု မေးခွန်းနမူနာအဖြေကို စာမျက်နှာ ၆၀၂ ပုဒ်ဆာ(၁)၊ စာမျက်နှာ ၆၀၇ ပုဒ်ဆာ (၅) ၌လည်းကောင်း ကြည့်ပါ။

စာမျက်နှာ ၅၉၁ ရှိ မေးခွန်းဟောင်း လေ့ကျင့်ခန်းများကို ဖြေဆို လေ့ကျင့်ပါ။

INFINITIVE = ရန် ကြိယာ

၁။ စားရန်, စားဖို့, စားလိုသောကြောင့်၊ သင်ယူရန်, သင်ယူဖို့, သင်ယူလိုသောကြောင့် စသည်ဖြင့် ရည်ရွယ်ချက်၊ သို့မဟုတ် အကြောင်းကို ဖော်ပြလိုသောအခါ to သို့မဟုတ် in order to ဖြင့်ရေးရ၏။ ၎င်းကို Infinitive (အင်ဖိုနစ်တစ်ဗ်) "ရန်ကြိယာ" ဟု ခေါ်လေသည်။

၎င်း Infinitive ရန်ကြိယာကို (က) အများအားဖြင့် အခြား ဝါကျတစ်ခု၏ နောက်ဆုံးတွင်ထား၍ ရေးရပြောရ၏။ (ခ) အခါခါ တစ်ရံ ၎င်း Infinitive ခေါ် ရန်ကြိယာကို အဓိပ္ပာယ် ပေးနေစေ လိုသောအခါ ဝါကျတစ်ခု၏ ရှေ့ဆုံးကလည်း ထား၍ရေးနိုင်၏။

ရည်ရွယ်ချက်ကို မေးမြန်းသည့် Why ဖြင့် မေးသော မေးခွန်း ကို ဤ Infinitive ခေါ် ရန်ကြိယာဖြင့် ဖြေရ၏။

ဥပမာ

1. Why does Ma Tin Yee go into the kitchen?
   မတင်ရီသည် မီးဖိုထဲသို့ ဘာအတွက် ဘာကြောင့်သွားသလဲ။
   Ma Tin Yee goes into the kitchen to cook the rice.
   မတင်ရီသည် ထမင်းချက်ရန် မီးဖိုထဲသို့ သွားသည်။
2. Why do the students come to school?
   ကျောင်းသားများ ဘာကြောင့် ကျောင်းကို လာကြသလဲ။
   The students come to school to learn their lessons.
   ကျောင်းသားများသည် သင်ခန်းစာများကို သင်ယူရန် ကျောင်းသို့ လာကြသည်။
3. Why did Mg Khin go to the bazaar?
   မောင်ခင် ဘာကြောင့် ဈေးသွားသလဲ။

Mg Khin went to the bazaar to buy New Method Grammar.
မောင်ခင်သည် နည်းသစ်သဒ္ဒါ စာအုပ်ကို ဝယ်ရန် ဈေးကို သွားခဲ့သည်။

4. Why does U Mya walk in the evening?
ဦးမြသည် ညနေတွင် ဘာကြောင့် (ဘာအတွက်ကြောင့်) လမ်းလျှောက်သလဲ။
U Mya walks in the evening to get fresh air.
ဦးမြသည် လေကောင်းလေသန့်ကိုရရန် ညနေတွင် လမ်းလျှောက်သည်။

Negative Infinitive
တားမြစ် ပိတ်ပင်ခြင်း

မသွားရန်, မသွားဖို့, မစားရန်, မစားဖို့ စသည်ဖြင့် တားမြစ်ပိတ်ပင်သောအခါ Infinitive ခေါ် ရန်ကြိယာရှေ့မှ not ကို ထည့်ရေးရ၏။

ဥပမာ

1. The teacher ordered me not to go to the pictures.
ဆရာသည် ကျွန်တော့်အား ရုပ်ရှင်သွားမကြည့်ရန် ပြောခဲ့သည်။

2. My mother asked me not to swim in the Royal lake.
ကျွန်ုပ်၏အမေက ကျွန်ုပ်အား ကန်တော်ကြီးထဲ၌ ရေမကူးရန် ပြောခဲ့သည်။

3. The teacher asked the students not to play in the class.
ဆရာသည် ကျောင်းသားများအား အတန်းထဲမှာ မကစားရန် ပြောခဲ့သည်။

4. The woman begged her husband not to abandon her.
မိန်းမကြီးသည် သူ၏ခင်ပွန်းအား သူ့ကိုပစ်မသွားရန် တောင်းပန်ခဲ့သည်။
5. The teacher asked the students not to read novels in the class.
ဆရာသည် ကျောင်းသားများအား အတန်းထဲမှာ ဝတ္ထုစာအုပ် မဖတ်ရန် ပြောခဲ့လေသည်။

လေ့ကျင့်ခန်း
အောက်ပါ Infinitive ပါဝင်သော ဝါကျများကို အင်္ဂလိပ်ဘာသာပြန်ဆိုပါ

၁။ မောင်ဘသည် စာအုပ်ဝယ်ရန် ဈေးသို့သွားသည်။
၂။ မခင်ဌေးကြွယ်သည် စာသင်ရန် ကျောင်းသို့သွားသည်။
၃။ စာရေးများသည် အလုပ်လုပ်ရန် ရုံးသို့သွားကြသည်။
၄။ မခင်ဌေးကြွယ်သည် ထမင်းချက်ရန် မီးဖိုထဲသို့သွားသည်။
၅။ ဆရာသည် စာသင်ပြရန် သင်ပုန်းအနီးမှာရပ်နေသည်။
၆။ မခင်ဌေးကြွယ်သည် စာမေးပွဲအောင်ရန် စာကြိုးစားနေသည်။
၇။ လူငယ်များသည် ကျန်းမာရေးရရန် ကစားနေကြသည်။
၈။ မောင်ခင်သည် နေရာယူရန် ဘူတာရုံသို့ သွားသည်။
၉။ မခင်ရီသည် ထမင်းစားရန် အိမ်သို့ပြန်လာသည်။
၁၀။ ဦးမြသည် ကျန်းမာရေးရရန် ကမ်းပါးပေါ်မှာ လမ်းလျှောက်နေသည်။
၁၁။ မခင်ဌေးကြွယ်သည် ရေခပ်ရန် ရေတွင်းသို့သွားခဲ့သည်။
၁၂။ မလှလှသည် ထမင်းမဆာရန် မုန့်ကိုစားသည်။
၁၃။ ကျွန်တော်သည် တံခါးမပိတ်ရန် မောင်ခင်ကို ပြောခဲ့သည်။
၁၄။ မလှလှသည် သူ၏ညီမကို မကစားရန်ပြောနေသည်။
၁၅။ မိဘများသည် သူတို့၏ သားသမီးများကို လိမ်မာစွာနေရန် ဆုံးမကြသည်။

၁၆။ ဆရာသည် ကျောင်းသားများကို စာကြိုးစားရန် ပြောသည်။
၁၇။ မခင်ဌေးကြွယ်သည် ရေချိုးရန် ကန်တော်ကြီးသို့ သွားသည်။
၁၈။ လူကြီးသည် မောင်ရင်ကို ရုပ်ရှင်မသွားရန် ပြောခဲ့သည်။
၁၉။ နွားများသည် မြက်စားရန် ကန်အနီးသို့ လာကြသည်။
၂၀။ ကျွန်တော်သည် လေ့ကျင့်ခန်းများကို ရေးရန် ကျောင်းကို သွားပါသည်။
၂၁။ မလှသည် ငွေရရန် အလုပ်လုပ်သည်။
၂၂။ သူမသည် ထမင်းမဆာရန် ရေကိုသောက်သည်။
၂၃။ မခင်သည် ဝလာရန် ထန်းရည်ကို သောက်သည်။
၂၄။ ကျွန်တော်သည် စိတ်ကြည်လင်ရန် သီချင်းသံကို နားထောင်သည်။
၂၅။ လူများသည် ကျန်းမာမှုရရန် ဆေးကိုသောက်ကြသည်။
၂၆။ ကျွန်တော်သည် စကားပြောတတ်ရန် လင်ဗွာဖုံးကို နားထောင်သည်။
၂၇။ ကျောင်းသားများသည် စာရေးတတ်ရန် နည်းသစ်သဒ္ဒါကို သင်ယူကြသည်။
၂၈။ ဆရာများသည် ဗဟုသုတရရန် နည်းသစ်သဒ္ဒါကို လေ့လာကြသည်။
၂၉။ သူတို့သည် အဝတ်အစားများဝယ်ရန် ဈေးသို့ သွားကြသည်။
၃၀။ မြင့်လွင်သည် မခင်ဌေးကြွယ်ကိုတွေ့ရန် အိမ်သို့သွားသည်။

CONJUNCTIVE + INFINITIVE

အမေးစကား + ရန်ကြိယာ

Infinitive ခေါ် ရန်ကြိယာရှေ့တွင် When, What, How စသည့် အမေးစကားများကိုထားပြီးလျှင် Transitive Verb ခေါ် "ကို"ရှိကြိယာ၏ "ကံပုဒ်"ဝါ"ကိုပုဒ်" အဖြစ်ထား၍ ပြောဆိုရေးသားနိုင်၏။ ထိုရန်ကြိယာသည် အနာဂတ်အဓိပ္ပာယ်ကို ဖော်ပြလေသည်။

How to...	ဘယ်လို...ရမည်ဆိုဒါကို
What to...	ဘာကို...ရမည်ဆိုဒါကို
What (နာမ်ပုဒ်) to..	ဘာ( )...ရမည်ဆိုဒါကို
Which to...	ဘယ်ဟာကို...ရမည်ဆိုဒါကို
Which (နာမ်ပုဒ်) to...	ဘယ် ( )...ရမည်ဆိုဒါကို
When to...	ဘယ်အချိန်...ရမည်ဆိုဒါကို
Where to...	ဘယ်နေရာ...ရမည်ဆိုဒါကို
Who to...	ဘယ်သူကို...ရမည်ဆိုဒါကို
Whom to...	ဘယ်သူကို...ရမည်ဆိုဒါကို
Whether to...or to...	ရမလား...ရမလားဆိုဒါကို
Whether to...or not...	ရမလား...မရဘူးလားဆိုဒါကို

ဝါကျပုံစံများ

1. I can tell you how to do it.
   ထိုဟာကို ဘယ်လိုလုပ်ရမည်ဆိုဒါကို သင့်အား ပြောနိုင်သည်။
2. I cannot decide what to give my father for his birthday.
   ကျွန်ုပ်သည် အဖေအား သူ၏မွေးနေ့လက်ဆောင် အတွက် ဘာပေးရမည်ဆိုဒါကို မဆုံးဖြတ်နိုင်ပါ။
3. The teacher did not say what book to read.
   ဆရာသည် ဘာစာအုပ်ကို ဖတ်ရမည်ဆိုဒါကို မပြောပါ။
4. She cannot decide which to buy.
   သူမသည် ဘယ်ဟာကို ဝယ်ရမည်ဆိုဒါကို မဆုံးဖြတ်နိုင်ပါ။

5. She cannot decide which handbag to buy.
သူမသည် ဘယ်လက်ကိုင်အိတ်ကို ဝယ်ရမည်ဆိုဒါကို မဆုံးဖြတ်နိုင်ပါ။

6. The students do not know when to stop reading.
ကျောင်းသားများသည် စာအံ ဘယ်အချိန် ရပ်မည်ဆိုဒါကို မသိပါ။

7. Please tell me where to sit.
ကျေးဇူးပြု၍ ဘယ်နေရာမှာ ထိုင်ရမည်ဆိုဒါကို ပြောပြပါ။

8. She does not know who to teach English to.
သူမသည် ဘယ်သူ့ကို အင်္ဂလိပ်စာပြရမည်ဆိုဒါကို မသိပေ။

9 I have decided whom to marry.
ကျွန်ုပ်သည် ဘယ်သူ့ကို လက်ထပ်ရမည်ဆိုဒါကို ဆုံးဖြတ်ပြီးပြီ။

10. The girl cannot decided whether to follow her mother or to remain in the house.
မိန်းကလေးသည် သူ့အမေနှင့် **လိုက်သွား**ရမလား အိမ်**မှာ** နေခဲ့ရမလားဆိုဒါကို မဆုံးဖြတ်**နိုင်သေး**ပါ။

11. Mg Khin did not **know** whether to go to Yangon or not.
မောင်ခင်သည် ရန်ကုန်ကို**သွား**မလား၊ မသွားဘူးလားဆိုဒါကို မသိသေးပါ။

အောက်ပါ ဝါကျ[illegible]များကို သေချာစွာ လေ့လာခြင်းဖြင့် မေးခွန်း စကားများနောက်မှ Infinitive ခေါ် "ရန်ကြိယာ" ထား၍ ရေးရသည့်ဝါကျများကို အလွယ်တကူ နည်းမှီ ရေးသားနိုင်ပါလိမ့်မည်။

ဇယား (၁)

	Subject+Verb	Conjunctive	Infinitive
1.	I wonder	how	to do it.
2.	I do not know	what	to do.
3.	He is learning	how	to swim.
4.	She is wondering	which	to buy.
5.	Will you find out	how	to get there?
6.	You must remember	when	to begin.
7.	I do not know	whether	to go or stay.

အထက်ပါဇယားတွင် Conjunctive+Infinitive အမေး စကားပါသော ရန်ကြိယာ ပုဒ်စုကို ကံပုဒ် (Object) အဖြစ် ထား၍ ရေးသား၏။

ဇယား (၂)

	Subject+Verb	Object	Conjunctive	Infinitive
1.	We showed	him	how	to do it.
2.	Please tell	me	which	to take.
3.	Can you advise	me	which	to buy?
4.	The patterns show	you	how	to make sentence.
5.	Tell	me	whether	to come or not.
6.	They told	him	when	to start.
7.	Tell	her	what	to do.

အောက်ပါ ဝါကျများရှိ ကွက်လပ်များသို့ who, what, which, when, why စသည်ဖြင့် ဖြစ်သင့်သော ပုဒ်များဖြင့် ဖြည့်ပေးပါ။

1. I don't know...to do.
2. He has forgotten...to go.
3. I have no idea...to ask.
4. He told me...book to take.
5. Do you know...to make coffee?
6. Ask him...to put it.
7. I don't understand...to drive a car.
8. He wants to know...club to join.
9. You must go...he tells you.
10. Can you suggest...to write.
11. She doesn't know..dress to wear.
12. I can't remember...to do it.
13. We don't know...to show it to.
14. I shan't forget...to find it again.
15. He does not know...to open it with.
16. Can you tell me...could advise me in this matter?
17. A lawyer advised me...to do.
18. My friend couldn't remember...way to go.
19. They don't know...your house is.
20. I can't imagine...you are so cross with me.
21. She dosen't understand..to do the exercise.
22. I can't think...to buy for dinner.
23. Have you decided...to ask to the party.
24. They don't know...to meet us tomorrow.
25. I am wondering...to do with my old clothes.

26. Tell me...to be there and I shall not be late.
27. Is it difficult to know...to choose?
28. We can't know...to go for our holidays.
29. Tell us to bring work.
30. He wants to learn...to build a boat.

TOO.ENOUGH + INFINITIVE

(က) Too + adjective + Infinitive = သည် လိုသည်ထက် ပိုသည်ဟု ဆန့်ကျင်ဘက် = Negative အဓိပ္ပာယ်ရှိ၏။

(ခ) Adjective + enough + Infinitive = သည် လိုသလောက် အလောတော်ပင်ဟု = Positive အဓိပ္ပာယ်ရှိ၏။

တစ်ခါတစ်ရံ Infinitive ရှေ့တွင် for me, for you, စသည့် ပုဒ်စုတစ်စု ပါတတ်၏။

This coffee is too hot to drink.
ဤကော်ဖီသည် မသောက်နိုင်လောက်အောင် ပူသည်။
This coffee is too hot for me to drink.
ဤကော်ဖီသည် ကျွန်ုပ်အဖို့ မသောက်နိုင်လောက်အောင် ပူလွန်းအား ကြီးသည်။
This coffee is hot enough to drink.
ဤကော်ဖီသည် သောက်လို့ရလောက်အောင် ပူပါသေးသည်။ (အလွန့်အလွန် မအေးသေးပါဟု ဆိုလိုသည်။)
The moon is bright enough to read a book.
လသည် စာအုပ်တစ်အုပ်ကို ဖတ်လို့ရအောင် တောက်ပနေပါသည်။ (အလွန့်အလွန်ကြီး မမှိန်လှပါဟု ဆိုလိုသည်။)

(၁၀)တန်းမေးခွန်း VII (A)

(၁၀)တန်းမေးခွန်း VII A တွင် (က) Too + Adjective + Infinitive (ခ) Adjective + enough + infinitive ဝါကျကိုပေးထား၍ အောက်တွင် so + Adjective ဝါကျအစကို

ပေးထားပြီး ဆက်ရေးပါဟု မေးနိုင်သည်။

ထိုအခါ (က) so + Adjective + that .....Can not/ Could not + verb ဖြင့်လည်းကောင်း၊

(ခ) So + Adjective + that ...Can/could + Verb ဖြင့်လည်းကောင်း ဆက်ရေးပေးရမည်။

(က) This coffee is too hot for me to drink.
This coffee is so ....
This coffee is so hot that I cannot drink.

(ခ) This coffee is hot enough for you to drink.
This coffee is so (hot) ....
This coffee is so hot that you can drink.

အပြန်အလှန်အားဖြင့်

(က) so + Adjective That ....cannot/ could not

(ခ) so - Adjective That .....can/could ဝါကျကိုပေးထား၍

(က) ....too + adjective ....

(ခ) ....Adjective + enough ....
ဝါကျအစကိုပေးထားလျှင် infinitive ဖြင့် ဝါကျအပြီး သတ်ပေးရပါမည်။ အထက်ပါဝါကျ (that)နောက်ကရှိသော ကတ္တားကို for him, for her စသည်ဖြင့် ပြောင်း၍ Infinitive ရှေ့ကထည့်ပေးရမည်။

(1) This coffee is so hot that I cannot drink.
This coffee is too ....
This coffee is too hot for me to drink.

(2) This coffee is so hot that I can drink.
This coffee is hot ....
This coffee is hot enough for me to drink.

အမှာ။ ။ စာမေးပွဲကဏ္ဍ ၆၁၀၊ ၆၁၁၊ ၆၁၂ တို့တွင်ကြည့်ပါ။

Very + Adj ....too + Adj

Very + Adj အကြောင်းဝါကျနှင့် အကျိုးဝါကျတစ်ခုံ သို့မဟုတ် because very + Adj ပါသော အကြောင်းပြဝါကျ တစ်ခုကိုပေးထား၍ အောက်တွင် too ....ဝါကျအစကို ပေးထားလျှင် ....too + Adj + infinitive ဝါကျဆက်ရေးပေးရမည်။

I was very tired I felt asleep at once or
I felt asleep at once because I was very tired.
I was too ....
I was too tired to fall asleep at once.

မှတ်ချက်။ အပြန်အလှန်မေးနိုင်သည်။
အညွှန်း။ ။ စာမေးပွဲကဏ္ဍ (၆၁၁) (၆၂၁) တွင် လေ့ကျင့်ပါ။

လေ့ကျင့်ခန်း(၁)
အောက်ပါ ဝါကျများကို ဘာသာပြန်ဆိုခဲ့ပါ

၁။ ဤစာအုပ်သည် မဖတ်နိုင်လောက်အောင် ခက်လွန်းအားကြီးသည်။ ၂။ ဤတောင်သည် မတက်နိုင်လောက်အောင် မြင့်လွန်းအားကြီးသည်။ ၃။ အပြင်သို့ မထွက်နိုင်လောက်အောင် အေးအားကြီးသည်။ (It is cold = အေးသည်)။ ၄။ တစ်စုံတစ်ရာကို မမြင်နိုင်လောက်အောင် မှောင်လွန်းအားကြီးသည်။ (It is dark = မှောင်သည်)။ ၅။ ဂီတသည် ကျွန်ုပ်တို့အဖို့ မကြားနိုင်လောက်အောင် တိုးလွန်းအားကြီးသည်။ (Soft = တိုးသော) ၆။ ကျွန်ုပ်သည် သူ့မထံ စာမရေးနိုင်လောက်အောင် အလုပ်ရှုပ်သည်။ ၇။ သေတ္တာသည် သူမအဖို့ မ,မနိုင်လောက်အောင် လေးလွန်းအားကြီးသည်။ ၈။ မောင်မြသည် မျက်နှာကျက်ကို မှီနိုင်လောက်အောင် အရပ်မြင့်သည်။ ၉။ သစ်သီးသည် ခူးရလောက်အောင် မှည့်ပြီ။ ၁၀။ ဤဝတ္ထုသည် နာရီအနည်းငယ်အတွင်း ဖတ်နိုင်လောက်အောင် တိုပါသည်။ ၁၁။ မရီသည် တက္ကသိုလ်ဝင်တန်းဖြေနိုင်အောင် အသက်ကြီးပြီ။ ၁၂။ မတင်ရီသည် ကားတစ်စီးဝယ်နိုင်လောက်အောင် ချမ်းသာသည်။ ၁၃။ လူကလေးသည် အပြည့်အစုံ နားလည်နိုင်လောက်အောင်

လိမ်မာသည်။ ၁၄။ လိမ္မော်သီးသည် မစားနိုင်လောက်အောင် ချဉ်လွန်းအားကြီးသည်။ ၁၅။ သူမသည် မအိပ်နိုင်လောက်အောင် ဝမ်းနည်းသည်။

(က) Too + Adj

(ခ) not oppsite Adj+enough

(၁၀)တန်း VII (A) တွင် (၁) (က) ဝါကျအပြည့်နှင့် (ခ) ဝါကျအစကိုလည်းကောင်း

(၂) (ခ) ဝါကျအပြည့်နှင့် (က)ဝါကျအစကိုလည်းကောင်း မေးတတ်၏။ အထက်ဖော်ပြလာအတိုင်း အပြီးသတ်ရေးပေးရုံသာ ဖြစ်၏။

၁။ The car is too small for ten people.

The car is not ....

The car is not large enough for ten people.

၂။ The tea in the flask is not hot enough in the evening.

The tea in the flask is too ....

The tea in the flask is too cold in the evening.

အညွှန်း။ ။ နည်းသစ်သဒ္ဒါ ၆၉–၇၁ ရှိ ဆန့်ကျင်ဘက်နာမဝိသေသနပုဒ်များကို ကျက်ထားမှ ဤပုစ္ဆာမျိုးကို ဖြေနိုင်မည်။

လေ့ကျင့်ခန်း (၂)

လေ့ကျင့်ခန်း(၁)ရှိဝါကျများကို (က)(ခ)ပုံစံနှစ်မျိုး ရေးသား လေ့ကျင့်ပါ။(...is too difficult to need = is not easy enough to need...)

(က) PHRASE OPENING

It is (Adjective) for...to...

It was (Adjective) for...to...

It will be (Adjective) for...to...

(ခ) PHRASE OPENING

To .... is (Adjective) for...
was (Adjective) for...
will be (Adjective) for...

အထက်ပါ ဝါကျများတွင် It မှာ အဓိပ္ပာယ်သီးခြားမရှိ၊ to မှစ၍ ဘာသာပြန်ရမည်။ ရဒါ, ဖို့ဟာဟု ဘာသာပြန်ရ၏။ For ကို အဖို့ဟု ဘာသာပြန်ရ၏။ ၎င်း For နှင့် နာမ်ပုဒ်နာမ်စားပုဒ်များမှာ ကျန်ပါလေ့မရှိ၊ မပါဘဲလည်း ရေးနိုင်၏။

ဥပမာ

1. (က) It is wrong for a student to neglect his homework.
   (ခ) To neglect his home work is wrong for a student.
   Phrase opening (က)နှင့်(ခ)အတူတူဖြစ်၍ (၁၀)တန်း မေးခွန်းတွင် VII (A) မေးနိုင်၏။
   (က) အပြည့် ------------------------------
   (ခ) အစ ------------------------------
   (က) အစ ----------------------မေးနိုင်၏။
   ကျောင်းသားတစ်ယောက်အဖို့ သူ၏သင်ခန်းစာများကို မလုပ်တာဟာ မှားသည်။
2. (က) It was pleasant to go by a train.
   (ခ) To go by a train was pleasant.
   မီးရထားနဲ့ ခရီးသွားရတာ သာယာပျော်ရွှင်ဘွယ် ကောင်းသည်။
3. (က) It is not easy to write an essay.
   (ခ) To write an essay is not easy.
   အက်ဆေးတစ်ပုဒ်ကို ရေးဖို့ဟာ မလွယ်ကူလှဘူး။
4. It will be difficult, for a Myanmar student to learn Enmglish.

မြန်မာကျောင်းသား တစ်ယောက်အဖို့ အင်္ဂလိပ်စာ သင်ရဒါ ခက်လိမ့်မည်။

5. It was not easy to pass the matriculation.
တက္ကသိုလ်ဝင်တန်းအောင်ဖို့ဟာ မလွယ်ကူလှပါ။

6. It is unhealthy to eat plenty of beaf.
အသားများများစားဒါဟာ ကျန်းမာရေးအတွက် မကောင်းပါ။

7. It is lazy for me to go to school.
ကျွန်တော့်အဖို့ ကျောင်းသွားရဒါ ပျင်းစရာကောင်းသည်။

8. It is lazy for Ma Hla to work in the office.
မလှအဖို့ ရုံးထဲမှာ အလုပ်လုပ်ရတာ ပျင်းစရာကောင်းသည်။

9. (က) It will be possible for man to reach the moon.
(ခ) To reach the moon will be possible for man.
လူသားများအဖို့ လကမ္ဘာသို့ ရောက်ဖို့ဟာ ဖြစ်နိုင်လိမ့်မည်။

လေ့ကျင့်ခန်း

အောက်ပါဝါကျများကို phrase Opening (က) (ခ) ပုံစံ နှစ်မျိုးဖြင့် အင်္ဂလိပ်ဘာသာပြန်ဆိုပါ။

(ဤလေ့ကျင့်ခန်းကို လေ့ကျင့်ခြင်းဖြင့် (၁၀)တန်း VII(A)တွင် Phrase Opening (က) အပြည့်နှင့်
(ခ) အစ
(ခ) အပြည့်နှင့်
(က) အစဝါကျကို ဆက်ရေးနိုင်လိမ့်မည်။

၁။ ဆရာများအဖို့ ကလေးတွေကို အင်္ဂလိပ်စာ သင်ရတာ မလွယ်လှပါ။ ၂။ စုံထောက်ဝတ္ထုဖတ်ရတာ အသဲထိတ်စရာကောင်းသည်။ ၃။ ကျောင်းသားများအဖို့ အက်ဆေးတစ်ပုဒ်ကို ရေးဖို့ဟာ မလွယ်ကူပါ။ ၄။ စာရေးတစ်ယောက်အဖို့ (အနေနဲ့) အိမ်တစ်လုံး

ဆောက်နိုင်ဖို့ဟာ မလွယ်ကူလှပါ။ ၅။ ကျွန်ုပ်အဖို့ အင်္ဂလိပ်စာ ပြရတာ အလွန်လွယ်ကူပါသည်။ ၆။ မရောက်ဘူးသော နေရာ (နေရာသစ်) များကို သွားရောက် လည်ပတ်ရတာ ပျော်စရာ ကောင်းသည်။ ၇။ မြန်မာများအဖို့ အင်္ဂလိပ်စာသင်ရတာ ခက်ခဲပါ သည်။ ၈။ မောင်မြအဖို့ သင်္ချာမတန်း အောင်ဖို့ဟာ လွယ်ကူလိမ့်မည် မဟုတ်ပါ။ ၉။ ယောကျ်ားတစ်ယောက်အဖို့ ဇနီးကောင်းရဖို့ဟာ အလွန်အရေးကြီးပါသည်။ ၁၀။ မနက်စောစော ရေချိုးတာ ချမ်းသည်။ ၁၁။ ကျောင်းသားများအဖို့ ကျောင်းကို နေ့စဉ်လာရန် လိုအပ်သည်။ ၁၂။ တစ်ယောက်ထဲ အိမ်မှာနေရတာ ပျင်းစရာကောင်းသည်။ ၁၃။ နည်းသစ်ကောလိပ်မှာ အင်္ဂလိပ်စာသင်ရတာ သိပ်လွယ်သည်။ ၁၄။ ဆိတ်ငြိမ်ရာမှာ ချစ်သူနှင့်တွေ့ရတာ ပျော်စရာကောင်းသည်။

(၁၀) တန်း မေးခွန်း VII (A)

Gerund ခေါ် ကြိယာ၊ နာမ်၊ ကတ္တားကို Infinitive သို့ ပြောင်း၍ ဝါကျနောက်ပိုင်းသို့ ရွှေ့ပြီး If is a good/ bad/easy/ difficult + habit / manmar / Custom / exercise/idea / job ဟူသော Phrase Opening ဝါကျဖြင့် ဝါကျစတိုင် တစ်မျိုး ပြောင်းရေးနိုင်၏။

Studying regularly is a good habit.
It is a .... (1992) VII (A) No.2.
It is a good habit to study regularly.

လေ့ကျင့်ခန်း

VII (A) Finish each sentence in such a way .....

1. Walking early in the morning is a good exercise.
   If is a ....
2. Smoking too much is a very bad habit.

It is a ....

3. Swimming is a very good exercise for health.
   It is a ....
4. Going to cinema on Sunday morning is a good idea.
   It is ....
5. Teaching young children is not an easy work.
   It is not an ....

အညွှန်း။ ။နည်းသစ်သဒ္ဒါ နှာ ၄၇၁ "Gerund" တွင်ကြည့်ပါ။

So + adjective that = It is such a + adj + ကတ္တား + that

So + adjective that ရှေ့ကရှိသော အကြောင်းပြဝါကျတွင် So + adj ကို Such a + adj သို့ပြောင်းပြီး ရှေ့က အရာဝတ္ထု ကတ္တားနာမ်ပုဒ်ကို adj နောက်ကထားကာ that နှင့် အကျိုးဆက်ဝါကျကို ဆက်ရေးရ၏။

မေး This question is so easy that even a child can answer it.
It is such an ....

ဖြေ It is such an easy question that even a child can answer it.
ဤပဟာသည် ကလေးတစ်ယောက်ပင် ဖြေနိုင်လောက်အောင် လွယ်ကူသော မေးခွန်းဖြစ်သည်။

မှတ်ချက်။ ။ အရာဝတ္ထု So + adjective ရှေ့တွင် ကတ္တားရှိမှသာ ဤ It is such a ... Phrase Opening ရေးထုံးဖြင့် ပြောင်းနိုင်သည်။

Preposition After Infinitive Phrase
ရန်ကြိယာအဆုံးရှိ ဝိဘတ်

ဝါကျနှစ်ခုတွင် ပုဒ်တူနှစ်ခုပါ၍ နောက်ဝါကျကို Infinitive Phrase ရန်ကြိယာ ပြုလုပ်သုံးစွဲသောအခါ ၎င်းနောက်ဝါကျ ပုဒ်တူ၏ရှေ့တွင် ဝိဘတ်တစ်လုံး ပါနေပါက ၎င်းဝိဘတ်ကို Infinitive phrase ရန်ကြိယာပုဒ်၏ နောက်တွင်ထား၍ ရေးရမည်။ ၎င်းဝိဘတ်မှာ အဓိပ္ပာယ်အထူးမရှိ၊ မြန်မာ မပြန်ဆိုရပေ။

ဥပမာ

I build a house. I live in the house.
I build a house to live in.
ကျွန်ုပ် နေထိုင်ရန် အိမ်တစ်လုံးကို ဆောက်သည်။
He brings a chair. He sit on the chair.
He brings a chair to sit on.
သူသည် ထိုင်ရန် ကုလားထိုင်တစ်လုံးယူလာသည်။
They chose a stockade. They fought enemies from it.
They chose a stockade to fight enemies from.
သူတို့သည် ရန်သူများကို တိုက်ခိုက်ရန် ခံတပ်တစ်ခုကို ရွေးချယ်ခဲ့ကြသည်။

သတိပေးချက်

အထက်ပါတို့ကို လေ့လာခြင်းအားဖြင့် ရန်ကြိယာနောက်ဆုံးရှိ ဝိဘတ်သည် မြန်မာဘာသာ၌ အဓိပ္ပာယ်မရှိသောကြောင့် မြန်မာ ကျောင်းသားများ (ရံခါ ဒီဂရီရပြီးသူများပင်) အများအပြား မှားယွင်း ရေးထားသည်ကို တွေ့ရှိရလေသည်။ အထူး သတိပြုအပ်သော အချက်တစ်ခုဖြစ်ပေသည်။

လေ့ကျင့်ခန်း

အောက်ပါ ဝါကျအစုံတွင် နောက်ဝါကျတို့ကို Infinitive ပြောင်း၍ရေးခဲ့ပါ။

1. Yesterday I bought a pen. I write with it.
2. I went to Ma Mya. I borrowed a book from her.
3. We went to the lake. We swim in the lake.
4. She went to Maymyo. She rested in Maymyo.
5. I took a piece of paper. I write on it.
6. Give me a knife. I will cut bread with it.
7. Ma Tin Yee want a bag. She will carry her book in the bag.
8. The bird built a nest. The bird will lay egg in it.
9. Ma Yee ask for a box. She will keep her clothes in it.
10. Mya Mya is waiting for the bus. She will go to the office in the bus.

(၁၀) တန်းမေးခွန်း VII (A) လေ့ကျင့်ခန်း

Finish each sentence in such a way that it means exactly the same as the sentence that is given.

1. Yesterday I bought a pen. I write with it.
   Yesterday I bought ....
2. I went to Ma Mya. I borrowed a book from her.
   I went to Ma Mya ....
3. We went to the lake. We swim in the lake.
   We went to the lake ....
4. She went to Maymyo. She rested in Maymyo.
   She went to Maymyo ....

5. I took a piece of paper. I write on it.
   I took a pice of paper ....
6. Give me a knife. I will cut bread with it.
   Give me a knife ....
7. Ma Tin Yee want a bag. She will carry her book in the bag.
   Ma Tin Yee want a bag ....
8. The bird built a nest. The bird will lay eggs in it.
   The bird built a nest ....
9. Ma Yee ask for a box. She will keep her clothes in it.
   Ma Yee ask for a box ....
10. Mya Mya is waiting for the bus. She will go to the office in the bus.
   Mya Mya is waiting for the bus ....

RELATIVES AND ADJECTIVE CLAUSE

ဆက်ပုဒ်များနှင့် နာမဝိသေသန ဝါကျကဏ္ဍ

Who, Whom, Which, Whose (နာမ်)

That, ဝိဘတ် + whom, ဝိဘတ် + which တို့ကို Relaitive Pronoun (ရဲ-လတစ်ဗ်ပရိုနောင်း) ပုဒ်ဆက်နာမ်စားဟုခေါ်၏။ when, where, why တို့ကို Relative Adverb (ရဲ-လတစ်ဗ် အဲက်-ဒ်ဗာ့ဗ်) ပုဒ်ဆက်ကြိယာဝိသေသနဟု ခေါ်၏။

ငင်း Relatives ဆက်ပုဒ်များနှင့် ၎င်းတို့နောက်ရှိ ဝါကျကဏ္ဍတစ်ခုလုံးကို "သော"ဟု ဘာသာပြန်ရသဖြင့် နာမဝိသေသနသဘောရှိသောကြောင့် Adjective Clause နာမဝိသေသန ဝါကျကဏ္ဍဟုခေါ်လေသည်။ ၎င်းနာမဝိသေသန ဝါကျကဏ္ဍ၏ ရှေ့တွင် နာမ်ပုဒ်

သို့မဟုတ် နာမ်စားပုဒ်တစ်ခုထား၍ ဆက်ရ၏။ ၎င်းကို Intecedent ဟုခေါ်သည်။

နာမဝိသေသန ဝါကျကဏ္ဍနှင့် နာမ်ပုဒ်တစ်ခု ဆက်စပ်ရေးသားနည်း

၁။ မြန်မာဘာသာအားဖြင့် "သော" ဆုံးသော နာမဝိသေသန ဝါကျကဏ္ဍတွင် ကတ္တားမပါသောအခါ လူကို who ဖြင့် ဆက်ရ၏။ ၎င်း who ရှေ့ရှိ နာမ်ပုဒ်နှင့် who နောက်ကြိယာသည် ကေဝုစ် ဗဟုဝုစ် shall, will သဘောတူညီစေရမည်။

ပုံစံ

မနေ့က ကျွန်ုပ်ထံသို့လာသော လူကလေး။

1. The boy who came to me yesterday.

   ကျွန်ုပ်၏ ကျောင်းတွင် အင်္ဂလိပ်စာ သင်နေသော ကျောင်းသားများ။

2. The students who are learning English in my school.

   မန္တလေးကိုသွားမည့် (သွားမည်ဖြစ်သော) မမြ။

3. Ma Mya who will go to Mandalay.

၂။ "သော" ဆုံးသော နာမဝိသေသန ဝါကျကဏ္ဍထဲတွင် ကတ္တားပုဒ် ပါရှိသောအခါ လူကို whom ဖြင့် ဆက်ရ၏။

ဥပမာ

The girl whom I love.

ကျွန်တော်ချစ်သော မိန်းကလေး။

The students whom I am teaching English.

ကျွန်တော် အင်္ဂလိပ်စာသင်ပေးနေသော ကျောင်းသားများ။

The man whom you saw in the office room.

သင် ရုံးခန်းထဲမှာ တွေ့ခဲ့သောလူကြီး။

My sister whom you met yesterday.
သင် မနေ့ကတွေ့ခဲ့သော ကျွန်ုပ်၏နှမ။
The boy whom you lent a book.
သင် စာအုပ်ထုတ်ငှားလိုက်သော လူကလေး။

၃။ "သူ၏" ဖြင့် စသည့် "သော" ဆုံးသော နာမဝိသေသနဝါကျကို whose (နာမ်ပုဒ်)ဖြင့် ဆက်ရ၏။ ၎င်းနာမ်ပုဒ်နောက်တွင် ကတ္တားမပါဘဲ ကြိယာသာ ရှိသောအခါ ၎င်းနာမ်ပုဒ်နှင့် ကြိယာသည် ကေဝုစ် ဗဟုဝုစ် သဘောတူညီစေရ၏။

ဥပမာ

1. The boy whose mother is going to the bazaar.
   သူ့အမေ ဈေးကိုသွားနေသော လူကလေး။
2. The girl whose name I do not know.
   သူ၏ နာမည်ကို ကျွန်ုပ်မသိသော မိန်းကလေး။
3. The woman whose sons are attending the university.
   သူ၏သားများ တက္ကသိုလ်တက်သော မိန်းမကြီး။
4. The teacher whose books we are reading.
   သူ၏ စာအုပ်များကို ကျွန်ုပ်တို့ ဖတ်နေသော ကျောင်းဆရာ။

အထက်ပါ နာမဝိသေသနဝါကျကလျှာများကို ကြည့်ခြင်းအားဖြင့် (၁) နှင့် (၃) ဝါကျကလျှာများတွင် ကြိယာသာ ရှိသောကြောင့် ထို Whoseနောက်ရှိ နာမ်ပုဒ်နှင့် ဝါကျကလျှာကြိယာတို့ သဘောတူညီကြသည်ကို တွေ့ရမည်။

၄။ "သော" ဆုံးသော နာမဝိသေသန ဝါကျကလျှာ နောက်ရှိ နာမ်ပုဒ်(အင်္ဂလိပ်တွင် ဝါကျကလျှာရှေ့ရှိနာမ်ပုဒ်)သည် လူမဟုတ်ပဲ သက်မဲ့နှင့် တိရစ္ဆာန်ဖြစ်ခဲ့လျှင် Which ဖြင့် ဆက်ရမည်။ Which နောက်တွင် ကတ္တားမပါလျှင် ကြိယာပုဒ်သည်

Which ရှေ့ရှိနာမ်နှင့် ကေဝုစ် ဗဟုဝုစ် သဘောတူညီစေရမည်။

ဥပမာ

1. A goose which is swimming in the lake.
ရေကန်ထဲမှာ ရေကူးနေသော ငန်းတကောင်။
2. The cows which are eating grass near the well.
ရေတွင်းအနီးမှာ မြက်စားနေသော နွားမများ။
3. The book which I give Ma Tin Yee.
ကျွန်ုပ် မတင်ရီကို ပေးလိုက်သောစာအုပ်။
4. The pencils which I bought from the bazzar.
ကျွန်ုပ် ဈေးမှဝယ်ခဲ့သော ခဲတံများ။

အထက်ပါ (၁) နှင့် (၂) ဝါကျများတွင်

Which နောက်ရှိ ဝါကျကဏ္ဍတွင် ကတ္တားမရှိ၍ ကြိယာပုဒ်သည် Which ရှေ့ရှိပုဒ်နှင့် ကေဝုစ် ဗဟုဝုစ် သဘောတူညီအောင် ရေးရလေသည်။

နာမဝိသေသန ဝါကျကဏ္ဍကို ဝါကျတွင်အသုံးပြုပုံ

အထက်ပါ နာမဝိသေသန ဝါကျကဏ္ဍနှင့် ဆက်ထားသော နာမ်ပုဒ်တစ်ခုကို–

(၁) ကတ္တားပုဒ်အဖြစ်ထား၍၎င်း။
(၂) ကံပုဒ်အဖြစ်ထား၍၎င်း။
(၃) ဝိဘတ်တစ်လုံး၏နောက်တွင် ဝိဘတ်ကံအဖြစ်ထား၍၎င်း။

အသုံးပြုရေးသားနိုင်၏။ ကတ္တားပုဒ်အဖြစ်ထား၍ သုံးသောအခါ ကတ္တားနှင့် ကြိယာအကြားတွင် ၎င်းနာမဝိသေသန ဝါကျကဏ္ဍ တစ်ခုခြား၍ ဝေးကွာသောကြောင့် ကျောင်းသားများ မကြာခဏ အမှားရေးသားမိတတ်၏။ အထူးသတိပြုပါလေ။

1. The boys who are swimming in the lake are my brothers.

ရေကန်ထဲမှာ ရေကူးနေသော ကလေးများသည် ကျွန်တော်၏ ညီများဖြစ်ကြသည်။

2. The girl whom I am teaching English is very simple.
ကျွန်တော် အင်္ဂလိပ်စာ သင်ပေးနေသော မိန်းကလေးသည် အလွန် အနေအထိုင် ရိုးသားသည်။

3. The book which I wrote will be very useful to students.
ကျွန်ုပ် ရေးသောစာအုပ်သည် ကျောင်းသားများအတွက် အလွန် အသုံးကျလိမ့်မည်။

4. The girl who is cooking the rice is my sister.
ထမင်းချက်နေသော မိန်းကလေးသည် ကျွန်ုပ်၏ နှမဖြစ်သည်။

5. The watch which I gave Ma Yee is very fine.
ကျွန်ုပ် မရီကိုပေးလိုက်သော နာရီသည် အလွန်လှပသည်။

6. The boy whose mother went to the bazaar was crying in the house.
သူ့အမေ ဈေးသွားသော လူကလေးသည် အိမ်ထဲမှာ အော်ငိုနေသည်။

7. The man whose sons passed the exam is very happy.
သူ၏သားများ **စာမေးပွဲအောင်သည့်** လူကြီးသည် အလွန် ပျော်ရွှင်နေသည်။

ကံပုဒ်အဖြစ်ထား၍ သုံးပုံ

1. I will marry a girl who is very simple.
ကျွန်ုပ်သည် အလွန်ရိုးသားသော မိန်းကလေးကို လက်ထပ်ယူမည်။

2. Mg Mya saw a girl whom he loved.

မောင်မြသည် သူချစ်သော မိန်းကလေးကို မြင်ခဲ့သည်။

3. Do you read the book which I gave?
သင် ကျွန်ုပ်ပေးသောစာအုပ်ကို ဖတ်သလား။

4. I went to a boy whose book I borrowed.
ကျွန်ုပ်သည် သူ၏ စာအုပ်ကို ကျွန်တော် ငှားထားသော လူကလေးထံသို့ သွားခဲ့သည်။

ဝိဘတ်နောက်တွင် ထား၍သုံးပုံ

1. The boys are playing near a cow which is sleeping.
လူကလေးများသည် အိပ်နေသော နွားမအနီးမှာ ကစားနေကြသည်။

2. Ma Tin Yee is writing a letter with the fountain pen which I gave.
မတင်ရီသည် ကျွန်ုပ်ပေးသော ဖောင်တိန်ဖြင့် စာတစ်စောင်ကို ရေးနေသည်။

3. Ma Mya put a book on the table which I made.
မမြသည် ကျွန်ုပ်လုပ်ထားသော စားပွဲပေါ်မှာ စာအုပ်တစ်အုပ်ကို ထားသည်။

Complex Sentence (2)

အထက်ပါ ဝါကျများတွင် နာမဝိသေသန ဝါကျကဏ္ဍကို Subordinate Clause ဟုခေါ်၍ ကျန်ဝါကျကို Main Clause ဟု ခေါ်ပြီးလျှင် ၎င်းနာမဝိသေသန ဝါကျကဏ္ဍပါဝင်သည့် ဝါကျကြီးကို Complex Sentence ဟုခေါ်၏။

အောက်ပါ ဝါကျများတွင် သင့်လျော်သော ဆက်ပုဒ် who, whom, which တစ်ခုခုထည့်၍ မြန်မာပြန်ပါ။

1. The man...you want has just left. 2. The

lady...was here yesterday has gone to London. 3. The magazine...you lent me is very interesting. 4. The chair...was broken is now mended. 5. The old man...lives next door has just died. 6. Women...work in hospital are to be admired. 7. The cigarette...you are smoking is a players. 8. The girl...lives opposite my house is very pretty. 9. The fis...I ate yesterday was not good. 10. The street...leads to the school is very wide. 11. The flowers...I cut this morning are still fresh. 12. The dress...you are wearing is lovely. 13. The person...is sitting next to me is not very clever. 14. The man..cut your hair did it very badly. 15. The letter...we received today had no stamp on it. 16. The music the orchestra is playing is a strauss waltz. 17. Was that hat...you were wearing yesterday very expensive? 18. The bo...threw that stone will be punished. 19. The door...she visited is famous. 20. The noise...you hear is noly our dog fighting. 21. The pencil...is lying on the desk is mine. 22. The ring...my finace gave me has three diamonds. 23. The tree...stands near the gate has lovely flowers. 24. The butcher...sold me this beef always gives me good meat. 25. The garden...is at the back of the house has a tennis court. 26. The pen...I lost was not a good one. 27. The pudding...she made this morning is a very good one. 28. The flowers...my friend gave me have died. 29. The little boy...brings the milk

hasn't been for three days. 30. The eggs...I bought yestersay are bad.

အောက်ပါ မြန်မာဘာသာကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ။

၁။ ကျောင်းကိုသွားသော လူကလေးသည် ကျွန်ုပ်၏ညီ ဖြစ်သည်။ ၂။ ထမင်းချက်နေသော မလှလှသည်ဗ် မီးဖိုထဲတွင် ရှိသည်။ ၃။ လက်ဆေးရေးပြီးသော ကျောင်းသားများသည် အိမ်ကို ပြန်ကြလိမ့်မည်။ ၄။ ရေချိုးပြီးသော မောင်ခင်သည် အိမ်ထဲမှာ ထိုင်နေသည်။ ၅။ ဈေးကိုသွားသော မလှလှသည် ကျွန်ုပ်၏နှမ ဖြစ်သည်။ ၆။ သီချင်းဆိုနေသော မလှလှသည် ရေတွင်းအနီးမှာ ရှိသည်။ ၇။ အဝတ် လျှော်နေသော မခင်သည် ကျောင်းသူတစ်ယောက် ဖြစ်သည်။ ၈။ မြက်ကို စားနေသော နွားများသည် ရေကန်အနီးမှာ ရှိကြသည်။ ၉။ လမ်းပေါ်တွင် ပြေးနေသော ခွေးသည် ကျွန်ုပ်၏ကြောင်ကို ကိုက်သည်။ ၁၀။ ကျွန်ုပ်သည် စာကျက်နေသော မခင်ဌေးကြွယ်ကို မြင်ခဲ့သည်။ ၁၁။ မောင်ခင်သည် လမ်းပေါ်တွင် သွားနေသော မြင်းတစ်ကောင်ကို သတ်ခဲ့သည်။ ၁၂။ ရေကန်ထဲမှာ ရေသောက်နေသော နွားသည် ကျွန်ုပ်နွား ဖြစ်သည်။ ၁၃။ ဘုရားပေါ်တွင် ကျွန်ုပ်မြင်ခဲ့သော မိန်းမကြီးသည် မောင်ခင်၏ အမေဖြစ်သည်။ ၁၄။ ရေကန်အနီးမှာ ကျွန်ုပ်မြင်ခဲ့သော မခင်သည် ဦးမြ၏ သမီးဖြစ်၏။ ၁၅။ ကျွန်တော်ချစ်နေသော မလှလှသည် မနက်ဖြန်တွင် ကျွန်ုပ်ဆီသို့ လာလိမ့်မည်။ ၁၆။ သူ၏အဖေ သေသွားသော မောင်ရင်သည် မနေ့က ကျွန်ုပ်ထံသို့ လာခဲ့သည်။ ၁၇။ သူ၏စာအုပ်ကို ကျွန်ုပ်ငှားခဲ့သော မလှလှသည် မနက်ဖြန်တွင် တောင်ငူကို သွားလိမ့်မည်။ ၁၈။ သူ၏အဖေ ဝန်ကြီးတစ်ယောက်ဖြစ်သော မောင်ဘသည် ကားတစ်စီးကို ဝယ်ခဲ့သည်။

၅။ သူနှင့် သူ့အတွက်၊ ၎င်းနှင့် ၎င်းအတွက် စသည်ဖြင့် ဝိဘတ်သံတို့ဖြင့်စ၍ ဘာသာပြန်ရသည့် "သော"ဆုံးသော ဝါကျကဏ္ဍတွင်

(က) လူကို–ဝိဘတ် + Whom ဖြင့်၎င်း၊
(ခ) လူမဟုတ်လျှင် ဝိဘတ် + Which ဖြင့်၎င်း ဆက်ရ၏။

တစ်နည်း

လူနှင့် လူမဟုတ်သော ပုဒ်အားလုံးတို့ကို that ဖြင့်ဆက်၍ ဆိုင်ရာဝိဘတ်ကို ၎င်းဝါကျကဏ္ဍ၏ အဆုံးမှာထား၍ ရေးနိုင်၏။

ဥပမာ

1. The boy <u>that</u> I go to school with is Mg Mya.
   The boy <u>with whom</u> I go to school is Mg Mya.
   သူနှင့်အတူ ကျွန်ုပ် ကျောင်းကိုသွားသော လူကလေးသည် မောင်မြ ဖြစ်သည်။
2. The girl <u>that I</u> borrowed a book <u>from</u> came to me yesterday.
   The girl from <u>whom</u> I borrowed a book came to me yesterday.
   သူ့ထံမှ ကျွန်ုပ် စာအုပ်ငှားခဲ့သော မိန်းကလေးသည် မနေ့က ကျွန်ုပ်ထံကို လာခဲ့သည်။
3. The table <u>that</u> I put a book on is near the wall.
   The table <u>on which</u> I put a book is near the wall.
   ၎င်းအပေါ်မှာ ကျွန်ုပ် စာအုပ်တစ်အုပ် တင်ထားလိုက်သော စားပွဲသည် နံရံအနီးမှာ ရှိသည်။
4. The tree that we are sitting under is the mango.
   The tree <u>under which</u> we are sitting is the mango tree.
   ၎င်း၏အောက်တွင် ကျွန်ုပ်တို့ ထိုင်နေကြသော သစ်ပင်သည် သရက်ပင်ဖြစ်သည်။

အောက်ပါ ဝါကျများတွင် whom, which, whose, that တစ်ခုခုထည့်၍ ဘာသာပြန်ခဲ့ပါ။

လေ့ကျင့်ခန်း (၁)

1. He met my mother, from...he got the news of my marriage. 2. The teacher in the next class...name I can never remember makes a lot of noise. 3. My wife, to...you were speaking just now, want you to come the dinner. 4. He is a famous scientist about...many books have been written. 5. Geometry, about...I know nothing, seem very dull subject. 6. My bank manager with...I was speaking yesterday, is concerned about the state of my account. 7. The Tower of London, about...a lecture is to be given tomorrow is famous historic building. 8. The science of medicine, in...progress has been very rapid lately, is perhaps the most important of all the sciences. 9. The man...you spoke to in the street is my English teacher. 10. I should like to see the tree...you picked these apples from. 11. The people...you were living with in London are coming to see you. 12. The picture...you were talking about has been sold. 13. Buy it back from this man...you sold it to. 14. Can you remember the person...you took it from? 15. That's the knife and fork...I eat with. 16. What's the music...you are listening to? 17/ I don't like the house...he lives in? 18. Here comes the girl...I am hiding from. 19. The house...they are looking at is my house.

လေ့ကျင့်ခန်း (၁)

အောက်ပါ နာမဝိသေသန ဝါကျကဏ္ဍများ ပါဝင်သော ဝါကျများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ။

(နှစ်နည်း ရေးပြပါ)

၁။ သူ့အနီးမှာ ကျွန်ုပ်ထိုင်သော လူကြီးသည် ရွာသူကြီးဖြစ်၏။ ၂။ သူ့ထံမှ ကျွန်ုပ် စာအုပ် တစ်အုပ်ကို ငှားခဲ့သော လူကလေးသည် မနေ့က ကျွန်ုပ်ဆီလာခဲ့သည်။ ၃။ သူ့အကြောင်းကို သင်တို့ပြောနေသော မိန်းကလေးသည် ကျွန်ုပ်၏ ဆရာမဖြစ်သည်။ ၄။ သူ့အတွက် ကျွန်ုပ် စာအုပ်တစ်အုပ် ဝယ်ခဲ့သော လူကလေးသည် ကျွန်ုပ်ကို ငွေ ၅-ကျပ်ပေးခဲ့သည်။ ၅။ ၎င်းအပေါ်မှာ ကျွန်ုပ်တို့ ထိုင်သော ကုလားထိုင်သည် စားပွဲအနီးမှာရှိသည်။ ၆။ ဆရာသည် ၎င်းအနီးမှာရပ်နေသော လူကလေးကို အင်္ဂလိပ်စာပြနေသည်။ ၇။ ၎င်းအပေါ်မှာ ကျွန်ုပ်အိပ်သော ကုတင်သည် အခန်းထဲမှာ ရှိသည်။ ၈။ မောင်ခင်သည် ၎င်းဖြင့် ကျွန်ုပ်ပေါင်မုန့်ကို လှီးသောဓါးကို ဆေးကြောသည်။ ၉။ ကျွန်ုပ် ၎င်းထဲမှာ ကျွန်ုပ်နေသော အိမ်ကို မနှစ်သက်ချေ။ ၁၀။ ဤဟာသည် ၎င်းမှ ကျွန်ုပ် စာအုပ်တစ်အုပ်ကို ဝယ်ခဲ့သော ဆိုင်တစ်ဆိုင်ဖြစ်သည်။

၇။ ၎င်း၏ဖြင့် စသည့် "သော"ဆုံးသော နာမဝိသေသနသနဝါကျကဏ္ဍကို (နာမ်ပုဒ်) of which ဖြင့် ဆက်ရ၏။

ဥပမာ

1. The house <u>the roof of which</u> we can see is U Mya's house.
   ၎င်းအမိုးကို ကျွန်ုပ်မြင်နိုင်သောအိမ်သည် ဦးမြအိမ်ဖြစ်သည်။
2. The dog <u>the neck of which</u> I cut was dead on the road.
   ၎င်း၏ လည်ပင်းကို ကျွန်ုပ်ဖြတ်လိုက်သော ခွေးသည် လမ်းပေါ်မှာ သေခဲ့သည်။

F - 28A

3. The cow <u>the horn of which</u> I held could not run away.
၎င်း၏ဂျိုကို ကျွန်ုပ်ကိုင်ထားသော နွားမသည် မပြေးနိုင်ချေ။
4. The table <u>the legs of which</u> I broke is in the coner of the room.
၎င်း၏ ခြေထောက်များကို ကျွန်ုပ် ချိုးပစ်သော စားပွဲသည် အခန်းဒေါင့်ထဲမှာ ရှိသည်။

လေ့ကျင့်ခန်း

အောက်ပါ နာမဝိသေသန ဝါကျကဏ္ဍများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသားပါ။

၁။ ၎င်း၏ အဖုံးကို ကျွန်ုပ် ဆုတ်ပစ်သော စာအုပ်သည် စားပွဲပေါ်မှာရှိသည်။ ၂။ ၎င်း၏လက်ကို မြွေကိုက်ခဲ့သော ခွေးသည် လမ်းပေါ်မှာ သေနေသည်။ ၃။ ၎င်း၏အသီးကို ကျွန်ုပ်တို့ စားနေသော သရက်ပင် ဥယျာဉ်ထဲမှာရှိသည်။ ၄ မောင်ခင်သည် ၎င်း၏နို့ကို ကျွန်ုပ်တို့ သောက်နေသော နွားမများကို ကျောင်းနေသည်။ ၅။ မရီသည် ၎င်း၏အဘိုးကို သူမ မသိသော လုံချည်တစ်ထည်ကို ဝယ်ချင်သည်။

၈။ အမြတ်စား နာမဝိသေသန, All, any, only, it is တို့နောက်တွင် ရှိသော နာမ်ပုဒ်ကို who, which တို့ဖြင့် မဆက်ရ။ that ဖြင့်သာ ကေန်ဆက်ပေးရမည်။

ဥပမာ

1. She is <u>the cleverest</u> girl <u>that</u> I have ever seen.
သူမသည် ကျွန်ုပ်မြင်ခဲ့ဖူးသည့် အလိမ်မာဆုံး မိန်းကလေး တစ်ယောက် ဖြစ်သည်။
2. I gave Ma Tin Yee <u>the most beautiful</u> flower <u>that</u> I bought from the bazaar.

ကျွန်ုပ်သည် ကျွန်ုပ် ဈေးကဝယ်ခဲ့သည့် အလှဆုံးပန်းကို မတင်ရီအား ပေးခဲ့သည်။

3. <u>All</u> the boys <u>that</u> I am teaching English are sitting in the class.
ကျွန်ုပ် အင်္ဂလိပ်စာ သင်ပေးနေသော လူကလေးအားလုံးသည် အတန်းထဲမှာ ထိုင်နေကြသည်။

4. Any papers <u>that</u> you read will give the same story.
သင်ဖတ်သည့် သတင်းစာများသည် အလားတူ အဖြစ်အပျက်ကို သင့်အား သိစေလိမ့်မည်။

5. U Mya is the <u>only</u> Myanmar that lives in England.
ဦးမြသည် အင်္ဂလန်မှာနေသည့် တစ်ယောက်တည်းသော မြန်မာလူမျိုးဖြစ်သည်။

6. <u>It is</u> the teacher <u>that</u> decides what to read.
သင်ဟာ ဖတ်ရမည်ကို ဆုံးဖြတ်တာဟာ ဆရာဖြစ်သည်။

လေ့ကျင့်ခန်း

၁။ ဆင်သည် တောထဲမှာနေသည့် အကြီးဆုံးတိရစ္ဆာန်ဖြစ်သည်။ ၂။ ဦးလှသည် ကျွန်ုပ်သိသည့် အချမ်းသာဆုံးလူဖြစ်သည်။ ၃။ ကျွန်ုပ် လမ်းမှာတွေ့ခဲ့သော လူကလေးအားလုံးသည် ကျောင်းသားများ ဖြစ်ကြသည်။ ၄။ မောင်ခင်သည် ကျွန်ုပ်ဝယ်သော စာအုပ်အားလုံးကို စားပွဲပေါ်မှာ တင်ထားခဲ့သည်။ ၅။ ကျွန်ုပ်သည် သင်ပေးထားသည့် စာအုပ်အချို့ကို မဖတ်နိုင်ပါ။ (any) ၆။ ဤစာအုပ်သည် ကျောင်းသားများအတွက် အသုံးကျသည့် တစ်အုပ်တည်းသော စာအုပ်ဖြစ်သည်။ ၇။ သင်တို့ပေးသော အနည်းငယ်သော ခဲတံများသည် အလွန်ကောင်းသည်။ (few) ၈။ သင်ပေးသော မုန့်အနည်းငယ်သည် အလွန်ကောင်းသည်။ ၉။ သူသည် သူမ၏အမေချက်သော ထမင်းများကို စားခဲ့သည်။ ၁၀။ ကျောင်းသားများ ဆရာပြသော သင်ခန်းစာ အားလုံးကို နားလည်ကြသည်။

Relative Adverbs

အချိန်ပြပုဒ်ကို when ဖြင့်ဆက်။
အကြောင်းပြပုဒ်ကို why ဖြင့်ဆက်။
နေရာပြပုဒ်ကို where ဖြင့်ဆက်ရမည်။

ဥပမာ

1. Mg Khin was born in the year 1948 when Myanmar gained the independence.
   မြန်မာပြည်လွတ်လပ်ရေးရသည့် ၁၉၄၈-ခုနှစ်မှာ မောင်ခင်ကို မွေးခဲ့သည်။
2. Mya Mya went to Mandalay in 1959 when her father was dead.
   မြမြသည် သူ့အဖေသေသည့် ၁၉၅၉-ခုနှစ်မှာ မန္တလေးသို့ သွားခဲ့သည်။
3. We went to the Pagoda on May 4 when Mg Khin came back from Yangon.
   ကျွန်ုပ်တို့သည် မောင်ခင် ရန်ကုန်က ပြန်လာသည့် မေလ (၄) ရက်နေ့မှာ ဘုရားကို သွားခဲ့သည်။
4. We must find out the reason why the students failed in the exam.
   ကျွန်ုပ်တို့သည် ကျောင်းသားများ စာမေးပွဲကျသည့် အကြောင်းကို ရှာဖွေရမည်။
5. This is the reason why I cannot come to you.
   ဤဟာသည် ကျွန်ုပ် သင့်ထံ မလာနိုင်သည့်အကြောင်း ဖြစ်သည်။
6. Yangon where we live is the capital of Myanmar.
   ကျွန်ုပ်တို့နေထိုင်သည့် ရန်ကုန်မြို့သည် မြန်မာပြည်၏ မြို့တော်ကြီး ဖြစ်သည်။

7. The City Hall where they held the meeting is near the Sule Pagoda.
သူတို့ အစည်းအဝေးကျင်းပသည့် မြို့တော်ခန်းမသည် ဆူးလေဘုရားအနီးမှာ ရှိသည်။
8 . I went to Pyuntarza where I was born.
ကျွန်ုပ်သည် ကျွန်ုပ်မွေးရာ ပြွန်တံဆာမြို့သို့ သွားသည်။
9. Yesterday I went to the New Method College where I learnt English last year.
မနေ့က ကျွန်ုပ်သည် ကျွန်ုပ် အင်္ဂလိပ်စာ မနှစ်က သင်ခဲ့သည့် နည်းသစ်ကောလိပ်သို့ သွားခဲ့သည်။

လေ့ကျင့်ခန်း

အောက်ပါ ဝါကျလပ်များတွင် when, why, where သင့်လျော်ရာ ပုဒ်များဖြင့် ဖြည့်ပါ။

1. This is the reason...I left.
2. Do you know the time... Dagon Lwin arrives?
3. She showed the house...she lived.
4. I knew the time...you would come.
5. Tell me the reason...you are away.
6. Ma Tin Ye went to Kyaikhto... she w as born.
7. I do not know the time... she will come back.
8. The teacher did not know the reason...Mg Khin did not come to school.
9. She did not know the reason...I was sorry.
10. All men never forget time...they met their lover first.

ADJECTIVE CLAUSE

ဆက်နည်းတမျိုး

အောက်ပါ ဝါကျအစုံကို Relative Pronoun ဖြင့် ဆက်၍ Complex Sentence ပြောင်းခဲ့ပါဟု စာမေးပွဲများတွင် မေးတတ်၏။ ထိုအခါ ဝါကျတစ်ခုမှ အဓိပ္ပာယ်တူ ပုဒ်တစ်ခုကိုဖျောက်ပါ။ ၎င်းဝါကျရှေ့ဆုံးတွင် လူကတ္တားကိုဖျောက်လျှင် who, လူကံပုဒ်ကိုဖျောက်လျှင် whom, လူမဟုတ်သော ပုဒ်ကိုဖျောက်လျှင် which ထည့်ပေးလိုက်လျှင် Adjective Clause ဖြစ်သွား၏။ ၎င်းကို အခြားဝါကျရှိ အဓိပ္ပာယ်တူ ပုဒ်နောက်တွင် ဆက်ပေးလိုက်လျှင် Complex Sentence ဖြစ်လာလေသည်။

ဥပမာ

1. I saw a man at the station.
2. He (the man) went to Mandalay.

(1) ဝါကျကို Adjective Clause ပြောင်းလိုက်လျှင်...
whom I saw at the station.

(2) ဝါကျရှိ အဓိပ္ပာယ်တူ ပုဒ်နောက် ဆက်လိုက်လျှင်...
The man whom I saw at the station went to Mandalay.

(2) ဝါကျကို Adjective Clause လုပ်လိုက်လျှင်...
who went to Mandalay.

(1) ဝါကျရှိ အဓိပ္ပာယ်တူ ပုဒ်နောက် ဆက်ပေးလျှင်...
I saw the man who went to Mandalay at the station.

ဤနည်းတူ

1. I read the book.
2. She bought it. (the book.)

(1) ဝါကျကို Clause ပြောင်း၍ (2) မှာဆက်လိုက်လျှင်...
She bought the book which I read.

(2) ကို Clause ပြောင်းလိုက်၍ (1) မှာဆက်လိုက်လျှင်...
I read the book which she bought.

အမှာ

သဘောပေါက် နားလည်စေရန် နှစ်ဝါကျစလုံးကို တလဲစီ Clause ပြောင်း၍ Complex Sentence နှစ်မျိုးရေးပြထား၏။ အမှန်မှာ သင့်လျော်သော ဝါကျတစ်ခုကို ပြောင်း၍ Complex တစ်ခုရေးပြလျှင် လုံလောက်ပါသည်။

လေ့ကျင့်ခန်း(၁)

အောက်ပါ ဝါကျအစုံကို Relative Pronoun များဖြင့် Complex Sentence ပြောင်းပေးပါ။

1. The boys are eating the cakes.
   Mg Mya bought them.
2. Students have written.
   They are playing.
3. She met a man.
   The man will go to Bago.
4. A woman comes to me.
   I don't know her name.
5. I saw a dog on the road.
   The dog bit a girl.
6. He gave me a book.
   The book is on the table.
7. Mg Mya loves a girl.
   She does not love him.
8. I took tea.
   You made the tea.

(၁၀) တန်းမေးခွန်း VII (A)

VII (A) မေးခွန်းတွင် အဓိပ္ပာယ်တူ ပုဒ်နှစ်ခုပါသော ဝါကျနှစ်ခုနှင့် နာမဝိသေသန ဝါကျကဏ္ဍပါသော Complese Sentence အစကို ပေးထားပြီး ဝါကျကို အပြီးသတ်ဆက်ရေးခိုင်းသည်။ ပေးထားသော အပေါ်ဝါကျနှစ်ခုကို who, whom, which, whose တစ်ခုခုဖြင့် ဆက်ပေးရန်ဖြစ်သည်။ (နာမ်ပုဒ်ကိုဖျောက်လျှင် နာမ်စားပုဒ်၊ နာမ်ပုဒ်ကို ပြန်ပြောင်းပေးရမည်။ a, an နှင့် zero Article တို့ကို The ပြောင်းပေးရမည်။ 3.8 ကြည့်ပါ။

လေ့ကျင့်ခန်း (၂)

ပေးထားသော ဝါကျများတွင် အဓိပ္ပာယ်တူဖြစ်အောင် အစ ပေးထားသောဝါကျကို အပြီးသတ်ဆက်ရေးပါ။

1. The boys are eating the cakes.
   Mg Mya bought them.
   The boys are ....
2. Students have written.
   They are playing.
   Students who ....
3. She met a man.
   The man will go to Bago.
   She met the ....
4. A woman comes to me.
   I don't know her name.
   The woman ....
5. I saw a dog on the road.
   The dog bit a girl.
   The dog ....
6. He gave me a book.
   The book is on the table.

The book ....

7. Mg Mya loves a girl.
She does not love him.
Mg Mya loves the ....

8. I took tea.
You made the tea.
I took the ....

၂။ men's, boy's စသော သာမိကာရကများနှင့် his, her, their ကိုဖျောက်၍ whose နှင့် ၎င်းတို့နောက်တွင် ကပ်လျက်ရှိသော နာမ်ပုဒ်ကို ဝါကျရှေ့ဆုံး ပို့လိုက်လျှင် Adjective Clause ဖြစ်လာ၍ အခြားဝါကျရှိ ပုဒ်တူနောက်တွင် ဆက်ပေးလိုက်လျှင် Complex Sentence ဖြစ်လာလေသည်။

ဥပမာ

I saw a woman.
I love her daughter.

ဒုတိယ ဝါကျကို Adjective Clause ပြောင်းလျှင် whose daughter I love ဖြစ်လာ၏။

I saw a woman whose daughter I love.

A man came to me.
Mg Khin bought his car.

A man whose car Mg Khin bought came to me.

You love a girl.
You do not know her name.

You love a girl whose name you do not know.

လေ့ကျင့်ခန်း (၃)

အောက်ပါဝါကျအစုံများကို whose ဖြင့်ဆက်၍ Complex ပြောင်းပေးပါ။

1. The boy came to me. Mg Khin borrowed his bicycle.
2. The man was sitting. His book was near him.
3. The girl was crying. She lost her purse.
4. I will go to a man. I do not know his address.
5. U Mya was angry. His wife took a second husband.
6. Mg Khin bought a hat. He lost his old hat yesterday.
7. The boy was sad. His pen was stolen.

လေ့ကျင့်ခန်း (၄)

ပေးထားသော ဝါကျနှင့် အဓိပ္ပါယ်ထပ်တူဖြစ်အောင် အစပေးထားသော ဝါကျများကို အပြီးသတ်ဆက်ရေးပါ။

1. Students have written.
   Their teacher has been ill.
   Students ....
2. She met a man.
   His son will go to Bago.
   She met the ....
3. A woman comes to me.
   I don't know her name.
   The woman ....
4. I saw a boy on the road.
   His mother was dead last day.
   On the road I save the boy ....
5. Daw Mya gave me a book.
   Her daughter is my pupil.
   Daw Mya ....
6. Mg Mya loves a girl.

He does not know her name.
Mg Mya loves the ....

7. I took tea with a man.
I would buy his car.
I took tea ....

8. The boy came to me. Mg Khin borrowed his bicycle.
The boy ....

9. The man came to me. His son was my pupil.
The man ....

10. The girl was crying. She lost her purse.
The girl ....

11. I will go to a man. I do not know his address.
I will go ....

12. U Mya was angry. His wife took a second husband.
U Mya ....

13. Mg Khin bought a hat. He lost his old hat yeaterday.
Mg Khin ....

14. The boy was sad. His pen was stolen.
The boy ....

၃။ ဝိဘတ် တစ်လုံးနောက်ရှိ ပုဒ်ကို ဖျောက်သောအခါ လူဖြစ်လျှင် ဝိဘတ်နှင့် whom, လူမဟုတ်လျှင် ဝိဘတ်နှင့် which တို့ကို ဝါကျရှေ့ဆုံးမှ ထည့်ပေးလျှင် Adjective Clause ဖြစ်လာ၏။

တနည်း

လူနှင့် လူမဟုတ်ပုဒ်အားလုံးအတွက် ဝါကျရှေ့ဆုံးမှ that ကို ထည့်ပေးလျှင် Adjective Clause ဖြစ်လာ၏။ ရှေ့နည်းတူ ဆက်ပေးရ၏။

ဥပမာ

(1) A boy came to me.
(2) I borrowed a book from him.
(2) ဝါကျနှစ်နည်းဖြင့် Clause လုပ်လျှင်–
From whom I borrowed a book.
That I borrowed a book from.
(1) ဝါကျရှိ အဓိပ္ပာယ်တူ ပုဒ်နောက် ဆက်ပေးလိုက်လျှင်–
A boy from whom I borrowed a book came to me.
A boy that I borrowed a book from came to me.

လေ့ကျင့်ခန်း (၅)

အောက်ပါ ဝါကျအစုံများကို Complex Sentence ပြောင်းပေးပါ။

1. I painted the chair. She sat on it.
2. She bought the mat. A boy slept on it.
3. Give me the pen. I write with it.
4. The tree falls. We stayed under it.
5. They went to the lake. They swam in the lake.
6. We saw the Pagoda. We lived near it.
7. This is the table. I write on it.
8. She bought a box. She keeps her clothes in it.
9. Give me the spoon. I take my meal with it.

လေ့ကျင့်ခန်း (၆)

1. The boys are eating the cakes.
   Mg Mya bought them.
   The boys are ....

2. Students have written.
They are playing.
Students are ....

3. She met a man.
The man will go to Bago.
She met the ....

4. A woman comes to me.
I don't know her name.
The woman ....

5. I saw a dog on the road.
The dog bit a girl.
The dog ....

6. He gave me a book.
The book is on the table.
The book ....

7. Mg Mya loves a girl.
She does not love him.
Mg Mya loves the ....

8. I took tea.
You made the tea.
I took the ....

9. I painted the chair. She sat on it.
She sat ....
I painted ....

10. She bought the mat. A boy slept on it.
A boy slept ....
She bought ....

11. Give me the pen. I write with it.
    Give me ....
12. The tree falls. We stayed under it.
    The tree ....
    We stayed ....
13. They went to the lake. They swam in the lake.
    They went ....
14. We saw the Pagoda. We lived near it.
    We saw ....
    We lived ....
15. This is the table. I write on it.
    This is ....
16. She bought a box. She keeps her clothes in it.
    She bought ....
17. Give me the spoon. I take my meal with it.
    Give me ....

NOUN CLAUSE

နာမဝါကျကဏ္ဍ

အောက်ပါ ဝါကျဇယားများတွင် what, when စသည် Conjunctives များနှင့် ၎င်းတို့နောက်ရှိ ဝါကျကဏ္ဍများကို နာမ်တစ်ခုကဲ့သို့ အသုံးပြုရသောကြောင့် Noun Clause နာမဝါကျကဏ္ဍဟု ခေါ်လေသည်။ ၎င်းတို့ကို အများအားဖြင့် ကြိယာ၏ ကံပုဒ် (ကိုပုဒ်) အဖြစ်ထား၍ ပြောဆိုရေးသားရလေသည်။ အောက်ပါ ဝါကျဇယားများကို သေချာစွာ လေ့လာခြင်းဖြင့် နာမဝါကျကဏ္ဍများကို အလွယ်တကူ သဘောပေါက် နားလည်၍ ကိုယ်တိုင် ရေးသား ပြောဆိုနိုင်ပေမည်။ (ရုံခါ ကတ္တားအဖြစ် ထားနိုင်၏။)

ဇယား (၁)

	Subject+Verb	Conjunctive	Clause
1.	I wonder	why	he has not come.
2.	I wonder	whether	he will come.
3.	I do not mind	where	we go.
4.	Do you know	who	he is?
5.	I do not care	what	you think.
6.	Can you suggest	where	we ought to go?
7.	PLease say	what	you want.
8.	Nobody knows	whose	it is.

ဝါကျကွန်ချာ အမေးအဖြေ (၇) စုံတွင် ပါသော Indirect Ques-Ans အားလုံးသည် ဤ Noun Clause = နာမဝါကျကဏ္ဍပါသော Complex Sentence များဖြစ်၏။

ဇယား (၁)

၁။ သူမလာသေးသည့်အကြောင်းကို ကျွန်ုပ် စဉ်းစားသည်။ သူဘာကြောင့် မလာသေးသည်ဆိုဒါကို ကျွန်ုပ် စဉ်းစားသည်။

၂။ သူလာမလား မလာဘူးလားဆိုဒါကို ကျွန်ုပ် စဉ်းစားသည်။ သူလာမှ လာပါ့မလားလို့ ကျွန်ုပ် စဉ်းစားသည်။

၃။ ကျွန်ုပ်တို့ သွားသည့်နေရာကို ကျွန်ုပ် ဂရုမစိုက်ပါ၊ ကျွန်ုပ်တို့ ဘယ်နေရာကို သွားတယ်ဆိုတာကို ကျွန်ုပ် ဂရုမစိုက်ပါ။

၄။ သူဘယ်သူလဲလို့ သင် သိသလား။

၅။ သင် ဘာကို စဉ်းစားနေတယ်ဆိုဒါကို ကျွန်ုပ် ဂရုမစိုက်ပါ။

၆။ ကျွန်ုပ်တို့ သွားထိုက်သည့်နေရာကို သင်အကြံပေးနိုင်သလား။ ကျွန်ုပ်တို့ ဘယ်နေရာကို သွားထိုက်တယ်ဆိုဒါ သင်အကြံပေးနိုင်သလား။

၇။ သင်အလိုရှိတဲ့ဟာကို ပြောပါ။
သင်ဘာကိုအလိုရှိတယ်ဆိုဒါကို ပြောပါ။

၈။ ထိုဟာသည် ဘယ်သူ၏ဟာ ဖြစ်သည်ဆိုဒါကို မည်သူမျှ မသိပါ။

ဇယား (၂)

	Subject+Verb	Object	Conjunctive	Clause
1.	Tell	me	what	it is.
2.	Ask	him	where	he put it.
3.	They asked	us	when	we should be back.
4.	Can you tell	me	how	high it is?
5.	Can you inform	me	when	the train leaves?
6.	Please advise	me	whether	the children should climb the mountain.

ဇယား (၂)

၁။ ထိုဟာ ဘာလဲလို့ ကျွန်ုပ်ကို ပြောပြပါ။

၂။ သူသည် ထိုဟာကို ဘယ်နေရာမှာ ထားသလဲလို့ သူ့ကို မေးကြည့်ပါ။

၃။ ကျွန်ုပ်တို့ ဘယ်အချိန် ပြန်ကြမလဲလို့ သူက ကျွန်ုပ်တို့ကို မေးခဲ့သည်။

၄။ ထိုဟာသည် ဘယ်လောက်မြင့်သလဲလို့ သင်သည် ကျွန်ုပ်အား ပြောပြနိုင်သလား။

၅။ ရထားရောက်မည့်အချိန်ကို သင် ကျွန်ုပ်အား သတင်းပေးနိုင်သလား။
ရထား ဘယ်အချိန်ရောက်မည်ဆိုတာကို သင်သည် ကျွန်ုအား သတင်းပို့နိုင်သလား။

၆။ ကလေးများ တောင်ကို တက်သင့် မတက်သင့် ကျွန်ုပ်အား အကြံဉာဏ်ပေးပါ။

ဇယား (၃)

	Subject+Verb	That clause
1.	I hope	(that) you will come.
2.	I soppose	(that) you will be there.
3.	He explained	(that) nothing could be done
4.	Do you think	(that) it will rain?
5.	He saw	(that) the plan was useless.
6.	I suggested	(that) he should leave early.

ဇယား (၃)

၁။ ခင်ဗျားလာလိမ့်မည်လို့ ကျွန်ုပ် မျှော်လင့်သည်။

၂။ ခင်ဗျား ထိုနေရာမှာ ရှိလိမ့်မည်လို့ ကျွန်တော် ထင်သည်။

၃။ ဘာမှ မဖြစ်နိုင်ပါဘူးလို့ သူက ရှင်းလင်းပြခဲ့သည်။

၄။ မိုးရွာလိမ့်မည်လို့ ခင်ဗျားထင်သလား။

၅။ ထိုစီမံကိန်းသည် အသုံးမကျ အကောင်အထည် မပေါ်ဘူးလို့ သူ သိမြင်ခဲ့သည်။

၆။ သူသည် အစောကြီး ထွက်သွားသင့်သည်ဟု ကျွန်ုပ် အကြံပေးခဲ့သည်။

မှတ်ချက်။ ။ that ကိုထည့်လိုက ထည့်နိုင်သည်။ မထည့်လိုက ချန်ထားနိုင်သည်ဟု သိစေလို၍ လက်သဲကွင်းဖြင့် ပြထားသည်။ that ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ "ဟု" "လို့" ဟူ၍ ဘာသာပြန်ရမည်။

F - 29A

ဇယား (၄)

	Subject+Verb	Object	That clause
1.	I told	the men	(that) he was mistaker.
2.	I warned	you	(that) he would be late.
3.	We satisfied	ourselves	(that) the plan would work.
4.	Please reaind	him	(that) he must beahere early.

ဇယား (၄)

၁။ သူမှားတယ်လို့ (မှားသည်ဟု) ကျွန်ုပ်က လူကြီးများကို ပြောပြသည်။

၂။ သူ နောက်ကျလိမ့်မယ်လို့ (လိမ့်မည်ဟု) ကျွန်ုပ် သင့်ကို သတိပေးခဲ့သည်။

၃။ စီမံကိန်းသည် အကောင်အထည် ပေါ်လိမ့်မည်ဟု ကျွန်ုပ်ကိုယ် ကျွန်ုပ် နှစ်သိမ့်ခဲ့သည်။

၄။ သူသည် ဤနေရာမှာ စောစီးစွာ ရှိရမည်ဟု သတိပေးလိုက်ပါ ခင်ဗျား။

မှတ်ချက်။ ။ ဇယား (၃)နှင့် (၄) မှာ အတူတူဖြစ်သည်။ (၄) တွင် ကံပုဒ်နှစ်ခုရှိ ကြိယာများဖြစ်၍ တဆင့် ကံပုဒ်တစ်ခု ထည့်ပေးရသည်သာ ထူးပါသည်။

ဇယား (၅)

Dependent Question

Do you know + Wh + Aaffirmative ဝါကျ?

Do you know how many book I have read?

1. No, I do not know how many books I have read.

   Yes, I have read three boxs.
2. I don't know how many times I have told you.
3. I do not know how long he has been away.
4. I do not know how much money she spent.
5. I do not know how often you have been told that.
6. I do not know how far we walk.
7. I do not know howse mother she is.
8. I do not know when he comes back.
9. I do not know whether he will go.

အထက်ပါ ဇယားများအတွင်းရှိ Noun Clause နာမဝါကျကဏ္ဍကို တစ်ခုစီ မြန်မာဘာသာ ပြန်ဆိုထားပါသည်။ ၎င်းနာမဝါကျကဏ္ဍများ၏ ရှေ့ရှိ Conjunctive ခေါ် that, what, why စသော ပုဒ်များ၏ မြန်မာဘာသာပြန် အဓိပ္ပာယ်ကို အရပ်သုံးအတိုင်း ပြန်ထားပါသည်။ ၎င်း Conjunctive များ၏ ဘာသာပြန်ကို သေချာစွာ လေ့လာမှတ်သားခြင်းဖြင့် မိမိကိုယ်တိုင် ရေးလိုသော Noun Clause နာမဝါကျကဏ္ဍများကို အလွယ်တကူ ရေးသားနိုင်ပါလိမ့်မည်။

စာသား (၅)

၁။ ကျွန်ုပ် စာအုပ် ဘယ်နှစ်အုပ် ဖတ်ပြီးပြီဆိုဒါကို ကျွန်ုပ် မသိပါ။
၂။ ကျွန်ုပ် ဘယ်နှစ်ကြိမ် သင့်အား ပြောပြီးပြီဆိုဒါကို ကျွန်ုပ် မသိပါ။
၃။ သူ တခြားမှာ ဘယ်လောက် ကြာနေပြီဆိုဒါကို ကျွန်ုပ် မသိပါ။
၄။ ကျွန်ုပ်သည် သူမ ငွေဘယ်လောက် သုံးဖြုန်းခဲ့သည်ကို မသိပါ။
၅။ သင်သည် ထိုဟာကို ဘယ်နှစ်ခါ ပြောပြီးပြီဆိုဒါကို ကျွန်ုပ် မသိပါ။
၆။ ကျွန်ုပ်တို့ ဘယ်လောက်ဝေးဝေး လျှောက်ခဲ့သည် ဆိုဒါကို ကျွန်ုပ် မသိပါ။
၇။ သူသမည် မည်သူ၏ အမေဖြစ်သည်ဆိုဒါကို ကျွန်ုပ် မသိပါ။
၈။ သူ ဘယ်နေရာက ပြန်လာသည်ဆိုဒါကို ကျွန်ုပ် မသိပါ။
၉။ သူ ဘယ်နေရာကို သွားသည်ဆိုဒါကို ကျွန်ုပ် မသိပါ။

COMPLEX SENTENCE (၃)

အထက်ပါ Noun Clause များကို Subordinate Clause ဟုခေါ်၍ ကျန်ဝါကျကလေးကို Principal Clause ခေါ်ပြီးလျှင် Noun Clause ပါဝင်သော ဝါကျကြီးများကို Complex Sentence ဟု ခေါ်လေသည်။

ထို့ကြောင့် Complex Sentence သည်-

1. Principal clause + Subordinate Adjective Clause.

2. Principal Clause + Suburdinate Adverb Clause

3. Principal Clause + Subordinate Noun Clause.

ဟု သုံးမျိုးခွဲခြားမှတ်သားနိုင်လေသည်။

Intonation in Noun Clause

နာမဝါကျကဏ္ဍရှိ လေယူလေသိမ်းပုံသေနည်း ဝါကျကွန်ချာပါ Indirect Question or Dependent Question-Answer မှာကဲ့သို့ Main Clause ၏ ကြိယာကို 2 ⌋ ⌊ , နှင့် Noun Clause ၏ နောက်ဆုံးအားစိုက်သံတွင် ကျသံလေယူလေသိမ်းဖြင့် မေးရဖြေရမည်။

ပုံစံ

1. I wonder why he hasn't come.
2. Do you know when he will come.
   No, I don't know when he will come.
3. Could you tell me if she came back.
4. No, I couldn't tell you when he will come.

လေ့ကျင့်ခန်း

အောက်ပါ ကွက်လပ်များကို သင့်လျော်သည့် ဆက်ပုဒ် Conjunctive များ ဖြည့်၍ အဓိပ္ပာယ်ပြန်ပြပါ။

1. Have you heard ( ) is coming to stay with me?
2. We don't know ( ) she has gone.
3. Can you tell me ( ) this book is so heavy?
4. I remember ( ) you were a little girl.
5. Do you know ( ) makes the sun hot?
6. Nobody knows ( ) you put your shoes.
7. Try to think ( ) you did with my pen-knife.
8. Did any one see ( ) way she went.

9. I want to know ( ) told you about it.
10. We asked him ( ) he got married.
11. Show me ( ) this machine works.
12. I have not decided ( ) would be the best thing to do.
13. Do you know ( ) made the tea this morning
14. Please explain ( ) this is impossible.
15. I am not sure ( ) their train arrives.
16. She wondered ( ) she had met him.
17. Can you tell me ( ) inches there are in a foot?
18. Do you know ( ) ounces of wool I need?
19. Few people realize ( ) tiring it is to teach your children.
20. We don't know ( ) people were killed.

အောက်ပါကွက်လပ်များကိုဖြည့်၍ အဓိပ္ပာယ်ပြန်ပြပါ။

1. I wonder ( ) he means.
2. I have no idea ( ) he arrives.
3. He was telling me ( ) he had sought the champion.
4. Do you know ( ) you are talling to?
5. I have no idea ( ) he will come.
6. Will you please tell me ( ) soon you can finish?
7. I wonder ( ) hat this is and it is certainly not mine.
8. Are you not going to tell me ( ) you saw at the pictures?
9. You have not told me ( ) you did last night.

10. Most of people don't know ( ) this is.
11. Can you tell us ( ) road leads to the station.
12. I have forgotten ( ) she gave it to.
13. I wonder ( ) she married.
14. I don't think ( ) she married him.
15. Have they told you ( ) time to come?
16. Can you see ( ) is coming down the street?
17. You must tell the librarian ( ) book you are talking.
18. She has not written to tell me ( ) she is coming.
19. The grocer says she does not know ( ) he sent it to.
20. I never know ( ) I can trust.
21. I cannot give you ( ) you want.
22. Do you know ( ) she will do?
23. Tell me ( ) you will teach me English.
24. I cannot tell you ( ) I come here.
25. Tell me ( ) she is.

Emphatic Connectives
Relative + ever

အဓိပ္ပာယ် လေးနက်အောင် သုံးထားသော အောက်ပါ Noun Clause များကို ဘာသာပြန်ပုံနှင့်တကွ သေချာစွာ လေ့လာထားပါ။ အလားတူ ဝါကျများကို ရေးနိုင်ပါလိမ့်မည်။

ပုံစံများ

1. Whoever studied this book must pass the exam
ဤစာအုပ်ကို လေ့လာသမျှ လူတိုင်းသည် (လေ့လာသူ ဘယ်သူပဲဖြစ်ဖြစ်) စာမေးပွဲအောင်ရမည်။

2. We love whoever is simple and honest.
ကျွန်ုပ်တို့သည် အနေရိုး၍ စိတ်ထားဖြောင့်သူတိုင်းကို (ဖြောင့်သူ ဘယ်သူ့ကိုဘဲဖြစ်ဖြစ်) ချစ်ကြသည်။
3. Whomever I taught English passed the exam.
ကျွန်ုပ် အင်္ဂလိပ်စာ သင်ပေးသမျှ လူတိုင်းသည် (သင်ပေး ခံရသူ ဘယ်သူပဲဖြစ်ဖြစ်) စာမေးပွဲအောင်ခဲ့သည်။
4. We must praise whatever we see.
ကျွန်ုပ်တို့သည် တွေ့သမျှလူတိုင်းကို (ဘယ်သူ့ကိုပဲတွေ့တွေ့) ချီးကျူးရမည်။
5. You can buy whatever you want.
သင် အလိုရှိသမျှဟာကို (ဘာကိုပဲလိုလို) သင် ဝယ်နိုင်သည်။
6. You must take whatever I give.
ကျွန်ုပ်ပေးသမျှဟာကို (ဘာကိုပဲပေးပေး) သင်ယူရမည်။
7. I will buy whichever I want.
ကျွန်ုပ်သည် ကျွန်ုပ် အလိုရှိသမျှဟာကို(ဘာပဲဖြစ်ဖြစ်) ဝယ်မည်။
8. Whenever I went to Shwedagon, I met Ma Mya.
ကျွန်တော်သည် ရွှေတိဂုံဘုရားကို သွားတိုင်း (ဘယ်တော့ပဲ သွားသွား) မမြကို တွေ့သည်။
9. I am very happy whenever I saw her.
ကျွန်တော်သည် သူမကိုမြင်တိုင်း ပျော်ရွှင်ခဲ့သည်။
10. Wherever the king goes, the crowd welcome him.
ရှင်ဘုရင်သွားသမျှ နေရာတိုင်းမှာ လူထုက ကြိုဆိုကြသည်။
11. Wherever I go Mg Khin follows me.
ကျွန်တော် ဘယ်နေရာပဲသွားသွား မောင်ခင်သည် ကျွန်တော့် နောက်က လိုက်သည်။
12. Whenever he comes to me, I give him five kyats.

သူ ကျွန်တော့်ဆီ လာသည့်အခါတိုင်း ကျွန်ုပ်သည် သူ့အား ငွေငါးကျပ် ပေးသည်။

13. Whenever we go to school, we see Mg Khin in the street.
ကျွန်ုပ်တို့ ကျောင်းသွားသည့်အခါတိုင်း မောင်ခင်ကို လမ်းမှာ တွေ့သည်။
14. I will take the hat whosever it is.
ကျွန်ုပ်သည် ထိုဟာ ဘယ်သူ့ဟာပဲဖြစ်ဖြစ် ထိုဦးထုပ်ကို ယူမည်။
15. We cannot give you whosever it is.
ဘယ်သူ့ဟာပဲဖြစ်ဖြစ် ထိုဟာကို သင်တို့အားမပေးနိုင်။

သုံးမည်ရပုဒ်များ ခွဲခြားနည်း

ပုဒ်တစ်မျိုးတည်းပင် ဖြစ်သော်လည်း ဝါကျအမျိုးမျိုးတွင် သုံးထားပုံကိုလိုက်၍ အမည်အမျိုးမျိုး မှည့်ခေါ်ရပြီးလျှင် ဘာသာအမျိုးမျိုး ပြန်ဆိုရသည်ကို သတိပြုလေ့လာပါ။

1. Who are you?
2. Where do you live?
3. Why do you learn English?
4. When do you get up?

အထက်ပါ ဝါကျများတွင် who, where, why, when တို့ကို Interogative ဟုခေါ်၍ အမေးဝါကျ၏ရှေ့တွင် ထားသုံးရလေသည်။

1. The man who came to me is my teacher.
2. The village where I was born is near Pyuntaza.
3. I don't know the reason why he did not come.
4. Tell me the time when the train arrives.

အထက်ပါ ဝါကျများတွင် who, ကို Relative Pronoun where, why, when ကို Relative Adverb ဟု ခေါ်၍ ၎င်းတို့ဖြင့် ဆက်ရေးထားသော ဝါကျကို Adjective Clause ဟု ခေါ်ရလေ သည်။

1. I don't know who he is.
2. I don't know where he lives.
3. I don't know why he did not arrive.
4. I don't know when they will go.

အထက်ပါ ဝါကျများတွင် who, where, why, when တို့ကို Conjunctive ဟုခေါ်၍ ၎င်းတို့နှင့် ဆက်ရေးထားသော ဝါကျကို Noun Clause ဟု ခေါ်ရလေသည်။

ဝါကျကဏ္ဍနှစ်ခု ခွဲခြားနည်း

အထက်ပါပုံစံများကို ကြည့်ခြင်းအားဖြင့်–

၁။ who, where, when, why တို့ရှေ့တွင် Antecedent ခေါ် နာမ်ပုဒ်နာမ်စားပုဒ်တစ်ခုရှိလျှင် Adjective Clause.

၂။ ၎င်းပုဒ်များရှေ့တွင် Antecedent ခေါ် နာမ်ပုဒ် နာမ်စားပုဒ် မပါလျှင် Noun Clause ဟု ခွဲခြားမှတ်သားနိုင်ပေသည်။

၉ တန်း၊ ၁၀ တန်း မေးခွန်းလွှာ Compound Complex ဝါကျပြောင်းနည်းမေးပုံ

(၉) တန်း၊ (၁၀) တန်း ၉၃–၉၄ အင်္ဂလိပ်မေးခွန်းလွှာ **VII A** တွင် Compound Complex ဝါကျများ အပြန်အလှန် ပြောင်းနည်းကို စာမေးပွဲကကဏ္ဍ (   ) တွင် ပြထား၏။ နမူနာအဖြေများကို လေ့လာ၍ နမူနာအဖြေများကို အထပ်ထပ် လေ့လာမှတ်သား၍ (   ) ရှိ မေးခွန်းဟောင်းများ လက်တွေ့ ဖြေဆိုလေ့ကျင့်ထားပါ။ သဒ္ဒါတစ်အုပ်လုံးမှ အဆီအနှစ် သိမှတ် စရာများကို တစ်ပုဒ်ဆွာတည်းတွင် ပါအောင်မေး၍ (၅) မှတ် ပေးထား၏။ ကြိုးစားလေ့လာထားပါက ဂဏန်းသင်္ချာ၊ ဓာတု၊ ရူပ၊ ဘိုင်အို ပုစ္ဆာများကဲ့သို့ အမှတ်ပြည့်ရနိုင်၏။

PRESENT PARTICIPLE

နေသော

Sitting in the class, အတန်းထဲမှာ ထိုင်နေသော Singing a song, သီချင်းတစ်ပုဒ်ကို ဆိုနေသော စသည့် "နေသော" ဆုံးသည့် ကြိယာများကို Present Participle ဟုခေါ်၏။ Verbal Adjective ကြိယာ နာမဝိသေသနဟု နောက် သဒ္ဒါဆရာတို့က ခေါ်ကြ၏။

ဝါကျတွင် အသုံးပြု ရေးသားပုံ

Present Participle များကို အများအားဖြင့် နာမ်ပုဒ်တစ်ခု၏ နောက်တွင်ထား၍ ရေးရ၏။ တစ်ခါတစ်ရံ ကတ္တားပုဒ်ကို အထူးပြုလျှင် ကော်မာခံလျက် ကတ္တားရှေ့ကလည်း ထား၍ရေးနိုင်သည်။

ပုံစံ

1. The boy sitting in the class is my pupil.
   အတန်းထဲမှာ ထိုင်နေသော လူကလေးသည် ကျွန်ုပ်၏ တပည့်ဖြစ်သည်။
2. He beat a dog barking at a girl.
   သူသည် မိန်းကလေးကို ဟောင်နေသော ခွေးကိုရိုက်ခဲ့သည်။
3. The woman cooking the rice in the kitchen does not see me.
   Cooking the rice in the kitchen, the woman does not see me.
   မီးဖိုထဲမှာ ထမင်းချက်နေသော မိန်းမကြီးသည် ကျွန်တော့်ကို မမြင်ချေ။
4. She went to the teacher teaching English in the class.
   သူမသည် အတန်းထဲမှာ အင်္ဂလိပ်စာပြနေသော ဆရာဆီသို့ သွားခဲ့သည်။

တစ်ခါတစ်ရံ "လျက်"ဟု ဘာသာပြန်ရ၏။

Ma Yee came back from school carrying a bag on her shoulder.

Carrying a bag on her shoulder,
Ma Yee came back from school.

ပခုံးမှာ လွယ်အိတ်ကို လွယ်လျက် မရီသည် ကျောင်းကပြန်လာခဲ့သည်။

လေ့ကျင့်ခန်း (၁)

အောက်ပါတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ

၁။ ထမင်းချက်နေသော မခင်ကို ကျွန်တော်သိသည်။
၂။ လယ်ကွင်းထဲမှာ ကောက်စိုက်နေသော မိန်းကလေးများကို ကျွန်ုပ်တို့ မြင်ခဲ့သည်။ (transplanting)
၃။ ရေတွင်းအနီးမှာ ရေချိုးနေသော မခင်ဌေးကြွယ်ကို ကျွန်တော်မြင်ခဲ့သည်။
၄။ မခင်ဌေးကြွယ်သည် စာအုပ်ကို ကိုင်လျက် လမ်းပေါ်မှာ သွားနေသည်။
၅။ ကျွန်ုပ်တို့သည် စကားများလွန်းသော မိန်းကလေးများနှင့် အတူ ထမင်းစားနေကြသည်။
၆။ နေမကောင်းသော မောင်မြသည် ကျောင်းကိုမသွားနိုင်ပါ။
၇။ သင်တို့ကို အင်္ဂလိပ်စာပြနေသော ဆရာသည် ဘုန်းကြီးတစ်ပါးဖြစ်သည်။
၈။ စာကျက်နေသော ကျောင်းသူများကို ကျွန်ုပ်တို့ ကူညီရမည်။
၉။ သတင်းစာဖတ်နေသော မခင်ဌေးကြွယ်သည် ကျောင်းသူတစ်ယောက်ဖြစ်သည်။
၁၀။ ဦးဘသည် စာအုပ်ကိုကိုင်လျက် ခုံပေါ်မှာထိုင်နေသည်။
၁၁။ နာရီတစ်လုံးကိုယူလျက် မမြသည် ဈေးမှပြန်လာခဲ့သည်။
၁၂။ ဖျားနေသော မိန်းကလေးသည် ဈေးကို မသွားနိုင်ပါ။
၁၃။ ငွေမရှိသောသူသည် အိမ်တစ်ဆောင် မဆောက်နိုင်ပါ။

၁၄။ ကျွန်ုပ်တို့သည် လမ်းပေါ်မှာ လဲနေသောလူကို ကူညီရမည်။
၁၅။ ကောင်းကင်ထဲမှာ ပျံနေသောငှက်များသည် ကျီးကန်းများ ဖြစ်ကြသည်။
၁၆။ ကျွန်ုပ်သည် ထမင်းဆာနေသော မောင်ခင်ကို မြင်ခဲ့သည်။
၁၇။ မောင်မြင့်လွင်သည် စာဖတ်နေသော မခင်ဌေးကြွယ်ကို ချစ်သည်။
၁၈။ စာအုပ်ကိုင်လျက် မခင်ထားရီသည် ကျောင်းမှပြန်လာသည်။
၁၉။ ဈေးကိုသွားသော မခင်ထားရီသည် ကျွန်ုပ်၏နှမဖြစ်သည်။
၂၀။ လူကလေးများသည် စာဖတ်နေသော မိန်းကလေးနှင့်အတူ ထိုင်နေကြသည်။

PERFECT PARTICIPLE ပြီးသော

Have နောက်တွင် Past Participle ခေါ် တတိယကြိယာ နှင့် ကံပုဒ်စသည်ပါရှိ၍ "ပြီးသော"ဟု အဓိပ္ပာယ်ပြန်ရသော ပုဒ်စုကို Perfect Participle ဟု ခေါ်၏။

ဝါကျတွင် အသုံးပြုပုံ

Present Participle ကဲ့သို့ နာမ်ပုဒ်၏နောက်တွင် ကပ်၍ ရေးရ၏။ ရံခါ ကော်မာခံလျက် ကတ္တား၏ ရှေ့မှာလည်း ထား၍ ရေးနိုင်၏။

ပုံစံ

1. Having learnt English, students went back home.
   Students having learnt English went back jome.
   အင်္ဂလိပ်စာ သင်ပြီးသော ကျောင်းသားများသည် အိမ်သို့ ပြန်သွားကြလေသည်။
2. Having cooked the rice, Ma Yee is reading a book.
   ထမင်းချက်ပြီးသော မရီသည် စာအုပ်တစ်အုပ်ကို ဖတ်နေသည်။

3. Having taught English, the teacher came out of the class.
အင်္ဂလိပ်စာ ပြပြီးသောကြောင့် ဆရာသည် အတန်းထဲမှ ထွက်သွားခဲ့သည်။
4. I am teaching English to the boy having copied exercises.
ကျွန်တော်သည် လေ့ကျင့်ခန်းများကို ကူးယူပြီးသော ကျောင်းသားများကို အင်္ဂလိပ်စာပြနေသည်။

လေ့ကျင့်ခန်း

အောက်ပါ မြန်မာဘာသာတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ

၁။ ရေကန်ထဲမှာ ရေချိုးပြီးသော လူကလေးများသည် အိမ်သို့ ပြန်လာကြသည်။
၂။ အက်ဆေး ရေးပြီးသော ကျောင်းသားများသည် အိမ်ကို ပြန်ချင် ပြန်နိုင်ပြီ။
၃။ စာကျက်ပြီးသော မခင်ဌေးကြွယ်သည် ကျောင်းကို သွားရသည်။
၄။ ထမင်းစားပြီးသော ကျွန်ုပ်သည် ဘုရားပေါ်သို့ တက်ခဲ့သည်။
၅။ ရေချိုးပြီးသော မခင်ဌေးကြွယ်သည် လမ်းပေါ်မှာ မတ်တတ် ရပ်နေသည်။
၆။ ၇-တန်းအောင်ပြီးသော ကျောင်းသားများသည် နည်းသစ် ကောလိပ်သို့ သွားခဲ့ကြသည်။
၇။ ထမင်းချက်ပြီးသော မရီသည် ရေကန်သို့သွားခဲ့သည်။
၈။ ရုပ်ရှင်ကြည့်ပြီးသော လူကြီးသည် အိမ်သို့ ပြန်သွားခဲ့သည်။
၉။ ထမင်းစားပြီးသော မခင်ဌေးကြွယ်သည် ပန်းကန်ဆေးနေသည်။
၁၀။ ရေချိုးပြီးသောလူများသည် အလုပ်လုပ်နေကြသည်။
၁၁။ အိမ်မှာ အလုပ်လုပ်ပြီးသော မခင်ဌေးသည် ဈေးသို့သွားသည်။
၁၂။ စာရေးပြီးသော ကျောင်းသားသည် ခုံပေါ်မှာ ထိုင်နေသည်။
၁၃။ နည်းသစ်ဂရမ်မာ သင်ယူပြီးသော ကျောင်းသားများသည် စာမေးပွဲ အောင်ခဲ့ကြသည်။

၁၄။ သတင်းစာဖတ်ပြီးသော မခင်ရီသည် ခုံအနီးမှာ ထိုင်နေသည်။
၁၅။ အင်္ဂလိပ်စာ ဖတ်ပြီးသော ကျောင်းသားများသည် အလုပ်လုပ်ကြသည်။
၁၆။ အလုပ်ရပြီးသောစာရေးများ လင်ဗွာဖုံးသင်တန်း တက်ရောက်နေကြသည်။
၁၇။ ကျောင်းသွားပြီးသော မခင် အိမ်ထဲမှာ စာကျက်နေသည်။
၁၈။ လူသတ်ပြီးသော ဓားပြများသည် တောထဲသို့ပြေးကြသည်။
၁၉။ အစာပြီးသော ခွေးများသည် အိပ်နေကြသည်။
၂၀။ မီးဖိုထဲမှာ ထမင်းချက်ပြီးသော မခင်သည် ပန်းကန်ဆေးနေသည်။

ABSOLUTE PARTICIPLE

"သောကြောင့်" အဓိပ္ပာယ်ရှိ ing ပုဒ်စုတစ်ခု၏ ရှေ့တွင် ကတ္တားတစ်ခုပါရှိ၍ ၎င်း ing ပုဒ်စုနောက်တွင် သီးသန့် ဝါကျတစ်ခုရှိသောအခါ ၎င်း ing ပုဒ်စုနှင့် ပုဒ်စုရှေ့မှ ကတ္တားသည် နောက်ဝါကျတစ်ခုမှ လုံးဝ သီးသန့်လွတ်နေသောကြောင့် Absolute Participle (အက်ဘ်ဆိုးလျူ(တ်)ပါတီစီပယ်)ဟု ခေါ်၏။ ၎င်း ing ပုဒ်စုကို အများအားဖြင့် "သောကြောင့်" ဟု ဘာသာပြန်၍ တစ်ခါတစ်ရံ "အတွက်" "သောအခါ" "ခဲ့လျှင်" ဟု ဘာသာပြန်ဆိုနိုင်လေသည်။ ing ပုဒ်စုအဆုံးတွင် အမြဲ ကော်မာ ခံရေးရလေသည်။

1. Myint Myint being beautiful and simple, Mg Mya wants to marry her.
   မြင့်မြင့်သည် လှပ၍ ရိုးသားသောကြောင့် မောင်မြသည် သူမအား လက်ထပ်ချင်သည်။
2. Ma Yee passing the exam her uncle gave her a watch.
   မရီသည် စာမေးပွဲအောင်သောကြောင့် သူ၏ဦးလေးက သူ့ကို နာရီတစ်လုံးပေးလေသည်။

3. The teacher coming into the class all students stand up.
ဆရာသည် အတန်းထဲသို့ ဝင်လာသောအခါ ကျောင်းသားအားလုံး မတ်တတ်ရပ်ကြလေသည်။
4. The teacher having taught English students went back home.
ဆရာသည် အင်္ဂလိပ်စာ ပြပြီးသောအခါ ကျောင်းသားများသည် အိမ်သို့ ပြန်ကြလေသည်။
5. The Science teacher failing to arrive the Headmaster will teach you science.
သိပ္ပံဆရာ မရောက်လာခဲ့လျှင် ကျောင်းအုပ်ဆရာကြီးသည် သင်တို့အား သိပ္ပံဘာသာကို ပြလိမ့်မည်။

လေ့ကျင့်ခန်း

၁။ ရာသီဥတု သာယာသောကြောင့် ကျွန်ုပ်တို့ ထွက်သွားခဲ့သည်။ ၂။ ဆရာသည် အင်္ဂလိပ်စာ ပြပြီးသောကြောင့် (ပြပြီးသောအခါ) ကျောင်းသားများ အိမ်ကိုပြန်ကြ၏။ ၃။ မတင်ရီသည် လိမ်မာသောကြောင့် သူ၏ဦးလေးက သူ့ကိုချစ်သည်။ ၄။ ဘုရားသခင်အလိုတော်ရှိပါက (willing အလိုရှိနေသည်) ကျွန်ုပ်တို့ တစ်ဖန်တွေ့ကြလိမ့်မည်။ ၅။ မတင်ရီ နေမကောင်းသောကြောင့် သူမ၏အကိုက သူမထံ ပန်းသီးများကို ပို့ပေးခဲ့၏။ ၆။ မမြိုင်မှာ မိဘမရှိသောကြောင့် ကျွန်ုပ်သည် သူမကို ငွေ ၂၀၀–ကျပ် ပေးခဲ့သည်။ ၇။ လူကလေးများသည် ဆူညံစွာ ကစားနေကြသောကြောင့် ဆရာသည် ခေါင်းလောင်းကို တီးလိုက်လေသည်။ ၈။ ဆရာသည် စာပြနေသောကြောင့် ကျောင်းသားများသည် ငြိမ်သက်စွာ ထိုင်နေကြ၏။ ၉။ ပင်လယ်ပြင်သည် ချောမွေ့နေသောကြောင့် ကျွန်ုပ်တို့သည် ရွက်လွှင့်သွားကြလေသည်။ ၁၀။ နည်းသစ် အင်္ဂလိပ်သဒ္ဒါသည် အလွန်လွယ်ကူသောကြောင့် ကျောင်းသားတိုင်း ကြိုက်ကြလေသည်။ ၁၁။ သူ့အမေ နေမကောင်းသောအခါ မရီသည် ကျောင်းကို မသွား

နိုင်ချေ။ ၁၂။ သင်တို့ စာအုပ်ကို ဝယ်ပြီးသောအခါ ကျွန်ုပ်သည် သင်တို့အား အင်္ဂလိပ်စာကို ပြလိမ့်မည်။ ၁၃။ မောင်ခင်သည် အခန်းထဲမှာ အိပ်နေသောကြောင့် သူ၏အမေသည် သူ့ကိုမတွေ့ချေ။ ၁၄။ မမြသည် စားမေးပွဲအောင်သောကြောင့် သူ၏ဆရာသည် သူ့အား စာအုပ်များကို ပေးလေသည်။ ၁၅။ သင်တို့သည် သင်ခန်းစာကို နားလည်လျှင် ကျွန်ုပ်သည် အခြား သင်ခန်းစာများကို ဆက်ပြမည်။

အထူးမှတ်ချက်

(က) Absolute Participle ကတ္တားနှင့် နောက်ဝါကျရှိ ကတ္တားတို့သည် မည်သည့်အခါမျှ မတူစေရ။ ကတ္တားမတူသော အခါ၌ ဤ Absoolute Participle ဖြင့် ရေးရမည်။ ကတ္တားတူနေပါက ရိုးရိုး Participle ဖြင့်သာ ရေးရမည်။

ဥပမာ

Ma Mya being ill, she did not go sto school ဟု မရေးရ၊ ကတ္တားတူနေ၏။
ထို့ကြောင့် Ma Mya being ill, did not go to school ဟူ၍လည်းကောင်း၊ သို့မဟုတ် being ill', Ma Mya did not go to school ဟူ၍လည်းကောင်း ရိုးရိုးပါတီစပယ်လ် ဖြင့်သာ ရေးရမည်။

(ခ) အပြန်အလှန်အားဖြင့် ကတ္တားပုဒ် မတူသောအခါ ရိုးရိုး ပါတီစီပယ်လ်ကို မသုံးရ၊ သုံးလျှင် အဓိပ္ပာယ် ရောထွေးသွားသည်။ Absolute Participle ကိုသာ သုံးရမည်။

ဥပမာ

Having passed the exam her uncle gave Ma Yee a watch. ဟု ရေးလျှင် စာမေးပွဲ အောင်ဒါ သူ၏ ဦးလေးလား မရီးလား မသိဘဲ ရောထွေးသွား၏။ အောင်ဒါက တစ်ယောက် (မရီ) ပေးဒါက တစ်ယောက် (ဦးလေး)ဟု

ကတ္တား မတူသောကြောင့် Absolute Participle ကို သုံးရမည်။ Ma Yee having passed the exam, her uncle gave her a watch. ဟု ရေးမှမှန်၏။

PAST PARTICIPLE

ခဲ့သော

Past Participle ခေါ် တတိယကြိယာတစ်ခုကို ၎င်း၏ ကံပုဒ်တစ်ခု၏ နောက်တွင်ထား၍ "ခဲ့သော" ဟူသော အဓိပ္ပာယ်ဖြင့် သုံးလျှင် Past Participle ဟု ခေါ်၏။ ပြုလုပ်သူ ကတ္တားကို ဖော်ပြလိုသောအခါ Passive Voice မှာကဲ့သို့ ၎င်းတတိယကြိယာနောက်က by နှင့်ယှဉ်၍ ဖော်ပြရ၏။

ပုံစံ

1. The book bought by me is on the table.
   ကျွန်ုပ်ဝယ်လာသော စာအုပ်သည် စားပွဲပေါ်မှာရှိသည်။
2. She is reading a book given by her teacher.
   သူမသည် သူမ၏ဆရာမက ပေးသော စာအုပ်ကို ဖတ်နေသည်။
3. The sentence written by you are all right.
   သင်ရေးထားသော ဝါကျများသည် အားလုံး မှန်ကန်ကြသည်။
4. The teacher has explained the question **asked** by the students.
   ဆရာသည် ကျောင်းသားများက မေးခဲ့သော မေးခွန်း**များ**ကို ဖြေရှင်းပြီးပြီ။
5. The girl has cooked the beef bought by her mother.
   မိန်းကလေးသည် သူမ၏ အမေ ဝယ်ခဲ့သော အမဲသားကို ချက်ပြီးသွားပြီ။

အထူးသတိပြုရန်

Transitive Verb ခေါ် "ကို"ရှိ ကြိယာကိုသာ Past Participle ဖြင့် ရေးရ၏။ ကံပုဒ်နှင့် ကြိယာတို့ကို နေရာလဲ၍ ရေးသားခြင်းဖြစ်၏။

Cook the rice. မှ The rice cooked.
Buy a book. မှ The book bought.
Buy the beef. မှ The Beef bought
Asked questions, မှ The questions asked.
Give a book. မှ The book given

ဖြစ်လာကြသည်ကို သတိပြုပါလေ။

အောက်ပါ မြန်မာဘာသာတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ။

၁။ ကျွန်ုပ်သည် မခင်ရီပေးသော ဖောင်တိန်ကို ကြည့်နေသည်။
၂။ ကျောင်းသားများသည် ဆရာကသင်ပြသော အင်္ဂလိပ်စာကို သင်ယူနေသည်။
၃။ မခင်ဌေးကြွယ်သည် မောင်မြင့်လွင်ပေးသော အင်္ဂလိပ်စာကို ဖတ်နေသည်။
၄။ သူမသည် မခင်ဌေးကြွယ်ထံမှ ငှားထားသော ဖောင်တိန်ကို ပြန်မပေးပါ။
၅။ လူအများသည် ဆန်းကိတ်မုန့်တိုက်မှ လုပ်သော မုန့်ကိုစားနေကြသည်။
၆။ နိုင်ငံရေးသမားများသည် ချာချီရေးသော စာအုပ်ကို ဖတ်ကြသည်။
၇။ လူကလေးများသည် ကျွန်ုပ်ပြုလုပ်ထားသော အရုပ်ကားကို ကြည့်နေကြသည်။
၈။ ကျောင်းသားများသည် ကျွန်ုပ်သင်ပြသော နည်းသစ်သဒ္ဒါကို လေ့လာရမည်။
၉။ မိန်းကလေးသည် လူကြီးကပေးသော မုန့်ကိုစားနေသည်။
၁၀။ မောင်ခင်သည် ကြောင်ကလိုက်သော ကြွက်ကိုမြင်ခဲ့သည်။

၁၁။ ဝက်များသည် လူကျွေးသောအစာကို စားကြသည်။
၁၂။ ပျားတစ်ကောင်သည် ပန်းပွင့်မှရသော ရေကိုသောက်သည်။
၁၃။ ကြက်များသည် လူတို့ပြုလုပ်ပေးသော အသိုက်ထဲ၌နေကြသည်။
၁၄။ ကျောင်းသားများသည် ဆရာသင်ပြသော အင်္ဂလိပ်စာကို နှစ်သက်ကြသည်။
၁၅။ ဆရာသည် စာမေးပွဲအောင်သော ကျောင်းသားကို ချီးကျူးသည်။
၁၆။ မြင့်လွင်သည် မခင်ဌေးကြွယ်ပေးသောစာကို ရေးကူးခဲ့သည်။
၁၇။ မတင်ရီသည် ဆရာသင်ပြသောစာကို ရေးကူးခဲ့သည်။
၁၈။ မရီသည် ဆရာပေးသော ကြိယာကို ကျက်မှတ်နေသည်။
၁၉။ မောင်ကျော်ဝင်းသည် ဆရာသင်ပြသော သင်ခန်းစာများကို မရေးပါ။

Compound, Complex နှင့် Participle အပြန်အလှန်လဲနိုင်ခြင်း

အထက်ပါ နမူနာ ဝါကျများကိုကြည့်ခြင်းအားဖြင့် for, therefore, so နှင့်ဆက်သော Compound Sentence because, as since, when, if တို့ဖြင့် ဆက်သော Complex Sentence များကို Participle သို့ပြောင်း၍ Simple Sentence တစ်ခုပြုလုပ်နိုင်ကြောင်း ထင်ရှားသိရ၏။ ကတ္တားတူလျှင် Present Participle နှင့် Perfect Participle သို့ပြောင်း၍ ကတ္တား မတူပါက Absolute Participle သို့ ပြောင်းရမည်ကို သတိပြုသင့်ပေသည်။

၎င်းပြင် who, which တို့ဖြင့်ဆက်ထားသော Adjective Clause များပါဝင်သည့် Complex Sentence များကိုလည်း Present, Perfect Participle တစ်ခု ပြောင်းပေးခြင်းအားဖြင့် Simple Sentence တစ်ခုခု ပြောင်းပေးနိုင်ကြောင်း တွေ့ရပေမည်။

ဥပမာ

1. Ma Ye who is sitting in the class is my niece.
   Ma Yee sitting in the class is my niece (Simple)
2. Students who have written exercises can go back home. (Complex)
   Students having written exercises can go back home. (Simple)
3. I am reading the book which my brother borrowed. (Complex)
   I am reading a book borrowed by my brother. (Simple)

လေ့ကျင့်ခန်း (၁)
(အလယ်တန်းမေးခွန်းစတိုင်)

အောက်ပါ Compound နှင့် Complex Sentence များကို Participle တစ်ခုခု ပြောင်းခြင်းဖြင့် Simple Sentence တစ်ခုခု ဖြစ်အောင် လုပ်ပေးပါ။

1. I remained in my house for, (as, since because) it was a very hot day.
2. The boy who was walking on the road saw the accident.
3. We are taking dinner which our sister cooked.
4. The girl was very tired for (as, since, because) she had worked all the morning.
5. When I heard a noise, I woke up.
6. The boys came back for (as, since, because) the teacher had taught them English.

7. This is the girl whom you met in the hall.
8. If you come to me, I shall give you a good book.
9. When their mother came back from the bazaar, the children gathered round her.
10. You are learning English because you want to pass the exam.
11. You must follow the advice which I gave.
12. If students study this book they will pass the exam.

လေ့ကျင့်ခန်း (၂)

(၁၀) တန်း **VII (A)** မေးခွန်းစတိုင်

Finish each sentence ......that is given.

1. I remained in my house for, (as, since because) it was a very hot day.
   Being a very ....
2. The boy who was walking on the road saw the accident.
   The boy walking..
3. We are taking dinner which our sister cooked.
   We are taking ....
4. The girl was very tired for (as, since, because) she had worked all the morning.
   The girl having worked ....
5. When I heard a noise, I woke up.
   Hearding anoise..
6. The boys came back for (as, since, because) the teacher had taught them English.

The teacher having ....
7. This is the girl whom you met in the hall.
This is the girl whom ....
8. If you come to me, I shall give you a good book.
You coming to me ....
9. When their mother came back from the bazaar, the children gathered round her.
Their mother coming back ....
10. You are learning English because you want to pass the exam.
Wanting to pass ....
11. You must follow the advice which I gave.
You must follow ....
12. If students study this book they will pass the exam.
Students studying ....

"GERUND" "ခြင်း"
Verbal noun = ကြိယာနာမ်

ing ဆက်ထားသော ကြိယာပုဒ်ကို "ခြင်း"ဟု ဘာသာပြန်ရသောအခါ Gerund ဟု ခေါ်၏။ နောက် သဒ္ဒါဆရာများက Verbal noun ကြိယာနာမ်ဟု ခေါ်၏။

Gerund ခေါ် ကြိယာနာမ်ကို နာမ်ပုဒ်ကဲ့သို့ ကတ္တားပုဒ် ကံပုဒ် ဝိဘတ်၏ ကံပုဒ်အဖြစ် ထား၍ ရေးနိုင်၏။

ဥပမာ

1. Swimming is a very good exercise.
ရေကူးခြင်းသည် အလွန်ကောင်းသော လေ့ကျင့်ခန်းဖြစ်သည်။

2. I like swimming very much.
ကျွန်ုပ်သည် ရေကူးခြင်းကို အလွန်နှစ်သက်သည်။
3. John is fond of swimming but Tom prefers dancing.
ဂျွန်သည် ရေကူးခြင်းကို နှစ်သက်သည်။ သို့ရာတွင် တွန်သည်က,ခုန်ခြင်းကို ပို၍နှစ်သက်သည်။
4. Mya Mya does not like singing very much.
မြမြသည် သီချင်းဆိုခြင်းကို များစွာ မနှစ်သက်ချေ။
5. I passed the exam by trying hard my best.
ကျွန်ုပ်သည် အစွမ်းကုန် ကြိုးစားခြင်းဖြင့် စာမေးပွဲ အောင်ခဲ့သည်။
6. I do not like smoking cigars.
ကျွန်ုပ်သည် ဆေးလိပ်သောက်ခြင်းကို မနှစ်သက်။
7. Most people prefers riding to walking.
လူအများသည် မြင်းစီးခြင်းကို လမ်းလျှောက်ခြင်းထက် ပို၍နှစ်သက်ကြသည်။
8. Young boys enjoy playing foot-ball.
လူငယ်များသည် ဘောလုံးကန်ခြင်းကို နှစ်သက်ကြသည်။

လေ့ကျင့်ခန်း

အောက်ပါ Gerund ပါဝင်သော ဝါကျများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ။

၁။ မနက်စောစော လမ်းလျှောက်ခြင်းသည် ကောင်းသောလေ့ကျင့်ခန်းဖြစ်သည်။ ၂။ ဆရာသည် အတန်းထဲမှာ ဆေးလိပ်သောက်ခြင်းကို မနှစ်သက်ပါ။ ၃။ ပေးခြင်းသည် ယူခြင်းထက် ပို၍ကောင်း၏။ ပြောခြင်းသည် လုပ်ခြင်းထက် ပို၍လွယ်ကူသည်။ ၄။ ဘာသာတစ်ရပ်ကို သင်ကြားခြင်းသည် လွယ်ကူသော အလုပ်မဟုတ်ပါ။ ၅။ နံနက်စောစော ပြေးခြင်းသည် လူအများကို သန်မာစေ၏။ ၇။ သူတပါး၏စာကို ဖတ်ခြင်းသည် မယဉ်ကျေးပါ။ ၈။ ညနေတိုင်း

လမ်းလျှောက်ခြင်းသည် သူ၏ အလုပ်ဖြစ်၏။ ၉။ စာအုပ်တစ်အုပ် ရေးသားခြင်းသည် လွယ်ကူသော အလုပ်မဟုတ်ချေ။ ၁၀။ ရှုကြည့်ခြင်းသည် ယုံကြည်ခြင်းဖြစ်၏၊

Phrase Opening နှင့် Gerung

"Swimming is a very good exercise" ကဲ့သို့သော ကတ္တားအဖြစ်သုံးသော gerund ကို infinitive ပြောင်းကာ ဝါကျနောက်ပိုင်းသို့ပို့၍ gerund ကတ္တားနေရာတွင် It ကတ္တားကို ထည့်၍ ဝါကျတစ်မျိုးရေးနိုင်၏။ အထက်ပါ gerund ကတ္တားဝါကျကို ပြန်ရေးလျှင်

It is a very good exercise to swim.

ရေကူးတာဟာ အလွန်ကောင်းတဲ့ လေ့ကျင့်ခန်းဖြစ်၏။

အောက်ပါ လက်သဲကွင်းအတွင်းပြထားသော ကြိယာများကို Gerund ပြောင်း၍ ဘာသာပြန်ပါ။ gerund နှင့် တွဲသုံးရသော ကြိယာများကိုလည်း ကျက်မှတ်ထားပါ။

1. I am considering...(take) a trip to Canada next summer.
2. I enjoy ... (study) with Miss Smith.
3. Mr Smith stopped ... (go) to this English class.
4. Do you mind ... (wait) a few minutes in the hall?
5. We are considering ... (buy) an automobile.
6. Did you enjoy ... (travel) through Cabada last summer?
7. Why has Miss Jones stopped ... (study) English?
8. Ask that salesmen whether he minds ...(come) back this afternoon.

9. Smith enjoys ... (listen) to the radio.
10. Smith and Jones have stopped ... (talk) to each other.
11. They are consider ing ... (hold) the classes in the evening in stead of the morning.
12. We should appreciate ... (receive) an answer immediately.
13. They have finished ... (paint) out aprtment at least.
14. Smith was driving fast and couldn't avoid ... (hit) the other car.
15. John denied ... (take) the book.
16. You shouldn't risk ... (go) out if you have a cold.
17. I dislike ... (take) on the subway.
18. He admitted ... (make) the mistake after we questioned him for a long time.
19. My wife enjoys ... (skate) very much.
20. We are considering ... (have) our lessons in the evening because we find the morning inconvenient.
21. Would you mind ... (open) the window?
22. Why did he deny ... (lose) the contracts?

PHRASE = ပုဒ်စု

ကတ္တားကြိယာမပါ၊ အဓိပ္ပာယ် တစ်ပိုင်းတစ်စကိုဖော်ပြသော ဝိဘတ်, နာမ်, နာမ်စားပုဒ်စုကို Phrase ပုဒ်စုဟုခေါ်၏။

On the table. စားပွဲပေါ်မှာ။
In the room. အခန်းထဲမှာ။

At nine o' clock. ၉–နာရီမှာ။
For three days. ၃–ရက်ကြာကြာ။
In a loud voice. ကျယ်လောင်စွာ။
With great care. ဂရုတစိုက်။

ပုဒ်စု ၃–မျိုး

၁။ Adverb Phrase ကြိယာဝိသေသနပုဒ်စု။
၂။ Adjective Phrase နာမဝိသေသနပုဒ်စု။
၃။ Noun Phrase နာမ်ပုဒ်စုဟု သုံးမျိုးရှိလေသည်။

(1) Adverb Phrase

(က) မည်ကဲ့သို့လုပ်သနည်းဟု နည်းနာပြ Manner Adverb Phrase.

(ခ) မည်သည့်နေရာမှာလုပ်သည်ဟု နေရာပြ Place Adverb Phrase.

(ဂ) မည်သည့်အချိန်မှာလုပ်သည်ဟု အချိန်ပြ Time Adverb Phrase ဟု သုံးမျိုးရှိကြောင်းနှင့် အသုံးပြုပုံတို့ကိုပါ အခြေခံအပိုင်း ဝိဘတ်အခန်းနှင့် Adverb ကြိယာဝိသေသန အခန်းတွင် လေ့ကျင့်ခန်းများနှင့်တကွ ပြခဲ့ပြီ။ ပြန်ကြည့်ပါလေ။

လေ့ကျင့်ခန်း

အောက်ပါ ဝါကျများတွင် ကြိယာဝိသေသနပုဒ်စုများကို ကောက်နုတ်ဖော်ပြပါ။

1. The bodies were mangled in a terrible manner.
2. Let us cease work from this v ery moment.
3. It was just on this sopt that he died.
4. The child replied with perfect truthfulnesse.
5. He arrived at that moment.
6. I hope that he will come at a very early date.

7. He seems to have acted with great care.
8. No one would dare to answer him in an impudent way.
9. I accept your statement without reeserve.
10. I think you with all my heart.
11. He is succeeded in long run.
12. He is ignorant to a proberb.
13. The post-boy drove with fierce career.
14. He has been painted in his proper colours.
15. The wind blew with great violence.
16. He has proved his case to my satisfaction.

(2) Adjective Phrase

(က) Present participle phrase.
(ခ) Perfect participle phrase.
(ဂ) Past participle phrase သုံးမျိုးသည် Adjective phrase တွင် ပါဝင်၏။ အသုံးပြုပုံ လေ့ကျင့်ခန်းနှင့်တကွ ပြန်ကြည့်ပါလေ။
(ဃ) နာမ်ပုဒ်တစ်ခု၏ နောက်တွင် ၎င်းနာမ်ပုဒ်နှင့် အဓိပ္ပာယ် စပ်နေသော ဝိဘတ်ပုဒ်စုများကိုလည်း Adjective Phrase ခေါ်၏။

The girl in the house. အိမ်ထဲက မိန်းကလေး။
The book on the table. စားပွဲပေါ်ကစာအုပ်။
The girl with blue eyes. မျက်လုံးအပြာနှင့် မိန်းကလေး။
The man of knwledge. ဗဟုသုတကြွယ်သူ။
The tree in the garden. ဥယျာဉ်ထဲကသစ်ပင်။
The man without a friend. မိတ်ဆွေမရှိသူ။
The letter from my mother. ကျွန်ုပ်အမေထံမှစာ။
The house with green window. ပြတင်းပေါက်အစိမ်းနှင့်အိမ်။

အောက်ပါ ဝါကျများတွင် နာမဝိသေသန ပုဒ်စုများကို ကောက်နုတ်ပြပါ။

1. He wore a turban made of silk.
2. He has done a deed of shame.
3. He led a life devoid of blame.
4. He is a man without a friend.
5. They came to a path covered with mud.
6. He carried a sword stained with blood.
7. I met a little girl from a cottage.
8. Ba Pu was a man with plenty of inpudence.
9. From this village in the mountains came a chieftain of great fame.
10. The leader was a soldier full of hope and free from fear.
11. Nelson was a body without fear.
12. Nobody likes a person with a bad temper.
13. I admit that he is a man of sense.
14. The tops of the mountains were covered.
15. He is an author of great versatility.
16. It is of no use.

(3) Noun Phrase

(က) ကတ္တားအဖြစ်၊ ကံအဖြစ် ထား၍သုံးသော Infinitive ခေါ် ရန်ကြိယာများကိုလည်းကောင်း။

(ခ) Gerund ခေါ် "ခြင်း"ဆုံးသည့် ing ဆုံးသော ကြိယာ နာမ်ပုဒ်များကိုလည်းကောင်း နာမ်ပုဒ်အလုပ်ကို လုပ်သော ကြောင့် Noun Phrase ဟု ခေါ်၏။

1. Early to bed is good habit.
စောစောအိပ်ရာဝင်ခြင်းသည် ကောင်းသောအလေ့ဖြစ်၏။

2. To win a prize is my ambition.
ဆုတစ်ဆုကို ရရန်သည် ရဖို့သည် ကျွန်ုပ်၏ဆန္ဒဖြစ်သည်။
3. I hate to do such a thing.
ကျွန်ုပ်သည် ထိုဟာမျိုးကိုလုပ်ရန် မုန်းတီးသည်။
4. He refuses to answer the question.
သူသည် မေးခွန်းကိုဖြေဆိုရန် ငြင်းသည်။
5. I dislike smoking cigars.
ကျွန်ုပ်သည် ဆေးလိပ်သောခြင်းကို မုန်းတီးသည်။
6. We enjoy playing football.
ကျွန်ုပ်သည် ဘောလုံးကန်ခြင်းကို နှစ်သက်သည်။

လေ့ကျင့်ခန်း (၂)

အောက်ပါ ဝါကျများတွင် နာမ်ပုဒ်စုများကို ကောက်နုတ်ဖော်ပြပါ။

1. His father wished to speak the head-master.
2. The wicked wizerd loves getting people into trouble.
3. The poor debtor intended to pay back every penny of money.
4. He dislike having to punish his servants.
5. Horses prefer living in dark stables.
6. I should hate to do such a thing.
7. Have you ever tried climbing a coconut palm?
8. Thinking good thoughts precedes good actions.
9. He refuses to answer questions.
10. To write such rubbish is disgraceful.
11. Promise to come again.
12. Why do you like visiting such a man.

13. Travelling in a hot dusty train gives me no pleasure.
14. He denies stealing the money.
15. Your doing such a thing surprise me.

ဝိဘတ်ပုဒ်စု အသုံးနှစ်မျိုး

In the house, On the table စသည့် ဝိဘတ်ပုဒ်စုများသည် Adverb Phrase နှင့် Adjective Phrase နှစ်မျိုးဖြစ်နိုင်သည်။

1. I live in the house. (Adverb Phrase)
   ကျွန်ုပ်သည် အိမ်ထဲမှာ နေသည်။
2. A girl in the house is my sister. (Adjective Phrase)
   အိမ်ထဲကမိန်းကလေးသည် ကျွန်ုပ်နှမဖြစ်သည်။
3. I put my book on the table. (Adv.Ph)
   ကျွန်ုပ်သည် ကျွန်ုပ်စာအုပ်ကို စားပွဲပေါ်မှာထားသည်။
4. I red the book on the table. (Adj.Ph)
   ကျွန်ုပ်သည် စားပွဲပေါ်က စာအုပ်ကိုဖတ်သည်။

ခွဲခြားနည်း

(က) ကြိယာနှင့် အဓိပ္ပာယ်စပ်လျှင် Adverb Phrase ဖြစ်၏။ ပုံစံ (1) နှင့် (3) တွင် Where Live ဘယ်မှာ နေသလဲ Where put ဘယ်မှာထားသလဲဟု ကြိယာနှင့် အဓိပ္ပာယ်စပ်၏။

(ခ) နာမ်ပုဒ်နှင့် အဓိပ္ပာယ်စပ်လျှင် Adjective Phrase ဖြစ်၏။ ပုံစံ (2) နှင့် (4) တွင် Which girl ဘယ်မိန်းကလေးလဲ Which book ဘယ်စာအုပ်လဲဟု girl , book နာမ်ပုဒ်များနှင့် အဓိပ္ပာယ်စပ်၏။

လေ့ကျင့်ခန်း

အောက်ပါ ဝါကျများတွင် ဝိဘတ်ပုဒ်စုများသည် Advert Phrase သို့မဟုတ် Adjective Phrase ဖြစ်သည်ကို ခွဲခြားပြပါ။ (ကြိယာနှင့်စပ်သည်၊ နာမ်ပုဒ်နှင့်စပ်သည်ကို ဖော်ပြပါ)

1. I eat the cake in the box.
2. I kept the cake in the box.
3. I cut the tree near the pagoda.
4. The boys are playing near the pagoda.
5. She comes back from the bazaar.
6. She read a letter from her mother.
7. They slept on the bed.
8. The girl on the bed is ill.
9. She bought the cake for her mother.
10. For her mother she bought the cake.
11. The boy is playing on the mat.
12. The boy on the mat is playing.
13. The house with green window is U Mya's house.
14. Ma Yee writes with a pen.
15. She sat on the chair.
16. The man on the chair is my father.
17. He is standing near a chair.
18. The girl near a chair is my lover.
19. On the bed I read a book.
20. I took a pillow on the bed.
21. Boys are playing under a tree.
22. Boys under a tree are my pupils.

လေ့ကျင့်ခန်း

အောက်ပါ ing ဆုံးသော ကြိယာများသည် Gerund ခေါ် Noun Phrase ဖြစ်သည်။ Present Participle ခေါ် Adjective Phrase ဖြစ်သည်ကို ခွဲခြားပြပါ။

1. Playing foot ball makes him strong.
2. We saw the boys playing football.
3. The teacher did not like smoking in the class.
4. The woman smoking a cigar is my mother.
5. Walking in the evening is good for health.
6. She met a teacher walking to the station.
7. Talking too much is no good.
8. The girl cooking the rice is my pupil.
9. The man eating the cake does not see me.
10. Enjoy reading a novel.
11. Singing songs makes her happy.
12. He listens to a teacher teaching English.
13. Learning a language is not easy.
14. I met a boy walking on the road.
15. Publishing a book is very expensive.
16. The woman sitting on the chair is my mother.
17. Travelling by train is very dangerous.
18. I prefer talking exercise to walking in the evening.
19. She saw a boy reading a newspaper.
20. Teaching English is not easy.

Noun in Apposition
ကာရကတူနာမ် (သရုပ်ဖော်နာမ်)

နာမ်ပုဒ်တစ်ခု၏ သရုပ်အဓိပ္ပာယ်ကို ပိုမိုထင်ရှားလာစေရန် ၎င်းနာမ်ပုဒ်တစ်ခု၏ နောက်တွင် ကပ်၍ ရေးထားသော နာမ်ပုဒ်တစ်ခု သို့မဟုတ် နာမ်ပုဒ်တစ်စုကို Noun in Apposition ကာကတူနာမ် (သရုပ်ဖော်နာမ်)ဟု ခေါ်သည်။

၎င်း၏ ရှေ့နှင့်နောက်တွင် ကော်မာ အမြဲခံ၍ ရေးရမည်။ "ဖြစ်သော" ဟု အဓိပ္ပာယ် အပိုထည့်ကာ ၎င်း Noun in Apposition သရုပ်ဖော်နာမ်မှစ၍ ဘာသာပြန်ရမည်။

Complex Sentence
ပြောင်းရေးနိုင်

Noun-in Apposition ရှေ့မှကော်မာကိုဖြုတ်၍ Which is/are/was/were သို့မဟုတ် Who is/are/was/were တစ်ခုခုထည့်လျှင် Adjective Clause ပါသော Complete Sentence တစ်ခုဖြစ်နိုင်၏။

အပြန်အလှန်အားဖြင့် Which is/who is စသည်ပါသော Complex Sentence မှ Which is/ Who is စသည်တို့ကို ဖြုတ်၍ ကော်မာထည့်ပေးလျှင် Noun-in-Apposition ပါသော Simple Sentence ဖြစ်နိုင်၏။ (၁၀) တန်းမေးခွန်း VII (A) တွင် မေးနိုင်၏။

ပုံစံ

1. Lwin Yamon Tin, my first grand-daughter calles me 'Grand-dad.'
   Lwin Yamon Tin who is ....
   ကျွန်ုပ်၏မြေးဦးလေး (ဖြစ်သော) လွင်ယမုံတင်က ကျွန်ုပ်ကို ဘိုးဘိုးဟုခေါ်သည်။
2. Ma Mya, the teacher of Bahan State **High** School, came to me yesterday.

Ma Mya who is ....
ဗဟန်းအထက်တန်းကျောင်းမှ ဆရာမ (ဖြစ်သော)မမြသည် မနေ့က ကျွန်ုပ်ထံသို့ လာခဲ့သည်။

3. We live in Yangon, the Capital of Myanmar.
We live in Yangon which is ....
ကျွန်ုပ်တို့သည် မြန်မာပြည်၏မြို့တော်(ဖြစ်သော)ရန်ကုန်မှာ နေသည်။

4. Mg Khin, the headman of Yegu, went to the police station.
Mg Khin who is ....
ရေကူးရွာသူကြီး(ဖြစ်သော) မောင်ခင်သည် ရဲဌာနကို သွားခဲ့သည်။

5. Ma Mya, my sister, is cooking in the kitchen.
Mg Mya who is ....
ကျွန်ုပ်၏နှမဖြစ်သော မမြသည် မီးဖိုထဲမှာ ထမင်းချက်နေသည်။

6. Shwedagon, a famous pagoda, is in Yangon.
Shwedagon which is ....
တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သော ရွှေတိဂုံသည် ရန်ကုန်မြို့မှာ ရှိသည်။

7. The Everest, the highest mountain in the world, is in Himalaya range.
The Ecerest which is ....
ကမ္ဘာပေါ်မှာ အမြင့်ဆုံးဖြစ်သော ဧဝရက်တောင်သည် ဟိမဝန္တာ တောင်တန်းမှာ ရှိသည်။

8. Mg Khin is courting Ma Hla, the most beautiful girl in his vilage.
Mg Khin is courting Mg Mya who is ....
မောင်ခင်သည် သူ၏ရွာထဲမှာ အလှဆုံးဖြစ်သော မလှကို ပိုးနေသည်။

9. Mg Ba goes to school with Ma Mya, the daughter of U Khin Maung.
Mg Ba goes to school with Ma Mya who is
....
မောင်ဘသည် ဦးခင်မောင်၏သမီး မမြနှင့်အတူ ကျောင်းသွားသည်။

လေ့ကျင့်ခန်း (၁)

အောက်ပါ မြန်မာဝါကျများကို (က) Noun-in-Apposition (ခ) Adjective Clause များဖြင့် အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ။

၁။ ဦးမြ၏သား မောင်ခင်သည် ကျောင်းကိုသွား၏။ ၂။ ကျွန်ုပ်၏အစ်ကို မောင်လှသည် မန္တလေးသို့ သွားလေသည်။ ၃။ နည်းသစ် ကောလိပ်ကျောင်းဆရာ ဦးဒွေးမြင့်သည် ၁၂ လမ်းမှာ နေသည်။ ၄။ ကျွန်ုပ်၏တူမ မရီသည် ရန်ကုန်မှာ ကျွန်ုပ်နှင့်အတူနေသည်။ ၅။ ရွာထဲတွင် အလှဆုံးဖြစ်သော မြင့်မြင့်သည် အလွန်မာနကြီးသည်။ ၆။ ဦးလှ၏ အကြီးဆုံးသောသားဖြစ်သူ မောင်မြစိန်သည် အင်္ဂလန်သို့ သွားလေသည်။ ၇။ ကျွန်ုပ်၏ ပထမဆုံး အင်္ဂလိပ်စာပြဆရာ ဦးကုမာရသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့ ကသဲကုန်းရွာမှာ နေသည်။ ၈။ ကျောင်းအုပ်ကြီး ဦးမောင်မောင် စားပွဲမှာ ထိုင်နေသည်။ ၉။ ရေကူးရွာသူကြီး ဦးတင်သည် ဂတ်ဂျဲမှ ပြန်လာသည်။ ၁၀။ ဤစာအုပ်ထုတ်ဝေသူ ဦးလှအောင်သည် ကျောက်မြောင်းမှာ နေသည်။

လေ့ကျင့်ခန်း (၂)

၁။ ကျောင်းဆရာ ဦးလှသည် မနေ့က ရန်ကုန်ကို သွားခဲ့သည်။
၂။ ကျွန်ုပ်၏တူမ မရီသည် စစ်ကိုင်းသို့ ပြောင်းသွားသည်။
၃။ ဦးမြသား မောင်တင်သည် စာမေးပွဲအောင်ခဲ့သည်။
၄။ ကျွန်ုပ်တို့သည် မြန်မာပြည်၏ မြို့တော်ဖြစ်သော ရန်ကုန်မှာ နေကြသည်။

၅။ ဆရာသည် သူ၏တပည့် မောင်လှနှင့်အတူ ကျောင်းကို သွားလေသည်။
၆။ ရွာသူကြီး ဦးမြသည် နက်ဖြန် မြို့သို့သွားလိမ့်မည်။
၇။ ဒေါ်မြသည် သူ၏ အကြီးဆုံးသော သမီး မြင့်မြင့်နှင့် အတူ ထမင်းချက်နေ၏။
၈။ ကျွန်တော်၏ဦးလေးဦးပုသည် ပြင်ဦးလွင်သို့သွားလိမ့်မည်။
၉။ ပဲခူးသာယာပုံနှိပ်တိုက်မန်နေဂျာ ကိုလှအောင်သည်— မနေ့က ကျွန်ုပ်ထံ လာခဲ့သည်။
၁၀။ နည်းသစ် ကောလိပ်ကျောင်းဆရာ ဦးတင်ဦးသည် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်ခဲ့သည်။

ဝါကျပြောင်းလဲရေးသားနည်း

ဖြစ်သည်ဟု အဓိပ္ပာယ်ရသော (Verb to be) is, are, was စသည်တို့ ပါရှိသည့် ဝါကျ တစ်စုံကို Noun in Apposition ပြောင်းခြင်းဖြင့် Simple Sentence တစ်ခု သို့မဟုတ် who, which ပါသော Complex Sentence တစ်ခု ပြောင်းရေးနိုင်သည်။

1. U Hla came to me yesterday. He is a teacher. (နှစ်ဝါကျ)

   U Hla who is a teacher come to me yesterday.

   U Hla, a teacher, came to me yesterday.

2. Ma Yee, who is my niece lives with me. (Complex)

   Ma Yee, my niece, lives with me. (Simple)

မှတ်ချက်။ ။ အထက်ပါလေ့ကျင့်ခန်းများကို သရုပ်ဖော်နာမ်ရေးခြင်း who is, which is တို့ဖြင့် ဆက်ကြည့်ခြင်းဖြင့် ဝါကျပြောင်းနည်းကို အလွယ်တကူ သိနိုင်ပေသည်။

Agreement of Subject and Predicate
ကတ္တားနှင့်ကြိယာ တူညီမှု

မြန်မာဘာသာ၌ သူတို့ကျောင်းကိုသွားသည်။ စာအုပ် ၅-အုပ် စားပွဲပေါ်မှာရှိသည်ဟု ဗဟုဝုစ် ကတ္တားနှင့် ဧကဝုစ် ကြိယာတွဲ၍ ရေးသားပြောဆိုနိုင်သော်လည်း အင်္ဂလိပ်ဘာသာ၌ ထိုကဲ့သို့ ကတ္တားနှင့် ကြိယာတို့ ကိန်းအားဖြင့် မတူညီဘဲ မရေးရပေ။ ထို့ကြောင့် အောက်ပါ ကတ္တားနှင့် ကြိယာတို့၏ သဘောညီညွတ်မှုကို သေချာစွာ မှတ်သားသင့်ပေသည်။

(၁) နှစ်ပုဒ်၊ နှစ်ပုဒ်ထက်ပိုသော ဧကဝုစ်ကတ္တားများကို and, both and ဖြင့်ဆက်လျှင် ကြိယာသည် ဗဟုဝုစ်ဖြစ်ရမည်။

ပုံစံ

1. The boy and the girl g o to school.
2. Both gold and sliver are precious metals.
3. Fire and water do not agree.
4. My father and mother and sister are at home.
5. Both he and she are my pupils.

(၂) နှစ်ခု၊ နှစ်ခုထက်ပိုသော ဧကဝုစ်ကတ္တားများကို and ဖြင့် ဆက်ထားသော်လည်း လူတစ်ယောက် သို့မဟုတ် အရာဝတ္ထု တစ်ခုတည်းကိုဆိုလျှင် ဧကဝုစ်ကြိယာဖြင့် ရေးရမည်။ ပထမပုဒ်ရှေ့မှာသာ Article ရှိရမည်။
(အာတီကယ် ၂-ခုပါလျှင် ၂-ယောက်ဟုမှတ်)

ပုံစံ

1. The orator and statesman is dead.
စာဟောဆရာလည်းဟုတ် နိုင်ငံရေးသမားလည်းဖြစ်သော လူ**တစ်ယောက်သည်** သေသွားသည်။
2. The secretary and treasurer was present at the meeting.
အတွင်းရေးမှူးလည်းဖြစ် ငွေထိန်းလည်းဖြစ်သော လူတစ်

ယောက်သည် အစည်းအဝေးတွင်ရှိနေသည်။

3. The Prime Minister and Home Minister is making a long speech.
ဝန်ကြီးချုပ်လည်းဖြင် ပြည်ထဲရေးဝန်ကြီးလည်းဖြစ်သော လူတစ်ယောက်သည် မိန့်ခွန်းရှည်ကြီးကို ပြောနေသည်။

(၃) နှစ်ပုဒ်၊ နှစ်ပုဒ်ထက်ပိုသော ကေဝုစ်ကတ္တားများကို and ဖြင့်ဆက်ထားသော်လည်း တစ်ခုတည်းကဲ့သို့ သဘောထားရသောအခါ ကေဝုစ်ကြိယာဖြင့် ရေးရမည်။

ပုံစံ

1. Time and tide waits for no man.
အချိန်နှင့်ဒီရေသည် လူကိုမစောင့်ပါ။
2. The horse and carriage is at the door.
မြင်းနှင့်ယာဉ်သည် တံခါးမှာရှိသည်။
3. Bread and butter is his only food.
ပေါင်မုန့်နှင့် ထောပတ်သာလျှင် သူ၏အစာဖြစ်သည်။
4. Honour and glory is his reward.
ဂုဏ်ပြုခံရခြင်းနှင့် တန်ခိုးကြီးခြင်းသည် သူ၏ဆုလာဘ်ဖြစ်၏။

(၄) Every each ပါသော ကေဝုစ် ကတ္တားနှစ်ခုကို and ဖြင့်ဆက်ထားသော်လည်း ကြိယာသည် ကေဝုစ်ကိန်းသာဖြစ်ရမည်။

ပုံစံ

1. Every boy and girl was given a packet of sweets.
လူကလေးတိုင်းနှင့် မိန်းကလေးတိုင်းကို ချိုချဉ်တစ်ထုပ်စီပေးခဲ့သည်။
2. Each boy and each girl gets 25 Kyat from their parents.

လူကလေးတိုင်းနှင့် မိန်းကလေးတိုင်းသည် ဆရာထံမှ ပိုက်ဆံ နှစ်ဆယ့်ငါးပြားစီ အသီးသီးရကြသည်။

(၅) As well as, with, together with တို့ဖြင့် ကတ္တားပုဒ် တစ်ခုကို ဆက်ထားလျှင် အဆက်ခံရသော ၎င်းပုဒ်များရှေ့ရှိ ကတ္တားပုဒ်နှင့် ကြိယာသည် ကိန်းအားဖြင့် တူညီစေရမည်။ (နောက်ပုဒ်ကိုကြည့်၍ မှားတတ်ကြ၏။)

1. Mg Ba as well as other boys is playing under a tree.
မောင်ဘသည် အခြား လူကလေးများကဲ့သို့ သစ်ပင်တစ်ပင် အောက်မှာ ကစားနေသည်။
2. Ma Khin with her brothers come to Yangon.
မခင်သည် သူ့အကိုများနှင့်အတူ ရန်ကုန်ကိုလာသည်။
3. The boy together with his parents lives at home.
လူကလေးသည် သူ့မိဘများနှင့်အတူ အိမ်မှာနေသည်။

(၆) ဧကဝုစ် ကတ္တား နှစ်ခုကို or, either...or, nor, neither...nor, တို့ဖြင့် ဆက်သောအခါ ကြိယာသည် ဧကဝုစ် ဖြစ်ရမည်။

ပုံစံ

1. The boy or the girl is in the room.
လူကလေး သို့မဟုတ် မိန်းကလေးသည် အခန်းထဲမှာ ရှိသည်။
2. Either the boy or the girl is in the room.
လူကလေး သို့မဟုတ် မိန်းကလေးသည် အခန်းထဲမှာ ရှိသည်။
3. Neither food nor water was to be found there.
အစားအစာနှင့်ရေ နှစ်မျိုးစလုံးကို ဤနေရာမှာ မတွေ့ရပါ။

4. Neither praise nor blame seem to affect him.
ချီးမွမ်းခြင်းနှင့် ကဲ့ရဲ့ခြင်းတို့သည် သူ့အား ထိခိုက်ပုံ မပေါ်ချေ။
5. Either the cat or the dog has been here.
ကြောင် သို့မဟုတ် ခွေးသည် ဤနေရာမှာ ရှိနေပြီ။
6. Our happiness or sorrow is largely due to our own action.
ကျွန်ုပ်တို့ ပျော်ရွှင်မှုနှင့် ကျွန်ုပ်တို့၏ ဝမ်းနည်းမှုသည် ကျွန်ုပ်တို့၏ အပြုအမူပေါ်မှာ အဓိကအားဖြင့် အကြောင်းခံသည်။

(၇) ကေဝုစ်ကတ္တားနှင့် ဗဟုဝုစ်ကတ္တားကို or, either or, neither nor, တို့ဖြင့် ဆက်သောအခါ ဗဟုဝုစ်ကတ္တားကို နောက်ကထား၍ ဗဟုဝုစ်ကြိယာဖြင့် ရေးရမည်။
1. Mg Ba or his brothers have done this.
မောင်ဘ သို့မဟုတ် သူ့အကိုများသည် ဤဟာကို ပြုလုပ်ပြီးကြပြီ။
2. Neither the headmaster nor the Assistantmasters were present here.
ကျောင်းအုပ်ကြီးနှင့် လက်အောက်ဆရာများ မည်သူမှမရှိကြပါ။

(၈) အစုအပေါင်းကိုပြသော Collective noun သမူဟ နာမ်ကတ္တားပုဒ်များသည် ကေဝုစ်နှင့် ဗဟုဝုစ် ကြိယာတစ်ခုခု ရှိနိုင်သည်။ တစ်စုတည်းဟု ရည်ရွယ်လျှင် ကေဝုစ် ကြိယာရှိ၍ အစုတစ်စုထဲတွင် အများပါဝင်နေသည်ကို ရည်ရွယ်လျှင် ဗဟုဝုစ် ကြိယာရှိရမည်။ ၎င်းသမူဟကတ္တားများကို နာမ်စားပုဒ်သုံးသောအခါ ကြိယာကိုကြည့်၍ ကေဝုစ်၊ ဗဟုဝုစ် ဆီလျော်အောင် သုံးရမည်။

ပုံစံ

1. The committee issued its report.

ကော်မတီသည် ၎င်း၏ ပြန်တမ်းကို ထုတ်ဝေခဲ့သည်။

2. The committee have divided on one minor point.
ကော်မတီသည် အသေးအဖွဲ့ကိစ္စလေးဖြင့် နှစ်ခြမ်းကွဲခဲ့သည်။

3. The council has chosen its President.
ကောင်စီသည် ၎င်း၏ ဥက္ကဋ္ဌကို ရွေးချယ်ပြီးပြီ။

4. The fleet has set sail.
သင်္ဘောစုသည် ရွက်လွှင့်သွားလေပြီ။

5. In regard to details the committee were divided.
အသေးစိတ် အချက်အလက်နှင့် ပတ်သက်၍ ကော်မတီကို နှစ်စုခွဲလိုက်သည်။

6. There is a large number of boys in this class.
အတန်းထဲမှာ လူကလေးအများရှိသည်။

7. A number of boys were caught copying.
လူကလေးများသည် စာမေးပွဲ ခိုးဖြေနေသည်ကို ဖမ်းမိသည်။

(၉) Either of, neither of, each of, everyone of, many a တို့ကို ကတ္တားအဖြစ်ထား၍ ရေးရသောအခါ ကြိယာသည် ကေဝုစ်ကိန်းများ ဖြစ်ရမည့် of များနောက်တွင် ဗဟုစ်နာမ်ပုဒ်ရှိ၍ many a နောက်တွင် ကေဝုစ်နာမ် ရှိရမည်။

ပုံစံ

1. He asked me whether either of the applicants was suitable.
လျှောက်လွှာရှင် နှစ်ယောက်အနက် တစ်ယောက်ယောက်ဟာ သင့်သလားလို့ သူက ကျွန်ုပ်ကို မေးခဲ့သည်။

2. Neither of the two men was very strong.
လူနှစ်ယောက်အနက် မည်သူမျှ အလွန်မသန်မာလှချေ။

3. Each of the substances is found in India.
ဤအရာဝတ္ထု အသီးသီးကို အိန္ဒိယပြည်မှာ တွေ့ရှိသည်။
4. Every one of the prisons is full.
အချုပ်ထောင်တိုင်းပြည့်နေပြီ။
5. Every one of the boys loves to ride.
လူကလေးတိုင်း မြင်းစီးဝါသနာပါသည်။
6. Many a man has done so.
လူများသည် ဤကဲ့သို့ လုပ်ပြီးပြီ။
7. Many a man has succumbed to this temptation.
လူများသည် ဤသွေးဆောင်မှုကို ခံလိုက်ရသည်။

(၁၀) နာမ်စား ကတ္တားများကို or သို့မဟုတ် nor ဖြင့် ဆက်ထားလျှင် နောက်နာမ်စား ကတ္တားကိုကြည့်၍ ကြိယာ ရေးရမည်။

ပုံစံ

1. He or I am mistaken.
သူ သို့မဟုတ် ကျွန်ုပ် မှားသည်။
2. You or he is mistaken.
သင် သို့မဟုတ် သူမှားသည်။ +++
3. Neither you nor he is to blame.
သင်ရော သူပါ ဘယ်သူ့မှ အပြစ်တင်စရာ မရှိပါ။
4. Neither my friend nor I am to blame.
ကျွန်ုပ်မိတ်ဆွေနှင့် ကျွန်တော်ပါ အပြစ်တင်စရာ မရှိပါ။

အထက်ပါ ဝါကျများကို အောက်ပါအတိုင်း ပြင်၍ရေးလျှင် ပို၍ကောင်းသည်။

ပုံစံ

1. He is mistaken, or else I am.

သူမှားသည် ဒါမှမဟုတ် ကျွန်တော်မှားသည်။

2. You are mistaken, or else he is.
   သင် မှားသည် သို့မဟုတ် သူမှားသည်။
3. He is not to blame, nor are you.
   သူ့ကိုလည်း အပြစ်တင်စရာမရှိ၊ သင့်ကိုလည်း အပြစ်တင်စရာ မရှိပါ။
4. My friend is not to blame, nor am I.
   ကျွန်ုပ်မိတ်ဆွေလည်း အပြစ်တင်စရာမလို။ ကျွန်ုပ်ကိုလည်း အပြစ်တင်စရာ မရှိပါ။

(၁၁) အချို့ နာမ်ပုဒ်များသည် ဗဟုဝုစ်ကိန်းဟု ထင်ရသော်လည်း ကေဝုစ်ကြိယာဖြင့် ရေးရမည်။

ပုံစံ

1. The news is true.
   ထိုသတင်းစကားသည် မှန်ကန်၏။
2. Politics was with him the business of his life.
   နိုင်ငံရေးသည် သူ့ဘဝတစ်လေယာက်မှာ သူ့လုပ်ငန်းဖြစ်သည်။
3. The wages of sin is death.
   အကုသိုလ်၏ အကျိုးတရားသည် သေခြင်းပင် ဖြစ်သည်။
4. Mathematics is branch of study in every school.
   ဂဏန်းသင်္ချာသည် ကျောင်းမှာ သင်ရသော ဘာသာတစ်ခု ဖြစ်၏။
5. Economics is a useful subject in the University.
   ဘောဂဗေဒ ပညာသည် တက္ကသိုလ်တွင် **အသုံးဝင်သော** ဘာသာတစ်ရပ် ဖြစ်သည်။

(၁၂) ကတ္တားပုဒ်၏ နောက်တွင်-
(က) ဝိဘတ်စကားပတ္တဲများ။
(ခ) Noun in apposition ခေါ် သရုပ်ဖော်နာမ်များ။
(ဂ) Participle Phrase များ။
(ဃ) Adjective Clause များ။
ပါရှိသောအခါ ကတ္တားပုဒ်သည် ကြိယာနှင့် အနည်းငယ် ကွာလှမ်းနေသဖြင့် ကတ္တားနှင့်ကြိယာတို့ သဘောတူညီစေရန် အထူးသတိပြု ရေးရမည်။

ပုံစံ

1. A boy among the trees is my brother.
သစ်ပင်များကြားက လူကလေးသည် ကျွန်ုပ်၏အကို ဖြစ်သည်။
2. A book on the desk is Mg Khin's.
စားပွဲစောင်းပေါ်က စာအုပ်သည် မောင်ခင်၏ စာအုပ် ဖြစ်သည်။
3. U Mya, the father of three sons, goes to Shwedagon.
သားသုံးယောက် အဖေဖြစ်သော ဦးမြသည် ရွှေတိဂုံဘုရားသို့ သွား၏။
4. The boy writting his lessons was sleepy.
သင်ခန်းစာများကို ရေးနေသောသူကလေးသည် အိပ်ငိုက်သည်။
5. The girl having cooked the curries goes to the lake to wash the clothes.
ဟင်းများကို ချက်ပြီးသော မိန်းကလေးသည် အဝတ်ဖွပ်ရန် ရေကန်သို့ သွားသည်။
6. The book written by you is very useful to me.

သင်ရေးနေသော စာအုပ်သည် ကျွန်ုပ်အတွက် အလွန် အသုံးကျ၏။

7. The book which I give you is very easy to read.
ကျွန်ုပ် သင့်ကိုပေးသော စာအုပ်သည် ဖတ်ရလွယ်၏။
8. The boy who is eating the cake is my brother.
မုန့်စားနေသော လူကလေးသည် ကျွန်ုပ်၏ညီဖြစ်သည်။
9. The girls whom we saw in the room are my sisters.
ကျွန်ုပ်တို့ အခန်းထဲမှာ မြင်ခဲ့သော မိန်းကလေးများသည် ကျွန်ုပ်၏ နှမများဖြစ်ကြသည်။

(၁၃) ဗဟုဝုစ်နာမ်များသည် အရာဝတ္ထုတစ်ခု နာမည်ဖြစ်သောအခါ ဧကဝုစ်ကြိယာဖြင့် ရေးရမည်။

ပုံစံ

1. "The Arabian Nights" is still a great favourite.
အာရေဗီယန်းနိုက်(တ်)ခေါ် ပုံပြင်များသည် လူကြိုက်များလျက်ပင် ရှိသေးသည်။
2. The United States has a big navy.
အမေရိကန်ပြည်တွင် ကြီးမားသော ရေတပ်တစ်ခုရှိသည်။
3. "Plutarch's lives" is an interesting book.
ပလူတာ့ချ်၏ ဘဝအထွေထွေခေါ် စာအုပ်သည် စိတ်ဝင်စားဖွယ်ကောင်းသော စာအုပ်တစ်အုပ် ဖြစ်သည်။
4. "Gulliver's Travels" was written by Swift.
ဂတ်လစ်ဗား၏ ခရီးစဉ်ခေါ် စာအုပ်ကို ဆွစ်ဖ်တ် ဆိုသူက ရေးသားခဲ့လေသည်။

(၁၄) ဗဟုဝုစ်နာမ်ပုဒ်တစ်ခုသည် တစ်ခုတည်းဟု အဓိပ္ပာယ် ရရှိသောအခါ ဧကဝုစ်ကြိယာဖြင့် ရေးရမည်။

ပုံစံ

1. Sixteen anas is equal to one rupee.
၁၆–ပဲသည် တစ်ကျပ်နှင့် ညီမျှသည်။
2. Six miles is a long distance to walk.
၆–မိုင်ခရီးသည် ကုန်းကြောင်းလျှောက်ရန် အလွန်ဝေးသော ခရီးတစ်ခုဖြစ်သည်။
3. Difty thousand rupees is a large sum.
ငွေငါးသောင်းသည် အတော်များသောငွေဖြစ်သည်။
4. There parts of the business is left for me to do.
အလုပ်၏ သုံးပုံတစ်ပုံကို ကျွန်ုပ်အတွက် ပြုလုပ်ရန်ထားခဲ့သည်။
5. Fifty dollars is too much too pay for a radio.
ရေဒီယိုတစ်လုံးအတွက် ဒေါ်လာ ၅၀–ပေးရလျှင် ဈေးကြီးအားကြီးသည်။

(၁၉) None ဆိုသော ကတ္တားကို ၎င်း၏ အဓိပ္ပာယ်ကိုကြည့်၍ ကေဝုစ် ဗဟုဝုစ် ထိုက်သင့်သလို ရှိနိုင်သည်။

ပုံစံ

1. Did you buy any mangoes? There were none in the market.
သင်သည် သရက်သီးဝယ်ခဲ့သလား၊ ဈေးထဲမှာတစ်လုံးမှမရှိပါ။
2. Have you brought me a letter? There was none for you.
သင်သည် ကျွန်ုပ်ထံ စာတစ်စောင်ယူခဲ့သလား၊ သင့်အတွက် တစ်စောင်မှ မပါပါ။

None ဆိုသော ပုဒ်ကို ကေဝုစ် ဗဟုဝုစ် မထင်ရှားဘဲ သာမည အားဖြင့် သုံးသောအခါ ဗဟုဝုစ်ကြိယာဖြင့် ရေးရမည်။

ပုံစံ

1. None of these words are now current.
ဤပုဒ်များအနက် မည်သည့်ပုဒ်မှ ယခု အသုံးမရှိတော့ပေ။
2. None of his poems are well known.
သူ၏ ကဗျာများအနက် မည်သည့်ကဗျာမှ မကျော်ကြားပေ။
3. None but fools have believed it.
လူမိုက်များမှတပါး ထိုအရာဝတ္ထုကို မည်သူမျှ မျှမယုံကြည်။

အောက်ပါဝါကျများကို အဘယ်ကြောင့်မှားသည်ဟု အကြောင်းပြ၍ အမှန်ပြင်ဆင်ပေးပါ။

1. Neither of them have returned.
2. He with his father were among the first to arrive.
3. He asked whether either of the ladies were at home.
4. Their l;ives, their liberties, and their religion is in danger.
5. Mr. Smith. with his wife and children live next door.
6. The fleet are under orders to sail.
7. On this question there is likely to be acute difference among the various political parties.
8. Nothing but grave and serious studies delight him.
9. Neither he nor I are in the wrong.
10. Neither of us were present.
11. Humanity, as well as expedience demand it.
12. The king with his army were encamped on the river bank.

13. Neither he nor his brother were trained for the medical profession.
14. No sound but their own voice were heard.
15. Later in the day a large snake of pathans were seen to be advancing upon the cliffs.
16. Profussion as well as parsimony are to be avoided.
17. The safe of his affairs were such as to make him creditors uneasy.
18. Neither of them were invited to the party.
19. The poet and write were dead.
20. Neither of the Interpretations are correct.

အောက်ပါ ဝါကျများတွင် ကွက်လပ်များနှင့် ဆီလျော်သည့် ကြိယာများဖြင့် ဖြည့်ပေးပါ။

1. Two and two ... four/
2. Death or dis grace ... before him.
3. Neither his father nor his mother ... alive.
4. The difficulty of obtaining pure milk and ghee ... great.
5. Iron as well as gold .... found in India.
6. The meeting .. chosen a president.
7. Bread and butter.......wholesome food.
8. The public .... requested not to walk on the grass.
9. The notorious dacoit with his followers ..... escaped.

10. Forty yards ..... a good distance.
11. The great poet and novelist ...... dead.
12. Not one of you .... done his work properly.
13. Each of the boys ... rewarded.
14. The accountant and the cashier .... absconded.
15. The chief with his flollowers .... present there.
16. A good man and useful citizen ...... passed away.
17. Kindness as well as justice .... to be our guide.
18. Fifty rupees .... too much for this article.
19. One or the other of those fellows .... stolen the watch.
20. Each of the suspected men ... arrested.
21. Not one of these five boys .... present then.
22. Neither of the girls .... quiet at the ease.
23. The cow as well as the horse .... grass.
24. The jury .... divided in the opinions.
25. Five rupees ..... an excessive price for this penknife.
26. Rama, as well as his brother .... come.

27. Neither pleasure nor profit .... to be derived from such a book.
28. The cost of all these articles ..... risen.
29. The horse and trap .... been waiting a long time.
30. Every leaf and every flowers ..... stripped of the tree.

* * *

THE UNIVERSITY SECTION

တက္ကသိုလ်ကဏ္ဍ

တက္ကသိုလ်ကဏ္ဍတွင် အခြေခံသဒ္ဒါကို တတ်မြောက်ပြီးသူ အထက်တန်းကျောင်းသားများနှင့် အင်္ဂလိပ်စာကို ပိုင်နိုင်စွာ ခြေခြေမြစ်မြစ် သိလိုသူများအတွက် High School Grammar, Nesfield Grammar စသည့် ရှေးဟောင်း သဒ္ဒါကျမ်းများတွင် လုံးဝ ဖော်ပြထားခြင်း မရှိသေးသော နောက်ဆုံးပေါ် ခေတ်မီ အင်္ဂလိပ်စာပေ အရေးအသားများကို ဖော်ပြပါမည်။ အထူးသဖြင့် ရန်ကုန်တက္ကသိုလ် ကျောင်းသုံးဖြစ်ခဲ့သော Living English Structure, Practical English Usage. နှင့် ခေတ်မီသဒ္ဒါကျမ်းများဖြစ်သော Improve Your English, Craded Exercises in English ကျမ်းများ၏ အဆိုများကို ကျောင်းသားဟိုင်း နားလည်အောင် မြန်မာသဒ္ဒါ, ပါဠိသဒ္ဒါ အဆိုများနှင့် ညှိနှိုင်း၍ ဖော်ပြထားပါသည်။ အထက်တန်းကျောင်းသားများအတွက်ဖြစ်၍ လေ့ကျင့်ခန်းကို နဲနိုင်သမျှ နဲအောင် စီစဉ်၍ အဓိပ္ပာယ်ကိုသာ အကျယ်ရှင်းလင်း ရေးသားထားပါသည်။ နောက်ဆုံး နည်းသစ်များဖြစ်၍ အဓိပ္ပာယ်မရှင်းလင်း၍ စာရေးဆွေးနွေးမေးမြန်းပါက ပြန်ကြား ရှင်းလင်းရန်

အသင့်ရှိကြောင်း သိစေအပ်ပါသည်။

CONDITIONAL AND UNREAL PAST

ဤအခန်းတွင် ရေးမည့် Conditional Construction ခေါ် if ဖြင့် ရေးသွားသော ဝါကျများကို သေချာစွာ လေ့လာပါ။ ကျွန်ုပ်တို့ကိုယ်ကိုင် B.A. အောက်တန်း အောင်သည်အထိ အကြိမ်ပေါင်းများစွာ မှားယွင်းရေးသားခဲ့၏။ ယနေ့အထိ ဒီဂရီ ရပြီးသူ အတော်များများနှင့် ဆွေးနွေးကြည့်ရာ ပိုင်ပိုင်နိုင်နိုင် မှန်မှန်ကန်ကန် နားလည်သူတစ်ယောက်မှ မတွေ့ဘူးသေး။ မြန်မာပြည်တွင် မည်သည့်စာအုပ်တွင်မှလည်း မရေးသေး။ မည်သည့် ဆရာမှလည်း ပိုင်နိုင်စွာ သင်ပြထားသည်ကို မတွေ့ရသေး။ High School Grammar, Nesfield Grammar စသည့် ရှေးဟောင်းကျမ်းများ တွင်လည်း လုံးဝမပါသောကြောင့် နားလည်သူ မရှိသလောက်ဖြစ်နေ၏။ သာမန်ကျောင်းသားများကိုပင် မဆိုထားဘိ တက္ကသိုလ်ကျောင်းသားကြီးများထဲမှာပင် နားလည်သူ မရှိသလောက် ရှားပါးကြောင်းကို ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာကထိက D.Y. Morgan က သူ၏ ရေဒီယို အင်္ဂလိပ်စာသင်တန်းတွင် အောက်ပါအတိုင်း သတိပေးထား၏။

I have been doing a lot of marking recently and I have come across very many mistakes in conditional constructions. In fact when I saw sentence with an "if" in it, I found my pen automatically reaching for the red ink.

(ကျွန်ုပ်သည် မကြာမီက စာမေးပွဲဖြေလွှာများကို စစ်ဆေးခဲ့ဖူးပါသည်။ Conditional ဝါကျနှင့်ပတ်သက်၍ အမှားများစွာကို တွေ့ခဲ့ရပါသည်။ အမှန်အတိုင်းပြောရလျှင် if ပါသော ဝါကျကို တွေ့တိုင်း မှင်နီဖြင့် ပြင်လိုက်, ဖျက်လိုက်ရပါသည်။)

ထိုမှျခက်ခဲ၍ နားလည်သူ နည်းပါးသော ဝါကျတည်ဆောက်နည်းကို Living English Structure, Graded Exencises

in English, Brighter Grammar နှင့် ပါဠိသဒ္ဒါ ကြိယာ တိပ္ပနှ ကာလာတိပ္ပတ္တိ အခန်းများကို ညှိနှိုင်း၍ ရှင်းလင်းစွာ ဖော်ပြ ရေးသားပါမည်။

အဓိပ္ပာယ်ကို မစဉ်းစားမီ if ဖြင့် ဝါကျပုံစံသုံးမျိုး ရေးသားနည်း မှတ်သားပါ။

Type 1. Main Clause-Future, if.....persent
Type 2. Main Clause-Conditional, if.....past.
Type 3. Main Clause-Conditional perfect,
if.....past perfect.

1. I shall buy a car next year if I have enough money.
2. I should buy a car now if I had enough money.
3. I should have bought a car last year if I had had enough money.

မှတ်ချက်။ ။ အထက်ပါ ဝါကျများတွင် if Clause ကို ရှေ့၊ Main Clause ကို နောက်ထား၍လည်း ရေးနိုင်ပါသည်။

(1) နံပါတ် (၁) ဝါကျဖြင့် အကယ်၍ ကျွန်ုပ်မှာ ငွေအလုံအလောက် ရှိလျှင် ကျွန်ုပ်သည် နောက်နှစ်မှာ ကားတစ်စီးဝယ်မည်ဟု အနာဂတ်တွင် ဖြစ်နိုင်သည့် အကြောင်းအရာကို ကြိုတင် စိတ်ကူးကြည့်ခြင်းဖြစ်၏။ သတ်မှတ်ထားသည့် အနာဂတ်ကာလ တွင် အမှန်တကယ် အကြောင်းအကျိုး ပြည့်စုံညီညွတ်လိမ့် မည်ဟု တကယ်ထင်မြင်ယူဆလျှင် ပထမဝါကျအမျိုးအစား ဖြင့် ရေးသားပြောဆိုရ၏။ အနာဂတ် ကာလဖြစ်၏။

ထိုဝါကျမျိုးကို Brighter Grammar က Open Condition ခေါ်၏။ (အဓိပ္ပာယ်-သိပ်မပေါ်လှ) Robert

J. Dixson က Future-Possible Condition ဟုခေါ်၏။ (အနာဂတ်တွင် တကယ်ဖြစ်နိုင်သည့် အကျိုးအကြောင်းဝါကျ)ဟု အဓိပ္ပာယ်ရ၍ ဝါကျ၏ ဆိုလိုရင်း အဓိပ္ပာယ်ပေါ်သောကြောင့် ၎င်းအခေါ်ကို နည်းသစ်သဒ္ဒါက ပိုသဘောကျ၏။

(2) ဒုတိယဝါကျဖြင့် အကယ်၍ ယခုလောလောဆယ်မှာ ကျွန်ုပ်မှာ ငွေအလုံအလောက် ရှိရမည်ဆိုလျှင် ကျွန်ုပ်သည် ကားတစ်စီးကို ဝယ်ယူမည်ဟု ယခုလောလောဆယ်၌ တကယ်မဖြစ်နိုင်သေးသည့် အကြောင်းအရာကို (မိုးမပြိုဘူး-ပြိုခဲ့သော် ဆိုကသဲ့သို့) စိတ်ကူးယဉ် သက်သက် ပြောဆိုခြင်း ဖြစ်၍ ထိုဒုတိယ ဝါကျမျိုး၏ နောက်ကွယ်တွင် ၎င်းနှင့် ဆန့်ကျင်ဘက်ဝါကျတစ်ခု အမြဲရှိနေသည်။

ဥပမာ

I should buy a car if I had enough money (But) I have not enough money now and I can not buy a car.

ဒုတိယ ဝါကျမျိုးတွင် if I had ဟု အတိတ်ကြိယာ had ကို သုံးထားသော်လည်း တကယ် အတိတ်ကြိယာအစစ်မဟုတ်၊ အဓိပ္ပာယ် အားဖြင့် ပစ္စုပ္ပန်အဓိပ္ပာယ်ပင် ဖြစ်၏။ ထို့ကြောင့် if နောက်ရှိ အတိတ်ကြိယာများကို Unreal Past = စိတ်ကူးယဉ်အတိတ် (ဝါ) အတိတ်တုဟု ခေါ်လေသည်။ ထို့ကြောင့်ပင် အထက်ပါ လက်သဲကွင်းအတွင်း ဆန့်ကျင်ဘက် အဓိပ္ပာယ်ကို ပေးရာ၌ I have, I cannot ဟု ပစ္စုပ္ပန်ဖြင့် ပေးရလေသည်။

ထိုသို့ ဆန့်ကျင်ဘက်အဓိပ္ပာယ်ပေးရသည့်ဝါကျကို Brighter Grammar က Implied Negative ဟု ခေါ်၏။ အလွန်ဆီလျော်သော နာမည်ဖြစ်၏။ သက်ရောက်လာသော ဆန့်ကျင်ဘက်အဓိပ္ပာယ်ပြဝါကျဟု ဆိုလိုသည်။ ဝါကျက ဆိုထားသည်က တစ်မျိုး တကယ် ဆိုလိုသည်က တစ်မျိုးဟု ဆိုထားချက်နှင့် ဆိုလိုချက်

မတူသည်ကို သတိပြုသင့်၏။ ဥပမာ ငွေရှိလျှင် ကားဝယ်မည်ဟု ဆိုထား၏။ ရေးသားချက်၏ အဓိပ္ပာယ်က အခု ငွေမရှိလို့ ကား မဝယ်နိုင်သေးဟု ဆိုလို၏။

ဤဒုတိယ ဝါကျမျိုးကို D.Y. Morgan

Eckersley နှင့် Macaulay တို့က Present Conditional ပစ္စုပ္ပန်အကြောင်းကျိုးဝါကျဟုခေါ်၏။ Robert J. Dixson က Present Unreal Condition ယခု တကယ်မဟုတ်သည့် အကြောင်းအကျိုးပြ ဝါကျဟုခေါ်၏။ ဆိုလိုရင်း အဓိပ္ပာယ်ရ၍ ပေါ်လွင်သောကြောင့် နည်းသစ်သဒ္ဒါက ဤနောက်အမည်ကို ပို၍ ကြိုက်၏။

လုံးဝ မဖြစ်နိုင်သည့် အကြောင်းအရာကို လေထဲ တိုက်အိမ် ဆောက်သကဲ့သို့ စိတ်ကူးယဉ်ပြောဆိုလိုသောအခါ၌လည်း ဒုတိယ ဝါကျပုံစံကိုသာ သုံးရ၏။

ဥပမာ

If I were a bird I shoold fly to my lover. အကယ်၍ကျွန်ုပ်သာ ငှက်တစ်ကောင်ဖြစ်လျှင် ကျွန်ုပ်သည် ချစ်သူထံသို့ ပျံသွားမည်။ ဤဝါကျ၏ Imlied Negative ဆန့်ကျင်ဘက် အဓိပ္ပာယ်မှာ But I am not a bird I do not fly to my lover. ဟူ၍ဖြစ်၏။ ဤကဲ့သို့ လုံးဝ မဖြစ်နိုင်သည်ကို စိတ်ကူး ပြောဆိုသည့် Unreal Past အတိတ်တုများတွင် I were, he were, she were, it were ဟု ဗဟုဝုစ်နှင့် ရှိရ၏။ I was, he was, she was, it was ဟု မရှိရ။

Note that the "Unreal past" form of the verb "to be" is "were" and not "was" in standard English.

Improve You English.

(3) တတိယဝါကျဖြင့် အကယ်၍ မနေ့က ကျွန်ုပ်မှာ ငွေအလုံ

အလောက် ရှိခဲ့လျှင် ကျွန်ုပ်သည် ကားတစ်စီးကို ဝယ်ခဲ့ပြီး ဖြစ်မည်ဟု လွန်ခဲ့သော အတိတ်က အကြောင်းမပြည့်စုံ၍ အကျိုးမဖြစ်ခဲ့သည်ကို ပြန်လည် စိတ်ကူးပြောဆိုခြင်း ဖြစ်၏။ ဤတတိယဝါကျ မျိုး၏ နောက်ကွယ်မှာလည်း Implied Negative အဓိပ္ပာယ်ရောက် ဆန့်ကျင်ဝါကျတစ်ခု အမြဲရှိနေ၏။

ဥပမာ

I should have bought a car if I had had enough money. (But I did not buy a car for I had not enough money last year)

Implied Negative အတိတ်ကြိယာဖြင့် ရေးထားသည်ကို သတိပြုပါ။ ဤတတိယ ဝါကျမျိုးကို D.Y. Morgan, Eckersley နှင့် Macaulay တို့က Past Conditional ဟုခေါ်၏။ Robert. J. Dixson က Past Unreal Condition အတိတ်တွင် တကယ်မဟုတ်သော ကြောင်းကျိုးဝါကျဟု ခေါ်၏။ နည်းသစ်သဒ္ဒါက ဤနောက်အမည်ကို ပို၍ကြိုက်၏။ ပါဠိသဒ္ဒါကျမ်းများက ဤဝါကျများကို ကာလတိပတ္တိကြိယာဟု ခေါ်၏။ အကြောင်းမညီညွတ်၍ အကျိုးမဖြစ်ထွန်းဘဲ လွန်လာသော ကြိယာဟု ဆိုလို၏။ နောင်မှ တ,ရသည့် နောင်တများကို ဤတတိယဝါကျပုံစံမျိုးဖြင့် ရေးသားရ၏။

အချုပ်အားဖြင့်

1. Future Possible Condition အနာဂတ်တွင် အကြောင်းညီညွတ်၍ အကျိုးဖြစ်ထွန်းမည်ဟု မျှော်လင့်လျှင် Main Clause future, if ..... present ဖြင့် ရေးရမည်။

   She will come to me tomorrow if I call her. အကယ်၍ ကျွန်ုပ်ခေါ်လိုက်လျှင် သူမသည် ကျွန်ုပ်ထံ နက်ဖြန်ခါ လာလိမ့်မည်။

2. Present Unreal Condition ယခု လောလောဆယ် အကြောင်း မညီညွတ်၍ အကျိုးမဖြစ်ထွန်းသည်ကို အကယ်၍များ အကြောင်းညီညွတ်ခဲ့လျှင်ဟု စိတ်ကူးယဉ်ကြည့်လိုသော အခါ Main Clause .....should, would, if.....past ဖြင့် ရေးရမည်။

She would come to me now if I called her (But she does not come to me now for I do not call her. Implied Negative.)

3. Past Unreal Condition အတိတ်က အကြောင်းမညီညွတ်၍ အကျိုးမဖြစ်ထွန်းဘဲ လွန်ခဲ့ပြီးသည်ကို ဖော်ပြလိုသော အခါ။

Main Clause should have + တတိယကြိယာ (would have + တတိယကြိယာ), if...had + တတိယကြိယာဖြင့် ရေးရ၏။

She would have come to me yesterday if I had called her. (But she did not come to me yesterday for I did not call her.

အခြားနမူနာများ

(a) He will come if you wait.
(b) He would come if you waited.
(c) He would have come if you had waited.
(a) If you ring the bell, the servant will come.
(b) If you rang the bell, the servant would come.

(c) If you had rung the bell, the servant would have come.

(a) If you take a taxi, you will catch the train.

(b) If you took a taxi, you would catch the train. (But you do not catch the train. now for you do not take a taxi)

(c) If you had taken a taxi, you would have caught the train. (But you did not catch the train for you did not take a taxi.)

မှတ်ချက်။ ။ Implied Negative ပြလုပ်ရာ၌ ဒုတိယ ဝါကျမျိုးကို ပစ္စုပ္ပန်ကြိယာဖြင့် ပြုလုပ်၍ တတိယဝါကျကို အတိတ်ကြိယာဖြင့် ပြုလုပ်ရကြောင်းနှင့် if clause ကို for clause သို့ပြောင်း၍ လုပ်ရကြောင်း မှတ်သားထားပါလေ။

အောက်ပါ ဝါကျများကို Conditional ပုံစံ သုံးမျိုးဖြင့် ရေးပြ၍ ဒုတိယနှင့် တတိယဝါကျများတွင် Implied Negative ကို ရေးပြပါ။

1. If John (study) hard, he certainly (succeed).
2. If I (have) money, I (buy) the suit.
3. If Mary (study) her lessons well, she surely (pass).
4. If Mr. Smith (call) me on the telephone. I (speak) to him.
5. If I (have) enough money. I (go) to the town.

6. If I (see) her, I (give) her your message.
7. If I (find) the book, I (give) it to you.
8. If you (turn) out the lights, we (be) in the dark.
9. If you (save) your money, you (be) able to go a vacation.

လေ့ကျင့်ခန်း (၂)

အောက်ပါ ဝါကျများတွင် မှန်ကန်သော ကြိယာပုံစံ ဖြည့်စွက်ပေးပါ။ Implied Negative ရှိလျှင်လည်း ရေးပြပါ။

1. If I were you, I ..... (tell) him the truth.
2. If I have been in your place, I ..... (say) this.
3. I should not have gone if I ..... (know) it was going to rain.
4. If you had called me, I ..... (be) glad to meet you.
5. If it rains next Sunday, I ..... (stay) at home.
6. I will call you next week if I ..... (wannt) a lesson.
7. I .... (like) to study Spanish, but I don't have the time.
8. I will go to the sea shore next Sunday if the weather ..... (be) nice.
9. If he had told me the truth, I ..... not ..... (punish) him.
10. If I had been driving fast it ..... (be) a more

serious accident.

11. If I had worn my overcoat. I ..... not (catch) cold.
12. I would not have gone if, I ..... (know) it would cost so much.
13. If I were you, I ..... not (work) so hard I ..... (be) more careful of my health.
14. If the weather is nice next Sunday. I ..... (play) tennis.
15. If I had gone out in the rain, I ..... (catch) cold.
16. I would have visited you if I ..... (know) you were liiving in New York.

Can နှင့် Could

Type 2-should, would နေရာတွင် could ဖြင့် ရံခါ အဓိပ္ပာယ်ကို ကြည့်၍ ရေးနိုင်၏။ Type 1-shall, will နေရာတွင် can ဖြင့် ရေးနိုင်၏။

ပုံစံ

If I found some warm material, I could make Ma Yee an overcoat.

If I find some warm material I can make Ma Yee an overcoat.

အကယ်၍ အနွေးထည်ပိတ်စ ရမည်ဆိုလျှင် ကျွန်ုပ်သည် မရီကို အပေါ်အင်္ကျီတစ်ထည် ချုပ်ပေးမည်။

ဝါကျပုံစံအထူး

အကယ်၍ အကြောင်းနှင့်အကျိုး ဆက်စပ်ပုံသက်သက်ကို ဖော်ပြလိုလျှင် အထက်ပါပုံစံသုံးမျိုးမှတပါး ပစ္စုပ္ပန်ကြိယာနှစ်လုံး၊

အတိတ်ကြိယာနှစ်လုံးဖြင့်လည်း ရေးနိုင်၏။ Logic = တက္ကဗေဒနှင့် Philosophy = ဒဿနိကဗေဒတွင် အသုံးများ၏။

1. Oil floats if you pour it on water.
   ဆီကို ရေပေါ်သွန်ချလျှင် ရေပေါ်တွင် ပေါ်နေသည်။
2. You were a fool if you went out without a hat on.
   ဦးထုပ်မပါဘဲ ထွက်သောကြောင့် သင် လူမိုက်ဖြစ်ခဲ့သည်။

If နှင့် Shall, Will

If နောက်တွင် Shall, will, should, would မရှိရ။ ပစ္စုပ္ပန်ကြိယာကပင် အနာဂတ်အဓိပ္ပာယ်ကို ဖော်ပြနိုင်၏။ သို့ရာတွင် will, would သည် အနာဂတ်အဓိပ္ပာယ် မဟုတ်ဘဲ အလိုဆန္ဒရှိသည်ဟု ဆိုလိုသောအခါ အခြားလူတစ်ယောက်၏ သဘောတူညီမှုကို ယဉ်ကျေးစွာ တောင်းခံသည့် နေရာမျိုး၌ if နောက်တွင် will, would ရှိနိုင်၏။ ပုံစံကို အကိုးဝါကျတွင် ကြည့်ပါ။

Like clauses beginning with "when" "as soon as" etc, "if" clauses also have no "shall" "will" "should" would in them.

In polite form where the consent of another person is sought, "will" and "would" are found after "if'

Example: If you will wait a moment I will fetch a chair.
I should be very grateful if you would do that for me.

Living English Structure.

Conditional Conjunctions

အထက်တွင် Conditional ဝါကျများကို if တစ်လုံးတည်းဖြင့် ပြခဲ့၏။ unless, provided, providing, suppose, supposing, as if only တို့ဖြင့်လည်း ရေးသားနိုင်သည်ဟု မှတ်သားထားရမည်။

Unless you try you will fail in the exam.
Unless you tried you would fail in the exam.
Unless you had tried, you would have failed in the exam.
အကယ်၍ သင်မကြိုးစားလျှင် စာမေးပွဲကျမည်။

Suppose (supposing) you passed the exam what would you do? (ဒုတိယပုံစံ) present unreal condition တွင် အရေးများ၏။ သင် စာမေးပွဲအောင်ပြီဆိုပါတော့ (အောင်တယ်ထားပါတော့) သင် ဘာကိုလုပ်မလဲ။

Old Conditional

If, စသည့် သမ္ဗန္ဓ တစ်စုံတစ်ရာမပါဘဲ were, had, should တို့ကို ကတ္တားရှေ့တွင် မေးခွန်းပုံစံအတိုင်းထား၍လည်း Conditional ဝါကျရေးနိုင်၏။ ယခုခေတ်သုံး အင်္ဂလိပ်တွင် ရေးလေ့ပြောလေ့ မရှိတော့ပေ။ Old English ဖြစ်၍ အဓိပ္ပာယ် သိထားရန်သာ လို၏။

1. Were he here he would come to me.
   အကယ်၍ သူဒီမှာရှိလျှင် သူ ကျွန်ုပ်ထံ လာလိမ့်မည်။
2. Were she in Yangon, I should go to her.
   အကယ်၍ သူမ ရန်ကုန်မှာရှိလျှင် ကျွန်ုပ် သူမဆီသွားမည်။
3. Had I seen him, I would have told him.
   အကယ်၍ ကျွန်ုပ် သူ့ကိုတွေ့ခဲ့လျှင် ကျွန်ုပ် သူ့ကိုပြော

လိုက်ပြီး ဖြစ်မည်။

4. Should you need a help, I would help you.
အကယ်၍ သင် အကူအညီလိုလျှင် ကျွန်ုပ် သင့်ကိုကူညီမည်။

Temporal Conjunctions
အချိန်ပြသမ္ဗန္ဓနှင့် အနာဂတ်ကြိယာ

When, until, till, as soon as, before after ဤ အချိန်ပြ သမ္ဗန္ဓများကို Temporal Conjunction ဟု ခေါ်သည်။

၎င်း Temporal Conjunction များ နောက်တွင် မည်သည့်အခါမျှ အနာဂတ်ကြိယာ shall, will, should, would တို့ဖြင့် မရေးရ။

၎င်း Temporal Conjunction များနောက်ရှိ ပစ္စုပ္ပန်ကြိယာသည် အနာဂတ်အဓိပ္ပာယ်ကိုလည်း ဖော်ပြနိုင်သည်။

(အနာဂတ်ကြိယာဖြင့် ရေးရမည့် နေရာတွင် ပစ္စုပ္ပန်ကြိယာဖြင့် ရေးရမည်။)

ပုံစံ

1. We shall go as soon as you are ready.
သင်တို့ အသင့်ဖြစ်လျှင်ဖြစ်ချင်း ကျွန်ုပ်တို့သွားကြမည်။
သင်တို့ အသင့်ဖြစ်မည့်အချိန်တွင် ကျွန်ုပ်တို့ သွားကြမည်။

2. He will tell you about me w hen you get home.
သင်တို့သည် အိမ်ရောက်သောအခါ သူသည် ကျွန်ုပ် အကြောင်းကို ပြောလိမ့်မည်။

3. Until Mg Ba arrives we shall stay here.
မောင်ဘ ရောက်လာသည့်တိုင်အောင် ကျွန်တော်တို့ ဒီနေရာက စောင့်မည်။

4. Before the rain stops we shall go out.
မိုးမစဲမီ ကျွန်ုပ်တို့ ထွက်သွားကြမည်။
5. I shall sleep after I have done my home work.
ကျွန်တော်သည် ကျွန်ုပ်၏ အိမ်စာများကို ပြုလုပ်ပြီးမှ အိပ်မည်။
6. We must eat the rice before we go to the bazaar.
ကျွန်တော်တို့ ဈေးကိုမသွားမီ ထမင်းစားကြမည်။
7. Please wait here till he comes back.
သူပြန်လာသည့်တိုင်အောင် ဒီနေရာကစောင့်ပါ။
8. We shall go back home as soon as our class is over.
ကျွန်ုပ်တို့ ကျောင်းဆင်းလျှင် ဆင်းချင်း အိမ်ပြန်လာကြမည်။

ကျမ်းအကိုးအကား

No Future after temporal conjunction although the main clause is future, the persence of **when, until, as soon as, before, after, etc.,** is sufficient to indicate futurity and such clause remain in the present tense.

(Living English Structure)

Do not use the future tense after when before, as soon as, until, while, unless, if and similar words used to introduce dependent adverbial clauses. Here again you should use the present tense to show future time.

(Graded Exercises in English.)

အောက်ပါ ဝါကျများတွင် လက်သဲကွင်းအတွင်း ပြထားသော ကြိယာများကို ကာလမှန်ကန်စွာ ပြင်ပေးပါ။

1. We shall go as soon as you (be) ready.
2. He will tell you when you (get) home.
3. We will go out when the rain (stop).
4. I (stay) here until he answers me.
5. Wait until I (catch) you.
6. I will be ready before you (count) ten.
7. I will eat strawberies until I (look like) them.
8. Mg Mya must eat his breakfast before (he go) out.
9. Please wait here until my husband (come).
10. See that it is clean before you (touch) it.
11. I will help her looking for it until she (find) it.
12. The house will stay empty till we (return).
13. As soon as you bought the book. I (borrow) it for you.
14. He will tell you when you (ask) him.
15. I will tell you a sexret as soon as my husband (go) out.

Can

I can read English newspaper.
She can lift the box.
The boy can swim very well.

ဤဝါကျများ၌ can သည် ablity သို့မဟုတ် capacity ခေါ် စွမ်းရည်သတ္တိကို ဖော်ပြ၏။

Can = may

Can သည် တစ်ခါတစ်ရံ ယခုခေတ်သုံး အင်္ဂလိပ်စာ၌ may နှင့် အဓိပ္ပာယ်တူ၍ Permission ခေါ် ခွင့်ပြုခြင်းအဓိပ္ပာယ်ကိုလည်း ဖော်ပြနိုင်၏။

You can go home early today. (i.e. you have my permission.

Can သည် Permission ခေါ် ခွင့်ပြုခြင်း အဓိပ္ပာယ်ကို ဖော်ပြနိုင်ကြောင်းကို ရှေးဟောင်းသဒ္ဒါဆရာများက မပြကြသဖြင့် အမှားဟု ထင်တတ်ကြ၏။ ထို့ကြောင့် အကိုးအကားနှင့် ဖော်ပြလိုက်ရပေသည်။

"Can" has two main uses

1. To express permission or possibility (=may).
   Example: You can go now.
2. To express ablity or capacity
   (Know how to.)
   Example: I can swim very well.

Living English Structure.

In modern English "can" is often used to express permission, e.g. You can go home early today (i.e. you have my permission.)

In cases like this "can" takes over the work of "may". Some English people, exspecially Grammarians, object to this and say it is wrong, but it is so often done that it must be accepted as idiomatic and correct at least in the spoken language.

Practical English Usage.

Quite often, as a matter of fact,
We use "can" to ask permission, e.g.
Can I borrow your bicycle?
Can we go into your garden?

Brighter Grammar.

Can ၏ အနာဂတ်

Can သည် တစ်ခါတစ်ရံ အနာဂတ် အဓိပ္ပာယ်ကိုလည်း ဖော်ပြနိုင်၏။

1. We can hold another meeting tomorrow.
2. I can come to you tomorrow.

သို့ရာတွင် ကျင်းပနိုင်လိမ့်မည်။ လာနိုင်လိမ့်မည်ဟု အနာဂတ် အဓိပ္ပာယ်ကို တိတိကျကျ ဖော်ပြနိုင်ရန် shall be able to, will be able to ဖြင့် ဖော်ပြရမည်။

1. We shall be able to hold another meeting tomorrow.
2. I will be able to come to you tomorrow.

Can ၏ အနာဂတ်သည် shall (will) be able to ဖြစ်သည်ဟု မသိကြ၍ သွားနိုင်လိမ့်မည်၊ လာနိုင်လိမ့်မည် စသော မြန်မာ idea ကို အင်္ဂလိပ်ဘာသာဖြင့် မဖော်ပြတတ်ကြပေ။ နိုင်နှင့် လိမ့်မည် နှစ်မျိုးလုံးပါအောင် I can shall come, I shall can come စသည်ဖြင့် ထင်ရာကို စွပ်၍ရေးသားကြသည်ကိုလည်း မကြာခဏ တွေ့ရှိရလေသည်။ can ၏ အနာဂတ်မှာ shall (will) be able to ဖြစ်ကြောင်းကို နောက်ဆုံးပေါ် သဒ္ဒါကျမ်းများဖြစ်သည့် Brighter Grammar, Living English Structure, Graded Exercises in English ကျမ်းများတွင်သာ ပြသထား၏။ ရှေးဟောင်း သဒ္ဒါကျမ်းကြီးများ၌ ပြမထား၍ ကျောင်းသားများ မရေးတတ်ခြင်း ဖြစ်၏။

Could

Could သည် can ၏ အတိတ်ကာလ ကြိယာ ဖြစ်၏။ ထို့ကြောင့် He said, "I can come." ကို Indirect Speech ပြောင်းလျှင် He said that he could come ဟု ပြောင်းရ၏။

Could နှင့် was (were) able to

တစ်ခါတစ်ရံ could ကို can ၏ အတိတ်အဖြစ် မသုံးနိုင်။

could ၏ အဓိပ္ပာယ်မှာ လုပ်နိုင်သည့် အရည်အချင်း ရှိခဲ့သည်။ တကယ်တော့ မလုပ်ခဲ့ဟု ဆိုလို၏။ လုပ်နိုင်သည့် အရည်အချင်းလည်း ရှိခဲ့သည်။ တကယ်လည်း ဖြစ်မြောက်အောင် လက်တွေ့ လုပ်ခဲ့သည်၊ ဆိုလျှင် could ဖြင့် မရေးရ။ was able to, were able to ဖြင့် ရေးရမည်။

ပုံစံ

1. I could pass my examination ten years ago.
2. I could go to the country yesterday and had good time.

အထက်ပါ ဝါကျများသည် မှား၏။ အဘယ်ကြောင့်ဆိုသော် စာမေးပွဲ တကယ်ပင် အောင်နိုင်ခဲ့၍ တောရွာသို့ တကယ်ပင်သွားနိုင်သောကြောင့်–

1. I was able to pass my examination ten years ago.
2. I was able to go to the country yesterday and had a good time.

ဟု ရေးမှ မှန်လေသည်။

အချုပ်မှတ်ရန်

(က) ပြုလုပ်နိုင်သည့် အရည်အချင်း ရှိခဲ့သည်။ သို့ရာတွင် တကယ် လက်တွေ့ မလုပ်သောအခါ could ဖြင့် ရေးရမည်။
I could buy a car last year.
(but I did not buy a car)

(ခ) ပြုလုပ်နိုင်သည့် အရည်းအချင်းလည်း ရှိခဲ့သည်။ တကယ်လည်း လက်တွေ့ လုပ်ခဲ့သည်ဆိုလျှင် was able to, were able to ဖြင့် ရေးရမည်။
He was able to swim half way before he was drown.
I was able to save six thousand kyats last year.

ပို၍ ရှင်းလင်းစွာ သိလိုလျှင် Practical English Usage စာမျက်နှာ ၁၂၄ နှင့် Living English Structire စာမျက်နှာ ၄၆ မှာကြည့်ပါ။

D.Y. Morgan အလို

could သည် can ၏ အတိတ်မဟုတ်။ can နှင့် could နှစ်ခုစလုံး ပစ္စုပ္ပန်ကာလဖြစ်၍ အဓိပ္ပာယ်တစ်မျိုးစီကို ဖော်ပြနိုင်၏။

(က) ပစ္စုပ္ပန် can ဖြင့် လုပ်လည်းလုပ်နိုင်သည်။ တကယ်လည်း လုပ်မည်ဟု ဆိုလို၏။

(ခ) ပစ္စုပ္ပန် could ဖြင့် လုပ်ချင်လျှင် လုပ်နိုင်သည်။ သို့ရာတွင် အကြောင်း တစ်ခုခုကြောင့် မလုပ်ဘူးဟု ဆိုလို၏။

(Could ပစ္စုပ္ပန်နောက်တွင် Implied Negative အမြဲရှိသည်ဟု ဆိုလိုသည်။)

(a) I can buy vegetables at a shop near our house.

(b) I could buy vegetables at a shop near our house, but I don't do so because I can get them cheaper in other places.

(a) I can take Mary to school by car every day.

(b) I could take Mary to school by car every day, but it is better for her to walk.

Can, could ဖြင့် အနာဂတ်ကာလကို ဖော်ပြလျှင်လည်း အထက်ပါ ပစ္စုပ္ပန်ကာလအတိုင်း အဓိပ္ပာယ် ခြားနားသည်။

ပုံစံ

(a) When we go to Mandalay we can go by air.

(b) We could go to Mandalay by train but it will be quicker to fly.

ကိုးကားချက်

This difference between "can" and "could" used of the future (and present) may be summed up as follows.

When "can" is used what can be done is possible and likely.

When "could" is used, what can be done is possible but unlikely.

Improve Your English.

အတိတ်ကာလ Could

(က) အတိတ်ကာလတွင် could ဖြင့် တကယ် လက်တွေ့လုပ်ခဲ့သည်ဟု ဆိုလိုသည်။

When we were staying in South Wales we could go to the seaside as often as we wanted to (we could go to the seaside, and it sounds we did so)

ပင်လယ်ကမ်းခြေကို တကယ်သွားခဲ့သည်ဟု ဆိုလို၏။

(ခ) အတိတ်ကာလတွင် could have + တတိယကြိယာဖြင့် လုပ်နိုင်ခဲ့သည်။ သို့ရာတွင် အကြောင်းတစ်ခုခုကြောင့် တကယ် မလုပ်ခဲ့ဟု ဆိုလို၏။ ၎င်း could have + တတိယကြိယာ ပါသော ဝါကျနောက်တွင် Implied Negative တစ်ခု အမြဲရှိသည်ဟု ဆိုလိုသည်။

1. When we were saying South Wales, we could have gone to the seaside, but we never did the weather was too bad.

2. You could have mended Mary's bicycle last night instead of listening to the wireless. (But you did not mend it)
3. Mr. Brown could have taken a job in London. (But he did not take it.)

အမှာ

Can, could နှင့်ပတ်သက်၍ D.Y. Morgan ၏ သင်ပြချက်များမှာ အလွန်ဆန်းပြားနေ၏။ အခြား မည်သည့် စာအုပ်တွင်မှ ဤအဓိပ္ပာယ်မျိုး ရေးသားထားသည်ကို မတွေ့ဘူးပါ။ နောက်ဆုံးပေါ် နည်းသစ်ဖြစ်၍ ပိုင်နိုင်စွာ လေ့လာလိုပါက D.Y.Morgan ၏ Improve Your English ကျမ်း Lesson Eighteen တွင် ကြည့်ပါလေ။

May နှင့် Might

Might သည် May ၏ အတိတ်ဖြစ်သည်။
May နှင့် Might တို့သည်
(က) Permission = ခွင့်ပြုခြင်း။
(ခ) Uncertainty = မသေချာခြင်း အဓိပ္ပာယ်**နှစ်**မျိုးကို ဖော်ပြနိုင်၏။

(က) Permission

1. You may go back home.
   သင် အိမ်ကို ပြန်ချင်လျှင် ပြန်တော့။
2. You may enter the office.
   သင်သည် ရုံးခန်းထဲသို့ ဝင်ချင်ဝင်နိုင်သည်။
3. May I borrow your pen.
   ကျွန်ုပ် ခင်ဗျားဖောင်တိန်ကို ငှားနိုင်သလား။

(ခ) Uncertainty

1. He may pass the exam.

သူ စာမေးပွဲအောင်နိုင်သည်။

2. I may come to you next Sunday.
နောက်တနင်္ဂနွေနေ့မှာ ကျွန်ုပ် သင့်ထံလာကောင်းလာနိုင်မည်။ (အသေအချာတော့ မပြောနိုင်)
3. She may arrive today.
သူမ ယနေ့ရောက်ကောင်း ရောက်မည် (ရောက်ချင်ရောက်နိုင်သည်။ ရောက်မည်လို့ တော့ အတတ်မပြောနိုင်ဟုဆိုလို၏။)
4. I said that he might go back home.
5. She said that he might enter the office.
6. The teacher said that the boy might pass the exam.
7. My mother said that she might arrive that day.

That may နှင့် That might

1. You must try hard that (in order that) you may pass the exam.
သင်တို့သည် စာမေးပွဲအောင်နိုင်အောင် ကြိုးစားကြရမည်။
2. Ma Yee lives in Yangon that she may attend New Method College.
မရီသည် နည်းသစ်ကောလိပ် တက်ရအောင် ရန်ကုန်မှာ လာနေသည်။
3. Yesterday I went to the station that I might meet my friend.
ကျွန်ုပ် မိတ်ဆွေနှင့်တွေ့ရအောင် မနေ့က ဘူတာရုံသို့ သွားခဲ့သည်။
4. I wrote a letter to my mother that she might know about me.
ကျွန်တော့်အကြောင်း သူမသိစေရန် သိရအောင် အမေ့ထံ စာတစ်စောင် ရေးခဲ့သည်။

May ဆုတောင်းခြင်း

Mayကို ဝါကျ ရှေ့ဆုံးမှာထားလျှင် ဆုတောင်းပတ္ထနာပြုခြင်း မေတ္တာပို့ခြင်းကို ဖော်ပြကြ၏။ Modern spoken English တွင် အသုံးများ၏။

May you always be happy.
သင်တို့ ထာဝစဉ် ပျော်ရွှင်ကြပါစေသတည်း။
May all-students pass the exam.
ကျောင်းသားအားလုံး စာမေးပွဲအောင်ပါစေ။
May all creatures be peaceful.
သတ္တဝါအားလုံး ငြိမ်းချမ်းကြပါစေ။

Might နောက်ဆုံးပေါ် အဓိပ္ပါယ်

Might သည် May၏ အတိတ်ဟု စာအုပ်အများက ရေးသားခြင်း၊ ဆရာအများက သင်ကြားခြင်းသည်မှား၏။ အမှန်မှာ Might သည် သီးသန့်အကူအညီကြိယာတစ်ခုဖြစ်၍ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလသုံးမျိုးကို ဖော်ပြနိုင်၏။ May နှင့် အဓိပ္ပါယ်ဆင်ဆင်တူ၏။

May နှင့် Might

May နှင့် Might သည် uncertainy မသေချာမှုကို ဖော်ပြ၏။ သို့ရာတွင် Might သည် May ထက်ပို၍မသေချာမှုကို ဖော်ပြလေသည်။

(a) He may pass the examination,
(စာမေးပွဲအောင်မှာ မသေချာသော်လည်း အောင်ဘို့ဘက်က များသည်ဟု ဆိုလို၏။)

(b) He might pass the examination.
(စာမေးပွဲအောင်ဘို့ မသေချာ၊ မအောင်မှာက များသည်ဟု ဆိုလို၏။)

(b) I may come to you tomorrow.
(လာဘို့မသေချာ၊ လာဖြစ်ဘို့ကများသည်။)

(b) I might come to you tomorrow.
(လာဘို့မသေချာ၊ မလာဖြစ်ဘို့ကများသည်။)

အထက်ပါ ဝါကျအစုံတွင် (a) ဝါကျအစုံသည် ပစ္စုပ္ပန် ကာလကိုပြ၍ (b) ဝါကျအစုံသည် အနာဂတ်ကာလကိုပြလေသည်။

May နှင့် Might အတိတ်

Might သည် May အတိတ်မဟုတ်ဘဲ May နှင့် Might နှစ်ခုစလုံးက ပစ္စုပ္ပန်နှင့် အနာဂတ်ဖြစ်နေလျှင် ၎င်း၏ အတိတ်ကာလသည် ဘယ်ဟာဖြစ်သနည်း။

May ၏ အတိတ်သည် May + Perfect infinitive Might ၏ အတိတ်သည် Might + Perfect infinitive ဖြစ်၏။ (perfect infinitive ဆိုသည်ကား have + တတိယကြိယာကို ဆိုလို၏၊)

ဥပမာ

(a) Ma Yee may have written to her parents last week.

(b) Ma Yee might have written to her parents last week.

(a) I cannot find my keys, I may have left them on my desk.

(b) I cannot find my keys, I might have left them on my desk.
(a) Yesterday he may have come to me.
(b) Yesterday he might have come to me.

ကိုးကားချက်များ

"Might" refers to present future time as exactly the same way as "May" The only difference is that "might" implies father more uncertainty. This is the most common case in the English language of the hesitant conditional.

May ၏အတိတ် May have

Unlike "could" however "might" can never be used as in independent.

Thus except past in following the sequence of tense, the past tense of "may" is not "might" but "may have".

Practical English Usage.

Might သည် May ၏ အတိတ်မဟုတ်

The most common misunderstanding about these two defective verbs is that "might" is nothing more than the past form of "may". In most of their uses it is best to regard "may" and "might" as the separate verbs.

May နှင့် Might ၏ကာလ

They both can be used to talk about the past, present, or the future. Here is "might" used to talk about the future.

Take some warm clothes when you go to Taunggyi. It might be quite cold there and here is "may" used to talk about the past. I can't find my keys. I may have left them on my desk.

The important thing to remember is that these verbs, when used to talk about things that are uncertain, are both used equaly freely of the present and the future.

"I don't know where Mary is but she might be playing in the garden." I may take the children to the zoo tomorrow.

May နှင့် Might ၏ အတိတ်

To talk about the past they both (may and might) use perfect infinitive.

Mr. Brown was not at home when I called this evening. He may have been working late at the office. I don't know who sent is these magazines from England; they night have been sent by my mother.

May နှင့် Might ခြားနားချက်

We use "may" and "might" most commonly to talk about events that probable possible, but not certain.

The difference lies in the fact that "might" has decidedly less of a feeling ofobability in it than "may".

1. Mr. Brown may come and have dinner with us tomorrow evening.
2. I might want to use the car tomorrow afternoon.
3. Some listenersmay not have understood your last lesson.
4. I might have left my keys on my desk but I don't think I did.

Might ၏ အကြံပေးအဓိပ္ပါယ်

One special use of "might" only is to make sugesstions.

We might call on the Browns our way home after this broadcast.

You might be more careful with your cigarettes. You have burnt a hole in your new suit.

Improve Your English.
Lesson Eighteen.

Shall

၁။ ရိုးရိုးအနာဂတ်ကာလကိုဖော်ပြရန် First Person ခေါ် I, We ဖြင့်ရေးရမည်။

I shall go to Mandalay next week.

We shall come to you tomorrow.

၂။ Shall ကို အနာဂတ်အဓိပ္ပါယ်မဟုတ်ဘဲ အခြားလူတစ်ယောက်၏ သဘောတူညီမှုဆန္ဒကို တောင်းရာ၌လည်း First Person I, We ဖြင့်ရေးရ၏။ မေးခွန်းဝါကျဖြစ်၍ "ရမလား" ဟုဘာသာပြန်ရ၏။

1. Shall I open the window ?
   ကျွန်တော်ပြတင်းပေါက်ကို ဖွင့်လိုက်ရမလား။
2. Shall we dance?
   ကျွန်တော်တို့ က, ရတော့မလား။
3. What shall I wear on the journey ?
   လမ်းခရီးမှာ ကျွန်ုပ်ဘာကို ဝတ်ရမလဲ။
4. Shall I fetch a doctor.
   ကျွန်ုပ်ဆရာဝန် ခေါ်လိုက်ရမလား။
5. Shall the children come in ?
   ကလေးများ ဝင်ခဲ့ရတော့မလား။
6. Shall Mg Khin help you carry your box ?
   သင်၏သေတ္တာကိုသယ်ရန် မောင်ခင်သည် သင့်ကိုကူညီရအုံးမလား။

၃။ Shall ကို Second Person "Third Person ဖြင့်ရေးသားသောအခါ Promised Permission ခေါ် ခွင့်ပြုရန်ကတိပေးခြင်းနှင့် Threaten ခြိမ်းခြောက်ခြင်း အဓိပ္ပါယ်ကို ဖော်ပြ၏။

1. You shall get some more to eat.
   (အဓိပ္ပါယ်မှာ I promise to allow you to get some to eat.)
2. Mary shall go with you if you want to (အဓိပ္ပါယ်ဆိုလိုရင်းမှာ I promise to allow Mary to go with you.)
3. You shall rest in my cave with me.
   (ဆိုလိုသည်မှာ I promise to allow you to rest in my cave with me.)

၄။ Shall ကို Second နှင့် Third Person ဖြင့်သုံးလျှင် အခိုင်အမာ ဆုံးဖြတ်ခြင်း၊ သေချာခြင်း အဓိပ္ပါယ်ကိုဖော်ပြ၏။ "ရမည်" ဟုဘာသာပြန်ရ၏။

1. Shylock shall become a christian
ရှိုင်းလော့သည် ခရစ်ယာန်တစ်ယောက်ဖြစ်ရမည်။
2. Your children shall be king though you shall not.–
သင်သည် ရှင်ဘုရင်ဖြစ်မည် မဟုတ်သော်လည်း သင်၏သား များသည် ရှင်ဘုရင်ဖြစ်ရလိမ့်မည်။

၅။ Legal English ခေါ် စည်းမျဉ်းဥပဒေများ (rules and regulation) ရေးသားရာ၌ shall ကို must အဓိပ္ပါယ်ဖြင့် သုံး၍ "ရမည်"ဟု မြန်မာပြန်ရ၏။

ဘောလုံးဥပဒေ

Two linesman shall be appointed.
လိုင်းမင်းနှစ်ယောက်ခန့်ထားရမည်။
The field of play shall be rectangular.
ကစားကွင်းသည် ဒေါင့်မှန်စတုဂံပုံဖြစ်ရမည်။

Will

(၁) Will ကို Second နှင့် Third Person ဖြင့်ရေးလျှင် Pure Future အနာဂတ် အဓိပ္ပါယ်သက်သက်ကို ဖော်ပြသည်။
1. He will come tomorrow.
2. Will you come to me ?

(၂) will သည် အနာဂတ်အဓိပ္ပါယ်အပြင် Willingness အလိုဆန္ဒရှိခြင်း Determination အခိုင်အမာဆုံးဖြတ်ခြင်း။ Intention ကြံရွယ်စိတ်ကူးခြင်းကိုလည်း ဖော်ပြ၏။
1. I will go to Mandalay next week.
2. We will pass the exam.
3. He will come to me.

Shall နှင့် will

Willကို Person သုံးမျိုးလုံးဖြင့် ယခုခေတ်သုံး အင်္ဂလိပ်

စာတွင် အရေးအပြောများနေ၏။ Shall အသုံးမှာ ပျောက်ပျက်လုနီးပါးဖြစ်နေ၏။ ယခုခေတ်သုံး အင်္ဂလိပ်စာတွင် အောက်ပါအချက်နှစ်ချက်၌သာလျှင် shall ဖြင့် ပြောဆိုရေးသားကြ၏။

(က) First Person ဖြင့် မေးသောအခါ–

1. Shall I come to you ?
   Shall we go to school ?
   Shall I sit on the chair ?
   Shall we help you?

သို့ရာတွင် အချို့နိုင်ငံများ၌ Will I ?Will we ? ဟူ၍ပင် အများအပြားပြောဆိုရေးသားလာသည်ကို တွေ့ရလေသည်။

The problem of choosing the correct and natual future form is a very wexing one in modern English. The usual Grammar bock rules for "shall" and "will" are already antiqueted even "will I" and "will we ?" are frequently heard in many English speaking districts outside England.

In some parts of the English-speaking world, notably Ireland, Scotland and parts of America the use of "will" is almost universal even in first person questions, (What will I do ? Will I see you? Will we have better weather soon ?)

Living English Structure

(a) If, When, Until စသည့် Clause = ဝါကျကဏ္ဍတစ်ခုခုဖြင့် ရေးသောအခါ–

1. Ishall give a watch if you pass the exam.
2. We shall wait unit they arrive.
3. I shall go to school when my mother comes back from the bazaar.

4. If I am ill I shall go to a doctor.

မှတ်ချက်။ ။ Will သည်အလိုဆန္ဒရှိသည်ဟု အဓိပ္ပာယ်ရ၍ အထက်ပါဝါကျများတွင် ပြုလုပ်သူ၏ဆန္ဒမပါ။ Clause တွင်ပြထားသော External Circumstance ပြင်ပအကြောင်းများအပေါ်မှာ အခြေခံနေသောကြောင့် I will, We will ဟုမရေးရ၊ ဤသို့ Clause တစ်ခုခုရှိနေလျှင် I will, We will ဟုမရေးမိရန် အထူးသတိပြုအပ်ရသည်။

BE GOING TO လိမ့်မည်

I shall buy a car.
He will buy a car, ဟူသော အနာဂတ်ဝါကျအစား
I am going to buy a car.
He is going to buy a car.

ဟုယခုခေတ်သုံး အင်္ဂလိပ်စာ အပြောနှင့်အရေးနှစ်မျိုးလုံးတွင် ခေတ်စားလာ၏။ သို့ရာတွင် အဓိပ္ပါယ်အားဖြင့် တထပ်တည်းမတူကြချေ။ "shall buy" "will buy" သည် အနာဂတ်အဓိပ္ပါယ်သက်သက်ကိုသာ ဖော်ပြ၍ "am going to buy" "is going to buy" တို့သည် အနာဂတ်အဓိပ္ပါယ်နှင့် ကြံရွယ်ခြင်း (Future-Intention) သို့မဟုတ် အနာဂတ်အဓိပ္ပါယ်နှင့် သေချာခြင်း (Future-Certainty) ဟုအဓိပ္ပါယ်နှစ်မျိုးစီကို ဖော်ပြလေသည်။ ထို့ကြောင့် Sam going to buy a car ကို ကျွန်ုပ်ကားတစ်စီးဝယ်မည်ဟု မပြန်ဘဲ ကျွန်ုပ်ကားတစ်စီးကို ဝယ်မည်ဟုစိတ်ကူးသည်။ ဝယ်မည်အောက်မေ့သည်။ ဝယ်မည်ကြံရွယ်သည်။ ဝယ်မှာသေချာသည်ဟု အနာဂတ် ကြံရွယ်ချက်၊ အနာဂတ်သေချာမှုကို ပေါ်လွင်အောင် နည်းသစ်သဒ္ဒါကြီးယာဗယားတွင် ဘာသာပြန်ထားလေသည်။

(က) going to ကို လူကတ္တားနှင့်ရေးလျှင် "ကြံရွယ်ချက်" သို့

မဟုတ် သေချာမှုကို ဖော်ပြ၍-

(ခ) going to ကို အရာဝတ္ထုကြတ္တားနှင့်သုံးလျှင် "သေချာမှု" "မုချကေန်ဖြစ်မှု" ကိုဖော်ပြသည်ဟုမှတ်ရမည်။

Going to

Note that "going to" does not normally Express simple futurily, but colours the future with intention or a feeling of certainty in the mind of the speaker.

1. With person has meaning of intention or certainty.

Examples:

1. He is going to give me new one tomorrow.
2. Surely you are not going to put him to bed so soon.
3. I am going to drink a glass of water.
4. Are you going to leave without playing?
5. I am going to give you one of these pills.
   (ဝါကျအားလုံး "မည်စိတ်ကူးသည်" "မှာသေချာသည်" ဟုပြန်)

2. With things has meaning of probability or inevitability in the mind of the speaker.

Examples:

1. Look out! the tram is going to over turn.
2. What is going to happen next ?
3. The sun is going to shine in a minute.
4. It is going to rain.
5. This book is going to be more difficult than I expected.
   ("မှာသေချာသည်" ဟုဘာသာပြန်ရမည်။)

Going to မသုံးရသည့်ဝါကျ

If when, until စသည် Clause ဝါကျကလျှာ တစ်ခုခုပါနေသောအခါ (I will, We will ဟုမရေးသကဲ့သို့) I am going to, He is going to စသည်ဖြင့်မရေးရ၊ အဘယ်ကြောင့်ဆိုသော် ထိုဝါကျမျိုး၌ ကြံရွယ်ချက်နှင့် သေချာမှုတို့မရှိသောကြောင့်ဖြစ်၏။

1. If you go with him, he will give you new one. (He is going to give ဟုရေးလျှင်မှား၏)
2. If ever you go to China, you will see some queer things there. (You are going to see ဟုရေးလျှင်မှား၏။)
3. When my mother comes back I shall walk. (I am going to walk ဟုရေးလျှင်မှား၏။)
4. Until the rain ceases, we shall stay inthis house. (We are going to stay ဟုရေးလျှင်မှားသည်)

Future Substitutes

တခါတရံ Continuous Verb= ပစ္စုပ္ပန်နေကြီယာ ပြုလုပ်ရန် နီးကပ်နေသော အနာဂတ်ကာလကိုဖေါ်ပြ၏။ အများအား ဖြင့် Tomorrow, next week စသည့်အနာဂတ်ကာလကို ဖေါ်ပြ သည့် Time adverb နှင့်တွဲ၍ရေးရ၏။

(Come, go, leave, Arrive လေးလုံးဖြင့် အရေးများ၏။)

1. U Nu is going to Mandalay tomorrow.
   ဦးနုသည် နက်ဖြန်ခါ မန္တလေးသွားလိမ့်မည်။
2. Mr. Brown isleaving Rangoon next week.
   မစ္စတာဘရောင်းသည် နောက်တစ်ပတ်တွင် ရန်ကုန်မှ ထွက်ခွာသွားလိမ့်မည်။
3. U Mya is arriving this evening.
   ဦးမြသည် ယခုညနေရောက်လာလိမ့်မည်။

Was (were)going to

Was going to နှင့် were going to သည် is going to ၏ အတိတ်ကာလဖြစ်၏။

အများအားဖြင့် Indirect Speech တွင်သာ အသုံးများ၏။

He said {I am going to buy a car."

He said that he was going to buy a car.

The girls said "We were going to dance".

The girls said that they were going to dance.

Robert. J. Dixson အလို

ပြုလုပ်မည်ဟု စီမံကြံရွယ်ထားသော်လည်း အကြောင်းတစ်ခုခုကြောင့်မလုပ်ဘဲ လွန်သွားသော အတိတ်ကြိယာကို ဖေါ်ပြရန် was going to, were going to တို့ဖြင့်ရေးရ၏။ (၎င်းဝါကျ၏နောက်တွင် Implied Negative ခေါ် ပြောင်းပြန်အဓိပ္ပါယ်တစ်ခု အမြဲရှိသည်ဟုဆိုလို၏။)

To describe a past action which was planned but did not happen, we use the past continuous form of the verb to go plus an infinitive of a second verb. Examples.

1. I was going to study last night but some friends called and took me for a driver.
2. We weregoing to play tennis yesterday but it rained.

Graded Exercise in English.

လေ့ကျင့်ခန်း

'အောက်ပါဝါကျများကို going to ဖြင့် ပြောင်းရေးခဲ့ပါ။

1.We shall have our examination next week. 2. They will leave for Europe next week. 3. They will

begin heir lessons tomorrow. 4. I shall have lunch with Miss Jones tomorrow. 5. I intended to begin my lessons last week but I was too busy. 6. I shall go to Canada on my vacation. 7. I shall begin to study French soon. 8. At first he planned to put Mr. Smith the first class. 9. We shall go to movie to night. 10. We shall go to the Radin City Saturday afternoon. 11. He intended to leave for Chicago yesterday, but hewas dalayed by some important business. 12. He will meet me at eight o'clock. 13. I planned to visit you last night but it started to rain i decided to stay at home. 14. He will take some photographs in the Park . 15. I intended to re-write my exercise but I didn't have time.

Should နှင့် would

Should နှင့် would တို့သည် အနာဂတ်ကြိယာ shall နှင့် will တို့၏ အတိတ်ကာလကြိယာများဖြစ်ကြ၏။ ထို့ကြောင့်အသုံးပြုပုံမှာ shall နှင့် will အတိုင်းပင်ဖြစ်၏။ အများအားဖြင့် Indirect Speech တွင် တွေ့ရလေသည်။

He said, "I shall come to you.

He said that he would come to him.

I said to her, "I shall return at 9.am.

I told her that I should return 9. a.m.

Future in the past

အထက်ပါ should နှင့် would တို့ကို Future -in the past အတိတ်က အနာဂတ်ဟုခေါ်၏။ အတိတ်အနာဂတ်ဟုကာလ

နှစ်မျိုး ရောနေသောကြောင့် ကျောင်းသားများ သဘောမပေါက်ကြ။ ပစ္စုပ္ပန်ကာလကိုကျော်၍ အတိတ်နှင့် အနာဂတ်ပေါင်းစပ်၍ မဖြစ်နိုင်ဟု ယူဆတတ်ကြ၏။ အမှန်မှာ ပထမပြောစဉ်က အနာဂတ်၊ ယခုပြောချိန် အတိတ်ဖြစ်နေသည်ဟု ဆိုလို၏။ ဥပမာ ကျွန်ုပ်သည် နံနက် ၆နာရီအချိန် ခင်မောင်နှင့် တွေ့ကြရာ ကျွန်ုပ်က I shall come to you at 9.a.m. ဟုပြောလိုက်၏။ (၆နာရီက မျှော်ကြည့်လျှင် ၉ နာရီသည် အနာဂတ်ဖြစ်နေ၏။) နေ့ ၁၂နာရီတွင် ခင်မောင်က အခြားလူတစ်ယောက်အား ကျွန်ုပ်လာမည်ဆိုသော ၉နာရီသည် အတိတ်ဖြစ်ခဲ့၏။ ဤသို့ ၉ နာရီသည် ပထမပြောစဉ်က အနာဂတ်၊ ဒုတိယပြန်ပြောချိန်၌ အတိတ်ဖြစ်နေသောကြောင့် Sould, wouldတို့ကို Future-in the pastအတိတ်က အနာဂတ်ဟုခေါ်လေသည်။

Should, would and conditional

If I had enough money I should buy a car.

If he were in the house he would go out.

စသည့် if I unless clause များ ပါဝင်သည့် ဝါကျများတွင် should နှင့် Would တို့သည် ခဲ့လိမ့်မည်ဟု ဘာသာပြန်သည့် အတိတ်အနာဂတ် (Future in-the-past) များမဟုတ်ကြ။ Conditional Tense ဟုခေါ်၏။ should နှင့် Would သည် ပစ္စုပ္ပန်ကာလဖြစ်၍ Prefect Conditional ခေါ် should have + တတိယကြိယာသည် အတိတ်ကာလဖြစ်လေသည်၊ ခဲ့လိမ့်မည်ဟု ဘာသာပြန်ရသော အတိတ်က အနာဂတ် Future-in-the-past နှင့် မရောပါစေနှင့်။

Conditional အခန်းတွင် အသေးစိတ်ပြခဲ့ပြီ။ ပြန်ကြည့်ပါလေ။

Should (would) like to

I want to talk little about election ဟု want to ဖြင့် ပြောရမည့် နေရာတွင် ပိုမိုယဉ်ကျေးစေရန်အတွက် I should (would) like to talk little about election ဟုပြောဆို

ကြ၏။ ကျွန်တော် ရွေးကောက်ပွဲအကြောင်း အနည်းငယ်ပြောချင်ပါသည်ဟု ပစ္စုပ္ပန်အဓိပ္ပါယ်ပြန်ရ၏။ ကျောင်းသားများက should နှင့် would သည် shall, will ၏ အတိတ်ဟုပြထားသော ရှေးဟောင်းသဒ္ဒါကျမ်းများအရ အတိတ်ဟုထင်၍ ပြောရန်အလိုရှိလိမ့်မည်၊ ပြောချင်ခဲ့လိမ့်မည်ဟု ဘာသာပြန်ကြ၏။ ပစ္စုပ္ပန်ကာလဟု မှတ်ထားပါ။ I want to talk သည်အတူတူပစ္စုပ္ပန်ကာလချည်းဖြစ်၏။

1. I should like to you.
   ကျွန်တော် ခင်ဗျားစီလာပါသည်။
2. He would like to lend you money.
   သူခင်ဗျားကို ငွေချေးချင်ပါသည်။
3. He would like to lend you money.
   သု ခင်ဗယားကို ငွေခေယးချင်ပါသည်။
4. I would like to remaind students.
   ကျွန်တော် ကျောင်းသားတွေကို သတိပေးချင်ပါသည်။

MUST

ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလ အဓိပ္ပယ်ဖြင့်သာ သုံးသော အခါ must ကို

(က) necessary to do ပြုလုပ်ရန် လိုအပ်သည်ဟု command or obligation အဓိပ္ပယ်ကိုဖော်ပြ၏။

(ခ) Certain to be မုချကေန်ဖြစ်ရမည် Certainty သေချာမှု အဓိပ္ပာယ်ကို ဖော်ရပြ၏။

(က) You must do your home work,
   (It is necessary for you to do your homeworks.)
2. He must try hard (It is his duty to try hard.)
3. You must come to school early tomorrow.
   (I order you to come to school early.)

(ခ) My book is not here. It must be in the car.

it is certain that it is in the car.

4. You must pass the exam.
သင်သည် စာမေးပွဲကို ကျောင်းအောင်ရမည်။ အတင်းအကြပ် အမိန့်ပေး၍ အောင်ခိုင်းသည်မဟုတ်။ အောင်မှာသေချာသည်။ အောင်မည်ဟု အခိုင်အမာ ယူဆခြင်းရဖြစ်၏။)

ကိုးကားချက်

As our example have shown, when we use"must" of the present and future with a Paesent Infinitive, we can use it to say that something has to be done or to say that something is certain.

Improve Yɔur English.

Certainty အဓိပ္ပာယ်ရှိ

· Must အတိတ်

Must ၏အတိတ်သည် must + Perfect Infinitive (must have + တတိယကြိယာ)ဖြစ်၏၊ သို့ရာတွင်အတိတ်ကြိယာ သည် must ၏ဒုတိယအဓိပ္ပာယ်သေချာခြင်း Certainty ကို ဖော်ပြ၏။

ကိုးကားချက်နှင့်ပုံစံ

But when "must" is used to talk about the past, and is followed by a Perfect Infinitive, is always has that second mean-ing and never has the first. Using"must" of the past with a perfect infinitive. we use it to say that we call certain that something had to be done.

My father must have written this letter a week ago.

Improve Your English

Necessity အဓိပ္ပာယ်ရှိ 'Must ၏အတိတ်

တာဝန်ရှိ၍ လုပ်ရမည် အမိန့်ပေးသော must ၏အတိတ်မှာ had to ဖြစ်၍ had to ကိုခဲ့ရသည်ဟု ဘာသာပြန်ရ၏။

Last week we had to go straight home after our broadcast.

အရင်တပတ်က ကျွန်ုပ်သည်အသံလွှင့်ပြီးနောက် အိမ်ကိုတန်းပြန်လာခဲ့သည်။

ကိုးကားချက်

Past Tense

"Had to" is an obligation in the past

Living English Structure.

What happens that, **when** we want to make a statement about the **past to** put it to it the other meaning of "must" **the meaning** that "must" has in "we must go home" the most usual and the most co thing to do is make use of "had to"

Last week we had to go straight home after our broadcast.

Improve Your English.

Must အနာဂတ်

must သည်အနာဂတ်ကာလကိုလည်း ဖော်ပြနိုင်၏။ ဥပမာ You must come to me tomorrow. သင်နက်ဖြန်ကျွန်ုပ်ထံလာရမည်။

သို့ရာတွင်အနာဂတ်ကာလကို ပိုမိုတိကျစေရန် Shall have

to, ဖြင့်ရေးရမည်။

1. I shall have to come again.
   ကျွန်ုပ် တဖန်လာရမည်။
2. You will have to write eassys tomorrow.
   သင်တို့နက်ဖြန်ခါ အက်ဆေးရေးကြရလိမ့်မည်။
3. One day we shall have to die.
   တစ်နေ့မှာ ကျွန်ုပ်တို့သေကြရလိမ့်မည်။

MUST နှင့် HAVE TO

Must ဖြင့်ပြောဆိုရေးသားသူ၏ အမိန့်ဆန္ဒကို ဖော်ပြ၏။ Have to ဖြင့်ပြောဆိုရေးသားသူ၏ အမိန့်ဆန္ဒမပါ၊ မလုပ်လျှင်မဖြစ်သည့်ပြင်ပအခြေအနေ တခုကြောင့် လုပ်ရသည်ဟု ဆိုလို၏။

(ဟဲက်ဗတာ၊ ဟဲက်ဖ့်တာ၊ ဟဲက်ဒ်တာဟု အသံထွက်ပါ။) သွားရမည်၊ လာရမည်ဆိုလျှင် must go, must come ဟုရေး၍သွားရသည်၊ လာရသည်ဆိုလျှင် has to go,has to come ဟုရေးရမည်။ ရမည်နှင့်ရသည် အသံရော အဓိပ္ပာယ်ပါ ကွဲပြားနေပြီးဖြစ်၍အထက်ပါ အဓိပ္ပာယ်များဖြင့် ခွဲစရာမလိုတော့ပေ။ (have to go ကိုသွားရမည်ဟု အချို့မြန်မာပြန်သည်ကား မှားယွင်း၏။)

ကိုးကားချက်

"Must" expresses obligation or compulstion from the speaker's view point.

"Have to " expresses external obligation.

Living English Structure.

1. Ma Yee must live in **Yangon**. တစ်စုံတစ်ယောက်က နေခိုင်းသည်။ Ma Yee has to live in **Yangon.** မရီရန်ကုန်မှာ နေရသည်။ (ဘယ်သူကမှ အတင်းမနေခိုင်း၊ မနေမဖြစ်နေရမည့်ကိစ္စတစ်ခုရှိ၍နေ၏။) 3. Students must work hard. ကျောင်းသားများ စာကြိုးစားကြရမည်။ (ဆရာက ကြိုးစား

ခိုင်းသည်)4. Students have to work hard. ကျောင်းသားများ စာကြိုးစားကြရသည်။ (ဘယ်သူမှမခိုင်း၊ စာမေးပွဲအောင်ချင်လို့ သူ့အလိုလို ကြိုးစားကြရသည်။ 5. Ma Tin Yee must cook the rice. မတင်ရီသည်ထမင်းချက်ရမည်။ (တစုံတစ်ယောက်ကချက်ခိုင်းသည်။) 6. Ma Tin Yee has to cook the rice. မတင်ရီသည် ထမင်းချက်ရမည်။ (မည်သူကမှမခိုင်း၊ချက်မည့်သူမရှိ၍ မချက်မဖြစ်၍ ချက်သည်။)7. I must buy a car. ကျွန်ုပ်ကားတစ်စီးကိုဝယ်ရမည်။ (ကိုယ့်ကိုယ်ကိုပြန်၍ ဝယ်ခိုင်းခြင်း ဖြစ်သည်။ ဝယ်ရန်စိတ်ဆုံးဖြတ်ခြင်းဖြစ်သည်။) 8. I have to buy a car. ကျွန်ုပ်သည် ကားတစ်စီးကိုဝယ်ရသည်။(အသွားအလာ အလုပ်ကိစ္စများ၍ မဝယ်မဖြစ်သောကြောင့် ဝယ်ရသည်။)

MUST နှင့် NEGATIVE

မသွားရဘူး၊ မအိပ်ရဘူးဟု တားမြစ်လိုသောအခါ must not, is (are, am) not to ဖြင့် ရေး၍ သွားဘို့မလိုဘူးဟု unnecessity ကိုဖော်ပြလိုသော် need not ဖြင့်ရေးရ၏။

1. Must he go to cinema ?
   No, you must not go to cimena.
   No, you are not to go to cinema.
2. Must I come to you?
   No, you need not come to me.
3. Must they comeback here ?
   No, they must not come back here ?
   No, they are not to come back here ?
4. Must I cook the meal for you ?
   No, you need not cook the meal for me.

ကိုးကားချက်

Use "must not" when the meaning sugests a command.

Use "need not" when the meaning is "It is not necessary."

Brighter Grammar.

"Must not" and "am is are not to" are prohibitions. To express the absence of obligation or necessity to do something the form "need not" is used.

Living English Structure.

အောက်ပါဝါကျများကို Negative ပြောင်းပါ။

1. You must answer in English.
2. He will have to payme back before Christmas.
3. We had to bend it to get it into the box.
4. They must brush their own shoes.
5. They have to brush their own shoes every day.
6. You'll have to buy us some more.
7. You must ring him up before to morrow.
8. She'll have to carry both of them.
9. We must change our clothes for dinner.
10. We have to cook them first.
11. You must cut it in three equal pieces.
12. You must write yours now, and she'll have to write hers when she comes in.
13. They had to drink it without sugar .
14. We had to pay them for it, and we shall have to pay them some more next week.
15. You must put all eggs in our basket.

USED TO

Used to သည် can, could တို့ကဲ့သို့ ယခုခေတ်သုံး

အင်္ဂလိပ်စာ၌ အကူအညီ ကြိယာတစ်ခုဖြစ်လာ၏။ အတိတ်က အဆက်မပြတ် (ဝါ) မကြာခဏ ပြုလုပ်လေ့ရှိသော်လည်း ယခုအခါ ထိုအလေ့အထမရှိတော့ကြောင်း ဖော်ပြ၏။ ၎င်းဝါကျ၏နောက်ကွယ်တွင် "အခုတော့မဟုတ်တော့" ဟု Negative forceတစ်ခု အမြဲပါရှိ၏။ used toကို (ယု-စတာ)ဟုအသံထွက်ပါ။

I used to teach mathematics.

ကျွန်ုပ်သည်ဂဏန်းသင်္ချာကို ပြလေ့ရှိခဲ့သည်။

ဤဝါကျ၏ ဆိုလိုရင်းမှာအရင်ကပြလေ့ရှိခဲ့သည်။ အခုတော့ မပြတော့ဟုဆိုလို၏။

1. I used to smoke . (Now I do not smoke.)
2. I used to drink tea every morning (Now I do not drink tea.)
3. I used to walk in the evening. (Now I do not walk.)
4. She used to buy her clothes at Brown's shop. (Now she does not buy them there.)

၄ ဝါကျပြောင်းနည်း

He used to smoke.
Used he to smoke.
He used not to smoke.
Used he not to smoke.

မှတ်ချက်။ ။ (၁) spoken Englishစကားပြော အင်္ဂလိပ်စာတွင် တခါတရံ He did not use to smoke. Did he use to smoke? ဟု ဖြင့်လေးဝါကျပြောင်းလဲပြောဆိုကြ၏။

(၂) He uses to smoke. He will use to smoke ဟု ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ မရှိကြောင်းမှတ်ထားပါ။

အလွန် များတတ်သည် ယခုတိုင်ရှိသော အလေ့အထ

ကျွန်ုပ်သည် မနက်တိုင်း ကော်ဖီသောက်လေ့ရှိသည်။ ကျွန်ုပ်အမေသည် ဥပုသ်နေ့တိုင်း ရွှေတိဂုံဘုရားကို သွားလေ့ရှိသည်။ဦးမြသည် ညနေတိုင်း လမ်းလျှောက်လေ့ရှိသည် စသည်ဖြင့်ယခုတိုင်ရှိနေသော အလေ့အထကိုလည်း (လေ့ရှိပါလျှင် used toဖြင့် ရေးရမည်ဟု အမှတ်မှား၍-)

I used to drink coffee every morning.

My mother used to go to Shwedagon every sabbarth day.

U Mya used to walk every evening.

ဟုမှားယွင်းရေးသားကြ၏။

ထိုသို့ ယခုတိုင်ရှိနေသော အလေ့အထကို Indefinite Presentရိုးရိုးပစ္စုပ္ပန် ကြိယာဖြင့် ရေးရ၏။ Habitual Present (အလေ့အထကို ဖော်ပြသော ပစ္စုပ္ပန်) ဟုခေါ်လေသည်။ (နောက်အခန်းတွင်ကြည့်။)

1. I take coffee every morning.

2. My mother goes to Shwedagon every sabbarth day.

3. U Mya walks every evening.

SHOULD နှင့် OUGHT TO

အချို့ ဝါကျများတွင် Shouldသည် Ought toနှင့် အဓိပ္ပါယ်အတူတူဖြစ်၍ ပြုလုပ်သင့် ပြုလုပ်ထိုက်သည့် တာဝန်နှင့် ဝတ္တရား (obligation or duty)ကို ဖော်ပြ၏။ လုပ်သင့်လုပ်ထိုက်သည်ဟု ဘာသာပြန်ရ၏။ ၎င်းဝါကျနောက်တွင် Implied negaative = ဆန့်ကျင်ဘက် ပြောင်းပြန်အဓိပ္ပာယ် အမြဲရှိနေ၏။ Sould နှင့် Ought to သည် ပစ္စုပ္ပန်နှင့် အနာဂတ်ကာလကို ဖော်ပြ၏။

Notice that "should" is used here for all three persons, singular and plural, in meaning it tells of some obligation or duty, but unliken "must" or "have to" it has a negative force-

Example —

1. I should study tonight. (but I probably shall not)
2. John should obey his parents. (but he never does.)
3. You should not smoke cigarettes. (but you do.)
4. You should not cross the street againt the red light. (but you do)

The verb "ought" is used in the same way as "should" it also has the same meaning and generally can be used inter changeably with "should" we can say.

I should study tonight.
I ought to study tonight.
He should obey his parents.
He ought to obey his parents.

SHOULD နှင့် OUGHT TO ၏ အတိတ်

Should နှင့် Ought to ကို အတိတ်ကာလ အဓိပ္ပာယ်ဖြင့်, သုံးလိုသောအခါတွင် ၎င်း Shoild နှင့် Ought to နောက်တွင် Perfect Infinitive (have + တတိယကြိယာ) ထား၍ ရေးရ၏။ ထိုအတိတ်ကာလဖြင့် ရေးရာ၌လည်း ပြုလုပ်သင့်ခဲ့သည်။ ပြုလုပ်ဘို့ကောင်းခဲ့သည်။ ဒါပေမယ့်မလုပ်ဖြစ်ခဲ့ဘူးဟု Negative force အမြဲရှိနေ၏။(Ought to ကိုအော့တာဟုအသံထွက်ပါ)

SHOULD

Should used in this ay, has a Past form and is often used in the past. Again it has a negative force. Example,

He should have studied before his examination. (but he did not.)

You should not have sent that cable to Paris. (but you did) you should have sent it to London.

Ought is also used in the past in the same way as should. In the case of ought, however the past form is obtained by changing the infinitive ofthe acompanying verb to perfect form. Example.

You ought to have prepared your home work before coming to class.

I ought to have telephoned Mr Smith this morning. (but I forgot to do so.)

Graded Exercises in English

လေ့ကျင့်ခန်း

အောက်ပါဝါကျများတွင် Should နှင့် Ought to တို့ကို ဖြည့်ပေးပါ။

1. I......go to school at 5 p.m. everyday.
2. I....go to school tomorrow morning at 8 a.m.
3. I..... (go) to school yesterday.
4. All we .... (walk) every day.
5. He .... (walk) tomorrow.
6. I.......(walk) yesterday evening.

7. I ....(stay) at home tonight.
8. I . ... (go) to Mandalay next week.
9. I .... (go) to Mandalay last week.
10. He .... (call) me yesterday but he forgot.
11. I .... (study) to night.
12. I .... (study) last night.
13. You begin the study of English a long time ago.
14. You .... go to the opera with us last night. It was very good.

SHOULD နှင့် HAVE TO

(က) လုပ်သင့်လျက် မလုပ်ဖြစ်လျှင် should
(ခ) လုပ်သင့်၍ လုပ်ခဲ့လျှင် have to ကိုသုံးရသည်။
အောက်ပါဝါကျများတွင် should နှင့် have to တစ်ခုခုဖြည့်ပေးပါ။

1. I .....(call) Mr. Smith yesterday, but I forgot to do so.
2. I am sorry that I am so late for our appointment, but I .... (go) to the bank before I came here.
3. I am sorry I could not visit you last night, but I ...... (work) very late.
4. I realy ....(study) myEnglish lessson to night, but I am so tired that I think I shall go home and go bed.
5. Mr. Smith ...... (take) his examination last June, but he was away on his vacation at the time.

6. You .... (call) me and told me you were unable to meet me I waited a whole hour for you.
7. I ...... (go) to Chicago tomorrow.
(And I shall go) I ...... (go) last week but I was too busy.
8. I could not come to my English class yesterday because I ...... (attend) an important committee meeting.
9. I shall also be unable to attend class next Saturday because I .... (attend) another meeting on that day.
10. I ...... (go) shopping this afternoon but I think I shall wait until I am not so busy.

DON'T NEED TO နှင့် NEEDN'T HAVE

I did't need to change my suit. ကျွန်တော်အဝတ်အစားလဲဘို့မလိုလို့ မလဲခဲ့ဘူးဟု အဓိပ္ပါယ်ရ၏။ I needn't have changed my suit. ကျွန်ုပ်အဝတ်အစားလဲဘို့ မလိုဘူး၊ ဒါပေမဲ့ အခုတော့ လဲပြီးသား ဖြစ်နေပြီဟု ဆိုလို၏။

လေ့ကျင့်ခန်း

အောက်ပါဝါကျများတွင် အဓိပ္ပါယ်ကိုကြည့်၍ needn't have နှင့် didn't need to မှန်အောင်ထည့်ပြပါ။

1. I ... (buy) a new one, so I've brought the old one back.
2. You .... (spend) all that money, now we have

got nothing left.

3. They .... (push) it into the corner because it was there already.
4. He ...... (lock) the door, because somebody else had already done so.
5. We ....(wait) for her, because she never came at all.
6. I ......(take) my ink because I knew I should find some there.
7. I ....(tell) him personally, I wrote him a letter.
8. You ......(wake) me up, there's another hour before the train leaves.
9. You ...... (wait) such a long composition because I shan't have time to mark it.
10. I ......(ring) the bell, because the door opened before I got to it.

THE BARE INFINITIVE

see, here, help, feel , watch, notice, let , make ကြိယာများနောက်တွင် Objectခေါ် ကံပုဒ်တစ်ခုကိုထား၍ ၎င်းကံပုဒ်နောက်တွင်ပစ္စုပ္ပန်ဗဟုဝုစ်ကြိယာ (bare infinitive) ကိုထား၍ ရေးရ၏။ "ဒါကို" "ခိုင်း" ဟုဘာသာပြန်ရ၏။

I let him go to cinema. ကျွန်ုပ်သူ့ကိုရုပ်ရှင်သွားခိုင်းသည်။
သွားခွင့်ပြုသည်။
I make him write. ကျွန်ုပ် သူ့ကိုစာရေးခိုင်းသည်။
(Let နှင့် make ကို ကြိယာဇယားတွင် ပြခဲ့ပြီးပြီ)။
I see him go to school.

I saw him go to school.
ကျွန်ုပ်သူကျောင်းသွားတာကိုမြင်သည်။ (မြင်ခဲ့သည်။)

She hears me sing.
She heard me sing.
သူမသည်ကျွန်ုပ်သီချင်းဆိုတာကိုကြားသည်။ (ကြားခဲ့သည်။)

They watch the cows eat grass.
They watched the cows eat grass.
သူတို့သည် နွားမများ မြက်စားတာကို စောင့်ကြည့်ကြသည်။ (စောင့်ကြည့်ခဲ့ကြသည်။)

မှတ်ချက်။ ။ နောက်ကြိယာကို အတိတ်မပြောင်းရ။ ကေဝုစ် မပြောင်းရမှားတတ်၏။

I saw a boy went to school.

I saw a boy goes to school.

ဟုမှားရေးတတ်၏။ အထူးသတိပြုရမည်။

တခါတရံ နောက်ကြိယာကို ing ဆက်၍လည်း ရေးနိုင်၏။

I saw her cooking the rice.

They hear the girl singing a song.

ထမင်းချက်နေတာကို သီချင်းဆိုနေတာကိုဟု ဘာသာပြန်ရ၏။

လေ့ကျင့်ခန်း

၁။ သူသည် ကျွန်ုပ်လာတာကိုမမြင်ပါ။ ၂။ သူမသည် သင်အိပ်နေတာကိုမြင်ခဲ့သည်။ ၃။ သူသည် သူမသီချင်းဆိုတာကို ကြားသလား။ ၄။ ဆရာသည် ကျောင်းသားများ စာရေးနေတာကို စောင့်ကြည့်သည်။ ၅။ ဦးမြသည် လူကလေးများ ကစားနေသည်

ကို စောင့်ကြည့်သည်။ ၆။ ကျွန်ုပ်သည် မိန်းကလေးများ စာဖတ်နေတာကို မကြားပါ။ ၇။ မောင်ခင်သည်သူမလာတာကို သတိမပြုမိချေ။ ၈။ သူမသည် ကျွန်ုပ်ငွေယူတာကို မြင်ခဲ့သည်။ ၉။ သူသည် သူမစကားပြောတာကို ကြားခဲ့သည်။ ၁၀။ လူကလေးသည် သူ့အမေ ထမင်းချက်တာကို ကူညီသည်။

အသုံးတစ်မျိုး

Had better, had sooner, had rather နောက်တွင်လည်း Bare infinitive ကိုထား၍ ရေးလေ့ရှိသည်။

Had better come back tomorrow afternoon- သင်နက်ဖြန်ညနေလာရင် ပိုကောင်းမည်။

Had rather (sooner) see him today than tomorrow.

ကျွန်ုပ်သည် သူ့ကို နက်ဖြန်ခါထက် ယခု ယနေ့သွားတွေ့လိုက်တာကောင်းမည်။

မှတ်ချက်။ ။ had –ဖြင့် ရေးသားသော်လည်း အတိတ်မဟုတ် အနာဂတ်အဓိပ္ပါယ်ဖြစ်၏။

"CORRECT USE OF TENSES AND VERBS"
ကြိယာကာလ မှန်ကန်စွာသုံးနည်း
(1) SIMPLE PRESENT

Indefinite Present သို့မဟုတ် Simple Present ခေါ် ရိုးရိုးပစ္စုပ္ပန်ကြိယာသည်–

(က) Universal, truth သို့မဟုတ် Enternal truth ခေါ် ထာဝစဉ် မှန်ကန်သော အကြောင်းအရာကို ဖော်ပြ၏။

1. The sun rises in the east.

2. The sun sets in the west.
3. The earth moves round the sun.
4. The moon moves round the earth.
5. Yangon is the largest port in Mynamar.
6. The ships of the world use port.
7. Shwedagon is in Yangon.

(ခ) မကြာခဏ နေ့စဉ်လစဉ် အမြဲထာဝရဖြစ်ပျက်နေသော အခိုပွါယ်ကို ဖော်ပြ၏။ ထိုအလေ့အထကို ဖော်ပြသောအခါ Habitual Presentဟုခေါ်၏။ အများအားဖြင့် always, never, usally, often, frequently, generally, Occationally, everyday, every week စသည် ကြိယာဝိသေသနများကို Habitual Present နှင့် တွဲလေ့ ရှိသည်။

1. I get up at 6. a.m. everyday. 2. U Mya drives to work everyday. 3. I usually take in the morning. 4. Mary generally sits a this desk. 5. The sun always rises in the east. 6. It rains quite often during April. 7. We occationally go to the movies on Sunday.

(2) PRESENT CONTINUOUS

အလုပ်တစ်ခုမပြီးသေး၍ ဆက်လက်လုပ်ကိုင်နေကြောင်းကို ဖော်ပြရန်သုံး၏။ now ယခုဟူသော ကြိယာဝိသေသနဖြင့် ရေးသားလေ့ရှိ၏။

I am writing a letter now.
Now you are reading a book.
Ma Yee is cooking the rice now.
It is raining hard now ?

ကိုးကားချက်

The present tense simple is used to describe an action which goes to everyday or in general. The Present Tense Continuous is used to describe an action which takes place only at the present moment.

Mr. Smith writes many letters (generally.)

Mr. Smith is writting a letter now.

Mary goes to school every day.

Mary is going to school now.

Grade Exercises in English

Make sure the fundamental distinction between the present simple and continuous general is well understood.

Present Simple — Habitual actions and truths, not necessarily now.

Present Continuous, the Real Present Now at this moment. (**Living English Structure.**)

လေ့ကျင့်ခန်း

အောက်ပါ ကွက်လပ်များတွင် ပေးထားသော ကြိယာများကို Habitual Present နှင့် Preesent Continuous ပြောင်း၍ ထည့်ပေးပါ။

1. (eat) John ...... lunch in the cafeteria every day. John ..... lunch in the cafeteria now.
2. (drive) Sr ith .... to work every day Smith .... to work now.
3. (ring) The telephone........now. The tel-

ephone........... often during the day.

4. (drink) John usually ...... tea with his meals. John ......tea now.
5. (sit) Mary generally .... at this desk Mary ..... at this desk today.
6. (smoke) Mr. Smith .....a cigratte now. Mr. Smith ..... a great deal.
7. (play) Mary ...... the piano well. Mary .... the piano now.
8. (rise) The sun always .... in the east. The sun ....in the east now.
9. (do) Mary .... her homework now. Mary .... frequently ...... her homework on Sunday.
10. (rain) It .... quite often during the month of April. It .... hard now.
11. (go) We occassionally.....to the movies on Sunday.
12. (blow) The wind .... ~~hard in~~ this section of town . The wind........ today.

Verb of Uncontrol
နေကြိယာဖြင့် မရေးနိုင်သောကြိယာများ

See	Trust	Seem
မြင်သည်	အားကိုးသည်	ပုံပေါ်သည်
Hear	Feel	Appear
ကြားသည်	တွေ့ထိခံစားသည်	ပေါ်လာသည်
Smell	Think	Belong to

နံသည်	စဉ်းစားသည်	ပိုင်ဆိုင်သည်
Recognize	Suppose	Contain
မှတ်မိသည်	တွေးထင်သည်	ပါဝင်သည်
Notice	Mean	Matter
သတိပြုမိသည်	ဆိုလိုသည်	အရေးကြီးသည်
Remember	Gather	Possess
သတိရသည်	မှတ်မိသည်	ပိုင်ဆိုင်သည်
Forget	Want	Like
မေ့သည်	အလိုရှိသည်	သဘောကျသည်
Know	Wish	Be afraid of
သိသည်	အလိုရှိသည်	ကြောက်သည်
Understand	Desire	Be angry
နားလည်သည်	အလိုရှိသည်	စိတ်ဆိုးသည်
Recall	Be pleased	Be annoyed
ပြန်သတိရသည်	နှစ်သက်သည်	စိတ်ညစ်သည်
Believe	Adore	Refuse
ယုံကြည်သည်	မြတ်နိုးသည်	ငြင်းပယ်သည်
Care	Love	Hate
ဂရုစိုက်သည်	ချစ်သည်	မုန်းသည်
Have	Be	Singnfy ဆိုလိုသည်
မှာရှိသည်	ဖြစ်သည်	Consits of ပါဝင်သည်

အထက်ပါကြိယာများကို Continuous verb နေကြိယာဖြင့် မည်သည့်အခါမျှ မရေးရ။ အဘယ့်ကြောင့်ဆိုသော် See မြင်ခြင်း၊ hear ကြားခြင်း စသည်တို့ကို လူတို့က ချုပ်ကိုင်မထားနိုင်သောကြောင့်ဖြစ်သည်။ မြင်ချင်၊ ကြားချင်သော ဆန္ဒမရှိဘဲလည်း မြင်ရကြားရ၏။ မျက်စိရှေ့မှာ၊ နားကြားလောက်သောနေရာမှာ မြင်စရာ ကြားစရာရှိသော်လည်း အာရုံမပြုက မမြင်ရ၊ မကြားရ၊ အရာဝတ္ထုတစ်ခုကို ကြည့်နေသောအခါ အမြဲမပြတ် တဆက်တည်း

မြင်နေသည်မဟုတ်၊ သီချင်းတစ်ပုဒ်ကို နားထောင်နေသောအခါ အဆက်မပြတ် ကြားနေသည်မဟုတ်။ ထို့ကြောင့် ၎င်းကြိယာများကို Continous verb ဖြင့် မရေးရ။ Perfect Contionus verb ဖြင့်လည်းမရေးရ။ မြင်နေသည်၊ ကြားနေသည် စသောအဓိပ္ပါယ်ကို ရိုးရိုးပစ္စုပ္ပန်ကြိယာ see, hear ဖြင့်သာရေးရမည်။ is seeing, is hearing ဟုမရေးရ။

I am loving a girl, အစား I love a girl.

I am being angry, အစား I am angry.

I am seeing a man, အစား I see a man. ဟူ၍သာရေးရမည်။

ကိုးကားချက်

Certain verbs are practically never used in the present continuous, even when describing the real persent. These are mainly the verbs of condition or behaviour not strictly under human control. Consequently they go on whether we like it or not.

Living English Structure.

သို့ရာတွင် အခိုက်အတန့်အားဖြင့် မြင်နေ၊ ကြားနေသည်ကို လေးနက်စေလိုသောအခါ Continuous verb ဖြင့် ရံခါရေးသားနိုင်၏။ အထူးသဖြင့် စကားပြော အင်္ဂလိပ်စာတွင် ရံခါသုံးစွဲပြောဆိုကြ၏။

ကိုးကားချက်

In general these verbs are only found in the continuous from when we wish to give special

emphasis to their particular application to this very moment example.

You are always seeing something strange 2. Your mother is forever refusing to do something or other. 3. I am seeing him tomorrow. 4. We are certainly not recognizing such a fantastic claims. 5. I was just thinking it might be agood idea. 6. Are you forgeting your manners. 7. Are you supposing I am gong to take you out. 8. How are you liking it ? 9. We are thinking of going out. 10. Now you are just being silly.

Living English Structure.

လေ့ကျင့်ခန်း

အောက်ပါ ဝါကျများတွင် ကြိယာများကို Present Simpleနှင့် Present Continuousတခုခုကိုပြောင်း၍ ဖြည့်ခဲ့ပါ။

1. Ship (travel) from Southampton to New York in four or five days. 2. John (travel) to England tomorrow. 3. On my way to work I (generally (meet) many children who (go) to school. 4. Look a man (run) after the tram. He (want) to catch it. 5. It (be) very cold now ? You (think) it (freeze)? 6. The sun (warm) the air and (give) us light. 7. "What you (read) when you are on holiday ?" "I (read) detective stories. Now I (read) The Shut Door by Lock" 8. How you (hear) anything?" "I (listen) hard but I can't hear anything. 9. "I (see) that you (wear) your best clothes ? You (go) to a party? "No.

I (go) to a wedding." "And who is the unhappy man who (throw) away his freedom? You must tell him I (feel) sorry for him" "We (speak) to you now." 10. " Now you (speak) French?" "I only (use) a foreign Language when I (travel) abroad.

(3) SIMPLE PAST

လွန်ခဲ့သောအချိန်က တစ်ကြိမ်တစ်ခါ ဖြစ်ခဲ့သော အလေ့အထဖြစ်ခဲ့သော်လည်း ယခုထိုအလေ့အထ မရှိတော့သည့် ကြိယာများကို Simple Past ရိုးရိုးအတိတ်ကြိယာဖြင့်ရေးရ၏။

Every day I went to Shwedagon.

She passed the exam last year.

(4) PAST CONTINUOUS

အတိတ်ကာလတွင် ကြိယာတစ်ခု ပြုလုပ်နေစဉ် အခြားကြိယာ ဘစ်ခု ဖြစ်ပေါ်လာသောအခါ ကြိယာတစ်ခုကို အတိတ်ရိုးရိုး Simple Past ဖြင့်ရေး၍ ကြိယာတစ်ခုကို Continuous Past ဖြင့်ရေးရ၏။ When နှင့် while သမ္ဗန္ဓနှစ်ခုဖြင့် အရေးများ၏။

အချုပ်မှတ်ရန် ဇယား

1. Main Clause Past Continuous ......when Simple Past.
2. Main Clause Simple Past ....while ....Past Continuous.
3. Main Clause .... Past Continuous ....while .....Past Continuous.

   While I was walking to work. I met Maung Mya.

My wife was sewing when suddently we heard a shout.

မှတ်ချက်

တစ်ခါတရံ Past Continuous နှစ်ခုဖြင့်ရေးနိုင်၏။

1. I was reading a paper while my mother was cooking the rice.
2. Mary was playing a piano while John was reading.

လေ့ကျင့်ခန်း (၂)

အောက်ပါကွက်လပ်များတွင် ပေးထားသောကြိယာများကို Past Continuous နှင့် Simple past တစ်ခုခုဖြင့်ပြင်၍ ထည့်ပေးပါ။

1. (study) I .....very hard last night.
   I ......last night when you called me on the phone.
2. (go) While I .... home last night, I saw a dreadful accident.
3. (drive) We ....to Philadephia last Sunday.
   We ...... at about forty miles an hour when the accident happened.
4. (have) We ....our dinner when you phoned.
   We .... our dinner in child's restaurant last night.
5. (come) While I .... to work this morning, I met an old friend.
   I ...... to work on the bus this morning.
6. (blow) The wind......... hard when I came to work this morning.

The wind ....this morning.

7. (rain) It .... hard last night.
It .... hard when I left the office at five o'clock.

8. (shine) The sun ......brightly when I got up this morning.

9. (read) At seven o'clock when you telephone, I.... the newspaper.
I .... two books last week.

10. (sleep) I ..... soundly when the phone rang.
I .... soundly last night.

11. (play) Mary .... the piano when I arrived
Mary .... the piano for her guests.

12. (take) While John ..... his English lesson yesterday.

Present Continuous အတွက် မှတ်သားဘွယ်

Present Continuous ပစ္စုပ္ပန်ကြိယာကို Interrogative adverb "When" ဖြင့် မည်သည့်အကါမှ မရေးရ။ ယခုပြောနေသော၊ ရေးနေသော အခိုက်အတန့်၌ ဆက်လက်ဖြစ်ပျက်နေသော ကြိယာဖြစ်၍ ဘယ်တုန်းက ရေးနေ၊ တတ်နေသလဲဟု မေးစရာ မလိုတော့သောကြောင့်ဖြစ်၏။

What are you doing ?
Where is he sleeping ?
Why are they crying ?
With whom is Ma Yee cooking the rice?
စသည်ဖြင့်မေးလို့ရသော်လည်း

When are you writing ?
When is she reading a novel ?
When am I sleeping ? စသည်ဖြင့် မမေးရ။

အနာဂတ်အဓိပ္ပါယ်ရှိ
Present Continuous

သို့ရာတွင် Present Continuous ကို မကြာခင်ဖြစ်မည့် နီးကပ်သော အနာဂတ် (Immediate Future) အဓိပ္ပါယ်ဖြင့်သုံးသောအခါ When ဖြင့်မေးနိုင်၏။

When are you going to Mandalay ?
သင်ဘယ်တော့ မန္တလေးကို သွားမလဲ။
When are you coingto me ?
သင်ကျွန်ုပ်ဆီဘယ်တော့လာမလဲ။
When is the teacher arriving ?
ဆရာဘယ်အချိန်ရောက်မလဲ။
When are you going to cinema?
သင်တို့ရုပ်ရှင်ကို ဘယ်အချိန်သွားသလဲ။

ကိုးကားချက်

Question word "when" cannot be used with present continuous tense, except when this tense is used to express immediate future.

(Living English Structure)

(5) PRESENT PERFECT

ပါဠိဘာသာ၊ မြန်မာဘာသာနှင့် အခြားဘာသာများတွင် Past အတိတ်နှင့် Perfect ပြီးကြိယာကို ခွဲခြားခြင်းမရှိ။ အတူတူထား၍ပြောဆိုကြ၏။ ဥပမာ ကျွန်တော် မနက်ကဘဲ စာရေးပြီးတယ်၊

မနေ့ကပဲ စာအုပ်တစ်အုပ် ဝယ်ပြီးတယ်ဟုပြောကြ၏။ အင်္ဂလိပ် ဘာသာ၌ ထိုသို့ အတိတ်ကာလကို ပြသည့်ပုဒ်များနှင့် Perfectကို မည်သည့်အခါမျှတွဲမရေးရ။ I wrote in the morning. ကျွန်တော် မနေ့ကဘဲစာအုပ်တစ်အုပ် ဝယ်ခဲ့တယ်ဟု အတိတ်ကာလဖြင့် ပြောရ၊ ရေးရ၏။

သတိပေးချက်

ဂျပန်ပြည်မှ အင်္ဂလိပ်စာ ပါမောက္ခ အီမာမူရားသည် ကမ္ဘာ တစ်ပတ်ပတ်၍ အင်္ဂလိပ်စာ သင်ကြားရေးကို လေ့လာရာ ရန်ကုန် ဆရာဖြစ်ကောလိပ်မှ အမေရိကန် ဆရာမတစ်ဦးက မြန်မာကျောင်း သားတွေဟာ Perfect Tense ကို မှန်ကန်စွာ နားမလည်ကြ၊ မသုံးတတ်ကြဘူးဟု ပြောပြကြောင်းဖြင့်သူ၏ ကမ္ဘာတစ်ပတ် ဆောင်းပါးတွင် ထည့်သွင်းဖော်ပြထား၏။ ကျွန်ုပ်တို့ကိုယ်တိုင်လည်း အချိန်အတော်ကြာကြာ မှာသုံးခဲ့၏။ မှားသုံးသော ကျောင်းသား တပည့်အတော်များများကိုလည်း တွေ့ခဲ့၏။ ထို့ကြောင့် အောက်ပါ Perfect Tense ၏ အသုံးကို မှတ်သားသင့်၏။

သုံးနည်း (၁)

ပြီးကာစအလုပ်တစ်ခုကို ဖော်ပြရန်အတွက် Present Perfect Tense ကိုသုံး၏။ ဥပမာ ဆရာက ကျောင်းသားများ ကို Open your books စာအုပ်တွေ ဖွင့်လိုက်ကြဟုပြောလျှင် ကျောင်းသားများက စာအုပ်များကို ဖွင့်လိုက်ကြ၏။ ဆရာက Have you opened your books ? သင်တို့ စာအုပ်တွေ ဖွင့်ပြီး ကြပြီလားဟုမေးလျှင် ကျောင်းသားများက Yes, we have opened our books ဟုတ်ကဲ့၊ ကျွန်တော်တို့ဖွင့်ပြီးပါပြီဟု ဖြေရ၏။ ယခုဘဲဖွင့်ပြီးကြပြီဟု ဆိုလိုသည်။

ထိုနည်းတူ ဆရာက မောင်မြကိုခိုင်းရာ ခိုင်းသည့်အတိုင်း ပြုလုပ်ပြီးနောက် မောင်မြက ပြန်ပြောပုံကို အောက်တွင်ကြည့်ပါ။

Teacher	:	Open the window.
MgMya	:	I have opened the window.
Teacher	:	Write your name on the black board.
Mg Mya	:	I have written out my name.
Teacher	:	Take your pen out.
Mg Mya	:	I have taken out my pen.
Teacher	:	Close your book.
Mg Mya	:	I have just closed my book.

သုံးနည်း (၂)

ယခုလောလောဆယ် ပြုလုပ်ပြီးသည်မဟုတ်၊ လွန်ခဲ့သည့် အတိတ်အတော်ကြာကြာကပင် ပြုလုပ်ခဲ့ပြီးသော်လည်း ထိုကြိယာ၏ အကျိုးဆက်သည် ယခုပြောချိန်အထိ တည်ရှိသေးလျှင် Present Perfect ဖြင့်ရေးရ၏။ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်နှစ်က ပြုလုပ်ခဲ့သည်ဟု အချိန်ကို ဂရုမထား။ ယခုတိုင်ရှိနေသောကြိယာ၏အကျိုးဆက်ကို သာကြည့်၍ Present Perfect ကိုသုံးရ၏။ လုပ်ပြီးပြီလုပ်ထားသည်ဟု ဘာသာပြန်၏။

လုပ်ခဲ့သည့် အချိန်ကာလကို ဂရုမထားသောကြောင့် yesterday, last week, three years ago စသည့် အတိတ်ကာလကို ဖော်ပြသည့် Time Adverb များနှင့် Present Perfect ကို မည်သည့်အခါမျှ တွဲမရေးရ။ မြန်မာဘာသာတွင် Time Adverb အချိန်နှင့် Present Perfect ကို တွဲသုံးလေ့ရှိသဖြင့် အင်္ဂလိပ်စာရေးရာ၌လည်း အမှားများ၏။

ဥပမာအတန်းထဲတွင် ဆရာက မောင်မြအား Wave you bought "Shakespeare's Plays"? ရှိတ်စပီးယား၏ ပြဇာတ်များစာအုပ်ကို ဝယ်ပြီးပြီလားဟုမေးလျှင် ကျောင်းသားများက Yes,

we have bought them ဟုတ်ကဲ့၊ ကျွန်တော်ဝယ်ပြီးပါပြီ၊ ဝယ်ထားပါသည်ဟုဖြေ၏။ ကျောင်းသားများသည် စာအုပ်ကို မနက်က၊ မနေ့က၊ တပတ်ကျော်လောက်က ဝယ်ခဲ့ကြမည်။ သို့ရာတွင် ဝယ်သည့်အချိန်ကို ဂရုမထား၊ ယခုသူတို့လက်ထဲ၌ ဝယ်ထားသည့် စာအုပ်ရှိနေသည်ကို ဖော်ပြ၏။

ဥပမာအတွက်

I have built a house in Okkalapa.

I have opened the window.

I have bought a car.

She has cooked the rice.

Students have writen essays.

The teacher has taught English.

ဆောက်ခဲ့တာ **တစ်နှစ်**၊ ၂-နှစ်ကြာချင်ကြာမည်။ ဆောက်သည့်အချိန်ကို ဂရုမထား၊ ယခုအိမ် ဥက္ကလာမှာ ရှိနေသည်ကိုသာ ဖော်ပြ၏။

ဘယ်တုန်းကဖွင့်ခဲ့၊ ဖွင့်ခဲ့ ယခုဖွင့်ရက်သား ရှိနေသည်ကို ဖော်ပြသည်။

ဘယ်အကျိန်က ဝယ်ခဲ့၊ ချက်ခဲ့၊ ရေးခဲ့၊ သင်ပြခဲ့သည်ဟု မပြော၊ ယခုတိုင် ဝယ်ပြီးသား၊ ချက်ပြီးသား၊ ရေးပြီးသား၊ သင်ပြပြီးသား ရှိနေသည်ဟု ဆိုလိုသည်။

အထူးသတိပြုရန်

အထက်ပါဝါကျများတွင်အချိန်ပြပုဒ်များထည့်၍ ရေးလိုက်လျှင် ကြိယာကို Simple Past ရိုးရိုးအတိတ်ကာလကြိယာပြောင်း၏။

1. I bought "Shakespeare's Plays yesterday. 2. U Mya built a house in Okkalapa in 1959. 3. I opened the window in the morning. 4. He bought

a car last year. 5. She cooked the rice at 9 a. m. 6 Students wrotes essays yesterday. 7. The teacher taught English at 6. p.m.

သုံးနည်း (၃)

အတိတ်ကာလက စတင်လုပ်ခဲ့ရာယခုပြောချိန်၊ ရေးချိန်မှာလည်း ဆက်လက်လုပ်ကိုင်လျက်ပင် ရှိသေးလျှင် Present Perfect ကိုသုံးရ၏။ ထိုသို့ အတိတ်နှင့် ပစ္စုပ္ပန် တဆက်တည်းဖြစ်နေသည်ကို ဖော်ပြရန် Since, for များပါဝင်သည့် Time Adverb များကို အမြဲတမ်းလိုလို ထည့်သွင်းဖော်ပြကြ၏။

I have lived in Yangon for six years. ကျွန်တော်တို့ ရန်ကုန်မှာနေတာ ၆–နှစ်ကြာပြီ (ယခုတိုင်လဲ နေတုန်းဘဲဟုဆိုလို၏)

We lived in Yangon since 1959.

ကျွန်ုပ်သည်၁၉၅၉–ခုနှစ်ထဲက အခုထိ ရန်ကုန်မှာ နေခဲ့သည်။ (အခုလဲနေတုန်းပင်ဖြစ်သည်။)

I have taught English for five years.

ကျွန်ုပ်သည် အင်္ဂလိပ်စာပြလာတာ၅–နှစ်ရှိပြီ။ ၅–နှစ်ကြာပြီ။ (ယခုလဲပြဆဲ)

We taught English since 1957.

ကျွန်ုပ်သည် ၁၉၅၇–ခုနှစ်ထဲက အင်္ဂလိပ်စာပြလာခဲ့သည်။ (ယခုလဲပြနေဆဲ။)

ကိုးကားချက်

(a) First, the present peorfect is used to describe an action which happened at an indefinite

time in the past. In this usage the time of the action is neither mentioned nor implied, If the time of the action is mentioned or implied the past tense is used and not the present perfect. Have you ever been to Boston? (up to the present) I have never read that book. He has finished that report at last but I read that book last summer.

(b) The Present Perfect is also used to describe an action which began in the past and which has continued up to the present time.

Example

We have lived here for three years.
(we are still living here.)
He has worked here since June. (He is till working here.)

Note the difference between.

He has worked here for one year.
He worked here for one year.
He has been sick for one month.
He was sick for one month.

Graded Exercises in English.

အောက်ပါ ဝါကျများတွင်ကြိယာများကို Present Perfect နှင့် Past Simple တစ်ခုခုမှန်အောင်ပြင်၍ ရေးခဲ့ပါ။

1. I ...... (visit) Chicago many times. 2. Smith .... (go) to Chicago last week. 3. I ..... (read) that book serval times. 4. I first .... (read) it while I was on

my vacation last summer. 5. I ......(be) in Phliadephia many times. 6. Smith (have) little experience in teaching that subject. 7. John ......(fall) as he was crossing the street. 8. I ..... (see) Mary a few days ago. 9. When the bell rang John.....(jump) from his seat and (run) from the room. 10. I ....(try) that restaurant again and again but I do not like the toast there. 11. When I was a boy I often ......(go) fishing with my father. 12. I ....(complete) writing my exercise at last. 13. He ......(start) to study English last winter. 14. The day before yesterday we .... (have) a bad storm. 15. I hear that you ....(give) up the idea of studying Russian.

(6) PRESENT PERFECT CONTINUOUS

အလုပ်တစ်ခုကို အတိတ်ကာလ တစ်ချိန်က စ,လုပ်ခဲ့၏။ ယခုပြောဆိုရေးသားချိန်မှာလည်း မပြီးသေး၍ ဆက်လုပ်နေ၏။ ထိုအခါ Present Perfect Continuous Verb ဖြင့် ရေးသားပြောဆိုရ၏။ အတိတ်နှင့် ယခုပစ္စုပ္ပန် ဆက်နေသော ကြိယာဖြစ်၍ Perfect Continuous ဟုခေါ်မည့်အစား Past Continuous ဟုခေါ်လျှင်အဓိပ္ပါယ် ပို၍ရှင်းလင်းပေမည်။ ထို့ကြောင့် ဤ Perfect Continuous ကိုရေးလျှင် အတိတ်နှင့် ပစ္စုပ္ပန်ကိုဆက်ပြသော အချိန်ပြကြိယာဝိသေသနပုဒ်များကို အများအားဖြင့် ထည့်သွင်းရေးသားရလေသည်။

(Present Perfect တတိယသုံးနည်းအတူတူ)

ဥပမာ

ညနေ ၉-နာရီ ဦးမြ အိပ်ရာဝင်သောအခါ မောင်စိန်သည်

ဝတ္ထု စာအုပ်တစ်အုပ်ကို ဖတ်နေ၏။ (အတိတ်) ည ၁၂ နာရီ ဦးမြ တရေးနိုးသောအခါ မောင်စိန်သည် ဝတ္ထုစာအုပ် ဖတ်နေတုန်းရှိသေး၏။ (ပစ္စုပ္ပန်) ထိုအခါ ဦးမြက.....

Have you been treading a novel since 9 o clock.

သင်သည် ည ၉–နာရီထဲက အခု ၁၂–နာရီအထိ ဝတ္ထုဖတ်နေတုန်း ရှိနေသေးသလားဟု မေး၍ မောင်စိန်က

Yes, I have been reading a novel since 9 o clock.

ဟုတ်ကဲ့၊ ကျွန်တော် ၉–နာရီထဲက အခု ၁၂–နာရီအထိ ဝတ္ထုဖတ် နေတုန်းရှိသေးသည်ဟု ဖြေရလေသည်။

ဥပမာ

မောင်ခင်နှင့် မောင်ထွန်း ၂ ယောက်တို့ လမ်းပေါ်မှာ ရပ်၍ စကားပြောနေကြ၏။ ဦးမြသည်လည်း လမ်းလျှောက်လာရာ သူတို့ကို တွေ့လျှင် ဘယ်တုန်းက စကားပြောနေသည်ဟု အတိတ်ကို မသိသောကြောင့် Are you talking? အခု သင်တို့ စကားပြောနေသလားဟု မေး၏။ Yes, we are talking now ကျွန်ုပ်တို့ ယခု စကားပြောနေကြသည်ဟု Continuous Verb ဖြင့် ဖြေရ၏။

ဦးမြသည် တစ်နာရီ လမ်းလျှောက်သွားပြီးနောက် ပြန်လာသော အခါ သူတို့နှစ်ယောက် ထိုနေရာ၌ စကားပြောနေကြတုန်း ရှိသည်ကို တွေ့ရလျှင် အသွားတုန်းက ပြောနေသည် (အတိတ်) ယခုအပြန်မှာလည်း ပြောကြတုန်းရှိသည် (ပစ္စုပ္ပန်) ထိုသို့ အတိတ်နှင့် ပစ္စုပ္ပန်ကို ဆက်စပ်၍ ဦးမြက Have you been talking သင်တို့ စကားပြောနေကြတုန်း ရှိသေးသလားဟု မေး၍ ထိုလူနှစ်ယောက်ကလည်း Yes, we have been talking ဟုတ်ကဲ့၊ အခုထက်ထိ စကား ပြောနေကြတုန်း ရှိပါသေးသည်ဟု Present Perfect Continuous ဖြင့် ဖြေရ၏။

Since နှင့် For

အများအားဖြင့် အချိန်ပြ ပုဒ်များရှေ့တွင် Since နှင့် for ဝိဘတ်တို့ကို ထား၍ ရေးပြလေ့ရှိ၏။ all day, all night, all the morning, whole week, whole year စသည်ဖြင့် အချိန်ပြပုဒ်များနှင့်လည်း တွဲ၍ရေးလေ့ရှိ၏။

လေ့လာနည်းယူရန်ပုံစံများ

1. Myint Myint has been washing soil clothes since the morning.
   မြင့်မြင့်သည် မနက်ထဲက အခုထက်ထိ အဝတ်အစားတွေ လျှော်နေတုန်း ရှိသေးသည်။
2. Ma Yee has been reading an newspaper since 9 o' clock.
   မရီသည် ၉ နာရီထဲက အခုထက်ထိ သတင်းစာ ဖတ်နေတုန်း ရှိသေးသည်။
3. The boys have been playing foot ball simce 4. p.m.
   လူကလေးတို့သည် ညနေ ၄ နာရီထဲက အခုထက်ထိ ဘောလုံးကစားနေတုန်း ရှိသေးသည်။
4. The teacher has been teaching you English Grammar for one month.
   ဆရာသည် သင်တို့ကို အင်္ဂလိပ်သဒ္ဒါ ပြနေဒါ တစ်လရှိပြီ။
5. U Mya has been working in the post office for twenty years.
   ဦးမြသည် စာတိုက်မှာလုပ်နေတာ နှစ်ပေါင်း ၂၀-ကြာသွားပြီ။
6. That light has been burning all night.
   ထိုမီးသည် တစ်ညလုံး လင်းနေသည်။

7. Ma Tin Yee has been reading all day.
   မတင်ရီသည် တစ်နေကုန် စာဖတ်နေသည်။
8. We have been talking all the morning.
   ကျွန်ုပ်တို့သည် တစ်မနက်လုံး စကားပြောနေကြသည်။

မှတ်ချက်။ ။ အထက်ပါ ဝါကျများ၏ ဘာသာပြန်ပုံကို ကြည့်ခြင်းအားဖြင့် Science ပါလျှင် ကထဲက၊ အခုထိ၊ နေတုန်းရှိသေးသည်ဟူ၍လည်းကောင်း၊ (1.2.3. ကြည့်) for ပါလျှင် (ပြီ) ဟူ၍လည်းကောင်း၊ (4.5. ကြည့်) တစ်မနက်လုံး၊ တစ်နေ့လုံးပါလျှင် နေသည်ဟူ၍လည်းကောင်း (6.7. ကြည့်) မြန်မာအရပ်သုံးစကားနှင့် ဆီလျော်အောင် ဘာသာပြန်ထားသည်ကို သတိပြုလေ့လာခြင်းဖြင့် Perfect Continuous Verb ကို ကောင်းစွာ နားလည်နိုင်သည်။

ကိုးကားချက်

The Present Perfect Continuous Tense is used to express an action that began in the past and is still continuing.

Brighter Grammar.

The Present Perfect Continuous Tense is used most commonly to drscribe an activity which has gone on for some time, and has lasted up to the present moment.

Improve Your English.

Present Perfect Continuous ဒုတိယနည်းသုံးနည်း

တစ်ခါတစ်ရံ အတော်ကြာကြာ ဆက်လုပ်ခဲ့၍ ပြီးသွားသော ပြီးခါစဖြစ်၍ တခြားအလုပ်တစ်ခုကို မလုပ်ရသေးကြောင်း ဖော်ပြရန် Present Perfect Continuous ကိုသုံး၏။

(ပုံစံကို အကိုးဝါကျတွင်ကြည့်ပါ)

ကိုးကားချက်

Occationally it is used to describle something that went on for some time but ended a short time before the present moment. It has been raining. The road is wet.

Improve Your English.

We some times use the Perfect Continuous merely to emphasize the fact that an action has been uninterrupted, even though it is not continuous now. Examples.

I am cold because I have been swimming for an hour.

Living English Structure.

လေ့ကျင့်ခန်း

အောက်ပါ ဝါကျများတွင် ပေးထားသော ကြိယာများကို Present Perfect Continuous နှင့် Present Perfect ၂-ဝါကျစီပြောင်း၍ ဘာသာပြန်ပါ။

. I (live) here since 1958. 2. The cat (sit) in front of the fire since tea time. 3. I (look) at pictures for five minutes, but I can't see you in it. 4. I know you (talk) about grammar for the last half an hour, but I am afraid I (not listen) 5. You (wait) long for me. 6. Yes, I (stand) here in the rain for half an hour. 7. He (learn) English for three years, but he can't even read a newspaper yet. 8. Nobody has come to see us since we (live) in our new house. 9. Lunch is not quite ready yet, although I (cook) all the morning. 10. They are tired because they

(work) in the garden since nine o' clock.

အောက်ပါတို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါ။

လေ့ကျင့်ခန်း (၁)

၁။ ကျွန်တော်သည် ၁၉၄၈–ခုနှစ်က (ယခုထက်ထိ) အင်္ဂလိပ်စာကို သင်နေတုန်းရှိသေးသည်။
၂။ သူတို့သည် မနှစ်ကထဲက (အခုထက်ထိ) ထန်းရည်ကို သောက်တုန်းရှိကြသည်။
၃။ ဦးမြသည် ရန်ကုန်မှာနေတာ သုံးနှစ်ကြာသွားပြီ။
၄။ မမြသည် မနက်စောစောထဲက ယခုထက်ထိ ထမင်းချက်နေတုန်းရှိသေးသည်။
၅။ ကျောင်းသားများသည် တစ်ညလုံး ဝတ္ထုစာအုပ်ကို ဖတ်နေကြသည်။
၆။ မောင်ခင်သည် ညဦးကထဲက ယခုထိ စာရေးနေတုန်းရှိသည်။
၇။ ဦးမြသည် မနက်စာ စားချိန်ကထဲက အခုထက်ထိ ရုံးထဲမှာ အလုပ်လုပ်နေတုန်းရှိသေးသည်။
၈။ ကျွန်တော်သည် မကြာမီကပင် မန္တလေးကို သွားပြီးပြီ။
၉။ သူမသည် မကြာသေးမီကပင် ဆပ်ကပ်တစ်ခုကို ကြည့်ပြီးပြီ။
၁၀။ ကျွန်တော်သည် ထမင်းစားနေတုန်း ရှိပါသေးသည်။
၁၁။ ကျွန်တော်သည် အင်္ဂလိပ်စာသင်နေတာ သုံးနှစ်ကြာသွားပြီ။
၁၂။ မောင်ရင်သည် ၁၉၅၆– ခုနှစ်ကထဲက (ယခုထက်ထိ) ဤကျောင်းမှာ စာပြနေတုန်းရှိသေးသည်။
၁၃။ လူကလေးသည် တစ်နေ့လုံး ကစားနေပါလိမ့်မည်။
၁၄။ ဝန်ကြီးများသည် တစ်မနက်လုံး ရုံးမှာ အလုပ်လုပ်နေကြသည်။
၁၅။ စစ်သားများသည် တစ်ညလုံး ကင်းစောင့်နေကြသည်။
၁၆။ ကျွန်တော်တို့သည် ထမင်းချက်နေတုန်းရှိပါသေးသည်။
၁၇။ ဆရာသည် ၁၉၅၆–ခုနှစ်ကထဲက (ယခုထက်ထိ) အင်္ဂလိပ်စာကို ပြနေတုန်းရှိသေးသည်။
၁၈။ ကျွန်တော်သည် ရန်ကုန်မှာနေတာ ၆–နှစ်ရှိသွားပြီ။

၁၉။ ဦးနုသည် ရန်ကုန်မှာနေတာ သုံးနှစ်ရှိသွားပါပြီ။
၂၀။ မခင်ထားရီသည် ၁၉၅၂–ခုနှစ်ကထဲက (ယခုထက်ထိ) စာပြနေတုန်းရှိသေးသည်။

(7) PAST PERFECT

အတိတ်ကာလတွင် ကြိယာနှစ်ခု ရှိသည့်အနက် ပထမပြီးသော ကြိယာကို Past Perfect ဖြင့်ရေး၍ နောက်မှပြီးသော ကြိယာကို Simple Past ဖြင့် ရေးရမည်။ Past Perfect ကို အခြား ကြိယာ တစ်ခုရှိမှသာ သုံးရ၏။ သူ့ချည်း တစ်လုံးတည်းသက်သက် မသုံးရ။ အများအားဖြင့် when, before, after, for တို့ဖြင့် ဆက်၍ ရေးလေ့ရှိသည်။

1. Main Clause Simple Past after Past Perfect
2. Main Clause Simple Past after as soon as
3. Main Clause Simple Past after when
4. Main Clause Perfect before Simple Past

1. She told me his name after he had left. (ထွက်သွားဒါက အရင် ပြောဒါက နောက်) 2. He had told me his name before he left. (ပြောဒါကအရင် ထွက်သွားဒါက နောက်) 3. The teacher went back after he had taught students English. (စာပြဒါကအရင် ပြန်ဒါကနောက်) 4. The teacher had gone to Shwedagon before he came to school. (ဘုရားသွားဒါကအရင် ကျောင်းလာဒါက နောက်) 5. As soon as you had called, I came to you. (ခေါ်ဒါကအရင် ပြန်ဒါကနောက်) 6. Students went back as soon as the bell had rung. (ဘဲတီးဒါကအရင် လာဒါက နောက်) 7. She came to me when I had called her. 8. Students went back when the bell had rung.

ကိုးကားချက်

The student should note that the Past Perfect Tense cannot be used alone but must always be used together with some past tense stated or implied.

Graded Exercises in English.

Here we have usual use of the Past Perfect, to describe one happening in the Past that took place before another happening in the past.

Improve Your English.

လေ့ကျင့်ခန်း

အောက်ပါ ဝါကျများတွင် ပေးထားသော ကြိယာများကို Past Perfect နှင့် Simple Past မှန်အောင် ပြင်၍ ထည့်ပေးပါ။

1. She told me his name after he (leave). 2. He (do) nothing before he saw me. 3. My friend enjoyed his food as soom as he (taste) it. 4. He thanked me for what I (do). 5. I (be) sorry that I had hurt him. 6. After they had gone. I (sit) down and (resty). 7. Did you post the letter after you (write) it? 8. As soon as you (go), I wanted to see you again. 9. They dressed after you (write). 10. After I had heard the news, I (hurry) to see him. 11. She told me her name after I (ask) her twice. 12. Before we (go) very far, we found that we (lose) our way. 13. After you (go). I went to sleep. 14. I read the book after I (finish) my work. 15. When we arrived, the dinner already (begin).

(8) FUTURE PERFECT

သတ်မှတ်ထားသော အနာဂတ်အချိန်တွင် အလုပ်တစ်ခုခု ပြီးစီးလိမ့်မည်ဟု ပြောလိုသောအခါ Future Perfect ဖြင့် ရေးရ၏။ Time Adverb အချိန်ပြ ဇယားရှေ့တွင် By နှင့် Before ကို ထား၍ ရေးသားလေ့ရှိ၏။

(By) ဖြင့် အသုံးများ၏။ By ကို မတိုင်မီလောက်မှာဟု ဘာသာပြန်ရမည်။

We shall have read our test book by the end of the year.

You will have read half of the book before the summer holiday.

Future Perfect ကို before, when တို့ဖြင့် ဆက်၍ အရေးများ၏။

အချုပ်မှတ်ရန် ဇယား

Main Clause Future Perfect ....When
Simple Present.

Main Clause Future Perfect ....before
Simple Present.

ပုံစံ

1. I shall have sewn your shirt before you come back from the bazaar.
   သင် ဈေးကပြန်မလာခင် သင်၏ အင်္ကျီစကို ချုပ်ပြီးဖြစ်လိမ့်မည်။
2. U Mya will have built his house when I come back from Mandalay.
   ကျွန်ုပ် မန္တလေးက ပြန်လာသောအခါ ဦးမြသည် သူ၏အိမ်ကို ဆောက်ပြီးဖြစ်နှင့်လိမ့်မည်။

လေ့ကျင့်ခန်း

အောက်ပါ ဝါကျများတွင် ကြိယာများကို Simple Present နှင့် Future Perfect မှန်အောင်ပြင်၍ ထည့်ပေးပါ။

1. By next June he (write) his second novel. 2. Before his next visit here he (return) from a world tour. 3. Before you (go) to see them they (leave) the country. 4. He (finish) this work before you leave. 5. By the end of the summer he (teach) us to speak English. 6. By this time next week you (meet) my boy friend Mg Khin. 7. When you come back he already (buy) the house. 8. The meeting (finish) by the time we get there. 9. By next month he (sell) all his furniture. 10. In 1850 he (be) dead for ten years. 11. By next Sunday you (stay) with us for five weeks. 12. He (take) this examination by his next birthday. 13. By the end of this year he (fly) more than a million miles. 14. I hope: when you have finished this exercise, you (not make) many mistakes in it. 15. The horse race (start) before we even leave home.

CAUSATIVE USE OF "HAVE"

အလုပ်တစ်ခုကို ကိုယ်တိုင်မလုပ်ဘဲ အခြားတစ်စုံတစ်ယောက်အား ပြုလုပ်ခိုင်းသောအခါ verb to have + noun + Past Participle ဖြင့် ရေးရ၏။

တစ်စုံတစ်ယောက် လုပ်ခိုင်းသည်ဟု ဘာသာပြန်ရမည်။ Past Participle သည် Transitive ကံရှိကြိယာဖြစ်ရ၏။ ၎င်းကြိယာ၏ ရှေ့ရှိ နာမ်ပုဒ်သည် ၎င်းကြိယာ၏ ကံပုဒ်ပင် ဖြစ်၏။

(have အစား got, get ကိုလည်း သုံးနိုင်သည်၊)

I have my shoes cleaned.
I get my shoes cleaned.
ကျွန်ုပ်သည် တစ်စုံတစ်ယောက်အား ဖိနပ်များတိုက်ခိုင်းသည်။
(ကျွန်ုပ်ဖိနပ်တွေတိုက်ခဲ့သည်)
She has her pencil sharpened.
She gets her pencil sharpened.
သူမသည် တစ်စုံတစ်ယောက်အား သူမခဲတံကို ချွန်ခိုင်းသည်။
(သူမခဲတန်ချွန်ခဲ့သည်)

၄-ဝါကျ ပြောင်းနည်း

၄-ဝါကျ ပြောင်းလိုလျှင် does, do, did ဖြင့် ပြောင်းရမည်။

1. The teacher has the blackboard cleaned. Does the teacher have the blackboard cleaned? The teacher does not have the blackboard cleaned. Does the teacher not have the blackboard cleaned? 2. Do you have your house painted? 3. I do not have my shirt, washed. 4. Did he have a book bought? 5. I shall not have my meal cooked. 6. Will you have house painted?

Causative form ဖြင့် ပြင်ရေးခဲ့ပါ

1. We must paint our house soon. 2. I should shine my shoes. 3. I shall put those partitions tomorrow. 4. I expect to repair my radio soon. 5. I shall deliver the notices to everyone without fail. 6. I shall bring all those papers to the meeting. 7. I shall refill this bottle of medicine. 8. I mailed those letters yesterday. 9. My wife cleaned my clothes. 10. I have pressed my suit.

ARTICLE အာတိကယ်လ်

"a" နှင့် "an" ကို Indefinite Article ခေါ်၍ "the" ကို Definite Article ဟု ခေါ်သည်။

ကျွန်ုပ်တို့ အင်္ဂလိပ်ဘာသာ ဝါကျတစ်ခုတွင် နာမ်ပုဒ်တစ်ခုကို အသုံးပြုသောအခါ–

(က) ရံခါ Article လုံးဝမပါဘဲ သုံး၏။

(ခ) ရံခါ "a" နှင့် သို့မဟုတ် "an" တွဲသုံး၏။

(ဂ) ရံခါ "the" နှင့် တွဲသုံး၏။

မည်သည့်အခါ အာတိကယ်လ် မပါဘဲသုံး၍ မည်သည့်အခါ "a" သို့မဟုတ် "an" ကို သုံးပြီးလျှင် မည်သည့်အခါ "the" နှင့် တွဲသုံးရမည်ဟု တိတိကျကျ ကွဲကွဲပြားပြား သိသာရန် အလွန် အရေးကြီး၏။

မြန်မာဘာသာ ပါဠိဘာသာနှင့် အခြားဘာသာများတွင် နာမ်ပုဒ်ကို Article နှင့် တွဲ၍ ရေးရိုး၊ ပြောရိုးမရှိသဖြင့် Article အကြောင်းကို သင်ကြားရာ၌ များစွာ အခက်အခဲတွေ့ရ၏။ ကျောင်းသားငယ်များသာမက တက္ကသိုလ်ရောက် အိုင်အေ, ဘီအေ ကျောင်းသားကြီးများပင် မကြာခဏ မှားယွင်းစွာ ရေးသားပြောဆိုတတ်သည်ဟု တက္ကသိုလ်ကထိက စာစစ်ဆရာကြီးများက ဆိုထား၏။

ဗြိတိသျှကောင်စီ၏ ကမ္ဘာလှည့် ကထိက ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာ ကထိက အင်္ဂလိပ်လူမျိုး Mr. Morgan ကိုယ်တိုင်က အာတိကယ်လ် အကြောင်းကို နားလည်အောင် သင်ပြရန် သူကိုယ်တိုင် အခက်အခဲတွေ့ရကြောင်းနှင့် တပည့်များအဖို့လည်း သိရန်မလွယ်လှကြောင်းကို အောက်ပါအတိုင်း မှတ်ချက်ချ၍ သတိပေးထားလေသည်။

The use of three little words gives most students more trouble than anything else in the learning of English.

It's no use pretending that the mater is easy. I find the use of articles one of the most difficult

things to teach, so it is plainly not one of the easiest things to learn.

သို့ရာတွင် သဒ္ဒါကျမ်းပေါင်း ၂၀-ကျော်ကို လေ့လာပြီးမှ တီထွင်ထားသော အောက်ပါမူသေဥပဒေသသုံးချက်ကို မှတ်မိနားလည်ထားလျှင် သင်သည် အာတီကယ်လ်ကို မှန်ကန်စွာ သုံးနိုင်ပါလိမ့်မည်။

U Noun C noun
အခွဲကို စာမျက်နှာ ၃၅-တွင် ပြန်လေ့လာထားပါ
ဥပဒေသ (၁)

(က) ကမ္ဘာပေါ်ရှိ အားလုံးကို ခြုံ၍ပြောဆိုသော Uncountable noun များနှင့် Countable noun ဗဟုဝုစ်ကိန်းများ ရှေ့တွင်လည်းကောင်း၊

(ခ) ဝါကျတွင် ပထမဆုံး သာမည ပြောဆိုသော Uncountable noun နှင့် Countable noun ဗဟုဝုစ်ကိန်းများ ရှေ့တွင်လည်းကောင်း Article လုံးဝမရှိရ။

Cotton is lighter than water.

Gold is more valuable than silver.

Tigers live in dense forests.

Women like flowers.

အထက်ပါ ဝါကျများတွင် ကမ္ဘာပေါ်ရှိ ဝါဂွမ်း-ရေ-ရွှေ-ငွေ-ကျား-မိန်းမများအကြောင်းကို ပြောသောကြောင့် ၎င်းနာမ်များရှေ့တွင် Article မပါ။

I take tea.

She drinks milk everyday.

There are books on my desk.

Students are in the class.

ကမ္ဘာပေါ်ရှိ လဘက်ရည်နို့ကို မသောက်၊ စားပွဲစောင်းနှင့် အတန်းထဲတွင် ကမ္ဘာပေါ်ရှိ စာအုပ်များ၊ ကျောင်းသားများ ရှိသည်

မဟုတ်၊ ဝါကျတွင် ပထမဆုံး သာမည ပြော၍ Article မပါဘဲ သုံးရသည်။

ဥပဒေသ (၂) A, An အသုံး

အမျိုးတူ အများထဲမှတစ်ခုကို ပထမဆုံးအကြိမ် သာမည ပြောဆိုသောအခါ Countable noun ကေဝုစ်ကိန်းရှေ့တွင် A သို့မဟုတ် An ရှိရမည်။ (A နှင့် An) သုံးပုံကို စာမျက်နှာ (၅၀) တွင် ပြန်ကြည့်ပါ။

Open a window.
ပြတင်းပေါက်အများထဲမှ တစ်ပေါက်ကို ဖွင့်လိုက်ပါဟု ဆိုလို၏။

U Mya is painting a chair.
ကုလားထိုင်အများ ရှိသည့်အနက် တစ်လုံးကို ဆေးသုတ်နေသည်။

I gave my book to a student.
ကျောင်းသားများထဲမှ သာမည တစ်ယောက်ကို ပေးလိုက်၏။

You can eat a mango.
သရက်သီး သုံးလေးလုံးရှိသည့်အနက် ကြိုက်ရာတစ်လုံးကို စားဟု ဆိုလိုသည်။

ဥပဒေသ (၃) The သုံးပုံ

(က) ရှေ့ဝါကျတွင် တစ်ကြိမ်ပြောဆို ရေးသားပြီးသော နာမ်များ။
(ခ) Pharse ခေါ် ပုဒ်စု Clause ခေါ် ဝါကျကဏ္ဍ တစ်ခုခုဖြင့် တိကျစွာ ပိုင်းခြားထားသော နာမ်များ။
(ဂ) မှုလကပင် တစ်ခုတည်း ရှိနေ၍ တိကျပြီး ဖြစ်နေသော နာမ်များရှေ့တွင် **The** ကိုထား၍ ရေးရမည်။

(က) I took tea.
The tea is too sweet.
A girl comes to me.

The girl is my niece.
There are many books in my cupboard.
I have read the books.

ပထမဝါကျတွင် ပထမဆုံးလည်းဖြစ် သာမညလည်း ပြောသောကြောင့် ဥပဒေသ (၁) အရ Article မပါဘဲ (၂) အရ A သုံးထား၏။ တစ်ကြိမ်ပြောပြီးဖြစ်သောကြောင့် ဒုတိယဝါကျရှိ ပုဒ်များရှေ့တွင် The ရှိရ၏။

(ခ) The book (on my table) is very interesting.
The water (in this well) is not pure.
The book (which I read) is yours.
The tea (which my mother made) is too sweet.
The students (whom I taught English) will pass exams.
Bring me the books (on your table).

အထက်ပါ ဝါကျများတွင် ပထမဆုံးပြောဆိုခြင်း ဖြစ်သော်လည်း သာမညမဟုတ်၊ ၎င်းပုဒ်များနောက်မှ လက်သဲကွင်းအတွင်း ပြထားသော Phrase, Clause များဖြင့် တိကျစွာ ပိုင်းခြားပြထားသောကြောင့် The ဖြင့် ရေးရ၏။

(ဂ) The moon moves round the earth.
The earth moves round the sun.
Ships are on the sea.
Birds can fly in the sky.
U Ba is the Minister of Health.
U Maung, the Director General

went to Mandalay.
လ၊ ကမ္ဘာ၊ နေ၊ ပင်လယ်၊ ကောင်းကင်၊ ကျန်းမာရေးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်တို့ တစ်ယောက်တစ်ခုသာရှိ၍ The ဖြင့် ရေးရ၏။

Open the door.
(တံခါးတစ်ခုသာရှိသည်။)
Ma Mya sleeps in the room.
(သူ့အိမ်မှာ အခန်းတစ်ခုသာ ရှိသည်။)

မှတ်ချက်။ ။ ဤနံပါတ် (၁) (ဂ) ကို နံပါတ် (၂) နှင့် နှိုင်းယှဉ်၍ ကြည့်ပါ။

အခြားသိမှတ်ဘွယ်များ

(က) ပင်လယ်အမည်၊ မြစ်အမည်၊ သမုဒ္ဒရာအမည်၊ တောင်တန်းအမည်များ တစ်ခုတည်းရှိသောကြောင့် ဤဥပဒေသ (၃) (ဂ) အရ ၎င်းတို့ရှေ့တွင် the ရှိရမည်။

The Red sea. ပင်လယ်နီ။
The Indian Ocean. အိန္ဒိယသမုဒ္ဒရာ။
The Ayeyawadi River. ဧရာဝတီမြစ်။
The Thame. သိမ်းမြစ်။
The Ganges. ဂင်္ဂါမြစ်။
The Hendus. ဣန္ဒုမြစ်။
The Alps. အဲလ်ပတ်တောင်တန်း။
The Rockly Mountains. ရော့ကီးတောင်တန်း။
The Himalayas. ဟိမဝန္တာတောင်တန်း။

(ခ) နာမည်များနောက်တွင် နာမ်ပုဒ်တစ်ခု ပါသောအခါ တစ်တည်းရှိ၍ ဥပဒေသ (၃) (ဂ) အရ The နှင့် ရေးရသည် Proper Adjective ဟုခေါ်၏။

The Shwedagon Pagoda. ရွှေတိဂုံဘုရား။
The Mandalay Hill. မန္တလေးတောင်တော်။
The Yangon City Hall. ရန်ကုန်မြို့တော်ခန်းမ။
The Dagon Lwin Express ဒဂုံလျှင် အမြန်ရထား။

(ဂ) Superlative အမြတ်စား နာမဝိသေသနရှေ့တွင် တစ်ခုတည်းရှိသောကြောင့် the အမြဲပါရမည်။
The best boy.
The most beautiful girl.
The largest box.

(ဃ) လူ၊ မြို့၊ ရွာ နာမည်များရှေ့တွင် Article မသုံးရ။
U Thaung Lwin, Ma Yee, Ma Tin Yee, Yangon, Myanmar, Engla nd, Mandalay, London.

ချွင်းချက်

The Soviet Union. The United States.
The Union
of Myanmar.
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

အချုပ်မှတ်ရန်

၁။ (က) အားလုံးကိုခြုံပြောသော U noun.
(ခ) ပထမဆုံး သာမညပြောသော U noun.
(ဂ) အားလုံးကို ခြုံပြောသော C noun ဗဟုဝုစ်။
(ဃ) ပထမဆုံး သာမညပြောသော C noun ဗဟုဝုစ်များရှေ့တွင် Article လုံးဝမရှိရ။

၂။ အမျိုးတူ အများထဲမှ တစ်ခုကို ပထမဆုံး သာမည ပြောသော C noun ကေဝစ်ရှေ့တွင် A သို့မဟုတ် An ရှိရမည်။

၃။ (က) ပထမတကြိမ် ပြောပြီးရေးပြီးသော။
(ခ) နောက်မှ Phrase, Clause တို့ဖြင့် ပိုင်းခြားကန့်သတ်ထားသော။
(ဂ) မူလကပင် တစ်ခုတည်းရှိသော နာမ်ပုဒ်များ၊ရှေ့တွင် the ကို ထား၍ ရေးရမည်။

တစ်နည်း အချုပ်မှတ်ရန်

(1) U noun နှင့် C noun ဗဟုဝုစ်ကိန်းနာမ်ကို သုံးလျှင်
(က) Article မပါဘဲ သုံးရမည်လား
(ခ) the နှင့် သုံးရမည်လားဟု စဉ်းစားရမည်။
(2) C noun ကေဝစ်နာမ်ကိုသုံးလျှင်
(က) A, An နှင့် သုံးရမည်လား၊
(ခ) the နှင့် သုံးရမည်လားဟု စဉ်းစား၍ ရေးရမည်။

အောက်ပါ နာမ်ပုဒ်များရှေ့တွင် A, the လိုအပ်က ထည့်၍ မလိုအပ်က ကြက်ခြေခတ်ပြပါ။

1. ( ) dogs are faithful annimls. 2. ( ) books on the table are mine. 3. ( ) fish live in ( ) water. 4. Bring me ( ) chair. I will sit on ( ) chair. 5. ( ) student slept in the class. ( ) student was punished. 6. ( ) boys in the class are writing. 7. ( ) tigers never eat ( ) fruits. 8. U Mya went to ( ) village. He spent three days at ( ) village. 9.

( ) trees in my gardern are mango trees. 10. ( ) book on ( ) table is mine. 11. ( ) door of the house is very strong. 12. ( ) pen in my hand is a parker. 13. ( ) tigers live in ( ) dense forests. 14. ( ) knives are made of ( ) steel. 15. ( ) students who are learning New Method Grammar will pass ( ) examination. 16. ( ) Students want to pass ( ) examination. 17. ( ) girl whom you met is my sister. 18. ( ) sentences which you wrote are all correct. 19. ( ) boy sleeping in the class will be beaten. 20. ( ) students are in the class. U Mya is teaching ( ) students English. 21. I took ( ) tea. ( ) tea was too sweet. ( ) tea was not hot. 22. He had ( ) coffee. ( ) coffee was made by his mother. ( ) coffee was very good. 23. My mother bought ( ) flowers. I offered ( ) flowers to Buddha. 24. U Mya is painting ( ) chair. He bought ( ) chair from Mandalay. 25. Ma Tin Yee is washing ( ) plates. She will put ( ) plates on the table. 26. We drink ( ) water. ( ) water was not cold. 27. My table was made of ( ) teak.

( ) teak was bought from U Mya's shop. 28. ( ) coffee which you made is too sweet. 29. Do not drink ( ) water in the pot. 30. I sold ( ) cotton in my godown. 31. She cooked ( ) rice bought by me. 32. ( ) oil is one of ( ) most important products of Rumania. 33. ( ) machines which we ordered from ( ) Pittsburgh arrived this morning. 34. ( ) largest river in ( ) Germany is ( ) Rhine. 35. ( ) Holland tunnel runs under ( ) Hudson River and connects ( ) Manhattan with ( ) New Gersey. 36. ( ) climate of ( ) southern Italy is very warm. 37. ( ) capital of ( ) United States is ( ). Washington, but ( ) capital of ( ) New York is ( ) Albany. 38. ( ) Mississipi is ( ) largest river in ( ) United States. 39. ( ) Hudson River empties into ( ) Atlantic Ocean. 40. Which is ( ) longest river in India? 41. Only ( ) best quality is sold by us.

Exam Section

စာမေးပွဲကဏ္ဍ

နည်းသစ်အင်္ဂလိပ်သဒ္ဒါကို ၁၉၆၁ ခုနှစ်မှ စတင်ထုတ်ဝေခဲ့သည်။ ထို့ကြောင့် နည်းသစ်အင်္ဂလိပ်သဒ္ဒါ Exam Section စာမေးပွဲကဏ္ဍတွင် ထိုအချိန်က သင်ရိုးညွှန်းတမ်းနှင့်အညီ မေးတတ်သော မေးခွန်းများ ဖြေဆိုနည်းများကို ပြခဲ့သည်။ နမူနာပုစ္ဆာများအနေနှင့်လည်း ၁၉၅၇ မှ ၁၉၆၀ ခုနှစ်ထိ မေးခွန်းဟောင်းအချို့ကို ပြခဲ့သည်။

အခြေခံပညာအထက်တန်းစာမေးပွဲ အင်္ဂလိပ်ဘာသာသင်ရိုးညွှန်းတမ်းနှင့် မေးခွန်းပုံစံသစ်ကို ၁၉၉၃ ခုနှစ်မှစ၍ ပြောင်းလဲခဲ့သည်။ ထို့ကြောင့် နည်းသစ်အင်္ဂလိပ်သဒ္ဒါ Exam Section စာမေးပွဲကဏ္ဍကိုလည်း မေးခွန်းပုံစံသစ်နှင့်အညီ ပြင်ဆင်ရေးသားလိုက်ပါသည်။

၁၉၉၄ အင်္ဂလိပ်ဘာသာ မေးခွန်းဟောင်း

1994

**BASIC EDUCATION HIGH SCHOOL EXAMINATION
MYANMAR BOARD OF EXAMINATIONS**

ENGLISH **Time allowed: (3) Hours**

I. Read the passage.

Then in the dead of night, accompanied by her bodyguard, the princess went from house to house, throwing the shawl onto the roof of one dwelling after another. From the roof of very house the shawl slid down to the ground, but the princess went on and on from one house to another. It was nearly dawn when she reached a poor man's hut at the edge of the last village in her father's kingdom. She threw the shawl onto the roof of this miserable hut, and there it remained on the roof.

Now, the princess was quite certain that the man asleep within the hut was her destined husband. So she dismissed her bodyguard, and went into the hut. She spoke gently to the man sleeping inside, "Wake up, dear".

(A) Write the correct word or words to complete each sentence. (5 marks)

(1) The princess' .... accompnied her.
(2) She went from house to house in the ....
(3) The shawl slid down to .... from the roof of every house.
(4) On the roof of the miserable hut, the shawl did not slide down but .... there.
(5) The princess went inside the hut without ....

(B) Answer each question in one sentence. (5 marks)

(6) What did the princess do whenever she reached a house?
(7) Where did the poor man live?
(8) What kind of hut did the man live in?
(9) What was the man doing when the princess went inside the hut?
(10) What did she tell the man?

II. Fill each numbered blank with a word from the list given.

Write down only the number of the blank and the word that fills it. (10 marks)

adventure	in	of	the	to
doubt	let	on	the	traveller
had	narrator	stories	their	was
in	not	the	they	young

In a village there lived four young men, and they could make up strange and impossible tales. One day they espied a traveller resting .....(1).... the rest house outside the village and he .....(2).... wearing fine clothes. The young men conspired ....(3).... cheat him of his fine clothes. So ....(4)... went to the traveller and engaged him ....(5).... conversation. After some time one of the ...(6).... men suggested, " Let us make a bet, ...(7)... each of us tell his most wonderful ....(8)... and any one doubting the truth of ....(9).... story shall become the slave of the ...(10)...". When the traveller agreed to the suggestion, ...(11)... young men smiled to themselves thinking the ...(12).... to be an old fool. They did ....(13).... suspect that the traveller could tell impossible ...(14)... and, even if he could, they merely ....(15)... to say that they believed his story ....(16).... the other hand, they expected that as ....(17).... stories would be so strange and impossible, ...(18).... traveller would forget himself and express his ....(19).... as to the truth of the stories. ....(20).... course they did not really mean to make him their slave, but they meant to claim the clothes of the traveller.

III. Write the appropriate words of groups of words to complete the sentences and lines of verse. (10 marks)

(1) In "Excellent Choice", the king wished to see his daughter .... to a good man.

(2) "Wear .... as you ride", she said, "and take a bite of it whenever you feel hungry"

(3) The king was so hungry that he exchanged his .... with the shorea leaves pedlar's soybean cap.

(4) The traveller told the four young men to ...... their clothes and give them to him.

(5) The Galon-Bird assumed human form and waited by the sea as a .... for the Dragon to come out of the sea.

(6) No time to stand beneath ....
And stare as long as sheep or cows:

(7) So is the beauty
Of an ....

(8) I chatter, chatter as I flow
To join the ....

(9) I move the sweet ....
That grow for happy lovers.

(10) A poor life this if, full of care
We have no time to ....

IV. Give complete answers to these question. (10 marks)

(1) In "Excellent Choice", what did the princess buy her husband so that he could join the sambar hunt?

(2) Who told Khun San Law that his mother hac been very cruel to his wife?

Say something about these lines (from your prescribed text.)

(3) Who said these words and to whom were they said?
Which story are the words from?
"Who are you? And what do you want?"

(4) Who said these words and to whom were they said? What do they mean?
"I shall follow you soon, and we shall become twin stars in the sky and we shall be together until this words ends."

(5) What do these lines mean?

As the spent radiance
Of the winter sun,
So is a woman
With her travail done.

V. Read the passage.

The fourth young man then narrated his adventure. "Last year I went fishing in a boat but I could not catch a single fish. I asked other fishermen, and they said that they had not caught a single fish either. So, deciding to investigate what was happening at the bottom of the river, I jumped out of my boat and dived. After about three days I touched bottom, and I

discovered that a fish as huge as a mountain was eating up all the other fishes. I killed the fish with one blow of my fist ...."

Answer these questions. Give complete answers. (10 marks)

(1) When did the young man say he went fishing?

(2) What did other fishermen tell him?
(3) Why did the young man dive into the river?
(4) How long did it take him to get to the bottom?
(5) What did he find there?

VI. Punctuate the following. (5 marks)

(1) the princess continued stop worrying about your poverty i will take care of it
(2) the king murmured my daughter you have indeed made an excellent choice
(3) you cannot help me rain cloud replied the prince
(4) where are you going the snake asked the traveller
(5) the pheasant said to the crow crow i like you let us stay together

VII.(A) Finish each sentence in such a way that it means exactly the same as the sentence that is given. (5 marks)

(1) " I wish to speak to your father ", said the teacher to the boy.
The teacher told ....

(2) People are not allowed to walk on the grass in public gardens.
No one ....

(3) When she woke up it was almost noon.
By the time ....

(4) Min Zaw watered the plants and then went to join his friends.
After Min Zaw ....

(5) " Who has stolen my watch?" she said.
She wanted to know ....

(6) His father beat him for not attending classes regularly.
He ....

(7) If we do not hurry, we will miss the boat.
Unless ....

(8) Both the brothers are not to be trusted.
Neither of ....

(9) Although it is very heavy he can carry it.
In spite of ....

(10) No one in our class is as clever as Tun Tun.
Tun Tun is ....

(B) Using the prompts given, with a very short paragraph on ONE of the following: (5 marks)

The Accidents the King escaped from

- because of the curse of the guardian spirits of the wood, the king many accidents
- first, branch of tree fell
- second, bridge collapsed
- third, palace stairs tumbled down
- fourth, chamber doors closed in
- finally, viper in bed

(OR)

The Traveller's Story

- years ago, cotton farm
- one cotton tree unusua'ly big, bright red in colour but for long time no leaf or branch
- later four branches

appeared but no leaves, only a fruit each
- plucked fruits, cut them open
- a young man jumped out each fruit
- young men worked on traveller's farm, lazy fellows, ran away
- traveller searching for them since then, now have found them

VIII. Write a letter to a friend telling him / her how you will spend the summer holidays usefully.
(OR) (10 marks)
Write a letter to your aunt asking her to buy you a watch for your birthday.

IX. Write an essay of three paragraphs on ONE of the following. (15 marks)

The best month of the year

(OR)

An interesting story I've read

အထက်ပါ မေးခွန်းပုံစံကို လေ့လာသောအခါ အခြေခံပညာ အထက်တန်းစာမေးပွဲ အင်္ဂလိပ်ဘာသာတွင် ၃ နာရီ မေးခွန်းတစ်ခု

သာ ဖြေရမည်။ ထိုမေးခွန်းတွင် ပုစ္ဆာနံပါတ် (I) မှ (IX) အထိ (၉) ပုစ္ဆာပါမည်။ ပုစ္ဆာနံပါတ် (I) မှ (V) အထိသည် ပြဋ္ဌာန်းဖတ်စာအုပ် မြန်မာ့ပုံပြင်လက်ရွေးစင်စာအုပ်မှ မေးခွန်းများဖြစ်၍ ငါးပုစ္ဆာအတွက် အမှတ်(၅၀) ပေးထားသည်။

ပုစ္ဆာနံပါတ် (VI) မှ (IX) အထိ (၄)ပုစ္ဆာသည် ပြဋ္ဌာန်းစာအုပ်မှ အလွတ် Grammar and composition = သဒ္ဒါနှင့် စာစီစာကုံးမေးခွန်းဖြစ်၍ အမှတ်(၅၀) ပေးထားသည်။

သဒ္ဒါနှင့်စာစီစာကုံးကို ထပ်ခွဲလျှင် ပုစ္ဆာနံပါတ်(VI) Punctuation = ပုဒ်ဖြတ်ပုဒ်ရပ်နှင့် (VII-A) Stylistic Transforms ပေးထားသောဝါကျကို အဓိပ္ပါယ်မပြောင်းစေဘဲ ရေးဟန်ပြောင်းနည်းနှစ်ပုစ္ဆာသည် Grammar သဒ္ဒါမေးခွန်းဖြစ်၍ အမှန်ဖြေနိုင်လျှင် ဂဏန်းသင်္ချာပုစ္ဆာမှာကဲ့သို့ ၁၅ မှတ်အပြည့်ရနိုင်သည်။(VII B) (VII) နှင့် IX တို့မှာ Paragraph Writing = စာပိုဒ်ရေးနည်း Letter Writing = ပေးစာ ပြန်စာရေးနည်းနှင့် Essay=အစမ်းစာရေးနည်း စာစီစာကုံးပုစ္ဆာများဖြစ်၍ (၃၅) မှတ်ပေးထားသည်။

အခြေခံပညာအထက်တန်းပုစ္ဆာ (၉)ခုအနက် သဒ္ဒါနှင့် စာစီစာကုံးဆိုင်ရာ ပုစ္ဆာ(၄)ခု အမှတ်(၅၀)အတွက်ကိုသာလျှင် ဤစာမေးပွဲကဏ္ဍ၌ ဖော်ပြမည်ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ ပုစ္ဆာ(၅)ခုအတွက် စာမေးပွဲကဏ္ဍတွင် သီးခြားမပြသော်လည်း အင်္ဂလိပ်ဘာသာဖြင့် ရေးဖြေရာ၌ အင်္ဂလိပ်သဒ္ဒါစည်းကမ်း စာစီစာကုံးစည်းကမ်းများနှင့်အညီ ဖြေဆိုရမည်ဖြစ်၍ နည်းသစ်အင်္ဂလိပ်သဒ္ဒါစာအုပ်သည် အခြေခံပညာအထက်တန်း အင်္ဂလိပ်ဘာသာ မေးခွန်းအားလုံးအတွက်

သာမက တက္ကသိုလ်စာမေးပွဲ အလုပ်ဝင်စာမေးပွဲများ အလုပ်ခွင်ဝင် နေသူများအတွက်ပါ အားကိုးအားထား လေ့လာနေကြသည့် စာအုပ် ဖြစ်ပါသည်။

သဒ္ဒါနှင့် စာစီစာကုံးဆိုင်ရာ မေးခွန်း(၄)ခုအနက် အမှတ်(၁၀) မှတ် အတိအကျရနိုင်၍ ကျန်စာစီစာကုံးပုစ္ဆာများအတွက်ပါ အထူး အထောက်အပံ့ပြုမည့် **(VII A) Stylistic Transforms** ဝါကျ ပြောင်းမေးခွန်းဖြေနည်းများကို **ဦးစွာဖော်ပြပါသည်။**

အဖြေတစ်ခုစီ၏နောက်တွင် ထိုပုစ္ဆာက မည်သည့်ဝါကျမျိုးကို မည်သည့်ဝါကျမျိုးသို့ ပြောင်းခိုင်းခြင်းဖြစ်ကြောင်း ထိုသို့ပြောင်းရာ၌ လိုက်နာမှတ်သားရမည့် **ပုံသေနည်းဥပဒေသများ**ကိုပါ ရှင်းလင်းဖော် ပြထားပါသည်။ ထိုဝါကျမျိုးပြောင်းလဲရေးတတ်ရန် နည်းသစ်အင်္ဂလိပ် သဒ္ဒါစာအုပ် စာမျက်နှာ ( ) တွင် ဖော်ပြထားသဖြင့် အကျယ်ဖော် ပြချက်ကို ထိုအညွှန်းပါစာမျက်နှာ၌ လေ့လာမှတ်သားကြရန် တိုက် တွန်းထားပါသည်။

၁၉၉၃ /၉၄ မေးခွန်းများကို နမူနာယူ၍ ၁၉၈၇ မှ ၁၉၉၄ ခုနှစ်အထိ အခြေခံပညာအထက်တန်း CE နှင့် AE တို့တွင်မေးခဲ့ သော Stylistic Transforms မေးခွန်းဟောင်းများနှင့် ဖြေဆိုနည်း ပုံသေနည်းများကိုပါ အပြည့်အစုံ ဖော်ပြထားပါသည်။

FROM 1993 OLD QUESTION.

VIIA. Finish each sentence in such a way that it means exactly the same as the sentence that given.

(1) I turned back because didn't see anyone in the house.

Not seeing ....

Not seeing anyone in the house I turned back.

(because ဖြင့်ဆက်ထားသော subordinate clause အကြောင်းပြအမှီဝါကျကဏ္ဍကို Present Participle ပြောင်း၍ Simple sentence ဝါကျရိုးတစ်ခုဖြစ်အောင် ပြောင်းရေးနိုင်ခြင်းဖြစ်သည်။ because နေရာတွင် as, since သမ္ဗန္ဓများထည့်ပေးထားလျှင်လည်းအဖြေတူဖြစ်သည့် for, Therefore, so သမ္ဗန္ဓများဖြင့်ပေးထားလျှင် ၎င်းတို့ရှေ့က အကြောင်းပြဝါကျကဏ္ဍကို Present Participle ပြောင်းရမည်။

I did not see anyone in the house so I returned back.

Not seeing ....

Not seeing anyone in the house I returned back ဟု ပြန်ရေးနိုင်သည်။

(နည်းသစ် ၄၁၈–၄၂၅ မှာလေ့လာပါ)

(2) Studying regularly is a good habit.

It is a ....

It is a good habit to study regularly.

(gerund ခေါ် ကြိယာနာမ် (ing ဆက်ပုဒ်)ကတွားကို to infinitive ပြောင်း၍ ဝါကျနောက်ပိုင်းသို့ရွှေ့ပြီး ၎င်းအစား ၎င်းနေရာတွင် It ကိုထည့်၍ style တစ်မျိုးဖြင့်ရေးပြောခြင်းဖြစ်၏။ good/ bad manner, custom, exercise, idea, easy job, difficult job စသည်ကို It is a .... နောက်တွင်ထား၍ ရေးနိုင်သည်။

(နည်းသစ် ၄၁၇ Phrase Openings ကိုလေ့လာပါ)

(3) This car is too small for ten people.
This car is not ....
This car is not large enough for ten people.

(too+adjective ပါဝါကျကို ပေးထားပြီး၊ ၎င်းကတ္တား နှင့်ပင် ကြိယာတွင် not ထည့်၍အငြင်းဝါကျ ပေးထားပါက နာမဝိသေသနပုဒ်၏ ဆန့်ကျင်ဘက် နာမဝိသေသန+enough နှင့် ပြန်ရေးပေးရသည်။

အပြန်အလှန်အားဖြင့် not+adjective+enough နှင့်ပေးထားလျှင် too+ဆန့်ကျင်ဘက်နာမဝိသေသနနှင့် ပြန်ရေးပေးရမည်။

(နည်းသစ် ၄၁၃)

(ဆန့်ကျင်ဘက်နာမဝိသေသနပုဒ် opposite word များနည်းသစ် ၆၉-၇၀-၇၁ မှာကျက်ထားပါ)

(4) He passed the examination although he was ill.
Inspite of ....
Inspite of his illness, he passed the examination.

(although, though နှင့် ဆက်ထားတဲ့အမှီဝါကျကလွှာ **but, yet, still, however** နဲ့ဆက်ထားတဲ့ အဆင့်တူဝါကျကလွှာတွေကို နာမ်ပုဒ် နာမ်ပုဒ်စုပြောင်းပြီး Inspite of သို့မဟုတ် **Despite** ရဲ့နောက်မှာထားပြီး style တစ်မျိုးပြောင်းပြီး ရေးနိုင်ပြောနိုင်သည်။) (နည်းသစ် ၅၈၃)

(5)Few people realize the value of good health.
The value ....
The value of good health is realized by few people.
(Active voice ကတ္တားရှေ့ဆောင်ဝါကျကို ပေးထားပြီး ကံပုဒ် (ကံပုဒ်၏ အစိတ်အပိုင်း)ကို ဝါကျအစအဖြစ် ပေးထားလျှင် Passive voice ကံရှေ့ဆောင် ဝါကျပြောင်းရေးရမည်။ အပြန်အလှန် အားဖြင့် Passive voice ကံရှေ့ဆောင်ဝါကျနှင့် ကတ္တားပုဒ်ဝါကျ အစကို ပေးထားလျှင် Active Voice ဝါကျပြောင်းရေး ခိုင်းနိုင်သည်။ [နည်းသစ် ၂၀၀ မှ ၂၉၄]

(6) I was so tired that I fell asleep at once.
As I ....
As I was very tired, I fell asleep at once.
(So + adjective + That ဖြင့်ရေးထားသော အကြောင်းပြဝါကျကတ္တကို As, since သမ္ဗန္ဓများနှင့် ပြောင်း၍ So ကို Very သို့ပြောင်းကာ That ကိုဖျောက်၍ style တစ်မျိုးပြောင်းရေးနိုင်သည်။ အပြန်အလှန် ပြောင်းနိုင်သည်။

(7) The book will be returned next weak.
They ....
They will return the books next week.
(ကတ္တားမထင်ရှား ကတ္တားအရေးမကြီး ကတ္တားကို သိဖို့ မလိုသောအခါ ကတ္တားမပါသော Passive Voice ဖြင့် ရေးပြောကြသည်၊ ထိုကတ္တားမပါ Passive Voice ကို

Active Voice ပြောင်းနိုင်းလျှင် မထင်ရှား မရှိရာသော ကတ္တား They some one some people, တစ်ခုခု ကိုထည့်၍ Active Voice ပြောင်းပေးရမည်။ အပြန်အလှန် They, someone, people စသောမရေရာ မထင်ရှားကတ္တားပါ Active Voice ကို Passive Voice ပြောင်းနိုင်းလျှင် by them, by someone, by people စသော subject (ကတ္တား) ကို ချန်၍ ပြောင်းနိုင်သည်။ [နည်းသစ် ၂၈၀ မှ ၂၉၄]

(8) The manager said, ' our company is making progress '

The manager ....

The manager said that his company was making progress.

(Direct Speech ကိုပေးထား၍ Indirect Speech အစကို ပေးထားလျှင် Indirect Speech ပြောင်းခိုင်းခြင်း ဖြစ်သည်။ အပြန်အလှန် Indirect Speech ကိုပေးထားပြီး Direct Speech ပြန်ပြောင်းခိုင်းနိုင်သည်။ [နည်းသစ် ၃၈၀ မှ ၄၁၄

(9) Telephone rang as soon as I got home.

No sooner had ....

No sooner had I got home than telephone rang.

(as soon as သမ္ဗန္ဓပါတဲ့ Complex sentence နဲ့ No sooner had .... ပါကျအစကိုပေးထားလျှင် as soon as နောက်ကပါကျကို No sooner had

နောက်တွင်ဆက်ရေး၍ Than ထည့်ပြီး ကျန်ပါကျကာရွ
ကို ဆက်ရေးရသည်။

No sooner .... than တစ်မျိုး

had + just + V3 ....when ......V2 ပါကျနှင့်
No sooner ကိုပေးထားလျှင် just ကိုဖြုတ် had ကို
ကတ္တားရှေ့ပို့ when ကိုဖြုတ် ၎င်းနေရာ Than ထည့်၍
ဝါကျပုံစံတစ်မျိုး ပြောင်းရေးနိုင်သည်။
I had just got home when telephone rang.
No sooner ....
No sooner had I got home than telephone
rang.

(10)Si Si asked Ni Ni if she could solve the prob
lem.
Si Si said, ' ....?'
Si Si said, 'Ni Ni, can you solve the
problem?'
(Indirect speech အမေးကို ပေးထား၍ Direct
Speech ပြောင်းနိုင်းခြင်းဖြစ်သည်။ အမေးဝါကျနှင့်
အမိန့်ပေး တောင်းပန်ဝါကျ Direct Speech တွင်
ပါသော Vocative case အသုပ်ပုဒ် အခေါ်စကား
Ni Ni ကို Indirect speech တွင် တစ်ဆင့်ပြော
ကြိယာ၏ ကံပုဒ်အဖြစ် ပြောင်းပေးရသည်ကို အထူး
သတိပြုပါ။

ဤတွင် Indirect Speech က Direct speech ပြောင်းခိုင်းခြင်းဖြစ်၍ ရှေ့ကြိယာကံပုဒ် Ni Ni ကို Ni Ni, ဟု အာလုပ်ပုဒ်ပြောင်းရသည်ကို သတိပြုပါ။ [နည်းသစ် ၃၃၇ ၃၆၆]

From 1994 Old Question

VII.A Finish each sentence in such a way that it means exactly the same as the sentence that is given.

(1) 'I wish to speak to your mother,' said the teacher to the boy.
The teacher told ....
The teacher told the boy that he wished to speak to his father.
(Direct Speech ကို Indirect speech ပြောင်းခိုင်းခြင်းဖြစ်သည်။) တိုက်ရိုက်ပြောစကားကို အရင်ပြောပြီးမှ ဘယ်သူက ဘယ်သူ့ကို ပြောသည်ဟု နောက်မှပြောလျှင် ကြိယာပထမ ကတ္တားဒုတိယထား၍ ပြောပုံကို သတိပြုပါ။ Indirect speech ပြောင်းလျှင် He said, He told ဟု ရှေ့ကို ပြန်ပြောင်းရသည်ကို သတိပြုပါ။ Said to( ) ကို told ( ) သို့ပြောင်းရပုံ သတိပြုပါ။ Said နောက် to မပါလျှင် Indirect speech မှာ said ကို ပြန်သုံးရမည်။

(2) People are not allowed to walk on the grass in public garden.

No one ....
No one is allowed to walk on the grass in public garden.
(not ပါတဲ့အငြင်းဝါကျနဲ့ No one ဝါကျအစကိုပေးထားလျှင် afirmative ဝါကျဖြင့် ဆက်ရေးရသည်။)

(3) When she woke up it was almost noon.
By the time ....
By the time he woke up it was almost noon.
(When သမ္ဗန္ဓကို By the time နှင့် အစားထိုး၍ ရေးနိုင်သည်။)
အပြန်အလှန် By the time ပါသောဝါကျနှင့် နောက်ဝါကျအစတွင် When .... ကိုပေးထားလျှင် by the time အစား when ကိုသွင်းရေးနိုင်သည်။
It was evering by the time I found my bicycle.
When I ....
When I found my bicycle, it was evening.

(4) Min Zaw watered the plants and then went to join his friend.
After Min Zaw ....
After Min Zaw watered the plants he went to join his friends.
(အထက်ပါဝါကျတွင် and then ပါ၍ဝါကျအစကို After ဖြင့်စထားလျှင် and then ကိုချန်၍ ရေးရုံသာဖြစ်သည်)

တိုက်ရိုက်ပြောစကားကို အရင်ပြောပြီးမှ ဘယ်သူက ဘယ်သူ့ကိုပြောသည်ဟု နောက်မှပြောလျှင် ကြိယာပထမ ကတ္တား ဒုတိယထား၍ ပြောပုံကိုသတိပြုပါ။ Indirect Speech ပြောင်းလျှင် He said, He told ဟုရေ့ကို ပြန်ပြောင်းရသည်ကို သတိပြုပါ။ said to(.......) ကို told (......) သို့ပြောင်းရပုံကို သတိပြုပါ။ said နောက် to မပါလျှင် Indirect Speech မှာ said ကိုပြန်သုံးရမည်။

(5) "Who has stolen my watch?" she said.
She wanted to know ....
She wanted to know who had stolen her watch.
(who, what, when စသည့် အမေးစကားလုံးပါသော Direct Question ကို Indirect Speech ပြောင်းရေးခြင်းဖြစ်သည်။ She asked ဟုပြောင်းရမည့်အစား She wanted to know ဟု ပြောင်းထားသည်။ တစ်စုံတစ်ယောက်ကိုမေးခြင်းမဟုတ်ဘဲ သူ့ဖာသာ သူမည်တန်းသည့်သဘောဖြစ်၍ She asked ဟုမပြောင်းဘဲ She wanted to know ဟုပြောင်းခြင်းဖြစ်သည်။)
(နည်းသစ် ၃၈၀–၄၁၄)

(6) His father beat him for not attending the classes regularly.
He ....
He was beaten by his father for not attending the classes regularly.
(Active voice ဝါကျနှင့် နောက်ဝါကျအစတွင် ကံပုဒ်ကို

ပေးထားလျှင် Passive voice ပြောင်းရေးခိုင်းခြင်းဖြစ်သည်။)
(နည်းသစ် ၂၄၅မှ ၂၆၀)

(7) If we do not hurry, we will miss the boat.
Unless ....
Unless we hurry, we will miss the boat.

(If+အငြင်းဝါကျနှင့် နောက်ဝါကျ Unlessနှင့်ပေးထားလျှင် အငြင်းဝါကျကို ဝန်ခံဝါကျပြောင်းရေးရသည်။ If we do not hurry နှင့် Unless we hurry သည်အကယ်၍ ကျွန်ုပ်တို့မြန်မြန်မလျှောက်ခဲ့လျှင်ဟု အဓိပ္ပါယ်အတူတူဖြစ်သည်။

အကယ်၍ If+ဝန်ခံဝါကျနှင့် နောက်ဝါကျအစ Unless ပေးထားလျှင် Main Clause ကိုအငြင်းဝါကျပြောင်းပေးရမည်။ If you work hard, you will pass the exam.
Unless..
Unless you work hard, you will not pass the exam.

(နည်းသစ် ၄၅၇)

(8) Both the brothers are not to be trusted.
Neither of ....
Neither of the brothers are to be trusted.

(Both+ဗဟုဝုစ်နာမ် အငြင်းဝါကျနှင့် နောက်ဝါကျအစ Neither of ကို ပေးထားလျှင် Neither of+ ဗဟုဝုစ်နာမ်နှင့် ဝန်ခံဝါကျရေးပေးရမည်။)

ဒုတိယတစ်မျိုးမေးနိုင်

Both Ni Ni and Nyi Nyi are not clever.

Neither ....

Neither Ni Ni nor Nyi Nyi are clever.

(Both .... and ...... not ပေးထားလျှင် Neither ..... nor..... ဝန်ခံဝါကျဖြင့် ရေးပေးရမည်။)

တတိယတစ်မျိုးမေးနိုင်

အငြင်းဝါကျနှစ်ခုနှင့် ဒုတိယဝါကျအဆုံးတွင် **either** နှင့်သုံးပြီး Neither ....နှင့်စထားလျှင် not နှစ်ခုနှင့် နောက်ဝါကျ either ကိုဖျောက်ရန် Neither+N-nor+N ဝန်ခံဝါကျဖြင့် ပြောင်းရေးနိုင်သည်။

Ni Ni is not clever. Nyi Nyi is not clever either.

Neither ....

Neither Ni Ni nor Nyi Nyi is clever.

(9) Although it is very heavy he can carry it.

In spite of ....

In spite of being very heavy he can carry it.

(though, although နှင့် in spite of ......(Despite) ကိုပေးထားလျှင် ကြိယာကို V ing သို့မဟုတ် being+adjective သို့မဟုတ် **heaviness, laziness** စသည်နာမ်ပုဒ်ပြောင်း၍ In spite of, Despite နောက်တွင်ထား၍ ပြင်ရေးပေးရသည်။But, yet, still ပါသောဝါကျကိုပေးထားလျှင် လည်း အလားတူ ရှေ့ဝါကျကိုပြောင်း၍ ဆက်ပေးရသည်။)

(10)No one in our class is as clever as Tun Tun.

Tun Tun is ....

Tun Tun is the cleverest in our class.

(No one as+ adjective+ as ပေးထားလျှင် the+ adjective+est ပြောင်း၍ (Superlative Degrees ပြောင်း၍) ရေးပေးရသည်။)

No one အစား No other+noun in the........ is as+ adj+ as ပေးထားလျှင်လည်း နောက်နာမ်ကိုကပ္ပါ၍ Superlative ဝါကျရေးပေးရမည်။

No other girl in the village is as pretty as Ma Mya.

Ma Mya ....

Ma Mya is the prettiest girl in the village.

(ရွာထဲရှိ အခြားမိန်းကလေးများ မမြလောက်မလှဆိုသော စကားနှင့် မမြသည်ရွာထဲမှာ အလှဆုံးဆိုသောစကား အဓိပ္ပါယ်အတူတူ)

အပြန်အလှန်

Superlative degree အမြင့်စားဝါကျကို ပေးထားလျှင် No one, No other+N in the .... as+ adj+as+N ပြောင်းရေးပါ။

Ma Mya is the prettiest girl in the village.

No other girl in ....

No other girl in the village is as pretty as Ma Mya.

၁၉၉၅ အင်္ဂလိပ်ဘာသာမေးခွန်းဟောင်း

VII (A) Stylistic Transformation

The Pricess said, "Father, allow me to choose my husband from among the unmarried men in your kingdom in my own way."

1. The princess requested her ....

Ans : The Princess requested her father to allow her to choose her husband from among the unmarried men in his kingdom in her own way.

ပုံသေနည်း

Direct speech တွင်ပါသောအခေါ်စကားအာလုပ်ပုဒ် (father) ကို Indriect speech တွင် her father ဟု ကံပုဒ်အဖြစ်ပြောင်းရွှေ့ပေးရသည်ကို အထူးသတိပြုပါ။ her ဟူသော Determiner အပို ထည့်၍ F ကို small letter ပြောင်းပေးရသည်ကို သတိပြုပါ။

2. When the firemen arrived, the fire had been put out.

By the time ....

Ans: By the time the firemen arrived, the fire had been put out.

ပုံသေနည်း

When ဟူသော သမ္ဗန္ဓအစား By the time အစားထိုး၍ စတိုင်တစ်မျိုးရေးပေးခြင်းဖြစ်သည်။

3. The tailor cut the cloth and then he made a shirt.

After the tailor ....

Ans : After the tailor had cut the cloth, he made a shirt.

ပုံသေနည်း

and then ရှေ့မှ Simple Past ကို After နောက်တွင် Past Perfect Subbordinate clause ပြောင်းရေးခြင်း ဖြစ်ပါသည်။

4. The Dragon was very quick. The Galon-Bird could not catch him.

The Dragon was ....

Ans. The Dragon was too quick for the Galon-Bird to catch.

The Dragon was so quick that the Galon-Bird could not catch (him.)

ပုံသေနည်း(က)

Adjective ရှေ့မှ very ကို too ပြောင်း၍ နောက်ဝါကျ ကတ္တားကို for ပုဒ်စုအဖြစ်ပြောင်းကာ could not ကို to သို့ (Infinitive သို့) ပြောင်းပေးခြင်းဖြစ်သည်။ (him ဟူသော ကံပုဒ်မလိုတော့သည် ကို သတိပြုပါ)

ပုံသေနည်း (ခ)

Very + adjective ပါသောအကြောင်းဝါကျကို so + Adjective that .... ပါသော Comple sentence ပြောင်းပေးနိုင်ပါ သည်။ (က)(ခ)အဖြေနှစ်မျိုးဖြစ်နိုင်ပါသည်။

5. If we do not read newspapers, we will not know what is happening around the world.

Unless ....

Ans. Unless we read newspapers, we will not know what is happening around the world.

ပုံသေနည်း

If Negative အခြင်းဝါကျကို Unless Affirmative ဝန်ခံဝါကျ ပြောင်းရေးနိုင်သည်။ (အပြန်အလှန်မေးနိုင်သည်)

6. Tnere is no beach in Myanmar as beautiful as Ngapali.
Ngapali ....

Ans. Ngapali is the most beautiful beach in Myanmar?
Ngapali is more beautiful than any other beach in Myanmar.

ပုံသေနည်း

There is no ...., as adjective as နာမ်ပုဒ်နှင့် နောက်ဝါကျအစ ၎င်းနာမ်ပုဒ်ကို ကတ္တားအဖြစ်ပေးထားလျှင်

(က) ၎င်းဝါကျကို Superlative အမြတ်စားဝါကျသော် လည်းကောင်း

(ခ) Comparative than any other noun in ..... အလတ်စားဝါကျသော်လည်း အပြီးသတ်ဆက်ရေးရမည်။

(က) ငပလီလောက်လှတဲ့ကမ်းခြေ မြန်မာပြည်မှာမရှိဘူး။

(ခ) ငပလီသည် မြန်မာပြည်မှာ အလှဆုံးကမ်းခြေဖြစ်သည်။

(ဂ) ငပလီသည် မြန်မာပြည်ရှိ အခြားကမ်းခြေများထက် သာလှသည်။

ဝါကျ(၃)မျိုးအဓိပ္ပါယ်တူဖြစ်သည်။ ထို့ကြောင့်

(ခ) ဝါကျအမြတ်စားဝါကျနှင့် (က)(ဂ)အစကို ပေးထားလျှင် (က)(ဂ) ဝါကျမျိုး အဆုံးသတ်ရေးပေးရမည်။

(ဂ) ဝါကျ(အလတ်စား Tnan any other ဝါကျနှင့် (က)(ခ) ဝါကျအစကိုပေးထားလျှင် (က)(ခ) ဝါကျမျိုး အဆုံးသတ်ပေးရမည်။

7. The attitude of the Pheasant and the Crow impressed the other birds deeply.
The other birds ....

Ans. The other birds were deeply impressed by the attitude of the Pheasant and the Crow.

ပုံသေနည်း

အပေါ်ဝါကျ ကတ္တားကြီးယာကံ Active Voice ကတ္တား အဓိက ဝါကျနှင့် အောက်ဝါကျ ကံပုဒ်အစကိုပေးထားလျှင် Passive voice ကံအဓိကဝါကျပြောင်းရေးပေးရသည်။ (Manner Adverb) ဖြစ်သော deeply ကို Passive voice တွင် တတိယကြိယာရှေ့မှာ ထား၍ရေးရသည်ကို အထူးမှတ်ပါ။ (အပြန်အလှန်အားဖြင့် passive voice တတိယကြိယာရှေ့ manner Adverb ကို Active voice တွင် ကံပုဒ်နောက်ပြောင်းရေးရသည်ကို သတိပြုပါ။)

8. Pauk Pauk left her village as she was not happy there.
Pauk Pauk was not happy in her village............

Ans. Pauk Pauk was not happy in her village so she left it.

ပုံသေနည်း

အကျိုးဝါကျကို ရှေ့၊ as, because, for နှင့် အကြောင်း ဝါကျကို နောက်မေးထား၍ နောက်ဝါကျအကြောင်းဝါကျဖြင့် စထားလျှင် therefore, so ဖြင့် ဆက်ရေးရမည်။ အပြန်အလှန် အကြောင်း ဝါကျနှင့် Therefore/So ဝါကျကို ပေးထားလျှင် as, because , for တစ်ခုခုဖြင့် အပြီးသတ် ပေးရမည်။ (ဤသို့အကြောင်း အကျိုးဝါကျတို့ကို ရှေ့နောက် ပြောင်းပြီး မေးလျှင် ရှေ့ဝါကျမှ နာမ်ပုဒ်များကို နာမ်စား ပြောင်းရပုံကို သတိပြုပါ)

9. Ruby is found in Mogok. Ruby is one of the most precious gems in the world.
Ruby,...

Ans. Ruby, (which is) one of the most precious gems in the world, is found in mogok.

ပုံသေနည်း

Rubyဟုနောက်တွင် ကော်မာပြင့် ပေးထားသဖြင့် Noun-in-Apposition= ကာရကတူသရုပ်ဖော်နာမ်ဖြင့် ရေးပေးရသည်။ (အကယ်၍ ကော်မာမပါဘဲပေးထားပါက နောက်ဝါကျရှိ(ဖြစ်)ကြိယာ is, was)ရှေ့ရှိပုဒ်ကို ဖျောက်၍၎င်းပုဒ်အစား Which (who)ကိုထည့်ကာ Adjective clause ပြောင်း၍ ရေးပေးရမည်။)

10. A whale is bigger than an elephant.
An elephant is not ....

Ans. An elephant is not as big as a whale.

ပုံသေနည်း

Comparativeအလတ်စား Than +နာမ်ပုဒ်နှင့် ၎င်းနာမ်ပုဒ် + အခြင်းဝါကျကို ပေးထားလျှင် is adjective as + ပထမကတ္တား ဖြင့် အပြီးသတ်ပေးရမည်။ ဝေလငါးသည် ဆင်ထက်ကြီးသည်ဆို သောစကားနှင့် ဆင်သည် ဝေလငါးလောက် မကြီးဆိုသော စကားအဓိပ္ပါယ်ထပ်တူဖြစ်သည်။

၁၉၉၆ အင်္ဂလိပ်ဘာသာမေးခွန်းဟောင်း

VII(A) Stylistic Transformation

VII. (A) Finish each sentence in such a way that it means exactly the same as the sentence that is given. (10 makrs)

1. Khun San Law was so handsome that all the village girls fell in love with him.
Khun San Law was such ....

Ans. Khun San Law was such a handsome man that all the village girls fell in love with him.

ပုံသေနည်း

so + adjective that ကို such a + adjective noun that ပြောင်း၍ အပြီးသတ်ရေးပေးရမည်။

2. There is no disease in the world as dangerous as AIDS.

AIDS is ....

Ans. AIDS is the most dangerous disease in the world./AIDS is more dangerous than any other disease in the world.

ပုံသေနည်း

There is no .... as (adj) as အနှိုင်းဝါကျနှင့် အနှိုင်းခံကတ္တား + is ကို ပေးထားလျှင်

(က) Superlative Degree အမြတ်စားနှိုင်းယှဉ်ဝါကျ

(ခ) Comparative Degree than any other .... အလတ်စား နှိုင်းယှဉ်ဝါကျဖြင့် အပြီးသတ်ရေးပေးရမည်။

3. Ingwanjawa killed the female khonran with one mighty blow of his fist.

The female khonran ....

Ans. The female khonran was killed by Ingwanjawa with one mighty blow of his fist.

ပုံသေနည်း

Active voice ကတ္တားအဓိကဝါကျနှင့် နောက်ဝါကျအစတွင် ကံပုဒ်ကိုပေးထားလျှင် Passive voice ပြောင်းရေးပေးရမည်။

4. The old man loved the rabbit. It was his only companoin.

The old man ....

Ans. The old man loved the rabbit which/that was his only companoin./ The old man loved the rabbit because/for/as it was his only companoin./ The old man loved the rabbit, his only companion.

ပုံသေနည်း

ဝါကျလွယ်နှစ်ခုကို ပေးထားရာ ဒုတိယဝါကျသည် S.V.C (ကတ္တား + ဖြစ်ကြိယာ is/ was+ဖြည့်ပုဒ်) ဝါကျဖြစ်လျှင်

(က) နောက်ဝါကျမှ ကတ္တားကိုဖျောက် Which/That, Who အစားသွင်း၍ Adjective clause ပြောင်းဆက်ခြင်းအားဖြင့် လည်းကောင်း၊

(ခ) နောက်ဝါကျမှ ကတ္တားနှင့် ဖြစ်ကြိယာ is ကို ဖျောက်ကာ ဖျောက်လိုက်သော ကတ္တားနှင့် အဓိပ္ပာယ်တူပုဒ် (rabbit) နောက်တွင် ကော်မာထည့်ကာ Noun-in Apposition ပုဒ်စုပြောင်းပေးခြင်းဖြင့်လည်းကောင်း ဝါကျအပြီးသတ်ရေးနိုင်သည်။ Noun-in-Apposition သည် ဝါကျနောက်ဆုံးဖြစ်၍ (Companion) နောက်တွင် ကော်မာ (,) တစ်ခု ထပ်ထည့်ရန်မလိုပါ။

5. The Galon assumed human form and then joined the salt-makers.

After ....

Ans. After assuming human form, the Galon joined the salt-makers. / After the Galon had asumed human form he joined the salt-makers.

ပုံသေနည်း

အပေါ်ဝါကျ and then ဖြင့် ဆက်ပေးထား၍ နောက်ဝါကျအစ After ...... ဖြင့် ပေးထားလျှင်

(က) and then ရှေ့ဝါကျမှ ကတ္တားကို ဖျောက်ကာ ကြိယာကို Present participle (ing form) ပြောင်းပေး၍ and then ကို ဖျောက်ပြီး ၎င်းနေရာ ကော်မာ (,) ထည့် ဆက်ရေးခြင်းဖြင့်လည်းကောင်း

(ခ) ပေးထားသောဝါကျမှ and then ကို ဖျောက်ကာ ၎င်းနေရာ ကော်မာ(,) ထည့်၍ ပေးထားသော After နောက်မှ ကြိယာကို Past Perfect ပြောင်းရေးပေးခြင်းဖြင့်လည်းကောင်း နှစ်မျိုး ဖြေနိုင်သည်။ (အကယ်၍ After နှင့် ကတ္တားပုဒ်ကို ပေးထား လျှင် အဖြေ (ခ) သာ ဆက်ရေးပေးနိုင်သည်။ အဖြေ (က) မရေးနိုင်။ After တွင် (ing form) ဖြင့် ပေးထားလျှင် အဖြေ (က) သာ ဆက်ရေးနိုင်၍ အဖြေ (ခ) မဖြစ်နိုင်ပါ)။

6. The princess dismissed her bodyguard and then went into the hut.
After the princess ....

Ans. After the princess had dismissed her bodyguard, <u>she</u> went into the hut.

ပုံသေနည်း

အပေါ်ဝါကျ and then ဖြင့် အောက်ဝါကျ After + ကတ္တားဖြင့် ပေးထားလျှင် and then ကို ဖြုတ်၊ ၎င်းနေရာ ကော်မာ (,) ထည့်ကာ ရှေ့ဝါကျကို Past Perfect ဖြင့် ဝါကျအပြီးသတ်ရေးပေးရမည်။ (အထက်အဖြေမှ ဝိုက်ကွင်း အတွင်း အမှာကိုကြည့်)

7. The king's hunting companion heard the curse of the spirits.
It was ....

Ans. It was the king's hunting companion who heard the curses of the spirits. / It was the curse of the spirits that the king's hunting companion heard.

ပုံသေနည်း

အပေါ်တွင် ကတ္တားကြီးယာကံ (S.V.O) ဝါကျနှင့် အောက်ဝါကျတွင် It was/ It is (Phrase opening) အစကိုပေးထားလျှင်

(က) ၎င်း It was နောက်တွင် အပေါ်ဝါကျမှ ကတ္တား + who/ which ဖြင့် ဆက်၍လည်းကောင်း

(ခ) ၎င်း It was နောက်တွင် အပေါ်ဝါကျမှ ကံပုဒ် + who/ which ဖြင့် ဆက်၍လည်းကောင်း အဆုံးသတ်ပေးရသည်။ (Simple Sentence ဝါကျရိုးကို အဓိပ္ပာယ်လေးနက်အောင် It was....who/which.... ဖြင့် Comple Sentence ပြောင်းရေးခြင်း ဖြစ်ပါသည်။)

8. Zarni said to me, "I went shopping with my friends yesterday and I met your sister."
Zarni told ....

Ans. Zarni told me that he/she had gone shopping with his/her friends the day before and he/she had met my sister.

ပုံသေနည်း

Direct speech ကို Indirect speech ပြောင်းရေးခြင်း ဖြစ်သည်။

(က) Zarni သည် ယောကျ်ားလေး မိန်းကလေးနာမည်ဖြစ်နိုင်၍ နာမ်စား I my I တို့ကို He/She, his/her, He/she ဟု ပြောင်းပေးသည်။ Zarni ကို ယောကျ်ားလေးဟု သဘောထား၍ He. his, he ဟု ပြောင်းလျှင်လည်း မှန်ပါသည်။

(ခ) Simple Past went နှင့် met ကို Past Perfect had gone, had met ပြောင်းပေးရပါသည်။

(ဂ) ရှေ့တွင် me ဟူသော ကံပုဒ်ပါ၍ Second Person your

ကို First Person my သို့ ပြောင်းပေးရသည်ကို သတိပြုပါ
(နာမ်စားပြောင်းနည်း အထူးကို ပြန်ကြည့်ပါ။)

9. Rain Cloud said, "Master, can I do nothing for you?
Rain Cloud ....

Ans. Rain Cloud asked his master if/ whether he could do nothing for him.

ပုံသေနည်း

Direct Speech ထဲမှ အခေါ်စကား အာလုပ်ပုဒ် Master ကို Reporting verb ၏ ကံပုဒ်အဖြစ်ထားပါ။ အဓိပ္ပာယ်အရ his master ဟု his အပိုထည့်ပေးပါ။ said ကို asked သို့ပြောင်းပါ။ If/Wheather တစ်ခုခုထည့်ပါ။ can I ကို he could ဟု Statement ပုံစံပြောင်း၍ အတိတ်ကာလ ပြောင်း၍ you ကို him ဟု ပြောင်းပေးရသည်။ (Master နောက်မှ ကော်မာ (,) ကို ကြည့်၍ အာလုပ်ပုဒ် အခေါ်စကားမှန်းသိရန်၊ ရှေ့ကြိယာ၏ ကံပုဒ်အဖြစ် ပြောင်းပေးရသည်ကို သတိပြုရန်။ Master = ဆရာ၊ Father = ဖေဖေ၊ Mother = မေမေ၊ Uncle = ဦးဦး၊ Sister = မမလေး စသည် ချစ်စနိုးအခေါ်စကားများကို ရှေ့က Determiner ခေါ် his, her, my စသည်တို့မပါပဲ ခေါ်၍ရသော်လည်း (ထိုသို့ခေါ်လျှင် Capital Letter စာလုံးကြီးဖြင့် ရေးရသည်) ကတ္တားပုဒ်၊ ကံပုဒ်အဖြစ် ရေးပြောသောအခါ his, her, my စသည့် Determiner တစ်ခုခု ထည့်၍ရေးရ/ပြောရသည်ကို သတိပြုပါ။

10. The king had just crossed the bridge when it collapsed.
No sooner ....

Ans. No sooner had the king crossed the bridge than it colapsed.

ပုံသေနည်း

Just အလယ်၌ပါသော **Past Perfect**....**When Simple Past** နှင့် အောက်ပါကျ No sooner ... ပေးထားလျှင် **Just** ကိုဖြုတ် **had** + ကတ္တား + တတိယကြိယာ (မေးခွန်းပါကျပုံစံ)နှင့် when အစား than ဖြင့် အပြီးသတ်ရေးပေးရမည်။

No sooner ရေးထုံးတစ်မျိုး

အပေါ်ပါကျ Simple Past နှင့် as soon as Simple past အောက်ပါကျ No sooner.... ပေးထားလျှင် As soon as နောက် Simple Past ကို had +ကတ္တား + တတိယကြိယာ (**Past Perfect** မေးခွန်းပုံစံ) ပြောင်း၍ When အစား Than ကို ထည့်ကာ ရှေ့က Simple Past ပါကျဖြင့် အပြီးသတ်ရသည်။

The bridge collapsed as soon as the king crossed it.

No sooner ....

Ans. No sooner had the king crossed the bridge than the bridge collapsed.

Not as ....as ပြောင်း

အလတ်စား than ဝါကျနှင့် than နောက်နာမ်ပုဒ်ကို နောက်ဝါကျ ကတ္တားအဖြစ် ပေးထားလျှင် not as .....as သို့ပြောင်းရေးပေးရမည်။

Mg Ba is cleverer than Mg Mya.

Mg Mya ....

Mg Mya is not as clever as Mg Ba.

(မောင်ဘက မောင်မြထက်လိမ္မာသည်ဆိုသော ဝါကျနှင့် မောင်မြက မောင်ဘလောက်မလိမ္မာဟူသော ဝါကျအဓိပ္ပါယ်တူဖြစ်သည်။) အပြန်အလှန် အဖြေဝါကျနှင့် Mg Ba ကတ္တားကို ပေးထားလျှင် အမေးဝါကျအတိုင်းဖြေပေးရသည်။

There is no .....as......as

There is no ....more than Superlative degree အမြတ်စားဝါကျနှင့် အောက်စာကြောင်းအစတွင် There is no(N) in the ...... ကိုပေးထားလျှင် as....as(N), more than (N) တစ်ခုခုပြောင်းရေးနိုင်သည်။

Mg Mg is the cleverest boy in the class.

There is no boy in the class as clever as Mg Mg.

There is no boy in the class cleverer than Mg Mg.

အပြန်အလှန်

အဖြေဝါကျနှစ်မျိုးတွင် **တစ်ခုကိုပေးထားလျှင်** အခြားတစ်ခုကို ပြောင်းရေးနိုင်သည်။ **အဖြေဝါကျတစ်ခုခုကို** ပေးထားလျှင်လည်း Superlative အမြတ်စားဝါကျ ပြောင်းရေးနိုင်သည်။

than anyother

Superlative ဝါကျနှင့် ၎င်းကတ္တားကိုပင် ဝါကျအစပေးထားလျှင် Comparative than any other+N သို့ပြောင်းပေးရသည်။

Mg Mg is the tallest boy in the class.
Mg Mg is ....
Mg Mg is taller than any other boy in the class.
(မောင်မောင်နှင့် ကျန်အုပ်စုထဲမှ တစ်ယောက်ယောက်နှစ်ယောက်ကို နှိုင်းယှဉ်ခြင်းဖြစ်၍ အလတ်စားသုံးသည်။)

Not as+adv ကြိယာဝိသေသနအနှိုင်း+as ကို more+adv+than သို့ပြောင်းပေးရမည်။

Mg Mg does not run as quickly as Mg Ba.
Mg Ba ....
Mg Ba runs more quickly than Mg Mg.
(အပြန်အလှန် မေးနိုင်ဖြေနိုင်သည်။)

အပြန်အလှန်

An aeroplane travels much faster than a train
A train does not ....
A train does not travel as fast as an aeroplane.
(1987)

Simile = ဥပမာဝါကျ
He/She/It is like ....

ရှေ့ဝါကျတွင် နာမဝိသေသနပါ၍ နောက်ဝါကျတွင် He/She/It is like ....ဟုပါလျှင် ရှေ့နာမဝိသေသနကို as...as နှင့်

ရေး၍ He/She/It is like ကိုဖြုတ်ရေးရမည်။ ဥပမာ ဝါကျဖြစ်သည်။

She is proud. She is like a peacock.

She is as .... (1988 မေးခွန်း)

She is as proud as a peacock.

(သူမသည် ဒေါင်းမလေးလိုဝင့်ကြွားနေသည်။)

Her hands were cold. They were like ice.

Her hands were as .... (1987 မေးခွန်း)

Her hands were as cold as ice.

(သူမ၏လက်များ ရေခဲလိုအေးနေသည်။)

too+adj -------- so+adj that

too+adj .... infinitive ဝါကျနှင့် so+adj that can/could not အပြန်အလှန်လဲနိုင်သည်။

She was so tired that she could not go on playing.

She was too tired ....

She was too tired to go on playing. (1988 CE)

because ...adj ---------- too adj

because ......adj ကို too+adj ပြောင်း၍ ရှေ့အခြင်းဝါကျကို infinitive ပြောင်း၍ အပြန်အလှန်လဲနိုင်သည်။

ကတ္တားကို for .... ပြောင်း

The big car could not come in because the gate was narrow.

The gate was too ....
The gate was too narrow for a big car to come in.(1991 AE)

because+adj -------- so+adj/adv

because adj ကို so adj..... that နှင့်အပြန်အလှန်လဲနိုင်သည်။

She was miserable because her step mother was very cruel to her.
Her step mother was so ....
Her step mother was so cruel to her that she was miserable.(1993 AE)

Nobody heard him because he came in very silently.
He came in so ....
He came in so silently that nobody heard him.

adj enough --------- so......that

adj enough+infinitive ဝါကျတွင် enough ကိုဖျောက်၍ so+adj.... that... ဖြင့်လဲနိုင်သည်။

The question was easy enough for even a child to answer.
The question was so ....
The question was so easy that even a child can answer.(1990 AE,1994 AE)

very+adj ---------- too+adj

very+adj ဝါကျတွင် very ကို too နဲ့လဲ၍ ဝါကျအစ ပေးထားလျှင် ၎င်း Adj ကိုပင်ပြန်သုံး၍ နောက်ဝါကျကို Infinitive ပြောင်းရေးပေးရမည်။

I was very tired. I felt asleep at once.
I was too ....
I was too tired to fall asleep at once. (1992 AE)

He is very young. He cannot look after himself.
He is too ....
He is too young to look after himself. (1992 AE)

Every, All the ---------- There is no

Every, All the+ ကတ္တားနှင့်စသော ဝါကျနှင့် There is no(noun) ဝါကျအစကို ပေးထားလျှင်ကြိယာ who/that အငြင်းဝါကျ ပြောင်း၍ ရေးပေးရမည်။

Every woman loves flowers.
All the women love flowers.
There is no ....
There is no woman who does not love flowers.

People eats rice all over the world.
There is no place in the world ....
There is no place in the world that does not eat rice. (1992 CE)

no -------- not any ....

No နှင့် Not any တို့အပြန်အလှန်လဲရေးနိုင်သည်။

Nowhere can I find my new pair of slippers.

I cannot ....

I cannot find my new pair of slippers anywhere.

(1991 CE)

She saw no one in the room.

She did not ....

She did not see anyone in the room.(1993 AE)

The more the better

များလေကောင်းလေ

If, When Clause ပါသောဝါကျနှင့် the harder...... the more(adv) the less..... ဝါကျအစပေးထားလျှင် ကျန်ဝါကျကဏ္ဍကိုလည်း The+အလတ်စားပုဒ်နှင့် ဆက်ရေးရမည်။

When the night is dark. The danger is great.

The darker ....

The darker the night the greater the danger.

ပိုမှောင်လေ ပိုအန္တရာယ်များလေပဲ။

If you work hard you will get more marks.

The harder ....

The harder you work the more marks you will get.

အမိန့်ပေးဝါကျ+အကျိုးပြ--------- If, Unless

အမိန့်ပေးဝါကျ+အကျိုးပြဝါကျနှင့် နောက်ဝါကျအစ If, Unless ပေးထားလျှင် you ကထွားအပိုထည့်၍ seme colon(;) အစား ကော်မာပြောင်း၍ ရေးပေးရမည်။

Take the medicine regularly; you will be well.
If ....
If you take the medicine regularly, you will be well.
Unless you take the medicine regularly, you will not be well.

အပြန်အလှန်

If you take the medicine regularly, you will be well.
Take ....
Take the medicine regularly; you will be well.

အမိန့်ပေး+or အကျိုးပြ-------- If/Unless

အမိန့်ပေးဝါကျ၊ or အကျိုးပြဝါကျနှင့် နောက်ဝါကျအစ If/Unless ပေးထားလျှင် you ကထွားထည့် or ဖြုတ်အကျိုးပြဝါကျ ဆက်ရေးရမည်။

Do as you are told, or you will get no dinner.
Unless ....
Unless you do as you are told, you will get no dinner.(1987 CE)

F - 40A

If -------- Unless

(1) Not မပါသော ifကို unlessပြောင်းလျှင် Main clause ကိုအငြင်းဝါကျပြောင်း

If he wins the race, he will get the gold medal.
Unless ....
Unless he wins the race he will not get the gold medal. (1988 CE)

(2) Not ပါသော ifကို unless ပြောင်းလျှင် ifမှာပါသော notကိုဖြုတ်ပေးရမည်။

If we do not hurry, we will miss the train.
Unless ....
Unless we hurry, we will miss the train.
(1994 CE)

(3) Not မပါသော Unless ကို if အစားသွင်းလျှင် if နောက်တွင် not ပါရမည်။

Unless you study harder, you will fail.
If ....
If you do not study harder, you will fail.
(1993 CE)

(4) Not မပါသော Unless နေရာတွင်

(က) If not (အငြင်းဝါကျ)သွင်းလျှင် Main clause တွင်အဖြေပုံစံရှိရမည်။ (Not မပါရ။)

(ခ) If အဖြေပုံစံသွင်းလျှင် Main clause တွင်အငြင်းဝါကျရှိရမည်။

Unless you work hard, you will fail.
If you do not ....
If you do not work hard you will fail.
If you work ....
If you work hard you will not fail.

Had,were+------- ကတ္တား if

Had were+ကတ္တားနှင့်စသောဝါကျနှင့် If နှင့်စသောဝါကျကို ပေးထားလျှင် ကတ္တားနှင့် ကြိယာ Had ,were တို့ နေရာပြောင်းရသည်။

Had I recieved your telegram I would have met you at the station.
If ....
If I had recieved your telegram I should have met you at the station.

အပြန်အလှန်

If/Unlessနှင့်စသောဝါကျတစ်ခုနှင့် နောက်ဝါကျအစ Were/Had/Should တစ်ခုခုကိုပေးထားလျှင် ၎င်းကြိယာများ နောက်တွင် ကတ္တားပုဒ်ကိုရေး၍ ကျန်စကားလုံးများကို ဆက်ရေးရမည်။

If I had recieved your telegram, I should have met you at the station.
Had ....
Had I recieved your telegram, I should have met you at the station.

It is such+a/an+adj+N+that

N+So+adj that ------- such+a/an+adj+N+that

This question is so easy that even a child can answer it.

It is such an easy question that even a child can answer it.

ဒီမေးခွန်းသည် ကလေးတစ်ယောက်ပင် ဖြေနိုင်လောက်အောင်လွယ်ကူသည်။

ထိုဟာသည် ကလေးတစ်ယောက်ပင် ဖြေနိုင်လောက်အောင်လွယ်ကူသည့် မေးခွန်းတစ်ခုဖြစ်သည်။

အကြောင်းအကျိုးဝါကျဆက်

(1) အကြောင်းရှေ့ အကျိုးနောက်ရှိလျှင် (က) so အလယ်ထားဆက် (ခ) as/because ရှေ့ဆုံးကထားဆက် (ဂ) such a+adj that နဲ့ဆက်

(2) အကျိုးရှေ့အကြောင်းနောက်ရှိလျှင် as/because အလယ်ထားဆက်

It was such a hot day that we could do no work.

We ....

We could do no work as/because it was a hot day. (1987 CE)

Ni Ni was not happy as she had lost her pen.

As Ni Ni ....

As Ni Ni had lost her pen she was not happy (1988 CE)

No .... not any

Nothing, no one, nobody, nowhere တို့ကို not any, not anything, not anyone, not anybody, not any where တို့နှင့်လဲလှယ်ရေးနိုင်သည်။

Nowhere ကိုဝါကျရှေ့ဆုံးက ထားရေးသောအခါ ကြိယာ ရှေ၊ ကတ္တားနောက်ထား၍ ရေးရသည်ကို အထူးသတိပြုပါ။

Nowhere can I find my new pair of slippers.
I cannot ....
I cannot find my new pair of slippers any where. (1991 CE)

She saw no one in the room.
She did not ....
She did not see anyone in the room. (1993 AE

Inversion ကတ္တားကြိယာ ရှေ့နောက်ပြောင်း

Adv+auxiliary+verb

(1) never, hardly scarcely, seldom, rarely စသော အငြင်း frequency adverbs များ ဝါကျရှေ့ဆုံးတင်၍ရေးလျှင် ကတ္တားနှင့် ကြိယာတို့ရှေ့နောက်နေရာပြောင်းရသည်။

I have never heard such a strange story.
Never ....
Never have I heard such a strange story.

Mg Mg has seldom gone to the movies.
Seldom ....
Seldom has Mg Mg gone to the movies.

So, Neither Nor+အကူကြိယာ+ကတ္တား

ပထမဝန်ခံငြင်းဆို ဝါကျနောက်တွင် ဒုတိယဝန်ခံငြင်းဆို ဝါကျထပ်ပေါင်းလိုသောအခါ ဝါကျအပြည့် မရေးမပြောတော့ဘဲ ဝန်ခံဝါကျအစား so+အကူကြိယာ+ကတ္တား။ ငြင်းဆိုဝါကျအစား Neither/Nor+အကူကြိယာ+ကတ္တားဖြင့် ပြောရသည်။ Informal English ဖြစ်၍ စကားပြောသောအခါ ခင်မင်ရင်းနှီးသူများထံ စာရေးသောအခါသုံးကြသည်။

(1) Mg Mg likes coffee. Ma Hla likes coffee too.
Mg Mg likes coffee so ....
Mg Mg likes coffee so does Ma Hla.
မောင်မောင် ကော်ဖီ ကြိုက်သည်။ မလှလည်း ကော်ဖီ ကြိုက်သည်။

(2) Mg Mg will not go to school. Ma Hla will not go to school, either.
Mg Mg will not go to school,
neither ....
nor.. .
Mg Mg will not go to school, neither will Ma Hla.
Mg Mg will not go to school, nor will Ma Hla.
မောင်မောင်လည်း ကျောင်းမသွားဘူး။ မလှလည်း ကျောင်းမသွားဘူး။

မှတ်ချက် **goes, go, went** စသော ပစ္စုပ္ပန်၊အတိတ်ကြိယာများအစား **does,do,did** အကူကြိယာဖြင့် ရေးပြောရသည်ကို သတိပြုပါ။

Mg Mg came to me. Ma Hla came to me too.
Mg Mg came to me, so ....
Mg Mg came to me, so did Ma Hla.

Mg Mg has not done homework.
Ma Hla has not done homework, either.
Mg Mg has not done homework, neither .... .
Mg Mg has not done homework, neither has Ma Hla.
Mg Mg has not done homework, nor has Ma Hla.
မောင်မောင်အိမ်စာမလုပ်ရသေးဘူး။
မလှလည်းအိမ်စာမလုပ်ရသေးဘူး။

I wish-------- If only

I wish နှင့် If only တို့ကိုအပြန်အလှန်လဲနိုင်သည်။ ၎င်းတို့နောက်တွင် would သို့မဟုတ် Simple past ရှိလျှင် ပစ္စုပ္ပန်ဆန္ဒဖြစ်နေတာကတခြား ဖြစ်ချင်တာကတခြားကိုဖော်ပြ၍ Past Perfect ရှိလျှင် အတိတ်ကဖြစ်ခဲ့တာကတခြား ဖြစ်ချင်တာကတခြား ဖြစ်မှုကို ဖော်ပြသည်။

I wish I had (would have) a car.
It only ....

It only I had (would have) a car.
ကျွန်တော့်မှာ ကားတစ်စီးရှိချင်တယ်။

It only you had explained the situation to me.
I wish ....,.....
I wish you had explained the situation to me.
ခင်ဗျားကျွန်တော်ကို အခြေအနေတွေရှင်းပြစေချင်တာ။
(ခင်ဗျားက မရှင်းပြခဲ့ဘူးဟု ဆိုလိုသည်။)

VII A Stylistic Transforms
လေ့ကျင့်ခန်း

အခြေခံပညာအထက်တန်း စာမေးပွဲ VII A မေးခွန်းကို ဖြေဆိုနိုင်ရန်အတွက် အောက်ပါ၁၉၈၇မှ ၁၉၉၄အထိ မေးခွန်းဟောင်းများကို လေ့လာပါ။ အဖြေမှန်သံသယရှိပါက ဝါကျစတိုင်မည်သို့ ပြောင်းရေးရမည်ကို မသိပါက အထက်တွင်ဖြေပြခဲ့သော နမူနာဝါကျများကို ပြန်လေ့လာပါ။

VII A Finish each sentence in such a way that it means exactly the same as the sentence that is given.

(so.......that, too.......to, not enough to)

'88 CE (1) She was so tired that she could not go on playing.(She was too tired ....

'90 AE (2) The question was easy enough for even a child to answer.(The question was so.....

(3) No body heard him because he came in very silently.(He came in so.................

'91 AE (4) The big car could not come in because the gate was narrow.(The gate was too.........

'92 AE (5) I was very tired. I fell asleep at once.(I was too............

(6) He is very young. He cannot look after himself. (He is too tired...........

'93 AE (7) She was miserable because her stepmother was very cruel to her. (Her stepmother was so ....

'94 AE (8) You are not old enough to work.(You are too.............

(9) The question was easy enough for even a child to answer.(The question was so.........

(No sooner ....than)

'87 AE (1) As soon as she got home from school, she started cooking.(No sooner had ....

'90 CE (2) We had just got off the bus when it began to rain. (No sooner ....

'91 CE (3) I has just got into class when the teacher called my name.(No sooner......................

'93 AE (4) We had just finished dinner when the lights went out.(No sooner ....

(and then ....after)

'88 CE(1) Ma Ma did the cooking, then she did the

washing.(After doing ....
'91 CE(2) Uncle listened to the radio, then went to bed. (After ....
'91 CE(3) Mg Nyo did his homework and then went to play.(After.............
'94 CE(4) Nyi Lay said his prayers and then went to bed. .(After...............
'94 CE(5) Min Zaw watered the plants and then went to join his friends..(After Min Zaw...............

(and,when----Ving)

'88 AE(1) She has very good children and does not need to worry about anything.(Having............
'91 CE(2) The dog barked when it saw the stranger come in.(Seeing the stranger...............
'93 AE(3) She has a very good memory and does not need to worry about passing the examination. (Having ....

(although...............in spite of)

'90 CE(1) Although he is young he is very wise.(In spite of.............
'93 CE(2) Although it was very cold he went out without a coat.(In spite of.............
'94 CE(3) Although it is very heavy he can carry it.(In spite of.:...........

(so, as, such.....that)

'87 CE(1) He went to school early as he had to attend a special class.(He had to attend................

(2) It was such a hot day that we could do no work.(We...........

'88 CE(3) Ni Ni was not happy as she had lost her pen. (As Ni Ni.............

'90 CE(4) I didn't want to meet him so I kept on walking.(As I ,.............

'93 CE(5) I pretended to be asleep because I did not want to talk to him.(As I...............

(all, every ....There is no)

'92 CE(1) People eat rice all over the world.(There is no place in the world...........

(no............not any)

(1) Nowhere can I find my new pair of slippers. (I cannot...........

(2) She saw no one in the room.(She did not.....

(By the time..........When)

(1) It was evening by the time I found my bicycle.(When I...............

(2) By the time I woke up it was twelve noon (When...........

(3) When she woke up it was almost noon. (By the time.........

(as+adj+as)

(1) She is proud. She is like a peacoack.
(She is as ....

(2) Her hands were cold. They were like ice.
(Her hands were as................

(Neither .... nor)

(1) Mg Ba is not lazy and neither is Mg Mg.
(Neither.......

(2) Both Ko Ko and Nyi Nyi were absent.
(Neither.........

(3) Mg Mg doesn't speak English and neither does Su Su.(Neither......

(4) I don't like tea. My sister doesn't like it either.
(Neither......

(5) I didn't take your hat. I didn't take your umbrella either.(I took...........

(If ....Unless)

(1) Do as you are told or you will get no dinner.
(Unless............

(2) Had I recieved your telegram I would have met you at the station.(If.............

(3) If he wins the race he will get the gold medal.
(Unless............

(4) Unless the rain stops you are not to leave the house.(If it doesn't..............

(5) If you want to do well in your examination, you must work hard.(Unless............
(6) Unless you study harder you will fail.(If.......
(7) If we do not hurry, we will miss the boat. (Unless............
(8) If you do not study hard your marks will not be good.(Unless............
(9) She did not come because she was not invited.(If she had............
(10)Unless you hurry you'll miss the train.(If you...
(11)Unless you study hard, you will not get good marks.(If you............

(Comparison)

(1) Khin Khin is more intelligent than Tin Tin. (Tin Tin is not..................
(2) An aeroplane travels much faster than a train. (A train doesn't...............
(3) My father is taller than my uncle. (My uncle is not..................
(4) Gold is not as expensive as platinum. (Platinum.........
(5) Thura can run much faster than Zaw Zaw. (Zaw Zaw can't................
(6) He plays tennis better than his brother. (He is............
(7) The Nile is the longest river in the world. (There is ....

(8) Ma Phyu is the youngest girl in the class. (No other...........

(9) There is no pagoda in the world as large as the Shwedagon.(The Shwedagon.............

(10)The Shwedagon is the greatest pagoda in Myanmar.(There is............

(11)He sings better than his brother.(He is..........

(12)No one in our class is as clever as Tun Tun. (Tun Tun is.........

(13)This is the largest box in the luggage van. (The box is larger...............

(14)Reading is easier than writing.(Writing is not...

(15)Learning to swim is easier than learning computer science.
(Learning computer science is not ....

(Active <------> Passive)

'87 CE (1) Ellen brought Heathcliff into the presence of the master and mistress. (Heathcliff was........

(2) Mr and Mrs Earnshaw watched anxiously their meeting.(Their meeting.........

(3) People grow rice in hot and wet regions. (Rice..............

'88 CE (4) U Aye wrote the prize winning novel. (The prize winning novel............

(5) The postman was bitten by our dog. (Our dog............

(6) People play football all over the world. (Football.........
(7) The engineers are building a bridge. (A bridge.................
(8) The instructor showed the students how to use a caculator.(The students....
(9) Teachers should train their students to be come good citizens.(Students.............
(10)People are not allowed to walk on the grass. (No one...........
(11)A good writer gives the reader hints as to the outcome of the story. (The reader is given.............
(12)Someone has given Mg Mg a beautiful painting.(A beautiful painting........
(13)People are not allowed to walk on the grass in public gardens.(No one...........
(14)His father beat him for not attending classes regularly.(He.........
(15)Mrs. Joe Gragery brought up Pip.(Pip........
(16)Pip was attacked by Orlick in the sluice house. (Orlick..........
(17)Wuthering Heights was written by Emily Bronte. (Emily Bronte............
(18)My father built this house.(This house .....
(19)Estella gave Pip a rude treatment.(Pip......
(20)Someone has stolen my bicycle. (My bicycle......

(21)Dr.Myo Win was sent for by Daw Aye Tha.
(Daw Aye Tha.................

(22)U Ngwe Gaing painted this picture.
(This picture............

(23)Estella treated Pip very rudely.(Pip............

Direct Speech <------> Indirect Speech

(1) "Please, open the window, Mg Mg" said the teacher.(The teacher asked Mg Mg.........)

(2) The teacher said, "Mu Mu, are you feeling all right?"(The teacher asked Mu Mu if........)

(3) "Could you please tell me where Strand Hotel is?"the tourist asked the guide.
(The tourist asked the guide............)

(4) "Mg Mg, why are you looking so tired?" Uncle Zaw said.
(Uncle Zaw asked Mg Mg why...............)

(5) Mg Ba asked Mg Hla whether he was going to the football match.
("...................................."asked Mg Ba.)

(6) The teacher said,"You are obedient students."
(The teacher said that..............)

(7) The visitor wanted to know if he could buy some Shan bags in Bogyoke Market.
(The visitor said...................)

(8) The teacher said, "Nilar, why were you absent?"(The teacher asked Nilar...........)

(9) "I wish to speak to your father," said the teacher to the boy.(The teacher told..........)

(10)"Who has stolen my watch?" she said. (She wanted to know.............)

(11)Nyi Nyi said, "Ko Ko, please teach me to swim"(Nyi Nyi asked Ko Ko.............)

(12)"Can you help me?" said Estella to Pip. (Estella asked Pip if...........)

(13)"Is there anything I can do for you?"said the young lady.(The young man asked............)

(14)"Open the window, Mg Mg?"said the teacher. (The teacher told...................)

(15)"Have the police found the child, John?" asked Mary.

(Mary wanted to know from John if ....)

Punctuation = ပုဒ်ဖြတ်၊ ပုဒ်ရပ်

၁၀တန်း အင်္ဂလိပ်ပုဒ်စာ(VI) တွင် Punctuate the following ဟု ပုဒ်ဖြတ် ပုဒ်ရပ် ထည့်ခိုင်းတတ်၏၊ ပြဋ္ဌာန်းစာအုပ်တွင် ပါသော ဝါကျများတွင် ပုဒ်ဖြတ်ပုဒ်ရပ်များချန်၍ ပေးလေ့ရှိ၏။ ပုဒ်ဖြတ်ပုဒ်ရပ် ဥပဒေသများကို ဂရုစိုက်လေ့လာပြီး ပြဋ္ဌာန်းစာအုပ်ပါ ပုဒ်ဖြတ်ပုဒ်ရပ် လက္ခဏာအသုံးပြုပုံများကို လေ့လာထားပါက အမှတ် ၅ မှတ်အပြည့် ရနိုင်၏။ အချိန်အနည်းငယ်သုံး၍ အနည်းငယ် ကြိုးစားရုံဖြင့် အမှတ် ၅မှတ် အပိုင်ရမည်ဖြစ်၏။ အောက်ပါဥပဒေသ နှင့် ပုံစံများကို ကျက်မှတ်လေ့လာထားအပ်ပေသည်။

F - 41A

Full stop (US: Period) ( )

1 အဖြေဝါကျ၊ အငြင်းပါကျ၊ အမိန့်ပေး တောင်းပန် ဝါကျကို Full Stop ဖြင့် အဆုံးသတ်ရမည်။
This is a book. This is not a book. Go to school.

2 အတိုကောက်အစအက္ခရာ (hrilials) များနောက်တွင် အမေရိကန်တို့က Full Stop သုံး၍ အင်္ဂလိပ်တို့က မသုံးကြချေ။ Mr.R.S.H.Smith or Mr R S H Smith, B.B.C. or BBC, B.A. or BA, M.A or MA

3 နံပါတ်စဉ်ပြဂဏန်းများ၊ အက္ခရာများနောက်တွင် သုံးရမည်။

1. ———— A. ————
2. ———— B. ————
3. ———— C. ————
4. ———— D. ————

Question Mark (?)

မေးခွန်းဝါကျကို မေးခွန်းအမှတ် (?)ဖြင့် အဆုံးသတ်ရမည်။

Is this a book? Where do you live?

Exclamation Mark (!)

ကြောက်ရွံ့ အံ့သြ ဝမ်းသာစသော စိတ်တက်ကြွမှု(Strongemotion) ပြဝါကျစကားရပ်များတွင် Exclamation Mark (!)ကို သုံးရမည်။

What a wonderful surprise?

get out of here and never come back!

Thief ! thief !

Commo = ပုဒ်ရပ် (၁)

1. ဝါကျအစမှာသုံးသော အာလုပ်ပုဒ်၊ Yes, No နောက်တွင် ကော်မာ (,) ရှိရမည်။

   Mg Mg, is this book yours? Yes, it is. No, its not.

2. ဝါကျနောက်ဆုံးမှာသုံးသော အာလုပ်ပုဒ်နှင့် too, either ရှေ့တွင် ကော်မာ ရှိရမည်။

   Open the window, Mg Mg. This book is mine,too. This book is not mine, either.

3. ပုဒ် သုံးလေးငါးပုဒ်ကို or သို့မဟုတ် and ဖြင့် ဆက်လိုလျှင် နောက်ဆုံးပုဒ်ရှေ့တွင်သာ or/and ရှိ၍ ရှေ့ပုဒ်များနောက် ကော်မာရှိရမည်။

   She bought books, pens, pencils and rulers give me a pen, a ball pen or a pencil.

4. ဝါကျရှေ့ဆုံးကရေးသော ကြိယာဝိသေသန ပုဒ်စု၊ ဝါကျကဏ္ဍ participle phrase များနောက်တွင် ကော်မာရှိရမည်။

   once upon a time,----. One day,---.

   If you work hard, you will succeed.

   Carrying the knife in his hand, Mg Mg ran after the thief.

5. ကတ္တားနှင့် ကြိယာအကြားရှိ however , ofcourse နှင့် Noun - in - apposition တို့ ရှေ့နောက်တွင် ကော်မာနှစ်ခု ရှိရမည်။

   Mg Mg is ill he, however, goes to school.

   The kings men, ofcourse, kill the viper.

   U Mya, The manager, is at the table.

6. Direct speech တွင် He said ,He said to the (boy) နောက်တွင် ကော်မာရှိရမည်။
He said, "I am ill".

7. He said, said he ကို နောက်ကထား၍ပြောလျှင် မူလပြော စကားအဆုံး full stop အစား ကော်မာရှိရမည်။
" Wear the cap as you ride," she said.

Quotation Mark: ကိုးကားမှတ် ("......")
Inverted commas

အင်္ဂလိပ်တို့က Single ('.....')ကို အသုံးများ၍ အမေရိကန်တို့က double (".....")ကို သုံးလေ့ရှိသည်။

1. Direct speech တွင် မူလပြောစကားကို Quotation Marks အတွင်းထား ရေးရမည်။
He said," I am ill".

2. Question Direct speech ကို မေးလိုသောအခါ အပိတ်ကော်မာ အတွင်းအပြင် Question Marks နှစ်ခုထပ်ပါသည်ကို အထူးသတိပြုပါ။
Did you say," why are you here?"?
Why didn't you ask," where do you live?"?

3. အထူးပြုလိုသော စကားလုံးကို Single Quotation Mark အတွင်းမှာထား၍ ရေးရသည်။
It was just as worthless as the ' Pebbles ' he had seen in the wood.

Colon (:)

1. အောက်ပါတို့ကို ဟု ညွှန်းသော မဆုံးသေးသည့် စကားရပ်ကို colon ဖြင့် အဆုံးသတ်ရသည်။

Answer the following question:-

1. .... 2. .... 3. .... 4. ....

2. အပြန်အလှန်ပြော Dialogue များတွင် ရှေက ပြောသူ၏ နောက်မှာ colon ရှိရသည်။

Teacher: What is your name?

Pupil : My name is Mg Mg.

Semicolon (;)

1. conjunction = သမ္ဗန္ဓတစ်ခုအစား သုံးသည်။

The sun was setting now; the shadows were long.

2. စကားလုံး စကားရပ်တို့ကို ထက်အောက်မစဉ်ပဲ ရှေ့နောက်တစ်ဆက်တည်းရေးလျှင် ရှေ့စကားလုံးများနောက်တွင် (;) ရှိ၍ နောက်ဆုံးတွင် Full stop များ ရှိရမည်။

by bus; by boat; by train.

Apostrophe (')

1. ကေဝုစ်နာမ်ပုဒ်နှင့် s မဆုံးဗဟုဝုစ် သာမိကာရကို ပြရန် ('s) အပေါ်စထရော်ဖီအက်စ်ကို သုံးသည်။

The boy's car = လူကလေး၏ကား

children's books = ကလေးများစာအုပ်

2. s ဆုံးဗဟုဝုစ်နာမ်ပုဒ် သာမိကာရကကို ပြရန် (') အပေါ်စထရော်ဖီသာ သုံးသည်။

The boys' car = လူကလေးကျောင်းကား

3. s ဆုံးသော ကေဝုစ်နာမ်ပုဒ်ကို သာမိကာရကကို ပြစ်ရန် ('s)

joines's son = ဂျုံး၏သား

4. contructed form တွင် အက္ခရာ/များ ဖြုတ်ထားမှုကိုပြရန်

အပေါ်စတော်ဖီကို သုံးသည်။
I'm (= I am) He's (= He is/ has)
They'd (= They had / would), in, 94 (= in 1994)

Hyphen = မျဉ်းတို (-)

1. compound would = ပုဒ်နှစ်ခု ပေါင်းစပ်သောအခါ အလယ်မှ Hyphen ခံရသည်။
   hard-heated, radio-telephone
2. ဝိဘတ် အလယ်မှာရှိသော သမာသ်ပုဒ်များကို ခွဲခြားပြရန်သုံးသည်။
   mother - in - law
   mother - to - be
   mother - of - pearl

Capital Letter စာလုံးကြီး

1. ဝါကျတိုင်း၏ အစစာလုံး
2. ကဗျာစာကြောင်းတိုင်း၏ အစစာလုံး
3. ဘစ်ဦးဆိုင်နာမ် အစစာလုံး
4. တစ်ဦးဆိုင်နာမဝိသေသန အစစာလုံး
5. နေ့ခုနှစ်နေ့ အစစာလုံး
6. လ ဆယ် နှစ် လ ၏ အစစာလုံး
7. ကျောင်းသင်ဘာသာရပ် အစစာလုံး
8. နိုင်ငံ မြို့ရွာ လမ်း အစစာလုံး
9. စေတီပုထိုး အစစကားလုံး
10. လူမျိုးနာမည် အစစကားလုံး

များကို Capital Letters စာလုံးကြီးများဖြင့် ရေးရမည်။

1994 မေးခွန်းဟောင်းအဖြေ

(1) The princess continued, "Stop worrying about your poverty. I will take care of it ."
(2) The King murmured, " My daughter, you have indeed made an excelent choice."
(3) "You cannot help me, Rain cloud",replied the prince.
(4) "Where are you going ?" the snake asked the traveller.
(5) The Pheasant said to the crow, "Crow, I like you. Let us stay together."

လေ့ကျင့်ခန်း

Punctuate the following: **5 Marks**

(1) the crow replied no no pheasant your a better bird than me
(2) all right pheasant replied the crow
(3) very well i will ask him for you promise the sick man
(4) didn't i tell you before replied the lourd of death
(5) young man come out of that box this minute

1995 မေးခွန်းဟောင်း
Punctuation = ပုဒ်ဖြတ်ပုဒ်ရပ်

VI. Punctuate the following. **(5 marks)**

(1) master said rain cloud can i do nothing for you
(2) lord of death he begged him please spare my life
(3) very well i will ask him for you promised the sick man
(4) you do not love me enough said mwaynun to nandar
(5) oh to hell with your stars and constellations the three on the ground yelled.

Ans. (1) "Master", said Rain Cloud , "can I do nothing for you? ....."
(2) "Lord of Death," "He begged him, "please spare my life,"
(3) "Very well, I will ask him for you," promised the sick man.
(4) "You do not love me enough," said Mwaynun to Nandar.
(5) "Oh, to hell with your stars and constellations!" the three on the ground yelled.

VI. Punctuate the following. (1996)

(1) take-me and my rabbit to your moon pleaded the old man
(2) the old man laughed heartily and said young man you really are out of your mind
(3) lord of death he begged please spare my life
(4) wait said he you aren't going away are you
(5) you must not say that replied the pheasant

Ans. (1) "Take me and my rabbit to your Moon, "Pleaded the oldman.
(2) The old man laughed heartily and said, "Young man, you really are out of your mind!.."
(3) "Lord of Death," he begged, "Please spare my life."
(4) "Wait", said he. "You aren't going away. are you?"
(5) "You must not say that, "replied the Pheasant.

PARAGRAPH WRITING

စာပိုဒ်ရေးနည်း

အခြေခံပညာ အထက်တန်း အင်္ဂလိပ် စာမေးခွန်းလွှာ **VII (B)** တွင် **using the prompts given, write a paragraph on one of the following:** ဟူသော ခေါင်းစဉ်နှင့် ပြဋ္ဌာန်းစာအုပ် ပုံပြင်တစ်ခုတွင် ပါရှိသော စာပိုဒ်တစ်ခုမှ ထိုအပိုဒ်ပါ အကြောင်းအရာတို့ကို ရုပ်လုံးပေါ်လာအောင် လမ်းညွှန်ရှိုးဆော် ပေးမည့် အရိပ်အမြွက် အကြမ်းဖော်ပြချက် စကားလုံးများ၊ စကားလုံးစုများ **(Prompts)** ကို သင့်လျော်သော ခေါင်းစဉ်တစ်ခု တပ်၍ပေးထားသည်။ ထိုအရိပ်အမြွက် အကြမ်းဖော်ပြချက်များကို လိုအပ်သော သဒ္ဒါစကားလုံးများ ဖြည့်စွက်၍ စာပိုဒ်တစ်ခု **(one paragraph)** ဖြစ်အောင်ရေးခိုင်းသည်။

ဤ **VII (B)** တွင် **Character sketch** ခေါ် ဇာတ်ကောင်တစ်ယောက်၏ နာမည်ခေါင်းစဉ်နှင့် **Prompts** များကို ပေး၍ ထိုဇာတ်ကောင်၏ လှုပ်ရှားဆောင်ရွက်မှုတို့ကို စာပိုဒ်ရေးခိုင်း တတ်သည်။ **Description of Events** ခေါ် အပိုဒ်တစ်ခုပါ အကြောင်းအရာတို့နှင့် ဆီလျော်သော ခေါင်းစဉ်တစ်ခုနှင့် **Prompts** များကို ပေး၍ အဖြစ်အပျက် အကြောင်းအရာတစ်ရပ်ကို စာပိုဒ်တစ်ခု ရေးခိုင်းတတ်သည်။ ဝါကျတို့ရှည် ၁၀/၁၅ ဝါကျခန့် သင့်လက်ရေးပုံမှန် ၁၀/၁၅ ကြောင်းခန့်ပါသော စာပိုဒ် တစ်ခု ရေးဖြေရမည်။

၁၉၉၄ ခု၊ ၁၀ တန်း မေးခွန်းဟောင်း **VII (B)** ပုစ္ဆာကို နမူနာဖြေပြလိုက်ပါသည်။

The Accidents The King Escaped from

The King met with many accdents because of the curse of the guardian spirits of the wood. First, a branch of the tree broke and fell on the spot where the King was sleeping earlier. Second, the bridge callapsed after he had crossed it. Third, the palace stairs tumbled down after he had reached the landing at the top. Fourth, when he had already got. Through the chamber doors, the doors closed in upon him. Finally, he found a viper in his bed. As his men killed it, his life was saved again.

The Tarveller's Story

The traveller told his wonderful story to the four young men. Years ago, he had a cotton farm. One of the cotton tree was unusually big and bright red in colour. It had neither leaf nor branch. Later, it appeared four leafless branches. But they had a fruit each. He plucked off them, and when he cut them open, a young man jumped out from each fruit. As they come from his cotton tree, they were regally his slaves. He made them work in his cotton farm. But they were lazy and ran away from him. Since that time, he was searching for them. The traveller told them that he had found his four long-lost slaves.

ESSAY ရေးနည်း

ကျမ်းပြုဆရာ ကိုယ်တိုင် လက်တွေ့ ကျင့်သုံး အောင်မြင်လာခဲ့သည့် အလွယ်ဆုံး အက်ဆေးရေးနည်းမှာ ပေးထားသော ခေါင်းစဉ်နှင့် ပတ်သတ်၍ မိမိစိတ်ထဲမှာရှိသည့် အကြောင်းအရာများကို အင်္ဂလိပ်စာမှန်မှန်ဖြင့် အစီအစဉ်ကျကျ ချရေးလိုက်ခြင်းပင်ဖြစ်၏။ အင်္ဂလိပ်စာမှန်ကန်မှုသည် အက်ဆေး၏ အဓိကလိုရင်းအချက်ဖြစ်၏။ ကျောင်းသားအများပင် မိမိရေးသော အက်ဆေးတွင် အဓိပ္ပါယ်ဗဟုသုတ ပြည့်ပြည့်စုံစုံပါစေလိုသဖြင့် လေးလေးနက်နက် တွေးခေါ်စိတ်ကူးကတ်ကြ၏။ ထိုလေးနက်သော အတွေးကိုဖော်ပြရန် စကားလုံးကြွယ်ကြွယ်ဝဝမရှိခြင်း၊ လေးနက်ရှည်လျားသော အတွေးတသီတတန်းကြီးကို အင်္ဂလိပ်စာဖြင့် နိုင်နင်းစွာမဖော်ပြနိုင်ခြင်းတို့ကြောင့် အက်ဆေးကို ပြီးအောင်မရေးနိုင်ခြင်း၊ ရေးထားသောဝါကျများလည်း ရှုပ်ထွေး၍ အမှားများစွာပါနေခြင်းများအတွက် စာမေးပွဲတွင် ကျရှုံးနေရ၏။ အမှန်မှာ ဗဟုသုတကြွယ်ဝ၍ အဓိပ္ပါယ်လေးနက်မှုသည် လိုရင်းမဟုတ်၊ လူအမျိုးမျိုးတွင် အခြေခံဗဟုသုတအမျိုးမျိုးရှိ၍ အက်ဆေးခေါင်းစဉ်တစ်ခုတည်းကိုပင် အမျိုးမျိုးတွေးခေါ်ရေးသားကြမည်ပင်ဖြစ်၏။ သို့ရာတွင် စာစစ်သူက သင်ရေးသောအကြောင်းအရာ Facts များပေါ်တွင် မူတည်၍အမှတ်မပေး၊ သင်ရေးပုံရေးနည်းမှန်မမှန် ရှင်းမရှင်း ဆိုလိုရင်းအဓိပ္ပါယ်ပေါ်မပေါ်ဟူသော Command of English အင်္ဂလိပ်စာ နိုင်နင်းမှုကိုကြည့်၍ အမှတ်ပေးခြင်းဖြစ်၏။

ထို့ကြောင့် Think and write simply, directly, shortly, correctly and clearly ရိုးရိုး, တိုက်ရိုက်, တိုတို, မှန်မှန် ရှင်းရှင်း တွေးခေါ်ရေးသားပါဟု အက်ဆေးရေးနည်း အကျဉ်းချုပ်ကို မှတ်သားသင့်ပေသည်။

အိန္ဒိယပြည်ထုတ် စာစီစာကုံးစာအုပ်များမှ အကျယ်ပြရေးသားထားသော အက်ဆေးရေးနည်း ညွှန်ကြားချက်များကိုဖတ်ရလျှင် အက်ဆေးတစ်ပုဒ်ရေးရန် အလွန်ခက်ခဲသည်ဟုထင်၍ မရေးဘဲနေကြမည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာပါမောက္ခ ဦးမျိုးမင်းနှင့် စာပေပါရဂူများ ညွှန်ကြားချက်အတိုင်း "ရေကူးတတ်ချင်လျှင် ရေထဲဆင်းကူးပါ၊ အက်ဆေးရေးတတ်ချင်လျှင် အက်ဆေးကို လက်တွေ့ရေးသားလေ့ကျင့်ပါ"ဟူ၍သာ အလွယ်ဆုံး အကျဉ်းဆုံး အမှန်ဆုံး အက်ဆေးရေးနည်းကို သင်ပြလိုက်ရပေသည်။

ရေးနည်းအကြံပေးချက်

၁။ စာမေးပွဲတွင် အက်ဆေးခေါင်းစဉ် နှစ်ခု သုံးခုထဲမှ မိမိအနိုင်နင်းဆုံး ခေါင်းစဉ်တစ်ခုကို ရွေးချယ်ပါ။

၂။ ထိုခေါင်းစဉ်နှင့်ဆိုင်ရာ ရေးမည့်အချက်အလက်များကို လေ့ကျင့်ခန်းများတွင် ပေးထားသည့်အတိုင်း Outline ခေါ် ခေါင်းစဉ်ငယ် သုံးခုရအောင် စဉ်းစားစီစဉ်ပါ၊ အချို့ပုစ္ဆာများတွင် outline ပေးထားတတ်၏။

၃။ ထို Outline ခေါ် စာပိုဒ်တစ်ခုစီကိုစာ ၅–ကြောင်း၊၆–ကြောင်း ၇–ကြောင်းခန့်ပါဝင်အောင် Paragraph ခေါ် စာပိုဒ်တစ်ခုစီ အသီးသီးဖြစ်အောင် ချဲ့ထွင်ရေးသားပါ။

၄။ လွယ်လွယ်တွေးပါ၊ ဝါကျတိုတိုနှင့်လိုရင်းကို တိုက်ရိုက်ရေးပါ။

၅။ ဧကဝုစ် ဗဟုဝုစ် ပစ္စုပ္ပန် အတိတ် အနာဂတ်စသော သဒ္ဒါနည်းမှန်တို့မှာ အရေးအကြီးဆုံးဖြစ်ကြောင်းသတိပြုပါ။

၆။ ရေးပြီးသော စာစီစာကုံးကို တစ်ခေါက်သေချာစွာ ပြန်စစ်ဆေး၍ အမှားတွေ့လျှင်ပြင်ပါ။

၈၄။၈၁ Essay

A Wonderful Dream

In the first week of January, I had a wonderful dream. As the exam drew near, my class-mates, Mg Khin Maung and Mg Thaung Lwin, came to my house to study together with me. When we have studied our lesson we slept in the drawing room at eleven p.m . As it was the winter, the weather outside was misty and the cold breeze was blowing form north and we felt rather cold. So I could not sleep at once though my friends were asleep.

In that evening I had taken heavy meal at my friend Mg Thaung Lwin's house. That night we studied Treasure Island and read the chapter in which Jim made an adventure in the sea. So before sleeping I thought of Jim's sea adventure I wanted to hunt the treasure like Jim. Just as Jim became rich when he reached England also I wanted to be rich. It was very happy for me to think of making adventure and getting treasure.

Then I was asleep and I have a wonderful dream. At first in which I found a deep ditch. There was a lot of gold and silver coins in the ditch. I went down the ditch and put them into my bag. I was very glad to get such a large amount of gold and silver. My plan was that I would build a big house, buy a car, help the poor with the money.

But my joy and delight disappeared for I saw a human skeleton. While I was looking at it came to life and chased me. I was very afraid of it, I ran away as quickly as I could crying for help. But the crying is not only in the dream and I was realy crying. So my friends awakened and they awoke me asking why I was crying.

I awakened in terror. I thought the human skeleton was still chasing me. So I was looking at my friends with wide eyes. They also were afraid to see me in such a terrible manner. They callled and asked me what had happened with me. Then I knew that I was having a wonderful dream. I told them of my dream. They were amused and I was in relief. What a terrible and wonderful dream it was !

(2) LETTER WRITING

ပေးစာရေးနည်း

စာပေးစာယူရေးနည်း အမျိုးမျိုးရှိသော်လည်း ကျောင်းသားများနှင့် သက်ဆိုင်သော -

(1) Social letters — သာမှုနာမှု ပေးစာ။
(2) Official letters — ရုံးနှင့်ဆိုင်သောစာ။
(3) Business letters — အလုပ်နှင့်ဆိုင်သောစာ။
(4) Invitation — ဖိတ်စာရေးနည်းများ။

ကိုသာ ဤစာအုပ်တွင် ဖော်ပြပါမည်။ စာလေးမျိုးလုံးပင် တစ်ခုနှင့်တစ်ခုရေးသားဟန်ခြင်း မတူသည်ကို အထူးသတိပြုအပ်ပေသည်။ စာမှန်သော်လည်း (form) ပုံမမှန်က အမှတ်လျှော့လိမ့်မည်။

SOCIAL LETTER

၁။ စာရွက်၏ထိပ် လက်ယာဘက်အစွန်းတွင် စာပေးသူ၏အိမ်နံပါတ်နှင့်လမ်း၊ ရပ်ကွက်အမည်များကို ကော်မာ(,)ခံရေး၍ မြို့အမည်ကို ဖူးစတော့ ( )ဖြင့် ပိတ်၍ရေးရမည်။

၂။ ၎င်းလိပ်စာ အောက်မှ ရက်စွဲတပ်ရမည်။ 20th. June 1962 သို့မဟုတ် 20-6-62 ဟုအရှည် အတို ကြိုက်သလို ရေးနိုင်သည်။

၃။ ရက်စွဲ၏ အောက်ကြောင်း လက်ဝဲဘက်တွင် ခေါက်ထားသော မာဂျင်လိုင်းကို ထိလျက် My dear father, My dear Mg Khin စသည့် နှုတ်ခွန်းဆက် နိဒါန်းစကားကို ကော်မာ (,)ခံ၍ ရေးရမည်။

၄။ နိဒါန်း၏ အောက်ကြောင်းတွင် မာဂျင်လိုင်းနှင့်တစ်လက်မခန့်ခွာ၍ မိမိရေးလိုသော အကြောင်းအရာ "စာကိုယ်"ရေးရမည်။ စာသားရှည်လျှင် နှစ်ပိုဒ်,သုံးပိုဒ်ခွဲ၍ ရေးနိုင်သည်။ စာမေးပွဲဖြေရာ၌ စာသားကို ၁၅-ကြောင်းခန့် ရေးရမည်။

၅။ စာကိုယ်၏ အောက်ကြောင်း လက်ယာဘက်အစွန်းတွင် Yours sincerely, Yours sincere friend, Yours lovingly, Your loving son, Yours affectionately, Your affectionate son စသည်ဖြင့် နိဂုံးသတ် ရေးရမည်၊

၆။ နိဂုံးအောက်မှာ စာရေးသူ၏ ထိုးမြဲလက်မှတ်ကို ထိုးရမည်။

၇။ အထက်ပါစာ၏ အောက်တွင် စာကိုလက်ခံဖတ်ရှုမည့်သူ၏ လိပ်စာကို စာအိတ်ပေါ်တွင်ရေးပေးရမည်။ စာမေးပွဲဖြေရာ၌ စာအိတ်ပုံသဏ္ဌာန်ရေးဆွဲ၍ လိပ်စာရေးပေးရမည်။ ရာထူးဖြင့်လိပ်စာတပ်လျှင် အပေါ်မှ To ထည့်၍ နာမည်

ရင်းဖြင့် လိပ်စာတပ်လျှင် to ရေးရန်မလိုပေ။ from ဖြင့် စာပေးသူ၏ လိပ်စာကိုလည်း စာအိတ်အောက်ဖွန်း လက်ဝဲဘက်တွင် ရေးရန်မလိုပေ။

အထက်ပါ မှု(၇)ချက်နှင့် ကိုက်ညီအောင် ရေးထားသော နမူနာများကို ဂရုတစိုက် လေ့လာ၍မှတ်သားပါ။

31. 1st. Street,
Bahan Yangon,
Date 23rd June, 1961

My dear sister, **Ma Tin Ngwe,**

You will perhaps be surprised to read my letter immediately after our separation. I don't know your feelings, but let me tell you honestly that this separation has almost broken my heart. I always remember you. We lived, worked and played together for nearly six years. But I have been taken to Yangon by my uncle. I am studying in his New Method College and I may sit for the High School Final Examination coming year. Sometimes I think that I am living in your house together with you. Without your company I feel like a lonely traveller crossing a sandy desert. Please write to me often. So that we may meet each other if not personally, at least through the letters.

Hoping to receive bright and cheerful letter from you.

Your sincerely,
Ma Yee.

Postage
Stamp

Ma Tin Ngwe,
7th. Standard,
State High School,
Pyuntaza.

လျှောက်လွှာရေးနည်း
APPLICATION

Application ခေါ် လျှောက်လွှာရေးရာ၌ သူငယ်ချင်း၊ ဆွေမျိုးများထံ ပေးသောစာကဲ့သို့ ရေးချင်တိုင်းမရေးရ။ လိုအပ်သလောက် တိတိကျကျ တိုတိုတုတ်တုတ်ရေးရမည်။ ထို့ကြောင့် လျှောက်လွှာများသည် တစ်စောင်နှင့်တစ်စောင် မတိမ်းမယိမ်းတူနေသည်က များလေသည်။ အများအားဖြင့် အသက်, ကိုးကွယ်သည့်ဘာသာ, လူမျိုး, ပညာအရည်အချင်း, အလုပ်နှင့်ပတ်သတ်သည့် ဗဟုသုတများကို ဖော်ပြရ၏။

ရေးပုံအစီအစဉ်

၁။ လက်ဝဲဘက် ခေါက်ထားသော မာဂျင်လိုင်းမှကပ်လျက် From နှင့် လျှောက်ထားသူ၏ လိပ်စာအပြည့်အစုံကို To နှင့် လျှောက်ထားရာ ဌာန၏လိပ်စာအပြည့်အစုံကို ရေးရ၏။ လျှောက်ထားသူ၏လိပ်စာ လက်ယာအစွန်းတွင်ထည့်ပါက From ထည့်စရာမလိုပေ။

၂။ အောက်ခြေကြောင်း လက်ယာဘက်စွန်းတွင် ရက်စွဲတပ်ရမည်။

၃။ မာဂျင်လိုင်းခေါက်ချိုးတွင် ကပ်လျက် Sir, ဟု နိဒါန်းကို ရေးရမည်။

၄။ မာဂျင်လိုင်းအခေါက်နှင့် အနည်းငယ်ခွာ၍ လျှောက်လွှာစာကိုယ်ရေးရမည်။

၅။ စာကိုယ်အဆုံးလက်ယာဘက်တွင် Yours, obediently, သို့မဟုတ် I beg to remain, တစ်ကြောင်း၊ Sir, တစ်ကြောင်းရေး၍ နိဂုံးချုပ်ပြီးလျှင် လက်မှတ်ရေးထိုးရမည်။

အထက်ပါမှုများနှင့် ရေးပြထားသော အောက်ပါနမူနာများကို သေချာစွာ လေ့လာမှတ်သားပါ။

APPLICATION

From,

Maung Maung,
31. 1st. Lane,
Bahan, Yangon.

To,

New Method Publishing House,
31, Maggin Street,
Tamwe. P.O. Yangon.

Date 24 th, November, 1962.

Sir,

Reference your advertisement calling for applications for the Post of a Sale Clerk I respectfully submit this application.

I am a Buddhist Myanmar and I am twenty years old. I passed the Marticulation Examination from New

Method College in 1961, I have since been working as an account clerk in the office of the Director of Education. I apply for the post in your firm because I am only a temporary clerk in this office.

I submit here with copies of testimonials from responsible officer of the Government and the Headmaster of New Method College for my character.

No.31, 1st Bahan lane
Yangon.

To 4th July, 1962.

New Method Publishing House,
31, Miggin Street,
Tamwe P.O. Yangon

Gentlemen,

I wish to apply for the position of junior clerk, advertised in to-day's Nation.

I am eighteen years old, and have just passed the Matriculation Examination from New Method College I am also taking a course in type-writing and book keeping.

I enclose some testimonials, and would refer you to the principal of New Method College for my character.

If I am given the post, I am assure you I will do my best to give you satisfication.

I am,
Yours respectfully
Mg Aung Kyaw.

BUSINESS LETTERS

ရောင်းရေးဝယ်တာပေးစာ

Business Letter သည် Social Letter နှင့်ဆင်ဆင်တူသည်။ စာလက်ခံယူမည့် ကုမ္ပဏီ၊ အလုပ်တိုက်၏လိပ်စာကို နိဒါန်း၏အထက်မှ မာဂျင်လိုင်းနှင့်ကပ်လျက် ထည့်ပေးရမည်။ နိဒါန်းကို Dear Sir, Dear Sirs, ဟုတပ်ရမည်။ စာကိုယ်တွင် တိုတိုတုတ်တုတ် လိုရင်းကို ရေးရမည်။ နိဂုံးတွင် Yours faithfuly, Yours truly, ရေးရမည်။

နမူနာ

Thukha Sapay-
Broadway,
Pyay
24.12.63

The Manager,
New Method Publishing House.
31, Maggin Street.
Tamwe P.O.
Yangon.

Dear Sir,

I shall be obliged if you will send me the following books as soon as possible.

1. 25 copies of New Method English Grammar by Ashin Thumana B.A.
2. 50 copies of class notes on World History By U Khin Maung Aye. B.A.D.T
3. 30 copies of Questions and Answers on Civics By U Thaung Lwin B.A.

You may send these by rail to the above adress and the railway reciept may be sent to me by V.P.P.

Yours faithfully,

Yee Yee.

ပြန်စာ

New Method Publishing House.
31, Miggin Street,
Tamwe P.O.
Yangon.
28.19.63

To

The Manager,
Thukha Sapay,
Broadway
Pyay

Dear Sirs,

In reference to your letter on the 25th. instant, we have sent you 25 New Method English Grammar and 50 Class notes on World History. But the third book is out of stock and it is on the press for second edition. We may kindly send you in first week of January.

Wishing Your prosperity.

Hla Aung.

INVITATION

ဖိတ်စာရေးနည်း

ဖိတ်စာရေးနည်းတွင် ပုံစံခြောက်မျိုးရှိ၏။

၎င်းခြောက်မျိုးရေးနည်း ဥပဒေသများကို ရှင်းပြနေခြင်းထက် ရေးပြမည့်ပုံစံများကို အလွတ်ကျက်ကာ နေရာအထားအသိုကိုပါ မှတ်သားခြင်းက ပို၍အကျိုးသက်ရောက်နိုင်သဖြင့် ပုံစံများကို တစ်ခုစီ ရေးပြပါအံ့။ အလွတ်ကျက်မှတ်ထားပါ။ နေ့စွဲ၊ နာမည်နှင့် လိပ်စာများ ပြောင်းပေးရုံသာ ထူးပါသည်။

1. Formal Note of Invitation

ပုံစံဝင် ဖိတ်စာ

Mr. and Mrs. Hla Aung request the pleasure of Mr. and Mrs Thaung Lwin's company at birthday party to be held at Yamin Geha on Sunday, 20th July, at 4 p.m to 7 p.m.

Yamin Geha,
31, Maggin Street,
Kyaukmyaung,
Yangon.

The 5th July, 1970 R.S.V.P.

(ဦးလှအောင်နှင့် ဇနီးတို့က ဇူလိုင်လ ၂၀–ရက်၊ တနင်္ဂနွေနေ့ ညနေ ၄–နာရီမှ ၇–နာရီအထိ ယမင်းဂေဟာ၌ ကျင်းပမည်ဖြစ်သော မွေးနေ့မင်္ဂလာ အခမ်းအနားသို့ ဦးသောင်းလွင်နှင့်ဇနီးတို့အား ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

မှတ်ချက်။ ။ R. S. V. P. ဆိုသည်မှာ ကျေးဇူးပြု၍ စာပြန်ပါဟု အဓိပ္ပါယ်ရသော ပြင်သစ်စကားသုံး အတိုကောက်များဖြစ်၏။

2. Formal Note of Acceptaace

ပုံစံဝင်လာမည်ဟု ပြန်ကြားစာ

Mr. and Mrs. Thaung Lwin have pleasure in accepting the kind invitation of Mr. and Mrs. Hla Aung to birthday party at Yamin Geha on Sunday, the 20th July at 4 p.m to 7 p.m.

228. Kyaikkasan Street,
Yangon.
6th July.

ရေးနည်းတစ်မျိုး

Mr.and Mrs. Thaung Lwin thank Mr and Mrs. Hla Aung for their kind invitation to birthday party at Yamin Geha on Sunday, the 20th July at 4 p.m to 7 p.m and have much pleasure in accepting it.

228. Nithit Yeiktha,
Kyaikksan Street,
Yangon.
6th July.

3. A Formal Note of Refusal

ပုံစံဝင်မလာနိုင်ကြောင်း ပြန်ကြားစာ

Mr. and Mrs. Thaung Lwin thank Mr. and Mrs. Hla Aung for their kind invitation to birthday party at Yamin Geha on Sunday, the 20th July at 4 p.m to 7

p.m, but regret that owing to a previous engagement they will not be able to come.

228. Nithit Yeiktha,
Kyaukmyaung.
Yangon.
6th July.

ရေးနည်းတစ်မျိုး

Mr. and Mrs. Thaung Lwin regret that owing to the previous engagement, they are unable to accept the kind invitation of Mr. and Mrs. Hla Aung to a birthday party at Yamin Geha on Sunday, the 20th July at 4 p.m to 7 p.m.

228, Nithit Yeiktha,
Kyaukmyaung,
Yangon.
6th July.

4. Informal Note of Invitation

ပုံစံလွတ်ဖိတ်စာ

My dear Win Hlaing,

Will you give me the pleasure of your company to a Phayakosu on Sunday, 25th July at 6 p.m to 9 p.m?

Yours very sincerly,
Thaung Lwin.

228, Nithit House,
Kyaikkasan Street,
Yangon,
15th July.

5. An Informal Reply-Accepting
ပုံစံလွတ်လာမည်ဟု ပြန်ကြားစာ

Dear Thaung Lwin,

I have much pleasure in accepting your kind invitation to Phayakosu on Sunday next the 25th at 6 p.m to 9 p.m.

I am,

Yours Sincerely,

Win Hlaing.

6. An Informal Reply-Declining
ပုံစံလွတ်မလာနိုင်ကြောင်း ပြန်ကြားစာ

Dear Thaung Lwin,

I am sorry that I am unable to accept your kind invitation to Phayakosu on Sunday, the 25th. at 6 p.m to 9 p.m as I shall be at Thaton on that day.

I am,

Yours Sincercely,

Win Hlaing.

ကျမ်းပြီးနိဂုံး

သင်သည် ဤနည်းသစ်သဒ္ဒါစာအုပ်ကို **အစမှအဆုံးထိ** ကျေပွန်စွာ လေ့လာတတ်မြောက်ပြီး ဖြစ်သဖြင့် **အင်္ဂလိပ်ဘာသာ** ဖြင့် ရေးထားသော မည်သည့် သတင်းစာ၊ ဂျာနယ်၊ **မဂ္ဂဇင်း၊ ဝတ္ထု**စာအုပ်မျိုးကိုမဆို ပိုင်ပိုင်နိုင်နိုင် ဖတ်နိုင်၊ ရေးနိုင်၊ ဘာသာ ပြန်နိုင်ပါပြီ။ အင်္ဂလိပ်စာတတ်**ရန်** ဖတ်နည်း၊ ရေးနည်း၊ ဘာသာ **ပြန်နည်း တစ်**မျိုးတည်းကို သိရုံဖြင့် မပြီးသေးပါ။ အင်္ဂလိပ်ဘာသာ **ဝေါဟာရစကား**လုံးများကို ရရန် အင်္ဂလိပ်စာအုပ်များကို **ကျယ်ကျယ်ပြန့်ပြန့်** ဖတ်ပေးဘို့လိုပါသေးသည်။

သင်သည် ဤနည်းသစ်သဒ္ဒါတည်းဟူသော လက်နက် **ကောင်းများ**ကို အသုံးပြုလျက် သင့်အား ထာဝစဉ် အနိုင်ကျင့် **ခြိမ်းခြောက်နေသော** ပုစ္ဆာဘီလူးကို အလွယ်တကူ **နှိမ်နင်း** သတ် ဖြတ်ခြင်းဖြင့် **စာမေးပွဲ** မြေပြင်တွင် ပွဲတိုင်းအောင် မိုလ်မှူးကြီး အဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ပါစေသတည်း။

အချုပ်သုမန **B.A.**
ဓမ္မာစရိယဝင့်**သကာ**၊
(တာဝန်ခံကျောင်းအုပ်)
နည်းသစ်ကောလိပ်။
ဗဟန်း၊ ရန်ကုန်မြို့။

နောက်ဆက်တွဲ

Intonation Formula

လေယူလေသိမ်းပုံသေနည်းများ

Stress - timed language စည်းဝါးကိုက်ဘာသာ

အင်္ဂလိပ်ဘာသာဟာ အသံအတက်အကျနဲ့ စည်းဝါးကိုက်ပြောရတဲ့ Stress - timed language = စည်းဝါးကိုက် ဘာသာဖြစ်တယ်။ ဒီလိုအင်္ဂလိပ်စကားကို လေယူလေသိမ်း သံနေသံထားနဲ့ စည်းဝါးကိုက်ပြောနိုင်ဖို့အတွက် Tone = ထုန်းန် သို့မဟုတ် Pitch = ဖစ်ချ်လို့ခေါ်တဲ့ သံစဉ် (၃) ခုကို နားလည်ထားရမယ်။

Three tones = သံစဉ် ၃ မျိုး

(၁) စကားသံကို မတက်မကျ၊ မကျယ်မတိုး၊ မဖိမဖော့ဘဲ သံမှန်ဖြင့်ပြောရသော 'Medium tone = သံမှန် သို့မဟုတ် Tone 2 သံစဉ်နံပါတ် (၂) ဟုခေါ်သည်။ သံစဉ်(၂)ထွက် ရမည့်စကားလုံးများအောက်တွင် အောက်မျဉ်း (underline) ဆွဲ၍ပြသည်။

(၂) စကားသံတစ်ခုကို မြှင့်၍၊ ကျယ်၍၊ ဖိ၍ပြောရသော High tone, သံမြှင့် သို့မဟုတ် Tone 3 သံစဉ်နံပါတ် (၃) ဟုခေါ်သည်။ သံစဉ်(၃)ထွက်ရမည့် စကားလုံးများအထက်တွင် အပေါ်မျဉ်း (over-rline) ဆွဲ၍ပြသည်။

(၃) စကားသံတစ်ခုကို နှိမ့်၍၊ တိုး၍၊ ဖော့၍ ပြောရသော Low tone သံနိမ့် သို့မဟုတ် Tone-1 သံစဉ်နံပါတ် (၁) ဟုခေါ်သည်။ သံစဉ်(၁)ထွက်ရမည့် စကားလုံးများကို ပိုနိမ့်သောမျဉ်း Lower line ဆွဲ၍ပြထားသည်။

အင်္ဂလိပ်အမေရိကန်တို့သည် အင်္ဂလိပ်စကားကို မည်သည့်အခါမျှ သံစဉ်တစ်မျိုးတည်းဖြင့်မပြော၊ အနည်းဆုံး နှစ်မျိုးဖြင့်ပြောကြသည်။

Rising Intonation တက်သံသံနေသံထား

(က) စကားဝါကျတစ်ခုကို သံစဉ်(၂)ဖြင့်စပြီး နောက်ဆုံးအားစိုက်သံ (Last stress syllable) ကို သံစဉ်(၃)သို့မြှင့်ကာ 2—3 Intonation 2—3 သံနေသံထား သို့မဟုတ် Rising Intonation တက်သံ သံနေသံထားဖြင့် ပြောကြ၏။ အားစိုက်သံနောက်ရှိ အသံများကိုလည်း တက်သံဖြင့်ပင်ဆက်ပြောရ၏။

(က) Yes-No question = လားဆုံးမေးခွန်း
(ခ) Declarative Question = ရိုးရိုးဝါကျမေးခွန်း
(ဂ) Or-Question ၏ Or ရှေ့ရှိ အားစိုက်သံများ
(ဃ) Yes-No ဖြေစေလိုသော ဟုတ်လား၊ မှတ်လား ဆုံး Tag Question မေးခွန်းတိုများ
(င) လူနာမည် စသည်ကို စာလုံးပေါင်းပြရာ၌ နောက်ဆုံးစာလုံးမှတပါး ရှေ့အက္ခရာစာလုံးများ
(စ) တယ်လီဖုန်းနံပါတ်ကိုပြောရာ၌ နောက်ဆုံးနံပါတ်မှတပါး ရှေ့ဂဏန်းများ
(ဆ) ပစ္စည်းလေးငါးမျိုးကို and/or တို့ဖြင့် ဆက်၍ပြောရာ၌ and/or တို့ရှေ့ရှိ စကားလုံးများ
(ဇ) Vocative case အာလုပ်ပုဒ် = အခေါ်စကားအဆုံးသတ်သော Statement = wh- Question များ (ကို 2 —3 Intonation သို့မဟုတ် Rising Intonation ဖြင့်ပြော ရမည်။)

ပုံစံ (က) Is this a | book ?

Is this a bóok ?

(ခ) This is a | book ?

This is a bóok ?

(ဂ) Is this a book or a pen ?
Is this a book or a pen ?

(ဃ) This is a book, isn't it ?
This is a book, isn't it ?

(င) What's your name? Please spell it.
Johnson J - O - h - n - s - O - n
J - O - h - n - s - O - n

(စ) What's your telephone number ?
It's 5 4 2 5 9 8
5 . 4 . 2 . 5 . 9 . 8

(ဆ) Mg Khin bought a pen, a box and a pencil.
Mg Khin bought a pen, a box and a pencil.
Mg Hla may be her brother, cousin or boy friend.
Mg Hla may be her bro'ther, co'usin or boy friend.

(ခ) Falling Intonation ကျသံသံနေသံထား

စကားဝါကျတစ်ခုကို သံစဉ်(၂)ဖြင့်စပြီး နောက်ဆုံးအားစိုက်သံ (Last stress Syllable)ကို သံစဉ်(၃)သို့မြှင့်၍ ၎င်းနောက်ရှိ အသံစကားလုံးများကို သံစဉ်နံပါတ်(၁)သို့နှိမ့်ကာ 2—3—1 Intonation = 2-3-1 သံနေသံထား သို့မဟုတ် Falling Intonation ကျသံလေယူလေသိမ်းဖြင့် ပြောရသည်။ ကျသံ သံနေသံထားကို Two - Three -one Intonation Pattern အမှတ်သင်္ကေတဖြင့်လည်းကောင်းပြကြသည်။

Last stress syllable နောက်တွင် (က) စကားသံ၊ စကားလုံး မရှိလျှင် Diagonal Falling Intonation Patterm 2 ⎺⎺\ 1 ဖြင့်ပြ၍ (ခ) စကားသံ/စကားလုံး တစ်ခုနှစ်ခုရှိလျှင် vertical falling Intonation Patterm 2 ⎺⎺|_ 1 ဖြင့်ပြကြသည်။

(က) Affirmative/Negative Statement ထုတ်ဖော်/ငြင်းဆိုဝါကျများ

(ခ) Order and request = အမိန့်ပေးတောင်းပန်ဝါကျများ

(ဂ) Wh-Question = အမေးစကားလုံးဖြင့်စသော မြန်မာတွင် (လဲ) ဆုံး မေးခွန်းများ

(ဃ) Or Question, Wh + Or Question တွင် Or နောက်ရှိ အားစိုက်သံများ

(င) Yes-No ဖြေရန်မလိုသော အတည်ပြုချက် (Confirmation) တောင်းခံသည့် မြန်မာတွင် (နော်)ဆုံး Tag-Question များ

(စ) Dependent Question ၏ နောက်ဆုံးအားစိုက်သံများကို 2-3 Intonation သို့မဟုတ် Falling intonation ဖြင့်ပြောရမည်။

(က) Mary is a teacher.
Mary is a te`acher.
Mary isn't a nurse.
Mary isn't a nu`rse.

(ခ) Open the door.
Open the do`or.
Don't shut the window.
Don't shut the w`indow.


(ဂ) What is Mary ?
What is M`ary ?

(ဃ) Is this Mary or Susan ?

Is this Ma'ry or Su`san ?

3-1-2 Fall - Rise အလယ် Intonation

Conpoundနှင့် Complexဝါကျများတွင် ရှေ့ဝါကျ ကဏ္ဍကို 3—1 Intonation ဖြင့်ပြောပြီးအသံကိုရပ်မပြစ်ဘဲ ကနောက်ဝါကျ ကဏ္ဍအစကို 2 အထိပြန်တက်၍ Fall-rise Intonation ကျတက်သံနေသံထားဖြင့်ပြောကာ နောက်ဆုံး 3 သို့မဟုတ် 3-1 ဖြင့်အဆုံးသတ်ရမည်။



သင်္ကေတဖြင့်လည်းကောင်း Fall Rise = V သို့မဟုတ် \/ သင်္ကေတဖြင့်လည်းကောင်းပြကြသည်။

1. Mary came back for she was ill.

   Mary came ba`ck fo'r she was ill.

2. Johnson was happy because she passed the exam.

   Johnson was happy because he passed the exam.

3. If you work hard you'll be successful.

2-3-2 အလယ် Intonation

Simple Sentence ဝါကျရိုးတစ်ခု၏အစအလယ်ရှိ Content words များကို 2-3-2 Intonationဖြင့်ပြော၍ နောက်ဆုံး 3 သို့မဟုတ် 3—1 Intonation သို့ဆက်ရမည်။

I'll go to school with my friend in the morning.

He gets up at four am to worship the Buddha.

Who is she, Mary or Susan ?

Who is she, Mary or Susan ?

(င) It's cold, isn't it?

It's cold, isn't it?

(စ) Do you know what this is?

Do you know what this is?
No, I don't know what this is.

3-1 Intonation

အသံနံပါတ် (3) ဖြင့်စ၍ အသံနံပါတ် (1) ဖြင့်ဆုံးတဲ့

(က) Hi, oh, Yes, No, bye, bye, bye, 'tata, thank you, ok, either, how long, how far, fine, well စတဲ့ စကားလုံးများကိုလည်းကောင်း

(ခ) လူနာမည်စသည်ကို စာလုံးပေါင်းပြရာတွင် နောက်ဆုံးအက္ခရာ စာလုံးကိုလည်းကောင်း

(ဂ) တယ်လီဖုန်းနံပါတ်များကို ပြောရာ၌ နောက်ဆုံးနံပါတ်ကို လည်းကောင်း

(ဃ) အဖြေမလိုသော Tag Question များကိုလည်းကောင်း 3-1 Intonation ကျသံသံနေသံထားနဲ့ ပြောရမယ်။

(က) Hi, oh, Yes, No, bye, bye bye, 'tata, ok
Hi, oh, Yes, No, bye, fine, bye bye, 'tata, ok, either, how long, certainly, thank you,
There it is, there they are,

(ခ) What's your name? Please spell it.
Johnson J. o. h. n. s. o. n.

(ဂ) What's your phone number?
5 4 2 5 9 8 = 5. 4. 2. 5. 9. 8

(ဃ) those aren't your pen, are they?
The man is a teacher, isn't he?

1-3-2 Intonation (အထူး)

Hello, good bye, good night.
I'm sorry , I hope so.

စကား (၅) လုံးနှင့် အလားတူစကားများကို 1-3-2 Special Intonation (အထူး) သံနေသံထားဖြင့် ပြောရမည်။

တတိယအကြိမ် မကြာမီထွက်မည့်

မြန်မာပြည်တွင်ပထမဆုံး

လေယူလေသိမ်း

အင်္ဂလိပ်စကားပြော

(အသုံးချသဒ္ဒါဗေဒပူးတွဲပါရှိသည်။)

SPEAK ENGLISH WITH INTONATION

ဦးသောင်းလွင်၊ ဘီ - အေ ဓမ္မာစရိယ - ဝဍံ့သကာ
နည်းသစ်အင်္ဂလိပ်သဒ္ဒါ
ဖိုနက်တစ်အသံထွက်
နည်းသစ်အင်္ဂလိပ်မြန်မာအဘိဓာန်ကျမ်းပြု

ဒုတိယအကြိမ် မကြာမီထွက်မည့်

မြန်မာ့ပထမဆုံး

ဝါစင်္ဂ (၉)ပါး

နည်းသစ်မြန်မာသဒ္ဒါ

ဦးသောင်းလွင်၊ ဘီ-အေ
အစိုးရမ္မာစရိယ- သကျသီဟာဝံ့သကာ
နည်းသစ်အင်္ဂလိပ်သဒ္ဒါနှင့်
မြန်မာအက္ခရာဗေဒ ကျမ်းပြု

၁၉ ကြိမ်နှိပ်ခြင်း

နည်းသစ်အင်္ဂလိပ်သဒ္ဒါ

ဤစာအုပ်တွင်

✿ ၁၄ကြိမ်နှိပ်ခြင်းအထိ နည်းသစ်အင်္ဂလိပ်သဒ္ဒါပါ အချက်အလက်များအားလုံးပါရှိသည်။

✿ ယခင်စာမေးပွဲကဏ္ဍတစ်ခုလုံးကိုဖြုတ်၍ ၉၃,၉၄,၉၅, ၉၆ ၁၀ တန်းမေးခွန်းစံပြအဖြေများ၊ လေ့ကျင့်ခန်းများဖြင့်အစားထိုးပြင်ဆင်ထားသည်။

✿ စကားလုံးအသံထွက်များကို လန်ဒန်တက္ကသိုလ် အင်္ဂလိပ်ဘာသာပါမောက္ခ Daniel Jones နှင့် A.C.G imson တို့၏ ဖိုနက်တစ်အသံထွက်များအတိုင်း မြန်မာဖိုနက်တစ်သင်္ကေတ (နည်းသစ်)များဖြင့် ပြင်ဆင်ဖော်ပြထားသည်။

✿ စိတ်ထဲရှိသမျှအတွေးအခေါ် (Ideas)များကို ရေးနိုင်ပြောနိုင်ရန် Sentence Net မေးဖြ (၇)စုံပါ ဝါကျကွန်ယက်ဖြန့်ကျက်ရေးပြောနည်း (နည်းသစ်)များကို ဖြည့်စွက်ပေးထားသည်။

✿ မြန်မာပြည်တွင်မပေါ်ဘူးသေးသည့် စကားပြော အင်္ဂလိပ်သဒ္ဒါ (Grammar of Spoken English) (နည်းသစ်)များ ဖြည့်ထားသည်။

✿ အင်္ဂလိပ်စကားကို အင်္ဂလိပ်အမေရိကန်တို့ကဲ့သို့ သံနေသံထား လေယူလေသိမ်းဖြင့်ပြောနိုင်ရန် Intonation Formula လေယူလေသိမ်းပုံသေနည်း (နည်းသစ်)များ ဖြည့်စွက်ထားသည်။

နည်းသစ်စာအုပ်တိုက်

အမှတ်(၂၂၈)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။